# ဝိနည်းငါးကျမ်းအရသာ

(ဘိက္ခုပါစိတ်နှင့်ဘိက္ခုနီဝိဘင်း)

ဒုတိယတွဲ

ညောင်လေးပင်တောရဆရာတော်



ညောင်လေးပင်မြို့၊ တောရကြီး ကျောင်းတိုက် ပဓာနနာယက
ဆရာတော်ဘုရားကြီး

**ဦးအရိယ [အဂ္ဂမဟာပဏ္ဍိတ]**

သုတစာပေ၊ မိုးနှယ်ရွေ၊ ထုတ်ဝေဆွတ်ဖျန်းမည်။
အသိဉာဏ်ရှင်း၊ အမှောင်ကင်း၊ နေသို့လင်းစေမည်။

# ဝိနည်းငါးကျမ်းအရသာ
## (ဘိက္ခုပါစိတ်နှင့် ဘိက္ခုနီဝိဘင်း)

## ဒုတိယတွဲ

သာသနာ ၂၅၂၄၊ ကောဇာ ၁၃၄၃၊ ခရစ် ၁၉၈၁-ခု၊

နေလင်းပိဋကတ် စာစဉ်(၂)

အဂ္ဂမဟာပဏ္ဍိတ

ညောင်လေးပင်တောရဆရာတော်

# ဝိနည်းငါးကျမ်းအရသာ

(ဘိက္ခုပါစိတ်နှင့်ဘိက္ခုနီဝိဘင်း)

ဓမ္မဒါန

နေလင်းပိဋကတ် စာပေဖြန့်ချိရေး
အမှတ် ၁၁၊ ၁၂၅-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။

ကင်းလွတ်ခွင့်အမှတ် (၉၄)

အဖုံးခွင့်ပြုအမှတ်(        )

ပထမအကြိမ်

၁၉၇၁-ခု၊ ဩဂုတ်လ

အုပ်ရေ ၂၀၀၀

| | | |
|---|---|---|
| ပန်းချီ | .... | မြင့်မောင် |
| ဘလောက် | .... | ရောနီဦး ၃၁–လမ်း |
| အဖုံးရိုက် | .... | စိုးမိုးမိတ်ဆက် |
| စာအုပ်ချုပ် | .... | သန်းသန်းယဉ် |

**ထုတ်ဝေသူ။** ။ဦးစာရိတ္တ
ရွှေဥမင်တောရကျောင်း
မြောက်ဥက္ကလာပ ဘူတာအနီး
ရန်ကုန်။

**ပုံနှိပ်သူ။** ။ဒေါ်တင်လှ(၀၂၀၃၀)
နေလင်းစာပုံနှိပ်တိုက်
အမှတ် ၁၁၊ ၁၂၅-လမ်း
ကန်တော်ကလေး၊ ရန်ကုန်။

# ထုတ်ဝေသူ အမှာ

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ ညောင်လေးပင်တောရ ဆရာတော်ဘုရားကြီးသည် ပါရာဇိကဏ်၊ ပါစိတ်၊ မဟာဝါ၊ စူဠဝါ၊ ပရိဝါ ဟူသော ဝိနည်းငါးကျမ်း ပါဠိတော်ကြီးကို အခြေခံ ဗဟိုထား၍ ၎င်းအဖွင့် အဋ္ဌကထာများ ဋီကာ များမှ လာသော အနက်အဓိပ္ပာယ် အဆုံးအဖြတ်တို့ကို ပြည့်ပြည့်စုံစုံ ပါဝင်စေလျက် ဝိနည်းငါးကျမ်း အရသာကျမ်းကြီးကို ရေးသားစီရင်တော်မူခဲ့သည်။

ထိုသို့ ရေးသားရာ၌ ဆရာတော်ဘုရားကြီး၏ ဆန္ဒမှာ ပါဠိ ဘာသာကို ကောင်းစွာ မတတ်ကျွမ်းသေး၍ ပါဠိဘာသာဖြင့် ဟောထား ရေးထားသော အဋ္ဌကထာကျမ်းများ၊ ဋီကာကျမ်းများကို မလေ့လာနိုင်သေးသော ရဟန်းတော်များအတွက် ရည်ရွယ်၍ မြန်မာစကားပြေဖြင့် ရေးသားတော်မူသည်။ အကယ်၍သာ ဆရာတော်သည် အရသာဟူသော ဝေါဟာရနှင့်အညီ ဝါကျကို သိုသိုသိပ်သိပ် အရသာရှိအောင် မရေးပဲ အများသုံးနေကျ မြန်မာစကားပြေ မျိုးဖြင့်သာ ရေးခဲ့ပါက ဝိနည်းငါးကျမ်းအရသာ စာအုပ်သည် ယခု လက်ရှိ၏ သုံးဆခန့် ကျယ်ဝန်းကြီးမားလာဖို့ ရှိပါသည်။ ယခု တိုတိုကျဉ်းကျဉ်းနှင့် အရသာရှိရှိ ရေးသားထားသော စာမူသည်ပင် ဆရာတော် စီစဉ်ခဲ့ထားချက်အရ ဝိဘင်း ၃-တွဲ၊ မဟာဝါ ၃-တွဲ၊ စူဠဝါ ၃-တွဲ၊ ပရိဝါ ၃-တွဲအားဖြင့် ၁၂-တွဲ ရှိနေပေသည်။

ဆရာတော်ဘုရားကြီး၏ မူလအစီအစဉ်အတိုင်း ၁၂-တွဲခွဲ၍ ရိုက်နှိပ်ပါက ဆရာတော်ဘုရား၏ စာမူများ ပုံနှိပ်စာအုပ်အဖြစ်သို့ ရောက်ရှိရန် နှစ် အတန်ကြာပေဦးမည်။ ကျေးဇူးတော်ရှင် ဆရာတော်ဘုရားကြီးကိုယ်တိုင် ပင်ပင်ပန်းပန်း ရေးသားတော်မူခဲ့၍ ဤအမှာစာရေးသူကိုယ်တိုင် နှစ်ပေါင်း ၃၀-ကျော် မပျောက်ပျက်အောင် ထိန်းသိမ်းခဲ့ရသော ဝိနည်း ၅-ကျမ်းအရသာ

စာမူအားလုံးကို အမြန်ဆုံး ပုံနှိပ်မှုသို့ ရောက်ရှိစေလိုသောကြောင့် လက်ရေးမူ ဒုတိယတွဲနှင့် တတိယတွဲ နှစ်တွဲကို ပုံနှိပ်မှု ဒုတိယတွဲအဖြစ် တပေါင်းတည်း စီစဉ်ပုံနှိပ်လိုက်ပါသည်။

မဟာဝါအရသာ၊ စူဠဝါအရသာ၊ ပရိဝါအရသာစာမူများမှာ လက်ရေးမူတွင် ၃-တွဲစီဖြစ်သော်လည်း ပုံနှိပ်ရာ၌ နှစ်တွဲစီခွဲ၍ ပုံနှိပ် ဖြန့်ချိရန် လျာထားပါသည်။ မဟာဝါ အရသာ၊ စူဠဝါအရသာ၊ ပရိဝါအရသာ ကျမ်းများ ဆက်လက် ပုံနှိပ်ဖြန့်ချိသွားရန် စီစဉ်လျက် ရှိကြောင်း သတင်းကောင်း ပါးအပ်ပါသည်။

ဆရာတော်ဘုရား၏ စေတနာနှင့် ဇွဲလုံ့လတို့ကို အထူး လေးစား ကြည်ညိုသည့်အလျောက် နှစ်ပေါင်း ၃၀-ကျော် ထိန်းသိမ်းခဲ့ရသော ဝိနည်း ၅-ကျမ်း အရသာ စာမူမှ ဥဘတောဝိဘင်းအရသာ စာမူကို ပုံနှိပ်စာအုပ်အဖြစ် ပုံနှိပ်ဖြန့်ချိနိုင်သဖြင့် အထူး အားရဝမ်းသာ ဖြစ်မိပါသည်။ ဤ ဝိနည်း ၅-ကျမ်း အရသာ ဒုတိယတွဲကို ကောင်းမွန်သေသပ်စွာ ပုံနှိပ် ချုပ်လုပ် ဖြန့်ချိပေးသည့်အတွက် နေလင်း ပိဋကတ်ပုံနှိပ်တိုက် စာတည်းချုပ် ဦးသောင်းလွင်(ဘီ·အေ) ဓမ္မာစရိယ ဝဋ္ဋံသကာနှင့် သာသနာရေး ဦးစီးဌာန ပုံနှိပ်တိုက် အငြိမ်းစား စာပြင်ဆရာကြီး မြန်အောင်-ဦးဘသန်း၊ ကျုံပျော် ဦးတင်လှိုင်တို့အား အထူး ကျေးဇူးဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ရန်ကုန်။ အကျိုးဆောင် ဆရာတော်

၄-၀-၀၁။

(ဘိက္ခုပါစိတ်နှင့်တကွ)

# ဘိက္ခုနီဝိဘင်းအရသာ မာတိကာ


| အကြောင်းအရာ | မျက်နှာ |
| --- | --- |
| **သုဒ္ဓပါစိတ်** | |
| ၁-မုသာဝါဒ (အနရိယဝေါဟာရ ရှစ်ပါး) | ၁ |
| ဝတ္ထု .... | ၂ |
| ၂-ဩမသဝါဒ (ဆဲခြင်းဆယ်ပါး) | ၂ |
| ဝတ္ထု (နွားပင် အဆဲမကြိုက်) | ၄ |
| ၃-ပေသုည | ၄ |
| ဝတ္ထု .... | ၅ |
| ၄-ပဒသောဓမ္မ။ (ပဒါဒိစတုက္က) | ၅ |
| ဝတ္ထု .... | ၇ |
| ၅-သဟသေယျ။ (ခါးရိုးမြေထိ-ကျောက်ကုန်းဆန့်ခြင်း။ ကျောင်း ၁၈-မျိုး | ၇ |
| ဝတ္ထု (အနုပညတ်တခု) | ၈ |
| ၆-ဒုတိယ သဟသေယျ။ (တိရစ္ဆာန် ထီး-ပါစိတ်။ မ-ဒုက္ကဋ်) | ၁၀ |
| ဝတ္ထု .... | ၁၀ |
| ၇-ဓမ္မဒေသနာ | ၁၁ |
| ဝတ္ထု (အနုပညတ်နှစ်ခု) | ၁၂ |
| ၈-ဘူတာရောစန | ၁၃ |
| ဝတ္ထု .... | ၁၄ |
| ၉-ဒုဋ္ဌုလ္လာရောစန | ၁၄ |
| ဝတ္ထု .... | ၁၅ |
| ၁၀-ပထဝီခဏန (ပထဝီနှစ်မျိုး) | ၁၅ |
| ဝတ္ထု .... | ၁၆ |
| ၁-ဘူတဂါမ။ (ဗီဇငါးပါး၊ ကပ္ပိငါးပါး) | ၁၇ |
| ဝတ္ထု (သစ်ပင် စက္ခုသောတရှိ ဝါဒ) | ၁၈ |
| ၂-အညဝါဒက။ (ဝဂ္ဂ-၂။ ပါစိတ်-၂) | ၂၀ |
| ဝတ္ထု (အနုပညတ် တခု) | ၂၁ |
| ၃-ဥဇ္ဈာပနက။ (ဝဂ္ဂ-၂။ ပါစိတ်-၂။) | ၂၁ |
| ဝတ္ထု (အနုပညတ် တခု) | ၂၂ |

# မာတိကာ


| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၄-ပဥ္စမ သေနာသန။ (တာဝန်။ မှတ်ဖွယ်အထူး၊ ကပ္ပိယမမှ) | ၂၂ |
| ဝတ္တု (အနုပညတ်တခု) | ၂၅ |
| ၅-ဒုတိယ သေနာသန၊ (သေယျဆယ်ပါး) | ၂၅ |
| ဝတ္တု .... | ၂၇ |
| ၆-အနုပခဇ္ဇ၊ (ဥပစာရ ယူပုံ။ မထစေအပ်-သုံးယောက်) | ၂၇ |
| ဝတ္တု .... | ၂၉ |
| ၇-နိက္ကဍ္ဎန | ၂၉ |
| ဝတ္တု .... | ၃၀ |
| ၈-ဝေဟာသကုဋိ | ၃၀ |
| ဝတ္တု .... | ၃၁ |
| ၉-မဟလ္လကဝိဟာရ | ၃၁ |
| ဝတ္တု — | ၃၃ |
| ၁၀-သပ္ပါဏက။ (မှတ်ဖွယ်အထူး။ ပိုးလောက်၌ ကျင်စွန့်ခြင်း) | ၃၃ |
| ဝတ္တု .... | ၃၅ |
| ၁-ဩဝါဒ၊ (ဂရုဓမ် ရှစ်ပါး ဆုံးမပုံ အမြွက်) | ၃၅ |
| ဝတ္တု (အနု-တခု။ ဘိက္ခုနောဝါဒ အင်္ဂါရှစ်၊ ဂရုဓမ် ရှစ်ပါး သရုပ်) | ၃၆ |
| ၂-အတ္ထင်္ဂတ | ၃၈ |
| ဝတ္တု (ရှင်စူဠပန် တန်ခိုး ပြခြင်း) | ၃၈ |

| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၃-ဘိက္ခုနုပဿယ။ | ၃၉ |
| ဝတ္တု။ (အနု-တခု) | ၄၀ |
| ၄-အာမိသ | ၄၀ |
| ဝတ္တု .... | ၄၁ |
| ၅-စီဝရဒါန | ၄၁ |
| ဝတ္တု (အနု-တခု) | ၄၂ |
| ၆-စီဝရသိဗ္ဗန | ၄၂ |
| ဝတ္တု (အရုပ်အဆန်းရေး၍) | ၄၃ |
| ၇-သံဝိဓာန | ၄၃ |
| ဝတ္တု (အနု-တခု) | ၄၄ |
| ၈-နာဝါဘိရုဟန | ၄၅ |
| ဝတ္တု (အနု-တခု) | ၄၅ |
| ၉-ပရိပါစိတ | ၄၆ |
| ဝတ္တု (အနု-တခု) | ၄၇ |
| ၁၀-ရဟောနိသဇ္ဇ | ၄၇ |
| ဝတ္တု .... | ၄၈ |
| ၁-အာဝသထပိဏ္ဍ | ၄၈ |
| ဝတ္တု (အနု-တခု) | ၄၉ |
| ၂-ဂဏဘောဇန | ၄၉ |
| (နိမန္တနဂဏဘောဇဉ်။ ဝိညာပနဂဏဘောဇဉ်) | ၅၀ |
| ဝတ္တု (အနု-ခုနစ်) | ၅၁ |
| ၃-ပရမ္ပရဘောဇန။ (ထမင်းဖြင့် ဖိတ်သည်) | ၅၃ |
| ဝတ္တု (အနု-သုံး။ဝါ-လေး) | ၅၄ |
| ၄-ကာဏမာတာ | ၅၅ |
| ဝတ္တု (နှစ်ဝတ္တု) | ၅၆ |

| အကြောင်းအရာ | မျက်နှာ |
| --- | --- |
| ၅-ပဝါရဏာ | ၅၇ |
| ဝတ္ထု (အနု-တခု) | ၅၉ |
| ပဝါရိတ်သင့်ရာ၌ မှတ်ဖွယ် | ၅၉ |
| အတိရိတ်ဝိနည်းကံ မှတ်ဖွယ် | ၆၃ |
| ၆-ဒုတိယပဝါရဏာ | ၆၄ |
| ဝတ္ထု .... | ၆၅ |
| ၇–ဝိကာလဘောဇန (ခဲဖွယ် ၁၂-မျိုး၊ ရှိန်းခို ငါးမျိုး) | ၆၆ |
| ဝတ္ထု — | ၆၈ |
| ၈ ·သန္နိဓိကာရက။ (ရဟန်းခွက် သန္နိဓိ။ အကပ်စွန့်ဝါဒ။ သန္နိဓိ ဝိကပ်) | ၆၈ |
| ဝတ္ထု .... | ၇၀ |
| ကာလိကရောနှောခြင်းစသည် (တဒဟု-မပါ။ကာလအာပတ်။ အနွှောဝုတ္တစသည်။ ကပ္ပိယကုဋီ လေးခု) | ၇၀ |
| ၉·ပဏီတဘောဇန။ (တောင်းပုံ) | ၇၃ |
| ဝတ္ထု (အနု-တခု) | ၇၅ |
| ၁၀-ဒန္တပေါဏ။(ဆေးကြီး လေးပါး) | ၇၅ |
| ဝတ္ထု (အနု—တခု) | ၇၇ |
| အကပ်ခံခြင်း စသည်၌ မှတ်ဖွယ် (အကပ်မြောက်လျက် နောက် နေ့သန္နိဓိ မသင့်။ အကပ်ပျက် မပျက်) | ၇၇ |
| အကပ်ပျက်ကြောင်း ၆·ပါး။ (သီးကြီးကိုးလုံး။အဖျော် ရှစ်မျိုး။ မီးချက်မအပ်။ ဆေးလိပ်) | ၈၀ |


---


| အကြောင်းအရာ | မျက်နှာ |
| --- | --- |
| ၁-အစေလက(သူတော်၊ သီလရှင်) | ၈၃ |
| ဝတ္ထု (နှစ်ဝတ္ထု) | ၈၄ |
| ၂-ဥယျောဇန | ၈၅ |
| ဝတ္ထု .... | ၈၆ |
| ၃-သဘောဇန | ၈၆ |
| ဝတ္ထု .... | ၈၇ |
| ၄-ပဋိစ္ဆန္နာသန | ၈၇ |
| ၅-ရဟောနိသဇ္ဇ | ၈၇ |
| ဝတ္ထု .... | ၈၈ |
| ၆-စာရိတ္တ။ (ဆွမ်းဟု ဖိတ်လျှင် အပြစ်မရှိ) | ၈၈ |
| ဝတ္ထု (အနု-လေးခု) | ၈၉ |
| ၈-မဟာနာမ | ၉၀ |
| ဝတ္ထု .... | ၉၁ |
| ၈-ဥယျုတ္တ။ (စစ်အင်္ဂါ လေးပါး) | ၉၂ |
| ဝတ္ထု။ (အနု-တခု) | ၉၃ |
| ၉-သေနာဝါသ | ၉၃ |
| ဝတ္ထု .... | ၉၄ |
| ၁၀-ဥယျောဓိက။ (တပ်ဖွဲ့ပုံ) | ၉၄ |
| ဝတ္ထု .... | ၉၅ |


---

# မာတိကာ


| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၁-သုရာပါန။ (သုရာငါးပါး၊ မေရယငါးပါး) | ၉၅ |
| ဝတ္ထု (ဈာန်တန်ခိုးရှင် အရက်မူးခြင်း) | ၉၇ |
| ၂-အင်္ဂုလိပတောဒက | ၉၈ |
| ဝတ္ထု (ချိုင်းထိုး၍ အရယ်လွန်ပြီးသေသည်။) | ၉၈ |
| ၃-ဟာသဓမ္မ | ၉၈ |
| ဝတ္ထု (တင်လဲခဲကြောင့် အမှုပေါ်၏) | ၉၉ |
| ၄-အနာဒရိယ။ (မရိုသေခြင်းနှစ်မျိုး) | ၉၉ |
| ဝတ္ထု .... | ၁၀၀ |
| ၅-ဘိံသာပန | ၁၀၀ |
| ဝတ္ထု .... | ၁၀၀ |
| ၆-ဇောတိက | ၁၀၁ |
| ဝတ္ထု (အနု-နှစ်ခု။ မြွေထွက်လိုက်သည်) | ၁၀၂ |
| ၇-နှာန။ (အဝါ ၆-ပါး၌ ရေချိုးအပ်၏) | ၁၀၂ |
| ဝတ္ထု (အနု-၆-ခု) ပဒေသာ ပညတ်။မဇ္ဈိမဒေသ-နယ်သတ်မှတ်ခြင်း) | ၁၀၃ |
| ၈ ဒုဗ္ဗဏ္ဏကရဏ (နှစ်လုံးသုံးလုံးမအပ်) | ၁၀၄ |
| ဝတ္ထု .... | ၁၀၆ |
| ၉-ဝိကပ္ပနာ။ (ဝိကပ္ပနာမှတ်ဖွယ်) | ၁၀၆ |
| ဝတ္ထု .... | ၁၀၈ |
| ၁၀-အပနိဓာန။ | ၁၀၈ |
| ဝတ္ထု .... | ၁၀၉ |

| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၁-သဉ္စိစ္စပါဏ | ၁၀၉ |
| ဝတ္ထု (ဥဒါယီ-ကျီးသတ်သည်) | ၁၀၉ |
| ၂-သပ္ပါဏက | ၁၀၉ |
| ဝတ္ထု .... | ၁၁၀ |
| ၃-ဥက္ကောဋန | ၁၁၀ |
| ဝတ္ထု .... | ၁၁၁ |
| ၄-ဒုဋ္ဌုလ္လ။(အဆက်ဆက်ပါစိတ်) | ၁၁၁ |
| ဝတ္ထု .... | ၁၁၂ |
| ၅-ဦနဝီသတိဝဿ (ရဟန်းမဖြစ်ပဲ ကာမ္မဝါစာဖတ်ခြင်း) | ၁၁၂ |
| ဝတ္ထု .... | ၁၁၃ |
| ၆-ထေယျသတ္ထ | ၁၁၄ |
| ဝတ္ထု .... | ၁၁၅ |
| ၇-သံဝိဓာန | ၁၁၅ |
| ဝတ္ထု .... | ၁၁၅ |
| ၈-အရိဋ္ဌ (ရှင်အရိဋ္ဌ အယူမှားပုံ | ၁၁၆ |
| အန္တရာယ်ငါးပါး | ၁၁၈ |
| ဝတ္ထု .... | ၁၁၉ |
| ၉-ဥက္ခိတ္တ သမ္ဘောဂ | ၁၁၉ |
| ဝတ္ထု (သမ္ဘောဂ ၂-ပါး၊ သံဝါသ ၃-ပါး) | ၁၂၁ |

| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၁၀-ကဏှက (နာသနာ သုံးပါး) | ၁၂၁ |
| ဝတ္ထု .... | ၁၂၃ |

---


| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၁-သဟာဓမ္မိက | ၁၂၃ |
| ဝတ္ထု .... | ၁၂၄ |
| ၂-ဝိလေခန | ၁၂၄ |
| ဝတ္ထု (ဝိနည်းမိုရ် အာနိသင်) | ၁၂၅ |
| ၃-မောဟန (မသိဟန် ဆောင်သည်) | ၁၂၆ |
| ဝတ္ထု .... | ၁၂၈ |
| ၄-ပဟာရ | ၁၂၈ |
| ဝတ္ထု .... | ၁၃၀ |
| ၅ တလသတ္တိက | ၁၃၀ |
| ဝတ္ထု .... | ၁၃၀ |
| ၆-အမူလက | ၁၃၀ |
| ဝတ္ထု .... | ၁၃၁ |
| ၇-သဉ္စိစ္စ | ၁၃၁ |
| ဝတ္ထု .... | ၁၃၁ |
| ၈-ဥပဿုတိ | ၁၃၂ |
| ဝတ္ထု .... | ၁၃၃ |
| ၉-ကမ္မပဋိဗာဟန | ၁၃၃ |
| ဝတ္ထု .... | ၁၃၄ |
| ကံလေးပါး၌ခွာနမှတ်ဖွယ် | ၁၃၄ |
| ၁၀-ဆန္ဒံ အဒတွာ ဂမန | ၁၃၈ |
| ဝတ္ထု (ဝိနိစ္ဆယကထာ နှစ်မျိုး) | ၁၃၉ |
| ၁၁-ဒုဗ္ဗလ | ၁၃၉ |
| ဝတ္ထု .... | ၁၄၀ |
| ဂရုဘဏ်မှတ်ဖွယ် | ၁၄၁ |
| ၁၂-ပရိဏာမန | ၁၄၉ |
| ဝတ္ထု .... | ၁၄၉ |
| ၁-အန္ဓပုရ | ၁၅၀ |
| ဝတ္ထု (နန်းတော်ဝင်ရာ အပြစ်ဆယ်ပါး) | ၁၅၁ |
| ၂-ရတန (ကျင့်ဝတ်။ ဘဏ္ဍာထိန်းမပြုအပ်) | ၁၅၂ |
| ဝတ္ထု (အနု နှစ်ခု) | ၁၅၄ |
| ၃-ဝိကာလ ဂါမပ္ပဝေသန (မှတ်ဖွယ်များ) | ၁၅၅ |
| ဝတ္ထု (အနု-သုံးခု) | ၁၅၆ |
| ၄ သူစိဃရ | ၁၅၇ |
| ဝတ္ထု | ၁၅၈ |
| ၅ မဉ္စ (အခြေပကတိ တတောင့်ထွာ) | ၁၅၈ |
| ဝတ္ထု .... | ၁၅၉ |
| ၆-တူလောနဒ္ဓ (ဝေါင်းအုံး အကြောင်း) | ၁၅၉ |
| ဝတ္ထု .... | ၁၆၀ |
| ၇-နိသီဒန (နိသီဒိုင်ပုံစံ) | ၁၆၀ |
| ဝတ္ထု (အနု ကျွမ်းပျဉ်ဥဒါယီ ကိုယ်ကြီးသည်) | ၁၆၂ |
| ၈-ကဏ္ဍုပ္ပဋိစ္ဆာဒိ (ဓမ္မိစကား) | ၁၆၂ |


**အရသာ (၁)**

# မာတိကာ


| အကြောင်းအရာ | မျက်နှာ |
|---|---|
| ဝတ္ထု .... | ၁၆၃ |
| ၉-ဝဿိကသာဋိကာ | ၁၆၃ |
| ဝတ္ထု (အာဇီဝကဟု အထင်လွဲသည်) | ၁၆၃ |
| ၁၀-နန္ဒတ္ထေရ | ၁၆၄ |
| ဝတ္ထု .... | ၁၆၄ |

**ပါဋိဒေသနီ**

| | |
|---|---|
| ၁-ပဌမ ပါဋိဒေသနီ | ၁၆၅ |
| ဝတ္ထု (သုံးရက် ဆွမ်း ပြတ်သည်) | ၁၆၆ |
| ၂-ဒုတိယ ပါဋိဒေသနီ | ၁၆၇ |
| ဝတ္ထု .... | ၁၆၈ |
| ၃-တ-ပါဋိဒေသနီ | ၁၆၈ |
| ဝတ္ထု (သေက္ခသမ္မုတိ။ အနု-နှစ်ခု) | ၁၇၀ |
| ၄-စတုတ္ထ ပါဋိဒေသနီ | ၁၇၀ |
| ဝတ္ထု (အနု-တခု) | ၁၇၂ |

| | |
|---|---|
| ပြလတ္တံ့သော သေခိယ၏ ဂုဏ်ထူး | ၁၇၃ |

**သေခိယ**

| | |
|---|---|
| ၁-ပရိမဏ္ဍလနိဝါသန (မအပ်သောနည်း၊ အပ်သောနည်း၊ အနာပတ္တိအကျယ်) | ၁၇၅ |
| ၂-ပရိမဏ္ဍလ ပါရုပန (မအပ်သောရုံနည်း) | ၁၇၈ |
| ၃-သုပ္ပဋိစ္ဆန္နဂမန | ၁၇၉ |
| ၄-သုပ္ပဋိစ္ဆန္နနိသီဒန | ၁၇၉ |
| ၅၊၆-သုသံဝုတ | ၁၈၀ |
| ၇၊၈-ဩက္ခိတ္တစက္ခု | ၁၈၀ |
| ၉၊၁၀-ဥက္ခိတ္တက | ၁၈၀ |
| ဝတ္ထု (ဆယ်ဝတ္ထု ဝါသူပဂတ ၂) | ၁၈၁ |

| | |
|---|---|
| ၁၊၂-ဥဇ္ဇဂ္ဃိက | ၁၈၁ |
| ၃၊၄-အပ္ပသဒ္ဒ | ၁၈၁ |
| ၅၊၆-ကာယပ္ပစာလက | ၁၈၂ |
| ၇၊၈-ဗာဟုပ္ပစာလက | ၁၈၂ |
| ၉၊၁၀-သီသပ္ပစာလက | ၁၈၂ |
| ဝတ္ထု (ဆယ်ဝတ္ထု ဝါသူပဂတ ၃) | ၁၈၂ |

| | |
|---|---|
| ၁၊၂-ခမ္ဘကတ | ၁၈၂ |
| ၃၊၄-ဩဂုဏ္ဌိတ | ၁၈၂ |
| ၅-ဥက္ကုဋိက | ၁၈၃ |
| ၆-ပလ္လတ္ထိက (ဤအထိ သာရုပ္ပ ၂၆) | ၁၈၃ |
| ၇-သက္ကစ္စပဋိဂ္ဂါဟက | ၁၈၃ |
| ၈-ပတ္တသညီ | ၁၈၃ |
| ၉-သမသူပက | ၁၈၄ |
| ၁၀-ထူပီကတ အထူးမှတ်ဖွယ် | ၁၈၄ |
| ဝတ္ထု (ဆယ်ဝတ္ထု ဝါသူပဂတ ၃) | ၁၈၅ |

| အကြောင်းအရာ | မျက်နှာ |
| --- | --- |
| ၁-သက္ကစ္စဘုဉ္ဇန | ၁၈၅ |
| ၂-ပတ္တသညီ | ၁၈၅ |
| ၃-သပဒါန | ၁၈၅ |
| ၄-သမသူပက | ၁၈၆ |
| ၅-ထူပက | ၁၈၆ |
| ၆-ဩဒန ပဋိစ္ဆာဒန | ၁၈၆ |
| ၇-သူပေါဒနဝိညတ္တိ | ၁၈၇ |
| မှတ်ဖွယ်အထူး | ၁၈၇ |
| ၈-ဥဇ္ဈာနသညီ | ၁၈၇ |
| ၉-အတိမဟန္တ ကဗဠ (အငယ်ကိုမတား) | ၁၈၇ |
| ၁၀-ပရိမဏ္ဍလအာလောပ (အရှည်မပြုရ) | ၁၈၈ |
| ဝဂ္ဂ-(ဆယ်ဝဂ္ဂ။ အနု-တခု။) | ၁၈၈ |

---

| အကြောင်းအရာ | မျက်နှာ |
| --- | --- |
| ၁-အနာဟဋ | ၁၈၉ |
| ၂-သဗ္ဗဟတ္ထ | ၁၈၉ |
| ၃-သကဗဠဗျာဟရဏ | ၁၉၀ |
| ၄-ပိဏ္ဍုက္ခေပက | ၁၉၀ |
| ၅-ကဗဠာဝစ္ဆေဒ | ၁၉၀ |
| ၆-အဝဂဏ္ဍကာရက | ၁၉၀ |
| ၇-ဟတ္ထနိဒ္ဓုနက | ၁၉၁ |
| ၈-သိတ္ထာဝကာရက | ၁၉၁ |
| ၉-ဇိဝှာနိစ္ဆာရက | ၁၉၂ |
| ၁၀-စပုစပု | ၁၉၁ |
| ဝဂ္ဂ။ (ဆယ်ဝဂ္ဂ) | ၁၉၁ |
| ၁-သုရုသုရု | ၁၉၂ |
| ၂-ဟတ္ထနိလ္လေဟက | ၁၉၂ |
| ၃-ပတ္တနိလ္လေဟက | ၁၉၂ |
| ၄-ဩဋ္ဌနိလ္လေဟက | ၁၉၂ |
| ၅-သာမိသဟတ္ထ | ၁၉၂ |
| ၆ ပတ္တဓောဝန။ (ဤအထိ ဘောဇနပဋိသံယုတ္တ ၃၀။) | ၁၉၃ |
| ၇-ဆတ္တပါဏိ | ၁၉၃ |
| ၈- ဒဏ္ဍပါဏိ | ၁၉၄ |
| ၉-သတ္ထပါဏိ | ၁၉၄ |
| ၁၀-အာဝုဓပါဏိ | ၁၉၄ |
| ဝဂ္ဂ။ (ဆယ်ဝဂ္ဂ။ အနု-ပညတ်လေးခု။) | ၁၉၄ |

---

| အကြောင်းအရာ | မျက်နှာ |
| --- | --- |
| ၁-ပါဒုက | ၁၉၅ |
| ၂-ဥပါဟန | ၁၉၆ |
| ၃-ယာန | ၁၉၆ |
| ၄-သယန | ၁၉၇ |
| ၅-ပလ္လတ္ထိက | ၁၉၇ |
| ၆-ဝေဌိတ | ၁၉၇ |
| ၇-ဩဂုဏ္ဌိတ | ၁၉၇ |
| ၈-ဆမာ | ၁၉၇ |
| ၉-နီစာသန | ၁၉၈ |
| ၁၀-ဌိတ | ၁၉၈ |
| ၁၁-ပစ္ဆတောဂမန | ၁၉၈ |
| ၁၂-ဥပ္ပထဂမန (ဤအထိ ဓမ္မဒေသနာ ၁၆) | ၁၉၈ |
| ၁၃-ဌိတဥစ္စာရ | ၁၉၉ |
| ၁၄-ဟရိတ | ၁၉၉ |

| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၁၅-ဥဒက (ဥစ္စာရ-သုံး) | ၁၉၉ |
| ဝတ္ထု။ (၁၅-ဝတ္ထု။ အနု-၁၅။) | ၂၀၀ |
| သမုဋ္ဌာန်စသည် မှတ်ဖွယ် | ၂၀၁ |


### အဓိကရဏ သမထ


| အကြောင်းအရာ | မျက်နှာ |
|---|---|
| သမထခုနစ်ပါး | ၂၀၃ |
| (အဓိကရဏ်လေးပါးငြိမ်းနည်း ဉာဏ်စမ်း။) | ၂၀၃ |
| နိဂုံးကြီး | ၂၀၈ |


## ဘိက္ခုနီဝိဘင်း အရသာ


| အကြောင်းအရာ | မျက်နှာ |
|---|---|
| နိဒါန်း | ၂၁၁ |


### ပါရာဇိက


| အကြောင်းအရာ | မျက်နှာ |
|---|---|
| မေထုန | ၂၁၂ |
| ၁-သိက္ခာပုဒ် (ဥဗ္ဘဇာဏုမဏ္ဍလိကာ) | ၂၁၃ |
| ဝတ္ထု .... | ၂၁၄ |
| ၂-သိက္ခာပုဒ်။ (ဝဇ္ဇပဋိစ္ဆာဒိကာ) | ၂၁၅ |
| ဝတ္ထု .... | ၂၁၆ |
| ၃-သိက္ခာပုဒ် (ဥက္ခိတ္တာနုဝတ္တိကာ) | ၂၁၆ |
| ဝတ္ထု .... | ၂၁၈ |
| ၄-သိက္ခာပုဒ် (အဋ္ဌဝတ္ထုကာ) | ၂၁၈ |
| ဂဏန္ထုပိကာ (သံဝရရှိရသည်။) | ၂၂၀ |
| ဝတ္ထု .... | ၂၂၀ |
| နိဂုံး | ၂၂၁ |


### သံဃာဒိသိသ်


| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၁-သိက္ခာပုဒ် (ဥဿယဝါဒိကာ) | ၂၂၂ |
| အာရက္ခယာစနာ | ၂၂၃ |
| ဝတ္ထု .... | ၂၂၄ |
| ၂-သိက္ခာပုဒ်။ (စောရီဝုဋ္ဌာပန။) | ၂၂၅ |
| ဝတ္ထု .... | ၂၂၆ |
| ၃-သိက္ခာပုဒ်။ (ဂါမန္တရ) | ၂၂၆ |
| ဝတ္ထု (အနု-သုံးခု) | ၂၂၉ |
| ၄-သိက္ခာပုဒ် (ဩသာရဏ) | ၂၃၀ |
| ဝတ္ထု .... | ၂၃၀ |
| ၅-သိက္ခာပုဒ် (အဝဿုတာ) | ၂၃၁ |
| ဝတ္ထု .... | ၂၃၂ |
| ၆-သိက္ခာပုဒ် (ကိံတေ) | ၂၃၂ |
| ဝတ္ထု .... | ၂၃၃ |
| ၇-သိက္ခာပုဒ် (ကုပိတာ) | ၂၃၃ |
| ဝတ္ထု .... | ၂၃၄ |
| ၈-သိက္ခာပုဒ် (ပစ္စာကတာ) | ၂၃၄ |
| ဝတ္ထု .... | ၂၃၅ |

| အကြောင်းအရာ | မျက်နှာ |
|---|---|


၉-သိက္ခာပုဒ် (သံသဋ္ဌာ) ၂၃၅
ဝတ္ထု .... ၂၃၇
၁၀-သိက္ခာပုဒ်(သံသဋ္ဌာပန) ၂၃၇
ဝတ္ထု .... ၂၃၈
နိဂုံး (ပက္ခမာနတ်ကျင့်ပုံ) ၂၃၉


## နိဿဂ္ဂိပါစိတ်


၁-သိက္ခာပုဒ် (ပတ္တသန္နိစယ) ၂၄၁
ဝတ္ထု (ဝိနီတဝတ္ထုတခု) ၂၄၁
၂-သိက္ခာပုဒ်(အကာလစီဝရ) ၂၄၂
ဝတ္ထု .... ၂၄၂
၃-သိက္ခာပုဒ်(ပရိဝတ္တေတွာ အစ္ဆိန္ဒန) ၂၄၃
ဝတ္ထု .... ၂၄၄
၄-သိက္ခာပုဒ်(အညံ ဝိညာပန) ၂၄၄
ဝတ္ထု ၂၄၄
၅-သိက္ခာပုဒ်(အညံစေတာပန) ၂၄၅
ဝတ္ထု .... ၂၄၅
၆-သိက္ခာပုဒ်(ပဌမသံဃိက) ၂၄၅
ဝတ္ထု .... ၂၄၆
၇-သိက္ခာပုဒ်(ဒုတိယသံဃိက) ၂၄၆
ဝတ္ထု .... ၂၄၇
၈-သိက္ခာပုဒ် (ပဌမ မဟာဇနိက) ၂၄၇
ဝတ္ထု .... ၂၄၇
၉-သိက္ခာပုဒ် (ဒုတိယမဟာဇနိက) ၂၄၇
၁၀-သိက္ခာပုဒ် (ပုဂ္ဂလိက) ၂၄၈
ဝတ္ထု (လျှုရင်းတိုင်းသို့ ၆-ခု) ၂၄၈


---


၁၁-သိက္ခာပုဒ်(ဂရုပါဝုရဏ) ၂၄၈
ဝတ္ထု .... ၂၄၉
၁၂-သိက္ခာပုဒ်(လဟုပါဝုရဏ) ၂၅၀
နိဿဂ္ဂိသုံးဆယ်ဖြစ်ပုံ ၂၅၀


---

## သုဒ္ဓပါစိတ်


၁-သိက္ခာပုဒ် (လသုဏ) (ကြက်သွန်ငါးမျိုး) ၂၅၁
ဝတ္ထု(အတိတ်ရွှေဟံသာဝတ္ထု) ၂၅၂
၂-သိက္ခာပုဒ် (သမ္ဗာဓေလောမ) ၂၅၂
ဝတ္ထု .... ၂၅၃
၃-သိက္ခာပုဒ်(တလဃာတက) ၂၅၃
ဝတ္ထု .... ၂၅၃
၄-သိက္ခာပုဒ် (ဇတုမဋ္ဌက) ၂၅၄
ဝတ္ထု ၂၅၄
၅-သိက္ခာပုဒ် (ဥဒကသုဒ္ဓိက) ၂၅၄
ဝတ္ထု .... ၂၅၅

# မာတိကာ


| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၆-သိက္ခာပုဒ် (ဥပတိဋ္ဌန) | ၂၅၅ |
| ဝတ္ထု .... | ၂၅၆ |
| ၇-သိက္ခာပုဒ်(အာမကဓည) | ၂၅၆ |
| ဝတ္ထု .... | ၂၅၇ |
| ၈-သိက္ခာပုဒ် (တိရောကုဋ္ဋ) | ၂၅၇ |
| ဝတ္ထု .... | ၂၅၈ |
| ၉-သိက္ခာပုဒ် (ဟရိတ) | ၂၅၉ |
| (အုန်းခေါင်းပြတ် မှတ်ဖွယ် | ၂၅၉ |
| ဝတ္ထု .... | ၂၅၉ |
| ၁၀-သိက္ခာပုဒ်။ ဂိရဂ္ဂ သမဇ္ဇန)(ငွေကန်နှင့်သဉ္စရိတ္တ) | ၂၆၀ |
| ဝတ္ထု .... | ၂၆၁ |
| ၁-သိက္ခာပုဒ် (ရတ္တန္ဓကာရ) | ၂၆၂ |
| ဝတ္ထု (ညဉ့်အာပတ်) | ၂၆၂ |
| ၂-သိက္ခာပုဒ် (ပဋိစ္ဆန္န) | ၂၆၃ |
| ဝတ္ထု (နေ့-ဖုံးကွယ်ရာ အာပတ်။) | ၂၆၃ |
| ၃-သိက္ခာပုဒ်(အဇ္ဈောကာသ) | ၂၆၃ |
| ဝတ္ထု (နေ့-လွင် အာပတ်။) | ၂၆၃ |
| ၄-သိက္ခာပုဒ် (ရထိကာ) | ၂၆၄ |
| ဝတ္ထု (အဖော်မဟုတ်သော အဖော် | ၂၆၄ |
| ၅-သိက္ခာပုဒ် (ပုရေဘတ္တ) | ၂၆၄ |
| ဝတ္ထု .... | ၂၆၅ |
| ၆-သိက္ခာပုဒ် (ပစ္ဆာဘတ္တ) | ၂၆၆ |
| ဝတ္ထု .... | ၂၆၆ |
| ၇-သိက္ခာပုဒ် (ဝိကာလ) | ၂၆၆ |
| ဝတ္ထု ... | ၂၆၇ |
| ၈-သိက္ခာပုဒ် (ဒုဂ္ဂဟိတ) | ၂၆၇ |
| ဝတ္ထု .... | ၂၆၈ |
| ၉-သိက္ခာပုဒ် (အဘိသပန) (နိပါတ်၌ ကျိန်စာဆိုပုံ) | ၂၆၈ |
| ဝတ္ထု .... | ၂၆၉ |
| ၁၀-သိက္ခာပုဒ် (ဝမိတ္တာ ရောဒန) | ၂၆၉ |
| ဝတ္ထု .... | ၂၇၀ |
| ၁-သိက္ခာပုဒ် (နဂ္ဂနှာန) (အဖုံးသုံးခု။) | ၂၇၀ |
| ဝတ္ထု .... | ၂၇၁ |
| ၂-သိက္ခာပုဒ် (ဥဒကသာဋိကာ) | ၂၇၁ |
| ဝတ္ထု .... | ၂၇၁ |
| ၃-သိက္ခာပုဒ် (ဝိသိဗ္ဗန) | ၂၇၂ |
| ဝတ္ထု .... | ၂၇၂ |
| ၄-သိက္ခာပုဒ် (ပဉ္စာဟိက) | ၇၃၂ |
| ဝတ္ထု .... | ၇၃၂ |
| ၅-သိက္ခာပုဒ် (စီဝရသင်္ကမနီယ) (ကြက်ခြေခတ် အမှတ်များ တတ်သည်။) | ၂၇၃ |
| ဝတ္ထု .... | ၂၇၄ |
| ၆-သိက္ခာပုဒ် (လာဘန္တရာယ) | ၂၇၄ |
| ဝတ္ထု .... | ၂၇၅ |

| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၇-သိက္ခာပုဒ် (စီဝရဝိဘင်္ဂဗာဟန) | ၂၇၅ |
| ဝတ္ထု .... | ၂၇၆ |
| ၈-သိက္ခာပုဒ် (သမဏ စီဝရ) | ၂၇၆ |
| ဝတ္ထု .... | ၂၇၇ |
| ၉-သိက္ခာပုဒ် (ဒုဗ္ဗလစီဝရ ပစ္စာသာ) | ၂၇၇ |
| ဝတ္ထု .... | ၂၇၈ |
| ၁၀-သိက္ခာပုဒ် (ကထိနုဒ္ဓါရ ဗာဟန) (နုတ်သင့်သောကာလ) | ၂၇၈ |
| ဝတ္ထု .... | ၂၇၉ |
| — | |
| ၁-သိက္ခာပုဒ် (တုဝဋ္ဋ) | ၂၇၉ |
| ဝတ္ထု .... | ၂၈၀ |
| ၂-သိက္ခာပုဒ် (ဧကတ္ထရဏပါဝုရဏ) | ၂၈၀ |
| ဝတ္ထု .... | ၂၈၀ |
| ၃-သိက္ခာပုဒ် (အဖာသု) | ၂၈၀ |
| ဝတ္ထု .... | ၂၈၁ |
| ၄-သိက္ခာပုဒ် (ဒုက္ခိတသဟဇီဝိနီ) | ၂၈၁ |
| ဝတ္ထု .... | ၂၈၂ |
| ၅-သိက္ခာပုဒ် (နိက္ကဍ္ဎန) | ၂၈၂ |
| ဝတ္ထု .... | ၂၈၂ |
| ၆-သိက္ခာပုဒ် (သံသဋ္ဌ) | ၂၈၃ |
| ဝတ္ထု .... | ၂၈၃ |
| ၇-သိက္ခာပုဒ် (အန္တောရဋ္ဌ) | ၂၈၃ |
| ဝတ္ထု .... | ၂၈၄ |
| ၈-သိက္ခာပုဒ် (တိရောရဋ္ဌ) | ၂၈၄ |
| ဝတ္ထု .... | ၂၈၄ |
| ၉-သိက္ခာပုဒ် (အန္တောဝဿံစာရိက) | ၂၈၄ |
| ဝတ္ထု .... | ၂၈၅ |
| ၁၀-သိက္ခာပုဒ် (ဝဿံဝုဋ္ဌစာရိက) | ၂၈၅ |
| ဝတ္ထု .... | ၂၈၆ |
| — | |
| ၁-သိက္ခာပုဒ် (စိတ္တာဂါရ) | ၂၈၆ |
| ဝတ္ထု .... | ၂၈၇ |
| ၂-သိက္ခာပုဒ် (အာသန္ဒိ) | ၂၈၇ |
| ဝတ္ထု .... | ၂၈၈ |
| ၃-သိက္ခာပုဒ် (သုတ္တကန္တန) | ၂၈၈ |
| ဝတ္ထု .... | ၂၈၈ |
| ၄-သိက္ခာပုဒ် (ဂိဟိဝေယျာဝစ္စ) | ၂၈၈ |
| ဝတ္ထု .... | ၂၈၉ |
| ၅-သိက္ခာပုဒ် (အဓိကရဏ အဝူပသမ) | ၂၈၉ |
| ဝတ္ထု .... | ၂၈၉ |
| ၆-သိက္ခာပုဒ် (အဂါရိကဿသဟတ္ထာ) | ၂၉၀ |
| ဝတ္ထု .... | ၂၉၀ |
| ၇-သိက္ခာပုဒ် (အာဝသထစီဝရ) | ၂၉၀ |
| ဝတ္ထု .... | ၂၉၁ |

# မာတိကာ


| အကြောင်းအရာ | မျက်နှာ |
|---|---|
| ၈-သိက္ခာပုဒ်(အာဝသထ အနိသံသဇ္ဇန) | ၂၉၁ |
| ဝတ္ထု .... | ၂၉၂ |
| ၉၊၁၀-သိက္ခာပုဒ် (တိရစ္ဆာနဝိဇ္ဇာ ပရိယာပုဏန ဝါစန) | ၂၉၂ |
| တိရစ္ဆာနဝိဇ္ဇာ | ၂၉၂ |
| ဝတ္ထု .... | ၂၉၃ |
| ၁-သိက္ခာပုဒ် (သဘိက္ခုအာရာမ) | ၂၉၃ |
| ဝတ္ထု(အနု နှစ်ခု | ၂၉၄ |
| ၂-သိက္ခာပုဒ် (ဘိက္ခုံအက္ကောသန) | ၂၉၄ |
| ဝတ္ထု(ရှင်ဥပါလိ ဆရာ ရှင်ကပ္ပိတ စေတီဖျက်သည်) | ၂၉၅ |
| ၃-သိက္ခာပုဒ်(စဏ္ဍိကတာ) | ၂၉၅ |
| ဝတ္ထု .... | ၂၉၆ |
| ၄-သိက္ခာပုဒ် (နိမန္တိတာပဝါရိတာ) | ၂၉၆ |
| ဝတ္ထု .... | ၂၉၇ |
| ၅-သိက္ခာပုဒ်(ကုလမစ္ဆရိနီ) | ၂၉၇ |
| ဝတ္ထု .... | ၂၉၈ |
| ၆-သိက္ခာပုဒ် (အဘိက္ခုအာဝါသ) | ၂၉၈ |
| ဝတ္ထု .... | ၂၉၉ |
| ၇-သိက္ခာပုဒ်(အပ္ပဝါရဏာ) (ဘိက္ခုနီ ပဝါရဏာပြုပုံ) | ၂၉၉ |
| ဝတ္ထု .... | ၃၀၀ |
| ၈-သိက္ခာပုဒ် (ဩဝါဒသံဝါသ) | ၃၀၀ |
| ဝတ္ထု .... | ၃၀၁ |
| ၉-သိက္ခာပုဒ်(အနွဒ္ဓမာသ) | ၃၀၁ |
| ဝတ္ထု .... | ၃၀၂ |
| ၁၀-သိက္ခာပုဒ်(ပဝါရဏ) (ဩဝါဒအနုညာတ) | ၃၀၂ |
| ဝတ္ထု .... | ၃၀၃ |
| ၁-သိက္ခာပုဒ်(ဂဗ္ဘိနီ) | ၃၀၃ |
| ဝတ္ထု .... | ၃၀၄ |
| ၂-သိက္ခာပုဒ်(ပါယန္တီ) | ၃၀၄ |
| ဝတ္ထု .... | ၃၀၄ |
| ၃-သိက္ခာပုဒ်(သိက္ခမာန) | ၃၀၄ |
| ဝတ္ထု .... | ၃၀၅ |
| ၄-သိက္ခာပုဒ် (သိက္ခမာနအသမ္မတ) | ၃၀၆ |
| ဝတ္ထု .... | ၃၀၆ |
| ၅-သိက္ခာပုဒ် (ဂိဟိဂတ ဦနဒွါဒသဝဿ) | ၃၀၆ |
| ဝတ္ထု .... | ၃၀၇ |
| ၆၊၇-သိက္ခာပုဒ် (ဂိဟိဂတ အသိက္ခိတ အသမ္မတ) | ၃၀၇ |

| အကြောင်းအရာ | မျက်နှာ | အကြောင်းအရာ | မျက်နှာ |
|---|---|---|---|
| ဝတ္ထု .... | ၃၀၇ | ဝတ္ထု .... | ၃၁၅ |
| ၈-သိက္ခာပုဒ်(နအနုဂ္ဂဏှန) | ၃၀၇ | ၁၁-သိက္ခာပုဒ် | |
| ဝတ္ထု .... | ၃၀၈ | (ပါရိဝါသိက ဆန္ဒ) | ၃၁၅ |
| ၉-သိက္ခာပုဒ်(နအနုဗန္ဓန) | ၃၀၈ | ပါရိဝါသိယလေးပါး | ၃၁၆ |
| ဝတ္ထု .... | ၃၀၉ | ဝတ္ထု .... | ၃၁၆ |
| ၁၀-သိက္ခာပုဒ် | | ၂၁-သိက္ခာပုဒ်(အနုဝဿ) | ၃၁၇ |
| (နဝုပကာသန) | ၃၀၉ | ဝတ္ထု .... | ၃၁၇ |
| ဝတ္ထု .... | ၃၀၉ | ၁၃-သိက္ခာပုဒ်(ဒွေဝုဋ္ဌာပန) | ၃၁၇ |
| | | ဝတ္ထု .... | ၃၁၈ |

| | | | |
|---|---|---|---|
| ၁၊၂၊၃-သိက္ခာပုဒ် | | | |
| (ကုမာရိဘူတ) | ၃၀၉ | ၁-သိက္ခာပုဒ်(ဆတ္တုပါဟန) | ၃၁၈ |
| သိက္ခမာန်သုံးမျိုး | ၃၁၀ | ဝတ္ထု-(အနု-တခု) | ၃၁၈ |
| ဝတ္ထု .... | ၃၁၀ | ၂-သိက္ခာပုဒ် (ယာန) | ၃၁၈ |
| ၄-သိက္ခာပုဒ် | | ဝတ္ထု-(အနု-တခု) | ၃၁၉ |
| (ဦနဒွါဒသဝဿာ) | ၃၁၀ | ၃-သိက္ခာပုဒ်(သင်္ဃာဏိ) | ၃၁၉ |
| ဝတ္ထု .... | ၃၁၁ | ဝတ္ထု .... | ၃၁၉ |
| ၅-သိက္ခာပုဒ် | | ၄-သိက္ခာပုဒ်(ဣတ္ထာလင်္ကာရ | ၃၁၉ |
| (ဒွါဒသဝဿာ အသမ္မတာ) | ၃၁၁ | ဝတ္ထု .... | ၃၂၀ |
| ဝတ္ထု .... | ၃၁၁ | ၅-သိက္ခာပုဒ်(ဂန္ဓဝဏ္ဏက) | ၃၂၀ |
| ၆-သိက္ခာပုဒ်(ဦယျန) | ၃၁၁ | ဝတ္ထု .... | ၃၂၀ |
| ဝတ္ထု .... | ၃၁၂ | ၆-သိက္ခာပုဒ် (ပိညာက) | ၃၂၀ |
| ၇၊၈-သိက္ခာပုဒ်(သစေမေတွံ) | ၃၁၂ | ဝတ္ထု .... | ၃၂၁ |
| ဝတ္ထု .... | ၃၁၃ | ၇၊၈၊၉၊၁၀-သိက္ခာပုဒ် | |
| ၉-သိက္ခာပုဒ် | | (ဥမ္မဒ္ဒါပန) | ၃၂၁ |
| (စဏ္ဍီသိက္ခမာန) | ၃၁၃ | ဝတ္ထု .... | ၃၂၁ |
| ဝတ္ထု .... | ၃၁၄ | ၁၁-သိက္ခာပုဒ် | |
| ၁၀-သိက္ခာပုဒ် | | (ပုရိတောနိဒိသိန္န) | ၃၂၁ |
| (အနနုညာတ) | ၃၁၄ | (ဝန်းကျင်၁၂-တောင်တွင်း) | ၃၂၁ |

| အကြောင်းအရာ | မျက်နှာ |
|---|---|
| ဝတ္ထု .... | ၃၂၂ |
| ၁၂-သိက္ခာပုဒ် | |
| (အနောကာသကတ) | ၃၂၂ |
| ဝတ္ထု .... | ၃၂၂ |
| ၁၃-သိက္ခာပုဒ်(အသံကစ္ဆိကာ) | |
| (ရင်လွှမ်းတဘက်ဝတ်ပုံ) | ၃၂၃ |
| ဝတ္ထု .... | ၃၂၄ |
| နိဂုံး | ၃၂၄ |
| သမုဋ္ဌာန ဝိနိစ္ဆယ | ၃၂၅ |

| အကြောင်းအရာ | မျက်နှာ |
|---|---|
| **ပါဠိဒေသနီ** | |
| သိက္ခာပုဒ်ရှစ်ခု | ၃၂၆ |
| ပါဠိတော်လာတို့ | ၃၂၇ |
| ဝတ္ထု(အနုပညတ်-တခုစီ) | ၃၂၇ |
| နိဂုံးကြီး | ၃၂၈ |
| ဥဘတော ဝိဘင်းအရသာနိဂုံး | ၃၂၉ |


ပါဠိတော်ကို အထည်ကိုယ်ပြုသည်။ [ ] ဤလက္ခဏာ အတွင်းစကားသည် အဋ္ဌကထာ။ ≺ ≻ ဤအတွင်းသည် ဋီကာ။ ထာ-အဋ္ဌကထာ။ ဇီဋီ-ဝဇိရဗုဒ္ဓိဋီကာ။ သာဋီ—သာရတ္ထဒီပနီဋီကာ။ ဝိဋီ—ဝိမတိဝိနောဒနီ ဋီကာ၊ လင်္ကာဋီ။ ဝိနယာလင်္ကာရဋီကာ။ ( ) ဤအတွင်းရှိ စကားသည် အာစရိယ ဝါဒ။ ဤသို့ အပြည့်တန်ဆာဆင်သည်။

## ဘိက္ခုပါဠိတော်နှင့်တကွ

# ဘိက္ခုနီဝိဘင်း အရသာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## သုဒ္ဓပါစိတ်

ဣမေ ခေါ ပနာယသ္မန္တော ဒွေနဝုတိ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

၁။ မုသာဝါဒ။ ။သမ္ပဇာနမုသာဝါဒေ၊ သိလျက် ချွတ်ယွင်းသောစကားကို ဆိုခြင်းကြောင့်။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။

အဓိပ္ပာယ်။ ။မဟုတ်မမှန်သော ဝတ္ထုသည် မုသာမည်၏။ မဟုတ်မမှန်သည်ကို အဟုတ်အမှန်အားဖြင့် သိစေအပ် ကိုယ်နှုတ်ဖြင့် ပြုခြင်းသည် မုသာဝါဒ မည်၏။ ရှေးအဖို့၌လည်း သိ၍ ဆိုဆဲခဏ၌လည်း သိသူသည် သမ္ပဇာနမည်၏။ ထိုသိသူ၏ ချွတ်ယွင်းသောစကားသည် သမ္ပဇာန မုသာဝါဒ မည်၏။ အကြင်ရဟန်းသည် သိလျက် မုသာဆိုအံ့။ ထိုရဟန်းအား ထိုဆိုခြင်း အကြောင်းကြောင့် ပါစိတ်အာပတ်သည် ဖြစ်၏။ ဤသို့ နိမိတ်အနက်ကို သိအပ်၏။

အနရိယဝေါဟာရ ရှစ်ပါး။ ။မျက်မြင်မဟုတ်ပဲ မြင်သည်ဟုဆိုခြင်း၊ နားကြားမဟုတ်ပဲ ကြားသည်ဟုဆိုခြင်း၊ နှာတွေ့ လျှာတွေ့ ကိုယ်တွေ့မဟုတ်ပဲ တွေ့သည်ဟု ဆိုခြင်း၊ စိတ်သိမဟုတ်ပဲ သိသည်ဟု

ဆိုခြင်း၊ (၄)။ မြင်သည်ကို မမြင်၊ ကြားသည်ကို မကြား၊ တွေ့သည်ကို မတွေ့၊ သိသည်ကို မသိဟုဆိုခြင်း၊ (၄)။ ဤကား အနရိယဝေါဟာရရှစ်ပါးမည်၏။ မုသာဝါဒ ပါစိတ်သာတည်း။ သင်၏ ဥပဇ္ဈာယ်သည် ထင်းလှည်းမောင်း သွားသည်ဟု ပြောင်လှောင်ခြင်း၊ ဆီအနည်းငယ်ကို ဆီတင်းကျမ်းပြည့်ဟု ပူရဏကထာ အပိုဆိုခြင်းလည်း မုသာဝါဒပါစိတ်သာတည်း။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဟတ္ထကမည်သော သာကီဝင်မင်းသား ရဟန်းသည် ပယ်ပြီးမှ ဝန်ခံခြင်းစသည်ကို ပြုခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ဥတ္တရိမနုဿမ္မ ပြောခြင်း၄ါ မုသာဆိုအံ့၊ ပါရာဇိက။ အရင်းမရှိသော ပါရာဇိကဖြင့် စွပ်စွဲခြင်း၄ါ မုသာဆိုအံ့၊ သံဃာဒိသိသ်။ သံဃာဒိသိသ်ဖြင့် စွပ်စွဲခြင်း၄ါ မုသာဆိုအံ့၊ ပါစိတ်။ အာစာရဝိပတ္တိဖြင့်၊ ဝါ-ကြွင်းအာပတ်ငါးပါးဖြင့် စွပ်စွဲခြင်း၄ါ မုသာဆိုအံ့၊ ဒုက္ကဋ်။ သင်၏ ကျောင်းနေရဟန်းသည် ဈာန်မဂ်ဖိုလ်ရသည်ဟု သွယ်ဝိုက်၍ မုသာဆိုအံ့၊ နား ထောင်သူသိလျှင် ထုလ္လစ္စည်း။ မသိလျှင် ဒုက္ကဋ်။ တရားစွဲ ခိုးလို၍ မုသာဆို အံ့၊ သဟပယောဂဒုက္ကဋ်။ သက်သက် မုသာဆိုအံ့၊ ဤသိက္ခာပုဒ် ပါစိတ်။ ဒဝါဘာဏတိ—အဆောတလျင်ဆို၍ ချွတ်ယွင်းအံ့၊ ရဝါဘာဏတိ—တမျိုးဆိုလို လျက် ထိုင်းမှိုင်း၍ တမျိုးဆိုမိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

မုသာဆိုမည်ဟု ရှေး၌ပြုခြင်း၊ မုသာဆိုလိုသောစိတ်ဖြင့် ရည်မှန်းသူသိ အောင် လုံ့လပြုခြင်း၊ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါ နနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ သာကီဝင်မင်းသား ဟတ္ထကမည်သော ရဟန်းသည် ဆိုပြီးသောစကားကို ပစ်ပယ်လေ့ရှိ၏။ တိတ္ထိတို့နှင့် စကားဆိုသောအခါ ပယ်ပြီးမှလည်း ဝန်ခံ၏။ ဝန်ခံပြီးမှလည်း ပယ်၏။ စကားတခုဖြင့် တခုကို ဖုံးလွှမ်း၏။ သိလျက် ချွတ်ယွင်းသော စကားကို ဆို၏။ ချိန်းချက်ပြီး ချွတ်ယွင်းစေ၏။ ဟတ္ထကရဟန်း ဤသို့ပြုသည်ဟု တိတ္ထိတို့ ကဲ့ရဲ့ကုန်၏။ ရဟန်းတို့မေးသောအခါ ငါ့ရှင်တို့၊ ဤတိတ္ထိတို့ကို တနည်းနည်း ဖြင့် နိုင်သင့်၏။ တိတ္ထိတို့အား အနိုင်ကို မပေးသင့်ဟု ဆို၏။ ဟတ္ထကရဟန်း မုသာဆိုသည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၂။ **ဩမသဝါဒ။** ။ဩမသဝါဒေ၊ နှုတ်လှံထိုးခြင်းကြောင့်။ ဝါ၊ ရဟန်းကို ဆဲရေးခြင်းကြောင့်။ ပါစိတ္တိယံ၊ ဟောတိ။

**အဓိပ္ပာယ်။** ။နားနားအောင် စိတ်နာအောင် ထိုးဆွသောစကားသည် ဩမသဝါဒ မည်၏။ရဟန်းကို၊ ဝါ- ပါရာဇိကသို့ ရောက်သော်လည်း ရဟန်းအသွင် မစွန့်သေးသူကို ဆဲရေးခြင်းဆယ်ပါးတပါးပါးယူ၍ နှုတ်ဖြင့်၎င်း၊ လက်ဆုပ်ပြခြင်းဖြင့်၎င်း ချက်ချင်းသိအောင် မသွယ်မဝိုက် တိုက်ရိုက်ဆဲအံ့၊ ဆဲခြင်းကြောင့် ပါစိတ်။ (မျက်မှောက် ကိုယ်တိုင်ဆဲဟု သိသာ၏။)

**ဆဲရေးခြင်း ဆယ်ပါး။** ။ဇာတိ၊ နာမ ဂေါတ္တ၊ ကမ္မ(၄)။ သိပ္ပ၊အာဗာဓ၊ လိင်္ဂ၊ (၃)။ ကိလေသ၊ အာပတ္တိ၊ အက္ကောသ၊ (၃)။ ဤကား ဆဲရေးခြင်းဆယ်ပါး မည်၏။ အယုတ်၊အမြတ်နှစ်ပါးစီ ပြားသေး၏။ ဇာတိကား-ဒွန်းစဏ္ဍားမျိုး၊ မင်းမျိုး။ နာမကား—နေားပုပ်၊ မောင်ဗုဒ္ဓရက္ခိတ။ ဂေါတ္တကား—ကောသိယနွယ် (ယုတ်)၊ ဂေါတမနွယ် (မြတ်)။ ကမ္မကား-ဘင်ကျုံးမှု၊ကုန်သွယ်လယ်လုပ် နွားကျောင်းမှု။ သိပ္ပကား—ကျူထရံရက်အဘတ်၊စာရေးအတတ်။အာဗာဓကား—အရှူးနာ မြင်းသရိုက်နာ။ လိင်္ဂကား—ရှည်၊ နက်၊မနိမ့်မမြင့်။ ကိလေသကား-ရာဂဒေါသကြီးသည်။ ရာဂဒေါသကင်းသည်။ အာပတ္တိကား—ပါရာဇိကအာပတ္တိ၊ သောတာပတ္တိ။ အက္ကောသကား-နွား၊ တိရစ္ဆာန်၊ ယန္နင့်ဘ၊ ကာဠ၊ ကောဠစိကာ၊ပညာရှိ၊ သုဂတိလားမည့်သူ။ ဤဆယ်ပါးဖြင့် ဆဲရာ၌ ယုတ်သော်၎င်း၊ မယုတ်သော်၎င်း၊ ဒေါသဖြင့် နာကျင်အောင်ဆိုခြင်းသာ ဩမသဝါဒ မည်သည်။ရယ်မြူးလို၍ဆိုလျှင် ဩမသဝါဒမည်၏။ ထိုဆယ်ပါးမှ လွတ်လျှင်လည်း ပါစိတ်မသင့်။ယဘသည် မေထုန်ပရိယာယ်။ ကာဠ၊ ကောဠစိကာသည် ယောကျ်ားအင်္ဂါ၊ မိန်းမအင်္ဂါ။

မည်-နွှယ်-မှ-ဇာဘ်-¹၊ နာ-သွင်-ဘဘ်-²၊ ကိ- ပတ်³- ဆဲဆယ်ပါး။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ဆဲရေးခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ဤအနီး၌ ဒွန်းစဏ္ဍားအချို့ရှိသည် စသည်ဖြင့် သူတပါးကို ညွှန်းသကဲ့သို့ ဆယ်ပါး တပါးပါးဖြင့် စောင်းဆဲအံ့၊ ပါဠိတော်၌ မလာသော သူခိုး၊ခါးပိုက်နှိုက် စသည်ဖြင့် ဆဲအံ့၊ရဟန်းမှတပါး အနုပသမ္ပန္နကို အမှတ်မရှိသော ဆဲခြင်းဖြင့် ဆဲအံ့၊ ဒုက္ကဋ်။ဤ၌ သိက္ခမာန်သည် အနုပသမ္ပန္နမည်၏။ မြူးဘူးလို၍ မည်သူ့အားမဆို ဆဲရေးအံ့၊ (ဝါ၊ကစားဆဲအံ့၊ ဒုဗ္ဘာသိတအာပတ် သင့်၏။အနက်ကို ရှေးရှုအံ့၊ ပါဠိကို၊ ဆုံးမခြင်းကို ရှေးရှုအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

အဆဲခံရသူ ဥပသမ္ပန္နဇာတ်ရှိခြင်း၊ သူတပါးကို မညွှန်းပဲ ဆယ်ပါးတပါးပါး ဖြင့် ဆဲခြင်း၊ ငါ့ကို ဆဲသည်ဟု သိခြင်း၊ အနက်ရှေးရှု စသည်မဟုတ်ခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် လဇ္ဇီပေသလ ရဟန်းကောင်းတို့ နှင့် ငြင်းခုန်၍ ဆဲခြင်းဆယ်မျိုးဖြင့် ဆဲကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ဘုရားရှင်သည် ကဲ့ရဲ့၍ တနည်းဟော၍ အတိတ်ဆောင်တော်မူ၏။

ချစ်သားတို့၊ ရှေးသရောအခါ ဂန္ဓာရတိုင်းပြည်၌ ပုဏ္ဏားတယောက်အား နန္ဒိဝိသာလမည်သော နွားလားတကောင်ရှိ၏၊ ထိုနွားလားသည် ပုဏ္ဏားကို "အသင်သွား၍ သူဌေးနှင့် တထောင်တန်း လောင်းလော့၊ ငါ၏ နွားသည် လှည်းတရာဝန် အပြည့်ရုန်းလတ္တံ့ ဟူ၍ ဆိုလော့" ဟုဆို၏။ ပုဏ္ဏားသည် လောင်းပြီးလျှင် လှည်းမောင်းသောအခါ ဤသို့ဆို၍ မောင်း၏။ "ကူဋ၊ ကောက်ကျစ်စဉ်းလဲမိုက်မဲခြင်းနှင့် ဟယ်-နွားယုတ်။ ဂစ္ဆ၊ သွားလော့။ ဝဟဿု၊ ရုန်းလော့။" ထိုအခါ နွားမရုန်းသဖြင့် ငွေတထောင် ရှုံး၏။

နောက်တနေ့၌ နွားသည် ပုဏ္ဏား၊ အဘယ်ကြောင့် မှိုင်သနည်း။ ငွေတထောင် ရှုံးသောကြောင့် ငါမှိုင်သည်။ ငါမကောက်ကျစ်ပဲ ကောက်ကျစ်၏ဟု သင်ဆိုသည်။ သွားချေ၊ နှစ်ထောင်တန်း လောင်းလော။ ငါ့ကိုလည်း ကောက်ကျစ်၏ဟူ၍ သင်မဆိုနှင့်ဟု ဆို၏။ နှစ်ထောင်တန်းလောင်း၍ ပေါင်းသောအခါ ဤသို့ဆို၍ မောင်း၏။ "ဘဒြ၊ ဦးချိုရှည်သွယ် တင့်တယ်လှပ ရှုဝမသည့် သားလှနွားချော။ ဂစ္ဆ၊ မနှေးလျင်စွာ သွားတည့်ပါလော့။ ဝဟဿု၊ ရုန်းလှည့်ပါလော့။" ထိုအခါ လှည်းတရာဝန်အပြည့်ကို ဘီးတပတ်လည်ရုံဖြင့် မရပ်၊ လှည်းတရာတပြန့်လုံး လွတ်အောင် ရုန်းသွား၏။

နှစ်သက်ဖွယ်သာ ဆိုသင့်ရာ၏။ မနှစ်သက်စရာ မဆိုရာ၊ နှစ်သက်ဖွယ်ရာဆိုမှ နွားရုန်းသည်။ ငွေရ၍ ချမ်းသာ ဝမ်းမြောက်ရသည်။ ချစ်သားတို့၊ ထိုအခါ၌သော်လည်း ဆဲရေးရှုတ်ချခြင်းကို ငါမနှစ်သက်။ ယခု အဘယ်မှာ နှစ်သက်နိုင်အံ့နည်း-ဟု အတိတ်ဆောင်၍ သိက္ခာပုဒ် ပညတ်တော်မူသည်။

၃-ပေသုည။ ။ဘိက္ခုပေသုညေ၊ ရဟန်းတို့ကို ချောပစ် ကုန်း တိုက်ခြင်းကြောင့်။ ပါစိတ္တိယံ။

**အစိပ္ပာယ်။** ။ရဟန်းတပါး၏ ဆဲသောစကားကို ရဟန်းတပါးထံ ဆောင်ပို့ခြင်းသည် ဘိက္ခုပေသုညမည်၏။ မိမိအား ချစ်စေလို၍ဖြင့်၊ သူတို့အချင်းချင်း ကွဲစေလို၍ဖြင့် အကြောင်းနှစ်ပါးကြောင့် ဆောင်ပို့သည်။ ဝါ၊ ကုန်းတိုက်သည်။ ဆောင်ပို့သောစကား ဆဲရေးခြင်းဆယ်မျိုး ဟမျိုးမျိုး ဖြစ်သည်။ ရဟန်း၏ ဆဲသံကိုကြား၍ ချစ်စေလို၍၊ ကွဲစေလို၍ အမျက်မထွက်သေးသော ရဟန်းထံ ကိုယ်နှုတ်ဖြင့် စကားဆောင်အံ့၊ ဆောင်ခြင်းကြောင့် ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ကုန်းချောခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ သူတပါးကို ညွှန်းသကဲ့သို့ စောင်း၍ဆဲသည်ကို ဆောင်၍ ကုန်းတိုက်အံ့။ ပါဠိမုတ္တက ဆဲခြင်းကိုဆောင်၍ ကုန်းတိုက်အံ့၊ အနုပသမ္ပန္နထံဆောင်၍ ကုန်းတိုက်အံ့၊ ဒုက္ကဋ်။ ဘိက္ခုနီလည်း အနုပသမ္ပန္နမည်၏။ ချစ်စေလို ကွဲစေလို မရှိပဲ ယုတ်မာသူကို ကွဲရှဲလိုခြင်း သက်သက်ဖြင့် ဆောင်၍ဆိုအံ့။ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဆဲခြင်းဆယ်မျိုးဖြင့် သူတပါးကို မညွှန်းပဲ ဆဲသောရဟန်း၏ စကားကို ကြား၍ ရဟန်းထံသို့ ဆောင်ခြင်း၊ ချစ်စေလို ကွဲစေလို တခုခုရှိခြင်း၊ ဆောင်ရာရဟန်း၏ သိခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ခိုက်ရန်ဖြစ်သော ရဟန်းတို့ထံ ကုန်းချောစကားကို ဆောင်ကုန်၏။ အနီးရဟန်းထံမှ ကြားလျှင် အနီးရဟန်းနှင့် ကွဲအောင် အဝေးရဟန်းထံ ဆောင်၍ ပြောကုန်၏။ ထို့အတူ အဝေးရဟန်းထံမှ ကြားသိလျှင် အနီးရဟန်းထံဆောင်ပြောကုန်၏။ထို့ကြောင့် ငြင်းခုန်ခြင်းတို့သည် လွန်စွာ တိုးပွားကုန်၏။ရဟန်းတို့ ကွဲရှဲကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၄-ပဒသောဓမ္မ။** ။ယော ပန ဘိက္ခု အနုပသမ္ပန္နံ၊ လူသာမဏေကို။ ပဒသော၊ ပုဒ်ပြိုင်။ (ဝါ-ပဒ အနုပဒ အန္ဝက္ခရ အနုဗျဉ္ဇနအားဖြင့်။) ဓမ္မံ၊ ပါဠိ အဋ္ဌကထာ ဓမ္မကို။ ဝါစေယျ၊ (မာဂဓဘာသာဖြင့်) ပို့ချငြားအံ့။တဿ ဘိက္ခုနော။ပါစိတ္တိယံ။

**အဓိပ္ပာယ်။** ။ဘိက္ခု၊ ဘိက္ခုနီမှ တပါးသည် အနုပသမ္ပန္နမည်၏။ ပဒ၊ အနုပဒ၊ အနွက္ခရ၊ အနုဗျဉ္စန လေးပါးသည် ပဒသော ဓမ္မမည်၏။ ပုဒ်အက္ခရာပြိုင်သည်ဟူလို။ ပါဠိတော် အဋ္ဌကထာ ပိဋကသုံးပုံသည် ဓမ္မမည်၏။ ဘုရားဟော၊ သာဝကဟော၊ ရသေ့ဟော၊ နတ်ဟောဟု လေးမျိုးပြား၏။ (ဗာဝရီရသေ့တို့ ဘုရားထံ မေးခြင်း လျှောက်ခြင်းတို့သည် ရသေ့ဟော၊ ဒေဝတာသံယုတ် စသည်သည် နတ်ဟော။) အနက်သဒ္ဒါနှင့် ပြည့်စုံ၏။ သင်္ဂါယနာ သုံးတန် မတင်သော တိက္ခိန္ဒြိယသုတ်၊ စတုပရိဝတ္တနသုတ်၊ နန္ဒောပနန္ဒသုတ်၊ ကုလုမ္ဗသုတ်၊ မဂ္ဂကထာ စသည်သည်လည်း အနက်သဒ္ဒါနှင့် ပြည့်စုံသောကြောင့် ဓမ္မပင် မည်၏။ (ဝဏ္ဏပိဋက၊ အင်္ဂုလိမာလ ပိဋက၊ အာဠဝကဂဇ္ဇိတ၊ ဂုဠ္ဟဝေဿန္တရ စသည်ကား ဘုရားစကားမဟုတ်။ ဓမ္မမည်။ မာဂဓမဟုတ်သော ဘာသာတပါး စကားလည်း ဓမ္မမည်။) မာဂဓဘာသာဓမ္မကို ဘိက္ခု၊ ဘိက္ခုနီမှ တပါးသောသူတို့နှင့် ပဒစသော လေးပါး တပါးပါးပြိုင်၍ ရွတ်ဆိုစေအံ့၊ ဝါ၊ ပို့ချအံ့၊ ပဒစသည် အရေအတွက်အားဖြင့် ပါစိတ်။

**ပဒါဒိစတုက္က။** ။ဂါထာ၌ တခုသော ပါဒသည် ပဒမည်၏။ ဒုတိယ ပါဒသည် အနုပဒမည်၏။ အက္ခရာ တလုံးတလုံးသည် အနွက္ခရမည်၏။ ရှေးဝါကျ၌ရှိသော စကားနှင့်တူသော နောက်ဝါကျ၌ရှိသော စကားသည် အနုဗျဉ္စနမည်၏။ တနည်း- အမှတ်မရှိ အက္ခရာတလုံးသည် အနွက္ခရ။ အက္ခရာ အပေါင်းသည် အနုဗျဉ္စန။ အက္ခရာ အနုဗျဉ္စန အပေါင်းသည် ပဒ။ ပထမ ပဒသည် ပဒ။ ဒုတိယ ပဒသည် အနုပဒမည်၏။

မထေရ်သည် မနော ပုဗ္ဗင်္ဂမာဓမ္မာ-ဟု ပို့ချသောအခါ သာမဏေနှင့် အချီညီ အချညီအောင် တပြိုင်တည်းစ၍ တပြိုင်တည်း ပြီးစေအံ့၊ ပဒအားဖြင့် ပို့ချသည် မည်၏။ မထေရ်သည် မနော ပုဗ္ဗင်္ဂမာ ဓမ္မာ-ဟု ပို့ချသောအခါ သာမဏေသည် ချက်ချင်းမလိုက်နိုင်၍ ကျန်နေပြီးလျှင် မနောသေဋ္ဌာ မနောမယာ-ဟု ဒုတိယပါဒ ပို့ချသောအခါ မှီလာ၍တပြိုင်တည်း ပြီးစေအံ့။ ဝါ၊ အချီမညီ- အချညီအံ့၊ အနုပဒအားဖြင့် ပို့ချသည်မည်၏။ မထေရ်သည် ရူပံ အနိစ္စံ ဟူ၍ ဆိုလော့ဟုဆို၍ ပို့ချသောအခါ ရူ-ဟူသော အက္ခရာတလုံးသာ ပြိုင်တူဆို၍ ရပ်နေအံ့။ ဝါ၊ အစအက္ခရာတခုသာ ပြိုင်တူပြုအံ့၊ အနွက္ခရအားဖြင့် ပို့ချသည် မည်၏။ မထေရ်သည် ရူပံ အနိစ္စံဟူ၍မျှ ပို့ချစဉ် သာမဏေသည် လျင်မြန်သဖြင့် ရူပံ အနိစ္စံ၊ ဝေဒနာ အနိစ္စာဟု နောက်အနိစ္စဖြင့် ပြိုင်လျက် ပြီးစေအံ့။ ဝါ၊ မထေရ်၏ ရှေ့ပုဒ်အနိစ္စ၊ သာမဏေ၏ နောက်ပုဒ်အနိစ္စ-ပြိုင်အံ့၊ အနုဗျဉ္စနအား

ဖြင့် ပို့ချသည်မည်၏။ ဤလေးမျိုးလုံးသည် ပဒသောဓမ္မ မည်၏။ ပါစိတ် ချည်းသာတည်း။

အချီ အချ၊ ပြိုင်တူကျ၊ ပဒမည်သည်သာ။
အချီမမျှ၊ ပြိုင်တူချ၊ အနုပဒသာ။
အစတခု၊ ပြိုင်တူပြု၊ အနုအက္ခရာ။
အနိစ္စနှစ်ခု၊ ပြိုင်တူပြု၊ အနုဗျဉ္ဇနာ။
လေးမျိုးလုံးပင်၊ ရွတ်ဆင်ခြင်၊ ပြိုင်လျှင် ပါစိတ်သာ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ပုဒ်ပြိုင်ခမ္မ ပို့ချခြင်းကြောင့် ပညတ်၏။ သာခါရဏ၊ အနာဏတ္တိက။ အနုပသမ္ပန္န၌ တိကပါစိတ်။ ဥပသမ္ပန္န၌ ဒုကဒုက္ကဋ်။ အနုပသမ္ပန္နနှင့် အတူတွဲ၍ စာတက်သည်ဖြစ်အံ့၊ အဘူတွဲ၍ သရဇ္ဈာယ်အံ့၊အနုသမ္ပန္နထံ စာတက်အံ့၊ လေ့ကျက်ပြီးရပြီးများသောစာကို ရွတ်ဆိုသော သာမဏေကို အတူပြီးစေအံ့၊ ပရိသတ်အလယ် ပါဠိရွတ်ဆိုသော ရှိသော၊ ချွတ်သော သာမဏေကို ဤသို့ရွတ်ဆိုလော့ဟုဆို၍ အတူပြီးစေအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။ ထေရဿ သကပရိဘာနေ အနာပတ္တိဟုဆိုသောကြောင့် ပါဠိတော်လျော်စေကာမူ ဘာသာတပါးဖြင့် ပြိုင်တူပို့ချအံ့၊ အနာပတ္တိ။ သာမဏေသည် သင်ယူသူတို့ကွင် မပါဝင်ပဲ ပရိသတ် ပြင်ပ ၁၂-တောင် ဥပစာကိုလွတ်၍ စာသင်အံ့။ ပါ၊ အပသို့ သွားသောစာကို သင်ယူအံ့ အနာပတ္တိ။

အနုပသမ္ပန္နဖြစ်ခြင်း၊ ဆိုပြီးသော လက္ခဏာရှိသော ပါဠိ အဋ္ဌကထာမမ္မကို ပုဒ်ပြိုင်ပို့ချခြင်း၊ တပေါင်းဟည်း ပြီးစေခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။ ပဒသောဓမ္မသမုဋ္ဌာန် (ဒု၊ မံ-ပဒ၊ ရ)ကြိယ၊ နောသညာဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ဝစီကံ၊ တိစိတ္တ၊ တိဝေဒနဖြစ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ဒါယကာတို့ကို ပုဒ်ပြိုင်ပါဠိဓမ္မကို ပို့ချကုန်၏။ ဒါယကာတို့သည် ရဟန်းတို့၌ ရိုသေခြင်းကင်းကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၅-**သဟသေယျ။** ။ယော ပန ဘိက္ခု။ အနုပသမ္ပန္နေန၊ လူသာမဏေနှင့်။ ဥတ္တရိ ဒိရတ္တ တိရတ္တံ၊ နှစ်ည့်သုံးည့်ထက်အလွန်။ သဟသေယ္ယံ၊ တမိုး တရံတည်းသော ကျောင်း၌ တကွအိပ်ခြင်းကို။ ကပ္ပေယျ၊ ပြုငြားအံ့။ တဿ ဘိက္ခုနော။

**အဝိပ္ပာယ်။** ။ရဟန်းမှတပါး အယုတ်ဆုံး ပါရာဇိကလောက်သော တိရစ္ဆာန်ထီးတိုင်အောင် ပုရိသဟူသမျှသည် အနုပသမ္ပန္နမည်၏။ အလုံးစုံမိုးကာသော ကျောင်း ထက်ဝက်ကျော် မိုးကာသောကျောင်းသည် သေယျ။ တမိုးတရံတည်းသောကျောင်းမည်၏။ရှေ့နောက်ဖြစ်စေ၊ပြိုင်တူဖြစ်စေ တပေါင်းတည်းအိပ်ခြင်းသည် သဟသေယျ=တကွအိပ်ခြင်းမည်၏။ "သေယျ+သဟသေယျံ"ဟု ဆိုလိုလျက် "သဟသေယျံ"ဟုဆိုသည်။ သေယျတခုချေသည်။ အကာသည် အမိုးမထိစေကာမူ ဇေတကို ဟတ္ထ တတောင့်ထွာ။ပကာတိလေးထွာခွဲမျှ အမြင့်ဝန်းကျင်ရှိအံ့၊ အလုံးစုံ အကာရှိသည်မည်၏။ ဤလက္ခဏာနှင့်ပြည့်စုံလျှင် ဘုံခုနစ်ဆင့်ရှိသော ခုနစ်ထပ်ကျောင်းဖြစ်စေ၊ တိုက်ခန်း တရာဖြစ်စေ၊ မုခ်ထွတ်လေးဘက်ဖြစ်စေ ကျေပစာမည်၏။ သဟသေယျလောက်၏။ထိုကျောင်း၌ရှင်း၊တပါးသော ကျောင်း၌ရှင်း၊ ထိုအနုပသမ္ပန္နနှင့်ရှင်း၊ တပါးသော အနုပသမ္ပန္နနှင့်ရှင်း သုံးည၌အတူ (အရုဏ်တက်အောင်) အိပ်ပြီးသောရဟန်းသည် စတုတ္ထနေ့ နေဝင်သောအခါ အနုပသမ္ပန္နအိပ်နေစဉ် ဝင်၍အိပ်အံ့၊ တိုက်ခန်း တံခါးပိတ်သော်ရှင်း၊မပိတ်သော်ရှင်း ပါစိတ်။ ရဟန်းအိပ်နေစဉ် အနုပသမ္ပဝင်အိပ်သောအခါ မထပဲ နေအံ့၊ပါစိတ်။ နှစ်ဦးသောသူတို့၏ ထ၍ပြန်အိပ်ခြင်း အရေအတွက်အားဖြင့် ပါစိတ်။ အနုပသမ္ပန္န အရေအတွက်အားဖြင့်လည်း ပါစိတ်။

**မှတ်ဖွယ်အထူး။** ။ဒါးရိုးမြေထိ ကြမ်းထိအိပ်ခြင်းသည် အိပ်သည်မည်၏။ ကျောက်ကုန်းဆန့်ခြင်း လက္ခဏာရှိ၏။ ဒါးရိုးမှအထက် ကျောက်ဆူးရိုးတို့ကို တိုင်စသည်၌ မှီ၍အိပ်အံ့၊အိပ်သည်မမည်။ကိုယ် မစင်းသာသော နောက်မှီကုလားထိုင်၌လည်း အိပ်သည် မမည်။ ကောဘင်-နံပါးတဘက်ခေါက်ချိုးဖြင့်လည်း အိပ်သည်မမည်။ ခြေတို့ကို မြေမှ မလွတ်စေမူ၍ ညောင်စောင်း၌ နံပါးတဘက်ဖြင့် ကိုယ်ကိုချိုး၍(ညွတ်စေ၍) အိပ်ခြင်းသည် ကောဘင်မည်၏။ တံခါးတခုတည်းဖြင့်ဝင်၍ လှည့်လည်နိုင်ရာ အတပ်၊ အခန်း၊ အဆောင်အားလုံးသည် ကျေပစာရမည်၏။နံရံစသည် ကာရံ၍ တံခါးသီးခြားဖြင့် ထားအံ့၊ နာနူပစာရမည်၏။အမိုးမျက်နှာကြက် အပေါက်ဖြင့် ဖွတ်၊ ကြောင်စသည်ဝင်၍ အိပ်လျှင်လည်း ပါစိတ်ကို ဖြစ်စေနိုင်၏။အုတ်၊ ကျောက်၊ သစ်ရွက်၊ မြက်၊ အင်္ဂတေ၊ အမိုးငါးပါး ဆိုနေကျဖြစ်သော်လည်း အဝတ်၊ ပျဉ်ပြား၊ ဖျာစသော အမိုး အကာဟူသမျှကိုပင် ယူရသည်။

**အဆုံးအဖြတ်။** ။အာဠဝိ၌ ရဟန်းများစွာ အနုပသမ္ပန္နနှင့် တမိုးတရံတည်း အတူအိပ်ခြင်းကြောင့် ပညတ်၏။ ဥတ္တရိ ဒိရတ္တံသည် အနု

ပညတ်ဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ ရဟန်း၌ "အနုပသမ္ပန္နသညီ။ ဝေမတိက" ဒိကဒုက္ကဋ်။ ထက်ဝက်မိုးကာသော ကျောင်းစသည်ဖြစ်အံ့၊ ဒုက္ကဋ်။ သုံးညဥ့်အထိ အိပ်အံ့၊ တတိယအရုဏ် မတက်မီထွက်၍ အရုဏ်တက်မှ ပြန်ဝင်အိပ်အံ့၊ အလုံးစုံ မကာသော ကျောင်းစသည်၌ အိပ်အံ့၊ အနုပသမ္ပန္န ထိုင်သောအခါ အိပ်အံ့၊ အိပ်သောအခါ ထိုင်အံ့၊ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

ပါစိတ်ဝတ္ထုလောက်သော ကျောင်းဖြစ်ခြင်း၊ ထိုကျောင်း၌ အနုပသမ္ပန္နနှင့်တကွအိပ်ခြင်း၊ စတုတ္ထနေ့ နေဝင်ခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

ကျောင်း; ၁၈-ကျောင်း။ ။အမိုး အားလုံး၊ အကာ အားလုံး ရှိသော ကျောင်း၊ မိုးလုံး-ကာများ၊ မိုးလုံး-ကာဝက် (၃)၊ မိုးများ ကာလုံး၊ မိုးများ-ကာများ၊ မိုးများ-ကာဝက်(၃)၊ မိုးဝက်-ကာလုံး၊ မိုးဝက်-ကာများ (၂)၊ ဤရှစ်ကျောင်း၍ ပါစိတ်။ မိုးလုံး-ကာနည်း၊ မိုးများ-ကာနည်း၊ မိုးဝက်-ကာဝက်(၃)၊ မိုးနည်း ကာလုံး၊ မိုးနည်း-ကာများ (၂)၊ ဤငါးကျောင်း၌ ဒုက္ကဋ်။ မိုးဝက်-ကာနည်း၊ မိုးနည်း-ကာဝက်၊ မိုးနည်းကာနည်း (၃)။ဤသုံးကျောင်း၌ အနာပတ္တိ။ မိုးရှိ ကာမရှိ၊ ကာရှိ-မိုးမရှိ (၂)-ဤနှစ်ကျောင်း၌လည်း အနာပတ္တိ။

ပါစိတ်-ရှစ်ကျောင်း၊ ဒုက်-ငါးကျောင်း၊ ငါးကျောင်း-အနာပတ်၊

(ဒုဋ္ဌဒေါသဋီကာကြီး၌-အန္တိမဝတ္ထုမရောက်သော ရဟန်းကို အာန္ဒိယ၌ မဟော၊ ထိုသူနှင့်အိပ်လျှင် သဟသေယျ အာပတ်မရှိ။ ထိုသူ၏ အကပ်ခံခြင်းလည်း အကပ်မြောက်သည်ဟု မိန့်ဆို၏။

(ရဟန်းချင်း ဆွမ်းအတူ မဘုဉ်းပေးရာ၌ နှလုံးအကျုံးမဝင်ခြင်း သဘာဂ မဖြစ်သေးခြင်းလျှင် အကြောင်းရှိရာ၏။ ဂိုဏ်း မတူခြင်းကြောင့်ဟု အချို့ဆိုခဲ့လျှင် အန္တိမရောက်သူလောက်မျှ အနှစ်မရှိဟု ဆိုရာကျသည်။

ဝတ္ထု။ ။အာဠဝီ၊ အဂ္ဂါဠဝစေတီ။ဥပါသကာတို့သည် ကျောင်းသို့ တရားနာလာကုန်၏။ တရားဟောပြီးသောအခါ မထေရ်ကြီးများကျောင်းသို့ ပြန်ကြကုန်၏။ ရဟန်းငယ်တို့ကား တရားဟောရာဇရပ်၌ ဥပါသကာတို့နှင့်အတူ အိပ်ကုန်၏။ သတိသမ္ပဇညလွတ်ကုန်၏။ သက်နံး ကိုယ်မှကင်းလျက် အိပ်ကုန်၏။ အရှင်ကောင်းတို့သည် အဘယ့်ကြောင့် ဤသို့

အိပ်ကုန်သနည်းဟု ဥပါသကာတို့ ကဲ့ရဲ့ကုန်၏။ ရဟန်းတို့လည်း ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် အနုပသမ္ပန္နနှင့် တမိုးတရံတည်း အတူမအိပ်ရဟု ပညတ်သည်။

ထို့နောက် မြတ်စွာဘုရားသည် အာဠဝီမှ ကောသမ္ဗီသို့ကြွ၍ ပဒရိကာရာမ၌ နေတော်မူ၏။ ရဟန်းတို့သည် ရှင်ရာဟုလာကို "ငါ့ရှင် ရာဟုလာ၊ ဘုရားရှင် သိက္ခာပုဒ်ပညတ်သည်၊ အိပ်ရာရှာလော့" ဟု ဆိုကုန်၏။ ရှင်ရာဟုလာသည် အိပ်ရာမရ၍ ဝစ္စကုဋီ၌ အိပ်၏။ နံနက်စောစော ဘုရားရှင် ကုဋီသို့သွား၍ ချောင်းဟန့်သောအခါ ရှင်ရာဟုလာလည်း ချောင်းဟန့်၏။ ဘုရားရှင်မေး၍ ကုဋီ၌ အိပ်ကြောင်းကို လျှောက်၏။ ဘုရားရှင်သည် ရဟန်းတို့ကို တရားဟော၍ ချစ်သားတို့၊ အနုပသမ္ပန္နနှင့် နှစ်ညဉ့် သုံးညဉ့်ပတ်လုံး တမိုးတရံတည်း (အရုဏ်တက်အောင်) အိပ်ခြင်းငှါ ခွင့်ပြု၏ဟု မိန့်တော်မူ၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။ (သာမဏေတို့အား ချီးမြှောက်ခြင်းငှါ သုံးညဉ့် အခေါင့်အရှောက်ပေးတော်မူသည်။)

၆-ဒုတိယ သဟသေယျ။ ။ယော ပန ဘိက္ခု။ မာတုဂါမေန၊ မာတုဂါမနှင့်။ သဟသေယျံ။ကပ္ပေယျ။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။အသက်ရှိသော မိန်းမသည်သာလျှင် မေ့ဖွယ်မြစ်စေ မာတုဂါမမည်၏။ ကိုယ်ထင်ရှားသော ဘီလူးမ၊ ပြိတ္တာမ၊ ပဏ္ဍုက်၊ မေထုနဝတ္ထုလောက်သော တိရစ္ဆာန်မတို့ကား ဒုက္ကဋ်ဝတ္ထုတို့သာတည်း။

တိရစ္ဆာန်အိပ်၊ ထီးပါစိတ်၊ မအိပ် ဒုက္ကဋ်တည်း။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်အနုရုဒ္ဓါ မာတုဂါမနှင့် တမိုးတရံတည်း အိပ်ခြင်းကြောင့် ပညတ်သည်။ အကြွင်း ရှေးနှင့်တူ၏။ ရှေ့သိက္ခာပုဒ်၌ စတုတ္ထညဉ့်တွင် အာပတ်သင့်၏။ ဤ၌ ပဌမညဉ့်ပင် သင့်၏။ ဤမျှထူး၏။ (နေဝင်သည်မှ အရုဏ်တက်အထိ ညဉ့်မည်၏။)

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ အရှင်အနုရုဒ္ဓါသည် ကောသလဇနပုဒ်တို့၌ သာဝတ္ထိသို့ သွားစဉ် ညချမ်းအခါ ရွာတခုသို့ ရောက်၏။ ထိုရွာ၌ မိန်းမတယောက်သည် တည်းခိုရာဇရပ် ဆောက်ထား သဖြင့် "ဒါယိကာမ၊ သင်အား ဝန်မလေးလျှင် ဇရပ်၌ တညဉ့်မျှ နေလိုသည်" ဟု ပန်ကြား၍နေ၏။ တပါးသော ခရီးသည်တို့သည်လည်း တည်းခိုလို၍ ပန်ကြားကုန်၏။ အမောင်တို့၊ ရှေးဦးစွာ ရဟန်းသည် ချဉ်းကပ်၏။

ခွင့်ပြုလျှင် နေကြပါဟု ဆိုသဖြင့် ပန်ကြား၍ နေကုန်၏။ ထိုမိန်းမသည် အရှင်အနုရုဒ္ဓါကို ဖွဲ့လိုသောစိတ်ဖြင့် ချဉ်းကပ်၍ "အရှင်ဘုရား၊ ဤလူတို့ ဖြင့်ပြွမ်းလျက် ချမ်းသာစွာ မနေရလတ္တံ"ဟု အခန်းတွင်းသို့ ညောင်စောင်း ရွှေ့ပြောင်းပေး၏။

ထို့နောက် အဆင်းတန်ဆာ နံ့သာလှိုင်စေလျက် ချဉ်းကပ်ပြီးလျှင် "အရှင်သည် လှန်သောအဆင်းရှိ၏။ အကျွန်ုပ်လည်း လှန်သောအဆင်း ရှိ၏။ အလုပ်အကျွေး ဖြစ်ပါရစေ"ဟု ဆို၏။ အရှင်အနုရုဒ္ဓါ ဆိတ် ဆိတ် နေ၏။ သုံးကြိမ်တိုင်တိုင် ပစ္စည်းနှင့်တကွ လက်ခံပါဟု ဆို၍ ကိုယ်ဝတ် ကင်းလျက် ရှေ့၌ သွားချပ်ထိုင်လျှောင်းပြု၏။ စောင့်စည်းသော ဣန္ဒြေ ဖြင့် မကြည့်ပဲ ဆိတ်ဆိတ်သာ နေတော်မူ၏။ ထိုအခါ ထိုမိန်းမသည် အံ့ဖွယ်ရှိလေစွဟု ကြံ၍ ကောင်းစွာ အဝတ်ဝတ်၍ ခြေရင်း၌ ဦးတိုက် ပြီးလျှင် အစ္စယော မံ ဘန္တေ စသည်ဖြင့် အပြစ်ကို သည်းခံတော်မူပါဟု လျှောက်၏။ ငါသည်းခံ၏ဟု မိန့်တော်မူ၏။ နံနက်၌ ဆွမ်းကျွေး၏။ တရားဟော၏။ ထိုမိန်းမသည် သရဏဂုံ၌ တည်၏။ သာဝတ္ထိသို့ ရောက် သောအခါ ရဟန်းတို့အား ပြောပြ၏။ ရဟန်းတို့သည် အဘယ့်ကြောင့် မာတုဂါမနှင့် တမိုးတရံတည်း အိပ်သနည်းဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၇-ဓမ္မဒေသနာ။ ။ယော ပန ဘိက္ခု။ မာတုဂါမဿ၊အား။ ဥတ္တရိ ဆပ္ပဉ္စ ဝါစာဟိ၊ ငါခွန်းခြောက်ခွန်းထက် လွန်သော စကားတို့ဖြင့်။ ဓမ္မံ၊ ပါဠိအဋ္ဌကထာဓမ္မကို၊ ဒေသေယျ၊ (မာဂဓ ဘာသာဖြင့်) ဟောငြားအံ့။ ဝိညုနာ၊ သိကြား လိမ္မာသော။ ပုရိသဝိဂ္ဂဟေန၊ လူယောကျ်ားကို။ အညတြ၊ ကြဉ်၍။ ဒေသေယျ။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။သိကြားလိမ္မာသော လူမိန်းမသည် မာတုဂါမမည်၏။ဂါထာ ပါဒတခုသည် စကားတခွန်းမည်၏။ပဒသောဓမ္မ၌ ဆိုပြီးသော ပါဠိအဋ္ဌကထာသည် ဓမ္မမည်၏။ ပါဠိအဋ္ဌကထာသက်သက်ဖြစ်စေ၊ ရောလျက် ဖြစ်စေ မာဂဓဘာသာဖြင့်ဟောခြင်းသည် ဓမ္မဒေသေယျမည်၏။စကားကောင်း ဆိုး၊ န-ကြမ်းသိသူသည် ဝိညူမည်၏။ လူယောကျ်ားသည် ပုရိသဝိဂ္ဂဟမည်၏။ လူအသွင်ဖြင့်တည်သော ဘီလူး ပြိတ္တာ တိရစ္ဆာန်သည် ပုရိသဝိဂ္ဂဟမမည်။

ရင်းတို့နှင့် အတူနေသော မာတုဂါမအား တရားမဟောအပ်။ ၁၂-တောင်တွင်း မကန်းမပင်းသော လူယောကျ်ား၏ ရပ်ခြင်း ထိုင်ခြင်းကိုကြည့်၍ သိကြားလိမ္မာသောလူမိန်းမအား ခြောက်ခွန်းထက်အလွန် ဓမ္မကိုဟောအံ့၊ ပဒဖြင့်ဟောလျှင် ပုဒ်တိုင်း ပါစိတ်။ အက္ခရာဖြင့်ဟောလျှင် အက္ခရာတိုင်း ပါစိတ်။ မာတုဂါမ အရေအတွက်အားဖြင့်လည်း ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်ဥဒါယီ မာတုဂါမအား တရားဟောခြင်းကြောင့် ပညတ်၏။ ဆပ္ပဉ္စဝါစာ အညတြ ဝိညုနာသည် အနုပညတ်နှစ်ခုဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ မာတုဂါမ၌ တိကပါစိတ်။ အမာတုဂါမ၌ ဒွိကဒုက္ကဋ်။ ဘိလူးမ၊ ပြိတ္တာမ၊ပဏ္ဍုက်၊ လူအသွင်ယူသော တိရစ္ဆာန်မတို့အားဟောအံ့၊ဒုက္ကဋ်။ ခြောက်ခွန်း၊ခြောက်ခွန်းအောက် ဟောအံ့၊ ဝိညူပုရိသရှိစဉ်ဟောအံ့၊ထ၍ တဖန် ပြန်ထိုင်ပြီးမှ ဟောအံ့၊ ထ၍ပြန်ထိုင်သော မိန်းမအား ဟောအံ့၊ တပါးသော မိန်းမအား ဟောအံ့၊ (ဝါ-တယောက် ခြောက်ပုဒ်စီ ရောက်လာတိုင်း ဟောအံ့၊)(ပြဿနာ မေးအံ့၊ မေး၍ဖြေအံ့၊ (ဝါ-ဒီဃနိကာယ်သည် အဘယ်မျှပါနည်းမေးလျှင် တကျမ်းလုံး အဆုံးဖြေအံ့။) သူတပါးအား ဟောသည်ကို မာတုဂါမ ဝင်နာအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

ပါဠိအဋ္ဌကထာဓမ္မကို ခြောက်ခွန်းအထက် အလွန်ဟောခြင်း၊ သိကြားလိမ္မာသူ လူမိန်းမဖြစ်ခြင်း၊ ဣရိယာပုထ် မပြောင်းခြင်း၊ ကပ္ပိယကာရက (ဝိညူပုရိသ)မရှိခြင်း၊ မေးဖြေမဟုတ်ခြင်း၊ဤကားအင်္ဂါ ငါးပါးတည်း။ သမုဋ္ဌာန်စသည် ပဒသောဓမ္မနှင့် တူ၏။ ကြိယာကြိယ ဖြစ်ခြင်းသာ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ဇေတဝန်။ရှင်ဥဒါယီသည် အိမ်များစွာသို့ ချဉ်းကပ်လေ့ရှိ၏။တနေ့၌ အိမ်တအိမ်တွင် အိမ်ရှင်မသည် အိမ်တံခါး၌၊ ချွေးမသည် အခန်း၌နေ၏။ ရှင်ဥဒါယီသည် အိမ်ရှင်မ၏ နားအနီးသို့ကပ်၍ တရားတိုးတိုး ဟော၏။ ထိုနောက် ချွေးမ၏ နားအနီးသို့ကပ်၍ တိုးတိုးဟောပြီးပြန်သွား၏။ အိမ်ရှင်မနှင့် ချွေးမတို့သည် အချင်းချင်း တွေးတော၍ မေးမြန်းကြပြီးလျှင် "ရှင်ဥဒါယီသည် နားအနီးသို့ကပ်၍ တရားဟောသည်၊ ထင်ရှားစွာ ဟောသင့်သည်မဟုတ်လော"ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် မာတုဂါမအား တရားဟောအံ့၊ ပါစိတ်ဟု ပညတ်သည်။

အခါတပါး ဥပါသိကာမတို့သည် ရဟန်းတို့ကိုမြင်လျှင် တရားဟောပါဟု လျှောက်ကုန်၏။ မာတုဂါမအား မဟောအပ်ဟု ပယ်လတ်သော် ငါးခွန်း

ခြောက်ခွန်းမျှ သိလောက်ရုံ ဟောပါဟု လျှောက်ကုန်၏။ မဟောကြကုန်။ ငါတို့တောင်းပန်လျက် မဟောကြဟု ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ မာတုဂါမအား ငါးခွန်း ခြောက်ခွန်းတို့ဖြင့် တရားကိုဟောခြင်းငှာ ခွင့်ပြု၏ဟုမိန့်၍ ငါးခွန်း ခြောက်ခွန်းထက်အလွန် ဟောအံ့ ပါစိတ်-ဟု အနုပညတ်နှင့် ပညတ်ပြန်သည်။ အခါတပါး ဆဗ္ဗဂ္ဂီတို့သည် မာတုဂါမအား ငါးခွန်း ခြောက်ခွန်း ခွင့်ပြုသည်ဟု မသိမလိမ္မာသူ လူယောကျ်ားကို အနီး၌ နေစေ၍ ခြောက်ခွန်း ထက်အလွန် ဟောကုန်၏။ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဝိညူပုရိသကြဉ်၍ ခြောက်ခွန်းထက်အလွန် ဟောအံ့၊ ပါစိတ်ဟု အနုပညတ်နှင့် ပညတ်ပြန်သည်။

**ဂ-ဘူတာရောစန။** ။ယော ပန ဘိက္ခု။ အနုပသမ္ပန္နဿ၊အား။ ဥတ္တရိမနုဿဓမ္မံ၊ လျှာန်မဂ်ဖိုလ်တရားကို။ အာရောစေယျ၊ ပြောကြား ငြားအံ့။ ဘူတသ္မိံ၊ ဟုတ်မှန်သည်ရှိသော်။ ပါစိတ္တိယံ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။ဘိက္ခု၊ ဘိက္ခုနီမှတပါးသည် အနုပသမ္ပန္နမည်၏။ လျှာန်ရပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ် တို့၏ လျှာန်မဂ်ဖိုလ်သည် ဝါ၊ မဟဂ္ဂုတ်လောကုတ္တရာတရားသည် ဥတ္တရိမနုဿဓမ္မမည်၏။ မိမိ၌ရှိသော လျှာန်မဂ်ဖိုလ်ကို ဘိက္ခု၊ဘိက္ခုနီမှတပါးသောသူအား ပြောကြားအံ့၊ပါစိတ်။ (စတုတ္ထပါရာဇိကဥ္စကဲ့သို့ ဥတ္တရိမနုဿဓမ္မဆယ်မျိုးဖြင့် ဝေဖန်သည်။)

**အဆုံးအဖြတ်။** ။ဝေသာလီ၌ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ နေသောရဟန်းတို့ ဟုတ်တိုင်းမှန်စွာ လျှာန်မဂ်ဖိုလ် ပြောခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ မိမိ၌ရှိသော လျှာန်မဂ်ဖိုလ်ကို တိုက်ရိုက်ပြောသောအခါ ဤအရှင်သည် လျှာန်ရ၏။အရိယာဖြစ်၏ဟု အခြားမဲ့၌ နားထောင်သူသိအံ့၊ ပါစိတ်။အခြားမဲ့၌ မသိအံ့၊ ဒုက္ကဋ်။သွယ်ဝိုက်၍ ပြောအံ့၊သိသော်ငင်း၊ မသိသော်ငင်း ဒုက္ကဋ်။ပြောသင့်သောအကြောင်းရှိ၍ ဥပသမ္ပန္နအား ဟုတ်တိုင်းမှန်စွာ ပြောအံ့၊ အာဒိကမ္မိကဖြစ်အံ့၊ အနာပတ္တိ။ အရိယာအား ဥမ္မတ္တကစသည် ဖြစ်ခြင်းမရှိ။လျှာန်ရပုဂ္ဂိုလ်တို့အား ဖြစ်နိုင်၏။ ထိုအခါ လျှာန်လျှော၏။ ထို့ကြောင့် ဤ၌ ဥမ္မတ္တကစသည်ကို မဟော။

ဥတ္တရိမနုဿဓမ္မ ထင်ရှားရှိခြင်း၊ အနုပသမ္ပန္နအား ပြောကြားခြင်း၊ ထိုခဏ၌ သိခြင်း၊ သူတပါးကို မညွှန်းခြင်း ။ဤကား အင်္ဂါလေးပါးတည်း။ ဘူတာရောစန သမုဋ္ဌာန် (ရှေးက တဝယော-ဘူတာရောမှီ-၁။) ကြိယ

နောသညာဝိမောက္ခ။ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ။ ကာယယံ ဝစီကံ ကုသလ အဗျာကတ ဒွိစိတ္တ။ သုခ ဥပေက္ခာ-ဒွိဝေဒနဖြစ်၏။

ဝတ္ထု။ ။ဝေသာလီ၊ကူဋာဂါရသာလာ။ ဝဂ္ဂုမုဒါမြစ်ကမ်းနား၌ ရဟန်းများစွာ ဝါကပ် ကြသောအခါ ဝဇ္ဇီတိုင်း တော်မွတ်သဖြင့် ဆွမ်းဖြင့် ပင်ပန်းကုန်၏။ ဆွမ်းအတွက် လူတို့၏ အမှုကြီးငယ်ကို စီရင်ကုန်အံ့၊ တမန် အမှုပြုကုန်အံ့။ လူတို့ထံ ဈာန်မဂ်ဖိုလ်ပြောကုန်အံ့ဟု တိုင်ပင်ကုန်၏။ ဈာန်မဂ်ဖိုလ် ပြောခြင်းကို သဘောတူ အားထုတ်ကုန်၏။ လူတို့သည် လွန်စွာဝမ်းမြောက်၍ အထူးထူးသော ခဲဖွယ်ဘောဇဉ်တို့ကို လှူကုန်၏။ ဝါကျွတ်၍ ဘုရားရှင်ထံ အဖူးမြော် ရောက်ကြသောအခါ အရပ်ရပ်မှ ရဟန်းတို့သည် ကြုံလှီကုန်၏။ ဝဂ္ဂုမုဒါ ရဟန်းတို့သည် ဝဖြိုးကုန်၏။ ချစ်သားတို့၊ မျှတစွာနေကြရ၏လော။ အဘယ်သို့ မျှတကြသနည်းဟု မေးလျှင်သော် ဈာန်မဂ်ဖိုလ် ပြောကြားကြပါသည်ဟု လျှောက်ကုန်၏။ ဈာန်မဂ်ဖိုလ်ရသည်မှာ မှန်၏လော။ မှန်ပါသည် ဘုရား။ ချစ်သားတို့၊ အဘယ့်ကြောင့် ဝမ်းရေး၌ လူတို့ထံ အချင်းချင်း ဈာန်မဂ်ဖိုလ် ပြောကြားကြကုန်သနည်းဟု ကဲ့ရဲ့၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

၈-ဒုဋ္ဌုလ္လာရောစန။ ။ယော ပန ဘိက္ခု။ဘိက္ခုဿ၊၏။ ဒုဋ္ဌုလ္လံ၊ ရုန့်ရင်းသော။ အာပတ္တိံ၊ သံဃာဒိသိသ် အာပတ်ကို။ အနုပသမ္ပန္နဿ။ အာရောစေယျ။ ဘိက္ခုသမ္မုတိယာ၊ ဘိက္ခုသမ္မုတိဟူသော ကတိကဝတ်ကို။ အညတြ။ အာရောစေယျ။ တဿ ဘိက္ခုနော။

အဓိပ္ပာယ်။ ။ပါရာဇိကသို့မရောက်သော ရဟန်းသည် ဘိက္ခုမည်၏။ပါရာဇိကနှင့် သံဃာဒိသိသ်သည် ဒုဋ္ဌုလ္လအာပတ္တိမည်၏။ ဤ၌ သံဃာဒိသိသ်ကိုသာ ယူရသည်။ သံဃာသည် မပြတ်အာပတ်သင့်သော ရဟန်း၏ နောင်စောင့်စည်းခြင်းငှာ သုံးကြိမ်ပန်ကြား၍ ပြုသော ကတိကဝတ်သည် ဘိက္ခုသမ္မုတိမည်၏။ အာပတ် ဤမျှဖြင့် ပြောကြားအပ်၏ဟူ၍ရင်း၊ ဒါယကာ ဤမျှထံ ပြောကြားအပ်၏ဟူ၍ရင်း၊ အာပတ်၊ ဒါယကာ ပိုင်းခြား၍ရင်း၊ မပိုင်းခြားမူ၍ရင်း ကတိကဝတ်ပြုသည်ဟူလို။ ထိုကတိကဝတ်ကိုဖယ်၍ ကတိကဝတ် မပြုရာ၌ ဤရဟန်းသည် သုက္ကဝိဿဋ္ဌိပြုခြင်းကြောင့် သံဃာဒိသိသ်သို့ ရောက်သည်ဟု ဝတ္ထုနှင့်အာပတ်စပ်၍ ဘိက္ခု၊ ဘိက္ခုနီမဟုတ်သူအား ပြောကြားအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ဒုဋ္ဌုလ္လအာပတ်ကို ပြောခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ဒုဋ္ဌုလ္လ၌ တိကပါစိတ်။ အဒုဋ္ဌုလ္လ၌ ဒွိကဒုက္ကဋ်။ ကြွင်းသော အာပတ်ခြောက်ခုကို ပြောအံ့၊ အနုပသမ္ပန္န၏ ဒုဋ္ဌုလ္လအကြွင်းသည် အဒုဋ္ဌုလ္လ မည်၏။) ဝတ္ထုမျှ ပြောအံ့၊ အာပတ်မျှ ပြောအံ့၊ ဘိက္ခုသမ္မုတိအတိုင်း ပြောအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

ပါရာဇိကမရောက်သောရဟန်း၏ ဝတ္ထုနှင့်တကွ သံဃာဒိသိသ်ဖြစ်ခြင်း၊ အနုပသမ္ပန္နအား ပြောခြင်း၊ ဘိက္ခုသမ္မုတိမရှိခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် ပ.၏။ ဒုက္ခဝေဒနသာ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥပနန္ဒသည် ဆဗ္ဗဂ္ဂီတို့နှင့် ငြင်းခုံလေ့ရှိ၏။ တနေ့၌ သံဃာဒိသိသ်သို့ ရောက်၍ ပရိဝါသ်ကျင့်စဉ် ဆွမ်းကျွေးပွဲ တခု၌ နေရာစွန်း၌ နေ၏။ ဆဗ္ဗဂ္ဂီတို့သည် ဒါယကာတို့၊ သင်တို့မပြဘ်ချီးမွမ်း အပ်သော သင်တို့ဆရာ ရှင်ဥပနန္ဒသည် သဒ္ဓါ၍လှူသောဘောဇဉ်ကို စားသောလက်ဖြင့် လို့လပ်ပြု၍ သံဃာဒိသိသ်သို့ရောက်၍ ပရိဝါသ်ကျင့်ရသဖြင့် နေရာစွန်း၌ နေရ၏ဟု ပြောဆိုကုန်၏။ ဆဗ္ဗဂ္ဂီတို့သည် ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို လူတို့အား ပြောကြားသည်ဟု ရဟန်းတို့ကဲ့ရဲ့ကုန်၏။ထို့ကြောင့် ပညတ်သည်။

၁၀-ပထဝိခဏန။ ။ယော ပန ဘိက္ခု။ ပထဝိံ၊ မြေစစ်ကို။ (ဝါ၊ ဇာတပထဝီကို။) ခဏေယျ ဝါ၊ ကိုယ်တိုင်လည်း တူးငြားအံ့။ ခဏာပေယျ ဝါ၊ သူတပါးကိုလည်း တူးစေငြားအံ့။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။ဇာတပထဝီမည်သော မြေအစစ်သည် ဤ၌ ပထဝီမည်၏။ အကပ္ပိယ ပထဝီလည်း မည်၏။ ထိုမြေစစ်ကို တူး၊ ခွဲ၊ ရေးခြစ်ခြင်း၊ မီးရှို့ခြင်း စသည်ဖြင့် ဖျက်ဆီးခြင်းသည် ခဏေယျမည်၏။ ဖျက်ဆီးစေခြင်းသည် ခဏာပေယျ မည်၏။ကိုယ်တိုင်ဖျက်ဆီးအံ့၊ သူတပါးကို ဖျက်ဆီးစေအံ့၊ ပယောဂတိုင်း ပါစိတ်။ ဤနေရာကို ဤမြေကို တူးလော့၊ ခွဲလော့ စသည်ဖြင့် မှတ်သား၍ စေခိုင်းအံ့၊ဒုက္ကဋ်။ တကြိမ်စေခိုင်းလျှင် တနေ့လုံး တူးခွဲသော်လည်း ပါစိတ်တချက်၊ အဖန်ဖန်ခိုင်းလျှင် ခွန်းတိုင်း ပါစိတ်။

**ပထဝီနှစ်မျိုး။** ။ပထဝီသည် ဇာတပထဝီ၊ အဇာတပထဝီဟု နှစ်မျိုးပြား၏။ ဇာတပထဝီသည်လည်း သုဒ္ဓ၊ မိဿက၊ ပုဉ္ဇ-ဟု သုံးမျိုးပြား၏။ ပံသုသက်သက်၊ မတ္တိကာသက်သက်သည် ဝါ-မြေနု၊ မြေစေးသည်

သုဒ္ဓပထဝီမည်၏။ ကျောက်၊ ကျောက်စရစ်၊ အိုးခြမ်း၊ ကျောက်ပြွတ်၊ **သဲ**-တခုခုဖြင့် သုံးဖို့တဖို့၊ မြေနှစ်ဖို့ရှိသော မြေသည် မိဿကပထဝီမည်၏။ ရွှံချသော မိုးရေဖြင့် စွတ်၍ လေးလံလွန်းသော မြေနုအပုံ၊ မြေစေးအပုံ၊ မိဿကအပုံသည် ပုဉ္စပထဝီမည်၏။ ကျောက်ဖျာ၌ ကျသော မှုန့်မှုန်သည်လည်း မိုးစွတ်၍ လေးလ လွန်လျှင် ပုဉ္စပထဝီ မည်၏။ ဤသုံးမျိုးသော ဇာတပထဝီသည် အကပ္ပိယ ပထဝီမည်၏။ မတူးဆွအပ်။

ဤ၌ ကျောက်သည် တဆုပ်ထက် ကြီး၏။ ကျောက်စရစ်သည် တဆုပ်၊ တဆုပ်အောက်ဖြစ်၏။ ကျောက်ပြွတ်သည် ကျောက်စရစ်စုတို့ စု၍ ဖြစ်၏။ ခုံလောက်ပို့၍ ထမင်းချက်ခြင်း၊ သပိတ်ဖုတ်ခြင်း စသည်ဖြင့် မီးလောင်သော ဇာတပထဝီသည် မီးလောင်ပြီးနောက် အဇာတပထဝီမည်၏။ ကျောက်စသည် သုံးဖို့ဘဖို့ထက် လွန်သောမြေ၊ ကျောက်စသည် သက်သက်တို့လည်း အဇာတ ပထဝီသာတည်း။ ကပ္ပိယပထဝီမည်၏။ တူးဆွကောင်း၏။

**အဆုံးအဖြတ်။** ။အာဠဝိ၌ ဇေရာဠဝီတိုင်းသား ရဟန်းများ မြေတူးခြင်း ကြောင့် ပညတ်၏။ သာဓာရဏ၊ သာဏတ္တိက။ ပထဝီ၌ ဝေမတိက ဖြစ်အံ့၊ အပထဝီ၌ ပထဝီသညီ၊ ဝေမတိက ဖြစ်အံ့။ ဒုက္ကဋ်။ နေရာကို မမှတ်သားပဲ ရေတွင်းတူးလော့၊ သစ်ဥတူးလော့ စသည်ဖြင့် ဆိုအံ့၊ အောက်မြေနှင့် မစပ်သောမြေကွဲ၊ မြေချပ်၊ နွားခွါစာ၊ ကမ်းပါးပြတ်၊ ထွန်ခြစ်မြေ စသော အဇာတပထဝီ ကြီးကြီးငယ်ငယ်ကို ဖျက်ဆီးအံ့၊ ဤတိုင်၊ ဤသစ်ပင်အတွက် တွင်းကို သိလော့၊ နားလည်လော့၊ မြေကိုပေးလော့၊ ဆောင်ခဲ့လော့၊ ကပ္ပိလော့၊ မြေဖြင့် အလိုရှိသည်ဟု ဆိုအံ့၊ စေဟနာမရှိပဲ သစ်ပင်လှုပ်ခြင်းဖြင့် ပျက်စီးစေအံ့၊ သတိမရပဲ ခြေဖြင့် ရေးခြစ်အံ့၊ ဇာတ ပထဝီဟု မသိအံ့၊ ငါတူး၏ ဟု မသိအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

ဇာတပထဝီဖြစ်ခြင်း၊ ဇာတပထဝီဟု အမှတ်ရှိခြင်း၊ တူးခြင်း တူးစေခြင်း။ ဤလေး အင်္ဂါနှင့်ပြည့်စုံပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ပဏ္ဏတ္တိ ဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနာသာ ထူး၏။

ဝဏ္ဏ။ ။အာဠဝိ၊ အဂ္ဂါဠဝစေတီ။ အာဠဝီတိုင်းသား ရဟန်းတို့သည် နဝကမ္မပြုလုပ်ခြင်းဖြင့် မြေကို တူးကုန်၏။ တူးစေကုန်၏။ လူတို့ မြင်သက်သော် ရဟန်းတို့သည် မြေတူးကုန်၏။ တာသော ဇီဝိန္ဒြေအသက်ရှိသော မြေကို ညှဉ်းဆဲကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

မုသာဝါဒဝဂ္ဂါ ပဌမော။

**၁-ဘူတဂါမ။** ။ဘူတဂါမပါတဗျတာယ၊ ကြီးပွားဆဲ ကြီးပွားပြီးဖြစ်သောမြက်သစ်ပင် အပေါင်းကို ဖျက်ဆီးခြင်းကြောင့်။ ပါစိတ္တိယံ။ ဟောတိ။

**အဓိပ္ပာယ်။** ။ကြီးပွားဆဲ မြက်သစ်ပင်တို့သည်၎င်း၊ ကြီးပွားပြီး မြက်သစ်ပင်တို့သည်၎င်း ဘူတတို့ မည်ကုန်၏။ (ဘဝန္တိတိ ဘူတာ၊ အဟေသုန္တိ ဘူတာ၊ ဘူတာ စ ဘူတာ စ ဘူတာ) ထိုမြက်သစ်ပင်တို့၏ အပေါင်းသည် (ဝါ၊ နတ်တို့၏ နေရာသည်) ဝါ၊ မြက်သစ်ပင်တို့သာ ဖြစ်သော အပေါင်းသည် ဘူတဂါမ မည်၏။ (ဘူတာနံ ဂါမော၊ ဘူတဂါမော၊ ဘူတာဧဝ ဝါ ဂါမော ဘူတဂါမော။) တနည်းကား မြေ၊ ရေ၊ တံတိုင်း စသော မိမိ၏တည်ရာ၌ တည်ဆဲ စိမ်းစိုသော မြက်သစ်ပင်ဟူသမျှသည် ဘူတဂါမ်မည်၏။ ဖြတ်ခြင်း ခွဲခြင်း စသည်ဖြင့် ဖျက်ဆီးခြင်းသည် ပါတဗျတာ မည်၏။ဘူတဂါမ်ကို ဖျက်ဆီးခြင်းကြောင့် ပါစိတ်ဟု နိမိတ်အနက် သိအပ်၏။ ထို့ကြောင့် မြေ၊ ရေ၊ တံတိုင်းစသည်တို့၌ ပေါက်သော မခြောက်သွေ့သော အလွန်သိမ်မွေ့သော မြက်ကိုင်း၊သာသပမှော်၊ ဗီဇကမှော်ကိုင်း နှုတ်ခြင်း ဖဲ့ခြင်း စသည်ဖြင့် ဖျက်ဆီးအံ့၊ ဖျက်ဆီးစေအံ့။ မြေတူးခြင်း တူးစေခြင်းနည်း အတိုင်း ဒုက္ကဋ်၊ပါစိတ်။တည်ရာမှလွတ်၍ မျိုးဖြစ်ကောင်းလျှင် ဗီဇဂါမ်မည်၏။ ဒုက္ကဋ်ဝတ္ထုဖြစ်၏။

**အဆုံးအဖြတ်။** ။အာဠဝီ၌ ရဟန်းများ သစ်ပင် ဖြတ်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ သာဏတ္တိက။ ဗီဇဂါမ်ကို ဖျက်အံ့၊ ဘူတဂါမ် ဗီဇဂါမ်၌ ယုံမှားအံ့၊ ဘူတဂါမ်၊ ဗီဇဂါမ်မဟုတ်သည်၌ ဘူတဂါမ် ဗီဇဂါမ်ဟု မှတ်ထင်အံ့၊ ယုံမှားအံ့၊ ဒုက္ကဋ်။ နှစ်ပါးလုံး၌ ဘူတဂါမ် ဗီဇဂါမ် မဟုတ်ဟု အမှတ်ရှိအံ့၊ ဤသစ်ပင်ဟု မမှတ်သားပဲ သစ်ပင်ကို ဖြတ်လော့၊ နွယ်ကို နုတ်လော့စသည်ဖြင့် ဆိုအံ့။ ဤပန်း သိလော့၊ ပေးလော့၊ ဆောင်ခဲ့လော့၊ ဤပန်းဖြင့် အလိုရှိ၏။ ကပ္ပိလော့ဟု ဆိုအံ့။ စေတနာမရှိအံ့၊ သတိမရအံ့၊ မသိအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

ဘူတဂါမ်ဖြစ်ခြင်း၊ ဘူတဂါမ်ဟု အမှတ်ရှိခြင်း၊ ဖျက်ခြင်း ဖျက်စေခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန် စသည် ပထဝီခဏနနှင့် တူ၏။

**ဗီဇဂါမ်ငါးပါး။** ။ဘူတဂါမ်မှ ဒီးခြားပြုအပ်သော မျိုးစေ့တို့၏အပေါင်း မျိုးစေ့တို့သာဖြစ်သော အပေါင်းသည် ဗီဇဂါမ်မည်၏။ မူလ ခန္ဓ၊ ဖဠု၊ အဂ္ဂ၊ ဗီဇဟု ငါးမျိုးပြား၏။ နနွင်း၊ချင်းစိမ်းဥ စသည်သည် မူလဗီဇ အမြစ်မျိုးစေ့မည်၏။ ညောင်ကိုင်း၊ သဖန်းကိုင်း စသည်သည် ခန္ဓဗီဇ ပင်စည်မျိုးစေ့မည်၏။ ကြံ၊ ဝါး၊ ကျူ စသည်သည် ဖဠုဗီဇ အဆစ်မျိုးစေ့ မည်၏။ ဇလပ်ညွန့်၊ ကန်စွန်းညွန့် စသည်သည် အဂ္ဂဗီဇ အညွန့်မျိုးစေ့ မည်၏။ ဂုပါးစေ့ ပဲစေ့ စသည်သည် ဗီဇဗီဇ အစေ့မျိုးစေ့မည်၏။

မူလ-ခန္ဓ၊ ဖဠုဂ္ဂ၊ ဗီဇ- မျိုးငါးဂန်။
စေ့-ညွန့်- အဆစ်၊ ပင်စည်-မြစ်၊ ငါးဖြစ် ဗီဇဂါမ်။

ထိုဗီဇဂါမ်ဟူသမျှကို ခွက်၌ထားအံ့၊ စုပုံထားအံ့၊ မြေ၌ စိုက်သော်လည်း အမြစ်သာ ထွက်အံ့၊အညွန့်သာ ထွက်အံ့၊အမြစ် အညွန့် တထွာခန့် ထွက်သော်လည်း အညွန့်မစိမ်းသေးသည်ဖြစ်အံ့၊ဗီဇဂါမ်သာ မည်၏။ ဒုက္ကဋ် ဝတ္ထုမည်၏။ ထန်းငုတ်၊ အုန်းပင်ငုတ်၊ ဒီးပြီးသော ငှက်ပျောပင်၊ ဝါးပင်၊ ရေအိုးပြင်ပ၌ ရှိသော မှော်၊ ရေညှိ၊ ကျောက်ပွေး၊ ကျောက်ခက်၊ မှိုငုံတို့လည်း ဒုက္ကဋ်ဝတ္ထု ဗီဇဂါမ်မည်ကုန်၏။ ရေအိုးအတွင်း၌ ရှိသော မှော်၊ ရေညှိ၊ ဒန့်ပူ စသည်၌ တက်သော မှို၊ ပွင့်သော မှိုတို့ကား အဗ္ဗောဟာရိက ဝတ္ထု၊အနာပတ္တိဝတ္ထုတို့ မည်ကုန်၏။

**ကပ္ပိခြင်းငါးပါး။** ။အဂ္ဂိလော၊ ကပ္ပိလော့စသော ကပ္ပိယဝစနဖြင့် ဘူတဂါမ်မှ ဒီးခြားပြုပြီးသော ဗီဇဂါမ်ကို ကပ္ပိယံ ကရောဟိဟု တဖန် ကပ္ပိစေ၍သာ သုံးဆောင်ခြင်း၊ ဖျက်ဆီးခြင်း ပြုရသည်။ ပထမ ကပ္ပိ လော့ဟု ခိုင်းခြင်းဖြင့် ဘူတဂါမ်မှ လွတ်စေသည်။ တဖန် ကပ္ပိယံ ကရော ဟိဟု ခိုင်းခြင်းဖြင့် ဗီဇဂါမ်မှ လွတ်စေသည်။ ဗီဇဂါမ်မှ လွတ်စေရာ၌ မီး၊ လက်သည်း၊ ဓား တခုခုဖြင့် ကပ္ပိရသည်။ တစုံတခုသော မီးဖြင့် တနေရာ၌ တို့၍ ကပ္ပိယံ ဘန္တေ ဟုဆိုလျှင် မီးဖြင့်ကပ္ပိသည်မည်၏။ ထက်သောဓားငယ်၊ ဓားကြီး၊ ဒါပ် စသည်၏ အသွားဖြင့်ရင်း၊ ဦးချွန်ဖြင့်ရင်း အပေါက်အပြတ်ထင် စေလျက် ကပ္ပိယံ ဘန္တေဟုဆိုလျှင် ဓားဖြင့် ကပ္ပိသည်မည်၏။ မပုပ်သောလက် သည်းဖြင့် ပေါက်ပြတ်ထင်စေလျက် မြွက်ဆိုလျှင် လက်သည်းဖြင့် ကပ္ပိသည် မည်၏။ လူလက်သည်း၊ တိရစ္ဆာန် လက်သည်းသည် ပြတ်သိမ်းထားသော် လည်း အပ်၏။ ပုပ်သောလက်သည်း၊ ကျွဲ နွား တို့၏ခွါ မအပ်၊ ဆင်လက်

သည်း၊ ခြေသည်းကား အပ်၏။ ခုရ-ခွါမအပ်။ နခါ-ခြေသည်း လက်သည်းသာ အပ်၏။ အစေ့နုနု မျိုးမအောင်သော ငြုတ်သီးနု၊ သခွါးသီးနုကား ကပ္ပိဖွယ်မရှိ။ ပင်ကိုကပ္ပိပြီး မည်၏။ အစေ့ ဖယ်သုတ်၍ စားရသော သရက်သီး ပိန္နဲသီး စသည်လည်း ကပ္ပိပြီး မည်၏။

## လက်သည်း-မီး-ဓား[၁]၊ နူ-ထုတ်စား[၁]၊ ငါးပါး ကပ္ပိယံ။

လက်သည်း မီး ဓားဖြင့် ကပ္ပိရာ၌ တောင်မျှလောက် မျိုးစေ့ပုံဖြစ်စေ၊ တစပ်တည်း စုပုံထားသော သစ်ကိုင်း၊ ကြံချောင်း၊ ရာထောင်ဖြစ်စေ တစေ့၊ တကိုင်း၊ တချောင်းမျှ ကပ္ပိလျှင် အားလုံး ကပ္ပိပြီး ဖြစ်၏။ ဤစကားဖြင့် အကပ်မခံဟူ၍လည်း ကပ္ပိအပ်သည် အဖြစ်ကို သိသာ၏။ ထင်းနှင့် ကြံ တစပ်တည်း တည်ရာ၌ ထင်းကို ထိုးဆွမိလျှင်လည်း ကြံကပ္ပိပြီး ဖြစ်၏။ ဖွဲ့စည်းသော နွယ်ကို ထိုးဆွမိလျှင် မအပ်။ နွယ်သည် ခွက်အရာ၌တည်၏။ သစ်ရွက်၌တည့်၍ ထိုသစ်ရွက်ဖြင့် ကပ္ပိလျှင်လည်း ခွက်အရာတည်၏။ ခွက်ဖြင့် မကပ္ပိအပ်။ ငရုတ်သီးမှုန့်နှင့် ရောသော ဆွမ်းလုံးကိုရင်း၊ လက်ကော်ရ ယာဂုကိုရင်း ထိုးဆွမိလျှင် အပ်၏။ လက်ကော်ရမဟုတ်သော ယာဂုကဲ၌ ထိုးမိလျှင် မအပ်။ ယာဂုကဲ၌ ငရုတ်စေ့၊ နှမ်းစေ့တို့ တစပ်တည်း မတည်လျှင် တစေ့စီ ကပ္ပိမှ အပ်သည်။ သီးသီး အတွင်း၌ အဆန်သည် အခွံကိုလွတ်၍ ရွေ့ရှားအံ့။ ခွဲ၍ ကပ္ပိအပ်၏။ မရွေ့မရှား တစပ်တည်းတည်အံ့၊ မခွဲပဲ အခွံ၌သော်လည်း ကပ္ပိအပ်၏။ အစေ့အဆန်မရွေ့လျှင် သီးသီး အခွံသည် ခွက်နှင့်တူသော အလားရှိ၏။

ဝတ္ထု။ ။အာဠဝီ၊ အဂ္ဂါဠဝစေတီ။အာဠဝီတိုင်းသား ရဟန်းတို့သည် နဝကမ္မပြုခြင်းဖြင့် သစ်ပင်ကို ဖြတ်ကုန်၏။ ဖြတ်စေကုန်၏။ သစ်ပင်တပင်၌ နေသော နတ်သမီးသည် ရဟန်းတပါးကို အကျွန်ုပ်၏ ဗိမာန် မဖျက်ပါနှင့်ဟု တောင်းပန်၏။ တောင်းပန်၍ မရသောအခါ ခုတ်သောနေရာတွင် သားငယ်ကို ထား၍ တောင်းပန်၏။အရှိန်မချုပ်နိုင်သဖြင့် ပုဆိန်ခုတ်မိ၍ သားငယ်သေ၏။ နတ်သမီးသည် ရဟန်းကို သတ်မည်ဟု ကြံပြီးမှ ဆင်ခြင်မိ၍ ဘုရားရှင်ထံသွား၍ လျှောက်၏။ ဘုရားရှင်သည် ဒေါသသိမ်းဆည်းခြင်းကို သာဓုခေါ်၏။ ဖြစ်သောဒေါသကို လျင်စွာချုပ်တည်းသူသာ ဇက်နိုင်သော မြင်းထိန်းဟု ဟော၏။ နတ်သမီး သောတာပန်တည်၏။ နတ်မရှိသော သစ်ပင်ဘခုကို ဘုရားရှင် ညွှန်ပြ၍ နေရာလည်း ရ၏။

ရဟန်းတို့သည် သစ်ပင်ကို ဖျက်ဆီးကုန်၏။ တခုသော ဣန္ဒြေ အသက်ရှိသော သစ်ပင်ကို ညှဉ်းဆဲကုန်၏ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ (ဝဇီရဗုဒ္ဓိဋီကာ ဘိက္ခုနီပါစိတ် တဝဋ္ဋဝဂ်၌ ဤသို့ ဆို၏။ နိဂဏ္ဌအစေလကတို့၏ အလိုကား သစ်ပင်သည် ကာယိန္ဒြေ တခုရှိသော သတ္တ၊ ဇီဝဖြစ်၏။ ကာပိလ တို့ကား ဣန္ဒြေ ငါးပါးလုံးရှိသည်ဟု ဆိုကုန်၏။ စက္ခုန္ဒြေ ရှိသောကြောင့် ဗူးပင် သည် အ ယှန့်တက်ရာသို့ သွားသည်။ သောတရှိသောကြောင့် ငှက်ပျောပင်သည် မိုးချုန်းသံ နားထောင်၍ ကိုယ်ဝန်ယူသည်။ ဖူးသည်၊ ဃာနရှိသောကြောင့် ပိန္နဲပင်သည် အပုပ်နံ့ရမှ သီးသည်။ ဇိဝှါ ရှိသောကြောင့် သစ်ပင်တို့း အမြစ်ဖြင့် ရေသောက်သည်။ ကာယိန္ဒြေရှိသောကြောင့် သေ်ကပင်သည် မိန်းမအတွေ့ အထိရမှ ပွင့်သည်ဟု အကြောင်းပြကုန်၏။)

၂-အညဝါဒက။ ။အညဝါဒကေ၊ မေးသည်မှ တပါးသော စကားကို ဆိုခြင်းကြောင့်။ ဝိဟေသကေ၊ ဆိတ်ဆိတ်နေသဖြင့် သံဃာ ကို ညှဉ်းဆဲခြင်းကြောင့်။ ပါစိတ္တိယံ။

အဓိပ္ပာယ်။ ။သံဃာ့အလယ်၌ ဝိနည်းခိုရိုးမေးစစ်သည်ကို မဖြေလို၍ တပါ သောစကားကို ဆိုခြင်းသည် အညဝါဒက မည်၏။ စကားတခု ဖြင့် တခုကို ဖုံး၍ ဖျောက်ဖျက်သည်။ အဖျင်းဖျင်းပြုသည်ဟူလို။ ထိုအတူ မဖြေ လို၍ ဆိတ်ဆိတ်နေခြင်းသည် ဝိဟေသက မည်၏။ ဝတ္ထုနှစ်ခုကြောင့် ပါစိတ် နှစ်ခု ပညတ်သည်။ ထို့ကြောင့် အာပတ်ဖြင့် သံဃာ့အလယ်၌ မေးစစ်သောအခါ မဖြေလို၍ အဖျင်းဖျင်းပြုသော ရဟန်းကို အညဝါဒကကံသို့ တင်ရသည်။ ဆိတ်ဆိတ်နေသောရဟန်းကို ဝိဟေသကကံသို့ တင်ရသည်။ ထိုကံသို့ တင်ပြီး သည်နောက် ရှေးအတူ တပါးသောစကားကို ဆိုအံ့၊ ပါစိတ်။ ဆိတ်ဆိတ်နေအံ့၊ ပါစိတ်။

အဆုံးအဖြတ်။ ။ကောသမ္ဗီ၌ ရှင်ဆန္န အဖျင်းဖျင်းပြုခြင်းကြောင့် ပညတ်၏။ ဝိဟေသကေသည် အနုပညတ်ဖြစ်၏။ သာမာရဏာ၊ အနာ ဏတ္တိက။ ဓမ္မကံ၌ တိကပါစိတ်။ အဓမ္မကံ၌ တိကဒုက္កဋ်။ အညဝါဒကကံ၊ ဝိဟေသကကံသို့ မတင်ပါလည်း ဒုက္ကဋ်သာတည်း။ အာပတ်သို့ ရောက်သည်ကို မသိ၍ အဘယ်ကို ဆိုကြပါသနည်းဟု ပြန်မေးအံ့။ ဂိလာနဖြစ်၍ မဖြေနိုင်အံ့၊ ငြင်းခုံခြင်းစသည် ဖြစ်လတ္တံ့ဟု မဖြေအံ့၊ အဓမ္မဖြင့်ရင်း၊ ဝဂ္ဂဖြင့်ရင်း၊ ကံမတိုက် သူအားရင် ကံပြုကုန်လတ္တံ့ဟု မေးဖြေအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဓမ္မကံဖြင့် ကံသို့တင်ပြီးခြင်း၊ အာပတ်ဖြင့်ရင်း၊ ဝတ္ထုဖြင့်ရင်း မေးစစ်ခြင်း၊ ဖုံးကွယ်လို၍ အဖျင်းဖျင်း ဆိုခြင်း၊ ဝါ— ဆိတ်ဆိတ်နေခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ရံခါ ကြိယ၊ ရံခါ အကြိယ၊ ဒုက္ခဝေဒနာမျှ ထူး၏။

ဝတ္ထု။ ။ကောသမ္ဗီ၊ ဃောသိတာရုံ။ ရှင်ဆန္နသည် အနာစာရ မကျင့်အပ်သည်ကို ကျင့်၏။ သံဃာ့အလယ်၌ မေးစစ်သောအခါ အဘယ်သူ ရောက်သနည်း၊ အဘယ်အာပတ်သို့ ရောက်သနည်း၊ အဘယ်ကြောင့်နည်း၊ အဘယ်သို့နည်း၊ အဘယ်သူ့ကိုနည်း၊ အဘယ်စကားတို့နည်းဟု စကားပျောက်အောင် အဖျင်းဖျင်း ဆို၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ သံဃာသည် ဆန္နမထေရ်အား ... ဒုတိယကံဖြင့် အညဝါဒကကံသို့ တင်ရမည်ဟု မိန့်တော်မူ၍ အညဝါဒကေ ပါစိတ္တိယံဟု ပညတ်သည်။

အခါတပါး ဆန္နမထေရ် အနာစာရကျင့်ပြန်၏။ သံဃာ့အလယ် မေးစစ်သောအခါ အဖျင်းဖျင်းဆိုလျှင် အာပတ်သင့်လတ္တံ့ဟု ဆိတ်ဆိတ်နေခြင်းဖြင့် သံဃာကို ညှဥ်းဆဲ၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ဆန္နအား ဉတ္တိဒုတိယကံဖြင့် ဝိဟေသကကံသို့ တင်ပြရမည်ဟု မိန့်တော်မူ၍ အညဝါဒကေ ဝိဟေသကေ ပါစိတ္တိယံဟု ပညတ်တော်မူသည်။

၃ ဥဇ္ဈာပနက။ ။ဥဇ္ဈာပနကေ၊ ကဲ့ရဲ့ခြင်းကြောင့်။ ခိယျနကေ၊ ရှုတ်ချခြင်းကြောင့်။ ပါစိတ္တိယံ။

အဓိပ္ပာယ်။ ။အယုတ်အညံ့အားဖြင့် သိစေကြောင်းစကားသည် ဥဇ္ဈာပနက မည်၏။ (ဥဇ္ဈာပေန္တိ-အပဇာနာပေန္တိ အဝညာယ ဩလောကာပေန္တိ လာမကတော စိန္တာပေန္တီ ဧတေနာတိ ဥဇ္ဈာပနကံ။) အသင်သေးအောင် ရဟန်းထံ၌ ကဲ့ရဲ့သည်ဟူလို။ အပြစ်ပြကြောင်း စကားသည် ခိယျနက မည်၏။(ခိယန္တိ-အဝဏ္ဏံ ပကာသေန္တိ ဧတေနာတိ ခိယျနကံ)အပြစ်မြင်အောင် ရှုတ်ချသည်ဟူလို။ ဝတ္ထုနှစ်ခုကြောင့် ပါစိတ်နှစ်ခု။ ကျင့်ကြောင့် ကျောင်းညွှန်သမုတိ စသော သံဃာသမုတ်ရသော ရဟန်းကို ... အစော်ကားအောင် ဆန္ဒာဂတိလိုက်၍ ဤသို့ပြုသည်စသည်ဖြင့် ကပ်သော ရဟန်းတို့ထံ ကဲ့ရဲ့အံ့၊ ပါစိတ်။ ထိုအတူ ရဟန်းထံ ရှုတ်ချအံ့၊ ပါစိတ်။



သာသနာရေးဦးစီး
စုံကြည့်တိုက်
ကမ္ဘာအေးရန်ကုန်

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ မေတ္တိယ၊ ဘုမ္မဇကရဟန်းတို့ ကဲ့ရဲ့ခြင်း ရှုတ်ချခြင်းကြောင့် ပညတ်၏။ ဓိယျနကေသည် အနုပညတ်ဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ထိုရဟန်း၏ သမ္မုတိကံသည် မမှုကံဖြစ်အံ့၊ တိကပါစိတ်။ အဓမ္မကံဖြစ်အံ့၊ တိကဒုက္ကဋ်။ လူသာမဏေထံ ရှုတ်ချအံ့။ သမ္မုတိမရသော ရဟန်း၏ အပြစ်ကို အမှတ်မရှိသူထံ ကဲ့ရဲ့ရှုတ်ချအံ့။ သမ္မုတိရ၊ မရ-သာမဏေ၏အပြစ်ကို အမှတ်မရှိသူထံ ကဲ့ရဲ့ရှုတ်ချအံ့၊ ဒုက္ကဋ်။ ပကတိအားဖြင့် အဂတိလိုက်စားသော သမ္မုတိရ ရဟန်းကို ကဲ့ရဲ့ရှုတ်ချအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဓမ္မကံဖြင့် သမ္မုတိရခြင်း၊ ရဟန်းဖြစ်ခြင်း၊ အဂတိမလိုက်ခြင်း၊ ထိုရဟန်း၏ အရှိန်အစော်မဲ့စေလိုခြင်း၊ ရဟန်းထံ ပြောခြင်း၊ ကဲ့ရဲ့ခြင်း၊ ဝါ၊ ရှုတ်ချခြင်း။ ဤကား အင်္ဂါခြောက်ပါးတည်း။ သမုဋ္ဌာန် စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာသာ ထူး၏။

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ အရှင်ဒဗ္ဗသည် သံဃာ၏ ကျောင်းညွှန်းသမ္မုတိ၊ ဆွမ်းညွှန်းသမ္မုတိ ရသူဖြစ်၏။ မေတ္တိယ၊ ဘုမ္မဇကရဟန်းတို့သည် သိတင်းငယ်ဖြစ်၍၊ ဘုန်းကံနည်း၍ ညံ့သောကျောင်း၊ ညံ့သောဆွမ်းတို့သာ ရရှိကုန်သဖြင့် ရှင်ဒဗ္ဗကို ဆန္ဒာဂတိလိုက်၍ ကျောင်းညွှန်းသည်၊ ဆွမ်းညွှန်းသည်ဟု အထင်သေးအောင် ရဟန်းထံ၌ ကဲ့ရဲ့ကုန်၏။ တပါးသော ရဟန်းတို့သည် မေတ္တိယ၊ ဘုမ္မဇကတို့ကို ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဥဇ္ဈာပနကေ ပါစိတ္တိယံဟု ပညတ်သည်။ အခါတပါး မေတ္တိယ၊ ဘုမ္မဇကတို့သည် ကဲ့ရဲ့ခြင်းကို ဘုရားရှင်ပယ်သည်ဟု ရဟန်းတို့အနီး၌ ကြားလောက်အောင် ရှင်ဒဗ္ဗ အဂတိလိုက်၍ ကျောင်း၊ ဆွမ်း ညွှန်းသည်ဟု အပြစ်ဖြင့်အောင် ရှုတ်ချကုန်၏။ တပါးသောရဟန်းတို့ ကဲ့ရဲ့ပြန်၏။ ထို့ကြောင့် ဥဇ္ဈာပနကေ ခိယျနကေ ပါစိတ္တိယံဟု အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

၄-ပဌမသေနာသန။ ။ယော ပန ဘိက္ခု။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ မဉ္စံ ဝါ၊ ညောင်စောင်းကိုလည်း။ ပီဌံ ဝါ၊ အင်းပျဉ်ကိုလည်း။ ဘိသိံ ဝါ၊ ဘုံလျှိုကိုလည်း။ ကောစ္ဆံ ဝါ၊ ဘက်အခင်းကိုလည်း။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ သန္ထရိတွာ ဝါ၊ ခင်း၍လည်း။ သန္ထရာပေတွာ ဝါ၊ ခင်းစေ၍လည်း။ တံ၊ ထိုညောင်စောင်း အင်းပျဉ်စသည်ကို။ ပက္ကမန္တော၊ အရပ်တပါးသို့ ဖဲသွားသည်ရှိသော်။ နေဝ ဥဒ္ဓရေယျ ဝါ၊

ကိုယ်တိုင်မူလည်း မသိမ်းငြားအံ့။ နဥဒ္ဒရာပေယျ ဝါ၊ သူတပါးကို လည်း မသိမ်းစေငြားအံ့၊ အနာပုစ္ဆံ ဝါ၊ မပန်ကြားမူ၍လည်း။ ဂစ္ဆေယျ၊ သွားငြားအံ့။ တဿ ဘိက္ခုနော။

**အစိပ္ပာယ်။** ။သံဃာ၏ ဥစ္စာသည် သံဃိကမည်၏။ ညောင်စောင်း အင်းပျဉ် အဖြစ်ဖြင့် ပြုသမျှသည် မဉ္စမည်၏၊ ပီဌမည်၏။ အဝတ်ဖြင့်ရင်း၊ အပ်သောသားရေဖြင့်ရင်း အခွံပြု၍ တိရစ္ဆာန်မွေး၊ သစ်ရွက်၊ မြက်၊ လျှော်၊ ပုဆိုးကြမ်း ထည့်၍ပြုသော မွေ့ရာငါးမျိုးသည် ဘိသိမည်၏။ လျှော်၊ ပန်းရင်းမြက်၊ ဖြူဆန်မြက်၊ ပြိတ်ချက်တို့ဖြင့် ဖြူသောအဘင်း၌ ရစ်၍ဖွဲ့အပ်သော အောက်အထက်ကျယ်၍ ထက်စည်သဏ္ဌာန်ရှိသောအလယ်၌ ခြသေ့ရေစသည်ဖြင့် ရံသောခတ်ခင်းသည် ကောစ္ဆမည်၏။ မိုးလေးလ၌ လွှင်တီးခေါ်သည်ရင်း၊ မိုးရွာလျှင် စွတ်နိုင်သော မဏ္ဍပ်သည်ရင်း၊ ဆောင်းလေးလ၌ ဆီးနှင်းမိုးရွာလေ့ ရှိသောအရပ်သည်ရင်း၊ အခါမရွေး ကျီးစသည်တို့ အသိုက်ဖွဲ့၍ နေရာသစ်ပင် ရင်းသည်ရင်း အဇ္ဈောကာသ မည်၏။ (မိုးနှစ်နေရာ၊ ဆောင်းတနေရာ၊ အခါမရွေး တနေရာ။) ထိုသို့သော နေရာ၌ မိမိအလိုငှာဖြစ်စေ၊ သူတပါးအလို ငှာဖြစ်စေ ကိုယ်တိုင်ခင်း၍ရင်း၊ သူတပါးကို ခင်းခိုင်း၍ရင်း၊ ဖဲသောအခါ ရုပ်သိမ်း၍ သင့်ရာ၌ မထားအံ့။ သူတပါးကိုလည်း ထိုသို့ထားအောင် မစေ ခိုင်းအံ့၊ သံဃိကပစ္စည်းကို မိမိအကြောင်းကြဟု မှတ်ထင်တတ်သော လဇ္ဇီ ရဟန်းသာမဏေ အရံစောင့် တယောက်ယောက်ကို မပန်ကြား မအပ်နှင်းပဲ မငဲ့မကွက် ဖဲသွားအံ့၊ ခဲတကျအရပ်ကို ခြေတလှမ်းလွန်လျှင် ဒုက္ကဋ်။ ဒုတိယ ခြေလှမ်းလွန်လျှင် ပါစိတ်။ ဆွမ်းစားဇရပ်၌နေ၍ "ဤမည်သောနေရာ၌ ခင်း ၍သွားသော့"ဟု စေခိုင်းသော ရဟန်းသည် ဆွမ်းစားဇရပ်မှထွက်၍ ထိုနေရာ သို့ မသွားပဲ အရပ်တပါးသို့ ဖဲသွားအံ့၊ ခြေလှမ်းကြွခြင်းဖြင့် ဒုက္ကဋ်၊ ပါစိတ် ဆုံးဖြတ်အပ်၏။

**တာဝန်။** ။မိမိအလိုငှာ သူတပါးအလိုငှာ ခင်းအံ့၊ ခင်းသူတာဝန်။ တပါး သောရဟန်းအလိုငှာခင်းရာ၌ ယိုရဟန်းလာ၍နေအံ့၊ နေသူတာဝန်။ မနေသော်လည်း သင်သွားတော့ဟု ဆိုအံ့၊ ဆိုသူဘာဝန်။ ရဟန်းမဟုတ်သော သူကို ခင်းခိုင်းအံ့၊ ခင်းခိုင်းသတာဝန်။ ရဟန်းကို ခင်းခိုင်းအံ့၊ ခင်းသူတာဝန်။ မိမိခင်းသောနေရာ၊ ပကတိခင်းသောနေရာ၌ ရဟန်းလာ၍နေအံ့၊ နေသူတာန်။ ထိုနေသူသည် ခင်းစေသူမည်၏။ အာဝါသိကတို့ ခင်းပေးသော သံဃိက

နေရာ၌ အာဂန္တုက ခေတ္တနေထိုင်အံ့၊ အဘယ်သူ၏ တာဝန်နည်း။ အာဂန္တုက၏တာဝန်။ ထို့ကြောင့် ဖဲသောအခါ ရုပ်သိမ်း၍၊ ရုပ်သိမ်းစေ၍၊ လဇ္ဇီကို ပန်ကြားအပ်နှင်း၍ ဖဲအပ်၏။ ဤအာဂန္တုတာဝန် ချွတ်ခြင်းများတတ်သည်။)

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရဟန်းများစွာ အခင်းကို မရုပ်မသိမ်း မပန်မကြားပဲ ဖဲသွားခြင်းကြောင့် ပညတ်၏။ (ပဒ်ဝါ၌ ကောအနုပညတ်ဟု ဆို၏။ သာဓာရဏ၊ အနာဏတ္တိက။ သံဃိက၌ တိကပါစိတ်။ ပုဂ္ဂလိက၌ တိကဒုက္ကဋ်။ ပုဆိုးကြမ်းအခင်း၊ ဥတ္တရတ္ထရဏခေါ် အပေါ်ခင်း၊ ဘုမတ္ထရဏခေါ် မြေအခင်း၊ ဖျာ၊ သားရေအခင်း၊ ခြေသုတ်ပုဆိုး၊ ပျဉ်ပြားဖြစ်သော အင်းပျဉ်၊ အမှာမရှိသော သစ်ဘဏ္ဍာ၊ မြေဘဏ္ဍာ၊ သပိတ်ခြေစသည်ကို လှင်တီးခေါင်၌ ထား၍သွားအံ့၊ ဒုက္ကဋ်၊ တောကျောင်းနေရဟန်းဖြစ်မူ မိုးစွဝ်သော အရပ်မရှိလျှင် ညောင်စောင်းစသည်ကို သစ်ပင်၌ ဆွဲ၍ရပ်၊ ခြမခဲနိုင်အောင် ပုံ၍ရပ် သွားအပ်၏။ အဗ္ဘောကာသိကရဟန်းဖြစ်မူ အဝတ်မိုး ကုန်းပုံ၍သော်လည်း စောင့်ရှောက်အပ်၏။ မိမိဥစ္စာဖြစ်အံ့၊ အကျွမ်းဝင်သူ၏ ပုဂ္ဂလိကဥစ္စာ ဖြစ်အံ့၊ သိမ်းခြင်းစသည်ပြု၍ ဖဲသွားအံ့၊ နေလှန်းအံ့၊ ပြန်ရုပ်သိမ်းမည်ဟု သွားအံ့၊ နွေလေးလ တိမ်မစင်ကြယ်သောအခါဖြစ်အံ့၊ ခင်းထားသောနေရာ၌ အန္တရာယ်အယှက် ရှိအံ့၊ အသက် သာသနာအန္တရာယ်ရှိအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ်။ ဤ၌ သီတင်းကြီးက ထခိုင်းခြင်း၊ ဘီလူး စသည်လာ၍ နေထိုင်ခြင်း၊ အစိုးရသူတို့ ယူခြင်း၊ ခြင်္သေ့စသည်နေခြင်းသည် အနှောင့်အယှက် မည်၏။ ညောင်စောင်း စသည်တို့၏ သံဃိကဖြစ်ခြင်း၊ ဆိုပြီးသော လှင်တီးခေါင်၌ ခင်းခြင်း၊ ခင်းစေခြင်း၊ ထိုနေရာ အနှောင့်အယှက် မရှိခြင်း၊ အန္တရာယ်မရှိခြင်း၊ မငဲ့မကွက် ဖဲသွားခြင်း၊ ခဲတကျ လွန်ခြင်း။ ဤကား အင်္ဂါခြောက်ပါးတည်း။ သမုဋ္ဌာန်စသည် ပထမကထိနနှင့် တူ၏။ ကြိယာကြိယမျှ ထူး၏။

မှတ်ဖွယ်အထူး။ ။မသာရက-အခြေ၌ အပေါင်စွပ်သော ညောင်စောင်း၊ ဗုန္ဒိကာဗဒ္ဓ-ထုပ်လျောက်ဖွဲ့၍-ဝါအပေါင်တို့ဖြင့် အခြေကိုကိုက်စေ၍ ပလ္လင်အသွင်ပြုသော ညောင်စောင်း၊ ကုဠီရပါဒက-အခြေကောက်သော ညောင်စောင်း၊ အာဟစ္စပါဒက- အပေါင်၌အခြေစွပ်သော ညောင်စောင်း၊ ဤသို့ ညောင်စောင်း လေးမျိုးရှိ၏။ အင်းပျဉ်လည်း ဤနည်းဖြင့် လေးမျိုးတည်း။ညောင်စောင်းလောက်ကားမရှည်၊အာသန္ဒိကကဲ့သို့လေးထောင့်

အညီလည်း မဟုတ်၊ဘုံလျှို၌ လဲ၊ လူ၏ဆံပင်၊ မွေးညင်း မအပ်။ ပန်းညိုရွက် သက်သက်လည်း မအပ်။ ပမာဏလိုသလောက် အပ်၏။ ခတ်အခင်း၌ မအပ် သော သားရေမရှိ။ သေနာသနဌ ရွှေငွေ အတိပြီးသော်လည်း အပ်၏။ သာ ဋ္ဌိ တသိန်းတန် ကမ္ဗလာဖြစ်စေ ခြေသုတ်ပြု၍ သုံးပါးဟုလျှုလျှင် ဒါယကာဆို တိုင်း အပ်၏။ ထို့ကြောင့် ဤညောင်စောင်း စသည်ကို အဇ္ဈောကာသေပိ ယထာသုခံ ပရိဘုဉ္ဇထ–ဟုလျှုလျှင် အခါမရွေး လွင်တီးခေါင်၌ ထားခြင်းငှာ အပ်သည်ဟု ဆိုသည်။)

**ကပ္ပိယစမ္မ။** ။ဇော်မည်သော သာ ကောင်၊ သမင်ဘို၊ချေ၊ ဆတ်၊ အောက် မား၊ စိုင်၊ဤမိဂတို့၏ သားရေ၊ ဆိတ်ရေ သိုးရေသည် ကပ္ပိယ စမ္မ မည်၏။ မျောက်၊ ခြံသံ့နက်၊ ဝါ-ဝံ၊ သမင်ဆီးဆောက်၊ ဝံပိုင်၊ ခြင်္သေ့၊ ကျား၊ ဝံ၊ အောင်း၊ ကျဲ၊ နွား၊ ယုန်၊ ကြောင်-စသည်တို့၏ သားရေသည် အကပ္ပိယစမ္မ မည်၏။ မိမိဥစ္စာပြု၍ သွားရာဆောင်၍ ညောင်စောင်းအင်းပျဉ် ထက်၌ ခင်း၍ မသုံးဆောင်အပ်။သေနာသနပစ္စည်းပြု၍ မြေ၌ ကြမ်း၌ ချခင်း၍ သုံးလျှင် အပြစ်မရှိ။ အိတ်နှင့် ဖိနပ်၌ လူရေမှတပါး သားရေဟူသမျှ အပ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရဟန်းတို့သည် ဆောင်းကာလ၌ လွင်တီး ခေါင်၌ အိပ်ရာနေရာခင်း၍ နေပူစာ လှုံကုန်၏။ အခါတန်သော အခါ မရုပ်မသိမ်း မပန်မကြား ဖဲသွားကုန်၏။ အိပ်ရာနေရာ မိုးစွတ်၏။ ရဟန်း တို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ အခါတပါး ရဟန်းတို့သည် လွင်တီး ခေါင်၌ နေ၍ နံနက်စောစော အိပ်ရာနေရာ ရုပ်သိမ်းကုန်၏။ ချစ်သားတို့၊ မိုးမရွာသော အခါဖြစ်သော ဆောင်း၊ နွေ ရှစ်လပတ်လုံး မဏ္ဍပ်၌ရင်း၊ သစ်ပင် ရင်း၌ရင်း၊ ကျီးငှက် စသည်တို့ ညစ်ကြေးမစွန့်ရာ၌ အိပ်ရာနေရာကို ထား ခြင်းငှာ ခွင့်ပြု၏ဟု မိန့်တော်မူ၏။

**၅–ဒုတိယသေနာသန။** ။ယော ပန ဘိက္ခု။ သံဃိကေ၊ သံဃာ၏ ဥစ္စာဖြစ်သော။ ဝိဟာရေ၊ ကျောင်း၌။ သေယျံ၊ အိပ်ရာနေရာကို။ (ဝါ-သေယျဆယ်ပါး တပါးပါးကို။) သန္ထရိတွာ ဝါ။ သန္ထရာပေတွာ ဝါ။ တံ၊ ထိုအိပ်ရာ နေရာကို။ပက္ကမန္တော။ နေဝ ဥဒ္ဓရေယျ ဝါ။န ဥဒ္ဓရာ ပေယျဝါ။ အနာပုစ္ဆံဝါ။ ဂစ္ဆေယျ။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်။** ။တိုက်ခန်းတွင်းသည်ရင်း၊ အလုံးစုံ ကာရံသော လုံခြုံသော ကျောင်းသည်ရင်း ဝိဟာရမည်၏။ အိပ်စရာ ထိုင်စရာအခင်း

သည့် သေယျ မည်၏။ ဆယ်မျိုးရှိ၏။ ထိုဆယ်မျိုးတွင် တမျိုးမျိုးကို ဝါစဉ့်ဖြင့်သော်လည်း ယူ၍ သံဃိကဝိဟာရ၌ ခင်း၍ ခင်းစေ၍ အရပ်တပါးသွားလိုသောအခါ ခြမခဲအောင် ထားခြင်းဖြင့် မရုပ်သိမ်းအံ့၊ မရုပ်သိမ်းစေအံ့၊ လဇ္ဇီကို မပန်မကြား ဖဲသွားအံ့၊ အရံရှိသော ဝိဟာရဖြစ်လျှင် အရံကို၊ အရံမရှိလျှင် ခဲနှစ်ကျဉပစ ကို လွန်စေအံ့၊ တလှမ်း ဒုက္ကဋ်။ နှစ်လှမ်း ပါစိတ်။ ခြခဲအံ့ဟု တွေးတောဖွယ်မရှိသော ကျောင်းဖြစ်မူ မပန်မူ၍ သွားခြင်းငှာလည်း အပ်၏။ ပန်ကြားခြင်းကား ဂမိကကျင့်ဝတ်တည်း။

**သေယျဆယ်ပါး။** ။ဘိသိ-ဘုံလျှို။ စိမိလိကာ-ပုဆိုးကြမ်းအခင်း။ (အပြေ အပြစ်ပြုသောမြေ၌ အဆင်းမပျက်အောင် ခင်းသော အဝတ်။) ဥတ္တရတ္ထရဏံ-ညောင်စောင်း အင်းပျဉ်အထက်၌ ခင်းအပ်သော အခင်း။ ဘူမတ္ထရဏံ-မြေအခင်း။ (မြေ၌ဖြစ်စေ၊ မြေအထက် စိမိလိကာ အထက်၌ဖြစ်စေ ခင်းစရာသင်ဖြူးစသော အခင်းထူး။) တဋ္ဋိကာ-ထန်းရွက် စသည်ဖြင့် ပြုသော ဖျာကြမ်း။ ဝါ၊ ကပိုင်ကဲလား။ စမ္မခဏ္ဍော-သားရေအခင်း။ နိသီဒန်၊ နိသီဒိုင်။ ပစ္စတ္ထရဏံ၊ အိပ်ရာခင်း၊ ကော်ဇော၊ စုလျား၊ ဘုန်းပတီး။ တိဏ သန္ထာရော-မြက်အခင်း။ ပဏ္ဏသန္ထာရော-သစ်ရွက် အခင်း။ ဤကား သေယျ ဆယ်ပါးတည်း။

ဘိသိ-စိမိ၊ (အုတ်) ဥတ်-ဘူမိ၊ တဋ္ဋိ-စမ္မခဏ် ၂။
နိသီ-ပစ္စ၊ မြက်-ပဏ္ဏ၊ သေယျ ဆယ်ခုမှန်။

ထိုတွင် သားရေ၌ အကပ္ပိယ စမ္မကို သုံးလေရာ ဆောင်ခြင်း၌သာ ပယ်သည်။ သေနာသန သန္တကဖြစ်မူ မအပ်သည်မရှိ၊ ပစ္စတ္ထရဏံ-ကော်ဇော၌ ချည်ကော်ဇောသည် နေရာမရွေး ခင်းကောင်း၏။ သားမွေးကော်ဇောဖြစ်မူ ဘူမတ္ထရဏ အဖြစ်ဖြင့်သာ ခင်းကောင်းသည်။ ညောင်စောင်း အင်းပျဉ်ထက်၌ ခင်း၍ မအိပ်ကောင်း၊ မထိုင်ကောင်း။ လူတို့ခင်းပေးမူ ထိုင်ကောင်း၏။ မအိပ်ကောင်း။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ သတ္တရသဝဂ္ဂီရဟန်းတို့ သံဃိကကျောင်း၌ အိပ်ရာ နေရာခင်း၍ ခင် စေ၍ မသိုမှီး မပန်မကြား ဖဲသွားခြင်းကြောင့် ပညတ်၏။ သာခရဏ၊ အနာဏတ္တိက။ သံဃိကကျောင်း၌ တိက ပါစိတ်။ ပုဂ္ဂလိကကျောင်း၌ တိကဒုက္ကဋ်။ ဆိုပြီးသောဝိဟာရ၏ ဥပစာ ပြင်ပ အနီး၌၎င်း စည်းဝေးရာဇရပ် ဆွမ်း စားဇရပ်၌၎င်း အရံမရှိသော မဏ္ဍပ်၊ အရံရှိသော အများစည်းဝေးသော မဏ္ဍပ်၌၎င်း၊ သစ်ပင်ရင်း၌၎င်း ခင်း၍ ခင်းစေ၍

မသိမှီး မပန်မကြား ဖဲသွားအံ့။ ညောင်စောင်း အင်းပျဉ်ကို ဝိဟာရ၊ ဝိဟာရူပစာရ ပြင်ပအနီး ဇရပ်၊ မဏ္ဍပ်၊ သစ်ပင်ရင်း၌ ခင်း၍ ခင်းစေ၍ ဖဲသွားအံ့၊ ဒုက္ကဋ်။ မိမိ၏ပုဂ္ဂလိကကျောင်း၊ အကျွမ်းဝင်သူ၏ ပုဂ္ဂလိကကျောင်း ဖြစ်အံ့၊ သိမှီးပန်ကြား၍ ဖဲသွားအံ့၊ အနှောင့်အယှက်ရှိအံ့၊ နေ့ချင်းပြန်လာသိမ်းမည်ဟု ငဲ့လျက် မြစ်တဘက်သို့ ရွာတပါးသို့ သွား၍ ထိုမှခရီးသွားလို၍ စေလွှတ်၍ ပန်ကြားအံ့၊ မြစ်ရေပြည့်ခြင်း မင်းခိုးသူနှောင့်ယှက်ခြင်းကြောင့် မပြန်နိုင်အောင် ဘေးရန်ရှိအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။ ဆိုပြီးသော သေယျဖြစ်ခြင်း၊ သေယျ၏ သံဃိကဖြစ်ခြင်း၊ ဆိုပြီးသော ဝိဟာရ၌ ခင်းခြင်း၊ ခင်းစေခြင်း၊ အနှောင့်အယှက်မရှိခြင်း၊ ဘေးရန်မရှိခြင်း၊ မငဲ့မကွက် အရပ်တပါးသို့ ဖဲသွားခြင်း၊ ဥပစာရသိမ်ကို လွန်ခြင်း။ဤကား အင်္ဂါခုနစ်ပါးတည်း။ သမုဋ္ဌာန်စသည် ရှေ့နှင့် တူ၏။ (ကျောင်းတွင်း၌ ခင်းသောကြောင့် ဥပစာရသိမ်ကို လွန်ခြင်းဟု ဆိုသည်။ ယခင်ကဲ့သို့ ခဲတကျလွန်ခြင်းဟု မဆို။)

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်၌ သတ္တရသဝဂ္ဂီရဟန်းတို့သည် အဘူသွား ဆင်ရ လာ ဆင်တူနေလေ့ ရှိကုန်၏။ သံဃိကကျောင်းတခု၌ အိပ်ရာနေရာခင်း၍ မသိမှီး မပန်မကြား ဖဲသွားကုန်၏။ အိပ်ရာနေရာ ခြစား၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၆-**အနုပခဇ္ဇ**။ ။ယော ပန ဘိက္ခု။ သံဃိကေ။ ဝိဟာရေ။ ဇာနံ၊ မထစေအပ်သူဟု သိလျက်။ ပုဗ္ဗုပဂတံ၊ ရှေးဦးစွာ ကပ်ရောက်သော။ ဘိက္ခုံ၊ ကို။ အနုပခဇ္ဇ၊ တိုးဝှေ့၍။ သေယျံ၊ အိပ်ခြင်း (ထိုင်ခြင်း)ကို။ ကပ္ပေယျ။ "ယဿ၊ အကြင်ရဟန်းအား။သမ္ဗာဓော၊ ကျဉ်းမြောင်းခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထိုရဟန်းသည်။ ပက္ကမိဿတိ၊ ဖဲလတ္တံ့။" ဣတိ၊ ဤသို့ နှလုံးသွင်း၍။ဧတဒေဝ၊ ထိုကျဉ်းမြောင်းသူ ဖဲခြင်းကိုသာလျှင်။ ပစ္စယံ ကရိတွာ၊ အကြောင်းပြု၍။ အနညံ၊ အကြောင်းတပါးမရှိပဲ။အနုပခဇ္ဇ။ သေယျံ။ ကပ္ပေယျ။ ·တဿ ဘိက္ခုနော။

**အခိပ္ပာယ်။** ။ထခိုင်းခြင်း ဖယ်ခိုင်းခြင်းငှာ မထိုက်သော သီတင်းကြီး၊ သူနာ၊ သံဃာ့ပေးသူ။ ဤသုံးယောက်သည် မထစေအပ်သူမည်၏။ **ထိုကိုသိသောရဟန်းသည် ဇာနန္တမည်၏။ ရှေးဦးစွာ ကပ်ရောက်သူသည်**

ပုဗ္ဗပယောဂတမည်၏။ ညောင်စောင်းအင်းပျဉ်၏ ဥပစာသို့ရင်း၊ ထိုရဟန်း၏ အဝင်အထွက်ဥပစာသို့ရင်း သက်ဝင်ခြင်းသည် အနုပခဇ္ဇမည်၏။ ရှေးဦးစွာ ရောက်သောရဟန်းအား ကျဉ်းမြောင်းစေလိုသဖြင့် ထိုဥပစာ၌ သေယျဆယ်မျိုး တမျိုးမျိုးခင်း၍ ခင်းစေ၍ ထိုင်ခြင်း အိပ်ခြင်းသည် သေယ်ျ ကပ္ပေယျမည်၏။ ခင်းခြင်း ခင်းစေခြင်းကြောင့် ဒုက္ကဋ်။ ထိုင်ခြင်းကြောင့် ပါစိတ်။ အိပ်ခြင်းကြောင့် ပါစိတ်။ ထိုင်ခြင်း အိပ်ခြင်းနှစ်ပါးကြောင့် ပါစိတ်နှစ်ချက်။ အဖန်ဖန်ပြုအံ့၊ ပယောဂတိုင်း ပါစိတ်။

**ဥပစာရယူပုံ။** ။ကြီးသောကျောင်း၌ ညောင်စောင်းအင်းပျဉ်၏ ဝန်းကျင် တတောင့်ထွာပတ်လည်သည်၊ ငယ်သောကျောင်း၌ ရရာဘက် တတောင့်ထွာသည် ညောင်စောင်းအင်းပျဉ်၏ ဥပစာရမည်၏။ ခြေဆေးရာ ကျောက်ဖျာမှ ညောင်စောင်းအင်းပျဉ်ထိ အဝင်လမ်း၏ရင်း၊ ညောင်စောင်း အင်းပျဉ်မှ ကျင်စွန့်ရာ အရပ်ထိ အထွက်လမ်း၏ရင်း-တတောင့်ထွာ အကျယ်သည် အဝင်အထွက်၏ ဥပစာရမည်၏။

**မထစေအပ်သူ သုံးယောက်။** ။သီတင်းကြီးကို မိမိထက် ကြီးသောကြောင့် မထစေအပ်။ သူနာကို သနားစရာ မမာခြင်းကြောင့် မထစေအပ်။ သံဃာပေးသောသူကို သံဃာသည် အပလောကနကံဖြင့် သမုတ်၍ ပေးအပ်သောကြောင့် မထစေအပ်။ သံဃာသည် ဘဏ္ဍာစိုး၊ ဓမ္မကထိက၊ ဝိနည်းဓိုရ်၊ စာချဆရာတို့အား ကျေးဇူးများခြင်း၊ ဂုဏ်ထူးရှိခြင်း နှစ်ချက်ကို၊ ဝါ၊ တချက်ချက်ကို မှတ်သား၍ အမြဲနေစရာကျောင်းကို သီးခြားသမုတ်၍ ပေးထားတတ်၏။ မဟာဝါ စိဝရက္ခန္ဓကဋ္ဌကထာ၌ သီတင်းကြီး၊ ဘဏ္ဍာစိုး၊ သူနာ၊ ဂုဏ်ထူးရှိ၍ သံဃာပေးသူ လေးယောက်ကို မထစေအပ်ဟု ဆို၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ တိုးဝှေ့၍နေခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ ပုဂ္ဂလိကကျောင်း၌ တိကဒုက္ကဋ်။ ဆိုပြီးသော ဥပစာရမှ ပြင်ပစည်းဝေးရာဇရပ်စသည်၌ရင်း၊ ကျောင်းဥပစာရ၌ရင်း ခင်းအံ့၊ ခင်းစေအံ့၊ ထိုင်အံ့၊ အိပ်အံ့၊ ဒုက္ကဋ်။ မိမိ၏ ကျောင်ဖြစ်အံ့၊ အကျွမ်းဝင်သူ၏ ပုဂ္ဂလိကကျောင်းဖြစ်အံ့၊ ဂိလာနဖြစ်၍ တိုးဝှေ့၍ ဝင်နေအံ့၊ အအေးအပူနှိပ်စက်၍ ဝင်နေအံ့၊ ဘေးရန်ရှိ၍ ဝင်နေအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

သံဃိကကျောင်းဖြစ်ခြင်း၊ မထစေအပ်သူဟု သိခြင်း၊ ကျဉ်းမြောင်းစေလိုခြင်း၊ ဥပစာရ၌ ထိုင်ခြင်း၊အိပ်ခြင်း။ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။ဒုက္ခဝေဒနာသာ ထူး၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ကောင်းမြတ်သောနေရာတို့ကို နှောင့်ယှက်ကုန်၏။မထေရ်ကြီးတို့က ထခိုင်းသောအခါ ငါတို့ကြဉ်၍ ဝါဆိုမည်၊ကျဉ်းမြောင်းသူ ဖဲလတ္တံ့ဟုဆို၍ မထေရ်ကြီးတို့ကို တိုးဝှေ့၍ ထိုင်ခြင်း အိပ်ခြင်းကို ပြုကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၇-နိက္ကဍ္ဍန**။ ။ယော ပန ဘိက္ခု။ဘိက္ခုံ၊ကို။ကုပိတော၊ အမျက်ထွက်သည်ဖြစ်၍။ အနတ္တမနော၊နှလုံးမသာယာသည်ဖြစ်၍။ သံဃိကာ၊ သံဃာ၏ ဥစ္စာဖြစ်သော။ ဝိဟာရာ၊မှ။ နိက္ကဍ္ဍေယျ ဝါ၊ ကိုယ်တိုင်မူလည်း နှင်ထုတ်ငြားအံ့။ နိက္ကဍ္ဍာပေယျ ဝါ၊ သူတပါးကိုမူလည်း နှင်ထုတ်စေငြားအံ့။ တဿ ဘိက္ခုနော။

**အဓိပ္ပာယ်**။ ။အမျက်ထွက်သူသည် ကုပိတ။နှစ်သက်သောစိတ်မရှိသောကြောင့် အနတ္တမနမည်၏။ မိမိ၏စိတ်မရှိ။အကျိုးမဆောင်သောစိတ်သည် မိမိစိတ်မမည်။ ဘုံအထပ်များသော ပြာသာဒ်ကျောင်း၊ တံခါးမုခ်ထွက်များသော ဇရပ်ကျောင်းစသည်တို့၌ ကိုင်၍ အကြားမရပ်စေပဲ ပယောဂတချက်ဖြင့် လွန်စေအံ့၊ ပါစိတ်တချက်။ အကြားရပ်စေ၍ ပယောဂအသီးသီးဖြင့် လွန်စေအံ့၊ တံခါးအရေအတွက်အားဖြင့် ပါစိတ်။ လက်ဖြင့်မကိုင်ပဲ ထွက်လော့-ဟု နှုတ်ဖြင့် နှင်ရာ၌လည်း ဤအတူတည်း။ နှင်လော့ဟု စေခိုင်းအံ့၊ဒုက္ကဋ်။ တကြိမ်ခိုင်းလျှင် တံခါးများစွာ လွန်စေသော်လည်း ပါစိတ်တချက်။ တံခါးဤမျှတိုင်အောင် တံခါးမကြီးတိုင်အောင် နှင်လော့ဟု ခိုင်းအံ့၊ တံခါးအရေအတွက်အားဖြင့် ပါစိတ်။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ သံဃိကကျောင်းမှ နှင်ထုတ်ခြင်းကြောင့် ပညတ်၏။ သာဓာရဏပညတ်၊သာဏတ္တိက။ တိကပါစိတ်။ ပုဂ္ဂလိကကျောင်း၌ တိကဒုက္ကဋ်။ရဟန်း၏ပရိက္ခရာကို ဆွဲထုတ်အံ့၊ကျောင်းဥပစာ၊ စည်းဝေးရာဇရပ်၊မဏ္ဍပ်၊ သစ်ပင်ရင်းမှ ရဟန်းကို၊ ရဟန်း၏ပရိက္ခရာကို နှင်အံ့၊ အနုပသမ္ပန္နကို၊အနုပသမ္ပန္န၏ပရိက္ခရာကို ကျောင်းစသည်မှ နှင်အံ့၊ ဒုက္ကဋ်။ မဖွဲ့သောပရိက္ခရာဖြစ်အံ့၊ ပရိက္ခရာ အရေအတွက်အားဖြင့် ဒုက္ကဋ်။ မိမိကျောင်းမှ၊

အကျွမ်းဝင်သူ၏ ပုဂ္ဂလိကကျောင်းမှ နှင်အံ့၊ သံဃာ့အရံ တခုလုံးမှ ငြင်းခုံသော ရဟန်းကိုရင်း၊ ပရိက္ခာရာကိုရင်း နှင်အံ့၊ မိမိနေရာဌာနမှ အလဇ္ဇီ၊ ဥမ္မတ္တက၊ ကောင်းစွာမကျင့်သော အန္တေဝါသိက သဒ္ဓိဝိဟာရိက ရဟန်းကို ပရိက္ခာရာကို နှင်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ (အလဇ္ဇီ စသည်ကို ယုတ်မာမှုကို စက်ဆုပ်၍ အမျက်မထွက်သော စိတ်ဖြင့် နှင်ရသည်။)

သံဃိကကျောင်း ဖြစ်ခြင်း၊ ခိုက်ရန်စသည် မပြုသော ရဟန်းဖြစ်ခြင်း၊ အမျက်ထွက်၍ နှင်ခြင်း၊ နှင်စေခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန် စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာသာ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။သတ္တရသဝဂ္ဂီတို့သည် နေရာစွန်း၌ ကျောင်းကြီးတဆောင်ကို ဝါတွင်းနေမည်ဟု ပြုပြင်ကုန်၏။ ဆဗ္ဗဂ္ဂီတို့သည် ပြီးအောင်ဆိုင်း၍ ပြီးသောအခါ ငါ့ရှင်တို့၊ ဤကျောင်းသည် ငါတို့အား ရောက်၏။ ဖယ်ကြလော့ဟု ဆိုကုန်၏။ ငါ့ရှင်တို့၊စောစောကပြောလျှင် တပါးသောကျောင်းကို ပြုပြင်နိုင်ရာ၏ဟူ ဆိုလတ်သော် သံဃိကကျောင်းဖြစ်သည်။ ဖယ်ကြ၊ ငါတို့အား ရောက်သည်ဟု ဆိုကုန်၏။ ကျောင်းကျယ်ပါသည်။ အသင်တို့လည်း နေကြပါ၊ အကျွန်ုပ်တို့လည်း နေကြမည်ဟု ဆိုလတ်သော် ထရမည်ဟု ဆို၍ အမျက်ဒေါသဖြင့် လည်ပင်းကိုင်၍ နှင်ထုတ်ကုန်၏။ သတ္တရသဝဂ္ဂီတို့ ငိုကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၈-ဝေဟာသကုဋီ။ ။ယော ပန ဘိက္ခု။ သံဃိကေ။ ဝိဟာရေ။ ဝေဟာသကုဋိယာ၊ (ပျဉ်မခင်း၍) ဟင်းလင်း အပြင်ရှိသောကျောင်း၏။ ဥပရိ၊ (ရက်မ၊ ဆင့်တို့၏) အထက်၌။ (ထပိကံ၊ ထားသော) အာဟစ္စပါဒကံ၊အပေါင်၌ အခြေတပ်သော။ မဉ္စံဝါ၊ ကိုရင်း။ပီဌံဝါ။ အဘိနိသီဒေယျဝါ၊ တက်၍မူလည်း ထိုင်ငြားအံ့။ အဘိနိပဇ္ဇေယျဝါ၊ တက်၍မူလည်း အိပ်ငြားအံ့။ တသ။

အဓိပ္ပာယ်။ ။အထက်ထပ် ပျဉ်မခင်းသော နှစ်ထပ်သုံးထပ် ကျောင်းသည် ဝေဟာသကုဋီမည်၏။ ထိုကျောင်းသည် မဇ္ဈိမပုရိသ ဦးခေါင်း လွတ်အောင်လည်း မြင့်သည်။ အထက်ထပ်၌ ရက်မ၊ ဆင့်မျှထား၍ ဆင့်ထက်၌ ညောင်စောင်းတင်၍လည်း သုံးသည်။ အပေါင်၌ထွင်း၍ အခြေသွင်းသော ညောင်စောင်းအင်းပျဉ်သည် အာဟစ္စပါဒကမည်၏။ ထိုမဇ္ဈိမပုရိသ တရပ်

လွှတ်သောကျောင်း၏ ရက်မထက်၊ ဆင့်ထက်ထားသော အပေါင်၌ အခြေစွပ်သော ညောင်စောင်းအင်းပျဉ်၌ ထိုင်အံ့၊ပါစိတ်။အိပ်အံ့၊ပါစိတ်။ ထိုင်တိုင်း အိပ်တိုင်း ပါစိတ်။ နှစ်ခုလုံး ပြုအံ့၊ ပါစိတ် နှစ်ချက်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရဟန်းတပါး ဝေဟာသကုဋီ၌ ထားသော အာဟစ္စပါဒက ညောင်စောင်းအင်းပျဉ်ကို အဆောတလျင် တက်ထိုင်ခြင်း အိပ်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိက ပါစိတ်၊ ပုဂ္ဂလိကကျောင်း၌ တိကဒုက္ကဋ်။ မိမိကျောင်းဖြစ်အံ့၊ အကျွမ်းဝင်သူ၏ ပုဂ္ဂလိကကျောင်းဖြစ်အံ့၊ ဝေဟာသကုဋီမဟုတ်အံ့၊ ဦးခေါင်းမလွှတ်သော ဝေဟာသကုဋီဖြစ်အံ့၊ အောက်၌ သစ်သားစသည် ရှိသဖြင့် အသုံးမပြုအံ့။ အထက်ထပ်၌ ပျဉ်ခင်းအံ့ အင်္ဂတေစသည်ဖြင့် အပြေအပြစ် ပြုအံ့၊ မထိုင်မအိပ်ပဲ ရပ်၍ တခုခုယူအံ့၊ ဆွဲအံ့၊ မယ်နပေးသော ညောင်စောင်း အင်းပျဉ်ဖြစ်အံ့၊ ခြေစွန်းအထက်၌ မယ်နပေးအံ့၊ (စရွေးစွန်း၌ ကလန့်နှက်သည်ဟူလို) ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ သံဃိကကျောင်းဖြစ်ခြင်း၊ ဦးခေါင်းလွှတ်အောင်မြင့်သော ဝေဟာသကုဋီ ဖြစ်ခြင်း၊ အောက်ထပ်၌ အသုံးပြုခြင်း။ မယ်နမပေးသော အာဟစ္စပါဒက၌ထိုင်ခြင်း၊ အိပ်ခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် ဠေကလောမနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရဟန်းနှစ်ပါးသည် သံဃိကကျောင်း၌ ဝေဟာသကုဋီ၌ အထက်တပါး၊ အောက်တပါး နေကြ၏။အထက်ရဟန်းသည် အာဟစ္စပါဒက ညောင်စောင်းကို အဆောတလျင် တက်ထိုင်၏။ အခြေသည် ကျွတ်၍ အောက်ရဟန်းထိပ်ထက် ကျ၏။ ဖောက်ပြန်သောအသံပြု၏။ ရဟန်းတို့၊ ပြေးလာ၍ မေးကုန်၏။ ထိုအကြောင်းသိ၍ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၉-မဟလ္လကဝိဟာရ။** ။မဟလ္လကံ။ ဝိဟာရံ။ ကာရယမာနေန။ ဘိက္ခုနာပန။ ယာဝဒွါရကောသာ၊ တံခါးပေါင်၏ နှစ်တောင့်ထွာ အရပ်တိုင်အောင်။ အဂ္ဂဠဋ္ဌပနာယ၊ တံခါးနှင့်တကွ တံခါးအိမ်ကို မြဲစွာထားခြင်းငှာ။ အာလောကသန္ဓိ ပရိကမ္မာယ၊ အထက် လေသာပြတင်းကို အပြေအပြစ် ပြုခြင်းငှာ။ (ပုန်ပွန်း၊ အထပ်ထပ်။ လေပေတဗ္ဗာ၊ လိမ်းကျံစေအပ်၏။) ဆဒနဿ၊ အမိုး၏။ ဒွတ္တိပရိယာယံ၊ နှစ်စဉ်သုံးစဉ် မိုးခြင်းကို။ အပ္ပဟရိတေ၊ စိမ်းစိုသော ကောက်ပဲမရှိရာ

ဠ္ဌ။ ငိုတေန၊ တည်သဖြင့်။အခိင္ဓာတဗ္ဗ၊စီရင်ဒအပ်၏။တတော၊ ထို့ထက်။ ဥတ္တရိ၊ အလွန်။ အပ္ပဟရိတေပိ၊ ဌ္ဌလည်း။ ဌိတော၊ တည်လျက်။ စေ အခိင္ဓေယျံ၊ အကယ်၍ စီရင်ငြားအံ့။ တဿ။

**အခိပ္ပာယ်။** ။မဟလ္လကသည် ဒါယကာရှိ၏။ ဝိဟာရသည် တွင်းပ လိမ်းကျံ ၏။ ပိဋ္ဌသံဃာဋ ဟူသော တံခါးပေါင် (ကျည်းခွေ)၏ ဝန်းကျင်နှစ်တောင့်ထွာ အရပ်သည် ဒွါရကောသ မည်၏။ တံခါးရွက်၏ အကျယ်ပမာဏ အရပ်ဟူလို။ တံခါးရွက်နှင့်တကွ တံခါးအိမ်သည် အဂ္ဂဠမည် ၏။ တံခါးရွက်မလှုပ်အောင် မြဲစွာထားခြင်းသည် အဂ္ဂဠတ္ထပန မည်၏။လေသာ ပြတင်းတံခါးသည် အာလောကသန္ဓိ မည်၏။ တံခါးမလှုပ်အောင် ထားခြင်း ငှာ၊ လေသာပြတင်း အပြေအပြစ် ပြုခြင်းငှာ အဘယ်သို့ ပြုရမည်ဟု မဟော သော်လည်း အဋ္ဌုပ္ပတ္တိအားဖြင့် အဖန်ဖန် အထပ်ထပ် လိမ်းကျံရခြင်းကို သိအပ်၏။ တံခါးရွက်မလှုပ်အောင် ထားရခြင်းအကြောင်းကား တံခါးရွက် ဖွင့်သောအခါ နံရံကို ထိခိုက်၏။ ပိတ်သောအခါ ကျည်းခွေကို ထိခိုက်၏။ ထိခိုက်ဖန်များလျှင် နံရံလှုပ်၍ မြေစိုင်လှုပ်၍ ချောင်၏၊ ကြွ၏။ ပျက်ကျတတ် ၏။ ထို့ကြောင့် ဒွါရကောသဝန်းကျင် လိမ်းကျံရသည်။ ဝန်းကျင်ဟုဆိုသော် လည်း နံရံမြင့်လျှင် အထက်နှင့် ဘေးသုံးဘက်သာ၊ ကျောင်းငယ်လျှင် ဘေး နှစ်ဘက်သာ လိမ်းကျံရသည်။ အောက်၌ နေရာရှိမူကား အောက်၌လည်း လိမ်း ကျံခြင်းငှာ ရသေး၏။ လေသာပြတင်းတံခါး၌ကား တထွာ၊ တထွာသာသာ နံရံကို ထိခိုက်၏။ လေးဘက်လုံး လိမ်းကျံရသည်။ လေသာတံခါးရွက် အကျယ် ပမာဏရှိသော အရပ်ကို အပြေအပြစ် ပြုခြင်းငှာ လိမ်းကျံရသည်။ ဤကား အင်္ဂတေ မြေညက်ဖြင့် လိမ်းကျံခြင်း၌ ပြုဖွယ်တည်း။ သေဘဝဏ္ဏ အဆင်းဖြူ စသည်ကို အလိုရှိတိုင်း လိမ်းကျံခွင့် ရ၏။

အမိုး၌ ပြုဖွယ်ကား အမိုးနှစ်ထပ် သုံးထပ်လည်၍ မိုးခြင်းသည် ဒွတ္တိစ္ဆဒ နဿပရိယာယမည်၏။ ဤ၌ မြက်သစ်ရွက်ဖြင့် လည်၍ မိုးခြင်းကို အုတ်ကြွပ်၊ ကျောက်ချပ်၊ အင်္ဂတေဖြင့် အဖြောင့်မိုးခြင်းကို ယူအပ်၏။ ဒွတ္တိသည် ပရိ ယာယပုဒ်နှင့် အနက်စပ်သောကြောင့် အတ္ထသမာသ်ဖြစ်၏။ ပုဗ္ဗဏ္ဏ-စပါးမျိုး ခုနစ်ပါးသည်ရင်း၊ အပရဏ္ဏ-ပဲ၊ နှမ်း၊ ဗူး၊ ဖရုံစသည်သည်ရင်း ဟရိတ မည်၏။ပုဗ္ဗဏ္ဏ အပရဏ္ဏ မရှိရာအရပ်သည် အပ္ပဟရိတ မည်၏။မျိုးကြဲပြီးသော အရပ်လည်း ဟရိတသာတည်း။ ထို့ကြောင့် ထိုသို့သော ဟရိတနေရာ၌ နေ၍ စီရင်အံ့၊ဒုက္ကဋ်။အပ္ပဟရိတနေရာ၌နေ၍ စီရင်သော်လည်း ခေါင်လျှောက်စုလစ်

မွန်းချွန် ထုပိကာ၏ နံပါး၌ နေသောသူသည်၎င်း၊ မြဲ၍နေသော ရဟန်းသည်၎င်း တဦးကိုတဦး အမိုးအဆုံး ခြင်မြှိတ်စွန်းဖြင့် မြင်နိုင်လောက်သော မြေအဖို့၌နေ၍ စီရင်ရသည်။ အပ္ပဟရိတ၌နေ၍ မိမိ၏ ဝါသာဂါရမဟလ္လက ဝိဟာရကို ကြာမြင့်စွာမိုးမစွတ်အောင် အထပ်ထပ်မိုးလိုလျှင် အဖြောင့်၊အလည်စိတ်တိုင်းကျ ဖန်ဖန်စီရင်၍ နှစ်ထပ်ပြီးသောအခါ တတိယအထပ်ကို ဤသို့ မိုးလော့ဟု စီရင်၍ ဖဲအပ်၏။ မဖဲလျှင် ဆိတ်ဆိတ်နေအပ်၏။ ထို့ထက်အလွန်စီရင်အံ့၊ အုတ်၊ကျောက် အရေအတွက်၊ အင်္ဂတေစိုင်အရေအတွက်၊ မြက်ဆုပ်အရေအတွက်၊ သစ်ရွက်အရေအတွက်အားဖြင့် ပါစိတ်။

**အဆုံးအဖြတ်။** ။ကောသမ္ဗီ၌ ရှင်ဆန္န အထပ်ထပ်မိုးစေခြင်း၊ လိမ်းကျံစေခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက၊ **တိကပါစိတ်။** နှစ်ထပ်သုံးထပ်အောက် မိုးခြင်း၌ ဒုက္ကဋ်။ ဖြူနီစသော အဆင်းပြုအံ့၊ ခြူးပန်းစသည်ပြုအံ့၊ သုံးထပ်၊ သုံးထပ်အောက် မိုးအံ့၊ လိုဏ်၊ ဂူ၊ မြက်မိုးကျောင်းဖြစ်အံ့၊ သူတပါးအလို့ငှာ ပြုအံ့၊ မိမိဥစ္စာဖြင့် ပြုအံ့၊ ဝါသာဂါရမဟုတ်သော ဥပုသ်အိမ်စသည်ဖြစ်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ (လိုဏ်သည် တံခါးအဖွဲ့ရှိ၏။ ဂူသည် တောင်ဂူသက်သက်ဖြစ်၏။)

မဟလ္လက ဝိဟာရဖြစ်ခြင်း၊ မိမိ၏ ဝါသာဂါရဖြစ်ခြင်း၊ အမိုးသုံးထပ်ထက် အလွန်စီရင်ခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် သဉ္စရိတ္တနှင့်တူ၏။

**ဝတ္ထု။** ။ကောသမ္ဗီ၊ ဃောသိတာရုံ။ ရှင်ဆန္န၏ ဒါယကာ အမတ်ကြီးသည် ရှင်ဆန္နအလို့ငှာ ကျောင်းကြီးကို ဆောက်စေ၏။ရှင်ဆန္နသည် ပြုပြီးသောကျောင်းကို အဖန်ဖန် ထပ်မိုးစေ၏။ ထပ်လိမ်းကျံစေ၏။ ကျောင်းကြီးသည် လေး၍ ပြိုကျ၏။ ထိုအခါ မြက်သစ်သားတို့ကို စုရုံးလာသော ပုဏ္ဏားတဦး၏ မုယောခင်းကို ပျက်စီးစေ၏။ ငါ၏မုယောခင်းကို ရဟန်းတို့ဖျက်ဆီးကြသည်ဟု ပုဏ္ဏား ကဲ့ရဲ့၏။ ရဟန်းတို့ကလည်း ပြီးသည်ကို အထပ်ထပ်မိုးစေ၊ လိမ်းကျံစေသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၁၀-သပ္ပါဏက။** ။ယော ပန ဘိက္ခု။ ဇာနံ၊ပိုးသေလိမ့်မည်ဟု သိလျက်။ သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ၊ ရေကို။ တိဏံ ဝါ၊ မြက်သို့၎င်း။ မတ္တိကံ ဝါ၊ မြေသို့၎င်း။ သိဉ္စေယျ ဝါ၊ ကိုယ်တိုင်မူလည်း သွန်းသောင်း

ငြားအံ့။ သိဋ္ဌာပေယျ၀ါ၊ သူတပါးကိုလည်း သွန်းလောင်းစေငြားအံ့။ တသာ။

**အစိပ္ပာယ်။**  ။ပိုးရှိသော ရေဟုမြင်၊ ကြား-တပါးပါးဖြင့် သိလျှင် ဇာနန္တ မည်၏။ ပိုးနှင့်တကွသော ရေသည် သပ္ပါဏကမည်၏။ ပိုးသေနိုင်သော ရေအနည်းကို ဆိုလိုသည်။ ပိုးသေလောက်သော ရေကိုယူ၍ မြေသို့၊ မြက်သို့ ကိုယ်တိုင်လောင်းချရာ၌ ရေအယဥ်မပြတ်ပဲ လောင်းအံ့၊ ရေအိုးတလုံး ပါစိတ်တခု။ ပြတ်၍လောင်းအံ့၊ ပယောဂတိုင်း ပါစိတ်။ မြေသို့ ချေးရှုပြုအံ့၊ တနေ့လုံး စီးစေကာမူ ပါစိတ်တခု။ ထိုဆိုနေရာ ကန်သင်းဖွဲ၍ အရပ်တပါးသို့ ဆောင်အံ့၊ ပယောဂတိုင်း ပါစိတ်။ မြက်သစ်ချက် မြေဘိုကိုယူ၍ ပိုးရှိသော ရေ၌ တကြိမ်တည်း ထည့်အံ့၊ ပါစိတ်တခု၊ အကြိမ်ကြိမ် ထည့်အံ့၊ ပယောဂ တိုင်း ပါစိတ်။ ရေခန်း၍ နောက်၍ ပိုးသေနိုင်သည်ကို ဆိုလိုသည်။ လောင်း ခိုင်းရာ၌ ခိုင်းခြင်းကြောင့် ဒုက္ကဋ်။ တကြိမ်ခိုင်းအံ့ အကြိမ်ကြိမ်လောင်းသော်လည်း ခိုင်းသူအား ပါစိတ်တခု။

**အဆုံးအဖြတ်။**  ။အာဋ္ဌဝိ၌ အာဋ္ဌဝိရဟန်းတို့ ပိုးရှိသောရေကို သွန်းလောင်း ခြင်းကြောင့် ပညတ်၏။ သာမာရာ၊ သာဏာတ္တိက။ ပိုးမရှိသောရေ၌ ပိုးရှိ၏ဟု ထင်မှတ်အံ့၊ ပိုးရှိ၊ မရှိ နှစ်မျိုးလုံး၌ ဝေပတိကဖြစ်အံ့၊ ဒုက္ကဋ်။ ပိုးမရှိဟု မှတ်ထင်အံ့၊ လောင်းလိုသော စေတနာမရှိအံ့၊ သတိမရှိအံ့၊ လောင်းမှန်း မသိအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

ပိုးရှိသော ရေဖြစ်ခြင်း၊ သွန်းလောင်းလျှင် ပိုးသေလိမ့်မည်ဟု သိခြင်း၊ ခန်း၍ နောက်၍ ပိုးသေနိုင်သော ရေအနည်းငယ်ဖြစ်ခြင်း၊ သေစေလိုသော စေတနာမရှိပဲ ပြုဖွယ်ကိစ္စဖြင့် မြက်စသည်တို့သို့ သွန်းလောင်းခြင်း။ဤကား အင်္ဂါလေးပါးတည်း။သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့်တူ၏။ပဏ္ဏတ္တိဝဇ္ဇ၊တိစိတ္တ၊ တိဝေဒနမျှ ထူး၏။

**မှတ်ဖွယ်အထူး။**  ။(ပိုးရှိသောရေကို သိလျက် သောက်သော သပ္ပါဏက ဝဂ် ဒုတိယ-သပ္ပါဏကသိက္ခာပုဒ်လည်း ဝဓကစေတနာ မရှိ။ ဤသပ္ပါဏက နည်းအတိုင်းပင်တည်း။ သေစေလိုသော ဝဓက စေတနာ မရှိပဲလျက် ပိုးကောင်ကျ၍ သေနိုင်သည်ဟု သိသောနေရာတို့၌ မီးထွန်းလျှင် လည်း ပါစိတ်။ ကုသိုလ်ဖြစ် ဘုရားမီးပူဇော်လည်း ပါစိတ်။ သိက္ခာပုဒ်

မသိသော် ရဟန္တာအားသော်သည်း အဗျာကတစိတ်ဖြင့် ပါစိတ်သာတည်း။ သေစေလိုသော စေတနာရှိမှုကား တိရစ္ဆာန် သတ်သော သဉ္စိစ္စပါဏဖြင့် ပါစိတ်။ ကုဋီတွင်း ပိုးလောက်အပေါ်၌ ကျပ်ကြီး ကျင်ငယ် စွန့်ခြင်းကိုလည်း သင့်၊ မသင့် ဝိနည်းဉာဏ် ကွန့်မြူးအပ်၏။

**ဝတ္ထု။** ။အာဠဝီ၊ အဂ္ဂါဠဝစေတီ။ အာဠဝီတိုင်းသား ရဟန်းတို့သည် နဝကမ္မပြုကြစဉ် သိလျက် ပိုးရှိသော ရေကို မြက်သို့ မြေသို့လောင်းကုန်၏။ လောင်းစေကုန်၏။ ရဟန်းတို့သိ၍ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

ဘူတဂါမဝဂ္ဂေါ ဒုတိယော။

---

၁ ဩဝါဒ။ ။ယော ပန ဘိက္ခု။ အသမ္မတော၊ သမ္မုတိမရပဲ။ ဘိက္ခုနိယော၊ ဘိက္ခုနီမတို့ကို။ ဩဝဒေယျ၊ (ဂရုဓမ်ရှစ်ပါးဖြင့်) ဆုံးမငြားအံ့၊ တသ။

**အဓိပ္ပာယ်။** ။သီလ၊ သုတ စသော အင်္ဂါရှစ်ပါးနှင့်ပြည့်စုံသော ရဟန်းအား ဉတ္တိစတုတ္ထကံဖြင့် ဘိက္ခုနောဝါဒက သမ္မုတိကို ခွင့်ပြုသည်။ ထိုကံဖြင့် မသမုတ်အပ်သော ရဟန်းသည် အသမ္မတမည်၏။ ဥဘတောသံဃာ၌ ရဟန်းဖြစ်သော ဘိက္ခုနီသံဃာသည်၎င်း၊ နှစ်ပါး သုံးပါးဂဏသည်၎င်း၊ တပါးတည်းသည်၎င်း၊ ဘိက္ခုနိယောတို့ မည်ကုန်၏။ (ဘိက္ခုနီသက်သက်ထံ ရဟန်းပြုသော ဧကတောကား ဒုက္ကဋ်ဝတ္ထု) ဂရုဓမ်တရားရှစ်ပါးဖြင့် ဆုံးမခြင်းသည် ဩဝဒေယျ မည်၏။ ဂရုဓမ်ရှစ်ပါးတို့ကို ဩဝါဒစွမ်းဖြင့် အဆုံးရွတ်ဆို၍ ဆုံးမအံ့၊ အဆုံး၌ ပါစိတ်။

**ဆုံးမပုံအမြွက်။** ။သမ္မုတိရသော ရဟန်းသည် မိမိကျောင်း၌ တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေတည်ခြင်း၊ နေရာခင်းခြင်းတို့ကို ပြု၍ အဖော်နှင့် နေရသည်။ ဘိက္ခုနီမတို့သွား၍ ရှိခိုး၍ နေရသည်။ ထိုအခါ ညီညွတ်ကြပြီလောဟု မေးရသည်။ ညီညွတ်ကြပါပြီဟုဆိုလျှင် ဂရုဓမ်ရှစ်ပါး နှုတ်တက်ရကြသလောဟု မေးရသည်။ ရကြပါသည်ဟုဆိုလျှင် ဤသည်လျှင် ဩဝါဒဟုဆို၍ အပ်နှင်းရသည်။ မရကြပါဟုဆိုလျှင် "ဝဿသတုပသမ္ပန္နာယ ဘိက္ခုနိယာ တဒဟုပသမ္ပန္နဿ ဘိက္ခုနော အဘိဝါဒနံ ပစ္စုဋ္ဌာနံ အဉ္ဇလိကမ္မံ သာမိစိကမ္မံ ကာတဗ္ဗံ။ အယံမ္ပိ ဓမ္မော သက္ကတွာ ဂရုံကတွာ မာနေတွာ ပူဇေတွာ ယာဝဇီဝံ အနတိက္ကမနီယော" စသည်ဖြင့် ဂရုဓမ္မရှစ်ပါး အပြီးအဆုံး ဟောရသည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ဆုံးမခြင်းကြောင့် ပညတ်၏။အသာ ဓာရဏ၊ အနာဏတ္တိကံ။ (ပရိဝါ၌ အနုပညတ်တခုဟု ဆို၏။) တပါးသောဓမ္မဖြင့် ဆုံးမအံ့၊ဘိက္ခုနီထံ ရဟန်းဖြစ်သော ကေတော ဘိက္ခုနီကို ဆုံးမအံ့၊ ဒုက္ကဋ်။ အဓမ္မကံဖြင့် သမ္မုတိရသော ရဟန်းသည် ထိုအဓမ္မကံ၌ အဓမ္မကံဟု မှတ်ထင်လျက် ဝဂ္ဂဖြစ်သော ဘိက္ခုနီသံဃာ၌ ဝဂ္ဂသညီ၊ သမဂ္ဂသညီ၊ ဝေမတိကဖြင့် ဆုံးမအံ့၊ တိကပါစိတ်။ ထိုအဓမ္မကံ၌ ဝေမတိကဖြစ်လျက်၊ထိုအတူ တိကပါစိတ်။ ဓမ္မကံဟု မှတ်ထင်လျက်....တိကပါစိတ်။ ဝဂ္ဂဘိက္ခုနီ၌ ကိုးချက်။ ထိုအတူ သမဂ္ဂဘိက္ခုနီ၌ ကိုးချက်။ ဤသို့ အဓမ္မကံ၌ ပါစိတ် ၁၈-ချက်။ ဓမ္မကံဖြင့် သမ္မုတိရသူဖြစ်အံ့၊ ထိုအတူ ၁၈-ချက် တို့တွင် ရှေ ၁၇-ချက် ဒုက္ကဋ်။ နောက်ဆုံးတချက် အနာပတ္တိ။(ဓမ္မကံသမ္မုတိ၌ ဓမ္မကမ္မသညီ သမဂ္ဂဘိက္ခုနီ၌ သမဂ္ဂသညီဖြင့် ဆုံးမအံ့၊ အနာပတ္တိဟူလို။) ညီညွတ်ကြပါပြီဟုဆိုလျက် တပါးသောဓမ္မကို ဟောအံ့၊ မညီညွတ်သေးပါဟု ဆိုလျက် ဂရုဓမ်ကို ဟောအံ့၊ ဤသည်လျှင် ဩဝါဒဟု မအပ်နှင်းပဲ တပါးသော ဓမ္မကို ဟောအံ့၊ ဒုက္ကဋ်။ ဂရုဓမ္မပါဠိကို သင်ပေးအံ့၊ ရင်းအဋ္ဌကထာကို သင်ပေးအံ့၊ ရွတ်ဆိုပါဟု တောင်းပန်သဖြင့် ရွတ်ဆိုအံ့၊ပြဿနာမေးအံ့၊ မေး၍ ဖြေအံ့၊ သူတပါးအလို့ငှာ ဟောသည်ကို ဘိက္ခုနီတို့ နားထောင်ကုန်အံ့၊သိက္ခမာန်၊သာမဏေမတို့အား ဟောအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

သမ္မုတိမရခြင်း၊ ဥဘတော ဥပသမ္ပန္န ဘိက္ခုနီဖြစ်ခြင်း၊ ဩဝါဒစွမ်းဖြင့် အဋ္ဌဂရုဓမ္မဟောခြင်း။ဤကား အင်္ဂါသုံးပါးတည်။ သမုဋ္ဌာန်စသည် ပဒသော ဓမ္မနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ဇေတဝန်။မထေရ်ကြီးတို့သည် ဘိက္ခုနီမတို့ကို ဆုံးမကြသဖြင့် သက်န်းစသော လာဘ်များစွာ ရကြကုန်၏။ ဆဗ္ဗဂ္ဂီတို့လည်း ဘိက္ခုနီတို့ထံကပ်၍ ငါတို့ထံ လာကြ၊ ငါတို့ဆုံးမကုန်အံ့ဟု ဆိုကုန်၏။ ဘိက္ခုနီ တို့ သွားကြသောအခါ တရားအနည်းငယ်ဟော၍ မင်္ဂဖိုလ်မှ ဗိလာ တိရစ္ဆာန ကထာဖြင့် အချိန်ကုန်မှ ပြန်လွှတ်ကုန်၏။တနေ့၌ ဘိက္ခုနီတို့သည် ဘုရားရှင်ထံ ဆည်းကပ်သောအခါ အသို့နည်း၊ ဩဝါဒပြည့်စုံစွာ နာကြရ၏လောဟု မိန့်တော်မူလတ်သော် ဆဗ္ဗဂ္ဂီရဟန်းတို့ တရားအနည်းငယ်ဟော၍ တိရစ္ဆာန ကထာဖြင့် အချိန်ကုန်၍ ဩဝါဒပြည်စုံစွာ မနာကြရပါဟု လျှောက်ကုန်၏။ ဘိက္ခုနီတို့ကို တရားဟော၍လှူက်လိုက်ပြီးလျှင် ချစ်သားတို့၊ ဘိက္ခုနောဝါဒက ရဟန်းကို သမုတ်ခြင်းငှာ ခွင့်ပြု၏။ ရှေးဦးစွာ ရဟန်းကို တောင်းပန်၍ ဥတ္တိ

စတုတ္ထကံဖြင့် သံဃာ ကိုသိစေအပ်၏ဟု မိန့်တော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

ထိုအခါ မထေရ်ကြီးများ သမ္မုတိရ၍ ဆုံးမသဖြင့် လာဘ်များကုန်၏။ ဆဗ္ဗဂ္ဂီတို့လည်း သိမ်ပသို့သွား၍ အချင်းချင်း သမုတ်၍ ဘိက္ခုနီတို့ထံကပ်၍ ငါတို့လည်း သမ္မုတိရကုန်ပြီ၊ လာကြကုန်လော့ဟု ဆိုကုန်၏။ ဘိက္ခုနီတို့ သွားသောအခါ ရှေးအတိုင်း တိရစ္ဆာနကထာဖြင့် အချိန်ကုန်စေကုန်၏။ ဘိက္ခုနီတို့ ဘုရားရှင်ထံ ဆည်းကပ်၍ မေးသောအခါ ထိုအတိုင်း လျှောက်ကုန်၏။ ချစ်သားတို့၊ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောရဟန်းကို ဘိက္ခုနောဝါဒက ရဟန်းဟု သမုတ်ခြင်းငှာ ခွင့်ပြု၏။

ရှစ်ပါးကား သီလရှိ၏။ဗဟုသုတရှိ၏။ ဒွေမာတိကာအကျယ် နှုတ်၌လာ၏။ ကောင်းသောစကားကို ဆိုတတ်၏။ (၄) ဘိက္ခုနီအများ ချစ်ခင်ကြည်ညို၏။ ဘိက္ခုနီတို့ကို ဆုံးမခြင်းငှာ စွမ်းနိုင်၏။ ဘိက္ခုနီတဦးဦးနှင့် ဂရုဓမ္မ လွန်ကျူးခြင်း မရှိစဘူး။(ဝါ-ဖက်ယမ်းမေထုန် မကြုံစဘူးခြင်း၊) ရဟန်းဝါ နှစ်ဆယ်၊ နှစ်ဆယ်ထက် လွန်၏။ (၄) ဤအင်္ဂါရှစ်ပါးနှင့် ပြည့်စုံသောရဟန်းကို ဘိက္ခုနောဝါဒက ရဟန်းဟု သမုတ်ခြင်းငှာ ခွင့်ပြု၏ဟု မိန့်တော်မူသည်။

> သီလ- သုတ၊ ဒွေကို ရ၍၊ ကောင်းလှစကား၊ အများချစ်ခင်၊ ညွှန်သင်တတ်စွမ်း၊ မယ်ရဟန်းနှင့်၊ ဖက်ယမ်းမေထုန်၊ မကြုံစဘူး၊ လွန်ကျူး နှစ်ဆယ်၊ ဤရှစ်သွယ်၊ မှတ်ဖွယ်ဩဝါဒ။

**ဂရုဓမ်ရှစ်ပါး။** ။ဘိက္ခုနီသည် ဝါတရာရသော်လည်း ယခုဖြစ်စ ရဟန်းငယ်ကို ရှိခိုးခြင်းစသည်ဖြင့် အလေးအမြတ် ပြုရသည်။ ရဟန်းအနီး မရှိသောကျောင်း၌ ဝါမဆိုရ။ လဆွဲတိုင်း ရဟန်းသံဃာထံ ဥပုသ်မေးခြင်း၊ ဩဝါဒအလို့ငှာ ချဉ်းကပ်ခြင်းဟူသော တရားနှစ်ပါးကို တောင့်တရသည်။ ဝါကျွတ်သောအခါ ဥဘတောသံဃာ၌ ပဝါရဏာပြုရသည်။ (၄)၊ ဂရုဓမ္မအာပတ်ရောက်လျှင် ပက္ခမာနတ် ၁၅-ရက်ကျင့်ရသည်။ တရားခြောက်ပါး ၂-နှစ်ကျင့်ပြီးမှ သိက္ခမာန်ကို ဥဘတောသံဃာ၌ ရဟန်းပြုရသည်။ ရဟန်းကို မည်သည့်နည်းဖြင့်မျှ ဓဆဲရ, မမြည်ရ, မခြိမ်းခြောက်ရ။ ရဟန်းတို့၌ ပြောဆိုနိုင်ခြင်းမပြုရပဲ ဘိက္ခုနီတို့၌သာ ရဟန်းတို့က ပြောဆိုနိုင်ရသည်။(၄)ဤရှစ်ပါးကို အလေးပြုအပ်၏။ တသက်လုံး မလွန်ကျူးရ။ ဤကား အဋ္ဌဂရုဓမ္မဝါ၊ ဂရုဓမ်တရား ရှစ်ပါးတည်း။

ရှိခိုး-ဝါကပ်၊ လခွဲကပ်၊ နှစ်ရပ် ပဝါရဏာ။
နှစ်နှစ်သိက္ခာ၊ ပက်မာန်၊ ပြန်ဟ မဆဲရန်။
ရဟန်းဆိုသျှ၊ ငုံခံရ၊ အဋ္ဌ ဂရုဓမ်။

၂-အတ္ထင်္ဂတ။ ။သမ္မတော၊ သမ္မုတိရသော။ ဘိက္ခုပိ၊ ရဟန်းသည်လည်း။ သူရိယေ၊ နေသည်။ အတ္ထင်္ဂတေ၊ ဝင်သည်ရှိသော်။ ဘိက္ခုနိယော၊ ဘိက္ခုနီမတို့ကို။ စေ ဩဝဒေယျ၊ အကယ်၍ဆုံးမငြားအံ့။ တဿ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်စူဠပန် နေဝင်သောအခါ ဆုံးမခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ နေမဝင်သည်၌ ဒုက္ကဋ်။ ဧကတော ဘိက္ခုနီကို ဆုံးမအံ့၊ ဒုက္ကဋ်။ ယခင်သိက္ခာပုဒ်ကဲ့သို့ ဂရုဓမ္မပါဠိကို သင်ပေးအံ့။ လ။ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

နေဝင်သောအခါဖြစ်ခြင်း၊ ဥဘတောဘိက္ခုနီဖြစ်ခြင်း၊ ဆုံးမခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ပဒသောဓမ္မနှင့် တူ၏။ (ဂရုဓမ်မဟုတ် စေကာမူ နေဝင်လျှင် ပါစိတ်။)

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ မထေရ်ကြီးတို့သည် အလှည့်အားဖြင့် ဘိက္ခုနီတို့ကို ဆုံးမကုန်၏။ တခနေ့၌ ရှင်စူဠပန် အလှည့်ကျ၏။ ထိုအခါ ဘိက္ခုနီတို့သည် "ယနေ့ ဩဝါဒပြည့်စုံလိမ့်မည်မဟုတ်။ ထိုဂါထာတခုကိုသာ ရှင်စူဠပန် အဖန်ဖန် ရွတ်ဆိုလတံ့" ဟု ဆိုကုန်၏။ ဘိက္ခုနီတို့ရောက်၍ ရှိခိုး၍ ထိုင်သောအခါ နှမတို့၊ ညီညွတ်ကြပြီလော။ ညီညွတ်ကြပါပြီဘုရား။ ဂရုဓမ် ရှစ်ပါးနှုတ်တက်ကြ၏လော။ နှုတ်တက်ကြပါသည်ဘုရား။ နှမတို့၊ ဤသည်လျှင် ဩဝါဒတည်းဟု ဆောင်နှင်ပြီးလျှင် ဤဂါထာကို ဖန်ဖန်ရွတ်ဆို၏။

အဓိစေတသော အပ္ပမဇ္ဇတော၊
မုနိနော မောနပထေသု သိက္ခတော။
သောကာ န ဘဝန္တိ တာဒိနော၊
ဥပသန္တဿ သဒါ သတိမတော။

အဓိစေတသော၊ လွန်ကဲသော အရဟတ္တဖိုလ်စိတ်ရှိသော။ အပ္ပမဇ္ဇတော၊ မမေ့မလျော့သော။ မောနပထေသု၊ အရဟတ္တမဂ်ဖိုလ်တည်းဟူသော မောန၏

ဖြစ်ကြောင်း ဗောဓိပက္ခိယတရားတို့၌။ သိက္ခတော၊ ကျင့်သော။ တာဒိနော၊ အာရုံကောင်းဆိုး၌ အထူးမရှိ တာဒိဂုဏ်နှင့် ပြည့်စုံသော။ ဥပသန္တဿ၊ ရာဂ စသည်မှ ငြိမ်းသော။ သဒါ၊ အခါခပ်သိမ်း။ သတိမတော၊ သတိရှိသော။ မုနိနော၊ ရဟန္တာအား။ သောကာ၊ စိုးရိမ်ခြင်းတို့သည်။ န ဘဝန္တိ၊ မဖြစ်ကုန်။

ဘိက္ခုနီတို့သည် ယနေ့ ဩဝါဒပြည့်စုံလိမ့်မည်မဟုတ် စသည်ဖြင့် ငါတို့ ပြောခဲ့သည် မဟုတ်လောဟု ဆိုကုန်၏။ ရှင်စူဠပန်ကြားလတ်သော် ကောင်းကင်သို့ ပျံတက်၍ ကောင်းကင်၌ သွားရပ် ထိုင် လျောင်း၍ အခိုးအလျှံ လွှတ်၏။ ကွယ်ပျောက်၏။ ထိုဂါထာကိုလည်း ရွတ်၏။တပါးသောတရားတို့ကိုလည်း များစွာဟော၏။ ဘိက္ခုနီတို့သည် လွန်စွာအံ့ဩ၍ ဝမ်းမြောက်ကုန်၏။ ရှင်စူဠပန်သည် မှောင်မိုက်သည်တိုင်အောင် ဆုံးမ၍ လွှတ်လိုက်၏။ ဘိက္ခုနီတို့သည် မြို့တံခါးပိတ်ထားသဖြင့် မြို့ပြင်၌အိပ်၍ နံနက်စောစော၌ မြို့တွင်းသို့ဝင်ကုန်၏။ လူတို့သည် ဤဘိက္ခုနီမတို့ကား မြတ်သော အကျင့်မရှိ။ ကျောင်း၌ ရဟန်းတို့နှင့် အတူနေ၍ ယခုမှ ရွာတွင်းသို့ ပြန်ဝင်ကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၃-ဘိက္ခုနုပဿယ။** ။ယော ပန ဘိက္ခု။ဘိက္ခုနုပဿယံ၊ ဘိက္ခုနီကျောင်းသို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဘိက္ခုနိယော၊ ဘိက္ခုနီမတို့ကို။ ဩဝဒေယျ၊ (ဂရုဓမ်ရှစ်ပါးဖြင့်) ဆုံးမငြားအံ့။ သမယာ၊ အခါကို။ အညတြ။ ဩဝဒေယျ။ တဿ ဘိက္ခုနော။ ပါစိတ္တိယံ။ ဟောတိ။ တတ္ထ၊ ဘိက္ခုနီမကျောင်းသို့သွား၍ ဆုံးမရာ၌။ အယံ၊ ဤဆိုလတံ့သည်ကား။ သမယော၊ အခါတည်း။ ဘိက္ခု၊ ဘိက္ခုနီမသည်။ ဂိလာနာ။ ဟောတိ။အယံ၊ ဤသည်ကား။ တတ္ထ။ သမယော။

အဓိပ္ပာယ်။ ။တည်ဥ္မျ ဘိက္ခုနီမနေသော အရပ်သည်သည်း ဘိက္ခုနုပဿယ မည်၏။ အဋ္ဌဂရုဓမ္မဖြင့် ဆုံးမခြင်းသည် ဩဝဒေယျ မည်၏။ ဩဝါဒနာယူခြင်းငှာ၊ ဥပုသ်ပဝါရဏာ မေးခြင်းငှာ မသွားနိုင်သော ဘိက္ခုနီမသည် ဂိလာနာ မည်၏။ အခါကြဉ်၍ ဘိက္ခုနီမနေရာသို့သွား၍ ဂရုဓမ်ဖြင့် ဆုံးမအံ့၊ပါစိတ်။သမ္မုတိမရအံ့၊ပါစိတ် နှစ်ချက်။ နေဝင်အံ့၊ ပါစိတ်သုံးချက်။ သမ္မုတိရသူ နေဝင်အံ့၊ ပါစိတ်နှစ်ချက်။ (သေခိယ၌ ဝါသူပဂတကို ညဥ့်အိပ်ခြင်းငှာ ချဉ်းကပ်သူဟု ဋီကာတို့ မိန့်ဆိုခြင်းသည် ဤတည်ဥ္မျ ဘိက္ခုနီမနေလျှင် ဘိက္ခုနုပဿယ မည်ရာနှင့် ညီညွတ်သည်ထင်၏။

ီအဆုံးအဖြတ်။ ။သက္ကတိုင်းတို့၌ ဆဗ္ဗဂ္ဂီတို့ ဘိက္ခုနီမကျောင်းသို့ ချဉ်းကပ်၍ ဆုံးမခြင်းကြောင့် ပညတ်၏။ အညတြသမယာသည် အနုပညတ်တခုဖြစ်၏။အသာဓာရဏ။ အနာဏတ္တိက။ တိကပါစိတ်။အနုပသမ္ပန္နာ၌ ဒွိကဒုက္ကဋ်။ ဧကတော ဘိက္ခုနီကို အမှတ်မရှိသော တရားဖြင့် ဆုံးမအံ့၊ ဥဘတော ဘိက္ခုနီကို အဋ္ဌဂရုဓမ္မမှ တပါးသောဓမ္မဖြင့် ဆုံးမအံ့၊ ဒုက္ကဋ်။ အခါ၌ ဆုံးမအံ့၊ အနုပသမ္ပန္နာအား ဆုံးမအံ့။ယခင်ကဲ့သို့ ဂရုဓမ္မပါဠိကို သင်ပေးအံ့။ လ။ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

ဘိက္ခုနီ၏ကျောင်းသို့ ချဉ်းကပ်ခြင်း၊ ဥဘတောဘိက္ခုနီဖြစ်ခြင်း၊ အခါမဟုတ်ခြင်း၊ ဂရုဓမ္မဖြင့် ဆုံးမခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် ကထိနနှင့် တူ၏။ ကြိယဖြစ်ခြင်းသာ ထူး၏။

ဝတ္ထု။ ။သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံ။ ဆဗ္ဗဂ္ဂီတို့သည် ဘိက္ခုနီကျောင်းသို့ ချဉ်းကပ်၍ ဆဗ္ဗဂ္ဂီ ဘိက္ခုနီတို့ကို ဆုံးမကုန်၏။ တပါးသော ဘိက္ခုနီတို့က သြဝါဒနာရန် သွားကုန်အံ့ဟု ခေါ်လတ်သော် ငါတို့ မသွား။ ဆဗ္ဗဂ္ဂီအရှင်တို့ ကြွလာ၍ ဆုံးမကြသည်ဟု ဆိုကုန်၏။ ဘိက္ခုနီကျောင်းသို့ ချဉ်းကပ်၍ ဆုံးမကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဘိက္ခုနီကျောင်းသို့သွား၍ မဆုံးမရဟု ပညတ်သည်။ အခါတပါး မိထွေးတော်ဂေါတမီ မကျန်းမာဖြစ်၍ မထေရ်ကြီးများကြွလာ၍ မေးမြန်းကုန်၏။အရှင်ဘုရားတို့၊ မသက်သာသေးပါ၊ တရားဟောကြပါဟု လျှောက်၏။ ဘိက္ခုနီကျောင်းသို့ ချဉ်းကပ် တရားမဟောအပ်ဟု မဟောကြကုန်။ နံနက်တွင် ဘုရားရှင် ကြွလာ၍ မေးမြန်းသောအခါ ရှေး၌ မထေရ်ကြီးများကြွလာလျှင် တရားဟောကြပါသည်။ သက်သာရာရပါသည်။ယခုကား မဟောကြပါ။ထို့ကြောင့် မသက်သာပါဟု လျှောက်၏။ ချစ်သားတို့၊ ဘိက္ခုနီကျောင်းသို့ ချဉ်းကပ်၍ မမာသော ဘိက္ခုနီကို ဆုံးမခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန်ပညတ်ပြန်သည်။

၄-အာမိသ။ ။ယော ပန ဘိက္ခု။ ဝေါ၊ ဤသို့။ ဝဒေယျ၊ဆိုငြားအံ့။ "အာမိသဟေတု၊ အာမိသဟူသော အကြောင်းကြောင့်။ထေရာ၊ မထေရ်ဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဘိက္ခုနိယော၊ တို့ကို။ သြဝဒန္တိ၊ ဆုံးမကုန်၏။" ဣတိဝေါ။ ဝဒေယျ။ တဿ။

**အဓိပ္ပာယ်။** ။သင်္ကန်းစသော လာဘ်သည်လည်းကောင်း၊ ရှိသေသမှု အားလုံးသည်လည်းကောင်း အာမိသ မည်၏။ အာမိသသည်ပင် အကြောင်းဖြစ်သောကြောင့် အာမိသဟေတုမည်၏။ (တဏှာ ဒိဋ္ဌိဟိ အာမသီယတေတိ အာမိသံ။ အာမိသံဧဝ ဟေတု အာမိသဟေတု။)သမ္မုတိရသော ရဟန်းတို့ကို အရှိန်အစော် ကင်းမဲ့အောင်"အာမိသကြောင့် ဘိက္ခုနီတို့ကို ဆုံးမကြသည်"ဟု ပြောဆိုအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ အာမိသကြောင့် ဆုံးမကုန်၏ဟု ဆိုခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ သမ္မုတိကံသည် ဓမ္မကံဖြစ်အံ့၊ တိကပါစိတ်။ အဓမ္မကံဖြစ်အံ့၊ တိကဒုက္ကဋ်။ သမ္မုတိမရသော ရဟန်းကို ဆိုအံ့၊ သမ္မုတိရ၊ မရသော သာမဏေကို ဆိုအံ့၊ ဒုက္ကဋ်။ (ရဟန်းဖြစ်စဉ်က သမ္မုတိရခဲ့၍ ယခု သာမဏေဖြစ်သူသည် သမ္မုတိရသော သာမဏေမည်၏။) ပကတိအားဖြင့် အာမိသကြောင့် ဆုံးမသော ရဟန်းကို ဆိုအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းဖြစ်ခြင်း၊ ဓမ္မကံဖြင့် သမ္မုတိရခြင်း၊ အာမိသမင့်သူဖြစ်ခြင်း၊ ကဲ့ရဲ့လို၍ ဤသို့ဆိုခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနသာ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ မထေရ်ကြီးတို့သည် ဘိက္ခုနီတို့ကို ဆုံးမကြသဖြင့် သင်္ကန်းစသော လာဘ်များကုန်၏။ဆဗ္ဗဂ္ဂီတို့သည်"မထေရ်ကြီးတို့ကား ဆုံးမခြင်းငှာ မြတ်နိုးကြသည်မဟုတ်။ အာမိသကြောင့်သာ ဆုံးမကြသည်"ဟု ဆိုကုန်၏။ ဆဗ္ဗဂ္ဂီတို့ ဤသို့ဆိုကုန်၏ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၅-စီဝရဒါန။** ။ယော ပန ဘိက္ခု။ အညာတိကာယ။ ဘိက္ခုနိယာ၊ အား။ စီဝရံ။ ဒဒေယျ။ ပါရိဝတ္တကာ၊ လဲလှယ်ခြင်းကို။ အညတြ။ (ဒဒေယျ၊) တဿ။

**အဓိပ္ပာယ်။** ။ဆွေမျိုးခုနစ်ဆက်မစပ်သော ဉာတော ဘိက္ခုနီအား ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းကို လဲလှယ်ခြင်းမဟုတ်ပဲ ပေးအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ရဟန်းတပါးသက်န်းပေးခြင်းကြောင့် ပညတ်၏။အကြွင်း သက်န်းခံသော နိဿဂ္ဂိနည်းဖြင့် သိသာပြီ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရဟန်းတပါးသည် သာဝတ္ထိလမ်းတခု၌ ဆွမ်းခံသွားလေ့ရှိ၏။ ဘိက္ခုနီတဦးသည်လည်း ထိုလမ်း၌ ဆွမ်းခံသွားလေ့ ရှိ၏။ဤမည်သော အရပ်၌ ဆွမ်းလောင်းသည်၊ ဟင်းလောင်းသည်ဟု အချင်းချင်း ညွှန်ကြားလေ့ရှိ၏။ မပြတ်မြင်ဘူးသူတို့ ဖြစ်ကုန်၏။ တနေ့၌ ရဟန်းတို့သည် သက်န်းဝေဖန်ကုန်၏။ ထိုဘိက္ခုနီသည် ဩဝါဒအလို့ငှာ သွားသောအခါ ထိုရဟန်းထံ ဝင်၏။ နှမ၊ ငါ၏ဝေစုသက်န်းကို ယူလိုသလောဟု ပန်ကြား၏။ သက်န်း ရခဲလှသဖြင့် ကောင်းပါသည်ဟုဆို၍ ပေးလိုက်ပြီးလျှင် သက်န်းဟောင်းကိုသာ ဝတ်ရုံ၏။ ရဟန်းတို့ မေးသောအခါ ဘိက္ခုနီအား ပေးလိုက်သည်ဟု ဆို၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ချစ်သား ရဟန်း၊ သင်နှင့် အမျိုးတော်သလော။ မတော်ပါဘုရား။ အမျိုးမတော်သူသည် သင့်မသင့်၊ ရှိမရှိ မသိတတ်ဟု ကဲ့ရဲ့၍ ဘိက္ခုနီအား သက်န်းပေးလျှင် ပါစိတ်ဟု ပညတ်သည်။အခါတပါး ရဟန်းတို့သည် ကုက္ကုစ္စရှိ၍ ဘိက္ခုနီတို့အား လဲလှယ်သော သက်န်းကို မပေးကြကုန်။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ချစ်သားတို့၊ သီတင်းသုံးဘော် ငါးယောက်အား လဲလှယ်သော သက်န်းကို ပေးခြင်းငှါ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

၆-စီဝရသိဗ္ဗန။ ။ယော ပန ဘိက္ခု။ အညာဏိကာယ။ ဘိက္ခုနိယာ၊ ၏။ စီဝရံ။ သိဗ္ဗေယျ ဝါ၊ ကိုယ်တိုင်မူလည်း ချုပ်ငြားအံ့။ သိဗ္ဗာပေယျ ဝါ၊ သူတပါးကိုလည်း ချုပ်စေငြားအံ့။ တဿ။

**အဓိပ္ပာယ်။** ။ဤ၌ စီဝရကို ဝတ်ရုံလောက်သော သက်န်းဟု ယူအပ်၏။ ကိုယ်တိုင်ချုပ်အံ့၊ အပ်သွင်း၍နုတ်တိုင်း ပါစိတ်။ အကြိမ်တရာ သွင်းသော်လည်း တကြိမ်တည်း နုတ်အံ့၊ ပါစိတ်တချက်။ ချုပ်လေ့ဟု တခွန်းတည်း ခိုင်းအံ့၊အပ်မှုအားလုံး ပြီးစေသော်သည်း ခိုင်းသူအား ပါစိတ်တချက်။ ဤသက်န်း၌ ပြုဖွယ်အားလုံး သင့်တာဝန်ဟု တခွန်းတည်း ခိုင်းအံ့၊ချုပ်သော ရဟန်းအား အပ်နုတ်တိုင်း ပါစိတ်။ ချုပ်ခိုင်းသောရဟန်းအား တခွန်းတည်းဖြင့် ပါစိတ်များစွာ။ အဖန်ဖန်ခိုင်းရာ၌ ဆိုဖွယ်မရှိ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်ဥဒါယီ သက်န်းချုပ်ခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ သာဏတ္တိက။ တိကပါစိတ်။ အမျိုးမတော်

သော ဘိက္ခုနီဌ် ဒ္ဒိကဒုက္ကဋ်။ ကေတော ဘိက္ခုနီ၏သက်န်းကို ချုပ်အံ့၊ ဒုက္ကဋ်။ အမျိုး တော်အံ့၊ သက်န်းမှတပါး အိဘ်စသော ပရိက္ခရာကို ချုပ်အံ့၊ ချုပ်စေအံ့၊ သိက္ခမာန် သာမဏေမတို့၏ သက်န်းဖြစ်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

အချိုးမတော်သော ဘိက္ခုနီ၏ဥစ္စာဖြစ်ခြင်း၊ ဝတ်လောက် ရုံလောက်သော သက်န်းဖြစ်ခြင်း၊ ဆိုပြီးသောအတိုင်း ချုပ်ခြင်း၊ ချုပ်စေခြင်း။ ဤကား အင်္ဂါ သုံးပါးတည်း။ သမုဋ္ဌာန်စသည် သဥ္စရိတ္တနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥဒါယီသည် သက်န်းချုပ်ခြင်း၌ ကျွမ်းကျင်၏။ ဘိက္ခုနီတဦးသည် ချဉ်းကပ်၍ သက်န်းချုပ်ပေးပါ ဟု ဆို၏။ ချုပ်ဆိုးပြီးသောအခါ သက်န်း၏အလယ်၌ ဆန်းကြယ်သောအရုပ်ကို ရေး၍ သိမ်းထားပြီးလျှင် သြဝါဒအလို့ငှာ သွားသောအခါ ရုံ၍ နောက်ဆုံးမှ လိုက်လေ-ဟု ဆို၏။ ဆိုတိုင်းပြုသဖြင့် လူတို့ ကဲ့ရဲ့ကုန်၏။ ဤဘိက္ခုနီတို့သည် အရှက်ကင်းကုန်၏။ သက်န်း၌ ဆန်းကြယ်သော အရုပ်ရေးထားကုန်၏ ဟု ကဲ့ရဲ့ကုန်၏။ ဘိက္ခုနီတို့သည် ရဟန်းတို့အား "အရှက်မရှိသူတို့အားပင် ဤအရုပ် မတင့်တယ်၊ ရှင်ဥဒါယီအား အဘယ်မှာ တင့်တယ်အံ့နည်း" ဟု လျှောက်ကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၇-သံဝိဓာန။** ။ယော ပန ဘိက္ခု။ ဘိက္ခုနိယာ၊ ဘိက္ခုနီမနှင့်။ သဒ္ဓိံ၊ တကွ။ သံဝိဓာယ၊ (သွားချိန်ကို) တိုင်ပင်၍။ ဧကဒ္ဓါနမဂ္ဂံ၊ တကြောင်းတည်း အစွန့်ရှေသောခရီးသို့။ ပဋိပဇ္ဇေယျ၊ သွားငြားအံ့။ အန္တမသော၊ အယုတ်ဆုံးအားဖြင့်။ ဂါမန္တရမ္ပိ၊ ရွာတပါးသို့လည်း။ ပဋ္ဌပဇ္ဇေယျ။ သမယာ။ အညတြ။ တသ္မိ ဘိက္ခုနော။ ပါစိတ္တိယံ။ ဟောတိ။ တတ္ထ၊ ထိုတိုင်ပင်၍ သွားရာ၌။ အယံ။ သမယော။ မဂ္ဂေါ၊ လမ်းခရီးသည်။ သတ္ထဂမနီယော၊ အဖော်ကုန်သည်နှင့်တကွ သွားအပ်သည်။ ဟောတိ။ သာသင်္ကသမ္မတော၊ ရှိရာဖွယ်ရှိ၏ဟု သမုတ်အပ်သည်။ သပ္ပဋိဘယော၊ ဘေးရန်နှင့်တကွ ဖြစ်သည်။ ဟောတိ။ အယံ။ တတ္ထ။ သမယော။

**အဓိပ္ပာယ်။** ။သွားရာအချိန်ကာလကို ချိန်းဆိုခြင်းသည် သံဝိဓာယမည်၏။ တခုတည်းသော ခရီးရှည်သည်၊ ဝါ-တပေါင်းတည်း ခရီးရှည်

သည် ကေဒ္ဒါနမဂ္ဂမည်၏။ အဖေဖာ်နှင့်ကင်း၍ သွားခြင်းငါ မတတ်ကောင်းသော ခရီးသည် သတ္တဂမနီယမည်၏။ ခိုးသူတို့ နေထိုင်ခြင်း ထင်ရှားလျှင် သာသက်သမ္မတ။ လုယက်သတ်ဖြတ်ခြင်း ထင်ရှားလျှင် သပ္ပဋိဘယ။ ဘိက္ခုနီမ ကျောင်းတိုက်၊ ရဟန်းတို့၏ အရံတွင်း၊ ဝါ၊ ရွာတွင်းကျောင်း။ ဆွမ်းစားကျောင်း၊ တိတ္ထိကျောင်းတိုက်၊ဤလေးဌာနသည် ကပ္ပိယဘူမိမည်၏။ ကပ္ပိယဘူမိ၌ တိုင်ပင်ခြင်းကြောင့်ကား အနာပတ္တိ။ ထပ်သော နေရာ၌ တည်၍ တိုင်ပင်အံ့၊ ဒုက္ကဋ်။ တိုင်ပင်သောအတိုင်း ယနေ့ နက်ဖြန် စသော ချိန်းသော အချိန်ကို မချွတ်စေပဲ ဥဘတော ဘိက္ခုနီနှင့် အတူသွားအံ့၊ လူတို့မှတ်သားသော ဥပစာသို့ မရောက်သေးမီ အနာပတ္တိ။ ဥပစာသို့ ရောက်၍ သက်ဝင်အံ့၊ တလှမ်း ဒုက္ကဋ်။ နှစ်လှမ်း ပါစိတ်။ ဂါမူပစာရသို့ သက်ဝင်တိုင်း ပါစိတ်။ ရွာမရှိရာ၌ ယူဇနာခွဲတိုင်း ပါစိတ်။ ကြက်တပျံကျရွာ၌ ရွာကြားတိုင်း ပါစိတ်ဟု ပါဠိတော်၌ ဟော၏။ အလွန်နီး၍ တတောင်မျှ ခြားသော်လည်း ပါစိတ်ဟု ဖွင့်ကြသည်။ သွားချိန်မချွတ်ပဲ ရွာတံခါး လမ်းခရီးတိုင်ပင် ချွတ်ခြင်းသည် ဤ၌ လိုအပ်သော ချွတ်ခြင်းမဟုတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ တကြောင်းတည်း ခရီးသွားခြင်းကြောင့် ပညတ်၏။ အညတြ သမယာသည် အနုပညတ်တခုဖြစ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ မတိုင်ပင်သည်၌ ဒွိကဒုက္ကဋ်။ ဘိက္ခုနီသည် မတိုင်ပင် ဘိက္ခုသာ တိုင်ပင်အံ့၊ ဒုက္ကဋ်။ သမယဖြစ်အံ့၊ မတိုင်ပင်အံ့၊ ဘိက္ခုနီ တိုင်ပင်သော်လည်း ဘိက္ခု မတိုင်ပင်အံ့၊ သွားချိန် ချွတ်ယွင်းစေ၍၊ သွားအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

နှစ်ယောက်အတူတိုင်ပင်၍ ခရီးရှည်သွားခြင်း၊ သွားချိန် မချွတ်ယွင်းခြင်း၊ အခါမဟုတ်ခြင်း၊ ဘေးရန်မရှိခြင်း၊ ရွာတပါး ဥပစာသို့ သက်ဝင်ခြင်း၊ ဝါ-ယူဇနာခွဲ လွန်ခြင်း။ ဤကား အင်္ဂါငါးပါးတည်း။ (ကေတော ဘိက္ခုနီ၊ သိက္ခမာန်၊ သာမဏေမတို့နှင့် တိုင်ပင်၍သွားလျှင်ကား သဘ္ဘမဝဂ်၊ မာတုဂါမနှင့် တိုင်ပင်သွားသောသိက္ခာပုဒ်ဖြင့် ပါစိတ်။) အဒ္ဓါနသမုဋ္ဌာန်။ (ပ၊ တ၊ စ၊ ဆာ ယူပါအဒ္ဓ၊ ၁၅-)ကြိယ၊ နောသညာ ဝိမောက္ခ။ အစိတ္တက။ ပဏ္ဏတ္တိဝဇ္ဇ။ ကာယကံ၊ ဝစီကံ၊ တိစိတ္တ၊ တိဝေဒန ဖြစ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ဘိက္ခုနီတို့နှင့် အတူတကွ တိုင်ပင်၍ တကြောင်းတည်း ခရီးရှည်သွားကုန်၏။ လူတို့သည် ငါတို့လင်မယား အတူသွားသကဲ့သို့ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဘိက္ခုနီနှင့်

တိုင်ပင်သွားလျှင် ပါစိတ်ဟု ပညတ်သည်။ အခါတပါး ရဟန်းများစွာနှင့် ဘိက္ခုနီများစွာတို့သည် သာကေတမှ သာဝတ္ထိသို့ ခရီးရှည်သွားကုန်၏။ အတူ မသွားအပ်၊ တခြားစီ သွားကြလော့ဟု ဆိုလတ်သော် အရှင်ကောင်းတို့သည် ယောကျ်ားမြတ်ဖြစ်ကုန်၏။ ရှေးဦးစွာ သွားကြပါ-ဟုဆို၍ ဘိက္ခုနီတို့သည် နောက်မှ လိုက်ကုန်၏။ ခရီးအကြား၌ ခိုးသူတို့ လုယက် ဖျက်ဆီးကုန်၏။ ချစ်သားတို့၊ အဖော်ကုန်သည်နှင့်အတူ သွားအပ်သော ရှိရာဖွယ်ရှိ၏ ဟု သမုတ်အပ်သော ဘေးရန်ရှိသောခရီး၌ ဘိက္ခုနီတို့နှင့် အတူ တိုင်ပင်၍ တပေါင်း တည်းသွားခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့်တဖန် ပညတ်ပြန်သည်။

ဂ-နာဝါဘိရုဟန။ ။ယော ပန ဘိက္ခု။ ဘိက္ခုနိယာ။ သဒ္ဓိံ။ သံဝိဓာယ၊ (လှေစီးချိန်) တိုင်ပင်၍။ ဥဒ္ဒံ ဂါမိနိံ ဝါ၊ အထက်သို့ ဆန်တက်သည်လည်းဖြစ်သော။ အဓော ဂါမိနိံ ဝါ၊ အောက်သို့ စုန်ဆင်း သည်လည်းဖြစ်သော။ ဧကံ နာဝံ၊ တစင်းတည်းသောလှေကို၊ အဘိရူဟေယျ၊ စီးငြားအံ့၊ တိရိယန္တရဏာယ၊ ဖီလာကူးသောလှေကို။ အညတြ။ အဘိရူဟေယျ။ တဿ။

**အစိပ္ပာယ်။** ။အပျော်အပါး လှေစီးရန် အချိန်ချိန်းဆိုခြင်းသည် သံဝိဓာယ မည်၏။ အညာဆန်သောလှေသည် ဥဒ္ဒံဂါမိနီ။ အကြေစုန်သော လှေသည် အဓောဂါမိနီမည်၏။ အပျော်သွားသော လှေစုန် လှေဆန်ဟူလို။ လိုရာဆိပ်ကမ်းရောက်စိမ့်သောငှာ စုန်ဆန်သောလှေ၌ အနာပတ္တိ။ လှေစီးရန် အချိန်တိုင်ပင်၍ အပျော်အပါး လှေစုန်လှေဆန်စီးရာ၌ ရွာရှိသော ကမ်းနံ ပါးဖြင့် သွားအံ့၊ ရွာကြားတိုင်း ပါစိတ်။ ရွာမရှိသော ကမ်းနံပါးဖြင့် သွားအံ့၊ တယူဇနာကျယ်သော မြစ်၏အလယ်ဖြင့်သော်လည်း သွားအံ့၊ ယူဇနာခွဲတိုင်း ပါစိတ်။ သမုဒ္ဒရာ၌ကား အလိုရှိတိုင်း သွားခြင်းငှာ အပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ လှေစီးခြင်းကြောင့် ပညတ်၏။ အညတြ တိရိယံ တရဏာယသည် အနုပညတ်ဖြစ်၏။ အကြောင်း ယခင်နှင့် တူပြီ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ဘိက္ခုနီတို့နှင့်အတူ တိုင်ပင်၍ တလှေတည်း စီးကုန်၏။ လူတို့သည် ငါတို့လင်မယားကဲ့သို့ဟု ကဲ့ရဲ့ ကုန်၏။ ထို့ကြောင့် ဘိက္ခုနီနှင့် တိုင်ပင်၍ လှေမစီးရဟု သိက္ခာပုဒ် ပညတ်

တော်မူသည်။ အခါတပါး ရဟန်းများစွာ၊ ဘိက္ခုနီများစွာတို့သည် ခရီးသွားကြစဉ် မြစ်ကူးအံ့သောအခါ "အတူတူ ကူးကုန်အံ့"ဟု ဘိက္ခုနီတို့ ဆိုကုန်၏။ မကူးအပ်၊တခြားစီ ကူးကြလော့ဟု ဆိုလတ်သော် အရှင်မြတ်တို့ ရှေးဦးစွာ ကူးကြပါဟု ဆိုကုန်၏။ ဘိက္ခုနီတို့နောက်မှ ကူးသောအခါ ခိုးသူတို့ လုယက်ဖျက်ဆီးကုန်၏။ ချစ်သားတို့၊ဖိလာကူးသောအခါ ဘိက္ခုနီတို့နှင့်အတူ တိုင်ပင်၍ တလှေတည်း စီးခြားငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့်တဖန် ပညတ်ပြန်သည်။

၉-ပရိပါစိတ။ ။ယော ပန ဘိက္ခု။ ဇာနံ။ ဘိက္ခုနီပရိပါစိတံ၊ ဘိက္ခုနီမ စီရင်အပ်သော။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ဘုဉ္ဇေယျ၊ စားငြားအံ့။ ပုဗ္ဗေ၊ရှေး၌။ ဂိဟိသမာရမ္ဘာ၊ လူတို့စီရင်ခြင်းကို။ အညတြ။ ဘုဉ္ဇေယျ။ တဿ။

**အဓိပ္ပာယ်။** ။မလှူလိုသေးသူတို့ထံ၌ ရဟန်း၏ ဂုဏ်ကျေးဇူး ဖော်ပြ၍ အရှင်မြတ်အား လှူကြလော့ စသည်ဖြင့် တိုက်တွန်းခြင်းသည် ပရိပါစိတ မည်၏။ ဘောဇဉ်ငါးပါးသည် ပိဏ္ဍပါတ မည်၏။လူတို့ အားထုတ်ခြင်းသည် ဂိဟိသမာရမ္ဘမည်၏။ဘိက္ခု၏လည်းကောင်း၊ဘိက္ခုနီ၏လည်းကောင်း ဉာတက ပဝါရိတထံ ထိုဘိက္ခုနီ စီရင်အံ့၊ဘိက္ခုနီ မစီရင်မိ ပကတိအားဖြင့် လူတို့ စီရင်အံ့၊ထိုဆွမ်းတို့သည် ဂိဟိသမာရမ္ဘ၌ ပါဝင်ကုန်၏။အပြစ်မရှိကုန်။ဥဘတော ဘိက္ခုနီစီရင်ခြင်းကြောင့်ဖြစ်သော ဘောဇဉ်ကိုသိလျက် စားမည်ဟု အလှူခံအံ့၊ ဒုက္ကဋ်။မျိုတိုင်း ပါစိတ်။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ရှင်ဒေဝဒတ် ဘိက္ခုနီစီရင်သောဆွမ်းကိုစားခြင်းကြောင့် ပညတ်၏။အညတြ ပုဗ္ဗေ ဂိဟိသမာရမ္ဘာသည် အနုပညတ် ဖြစ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ ဧကတော ဘိက္ခုနီစီရင်သော ဆွမ်းကိုစားအံ့၊ စီရင်အပ်သော ဆွမ်း၌ ဝေမတိက ဖြစ်အံ့၊ ဒုက္ကဋ်။ မစီရင်အပ်သော ဆွမ်း၌ ဒွိကဒုက္ကဋ်။ နှစ်ခုသောဆွမ်း၌ အပရိပါစိတသညီ ဖြစ်အံ့၊ ရှေးဦးစွာ လူတို့စီရင်အံ့၊ သိက္ခမာန် သာမဏေမ စီရင်အံ့၊ ဘောဇဉ်ငါးပါးမှ လွတ်သောယာဂုနှင့် ခဲဖွယ်ဖြစ်အံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

ဘိက္ခုနီ စီရင်ခြင်း၊ စီရင်သည်ကို သိခြင်း၊ ဂိဟိသမာရမ္ဘ မဟုတ်ခြင်း၊ ဘောဇဉ်ငါးပါး ဖြစ်ခြင်း။ မျိုခြင်း။ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်

**စသည်** ပဌမပါရာဇိကနှင့် တူ၏။ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနသာ ထူး၏။

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ရှင်မ ထုလ္လနန္ဒာအား ဒါယကာတဦးအိမ်၌ အမြဲဆွမ်းဝတ်ရှိ၏။ ထိုဒါယကာသည် မထေရ်ကြီးများကို ဆွမ်းစားပင့်ထား၏။ ရှင်မ ထုလ္လနန္ဒာ ရောက်လာသောအခါ အဘယ်မထေရ်များ အတွက်နည်းဟု မေး၏။ ရှင်သာရိပုတြာ၊ ရှင်မောဂ္ဂလာန်၊ ရှင်မဟာကစ္စည်း စသောမထေရ်ကြီးများဟု ဆိုလတ်သော် ဒါယကာ၊ သင်သည် ရဟန္တာကြီးများ ရှိလျက် ရဟန်းငယ်တို့ကို ပင့်ဖိတ်သည်ဟုဆို၏။ရဟန္တာကြီးများသည် အဘယ်တို့ပါနည်းဟု မေးသဖြင့် ရှင်ဒေဝဒတ်၊ ရှင်ကောလိတ၊ ရှင်ကဋမောဒကတိဿက၊ ရှင်သမုဒ္ဒဒတ္တဟု ဆိုစဉ် ရှင်သာရိပုတြာတို့ ကြွလာကြသဖြင့် ဒါယကာ၊ မထေရ်ကြီးတွေ ကြွလာကုန်ပြီဟု ဆို၏။ အရှင်မသည် ယခုပင် ရဟန်းငယ်၊ ယခုပင် မထေရ်ကြီးဟူ၍ ဆိုသည်ဟု အိမ်မှနှင်ထုတ်၍ ဆွမ်းဝတ်ကို ဖြတ်လိုက်၏။

ရှင်ဒေဝဒတ်သည် ဘိက္ခုနီစီရင်သော ဆွမ်းကိုသိလျက် စားလေ့ရှိသည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဘိက္ခုနီ စီရင်သော ဆွမ်းကို မစားရဟု ပညတ်သည်။အခါတပါး ရဟန်းတပါးသည် ရာဇဂြိုဟ်မှ ဆွေမျိုးများထံသို့သွား၏။ဆွေမျိုးတို့သည် ကြာမြင့်မှ ကြွလာသည်ဟု အလေးပြု၍ ဆွမ်းစီရင်ကုန်၏။ အိမ်သို့ ကြွနေကျ ဘိက္ခုနီတဦးသည် ဒါယကာတို့၊ အရှင်ကောင်းအား ဆွမ်းလှူကြလော့ဟု ဆို၏။ ထိုရဟန်းသည် ဘိက္ခုနီစီရင်သော ဆွမ်းဟု ကုက္ကုစ္စရှိ၍ အလှူမခံ၊ ဆွမ်းခံချိန်လည်း လွန်ပြီ။ ထိုနေ့၌ ဆွမ်းပြတ်၏။ ဘုရားရှင်သိသောအခါ ချစ်သားတို့၊ ဘိက္ခုနီ စီရင်သည်ဟု သိသော်လည်း ရှေးအဖို့၌ လူတို့ စီရင်သောဆွမ်းကို သုံးဆောင်ခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

**၁၀-ရဟောနိသဇ္ဇ။** ။ယော ပန ဘိက္ခု။ဘိက္ခုနိယာ၊ နှင့်။သဒ္ဓိံ ။ ဧကော ဧကာယ။ ရဟော၊ (မျက်စိနား)ဆိတ်ကွယ်ရာ၌။ နိသဇ္ဇံ။ ထိုင်ခြင်း အိပ်ခြင်းကို။ ကပ္ပေယျ။ တဿ။

**အစိပ္ပာယ်စသည်။** ။ဥဘတော ဘိက္ခုနီနှင့် တယောက်ချင်း မျက်စိကွယ်ရာ နားကွယ်ရာ၌ ထိုင်ခြင်း အိပ်ခြင်းပြုအံ့၊ ပါစိတ်။ ဤ

သိက္ခာပုဒ်သည် ဒုတိယ အနိယတနှင့်လည်းကောင်း၊အထက်၌ ဥပနန္ဒ၏ စတုတ္ထ သိက္ခာပုဒ်နှင့်လည်းကောင်း တူ၏။ အဋ္ဌုပ္ပတ် အစွမ်းအားဖြင့် သီးခြားပညတ် သည်။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥဒါယီ၏ မယားဟောင်းသည် ဘိက္ခုနီပြု၍နေ၏။ ရှင်ဥဒါယီထံ မကြာမကြာ သွား၏။ ရှင်ဥဒါယီ သည်လည်း ထိုဘိက္ခုနီထံ မကြာမကြာသွား၏။အခါတပါး၌ တယောက်ချင်း ဆိတ်ကွယ်ရာ၌ နေထိုင်ခြင်းပြု၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ် သည်။

## ဘိက္ခုနောဝါဒကဝဂ္ဂေါ တတိယော။

---

**၁-အာဝသထပိဏ္ဍ။** ။အဂိလာနေန၊ မနာမဖျားသော။ ဘိက္ခုနာ၊ ရဟန်းသည်။ ဧကော၊ တနေ့စားအပ်သော။ ဝါ၊ တကြိမ်စားအပ် သော။ အာဝသထပိဏ္ဍော၊ဧည့်သည်တို့ တည်းခိုရာဇရပ်၌ ထားသော ဆွမ်းကို။ ဘုဉ္ဇိတဗ္ဗော၊ စားအပ်၏။ တတော၊ ထိုတနေ့ထက်။ ဝါ၊ တကြိမ်ထက်။ ဥတ္တရိ။ စေ ဘုဉ္ဇေယျ။ တဿ။

**အစိပ္ပာယ်။** ။ယူဇနာခွဲမျှ သွားနိုင်သော ရဟန်းသည် အဂိလာန မည်၏။ ထိုမျှ မသွားနိုင်လျှင် ဂိလာန။ ဇရပ် မဏ္ဍပ်စသည်၌ အလှူခံကို မရည်စူးပဲ အလိုရှိတိုင်း အဝသုံးဆောင်ရန် တည်ထားသော ဘောဇဉ် ငါးပါးသည် အာဝသထပိဏ္ဍမည်၏။ ဤအယူဝါဒရှိသူအတွက်၊ ဤမျှသော သူအတွက်ဟု အလှူခံကိုလည်း ရည်မှန်းသည်မဟုတ်။ အလှူခံတဦးတဦးအား ဤအနေမျှဟူ၍လည်း မပိုင်းခြား။ အလိုရှိတိုင်း သုံးဆောင်ရန် တည်ထား သော ဘောဇဉ်ဖြစ်သည်။ ဒါယကာ တဦးဖြစ်စေ၊ အများပေါင်းစု၍ဖြစ်စေ၊ ယနေ့ တနေရာ၊နက်ဖန် တနေရာဟု မမြဲသောနေရာ၌လည်းကောင်း၊ မြဲသော နေရာ၌ လည်းကောင်း၊ နေရာတခု၌ လည်းကောင်း၊ နေရာအများ၌ လည်း ကောင်း တည်ထားသည်ကို တနေ့တည်းသာ ဝါ-တကြိမ်တည်းသာ စားရ သည်။ ဒုတိယနေ့မှစ၍ ထိုနေရာ၌လည်းကောင်း၊ တပါးသော နေရာ၌လည်း ကောင်း ထိုသူတို့၏ ဘောဇဉ်ကို ကျန်းမာလျက် စားမည်ဟု အလှူခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ နေ့တိုင်းအမြဲနေ၍ အာဝသထဆွမ်း စားခြင်းကြောင့် ပညတ်၏။ အဂိလာနေနသည် အနု

ပည်တ်ဖြစ်၏။ သာဓာ်ရဏ။ အနာဏတ္တိက။ တိကပါစိတ်။ ဂိလာနဖြစ်အံ့၊ ဒွိက ဒုက္ကင္။ဂိလာနဖြစ်၍ ဂိလာနသညာရှိအံ့၊ အဂိလာနဖြစ်သူ တကြိမ်သာ စားအံ့၊ ခရီးအသွားအပြန် စားအံ့၊ အလှူရှင် ပင့်ကျွေးအံ့၊ ရဟန်းတို့အတွက် ရည်မှန်း၍တည်အံ့၊ လိုတိုင်းအဝ တည်သည်မဟုတ်အံ့၊ ဘောဇဉ်မှတပါး ယာဂုနှင့် ခဲဖွယ်ကိုစားအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။ [ခရီးအသွားအပြန် စားပုံကား ယူဇနာခွဲခရီးသွားစဉ် ခရီးအကြား၌ တနေ့၊ ရောက်ရာအရပ်၌ တနေ့၊ ပြန်လာသောအခါလည်း ကြား၌တနေ့၊ ရောက်ရာ၌တနေ့(လေးကြိမ်)စားနိုင်သည်။ ခရီးသွားအံ့ဟုစားသောရဟန်းသည် ဘေးရန်ကြောင့် ပြန်လာ၍ ဘေးကင်းပြီဟု သိသောအခါ သွားလိုသော် တဖန်စားနိုင်သေး၏။]

ဇရပ်စသည်၌ မရည်စူး၊ မပိုင်းခြား တည်ထားသော ဘောဇဉ်ဖြစ်ခြင်း၊ မနာမဖျားခြင်း၊ နေ့တိုင်းနေ၍ စားခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ဋ္ဌေကလောမနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ သာဝတ္ထိအနီး၌ အသင်းတခုသည် မရည်စူးပဲ ဘောဇဉ်ငါးပါး အဝစားသောက်ရန် အာဝသထပိဏ္ဍကို တည်ထား၏။ ဆဗ္ဗဂ္ဂီတို့သည် နံနက်တွင် ဆွမ်းခံ၍ မရသဖြင့် ထိုနေရာသို့သွားကုန်၏။ လူတို့သည် ဝမ်းမြောက်စွာ ကျွေးမွေးကုန်၏။ ဆွမ်းခံ၍ မရတိုင်းသွား၍ ဘုဉ်းပေးကြပြီးလျှင် နက်ဖန် လာရဦးမည် ဖြစ်သည်ဟု ကျောင်းသို့ မပြန်ပဲ အမြဲနေ၍ ဘုဉ်းပေးကုန်၏။ ရဟန်းတို့ အမြဲ နေသောကြောင့် တိတ္ထိတို့ ဖဲကုန်၏။ ရဟန်းတို့သာ ဘုဉ်းပေးကြသည်။အမြဲနေ၍ ရဟန်းတို့အတွက် သက်သက်မဟုတ်ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် တကြိမ်ထက်အလွန် မစားအပ်ဟု ပညတ်သည်။ အခါတပါး ရှင်သာရိပုတြာသည် ကောသလတိုင်းတို့၌ ခရီးသွားစဉ် တည်းခိုရာဇရပ်တခုသို့ ရောက်၏။လူတို့သည် ဝမ်းမြောက်စွာ ရိုသေစွာ ဆွမ်းကျွေးကုန်၏။ ဆွမ်းစားပြီးသောအခါ ရှင်သာရိပုတြာအား သည်းထန်သောရောဂါနှိပ်စက်၍ ဖဲခြင်းငှာ မတတ်နိုင်။ နောက်နေ့၌ လူတို့ ဆွမ်းကပ်သောအခါ ဘုရားရှင် ပယ်သည်ဟု အလှူမခံသဖြင့် ထိုနေ့ ဆွမ်းပြတ်၏။ ချစ်သားတို့၊ဂိလာနရဟန်းသည် နေ့တိုင်း အမြဲနေ၍ အာဝသထပိဏ္ဍကို ခွင့်ပြု၏ဟု မိန့်၍ ဘုဉ်းပေးခြင်းငှာ အနုပညတ်နှင့်တဖန် ပညတ်ပြန်သည်။

၂-ဂဏဘောဇနံ။ ။ဂဏဘောဇနေ၊ ဂဏဘောဇဉ်ကို စားခြင်းကြောင့်။ သမယာ။ အညတြ။ ပါစိတ္တိယံ။ ဟောတိ။ တဘ္ဘ၊ထိုဂဏ

ဘောဇဉ်ကို စားရာ၌။ အယံ။သမယော။ ဂိလာနသမယော၊ နာသော အခါ။ စီဝရဒါန သမယော၊ သင်္ကန်းလှူသောအခါ။ စီဝရကာရ သမယော၊သင်္ကန်းချုပ်သောအခါ။ အဒ္ဓါနဂမန သမယော၊ အဓွန့် ရှည်သော ခရီးသို့သွားသောအခါ။ နာဝါဘိရူဟနသမယော၊ လှေ သင်္ဘောစီးသောအခါ။ မဟာသမယော၊ ရဟန်းအများ စုဝေးသော အခါ။ သမဏဘတ္တသမယော၊ရဟန်းတို့ ထမင်းလှူသောအခါ။အယံ။ တတ္ထ။ သမယော။

**အဓိပ္ပာယ်။** ။ရဟန်းလေးပါး၊လေးပါးထက် အလွန်သည် အပေါင်းဂဏမည်၏။ ထမင်း၊ မုယောမုန့်၊ မုန့်လုံး၊ ငါး၊ အမဲ။ ဤငါးပါး သည် ဘောဇနမည်၏။ ပင့်ဖိတ်ရာ၌သာန၊ တောင်းယူရာ၌သာနတို့၌ လေးပါး လေးပါးထက်အလွန် တပေါင်းတည်းအတူ အလှူခံသော ဘောဇဉ်ငါးပါး သည် ဂဏဘောဇနမည်၏။ အခါခုနစ်ပါးကြဉ်၍ ဂဏဘောဇနကို စားမည်ဟု အတူတကွ အလှူခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါစိတ်။

**နိမန္တနဂဏဘောဇဉ်။** ။ဒါယကာသည် ရဟန်းလေးပါးထံ သီးခြားဖြစ်စေ၊ တပေါင်းတည်းဖြစ်စေ ချဉ်းကပ်၍ အမှတ်မရှိ ဘာသာဖြင့် ဘောဇဉ်ငါးပါးအမည်ယူ၍ ဖိတ်အံ့၊ အရှင်ဘုရား၊ ဘတ္တဖြင့်၊ ဩဒနဖြင့်၊ အန္နဖြင့်၊ ထမင်းဖြင့် ပင့်ဖိတ်ပါသည်၊ အလှူခံတော်မူပါ။ မုယော မုန့်ဖြင့်၊ မုန့်လုံးဖြင့်၊ ငါးဖြင့်၊ အသားဖြင့် ပင့်ဖိတ်ပါသည်။ ဘောဇနဖြင့် ပင့်ဖိတ်ပါသည်။ အလှူခံတော်မူပါ။ ဤသို့ ဖိတ်အံ့၊ အကပ္ပိယ နိမန္တန မည် ၏။ ထိုသို့ ဖိတ်ရာသို့ ထိုရဟန်းလေးပါးသည် သီးခြားဖြစ်စေ၊တပေါင်းတည်း ဖြစ်စေ ကြွသွားပြီးလျှင် တပေါင်းတည်း၊ဝါ တပါးနှင့်တပါး ၁၂-တောင် ဥပစာရအတွင်းတည်လျက် အလှူခံအံ့၊ နောက်၌ ပေါင်း၍လည်းကောင်း၊ သီးခြား၍လည်းကောင်း စားသော်လည်း ဂဏဘောဇနမည်၏။ လေးပါး အတူ တပေါင်းတည်းခံခြင်းသာ ပမာနတည်း။၁၂-တောင်ထက်အလွန် ခြား ၍ ခံအံ့၊ သုံးပါး၊နှစ်ပါးအတူ ခံအံ့၊ မဖိတ်အပ်သော ရဟန်းနှင့်လည်းကောင်း၊ သာမဏေနှင့်လည်းကောင်း လေးပါးအတူခံအံ့၊ဂဏဘောဇနမဖြစ်။ဘိက္ခာဖြင့်၊ ပိဏ္ဍပါတဖြင့်၊ ဆွမ်းဖြင့်၊ မုန့်ဆွမ်းဖြင့်၊ ငါးအမဲဆွမ်းဖြင့်ဟု ဖိတ်ရာ၌လည်း ဂဏဘောဇနမဖြစ်။ ကပ္ပိယနိမန္တနမည်၏။

**ဝိညာပန ဂဏဘောဇဉ်။** ။ဒါယကာထံ ချဉ်းကပ်၍ ငါ့ကို ထမင်း၊ ငါး၊ အသား၊ မုယောမုန့်၊ မုန့်လုံးလှူပါ။ ဘောဇဉ်

လျှုပါ။ ဩဒန ဘတ္တ လျှုပါ။အလိုရှိသည်ဟု တောင်းအံ့၊ အကပ္ပိယဝိညာပန မည်၏။ ထိုသို့တောင်း၍ ရှေးနည်းအတိုင်း လေးပါးအတူ ၁၂-တောင်သက် အလွန်မခြားစေပဲ အလှူခံအံ့၊ ဂဏဘောဇန မည်၏။ ဆွမ်းကိုလှူပါ၊ ဘိက္ခာကို၊ ပိဏ္ဍပါတကို လှူပါ ဟု တောင်းလျှင် ကပ္ပိယဝိညာပန မည်၏။ ဂဏဘောဇန မဖြစ်။

အခါ ၇-ပါး။ ။ခြေကွဲ၍ ဆွမ်းခံမသွားနိုင်သောအခါသည် ဂိလာနသမယ မည်၏။ ကထိန်မခင်းလျှင် မိုးဥတု နောက်ဆုံးတလ၊ ခင်းလျှင် ငါးလသည် စီဝရဒါနသမယ မည်၏။ အဝတ်ကိုရ၍ သင်္ကန်းချုပ်မည်ဟု ဆိုခြင်း၊ ဖြတ်ခြင်းစသည် ပြုသောအခါသည် စီဝရကာရသမယ မည်၏။ (သင်္ကန်းချုပ်ရာ ကာလသီးခြားမရှိ) ယူဇနာခွဲ ခရီးသွားလိုသောအခါ၊ သွားဆဲအခါ၊ သွားပြီးအခါသည် အဒ္ဓါနဂမန သမယ မည်၏။ လှေသဘော်စီးလို၊ စီးဆဲ၊ စီးပြီးအခါသည် နာဝါဘိ ရူဟနသမယ မည်၏။ ဆွမ်းခံရွာ၌ အနည်းဆုံးလေးပါး ဆွမ်းခံ၍ မမျှတသောအခါသည် မဟာသမယ မည်၏။ သီတင်းသုံးဘော် ငါးယောက်ဖြစ်စေ၊ တိတ္ထိပရိဗိုဇ်ဖြစ်စေ အမှတ်မရှိသော ပဗ္ဗဇိတသည် ဘတ္တဖြင့်၊ ထမင်းဖြင့် ကျွေးလိုသည်ဟု ဖိတ်သောအခါသည် သမဏဘတ္တသမယ မည်၏။ ဤအခါ ခုနစ်ပါး၌ ဖိတ်၊ တောင်း-ဂဏဘောဇနနှစ်မျိုးလုံး စားခြင်းငှာ အပ်၏။

အဆုံးအဖြတ်။ ။ရာဇဂြိုဟ်၌ ရှင်ဒေဝဒတ် တောင်းစားခြင်းကြောင့် ပညတ်၏။ အညတြ သမယာ စသည်သည် အနုပညတ် ခုနစ်ခုဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ ဂဏဘောဇန ပဟုတ်သည်၌ ဒွိကဒုက္ကဋ်။ ဂဏဘောဇန မဟုတ်သည်၌ မဟုတ်ဟု မှတ်ထင်အံ့၊ အခါ ခုနစ်ပါးဖြစ်အံ့။ နှစ်ပါး သုံးပါး တပေါင်းတည်း ခံ၍စားအံ့၊ ဆွမ်းခံပြီး တပေါင်းတည်း စုစားအံ့၊ နိစ္စဘတ္တ- အမြဲလှူသောထမင်း၊ သလာကဘတ္တ စာရေးတံ ထမင်းစသည် ဖြစ်အံ့။ ဘောဇဉ်ငါးပါးမှ တပါး ယာဂု၊ ခဲဖွယ်ဖြစ်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဂဏဘောဇဉ်ဖြစ်ခြင်း၊ အခါမဟုတ်ခြင်း၊ စားခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

ဝတ္ထု။ ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ ရှင်ဒေဝဒတ်သည် လာဘ်ဆုတ်ယုတ်သဖြင့် ပရိသတ်နှင့်တကွ ဒါယကာတို့ထံ တောင်း၍ တောင်း၍စား၏။

"ရဟန်းတို့သည် တောင်းစားကုန်၏။ အကောင်းမကြိုက်သူမရှိ"ဟု လူတို့ ကဲ့ရဲ့ကုန်၏။ထို့ကြောင့် ဂဏဘောဇနေ ပါစိတ္တိယံ ဟု ပညတ်သည်။ (အဇာ တသတ်လက်ထက် ဝတ္ထုဟု သိအပ်၏။)

အခါတပါး လူတို့သည် ဂိလာနရဟန်းတို့အား ဘတ္တဖြင့် ဖိတ်ကုန်၏။ ဂဏဘောဇနဟု အလို့လို့ရှိ၍ မခံကြကုန်။ ချစ်သားတို့၊ ဂိလာန ရဟန်းသည် ဂဏဘောဇနကို စားခြင်းငှာ ခွင့်ပြု၏ဟုမိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန် သည်။ အခါတပါး သင်္ကန်းလှူသောအခါ လူတို့သည် သစီဝရ ဘတ္တကို စီရင်၍ "ဘတ္တကျွေး၍ သင်္ကန်းလှူလိုပါသည်"ဟု ဖိတ်ကုန်၏။ အလို့လို့ရှိ၍ မခံကုန်။ သင်္ကန်းအရ နည်းပါးကုန်၏။ ချစ်သားတို့၊ သင်္ကန်းလှူသောအခါ ဂဏဘောဇဉ်ခွင့်ပြု၏ ဟု မိန့်၍ တဖန်....။

အခါတပါး သင်္ကန်းချုပ်သော ရဟန်းတို့ကို လူတို့မြင်၍ ဘတ္တဖြင့် ဖိတ် ကုန်၏။ မခံကုန်။ ချစ်သားတို့၊ သင်္ကန်းချုပ်သောအခါ ခွင့်ပြု၏ဟု မိန့်၍ တဖန်....။

အခါတပါး ရဟန်းတို့သည် လူတို့နှင့် ခရီးရှည်သွားကုန်၏။ ဆွမ်းခံချိန်ရောက် လတ်သော် "ဆိုင်းကြဦး၊ ဆွမ်းခံသွားဦးမည်"ဟု ဆိုကုန်၏။ဤ၌ စားကြပါဟု လှူသော်လည်း ဂဏဘောဇနဟု မခံကုန်။ ချစ်သားတို့၊ ခရီးရှည်သွားသော အခါ ခွင့်ပြု၏-ဟု မိန့်၍ တဖန်....။

အခါတပါး ရဟန်းတို့သည် လူတို့နှင့်အတူ လှေစီးကုန်၏။ ဆွမ်းခံချိန် ရောက်လတ်သော်-"လှေဆိုက်ကြဦး၊ ဆွမ်းခံသွားဦးမည်"ဟု ဆိုကုန်၏။ ဤ၌ စားကြပါဟု လှူသော်လည်း မခံကြကုန်။ ချစ်သားတို့၊ လှေစီးသောအခါ ခွင့်ပြု၏-ဟု မိန့်၍ တဖန်....။

အခါတပါး အရပ်ရပ်မှ ဝါကျွတ်သောရဟန်းတို့သည် ရာဇဂြိုဟ်သို့ ဘုရား ဖူးလာကုန်၏။ လူတို့သည် အထူးထူးသော တိုင်းသားရဟန်းတို့ကိုမြင်၍ ဘတ္တ ဖြင့် ဖိတ်ကုန်၏။ မခံကုန်။ ချစ်သားတို့၊ ရဟန်းအများ စုဝေးသောအခါ ခွင့်ပြု၏-ဟု မိန့်၍ တဖန်....။

အခါတပါး ဗိမ္ဗိသာရမင်းကြီး၏ ဆွေမျိုး အာဇီဝကပရိဗိုဇ် တဦးသည် သဗ္ဗပါသဏ္ဍိက ဘတ္တကို ကျွေးလိုသည်ဟု ဗိမ္ဗိသာရမင်းကြီးကို ဆို၏။ (ဝါ- ဒဘာသာအမျိုးမျိုး၌ ကျင့်သော ဘုန်းကြီးမျိုးစုံကို ထမင်းကျွေးပွဲ ပြုလိုသည်

ဟု ဆို၏။) ဘုရားအမှူးရှိသော သံဃာကို ရှေးဦးစွာ ကျွေးပါ-ဟု ဆိုလတ်သော် ထိုအာဇီဝကသည် ရဟန်းတို့ထံ ဘဏ္ဍအလှူခံရန် တမန်စေလိုက်၏။ လက်မခံကြကုန်။ ထိုအခါ ထိုအာဇီဝကသည် ဘုရားရှင်ထံ ချဉ်းကပ်၍ အရှင်လည်း ရဟန်း၊ အကျွန်ုပ်သည်လည်း ရဟန်း။ ရဟန်းသည် ရဟန်း၏ ဘတ္တကို အလှူခံသင့်ပါသည်၊ နက်ဖြန်အတွက် သံဃာနှင့်တကွ ခံတော်မူပါဟု လျှောက်၏။ ဘုရားရှင်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လက်ခံပြီးလျှင် ချစ်သားတို့၊ ရဟန်းများ ထမင်းလှူသောအခါ ခွင့်ပြု၏ဟု မိန့်၍ တဖန် အနုပညတ်နှင့်ဘကွ ပညတ်ပြန်သည်။ ဗိမ္ဗိသာရမင်းကြီးသက်ထက်မှစ၍ ဤပရိပိုဇ်သည် ကျွေးနေကျဖြစ်၏။ အဇာတသတ် လက်ထက်တွင် သိက္ခာပုဒ်ပညတ်ပြီးသောအခါ ကုက္ကုစ္စဖြစ်ကြ၏။ ထိုဝတ္ထုကို အရင်းမှစ၍ ပြခြင်းတည်း၊)

၃ –ပရမ္ပရဘောဇနံ။ ။ပရမ္ပရဘောဇနေ၊ (ရှေးရှေးဖိတ်သူ၏ ဘောဇဉ်ကို မစားပဲ) နောက်နောက်ဖိတ်သူ၏ ဘောဇဉ်ကို စားခြင်းကြောင့်။ သမယာ။ အညတြ။ ပါစိတ္တိယံ။ ဟောတိ။ တတ္ထ၊ ထိုပရမ္ပရဘောဇဉ်ကို စားရာ၌။ အယံ။ သမယော။ ဂိလာနသမယော။ စီဝရဒါနသမယော။ စီဝရကာရ သမယော။ အယံ။တတ္ထ။ သမယော။

**အဓိပ္ပာယ်။** ။နောက်နောက် ပင့်ဖိတ်သူ၏ ဘောဇဉ်ငါးပါးသည် ပရမ္ပရဘောဇနံ မည်၏။ အခါသုံးပါးကြဉ်၍ ပရမ္ပရဘောဇနကို စားမည်ဟု အလှူခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါစိတ်။ (ဏဘောဇန နည်းအတိုင်း ဘောဇဉ်ငါးပါး၏ အကပ္ပိယအမည်ကိုယူ၍ အကပ္ပိယ နိမန္တနဖြင့် ပင့်ဖိတ်အပ်သော ရဟန်းသည် ရှေးဦးစွာ ဖိတ်သူ၏ ဘောဇဉ်မှစ၍ နောက်နောက်ဖိတ်သူ၏ဘောဇဉ်ကို အစဉ်မချွတ်စေရ၊ အစဉ်အတိုင်း စားရသည်။ ဝိကပ္ပနာပြု၍သော်လည်း နောက်ဖိတ်သူ၏ ဘောဇဉ်ကို စားရသည်။ ဝိကပ္ပနာပြုပုံကား - ရှေးဖိတ်သူ၏ဘောဇဉ်ကို သိတင်းသုံးဘော်ငါးယောက် တယောက်ယောက်အား မယှံ ဘတ္တပစ္စာသံ တုယှံ ဒမ္မိ တုယှံ ဝိကပ္ပေမိ ဣတ္ထန္နာမဿ ဒေမိ ဝိကပ္ပေမိ ဟု ဟောန်းတပါးထံ ဆို၍ မျက်မှောက်မျက်ကွယ် ဝိကပ္ပနာ ပြုရသည်။ ဝိကပ္ပနာ မပြုပဲ နောက်ဖိတ်သူ၏ ဘောဇဉ်မှ ဆွမ်းတစေ့မျှလည်း မျိုအံ့၊ ပါစိတ်။ အခါ သုံးပါးတို့တွင် တထိုင်တည်း လိုသလောက် အဝမစားနိုင်သော အခါသည် ဂိလာန သမယ မည်၏။ ကြွင်းအခါ နှစ်ပါး တူပြီ။ (ဘိက္ခာ၊ ပိဏ္ဍပါတ၊ ဆွမ်း အမည်ဖြင့် ပင့်ဖိတ်ရာ၌ ပရမ္ပရဘောဇန မဖြစ်။)

**အဆုံးအဖြတ်။** ။ဝေသာလီ၌ များစွာသော ရဟန်းတို့ ဖိတ်သည်မှ တပါးသော အိမ်၌ စားခြင်းကြောင့် ပညတ်၏။အညတြ သမယာ စသည်သည် အနုပညတ် သုံးခု ဖြစ်၏။ (ပရိဝါ၌ အနုပညတ် လေးခုဟု ဝိကပ္ပနာ ပြုခြင်းကိုလည်း ယူ၍ ဆိုသည်။) အသာဓာရဏ၊ အနာဏတ္တိက။ ။တိကပါစိတ်၊ ပရမ္ပရ ဘောဇန ပဟုတ်သည်၌ ဒွိကဒုက္ကဋ်။ ပရမ္ပရ ဘောဇန မဟုတ်သည်၌ မဟုတ်ဟု မှတ်ထင်အံ့၊ အခါ သုံးပါး ဖြစ်အံ့၊ ဝိကပ္ပနာ ပြု၍ စားအံ့၊ နှစ်ခု သုံးခုသော နိမန္တန ဘတ္တတို့ကို တပေါင်းတည်း ရောလျှသည်ကို စားအံ့၊ တပေါင်းတည်း ပြု၍ စားအံ့၊ ဖိတ်စဉ်အားဖြင့် အစဉ်အတိုင်းစားအံ့၊ တရွာလုံး တသင်းလုံး အပူ ဖိတ်ရာတွင် အလိုရှိရာ၌ စားအံ့၊ ထမင်း ခံပါဟု ဖိတ်သော်လည်း ဘောဇဉ်ခံမည်ဟုဆိုအံ့၊ နိစ္စဘတ် စသည် ဖြစ်အံ့။ ဘောဇဉ်မှ တပါး ယာဂုခဲဖွယ် ဖြစ်အံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊အနာပတ္တိ။

ပရမ္ပရဘောဇဉ် ဖြစ်ခြင်း၊ အခါမဟုတ်ခြင်း၊ စားခြင်း။ ဤကား အင်္ဂါ သုံးပါးတည်း။ သမုဋ္ဌာန်စသည် ပဌမ ကထိနနှင့် တူ၏။ ကြိယာ ကြိယသာထူး၏။

**ဝတ္ထု။** ။ဝေသာလီ၊ ကူဋာဂါရသာလာ။ ။ဝေသာလီ၌ မွန်မြတ်သော ဘတ္တဝတ် တည်ထားခြင်း ရှိ၏။ သူဆင်းရဲတယောက်လည်း ဘတ္တကြေးလို၍ ကိရပတိက သူကြွယ်ထံ အာ ရိက္ခာ ပေးပါဟု တောင်း၏။ သူကြွယ်လည်း သဒ္ဓါကြီးသူဖြစ်၍ အပိုနှင့်တကွ ပေးလိုက်၏။ သူဆင်းရဲသည် ဘုရားရှင်ထံ ချဉ်းကပ်၍ နက်ဖြန် အကျွန်ုပ်၏ ဘတ္တကို ရဟန်းသံဃာ အားလုံးနှင့်တကွ သည်းခံတော်မူပါ၊ ဆီးယို၊ ဆီးယိုနှင့် ရောသော သောက်ဖွယ်တို့ဖြင့် လုပ်ကြွေးပါမည်ဟု ပင့်ဖိတ်၏။

ရဟန်းတို့သည် နက်ဖြန် သူဆင်းရဲ ပင့်ထားသည်ဟု သိ၍ စောစောကပင် ဆွမ်းခံ၍ စားကုန်၏။ လူတို့သည်လည်း များစွာသော ခဲဖွယ်ဘောဇဉ်ကို သူဆင်းရဲအိမ်သို့ ပို့ကုန်၏။ လုပ်ကျွေးသောအခါ ရဟန်းများက- ဒါယကာ နည်းနည်းသာ တည့်ပါ-ဟု ဆိုကုန်၏။ အရှင်ဘုရားတို့၊ ဤဒါယကာ လူမွဲဟု နည်းနည်းခံခြင်း မပြုကြပါနှင့်၊ ဘောဇဉ် ခဲဖွယ်များစွာ စီရင်ထားပါသည်၊ အလိုရှိတိုင်း ခံတော်မူကြပါဟု လျှောက်၏။ ဒါယကာ၊ ဤအကြောင်းကြောင့် မဟုတ်၊ ငါတို့ ဆွမ်းခံ၍ စားပြီးပြီဟု ဆို၏။ အရှင်ကောင်းတို့သည် ဖိတ်ထားပါလျက် အရပ်တပါး၌ ဘဉ်းပေးကြသည်ဟု ကဲ့ရဲ့၏။ ထို့ကြောင့် နောက်နောက် ဖိတ်သူ၏ ဘောဇဉ်ကို စားလျှင် ပါစိတ်ဟု ပညတ်သည်။

အခါတပါး ရဟန်းတပါးသည် ဂိလာန ဖြစ်၏။ ရဟန်းတပါး ဆွမ်းယူပေးသည်ကို ငါ့အား ရလတ္တံ့သော ဘတ္တရှိသည်-ဟု ပယ်လိုက်၏။ ထိုဘတ္တသည် နေမြင့်သဖြင့် စိတ်ချမ်းသာစွာ မစားနိုင်။ ချစ်သားတို့၊ ဂိလာန ရဟန်းသည် ပရမ္ပရဘောဇဉ်ကို စားခြင်းငှာ ခွင့်ပြု၏-ဟု မိန့်၍ တဖန်....။

အခါတပါး လူတို့သည် သစီဝရဘတ္တကို စီရင်၍ ဖိတ်ကုန်၏။ အသို့သို့ရှိ၍ မခံကုန်။ သင်္ကန်းအရ နည်းပါးကုန်၏။ ချစ်သားတို့၊ သင်္ကန်းလှူသောအခါ ခွင့်ပြု၏-ဟု မိန့်၍ တဖန်....။

အခါတပါးသင်္ကန်းချုပ်သောရဟန်းတို့ကို လူတို့မြင်၍ ဘတ္တဖြင့် ဖိတ်ကုန်၏။ မခံကုန်။ ချစ်သားတို့၊သင်္ကန်းချုပ်သောအခါ ခွင့်ပြု၏ဟုမိန့်၍ တဖန်ပညတ်ပြန်သည်။ အခါတပါး မြတ်စွာဘုရားသည် ရှင်အာနန္ဒာနှင့် အိမ်တအိမ်သို့ ဝင်၍ ထိုင်၏။ လူတို့သည် ဘောဇဉ်လှူကုန်၏။ ရှင်အာနန္ဒာသည် ရလတ္တံ့သော ဘတ္တရှိ၍ မခံပဲနေ၏။ချစ်သားအာနန္ဒာ၊ ဝိကပ္ပနာပြု၍ အလှူခံလော့ဟု မိန့်ပြီးလျှင် ချစ်သားတို့၊ ဝိကပ္ပနာပြု၍ ပရမ္ပရဘောဇဉ်စားခြင်းငှာ ခွင့်ပြု၏။မယှံ ဘတ္တပစ္စာသံ ဣတ္ထန္နာမဿ ဒမ္မိဟု ဆို၍ ပြုအပ်၏ဟု မိန့်တော်မူသည်။

**၄-ကာဏမာတာ**။ ။ကုလံ၊ ဒါယကာအိမ်သို့။ဥပဂတံ၊ ချဉ်းကပ်သော။ဘိက္ခုံပနေဝ၊ ကိုသာလျှင်။ ပူဝေဟိ ဝါ၊ လက်ဆောင်မုန့်တို့ဖြင့်လည်းကောင်း။ မန္ထေဟိ ဝါ၊ ရိက္ခာမုန့်တို့ဖြင့်လည်းကောင်း။ အဘိဟဋ္ဌုံ၊ ခံယူစိမ့်သောငှာ။ ဝါ၊ ရှေးရှုဆောင်၍။ ပဝါရေယျ၊ ဖိတ်ငြားအံ့။ အာကင်္ခမာနေန၊ အလိုရှိသော။ ဘိက္ခုနာ၊ သည်။ ဒွတ္တိပတ္တပူရာ၊ နှစ်သပိတ်သုံးသပိတ်ပြည့်သောမုန့်တို့ကို။ပဋိဂ္ဂဟေတဗ္ဗာ၊ ခံအပ်ကုန်၏။ တတော။ ဥတ္တရိ။ စေ ပဋိဂ္ဂဏှေယျ။တဿ ဘိက္ခုနော။ ပါစိတ္တိယံ။ ဟောတိ။ ဒွတ္တိပတ္တပူရေ၊ တို့ကို။ ပဋိဂ္ဂဟေတွာ၊ ခံ၍။ တတော၊ ထိုခံယူရာ အရပ်မှ။ နီဟရိတွာ၊ ဆောင်၍။ ဘိက္ခူဟိ။ သဒ္ဓိံ။သံဝိဘဇိတဗ္ဗံ၊ ဝေဖန်အပ်၏။ အယံ၊ ဤသို့ ဝေဖန်ခြင်းသည်။ တတ္ထ၊ ထိုမုန့်ခံရာ၌။ သာမိစိ၊ ကျင့်ဝတ်တည်း။

**အဓိပ္ပာယ်**။ ။မင်း၊ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ အမျိုးလေးပါးသည် ကုလမည်၏။ လက်ဆောင်အလို့ငှာ စီရင်အပ်သော အစာသည် ပူဝမည်၏။ အတိရသက၊ အရသာမုန့်။ မောဒက၊ ကတွက်မုန့်၊ သက္ခလိက၊ ကျွဲသဲမုန့် စသည်တည်း။ ရိက္ခာအလို့ငှာ စီရင်အပ်သော အစာသည် မန္ထမည်

၏။ ဗဒ္ဓသတ္တု ဆုပ်သောမုန့်လုံး။အဗဒ္ဓသတ္တု၊မဆုပ်သောမုန့်လုံး။(ဝါ-ကျက်စွာလှော်သော စပါး၏ ဆန်မှုန့်။) တိလ၊ နှမ်း၊ တဏ္ဍုလ၊ ဆန်စသည်တည်း။ သပိတ်နှုတ်ခမ်းအောက် အရေးကို မလွန်စေသော မုန့်အပြည့် နှစ်သပိတ် သုံးသပိတ်သည် ဒွတ္တိပတ္တပူရမည်၏။တဘိယသပိတ် စုံ့စုံ့တက်အောင် အလှူခံအံ့၊ အောက်ရေးမှ အထက်၌တည်သော မုန့် အရေအတွက်အားဖြင့် ပါစိတ်။

နှစ်သပိတ်ခံခဲ့သော ရဟန်းသည် ပြင်ပ၌မြင်သော ရဟန်းကို ဤအိမ်၌ နှစ်သပိတ်ခံခဲ့ပြီ။သင် တသပိတ်ခံလော့ဟု ပြောအပ်၏။ ထိုရဟန်းသည်လည်း နောက်မြင်သောရဟန်းကို ပဌမရဟန်းနှစ်သပိတ်၊ ငါတသပိတ် ခံခဲ့ပြီ၊ သင်မခံလင့်ဟု ပြောအပ်၏။ ပဌမ တသပိတ်ခံခဲ့သော ရဟန်းလည်း အဆင့်ဆင့် ဤအတူ ပြောအပ်၏။သုံးသပိတ် ခံခဲ့သူကား ဤအိမ်၌ မခံလင့်ဟု ပြောအပ်၏။ မပြောအံ့၊ ဒုက္ကဋ်။ ပြောသည်ကို ကြားလျက် ခံအံ့၊ ဒုက္ကဋ်။ မုန့်ရသော နေရာမှ အနီးဆုံးသော ဆွမ်းစားဇရပ်သို့၊ ကျောင်းသို့၊ အမြဲစည်းဝေးရာသို့ သွား၍ တသပိတ်ကို မိမိအလို့ငှာထား၍ အကြွင်းကို ရဟန်းသံဃာအား လှူအပ်၏။ချစ်ကျွမ်းဝင်ရာ မပေးရ။ တသပိတ်သာ ခံခဲ့သောရဟန်းသည် မိမိ သဘောအတိုင်း အလိုရှိသလို ပြုအပ်၏။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ရဟန်းများစွာ အတိုင်းမသိ ခံခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။

နှစ်သပိတ် သုံးသပိတ်အောက် ယုတ်သည်၌ ဒွိကဒုက္ကဋ်။သုံးသပိတ်အောက်ယုတ်သည်၌ ယုတ်သည်ဟု မှတ်ထင်အံ့၊လက်ဆောင်၊ရိက္ခာအလို့ငှာ စီရင်သည်မဟုတ်အံ့၊စီရင်သည်မှ အကြွင်းဖြစ်အံ့၊ ခရီးသွားကိစ္စငြိမ်းမှလှူအံ့၊ ဉာတကပဝါရိတလှူအံ့၊ သူတပါးအလို့ငှာ ဖြစ်အံ့၊ မိမိဉစ္စာဖြင့် ယူအံ့၊ ဉမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

လက်ဆောင်မုန့် ရိက္ခာမုန့်ဖြစ်ခြင်း၊ အကြွင်းမဟုတ်ခြင်း၊ ခရီးသွားကိစ္စ မငြိမ်းခြင်း၊ ဉာတကစသည်မဟုတ်ခြင်း၊ သုံးသပိတ်ထက်အလွန်ခံခြင်း။ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်စသည် သဥ္စရိတ္တနှင့် တူ၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ကာဏမာတာမည်သော ဥပါသိကာမသည် သဒ္ဓါတရားနှင့် ပြည့်စုံ၏။ သမီးကာဏာကို ရွာငယ်၌ ထိမ်းမြား၏။ (မြင်သူကန်းအောင် လှသောကြောင့် ကာဏာ(ကန်းမ)ဟု ခေါ်ခြင်းဖြင့် ထင်ရှားသည်။) တနေ့၌ ကာဏာသည် မိခင်ထံသို့ လာ၏။ ထို့နောက်

ကာဏာပြန်လာပါဟု မှာလိုက်၏။ ထိုအခါ မိခင်သည် အချည်းနှီးသွားခြင်း ငှာ ရှက်ဖွယ်ဟု လက်ဆောင်မုန့် စီရင်၏။ ကျက်သောအခါ ရဟန်းတပါး ဆွမ်းခံကြွလာသဖြင့် ထိုမုန့်ကို လှူလိုက်၏။ ထိုရဟန်းသည် တပါးသော ရဟန်းအား ပြောသဖြင့် ကြွလာ၏။ရဟန်းအားလည်း လှူလိုက်၏။ထိုရဟန်းက လည်းတဆင့်ပြောသဖြင့် ကြွလာတိုင်းလှူ၍မုန့်သည် ကုန်ခြင်းသို့ ရောက်လေ၏။ နှစ်ကြိမ်မြောက် ယောကျ်ား မှာလိုက်သောအခါလည်း ထိုအတူ မုန့်စီရင်သည်ကို ကြွလာတိုင်း လှူ၍ကုန်ပြန်၏။ သုံးကြိမ်မြောက် မှာလိုက်သောအခါလည်း ထို့အတူ ကုန်ပြန်၏။ ထိုအခါ ကာဏာ၏ ယောကျ်ားသည် မိန်းမတယောက်ကို ယူ၏။ကာဏာသတင်းကြား၍ ငိုလျက်နေ၏။

မြတ်စွာဘုရားသည် ကြွသွားပြီးလျှင် အဘယ့်ကြောင့် ငိုသနည်းဟု မေး၏။ ထိုအကြောင်း လျှောက်သဖြင့် တရားဟော၍ ပြန်ကြွ၏။ ထိုအခါ ကုန်သည် အပေါင်းသည် ရာဇဂြိုဟ်မှ (ပဋိယာလောက-နေရောင်ပြန့်ရာ) အနောက်အရပ် သို့ သွားလို၏။ဆွမ်းခံရဟန်းတပါးသည် ထိုကုန်သည်အပေါင်းထံ ဆွမ်းခံဝင်၏။ ဒါယကာတဦးသည် ထိုရဟန်းအား မုန့်လုံးလှူ၏။ ထိုရဟန်းသည် ထွက်သွား၍ တပါးသော ရဟန်းအား ပြော၏။ ထိုရဟန်းအားလည်း ကြွလာ၍ လှူ၏။ ထိုရဟန်းက တဆင့်ပြောပြန်၏။ ကြွလာတိုင်းလှူသဖြင့် ရိက္ခာမုန့် ကုန်ခြင်းသို့ ရောက်၏။ ထိုဒါယကာသည် ရိက္ခာကုန်သဖြင့် အဖော်များကို တရက်ဆိုင်း ပါဦးဟု ဆို၏။ မဆိုင်းနိုင်ဟု သွားကုန်၏။ ရိက္ခာစီမံ၍ နောက်မှ သွားသော အခါ ခိုးသူတို့ လုယက်ကုန်၏။ လူတို့သိ၍ အရှင်ကောင်းတို့သည် အတိုင်း မသိခံကုန်၏ စသည်ဖြင့် ကဲ့ရဲ့ကုန်၏။ ထိုနှစ်ခုသော ဝတ္ထုကြောင့် ပညတ် သည်။

**၅-ပဝါရဏာ။** ။ယော ပန ဘိက္ခု။ ဘုတ္တာဝီ၊ ဆွမ်းစားစဉ်။ ပဝါရိတော၊တန်ပြီဟုမြစ်မိသည်ဖြစ်လျက်။အနတိရိတ္တံ၊အတိရိတ်ဝိနည်း ကံမပြုသော။ ဝါ-အကြွင်းမဟုတ်သော။ ခါဒနီယံ ဝါ၊ ခဲဖွယ်ကို လည်းကောင်း။ ဘောဇနီယံဝါ၊ ဘောဇဉ်ကိုလည်းကောင်း။ ခါဒေယျ ဝါ၊ခဲမူလည်း ခဲငြားအံ့၊ ဘုဉ္ဇေယျ ဝါ၊စားမူလည်းစားငြားအံ့။ တဿ။

**အဓိပ္ပာယ်။** ။ဘောဇဉ်ငါးပါး တပါးပါးကို မုန့်ညင်းစေ့မျှဖြစ်စေ မျိုပြီး သော စားဆဲရဟန်းသည် ဘုတ္တာဝီမည်၏။ (အစရွာ မမျိုမိ

လည်းကောင်း၊ အဆုံးသတ် မျိုးပြီးသော်လည်းကောင်း ဘုတ္တာဝီ မမည်။) စားဆဲဖြစ်အံ့၊ ဘောဇဉ်ဖြစ်အံ့၊ နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း တည်အံ့၊ ရှေးရှုဆောင်အံ့၊ ပယ်မြစ်အံ့။ ဤအင်္ဂါငါးပါးနှင့် ပြည့်စုံသော ရဟန်းသည် ပဝါရိတ မည်၏။ ပဝါရိတ်သင့်သူ မည်၏။ ပဝါရိတ်သင့်သော ဣရိယာပုထ်ကို မဖျက်ပဲစားလျှင် အပ်သည်။ သွားစဉ် သင့်အံ့၊ ခရီးအကြား မြစ်ရေပြည့်၍ မသွားသာလျှင် ချုံငယ်ကိုဖြစ်စေ လှည့်ပတ်ကာသွားလျက် ဘုဉ်းပေးရသည်။ လှေယက်စီးလျှင် လှေထက်၌ သွားလျက် စားရသည်။ ထိုဣရိယာပုထ်ကို ဖျက်လျှင် နောက်၌ အတိရိတ် ဝိနည်းကံပြု၍သာ စားရသည်။အပ်သည်ကို ပြုခြင်းစသော ဝိနည်းကံ ခုနစ်ပါးဖြင့် အကြွင်းဖြစ်အောင် မပြုသေးသော ခဲဖွယ် ဘောဇဉ်သည် အနတိရိတ္တ မည်၏။ လူနာ၏ အကြွင်းမဟုတ်သော ခဲဖွယ်ဘောဇဉ်လည်း အနတိရိတ္တ မည်၏။ (ဝိနည်းကံ ခုနစ်ပါးဖြင့် အကြွင်းပြုသောအစာ၊ လူနာကြွင်း အစာ ဤနှစ်မျိုးသည် အတိရိတ္တ မည်၏။ပဝါရိတ်သင့်သူ စားကောင်း၏။) ဘောဇဉ်ငါးပါးမှ ကြွင်းသော ယာဝကာလိက အားလုံးသည် ဤ၌ ခဲဖွယ် မည်၏။ (ယာဂုကျဲ၊ ဟင်းရည်ကျဲ၊ နို့၊ နို့ခမ်း စသည်သည် ဘောဇဉ်ငါးပါး၊ ခဲဖွယ် ၁၂-ပါးမှ လွတ်လျက် ခဲဖွယ်ပင် မည်၏။) အင်္ဂါငါးပါးဖြင့် ပဝါရိတ်သင့်သော ရဟန်းသည် ဝိနည်းကံ ခုနစ်ပါးဖြင့် အတိရိတ္တ မပြုသော အစာကို၊ ဝါ၊ လူနာကြွင်းမဟုတ်သော အစာကို စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရဟန်းများစွာ တားမြစ်ပြီးနောက် အရပ်တပါး၌ စားခြင်းကြောင့် ပညတ်၏။ အနတိရိတ္တသည် အနုပညတ် ဖြစ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အတိရိတ္တ၌ ဒွိကဒုက္ကဋ်။ ယာမကာလိက၊ သတ္တာဟကာလိက၊ ယာဝဇီဝိကကို အာဟာရအလို့ငှာ ခံအံ့၊ အာမိသ မရောစေပဲ မျိုအံ့၊ ဒုက္ကဋ်။ အတိရိတ္တ၌ အတိရိတ္တသညီဖြစ်အံ့၊ အတိရိတ် ဝိနည်းကံပြု၍ စားမည်ဟု ခံအံ့၊ သူတပါးအလို့ငှာ ခံယူသွားအံ့၊ လူနာကြွင်း ဖြစ်အံ့၊ ကာလိကသုံးပါးကို အကြောင်းရှိ၍ သုံးဆောင်အံ့။ (ဝါ၊ ယာမ ကာလိကကို ဆာသောအခါ အဆာပျောက်အောင်၊ သတ္တာဟကာလိက၊ ယာဝဇီဝိကကို နာသောအခါ အနာပျောက်အောင် ပစ္စဝေက္ခဏာ ဆင်ခြင်၍ သောက်အံ့၊ စားအံ့။) ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ပဝါရိတ်သင့်ခြင်း၊ အတိရိတ္တမဟုတ်သော အာမိသဖြစ်ခြင်း၊ နံနက်ကာလ မျိုခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ပဌမ ကထိနနှင့် တူ၏။ ကြိယာ ကြိယသာ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ပုဏ္ဏားတယောက်သည် ရဟန်းတို့ကို ပင့်ဖိတ်၍ ကျွေး၏။ ရဟန်းတို့သည် စားစဉ် တန်ပြီဟု မြစ်ပြီးလျှင် တကာအိမ်တို့သို့ သွား၍ အချို့စား အချို့ဆွမ်း ယူသွားကုန်၏။ ပုဏ္ဏားသည် အိမ်နီးချင်းတို့ကို "ငါသည် ရဟန်းတို့ကို ရောင့်ရဲစေအပ်ကုန်ပြီ။ အသင်တို့လည်း လာကြလော့၊ ရောင့်ရဲစေဦးအံ့"ဟု ဆို၏။ ငါတို့ကို အဘယ်သို့ ရောင့်ရဲစေမည်နည်း။ အသင် ပင့်ဖိတ်သော ရဟန်းတို့သည် ငါတို့အိမ်၌ အချို့စား အချို့ဆွမ်း ယူသွားကုန်၏ဟု ဆိုလတ်သော် အရှင်ကောင်းတို့သည် ငါတို့အိမ်၌ စားပြီးလျက် အိမ်တပါး၌ စားကုန်၏။ အလိုရှိတိုင်း ငါမလှူနိုင်သလောဟု ကဲ့ရဲ့၏။ ထို့ကြောင့် စားစဉ် မြစ်ပြီးနောက် ခဲဖွယ်ဘောဇဉ် မစားရဟု ပညတ်သည်။

အခါတပါး ရဟန်းတို့သည် ဂိလာန ရဟန်းတို့အလို့ငှာ မွန်မြတ်သော ဆွမ်းတို့ကို ဆောင်ကုန်၏။ မစားနိုင်၍ စွန့်ပစ်ရာတွင် ကျီးသံ ငှက်သံ ဆူညံ၏။ ဘုရားရှင် ကြား၍ မေးမြန်း၏။ လူနာကြွင်းကို ရဟန်းများ မစားကြကုန်သလော၊ မစားကြပါဘုရား။ ချစ်သားတို့၊ ဂိလာန၏ ဒကြွင်းကိုလည်းကောင်း၊ အဂိလာန အကြွင်းကိုလည်းကောင်း စားခြင်းငှာ ခွင့်ပြု၏။ အဂိလာန၏ အကြွင်းဖြစ်အောင် အလမေတံ သဗ္ဗံ-ဟု ဆို၍ ပြုအပ်၏ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

## ပဝါရိတ်သင့်ရာ၌ မှတ်ဖွယ်

စားဆဲဘောဇဉ်[၁]၊ ဆောင်ငင်နီးကပ်[၂]၊ ပယ်မြစ်လတ်[၃]၊ ငါးရပ် ပဝါရိတ် သင့်ကြောင်းတည်း။

စားဆဲဟူသည်ကား-ဘောဇဉ်အချို့ မျိုချပြီးနောက် အချို့ မျိုချဦးမည် ဖြစ်၍ စားတုန်း စားဆဲ ရဟန်းသာ ပဝါရိတ်သင့်နိုင်သည်။ အစဦးစွာ မမျိုမီလည်းကောင်း၊ နောက်ဆုံး မျိုပြီးသော်လည်းကောင်း ပဝါရိတ် မသင့်။

ဘောဇဉ် ဟူသည်ကား- ဘောဇဉ်ငါးပါး တပါးပါးကို တားမြစ်လျှင် ပဝါရိတ်သင့်သည်။ ခဲဖွယ် စသည်ကို တားမြစ်လျှင် ပဝါရိတ်မသင့်။

ဆောင်ငင် ဟူသည်ကား- ကိုယ်ဖြင့် ရွေးရှု ဆောင်ပေးသော ဘောဇဉ်ကို တားလျှင် ပဝါရိတ်သင့်သည်။ နှုတ်ဖြင့် ဆောင်ပေးသည်ကို တားလျှင် ပဝါရိတ်မသင့်။

နီးကပ် ဟူသည်ကား-နှစ်တောင့်ထွာ ဟတ္ထပါသ်တွင်း တည်သည်ကို တားလျှင် ပဝါရိတ်သင့်သည်။ ဟတ္ထပါသ် ပြင်ပ၌ တားလျှင် ပဝါရိတ်မသင့်။

ပယ်မြစ် ဟူသည်ကား- ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း ပယ်လျှင် ပဝါရိတ် သင့်သည်။ ပရိယာယ်ဖြင့် ပယ်လျှင်လည်း ပဝါရိတ် သင့်သည်။ ပယ်ပြီးမှ ချထားလျှင် ပဝါရိတ် မသင့်။ ဤအင်္ဂါ ငါးပါးစွမ်းဖြင့် ပဝါရိတ်သင့်ပုံကို သိအပ်၏။

ဘောဇဉ်ငါးပါး။ ။စားဆဲ ဘောဇဉ်၊ ပယ်အပ်သော ဘောဇဉ် ဟူသည် ဩဒနော-ထမင်း၊ ကုမ္မာသော-မုယောမုန့်၊ သတ္တု-မုန့်လုံး၊ မစ္ဆော-ငါး၊ မံသံ-အသား၊ ဤသို့ ငါးပါး ဖြစ်၏။

ထမင်း-ငါး-သား၊ မုန့် နှစ်ပါး၊ ငါးပါး ဘောဇဉ်တည်း။

ထမင်း ဟူသည်ကား- သာလိ-သလေး၊ ဝီဟိ-ကောက်၊ ယဝေါ-မုယော၊ ဂေါဓုမော-နတ်ကောက်၊ ကင်္ဂု-ဆတ်၊ ဝရကော-ပြောင်း၊ ကုဒြူသကော-လူး။

သလေး-ကောက်-မုယော၊ နတ်ကောက်နှော၊ ဆတ်ရော-ပြောင်းနှင့် လူး။

ဤစပါးမျိုး ခုနစ်ပါးတို့၏ ဆန်ဖြင့် ချက်သော ထမင်းသည်လည်းကောင်း၊ လက်ကော်ရ ယာဂုသည် လည်းကောင်း ထမင်း မည်၏။ ယာဂုသည် ပူသော အခါ ကျဲ၍၊ စောင်းသောက်နိုင်၍၊ အရေးမထင်၍ လက်ကော်မရသော်လည်း အေးသောအခါ တခဲနက်ဖြစ်၍၊ အရေးထင်၍၊ လက်ကော်ရအံ့၊ ပူသောအခါ ထမင်း မမည်၊ အေးသောအခါ ထမင်း မည်၏။ ဟင်းရွက်၊ သစ်သီး၊ မျှစ် စသည်ကို ဆန်တဆုပ်မျှ ထည့်၍ ချက်သော်လည်း စားသောအခါ အရေး ထင်လျှင် ထမင်း မည်၏။ ယာဂုကျဲ ပြုမည်ဟု ထမင်း၌ ရေ၊ ပအုံးရည်၊ နို့ စသည် ထည့်အံ့။ ကျဲသော်လည်း ထမင်းမည်၏။ ကျိုက်ကျိုက်ဆူသော ရေ စသည် ထည့်အံ့၊ ရေအေး ထည့်၍သော်လည်း ကျိုက်ကျိုက် ဆူအောင်

ချက်အံ့၊ အရေးမထင်လျှင် ယာဂုကျဲ မည်၏။ အရေးထင်လျှင် ထမင်း မည်၏။ အလျော်နှင့်တကွ စပါးမျိုး ခုနစ်ပါး၏ ဆန်သည်သာလျှင် ထမင်း ဖြစ်ကောင်းသည်။ ဝါသီးဆန်၊ သစ်ဖု၊ သစ်ဥ၊ သစ်မြစ်၊ သစ်သီး စသည်တို့ကို သာ ချက်လျှင် ထမင်းမမည်။ အလျော်ကား သမန်းစသော မြက်သီးသည် လူး၌ လျော်၏။ ပြောင်းလျင်သည် ပြောင်းကြီး၌ လျော်၏။ ကြိတ်သည် သလေး၌ လျော်၏။ ဤ၌ ထမင်းမဟုတ်သမျှ ပဝါရိတ်ကို မဖြစ်စေနိုင်။ (ပြောင်းဖူးလည်း ပဝါရိတ်ဖြစ်စေရာ၌ မပါဝင်။) ယာဂုကျဲဖြစ်သော်လည်း ငါး အမဲ မုန့်ညင်းခန့်ထည့်လျှင် ပဝါရိတ်ဖြစ်စေသည်။

မုယောမုန့်ဟူသည်ကား မုယောဖြင့်(ဝါ-ဂျုံဖြင့်)ပြုသောမုန့်သည် မုယော မုန့်မည်၏။ ပဝါရိတ် ဖြစ်စေနိုင်သည်။ ပဲနောက်စသည်ဖြင့် ပြုလျှင် ပဝါရိတ် မဖြစ်စေနိုင်။

မုန့်လုံးဟူသည်ကား စပါးမျိုး ခုနစ်ပါးကို လှော်၍ ပြုသော မုန့်သည် မုန့်လုံး မည်၏။ အယုတ်ဆုံးအားဖြင့် ကျက်ကျက်လှော်သော စပါးတို့၏ ဆန် တို့ကို ထောင်းသော ဆန်မှုန့်၊ ဆန်ကွဲသည်လည်း မုန့်လုံးသာ မည်၏။ ရှည်တို ပြားဝိုင်း မှုန့်ခဲ ဖြစ်စေ မုန့်လုံးအမည်သာတည်၏ ဟူလို။) ပဝါရိတ် ဖြစ်စေနိုင် သည်။ သင့်ရုံလှော်သော နေပူလှန်းသော စပါးတို့၏ ဆန်ကွဲ၊ အလုံးစုံသော ဆန်၊ ပေါက်ပေါက်၊ ပေါက်ပေါက်ဖြင့် ပြုသော ထမင်း၊ မုန့်လုံး၊ မရွေး၊ မုန့်ဆန်းတို့ကား ပဝါရိတ် မဖြစ်စေကုန်။

ငါး၊ အသားတို့၌ကား ယာဂု သော်ကစဉ် ယာဂုလုံးအနေ ငါးပိုင်း၊ အမဲသားပိုင်း နှစ်ဟုံးမျှ တခွက်တည်း၌လည်းကောင်း၊ ခွက်အသီးသီး၌လည်း ကောင်း ထည့်၍ လာကပ်အံ့၊ ထိုငါး အမဲကို ပစားမိသော်လည်းကောင်း၊ နှစ်တုံးလုံး စားပြီး၍ ခံတွင်း၌ မုန့်ညင်းခန့်မျှ အကြွင်း မရှိသောအခါလည်း ကောင်း၊ ပဝါရိတ် မဖြစ်နိုင်။ တတုံးစား၍ တတုံးကျန်စဉ်အခါ တားမြစ်လျှင် စားဆဲဖြစ်၍ ပဝါရိတ် ဖြစ်စေနိုင်သည်။ မြအပ်သော အသားကိုလည်းကောင်း၊ ကုလဒူသနမှု ဆေးကုမှု ဗျာန်မင်္ဂဖိုလ် ဝါကြွားမှု ရွှေငွေခံမှု စသည်ကြောင့် ဖြစ်သော ဘောဇဉ်ကိုလည်းကောင်း၊ ကပ္ပိယဘောဇဉ်စားဆဲဖြစ်စေ အကပ္ပိယ ဘောဇဉ်စားဆဲဖြစ်စေ တားမြစ်အံ့ ပဝါရိတ်မဖြစ်။ ခီရစသော ဂေါရသငါး ပါး၊ (ငါးအသား အပုံးမပါသော) ငါးဟင်းရည်၊ အသားဟင်းရည်သည် လည်း ပဝါရိတ် မဖြစ်စေနိုင်။

**စားဆဲအကျယ်။** ။ဆိုပြီးသောနည်းဖြင့် ဆွမ်းတစေ့မျှ မျိုပြီးသော ရဟန်းသည် သပိတ်၊ ခံတွင်း၊ လက်တို့၌ရှိသော ဘောဇဉ်ကို ငဲ့ခြင်းရှိလျက် တပါးသော ဘောဇဉ်ကို ပယ်အံ့၊ ပဝါရိတ်သင့်၏။ ငဲ့ခြင်းမရှိသဖြင့် သူတပါးကို ပေးလိုအံ့၊ နေရာတပါးသို့ ရွှေ့ပြောင်း၍ စားလိုအံ့၊ ထိုအခါ ပယ်လျှင် ပဝါရိတ်မသင့်။

**နီးကပ်အကျယ်။** ။ထိုင်သောရဟန်း၏ တင်ပါးနောက်စွန်းမှ၊ ရပ်သောရဟန်း၏ ဖနောင့်စွန်းမှ၊ အိပ်သောရဟန်း၏ ဟိုမှာဘက်နံပါးစွန်းမှစ၍ ထိုင်ရပ်အိပ်ကပ်သူ၏ ဆန့်တန်းသော လက်ကိုဖယ်၍ အမှတ်မရှိ အနီးဆုံးအင်္ဂါစွန်းအထိ နှစ်တောင့်ထွာ ဟတ္ထပါသ်ကို ပိုင်းခြားရသည်။ ထိုဟတ္ထပါသ်တွင်းရောက်၍ ရှေးရှုပြုသော ဘောဇဉ်ကိုပယ်မှ ပဝါရိတ်သင့်သည်။ ဟတ္ထပါသ်တွင်းမရောက်မီ ရှေးရှုသည်ကိုပယ်လျှင် ပဝါရိတ်မသင့်။

**ဆောင်ငင်အကျယ်။** ။ဟတ္ထပါသ်တွင်းတည်သူက ယူစိမ့်သောငှာ ရှေးရှုညွတ်သည်ကို တားမြစ်မှ ပဝါရိတ်သင့်သည်။ အနီးကပ်သော်လည်း ရှေးရှုညွတ်ခြင်း မပြုပဲ၊ ဆွမ်းယူပါ-ဟု နှုတ်ဖြင့် ဆိုသည်ကို တားမြစ်လျှင် ပဝါရိတ်မသင့်။ ဆွမ်းတောင်းအနီးတွင် ချ၍ ဆွမ်းယူပါ-ဟု ဆိုသည်ကို ပယ်အံ့၊ ပဝါရိတ်မသင့်။ အနည်းငယ် မြှောက်ညွတ်၍ ဆိုသည်ကို ပယ်လျှင် ပဝါရိတ်သင့်၏။ ဆွမ်းတောင်းချီ၍ လုပ်ကျွေးသူကို အဖော်ကကူညီ၍ ချီမည်ဟု ကိုင်ရုံသာ ပြုအံ့၊ လုပ်ကျွေးသူ ချီသောကြောင့် ရှေးရှုပြုပြီး မည်၏။ လုပ်ကျွေးသူက ဆွမ်းတောင်းထဲမှ ပေးအံ့ဟု ယူသော ဘောဇဉ်ကို ပယ်လျှင် ပဝါရိတ်သင့်၏။ ဆွမ်းတောင်းကို အဖော်က ချီသည်ဖြစ်၍ လုပ်ကျွေးသူက ကိုင်ရုံသာ ဖြစ်အံ့၊ ရှေးရှုပြုသည် မမည်။ ပေးအံ့ဟု ယူစဉ်ကို ပယ်လျှင် ပဝါရိတ်မသင့်။ ယောင်းမဖြင့် ကော်မြှောက်သည်ကို ပယ်လျှင်ကား ပဝါရိတ်သင့်၏။ နှစ်ယောက်လုံး အညီအမျှ ချီသည်ကို ပယ်လျှင်လည်း ပဝါရိတ်သင့်၏။ အနီးရဟန်းအား ပေးသည်ကို အခြားတပါးက သပိတ်ကို ပိုက်အံ့၊ တပါးသူအား ရှေးရှုသည်ကို ပယ်သောကြောင့် ပဝါရိတ်မသင့်။

**ပယ်မြစ်အကျယ်။** ။နှုတ်ဖြင့်ဆောင်သည်ကို ပယ်လျှင် ပဝါရိတ်မသင့်။ ကိုယ်ဖြင့် ရှေးရှုဆောင်သည်ကို လက်ချောင်း လှုပ်ခြင်း၊ လက်ကာခြင်း၊ မျက်စောင်းထိုးခြင်း စသော ကာယဝိကာရဖြင့် လည်း

ကောင်း။ တန်ပြီ၊ မပေးနှင့်၊ ဖဲလော၊ ပြန်ယူ-စသော ဝစီဝိကာရဖြင့် လည်းကောင်း။ ပယ်အံ့၊ ပဝါရိတ်သင့်၏။ ပယ်လိုက်လျှင် ပဝါရိတ်သင့်ရာ၏ဟု စိုးရိမ်သဖြင့် ထည့်ထည့်၊ ပြည့်အောင်ထည့်ဟု ဆိုအံ့၊ သည်က ယူဦးမည်လား၊ ပေးပါရစေဦး၊ ရှိပါသေးသည်-ဟု ဆိုအံ့၊ ပယ်ခြင်းလည်း မဟုတ်၊ ပယ်ခြင်း ပရိယာယ် မဟုတ်သောကြောင့် ပဝါရိတ်မသင့်၊ (ဝိနည်း၌ ကာယဒွါရ၊ ဝစီဒွါရသာ ပြဋ္ဌာန်းသည်။ မနောဒွါရ မပြဋ္ဌာန်း။)

**အသားဟင်းရည်။** ။အသားနှင့်ဘက်သော ဟင်းရည်ကို ရှေးရှုဆောင်၍ "ဟင်းရည်ခံပါ"ဟု ဆိုအံ့၊ ပယ်လျှင် ပဝါရိတ်မသင့်။ အသားဟင်းရည်ခံပါဟု ဆိုအံ့၊ ပယ်လျှင် ပဝါရိတ်သင့်၏။ ဤမံ ဂဏုထ=ဤဝတ္ထုကို ခံပါဟု ဆိုအံ့၊ ပယ်လျှင် ပဝါရိတ်သင့်၏။ အသားကို ကုန်အောင် ဆယ်ပြီးမှ အသားဟင်းရည်ခံပါဟု ဆိုအံ့၊ ပဝါရိတ် မဖြစ်စေ။ အကယ်၍ မှုန်ညင်းစေ့ခန့် အသားတုံး ကျန်နေသေးအံ့၊ ပဝါရိတ်ဖြစ်စေနိုင်၏။ မျစ်၊ ပိန္နဲသီးစသည်နှင့် ငါး အမဲ ရောချက်၍ မျစ်ဟင်းခံပါ။ ပိန္နဲသီးဟင်းခံပါဟု ဆိုအံ့၊ ပဝါရိတ်မဖြစ်စေနိုင်။ ငါးဟင်း အမဲဟင်းခံပါ။ ဤဝတ္ထုခံပါ-ဟု ဆိုအံ့၊ ပဝါရိတ်ကို ဖြစ်စေနိုင်၏။

## အတိရိတ်ဝိနည်းကံ မှတ်ဖွယ်

မကပ္ပိရသေးသော ဗီဇဂါမ်၊ မအပ်သောအသား၊ မအပ်သော အစာအာဟာရဟူသမျှသည် အကပ္ပိယမည်၏၊ အလမေတံ သဗ္ဗံဟု အတိရိတ်ဝိနည်းကို ပြုလျှင် အကပ္ပိယကို ပြုသည်မည်၏။ ဝိနည်းကံ မပြုကောင်း။ အကပ်မခံရသေးလျှင် အပ္ပဋိဂ္ဂဟိတမည်၏။ မပြုကောင်း။ ဝိနည်းကံ ပြုလိုသော ရဟန်းသည် မမြောက်မသွတ်လျှင် အနုစ္စာရိတမည်၏။ မပြုကောင်း။ ဝိနည်းကံပြုလိုသော ရဟန်းသည် ဟတ္ထပါသ်ပြင်ပ၌ တည်လျှင် အဟတ္ထပါသဋ္ဌိတမည်၏။ မပြုကောင်း (၄)။ ဝိနည်းကံပြုပေးသော ဝိနည်းဓိုရ်ရှိသည် ပဝါရိတ်လောက်သော အမဲဘမျင်မျှ ဆွမ်းဘစေ့မျှ ယခုနေ့မစားသေးလျှင် အဘုတ္တာဝီမည်၏။ မပြုကောင်း။ ဝိနည်းဓိုရ်သည် ပဝါရိတ်သင့်ပြီးဖြစ်၍ နေရာမှ ထခဲ့လျှင် အာသနာဝုဋ္ဌိတမည်၏။ မပြုကောင်း။ ဝိနည်းဓိုရ်သည် "အလမေတံ သဗ္ဗံ"ဟု မမြွက်ဆိုလျှင် အဝုတ္တမည်၏။ မပြုကောင်း။ (၃) ဤခုနစ်ပါးဖြင့်ပြုလျှင် အတိရိတ်ဝိနည်းကံ မဖြစ်။

ထို့မှပြန်၍ ကပ္ပိပြီး၊ အပ်ပြီးသော အာမိသကိုသာ ပြုရသည်။ အကပ်ခံ၍သာ မြောက်ချီ၍သာ (အတိရိတ္တံ ကရောထဟု ဆိုခြင်းဖြင့် ဟတ္ထပါသ်၌တွင်း

၌ တည်လျက်သာ ပြုရသည်။ (၄)၊ ဝိနည်းမိုရ်သည် ဘောဇဉ် မစားသေး လျှင် ယူစား၍သာ၊ ပဝါရိတ်သင့်သူဖြစ်လျှင် ထိုနေရာမှ မထသေးမီသာ၊ အလမေတံ သဗ္ဗံဟု ဆို၍သာ(၃)၊ပြုရသည်။

အပ်လျှင်-ကပ်ခံ၊မြောက်ပြန်-နီ.မြွက်၊ သင့်လျက် မထ၊ စားပြီးမှသာ၊ အလမေတံ၊ ခုနစ်ပါးနှင့် မှတ်ရန် ပါရိတ်အင်္ဂါသည်။

ဝိနည်းမိုရ်သည် ဘောဇဉ်စားပြီးဖြစ်လျှင် ယူမစားသော်လည်း အလမေ တံဟု ဆိုရသည်။ ပဝါရိတ်မသင့်သူဖြစ်လျှင် သင့်လျက် မထအင်္ဂါဖယ်၍ ဝိနည်းကံမြောက်သည်။

နံနက်ဆွမ်းစားစဉ် ပဝါရိတ်သင့်၍ ပထသေးသောရဟန်းသည် မွန်းတည့် ချိန်နီးမှသော်လည်း ဝိနည်းကံပြုရန် ရဟန်းတပါးယူလာသောဆွမ်းကို ဝိနည်း ကံပြုပေးအံ့၊ အပ်သည်သာတည်း။ဝိနည်းကံပြုပြီးသောဆွမ်းကိုစားစဉ် တပါး သော အာမိသ လာထည့်ပြန်အံ့၊ဍင်းတို့ကို ယခင်ဝိနည်း မိုရ်သည် ဝိနည်းကံမပြု အပ်။ "မပြုရသေးသော အာမိသကို သာ ပြုရသည်။ မပြုရသေးသော ရဟန်း သည်သာ ပြုရသည်"ဟု သီဟဋ္ဌကထာတို့၌ ဆိုသည်။ ထိုကြောင့် ထိုခွက်၌ ပြုလျှင် ယခင်ပြုပြီး အာမိသနှင့်တကွ ပြုသည်မည်၏။ မအပ်။ (တပါးသော ရဟန်းက ပြုပေးလျှင်သာ အပ်သည်။) ယခင်နှင့် မရောအောင် ခွက်တပါး၌ မူကား ယခင်ရဟန်းသည်လည်းကောင်း၊တပါးသောရဟန်းသည်လည်းကောင်း ပြုပေးကောင်း၏။ ဤသို့ ပြုပြီးမှ ယခင်အာမိသနှင့် ရော၍ သုံးဆောင်လျှင် လည်း အပ်၏။

ဤသို့ ဝိနည်းကံပြုပြီးသော အာမိသသည် ဝိနည်းကံပြုပေးသော ဝိနည်းမိုရ် အား နောက်ထပ်စားခြင်းငှာ မအပ်။ တပါးသော ပဝါရိတ်သင့်၊ မသင့် ရဟန်းတို့အား အပ်၏။ ပဝါရိတ်သင့်သူတို့ကား ဝိနည်းကံမပြုရသေးသော အာမိသနှင့် မရောနှောမိစေရ၊ခံတွင်းကိုလည်းကောင်း၊ လက်ကိုလည်းကောင်း စင်ကြယ်စွာပြု၍ စားကြရသည်။ ဂိလာနရဟန်းအတွက် ရည်စူး၍ ယနေ့ နက်ဖြန် လိုသောအခါ စားရလတ္တံ့ဟု ယူဆောင်လာသော အာမိသသည် မစားခဲ့လည်း လူနာကြွင်းမည်၏။ အတိရိတ္တမည်၏။ ဝိနည်းကံမပြုပဲ ပဝါ ရိတ်သင့်သူ စားနိုင်၏။

၆-ဒုတိယ ပဝါရဏာ။ ။ယော ပန ဘိက္ခု။ ဘုတ္တာဝိ၊ဆွမ်းစား စဉ်။ ပဝါရိတံ ပဝါရိတ်သင့်သော။ ဘိက္ခုံ၊ ကို။ အနတိရိတ္တေန၊

အတိရိတ်ဝိနည်းကံ မပြုသော။ခါဒနီယေန ဝါ။ ဘောဇနီယေန ဝါ။ အဘိဟဋ္ဌုံ။ ပဝါရေယျ၊ ဖိတ်ကြားအံ့။ "ဘိက္ခု၊ ရဟန်း။ ဟန္ဒ၊ ငါတိုက်တွန်းပါ၏။ခါဒ ဝါ၊ခဲမူလည်း ခဲလော့။ဘုဉ္ဇ ဝါ၊စားမူလည်း စားလော့။" ဣတိ။ ဇာနံ၊ သိလျက်။ အာသာဒနာပေက္ခော၊ အရှိန်အစော်မရှိခြင်းကို ငဲ့လျက်။ ပဝါရေယျ။ ဘုတ္တသ္မိံ၊ ဖိတ်အပ်သော ရဟန်း စားပြီးသည်ရှိသော်။ တဿ။

**အဝိပ္ပာယ်။** ။ခံယူစိမ့်သောငှာ ရှေးရှုဆောင်၍ ခဲပါ၊ စားပါဟု ဖိတ်ကြားခြင်းသည် အဘိဟဋ္ဌုံ ပဝါရေယျမည်၏။ကြား၍ မြင်၍ ထိုရဟန်း ပဝါရိတ်သင့်ခြင်းကို သိသူသည် ဇာနန္တမည်၏။ အပြစ်တင်ခြင်းကို မျက်နှာပျက်အောင် ပြုခြင်းကို ငဲ့သောသူသည် အာသာဒနာပေက္ခမည်၏။ အပြစ်တင်လို၍ ခဲဖွယ်ဘောဇဉ်ဆောင်ပေးအံ့၊ ဒုက္ကဋ်။ ပဝါရိတ်သင့်သူ ယူအံ့၊ တဖန် ဒုက္ကဋ်။ စားအံ့၊ တဖန်မျိုတိုင်း ဒုက္ကဋ်။ စားပြီးအဆုံး၌ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရဟန်းတပါး အတိရိတ္တမဟုတ်သော ဘောဇဉ်ဖြင့် ဆောင်၍ ဖိတ်ခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ ပဝါရိတရဟန်း၌ ပဝါရိတသညီဖြစ်အံ့၊ ပါစိတ်။ ဝေမတိက ဖြစ်အံ့၊ ဒုက္ကဋ်။ ယာမကာလိက စသည်ကို အာဟာရအလို့ငှာ ဆောင်အံ့၊ ဒုက္ကဋ်။ ထိုရဟန်း ခံယူအံ့၊ တဖန် ဒုက္ကဋ်။ စားအံ့၊ တဖန် မျိုတိုင်း ဒုက္ကဋ်။ ပဝါရိတ်မသင့်သောရဟန်း၌ ဒွိကဒုက္ကဋ်။ နှစ်ပါးလုံး၌ အပဝါရိတ သညီဖြစ်အံ့၊ ဝိနည်းကံ ပြုစေပြီးမှ ပေးအံ့၊ ပြုစေ၍ စားပါဟု ပေးအံ့၊ သူတပါးအလို့ငှာ ယူသွားပါဟု ပေးအံ့၊ လူနာကြွင်းကို ပေးအံ့၊ ယာမကာလိက စသည်ကို အကြောင်းရှိလျှင် စားပါဟု ပေးအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ပဝါရိတ်သင့်သော ရဟန်းဖြစ်ခြင်း၊ ပဝါရိတ်သင့်သည်ဟု အမှတ်ရှိခြင်း၊ အရှိန်အစော်မဲ့ခြင်းကိုငဲ့ခြင်း၊ အတိရိတ္တမဟုတ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ရှေးရှု ဆောင်၍ ဖိတ်ခြင်း၊ စား၍ ပြီးခြင်း။ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန် စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာသာ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ကောသလဇနပုဒ်တို့၌ ရဟန်းနှစ်ပါး ခရီး အတူသွား၏။ တပါးသည် မအပ်သောအမှုကို ပြု၏။ ငါ့ရှင်၊ ဤသို့ မပြုနှင့် မအပ်-ဟု အဖော်ရဟန်းက ဆိုသည်ကိုလည်း ရန်ငြိုးဖွဲ့၏။ သာဝတ္ထိသို့ ရောက်သောအခါ အသင်းတခု ဆွမ်းကျွေးရာ၌ အဖော်ရဟန်းသည် စားစဉ်

တန်ပြီဟု မြစ်၍ ပဝါရိတ်သင့်၏။ ရန်ငြိုးဖွဲ့သောရဟန်းသည် ဆွမ်းအိမ်သို့သွား၍ ဆွမ်းယူပြီးလျှင် အဖော်ရဟန်းကို စားပါဟု ပေး၏။ ပြည့်စုံပါပြီဟု ဆိုလတ်သော် ဆွမ်းသည် ကောင်းလှ၏ စားစမ်းပါဟု လွန်စွာတိုက်တွန်းခြင်းကြောင့် စား၏။ စားပြီးသောအခါ ငါ့ရှင်၊ သင်သည် ငါ့ကို အပြစ်တင်စရာဟု သိ၏။ သင်သည်လည်း ပဝါရိတ်သင့်လျက် အတိရိတ္တမဟုတ်သော ဆွမ်းကို စားသည်ဟု ဆို၏။ သင်သည် ထိုအကြောင်းကို ရှေးဦးစွာ ပြောသင့်သည် မဟုတ်လော။ သင်သည်လည်း မေးသင့်သည်မဟုတ်လောဟု ဆိုကုန်၏။ ရဟန်းတို့သိ၍ အတိရိတ္တ မဟုတ်သော ဘောဇဉ်ဖြင့် ဖိတ်သည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

> ၇ ဝိကာလဘောဇနေ။ ။ယော ပန ဘိက္ခု၊ဝိကာလေ၊ နေလွဲသောအခါ၌။ ခါဒနီယံ ဝါ၊ ဘောဇနီယံ ဝါ။ ခါဒေယျဝါ။ ဘုဉ္ဇေယျဝါ။ တဿ။

**အဓိပ္ပာယ်။** ။မွန်းတည့်ချိန် လွန်သည်မှနောက် အရုဏ်တက်ချိန်အတွင်းသည် ဝိကာလ မည်၏။ ဘောဇဉ်ငါးပါးမှ ကြွင်းသော ယာဝကာလိကသည် ခါဒနီယ မည်၏။ ဝိကာလ၌ ခဲဖွယ် ဘောဇဉ် အစိမ်းအကျက် ယာဝကာလိက အာမိသကို စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ စားအံ့၊ မျိုတိုင်း ပါစိတ်။ (အချို့ ဝိကာလကား နေဝင်မှ အရုဏ်တက်အထိ။)

ခဲဖွယ် ၁၂-ပါး။ ။မူလ-အမြစ်ခဲဖွယ်။ မုံလာဥ၊ ကန်စွန်းဥ စသော ဥရှည်မျိုး။ ကန္ဒ-အဥခဲဖွယ်။ ကြာဥ၊ ဝက်မြေဥ။ မုဠာလ-အစွယ်ခဲဖွယ်။ ကြာစွယ်၊ ငြိတ်စွယ်။ မတ္ထက-အညှောင့်ခဲဖွယ်။ ကြိမ်ညွန့်၊ မျှစ် (၄)။

ခန္ဓ ပင်စည်ခဲဖွယ်။ ကြံပင်၊ ကြာရိုး။ တစ-အခေါက်ခဲဖွယ်။ အရည်ရှိသော ကြံခွံ။ ပတ္တ-အရွက်ခဲဖွယ်။ မုံလာရွက်၊ ပဲရွက်။ ပုပ္ဖ-အပွင့်ခဲဖွယ်။ မုံလာပွင့်၊ ပဲပွင့် (၄)၊

ဖလ-အသီးခဲဖွယ်။ ထန်းသီး၊ အုန်းသီး။ အဋ္ဌိ-အစေ့ခဲဖွယ်။ ပိန္နဲစေ့၊ ကြာစေ့။ ပိဋ္ဌ-အမှုန့်ခဲဖွယ်။ ဆန်မှုန့်၊ ပဲမှုန့်။ နိယျာသ၊ အစေးခဲဖွယ်။ ကြံအစေး၊ ရှိန်းခို(၄)။

ဤသို့ ခဲဖွယ် ၁၂-ပါး ဖြစ်၏။

မြစ်-ဥ-နွယ်-ညြောက်[၄]၊ပင်-ခေါက်-ရွက်-ပွင့်[၄]၊ သီး-စေ့-ဆင့်[၂]၊မှုန့်နှင့် စေး[၂]-ဆယ့်နှစ်။

(ခဲဖွယ် ၁၂-ပါးပြရာ၌ ယာဂုကဲ့၊ ဟင်းရည်ကဲ့၊ နို့စသော ဂေါရသ ငါးပါးမပြ။ ဘောဇဉ်ငါးပါး၌လည်း မဝင်သော ယာဝကာလိက ခဲဖွယ် ဖြစ်၏။ တစ၌ သစ်ပင် အခေါက်ပြသော်လည်း အသားရှိသော ပိန္နဲသီး၊ ဖရဲသီးခွံလည်း လျော်ရာ၏။ နိယျာသ၌ သတ္တာဟကာလိကနှင့် ယာဝဇီဝိက ကို ပြသော်လည်း အဖျော်ရှစ်မျိုး မီးချက် ယာဝကာလိက အစေး၊ ယာဝ ကာလိက သစ်သီးတင်လဲလည်း လျော်၏။)

**ရှိန်းခို ငါးမျိုး။** ။ရှိန်းခိုပင်မှထွက်သော အစေးသည် ဟိင်္ဂု မည်၏။ ငါးမျိုး ပြား၏။ရိုးရွက်ချက်သော အစေးသည် ဟိင်္ဂုဇတု မည်၏။ ရွက်ချက်စေးသည် ဝါ-ရောသော အစေးသည် ဟိင်္ဂုသိပါဋိက မည်၏။ ညွန့်ဖျားထွက် အစေးသည် တက ပည်၏။ ရွက်ထွက် အစေးသည် တကပတ္တိ မည်၏။ ရွက်ရင့်ပေါင်းထုတ်သော အစေးသည်၊ ဝါ ရိုးထွက်အစေးသည် တကပဏ္ဏိ မည်၏။ "ဟိင်္ဂု-ပင်ယိုရှိန်းခို။ ဟိင်္ဂုဇတု-ရိုးရွက်ချက် ရှိန်းခို။ ဟိင်္ဂု သိပါဋိက-ရွက်ချက် ရှိန်းခို။ ဝါ-ရောသော ရှိန်းခို။ တက-ညွန့်ဖျားထွက် ရှိန်းခို။ တကပတ္တိ-ရွက်ထွက် ရှိန်းခို။ တကပဏ္ဏိ ရွက်ရင့်ပေါင်းပြုသော ရှိန်းခို၊ ဝါ-ရိုးထွက် ရှိန်းခို။ "အစေးခဲဖွယ်၌ ရှိန်းခိုပြသော်လည်း" ယာဝဇီဝိက။ နောက် ရှိန်းခိုသုံးမျိုးသည် လာခါ-ချိပ်မျိုး။"

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ သတ္တရသဝဂ္ဂီတို့ နေလွဲဘောဇဉ် စားခြင်း ကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိက ပါစိတ်။ ကာလ၌ ဒုက္ကဋ်။ ဝိကာလ၌ ယာမကာလိက စသည်ကို အာဟာ ရအလို့ငှာ ခံအံ့၊ မျိုအံ့၊ ဒုက္ကဋ်။ ကာလ၌ ကာလသညီဖြစ်အံ့၊ ယာမကာလိက ကို ဆာခြင်းကြောင့်၊ သတ္တာဟနှင့် ယာဝဇီဝကို နာခြင်းကြောင့် (ပစ္စဝေက္ခ ဏာဉာဏ်ဖြင့် ဆင်ခြင်၍)စားအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊အနာပတ္တိ။ စားမြုံ့ ပြန်တတ်သော ရဟန်းအား စားမြုံ့ပြန်ခြင်းကို ခွင့်ပြု၏။ ခံတွင်းဝမှ ပြင်ပသို့ ထုတ်၍ကား ပြန်မမျိုအပ်ဟု ခွင့်ပြုသောနည်းဖြင့် စားမြုံ့ပြန်သော ရဟန်း အားလည်း အနာပတ္တိ။ ကြွင်းသောရဟန်းတို့အား တက်လာသော အစာကို ခံတွင်း၌ထား၍ ပြန်မျိုလျှင် အာပတ်သင့်၏။ မထားမိ ပြန်ဝင်သွားလျှင် အပြစ်မရှိ။

နေလွဲခြင်း၊ ယာဝကာလိက ဖြစ်ခြင်း၊ မျိုခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။ (ဆာခြင်း နာခြင်းကြောင့် ယာမကာလိကစသည် အပ်သော်လည်း စားသောအခါ မဆင်ခြင်လျှင် အာပတ်ဟု ဇာတရူပဋီကာ၌ ဆို၏။)

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် တောင်ထိပ်ပွဲသဘင် ကြည့်ရှုခြင်းငှာ သွားကုန်၏။ဆွေမျိုးတို့မြင်၍ ရေချိုးပေးပြီးလျှင် နံ့သာလိမ်းပေး၍ ဘောဇဉ်ကျွေး၍ ခဲဖွယ်ပေးကုန်၏။ ထိုခဲဖွယ်တို့ကို ကျောင်းသို့ယူလာ၍ ဆဗ္ဗဂ္ဂီတို့အား စားကြပါဟု ပေးကုန်၏။အဘယ်မှ ရသနည်းဟု မေးလတ်သော် ထိုအကြောင်း ပြန်ပြောကုန်၏။ နေလွဲသောအခါ စားကြသလောဟု မေးလတ်သော် စားကြသည်ဟု ဆိုကုန်၏။ သတ္တရသဝဂ္ဂီတို့သည် နေလွဲဘောဇဉ် စားကြသည်ဟု ဆဗ္ဗဂ္ဂီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၈-သန္နိဓိကာရက။** ။ယောပန ဘိက္ခု။ သန္နိဓိကာရကံ၊ သိုမှီခြင်းကို ပြုအပ်သော။ ခါဒနီယံ ဝါ။ ဘောဇနီယံ ဝါ။ခါဒေယျ ဝါ။ ဘုဉ္ဇေယျ ဝါ။ တဿ။

**အဓိပ္ပာယ်။** ။အကပ်ခံ၍ တညဉ့်လွန်အောင် သိုမှီးခြင်းကိုပြုသော ခဲဖွယ်ဘောဇဉ်သည် သန္နိဓိကာရကမည်၏။ (ခဲဖွယ် ဘောဇဉ်မျှဆိုသော်လည်း ယာဝကာလိက၊ ယာမကာလိက နှစ်ပါးသည် သန္နိဓိပါစိတ်ဝတ္ထုဖြစ်၏။) ဤသို့ အကပ်ခံ၍ တညဉ့်လွန်သော ယာဝကာလိက၊ ယာမကာလိကကို မျိုမည်ဟု အကပ်ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါစိတ်။

**ရဟန်း၏ ငှက်သန္နိဓိ။** ။ရဟန်း၏ခွက်၌ သပိတ်၌ ကောင်းစွာ မဆေးသဖြင့် လက်ချောင်းဖြင့် ပွတ်သောအခါ အရေးထင်အံ့။ အဖုံ့ရှိသော သပိတ်၏ အဖုံ့အကြားတွင် ဝင်သော အစေးအဆီသည် နေလှုန်းသောအခါ ထွက်အံ့၊ ယာဂုပူ ထည့်ထားသောအခါ ထင်ရှားအံ့ ထိုခွက်၌ ထိုသပိတ်၌ နောက်နေ့စားလျှင် ပါစိတ်။ ရဟန်း၏ခွက် အဆေးမစင်ကြယ်လျှင် သန္နိဓိဖြစ်၏။ အကပ်မစွန့်သောကြောင့်တည်း။ လူတို့၏ခွက်ကား အကပ်စွန့်၏ သန္နိဓိမဖြစ်။)

**အကပ်စွန့်ဝါဒ။** ။ရဟန်းသည် အကြင် အာမိသကို မငဲ့မကွက် သာမဏေအား စွန့်အံ့၊ သာမဏေသည် သိမ်းထားအံ့၊ ရဟန်းသည်

ထိုအာမိသကို တဖန်ရ၍ စားအံ့၊ အပြစ်မရှိ။ (သာရတ္ထဒီပနီ၌ သူတပါးအား စွန့်၍မပေးစေကာမူ အကပ်၌ မငဲ့ပဲစွန့်လျှင် အကပ်စွန့်ခြင်းဖြစ်၏ ဒုတိယနေ့၌ သန္နိဓိမဖြစ် အပ်သည်ဟု ဆို၏။ဝိမတိ၌ ထိုဒီကာစကားကို အမြဲဘ်တနိုး မမှတ် အပ်ဟု ဆို၏။)

**သန္နိဓိဝိကပ်။** ။ကိုယ်တိုင်အကပ်ခံ၍ မစွန့်သော အပ်သောကပ္ပိယ အာမိသ ဖြစ်အံ့၊ ဒုတိယနေ့စားလျှင် ပါစိတ်။လူသားဖြစ်အံ့၊ ထုလ္လစ္စည်းနှင့် ပါစိတ်။ ကြွင်းသော အကပ္ပိယ မံသဖြစ်အံ့၊ ဒုက္ကဋ်နှင့် ပါစိတ်။ ယာမကာလိကဖြစ်အံ့၊ ဆာသော အကြောင်းရှိ၍ မျိုအံ့၊ ပါစိတ်။ အကြောင်းမဲ့ အာဟာရအလို့ငှာ မျိုအံ့၊ ဒုက္ကဋ်နှင့် ပါစိတ်။ သုဒ္ဓသန္နိဓိ ငါးဝိကပ်။ ပဝါရိတ် သိလျက် အတိရိတ်ဝိနည်းကံမပြုပဲ (ထိုငါးဝိကပ်အတိုင်း)စားအံ့၊ ငါးဝိကပ်လုံး ပါစိတ်တချက်စီ တိုး၏။ နေလွဲသောအခါ စားအံ့၊ငါးဝိကပ်လုံး အနတိရိတ္တအာပတ်မရှိ။ယာဝကာလိက သုံးဝိကပ်၌ ဝိကာလပါစိတ်၊ တချက်စီတိုး၏။ ယာမကာလိက နှစ်ဝိကပ်တွင် အကြောင်းရှိဝိကပ်၌ အနာပတ္တိ။ အကြောင်းမဲ့ ဝိကပ်၌ ဝိကာလဒုက္ကဋ် တိုး၏။ ဘိက္ခု၏ သန္နိဓိသည် ဘိက္ခုနီအား အပ်၏။ ဘိက္ခုနီ၏ သန္နိဓိသည် ဘိက္ခုအား အပ်၏။(အနတိရိတ္တ-နံနက်သာ အာပတ်။ ဝိကာလ-နေလွဲသာ၊ သန္နိဓိကား-အချိန်မရွေး အာပတ်သင့်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ အရှင်ဗေလဋ္ဌသီသ သိုမှီးသော ဘောဇဉ်ကို စားခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အသန္နိဓိကာရကဉ ဒွိကဒုက္ကဋ်။ သတ္တာဟကာလိက၊ ယာဝဇီဝိက နှစ်ပါးကို အာဟာရအလို့ငှာ ခံအံ့၊ မျိုအံ့၊ ဒုက္ကဋ်။ (ဤကာလိကနှစ်ပါးသည် အာဟာရအလို့ငှာ မအပ်သကဲ့သို့ ယာဝ၊ ယာမနှစ်ပါးနှင့် ရောလျှင်လည်း မစားအပ်။ ယာဝဇီ၊ သတ္တာဟ သူတို့အချင်းချင်းသာ ရောလျှင် အပ်သည် ဟူလို။) သန္နိဓိမဟုတ်သည်၌ မဟုတ်ဟု ထင်အံ့၊ ယာဝကာကို မွန်းတည့် ကာလအတွင်း သုံးဆောင်အံ့၊ ယာမကို အရုဏ်ယာမအတွင်း၊ သတ္တာဟကို ခုနစ်ရက်အတွင်း၊ ယာဝဇီကို အခါမရွေး အကြောင်းရှိ၍ သုံးဆောင်အံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။

အာမိသဖြစ်ခြင်း။ (ဝါ-ယာဝ၊ ယာမ တခုခု ဖြစ်ခြင်း။) သိုမှီးခြင်း၊ မျိုခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန် စသည် ဧဠကလောမနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ အရှင်အာနန္ဒာ၏ ဥပဇ္ဈာယ် အရှင် ဗေလဋ္ဌ သီသ သည် တောကျောင်း၌ နေ၏။ ဆွမ်းခံသွား၍ ဆွမ်းစားပြီး သောအခါ ထမင်းခြောက်လှန်း၍ သိမ်းထား၏။ အလိုရှိသောအခါ ရေဆွတ်၍ ဘုဉ်းပေး၏။ ကြာမြင့်မှ ရွာသို့ ဆွမ်းခံဝင်၏။ ရဟန်းတို့ မေး၍ ထိုအကြောင်း ပြောပြ၏။ သိုမှီး၍ ဘောဇဉ်ကို စားသလော၊ ဟုတ်ပေသည်ဟု ပြန်ခံ၏။ ရဟန်းတို့ ကဲ့ရဲ့ကြကုန်၏။ ထို့ကြောင့် ပညတ်သည်။ ဤ အရှင်သည် ရှင်တဆောင်တွင် ပါဝင်၏။ ထမင်းခြောက်ဖြင့် မျှဘလျက် သမာပတ်ဝင်စားကာ နေ၏။ အလိုကြီး၍ ထမင်းခြောက် လှန်းသည်မဟုတ်။

## ကာလိက ရောနှောခြင်း စသည်၌ မှတ်ဖွယ်

ချစ်သားတို့၊ ယာဝကာလိကနှင့် ရောသော ယနေ့ အကပ်ခံသော ယာမကာလိကသည် နံနက်၌ အပ်၏။ နေလွဲမအပ်။ ဤသို့စသည်ဖြင့် ဟောသောကြောင့် ရောနှောလျက် ရလျှင် အရသာမရောသည် ဖြစ်အံ့၊ ရောလတ်သော် သန့်အောင် ဆေးကြောနိုင်သည် ဖြစ်အံ့၊ မိမိကာလအားလျော်စွာ သုံးဆောင်ခြင်းငှာ အပ်၏။ အရသာ ရောအံ့၊ သန့်အောင် မဆေးကြောနိုင်အံ့၊ မအပ်။ ယာဝကာလိကသည် မိမိနှင့် ရောသော ကာလိက သုံးပါးကို မိမိသဘောသို့ ဆောင်၏။ ယာမကာလိကသည် သတ္တာဟ၊ ယာဝဇီဝိက နှစ်ပါးကို မိမိသဘောသို့ ဆောင်၏။ သတ္တာဟကာလိကသည် ယာဝဇီဝိက တပါးကို မိမိသဘောသို့ ဆောင်၏။

**သတ္တာဟ၊ ယာဝဇီ ရောပုံ။** ။ထို့ကြောင့် ထိုနေ့ အကပ်ခံသော သတ္တာဟကာလိကနှင့် ယာဝဇီဝိက ရောလျှင် ၇-ရက် အပ်၏။ (ရှေးရှေးနေ့က အကပ်ခံသော ယာဝဇီဝိက ဖြစ်စေကာမူ ၇-ရက် အပ်၏။) နှစ်ရက် အကပ်ခံပြီးသော သတ္တာဟနှင့် ရောလျှင် ၆-ရက်။ သုံးရက် အကပ်ခံပြီးနှင့် ရောလျှင် ၅-ရက်။ လ ။ ခုနစ်ရက် အကပ်ခံပြီးနှင့် ရောလျှင် ထိုနေ့၌သာ အပ်၏။ ထိုသို့ ပုရေပရိဂ္ဂဟိတ ယာဝဇီဝိက၏ အပ်သည်အဖြစ်ကြောင့်သာလျှင် သတ္တာဟကာလိကေန ဘိက္ခဝေ ယာဝဇီဝိကံ "တဒဟု" ပဋိဂ္ဂဟိတံ ဟု မဟောပဲ ပဋိဂ္ဂဟိတံ သတ္တာဟံ ကပ္ပတိ ဟု ဘေသဇ္ဇက္ခန္ဓကာ၌ ဟောသည်။ "တဒဟု" မပါပဲ ဟောသည်။ (အကပ်မခံသေးသော သတ္တာဟနှင့် ရောလျှင်ကား အကပ်ခံသည့်နေ့မှစ၍ ၇-ရက် အပ်သည်။ ယာဝဇီနှင့် သတ္တာဟ ရောရာ၌ သန့်မိ မရှိသောကြောင့် ယာဝဇီ၏ အကပ်ခံပြီး ရက်ကို မငဲ့ရပြီဟု ဆရာမြတ်တို့ မိန့်ဆိုကုန်၏။)

**ကာလအာပတ်။** ။ယာဝကာလသည် မွန်းတည့် ကာလ လွန်သောအခါ ဝိကာလ ဘောဇန ဖြင့် ပါစိတ်ကို....။ ယာမကာလသည် ပစ္ဆိမယာမ် လွန်သောအခါ သန္နိဓိ သိက္ခာပုဒ်ဖြင့် ပါစိတ်ကို....။ သတ္တာဟသည် ခုနစ်ရက် လွန်သောအခါ ဘေသဇ္ဇသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ်ကို ဖြစ်စေ၏။

ယာဝဇီဝသည် ဘယ်အခါ ဘယ်သိက္ခာပုဒ်ဖြင့် အာပတ်သင့်စေသည်ဟု မရှိ။ ယာဝ၊ ယာမနှစ်ခုသည် ရှေးနေ့ကအကပ်ခံထားသောသတ္တာဟ၊ ယာဝဇီဝနှစ်ခုနှင့် ရောလျှင် သန္နိဓိပါစိတ်ကို ဖြစ်စေ၏။ ထို့ကြောင့် နံနက်တွင် ဆွမ်းစားပြီး၍၊ အဖျော်သောက်ပြီး၍၊ နေလွဲအဖျော်သောက်ပြီး၍ ဖြစ်၍ ပဆင်သေးသော ခံတွင်းဖြင့် ရှေးနေ့က ကပ်ထားသော လျက်ဆားကို၊ ထောပတ်ကို မစားအပ်။ ခံတွင်း၌ ရောလျှင် ပါစိတ်။ ခွက်၌ရောစားလျှင်လည်း ပါစိတ်။ ခံတွင်းစင်ကြယ်လျှင် အပြစ်မရှိ။ သတ္တာဟနှင့် ယာဝဇီဝကား သန္နိဓိပါစိတ်ကို မဖြစ်စေသောကြောင့် ခံတွင်း၌ ခွက်၌ရောသော်လည်း သန္နိဓိအပြစ်မရှိ။

**အန္တောဝုတ္ထစသည်။** ။ယာဝ၊ ယာမနှစ်ခုသည် အကပ္ပိယ ကုဋိ၌ အကပ်မခံပဲ ညဉ့်သိပ်လျှင် အန္တောဝုတ္တ မည်၏။ (အကပ်ခံ၍ တညဉ့်လွန်သော်ကား နေရာမရွေး ရှေးသန္နိဓိ။) သတ္တာဟ၊ ယာဝဇီဝနှစ်ခုကား အန္တောဝုတ္ထဖြစ်ခြင်း၊ သန္နိဓိဖြစ်ခြင်းမရှိ။ အန္တောဝုတ္ထဖြစ်ပြီးသော ယာဝ၊ ယာမနှင့် ကြွင်းနှစ်ပါးရောလျှင် မုခသန္နိဓိ မည်၏။ ခံတွင်း၌ ညဉ့်မသိပ်သော်လည်း ခံတွင်း၌ ထည့်မှ အပြစ်ရှိသောကြောင့် သန္နိဓိအမည်ရ၏။ ဒုက္ကဋ်ကို ဖြစ်စေ၏။ မဟာပစ္စရိ၌ကား အန္တောဝုတ္ထဟူ၍သာ အမည်ပေး၏။ အမည်ကွဲသော်လည်း ဒုက္ကဋ်ချည်းသာတည်း။

သံဃိက၊ ဘိက္ခုပုဂ္ဂလိကဖြစ်သော နေစခု ဝါသာဂါရကျောင်းသည် အကပ္ပိယကုဋိမည်၏။ ထိုကျောင်း၌ သဟသေယျလောက်သောနေရာ၌ ယာဝ ယာမညဉ့်သိပ်လျှင်-- သံဃိကဖြစ်စေ၊ ရဟန်းပုဂ္ဂလိက ဖြစ်စေ အန္တောဝုတ္ထ မည်၏။ ထိုအကပ္ပိယကုဋိ၌ ချက်လျှင် အန္တောပက္ကမည်၏။ ရဟန်းကိုယ်တိုင် ချက်လျှင်ကား နေရာမရွေး သာမံပက္ကမည်၏၊ ထိုအားလုံးစားလျှင် ဒုက္ကဋ်။ ထိုထိုကာလိကနှင့် ရောပြန်လည်း ထိုသဘောပင်တည်း။ ထို့ကြောင့် အန္တောဝုတ္ထ၊ အန္တောပက္ကမှ လွတ်စေခြင်းငှာ ကပ္ပိယကုဋိလေးခုကို ခွင့်ပြုတော်မူသည်။ ကပ္ပိယကုဋိမရှိသော ကျောင်း၌ လူသာပဏာ၏ ဥစ္စာပြု၍ သိုးဆောင်လျှင် အပ်၏။ ကျက်ပြီးကို တဖန်ပြန်ချက်သော သာမံပက္ကလည်း အပ်၏။

**ကပ္ပိယကုဋီလေးခု။** ။ကပ္ပိယကုဋီသည် ဥဿာဝနန္တိကာကုဋီ၊ ဂေါနိသာဒိကာကုဋီ၊ ဂဟပတိကုဋီ၊ သမ္မုတိကုဋီဟု လေးမျိုးပြား၏။ ဥဿာဝနန္တိကာကုဋီ ပြုနည်းကား ရှေးဦးစွာ စိုက်ထူသောတိုင်ကို ရဟန်းတပါးဖြစ်စေ၊ အများဖြစ်စေ၊ လူတို့နှင့်တကွဖြစ်စေ၊ ကိုင်ချီ၍ ကပ္ပိယကုဋိံ ကရောမ-ဟု ဆို၍ချရသည်။ ရဟန်းတပါးပါး၏ စကားအဆုံးနှင့် တိုင်ကျခြင်းညီလျှင် အပ်၏။ ထိုတိုင်သည် ရဟန်းပိုင်ပုဂ္ဂလိက၊ သံဃိကဖြစ်ရသည်။ တကာ-မလှူသေးလျှင် လှူအံ့ဟု ရှေးရှုပြီးသောတိုင်ကို အလှူခံ၍ စိုက်ထူအပ်၏။ ထိုနောက် ထိုတိုင်နှင့် ဆက်သွယ်၍ ပြုသော ကျောင်းအဆက်ဆက်သည် ဥဿာဝနန္တိကာကုဋီချည်းသာ မည်၏။ ထိုကုဋီသည် မူလတိုင်မရှိသော်လည်း တပါးသောတိုင်ကျန်ရှိသေးလျှင် မပျက်။ တိုင်အားလုံးမကျန်မှ ပျက်သည်။ အုတ်ကျောင်း၌ကား မြေပြင်အညီမှ ရှေးဦးစွာ တက်မည့် အုတ်တချပ်ကိုကိုင်၍ ကပ္ပိယကုဋိံ ကရောမဟု ဆိုချရသည်။ မြေညီမှ တက်သော ဝန်းကျင်အုတ်အားလုံးမကျန်မှ ပျက်သည်။ (မြေညီမှ မတက်သော အုတ်ကို မဆိုအပ်။)

အရံစည်းရိုးထက်ဝက်မရှိသော ကျောင်းသည် ဂေါနိသာဒိကာကုဋီ မည်၏။ ထက်ဝက်ပြည့်အောင်၊ ကျော်အောင် ကာရံလျှင် ထိုကုဋီပျက်၏။ ထက်ဝက်မကျန်အောင် ပြန်ဖျက်လျှင် အပ်ပြန်၏။

လူတို့သည် ကျောင်းဆောက်၍ ကပ္ပိယကုဋိံ ဒေမ ပရိဘုဉ္ဇထ ဟူ၍လည်းကောင်း၊ ကပ္ပိယကုဋိံ ကာတုံ ဒေမ ဟူ၍လည်းကောင်း ဆို၍ လှူအံ့၊ ဂဟပတိကုဋီ မည်၏။ ရဟန်းတို့၏ ကျောင်းမှတပါး ဘိက္ခုနီကျောင်း၊ တိတ္ထိယကျောင်း၊ လူတို့မလှူသေးသောကျောင်း၊ လူအိမ်၊ နတ်ဗိမာန်တို့လည်း ဂဟပတိကုဋီတို့ မည်ကုန်၏။ ဤကုဋီသည် အခြင်အထက်၌ ဝမ်းဘဲတောင် တခုမျှလည်းကောင်း၊ အမိုးအနည်းငယ်မျှလည်းကောင်း ရှိသေးလျှင် မပျက်။ အခြင်မျှကျန်၍ အမိုးအားလုံးမရှိမှ ပျက်သည်။

ဥတ္တိ ဒုတိယကမ္မဝါစာဖြင့် ကပ္ပိယကုဋီဟု သမုတ်သောကျောင်းသည် သမ္မုတိ ကုဋီ မည်၏။ ဤကုဋီလည်း အမိုးအားလုံးပျက်မှ ပျက်သည်။ အချို့ဗဒ္ဓသိမ်သို့သွား၍ မျက်ကွယ်သမုတ်ကုန်သတတ်။ မျက်ကွယ်ပြုသော ကံရှစ်ပါး၌ မပါ။ (ဝိဋီ....ဝါသာဂါရဟူသော နေစရာကျောင်းမှတပါး ဇရပ်တန်ဆောင်း ဆွမ်းစားကျောင်း မီးတင်းကုပ် စသည်တို့သည် အလိုလို အပ်ကုန်၏။ ပဋ္ဌမိကုဋီတို့ မည်ကုန်၏။ ဘယ်ခါမှ မပျက်ကုန်။)

ဥဿာ ဝနန္ဒ၊ တိုင် ခြွေရံ၊ မကျန် အားလုံးပျက်။
ဝေါနိသာဒိ၊ ကာရံမိ၊ ပျက်၏-ပြည့်ထက်ဝက်။
ဂဟပတိ၊ သမ္မုတိ၊ မရှိ အမှုံးပျက်။
ဝါသာဂါရ၊ မဟာတ်က၊ ပဌမီ မပျက်။

**၉-ပဏီတ ဘောဇန။** ။ယာနိ ခေါပန တာနိ ပဏီတဘောဇနာနိ၊ အကြင် မွန်မြတ်သော ဝတ္ထုနှင့်(ရောနှောသော)ဘောဇဉ်တို့သည်။ သန္တိ၊ ငုံကုန်၏။ သေယျထိဒံ၊ ထိုမွန်မြတ်သော ဝတ္ထုတို့ကား။ သပ္ပိ-ထောပတ်၊ နဝနီတံ-ဆီဦး၊ တေလံ-ဆီ၊ မဓု-ပျား၊ ဖာဏိတံ-တင်လဲ၊ မစ္ဆော-ငါး၊ မံသံ-အသား၊ ခီရံ-နို့ရည်၊ ဒဓိ-နို့ဓမ်း။ ဣတိ၊ ဤကိုးပါ တို့တည်း။ ယောပနဘိက္ခု။ ဧဝရူပါနိ၊ ဤသို့ သဘောရှိကုန်သော။ ပဏီတဘောဇနာနိ၊ မွန်မြတ်သောဝတ္ထုနှင့် "ရောနှောသော" ဘောဇဉ်တို့ကို။ အဂိလာနော၊ မနာမဖျားပဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှါ။ ဝိညာပေတွာ၊ တောင်း၍။ ဘုဉ္ဇေယျ။ တဿ။

**အဓိပ္ပာယ်။** ။ထောပတ် စသောကိုးပါသည် ပဏီတ မည်၏။ မွန်မြတ်သော ဝတ္ထု မည်၏။ စပါးမျိုး ခုနစ်ပါးမှဖြစ်သော ဘောဇဉ်သည် ဘောဇန မည်၏။ ပဏီတကိုးပါး တပါးပါးနှင့် ရောနှောသော ဘောဇဉ်တို့သည် ပဏီတဘောဇနတို့ မည်ကုန်၏။ (ပဏီတသံသဋ္ဌာနိ ဘောဇနာနိ ပဏီတဘောဇနာနိ။ အလယ်သံသဋ္ဌပုဒ် ကျေသည်။, သေယျထိဒံ သပ္ပိ-စသည်ဖြင့် ပဏီတကိုးပါး ပြားပုံကို ပြ၏။ ဘေသဇ္ဇနည်းအတိုင်း ကပ္ပိယမံသ၏ ထောပတ်၊ ဆီဦး၊ နှမ်း စသော ငါးမျိုး၏ ဆီ၊ ပျားကောင်ပြုသောပျား၊ ကြံမှဖြစ်သော တင်လဲကို သိအပ်၏။ ရေသတ္တဝါသည် မစ္ဆ ကပ္ပိယမံသ၏ အသား၊ နို့ရည်၊ နို့ဓမ်းသည် မံသ၊ ခီရ၊ ဒဓိမည်၏။ ဤကား ပါဠိတော်လာ ပါစိတ်ဝတ္ထုတည်း။ ပဏီတဘောဇနကင်းလျက် ချမ်းသာသောသူသည် အဂိလာန မည်၏။ မချမ်းသာသူသည် ဂိလာန မည်၏။ အဂိလာနရဟန်းသည် ပဏီတ ဘောဇဉ်ကို မိမိအလို့ငှာ တောင်းအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ရ၍ စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ စားအံ့၊ မျိုတိုင်း ပါစိတ်။

**မှတ်ဖွယ်အထူး** ။ဤ၌ ဘောဇဉ်ငါးပါး မပြ၊ ထမင်းတခုသာ ပြသည်။ အကပ္ပိယမံသ၏ ထောပတ်၊ နို့ရည် စသည်သည် စားကောင်းသော်လည်း ပါဠိယာနာဂတ ဒုက္ကဋ် ဝတ္ထုမည်၏။ ကျန်းမာသော

ရဟန်းသည် ဆေးအလို့ငှာ ထောပတ်စသော ငါးမျိုးသက်သက်တောင်းအံ့၊ မဟာနာမသိက္ခာပုဒ်ဖြင့် ပါစိတ်။ ငါးစသော လေးမျိုးသက်သက်၊ ထမင်းသက်သက် တောင်းအံ့၊ သူပေါဒန ဝိညတ္တိသေခိယဖြင့် ဒုက္ကဋ်။ တမျိုးမျိုးနှင့် ရောသော ထမင်းကိုတောင်းမှု ဤပါစိတ်။

**ပဏီတဘောဇဉ် တောင်းပုံ။** ။ထောပတ်နှင့်ထမင်းကို လှူပါ ထောပတ်ဖြင့် လောင်း၍ လှူပါ။ ထောပတ် ရောနှယ်၍ လှူပါ၊ ထောပတ်နှင့်တကွ လှူပါ။ ထောပတ်ကိုလည်းကောင်း၊ ထမင်းကိုလည်းကောင်း လှူပါ။ဤသို့တောင်းလျှင် ပါစိတ်ကို ဖြစ်စေနိုင်၏။ သပ္ပိဘတ္တံ ထောပတ်ထမင်းကို လှူပါဟု တောင်းအံ့၊ ထမင်းတောင်းသော ဒုက္ကဋ်ကို ဖြစ်စေ၏။ ထောပတ်ကိုချက်သော ထမင်းလော၊ ထောပတ်နှင့် ရောသော ထမင်းလောဟု မသေချာသောကြောင့် ပဏီတဘောဇန တောင်းသည်မမည် ဟူလို။

ထောပတ်နှင့်ထမင်းကို လှူပါဟု တောင်းလတ်သော် ထမင်းကိုလှူ၍ နို့ကိုလည်းကောင်း၊ ကပ္ပိယဘဏ္ဍာ တခုခုကိုလည်းကောင်း ထောပတ်ပြု၍ စားပါဟု လှူအံ့၊ ပါစိတ်သာတည်း။ နွားထောပတ်နှင့် ထမင်းကိုဟု တောင်းလတ်သော် နွားထောပတ်နှင့်လည်းကောင်း၊ နွားနို့ကို၊ နွားမကို ဤမှ ဖြစ်သော ထောပတ်နှင့် စားပါ ဟူ၍လည်းကောင်း လှူအံ့၊ ပါစိတ်။ ဆိတ်ထောပတ် စသည်နှင့် လှူလျှင် ချွတ်ယွင်း၏။ မတောင်းသည်ကို လှူသောကြောင့် အနာပတ္တိ။ ကပ္ပိယသပ္ပိနှင့် ဟု တောင်းလျက် အကပ္ပိယသပ္ပိနှင့်ဟု လှူအံ့၊ ချွတ်ယွင်း၏။ အကပ္ပိယသပ္ပိနှင့် တောင်းလတ်သော် အကပ္ပိယသပ္ပိနှင့် လှူအံ့၊ တောင်းခြင်း ခံခြင်း စားခြင်းကြောင့် ဒုက္ကဋ်ချည်းသာတည်း။ ဆီဦးစသည်တို့၌လည်း ဤနည်းဖြင့် သိသာပြီ။ ထောပတ်စသော ကိုးပါးနှင့်ရောသော ဘောဇဉ်ကို တနေရာမှလည်းကောင်း၊ နေရာအသီးသီးမှလည်းကောင်း တောင်း၍ သမ္ဘိန္နရသ အရသာရောအောင် တပေါင်းတည်းပြု၍ သမန်းမြက်ဖျားဖြင့် တပေါက်မျှ တို့စားအံ့၊ ပါစိတ်ကိုးချက် တပြိုင်နက် သင့်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ပဏီတဘောဇဉ် တောင်းစားခြင်းကြောင့် ပညတ်၏။ အဂိလာနေသသည် အနုပညတ်ဖြစ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ ဂိလာန၌ ဒွိကဒုက္ကဋ်။ ဂိလာနဖြစ်၍ ဂိလာနသည်ဖြစ်အံ့၊ ဂိလာနအခါ တောင်း၍ အဂိလာနအခါ စားအံ့၊

ဂိလာနကြောင်းကို စားအံ့၊ ဉာတကပဝါရိတထံ တောင်းအံ့၊ သူတပါးအလိုငှာ တောင်းအံ့၊ မိမိဥစ္စာဖြင့် ယူအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

ပဏီတဘောဇဉ် ဖြစ်ခြင်း၊ အဂိလာနဖြစ်ခြင်း၊ တောင်း၍ရခြင်း၊ မျိုခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ အဒ္ဓါနသမုဋ္ဌာန်။ ကြိယ၊ နောသညာဝိမောက္ခ။ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံ ဝစီကံ၊ တိစိတ္တ၊ တိဝေဒန ဖြစ်၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဆဗ္ဗဂ္ဂီ။ ဆဗ္ဗဂ္ဂီတို့သည် ပဏီတဘောဇဉ်တို့ကို မိမိ အလိုငှာ တောင်း၍စားကုန်၏။ အကောင်းမကြိုက်သူမရှိဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပဏီတဘောဇဉ် တောင်းမစားရဟု ပညတ်သည်။ အခါတပါး ဂိလာနရဟန်းတို့ကို ခန့်ကျန်း၏လောဟု မေးလတ်သော် ရှေးက ပဏီတဘောဇဉ် တောင်းစား၍ ခန့်ကျန်းသည်။ ယခု မခန့်ကျန်းဟု ဆိုကုန်၏။ ချစ်သားတို့၊ ဂိလာနရဟန်းသည် ပဏီတဘောဇဉ်ကို မိမိအလို့ငှာ တောင်းစား ခြင်းငှာ ခွင့်ပြု၏ဟုမိန့်၍ အနုပညတ်နှင့်တဖန် ပညတ်ပြန်သည်။

၁၀-ဒန္တပေါဏ။ ။ယော ပန ဘိက္ခု။ အဒိန္နံ၊ အကပ်မခံအပ် သော။အာဟာရံ၊ အာဟာရကို။မုခဒ္ဝါရံ၊ ခံတွင်းဝသို့။ အာဟာရေယျ၊ ဆောင်ငြားအံ့။ ဥဒကဒန္တပေါဏံ၊ ရေဒန်ပူကို။ အညတြ။ တသ။

အဓိပ္ပာယ်။ ။အကပ်မခံရသေးသော အာဟာရသည် အဒိန္နမည်၏။ ကိုယ် ဖြင့်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်လည်းကောင်း၊ ပစ်ခြင်းဖြင့်လည်းကောင်း၊ သုံးပါး-တပါးပါးဖြင့်ပေးသည်ရှိသော် နှစ်တောင့် ထွာ ဟတ္ထပါသ်တွင်း၌ တည်လျက် ကိုယ်ဖြင့်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ဝတ္ထုဖြင့်လည်းကောင်း၊ နှစ်ပါး-တပါးပါးဖြင့် ခံယူသော အာဟာရသည် ဒိန္နမည်၏။ ရေဒန်ပူမှတပါး မျိုသွင်းအပ်သမျှ ကာလိက လေးပါးလုံးသည် အာဟာရမည်၏။ လည်ချောင်းဝ-ရေမျိုသည် မုခဒ္ဝါရမည်၏။ ဝင်အောင် သွင်းခြင်းသည် အာဟာရေယျမည်၏။ ခံတွင်းဖြင့် သွင်းသော်လည်းကောင်း၊ နှာခေါင်းဖြင့် သွင်းသော်လည်းကောင်း၊လည်ချောင်းဝဖြင့်သာ မျိုချရသော ကြောင့် အာဟာရေယျချည်းသာတည်း။ ရေ၌မျိုဖွယ် အာဟာရသည်သာဖြင့်၊ ဒန်ပူ၌ ခံတွင်းသို့ဆောင်ဖွယ် သည်သာဖြင့် အလိုလိုရှိသော ကုလပုတ္တာဘိုအလိုငှာ အညတြ ဥဒကဒန္တပေါဏာဟု မိန့်တော်မူသည်။

ထို့ကြောင့် ရေကို အလိုရှိတိုင်း သောက်ခြင်းငှာ၊ ဒန်ပူကို သွားသုတ်သင်ခြင်းဖြင့် သုံးဆောင်ခြင်းငှာ အကပ်မခံပဲ အပ်၏။ရေဒန်ပူမှအကြွင်းကား အကပ်မခံသေးလျှင် မိမိဥစ္စာဖြစ်သော်လည်း အဒိန္နမည်၏။ မစားအပ်။ အကပ်ခံပြီးလျှင် အကျွမ်းဝင်သော ရဟန်း၏ ဥစ္စာဖြစ်စေကာမူ စားအပ်၏။ ရေဒန်ပူမှ တပါးကို စားခြင်းငှာ ကောက်ယူအံ့၊ ဒုက္ကဋ်။ မျိုတိုင်းပါစိတ်။ သွားသုတ်သင်စဉ် ဒန်ပူရည်ဝင်သွားအံ့၊ မသိသော်လည်း ပါစိတ်။ မြူရှိသော ရေဝင်လျှင်လည်း ပါစိတ်။ (ဘုရားခွင့်ပြုသည်ဖြစ်လျက် ရေကို အကပ်ခံ၍ စစ်၍သောက်ကြသည်ကား လွန်လွန်းသည်၊ ပကာသနလုပ်သည်ဟု အပြစ်ပြ၍ မိမိလည်းမပြု၊ တပည့်တို့ကိုလည်း မပြုစေသော ပုဂ္ဂိုလ်တို့၏နည်းကား သက်သာ၏။ အစိတ္တကသိက္ခာပုဒ်ဖြစ်ခြင်း၊ အချို့ရေ မြူမကင်းခြင်းတို့ဖြင့် သံသယရှိသော ပုဂ္ဂိုလ်တို့၏နည်းကား မသက်သာ။ သို့ရာတွင် ယထာဘူတကျအောင် အလေးပြုခြင်းကိုကား နည်းနှစ်ပါးလုံး၌ ချီးမွမ်းထိုက်၏။)

**အဆုံးအဖြတ်။** ။ဝေသာလီ၌ ရဟန်းတပါး အကပ်မခံသောအစာကို စားခြင်းကြောင့် ပညတ်၏။ အညတြ ဥဒကဒန္တပေါဏာသည် အနုပညတ်ဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အကပ်ခံပြီးသည်၌ ဒွိကဒုက္ကဋ်။ အကပ်ခံပြီး၌ အကပ်ခံပြီးဟု မှတ်ထင်အံ့၊ ရေ၊ ဒန်ပူဖြစ်အံ့၊ မဟာဝိကဋ်မည်သော ဆေးကြီးလေးပါးကို အကြောင်းရှိသောအခါ ကပ်သူမရှိ၍ ယူစားအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

အကပ်မခံသော အစာဖြစ်ခြင်း၊ ခွင့်ပြုသောအကြောင်းမရှိခြင်း၊ မီးခိုးစသော အဗ္ဗောဟာရိက မဟုတ်ခြင်း၊မျိုခြင်း။ဤကား အင်္ဂါလေးပါတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

ဆေးကြီးလေးပါး။ ။ဤဆေးကြီး လေးပါးသည် ကာလောဒိဿ မည်၏။ မြွေခဲသောအခါ၌သာ ကိုယ်တိုင်ယူစားရသည်။တပါးသောအခါ အကပ်ခံ၍ သုံးဆောင်ရသည်။ ကပ္ပိယရှိသော်လည်း ပြောစကားမလိုက်နာအံ့၊ မစွမ်းနိုင်အံ့၊ မရှိသည်ပင် မည်၏၊ လေးပါးကား ပြာ၊ မြေ၊ ကျင်ကြီး၊ ကျင်ငယ်၊ ထိုတွင် ပြာမရှိလျှင် သစ်သားခြောက်ကို မီးရှို့အပ်၏။ အခြောက်မရှိလျှင် အစိုကို သစ်ပင်မှ ခုတ်ဖြတ်၍သော်လည်း ပြာပြုအပ်၏။ မြေအလို့ငှာ ကိုယ်တိုင်တူးယူခြင်းငှာလည်း အပ်၏။ ကျင်ကြီး၊ ကျင်ငယ်ကား

ဒွါရမှ မလွတ်သေးမီ အကပ်မပျက်သေး။ လွတ်သော်လည်း ကပ်သူမရှိလျှင် ကောက်ယူနိုင်၏။

ဝတ္ထု။ ။ဝေသာလီ၊ ကူဋာဂါရသာလာ။ ရဟန်းတပါးသည် အလုံးစုံ ပံသုကူဆောင်၍ သုသာန်၌ နေ၏။ လူတို့လှူသော ဆွမ်းကို မခံ။ သုသာန်၊ သစ်ပင်ရင်း၊ တံခါးခုံတို့၌ သေသူတို့ကို ရည်၍ထားသော ထမင်း ဆုပ် စသည်တို့ကို ကိုယ်တိုင်ယူ၍ သုံးဆောင်၏။ ဤရဟန်းသည် ငါတို့ ဘိုးဘွား အတွက်ထားသော အာဟာရကို ယူစားသည်။ ဆူဖြိုးသောကိုယ်လည်း ရှိသည်။ လူသားစားဟန် တူသည်ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် အကပ်မခံပဲ မစား ရဟု ပညတ်သည်။ အခါတပါး ရဟန်းတို့သည် ရေဒန်ပူ၌ အလိုလို့ရှိကုန်၏။ ချစ်သားတို့၊ ရေဒန်ပူကို ကိုယ်တိုင်ယူ၍ သုံးဆောင်ခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

ဘောဇနဝဂ္ဂေါ စတုတ္ထော။

---

## အကပ်ခံခြင်း စသည်၌ မှတ်ဖွယ်

ရှေးရှုလည်းဆောင်၊ နှစ်တောင့်ထွာရောက်၊ မြောက်နိုင် ဝတ္ထု၊ သုံးခု ပေးခြင်း၊ ခံခြင်း နှစ်လှောက်၊ ကျမ်းလာထောက်၊ ကပ်မြောက် အင်္ဂါ ငါးပါးတည်း။

ရှေးရှုလည်းဆောင် ဟူသည်ကား-နတ်လူ သာမဏေသည်လည်းကောင်း၊ တိရစ္ဆာန်သည်လည်းကောင်း၊ ဘိက္ခုအား ဘိက္ခုနီသည် လည်းကောင်း၊ ဘိက္ခုနီအား ဘိက္ခုသည်လည်းကောင်း ပေးပည် ကပ်မည်ဟု ရှေးရှု ညွတ် ဆောင်မှ အကပ်ခံရသည်။ မဆောင်သည်ကို ခံလျှင် အကပ်မမြောက်။

နှစ်တောင့်ထွာရောက် ဟူသည်ကား-(ပဝါရဏာ သိက္ခာပုဒ်မှ ဆိုပြီးသော နည်းအတိုင်း) အကပ်ခံသူ၏ နောက်စွန်းမှ ကပ်သူ၏ ဆန့်တန်းသောလက်ကို ဖယ်၍ နီးရာအင်္ဂါထိ နှစ်တောင့်ထွာ ပိုင်းခြားရသည်။ ကပ်သူ အကပ်ခံသူ နှစ်ယောက်တို့တွင် ကောင်းကင်၌ တယောက်၊ မြေ၌တယောက် တည်ရာ၌ကား မြေ၌တည်သူ၏ ဦးခေါင်းမှ ကောင်းကင်၌ တည်သူ၏ပေးခြင်း၊ ယူခြင်း ငှာ ဆန့်တန်းသောလက်ကို ဖယ်၍ အနီးကပ်ဆုံး အင်္ဂါထိ ပိုင်းခြားရသည်။ တွင်း၌ တယောက်၊ တွင်းနှုတ်ခမ်း၌ တယောက်တည်အံ့၊ သစ်ပင်ထက်၌

တယောက်၊ မြေပြင်၌ တယောက်တည်းအံ့၊ ထိုနည်းသာတည်း။ ဤသို့ နှစ်တောင့်ထွာ ဟတ္ထပါသ်အတွင်း၌ တည်၍ကပ်မှ အကပ်ခံရသည်။ ဟတ္ထပါသ် လွတ်သည်ကိုခံလျှင် အကပ်မမြောက်။

မြှောက်နိုင်ဝတ္ထု ဟူသည်ကား–အားအလတ်ရှိသူ ချီနိုင် မြှောက်နိုင်သော မလေးလွန်းသော ဝန်ကိုသာ အကပ်ခံရသည်၊ ထိုထက်လေးလံသည်ကို ခံလျှင် အကပ်မမြောက်။ (မြှောက်နိုင်ဝတ္ထုကို နှစ်ယောက် သုံးယောက် ကပ်လျှင်လည်း အကပ်မြောက်၏။)

သုံးခုပေးခြင်းဟူသည်ကား–ကပ်သူသည် ဟတ္ထပါသ်အတွင်း၌ တည်၍ ကိုယ်ဖြင့်ကပ်သည်ကိုလည်းကောင်း၊ ကိုင်ထားသော ခွက်စသော ကာယပဋိဗဒ္ဓဖြင့် ကပ်သည်ကိုလည်းကောင်း၊ ပစ်ပေးခြင်းဖြင့် ကပ်သည်ကိုလည်းကောင်း ဤသုံးခုကိုသာ အကပ်ခံရသည်။ ကြွေကျ လွတ်ကျသည်ကို ခံလျှင် အကပ်မမြောက်။

ခံခြင်းနှစ်လှောက် ဟူသည်ကား–ရဟန်းသည် ကိုယ်အင်္ဂါအစိတ် လက်ချောင်းဖြင့်လည်းကောင်း၊ ကိုယ်နှင့်စပ်သော ကာယပဋိဗဒ္ဓ တုတ်ချောင်းဖြင့်လည်းကောင်း ဤနှစ်ခုဖြင့်သာ အကပ်ခံရသည်။ သစ်ပင်၌ တည်ဆဲ တတ္ထဇာတက သစ်ရွက်ဖြင့်ခံလျှင် အကပ်မမြောက်။

ဤသို့ နှစ်တောင့်ထွာအတွင်းတည်၍ ရွေးရှုဆောင်သော မြှောက်နိုင်သော ဝတ္ထုကို သုံးပါးတပါးပါးဖြင့် ကပ်လျှင် နှစ်ပါးတပါးပါးဖြင့် အကပ်ခံအံ့၊ ဤအင်္ဂါငါးပါးဖြင့် အကပ်မြောက်၏။

အကပ်မြောက်-မမြောက် မှတ်ဖွယ်။ ။အားအလတ်ရှိသူ ချီရွှေ့နိုင်သော ညောင်စောင်းငယ် ဖြင့်သော်လည်းကောင်း၊ တည်ရာဖြစ်နိုင်သော အတတ္ထဇာတက သစ်ရွက်ကြွေဖြင့်လည်းကောင်း၊ ကညစ်ဖြင့် ထိကာမျှဖြင့်လည်းကောင်း၊ အဆင့်ဆင့်စပ်သော ပဋိဗဒ္ဓ ပဋိဗဒ္ဓဖြင့်လည်းကောင်း၊ အကပ်မြောက်၏။ မချီရွှေ့နိုင်သော ညောင်စောင်းဖြင့်၊ တတ္ထဇာတကအပင်ရှိ သစ်ရွက်ဖြင့်၊ တည်ရာမဖြစ်နိုင်သော မန်ကျည်းရွက်ငယ်ဖြင့် အကပ်မမြောက်။ နှာနှတ်တံဖြင့် ပေးသော နှာဆေးမှုန့်ကို နှာခေါင်းဖြင့် အကပ်ခံအံ့၊ မမာသောရဟန်းသည် အစာကို ခံတွင်းဖြင့် အကပ်ခံအံ့၊ အပ်၏။ အကပ်ခံခြင်း၌ နှလုံးသွင်း "အာဘောဂ"သာ ပမာဏဖြစ်သောကြောင့် အကပ်ခံမည်ဟု နှလုံးသွင်းရှိလျှင် သပိတ်ကိုင်လျက် အိပ်ပျော်နေသော်လည်း

ထိုသပိတ်၌ လာထည့်အံ့၊ ဟတ္ထပါသ်တွင်းဖြစ်မူ အကပ်မြောက်၏။ သပိတ်ဖြင့် အကပ်ခံသော်လည်း လက်၌ ကျအံ့၊ ကပ်မည်ဟု ရှေးရှုဆောင်လာသော ခွက်မှ မှုဟင်းရည်စက်သည် အကပ်ခံသူ၏ သပိတ်၌ လက်၌ ကျအံ့၊ အပ်၏။ ပြန်ရုပ်သိမ်းမှုကျလျှင်ကား ရှေးရှုဆောင်ခြင်း မဟုတ်သောကြောင့် ပြန်၍ တဖန် အကပ်ခံ၏။ ချိုင်သော၀န်ကို သာမဏေယ်နှစ်ပါး သုံးပါးသည် ဟတ္ထပါသ် တွင်းနေ၍ ကပ်အံ့၊မြေ၌ ချထားသော လက်ပေါ်သို့ လိမ့်၍သော်လည်း တင်အံ့၊ အပ်၏။၀န်မခံသေးသော အန္တိမသို့ ရောက်ပြီးသောရဟန်းသည် အကပ်ခံအံ့၊ အကပ်မြောက်သည်သာတည်း။ အသွင် လိင်္ဂမစွန့်သေးသောကြောင့်တည်း။ (အ၀န္ဓိယ ၂၅-၌လည်း မပါ၀င်။)

အကြင်ရဟန်းအား ကပ်သော သစ်သီးစသည်သည် လိမ့်ကျသွားအံ့၊ ထိုရဟန်းအားသာလျှင် ထိုနေ့တွင် ကိုယ်တိုင်ယူစားခြင်းငှာ အပ်သည်။ နောက်နေ့၌ အကပ်ခံ၍ စားရသည်။ သန္နိဓိအာပတ်မသင့်။ ထိုရဟန်းက ယူစားပါဟု မတိုက်တွန်းအံ့၊ တပါးသော ရဟန်းစားလိုလျှင် အကပ်ခံ၍သာ စားရသည်။ တပါးသောရဟန်းအား အကပ်မခံလျှင် မအပ်။

**အကပ်ပျက်-မပျက်။** ။ဆွမ်းခံသွားစဉ် သပိတ်၌ မှုကျအံ့၊ ထိုမှုသည် အကပ်မမြောက်၊ ယူ၍ ပယ်ပစ်ရသည်။ မပယ်နိုင်မူ သပိတ်ကိုပြန်၍ အကပ်ခံရသည်။ အကပ်မခံပဲ နောက်ထပ်ဆွမ်းခံလျှင် ၀ိနယ ဒုက္ကဋ် သင့်၏။ ထိုဆွမ်းကို တဖန် အကပ်ခံ၍ စားအံ့၊အနာပတ္တိ။ဤသပိတ် ကပ်ပါပြီးဟု ဆိုသည်ကို မကြား၍လည်းကောင်း၊ နားမထောင်၍လည်းကောင်း ဆွမ်းလောင်းထည့်အံ့၊ ၀ိနယဒုက္ကဋ် လွတ်၏။ တဖန် အကပ်ခံအပ်သေး၏။လေ ကြီးစွာလာ၍ မှုများစွာ ကျအံ့၊ ဤဆွမ်းကို လူသာမဏေတို့အား ပေးမည်ဟု စင်ကြယ်စွာ နှလုံးသွင်း၍ ဆွမ်းခံလျှင် အပ်၏။ ပေးပြီးနောက် ပြန်လှူ၍ ရလျှင် အပ်၏။ အကျွမ်း၀င်သူဖြစ်လျှင် အကပ်ခံ၍ ယူစားခြင်းငှာလည်း အပ်၏။ မျက်ရည် တံတွေး နှပ်စသည်သည် တည်ရာမှ ရွေ့၍ လက်၌၊ သပိတ်၌ ကျအံ့၊ သုတ်သင်အပ်၏။ အင်္ဂါကြီးငယ်၌ ကပ်ငြိမြဲတိုင်းကား အကပ်မပျက်သေး။ ပြတ်ကျသည်ဖြစ်အံ့၊ အကြား၌ ခံယူလျှင် ဥဂ္ဂဟိတကဖြစ်၏။ မကပ်ပဲ ကောက်ယူသည် မည်၏။ ဥဂ္ဂဟိတကား နောက်ပြန်ကပ်သည်း မအပ်။

သစ်မြစ် သစ်သီးစသည်ကို မိဘစသည် အလို့ငှာ ကောက်ယူလာအံ့၊ အသီးရှိသော သစ်ခက်ကို အရိပ်အလို့ငှာ ကောက်ယူလာအံ့၊ ထိုမှစားလိုသည်ကို

အကပ်ခံ၍ စားလျှင် အပြစ်မရှိ။ အပင်၌ အသီးရှိသော သစ်ကိုင်း၌လည်းကောင်း။ နွယ်၌လည်းကောင်း ကိုင်၍ လှုပ်အံ့၊ ထိုမှ အသီးသည် ထိုရဟန်းအားသာ မအပ်၊ ဒုရူပစိတ္တ ဒုက္ကဋ်လည်း သင့်၏၊ အသီးရှိသော သစ်ပင်ကို မှီခြင်းငှာ၊ ဆုးစသည် ချိတ်ဆွဲခြင်းငှာကား အပ်၏။ အကပ်ခံထားသော ချင်းမြိမ်းစသည်၌ အညှောက်စသည် ဖြစ်လာအံ့၊ အကပ်ခံပြီးသာ ဖြစ်၏။

မားယော်ဖြင့် ကြံသစ်သီးစသည်ကို ခွဲပြီးသောအခါ အညစ်အကြေးအညိုအမည်းထင်အံ့၊ နဝသမုဋ္ဌိတမည်၏။အသစ်ဖြစ်သည် မည်၏။ ပြန်အကပ်ခံ၍ စားရသည်။ သံအနံ့မျှ ရှိအံ့၊ အဗ္ဗောဟာရိကမည်၏။ မပြောပလောက်။ ဆွမ်းစားစဉ် သွား၊လက်သည်း၊သပိတ်အဆင်းတို့ ပွန်းကုန်အံ့၊အဗ္ဗောဟာရိက။ လူသာမဏေအား မင့်မကွက်ပေးသော်လည်း လက်၌ တည်သေးသမျှ အကပ်မပျက်။ လက်မှ လွှတ်သော်လည်း ငဲ့ခြင်းရှိအံ့၊ အကပ်မပျက်သေး။

## အကပ်ပျက်ကြောင်း ၆-ပါး

ထိုအကပ်ခံပြီးသော အာဟာရသည် သိက္ခာချခြင်း၊သေခြင်း၊ လိင်ပြန်ခြင်း (၃)၊မင့်မကွက်စွန့်ခြင်း၊ လုယူသွားခြင်း၊ လူသာမဏေတို့အား ပေးခြင်း (၃)၊ဤခြောက်ပါးဖြင့် အကပ်ခံခြင်းငြိမ်း၏။ [ပဉ္စမပါရာဇိက လိင်္ဂပရိဝတ္တနအဖွင့်ဋီကာကြီးတို့၌ ပါရာဇိက ကျသူ၏ ဘိက္ခုပဋိညာကိုစွန့်၍ လူထွက်ခြင်းဟူသော အသွင်စွန့်ခြင်းဖြင့်လည်း အကပ်ပျက်သည်ဟု ဆိုသည်။]ရဟန်းတပါးပိုင်ကို တပါးသိက္ခာချခြင်းစသည်ဖြင့် အကပ်မငြိမ်း။ ပါရာဇိကသို့ရောက်သော်လည်း ဝန်မခံလျှင် အကပ်မပျက်သေး။ထိုသူနှင့် သဟသေယျအာပတ်လည်း မသင့်။]

စွန့်-ချ-ပေး-လု' မစ္စု-လိင်ပြန်'၊ ဤခြောက်တန်၊ ကပ်ခံပျက်ကြောင်းတည်း။

**ယာဝကာလိက။** ။မွန်းတည့်ရုံမျှ၊ အပ်ဘိုက၊ ယာဝကာလိက-ဟူသော ယာဝကာလိကတို့ကား အလျော်နှင့်တကွ စပါးမျိုး ခုနစ်ပါး၊ ပဲမျိုး၊ အာဟာရ ကိစ္စပြီးသော အမြစ်အရွက် အသီးအပွင့် စသည်တို့ ဖြစ်ကုန်၏။ မွန်းတည့်အတွင်း၌သာ အကပ်ခံ၍ သုံးဆောင်အပ်သောကြောင့် ယာဝကာလိကမည်၏။ တာလ-ထန်းသီး၊ နာဠိကေရ- အုန်းသီး၊ ပနသ-

အိမ်ပုန္နဲသီး၊ လဗုဇ-တောင်ပိန္နဲသီး၊ အလာဗု-ဗူးသီး၊ ကုမ္ဘဏ္ဍ- ဖရုံသီး၊ ပုဿ၊ သခွါးဆေစ်သီး၊ တိပု-သခွါးပြေတ်သီး၊ ဧဠာဠု၊ သခွားကြောင်သီး၊ ဤအသီးကြီး ကိုးလုံးနှင့် ငါမျိုးကား အဖျော်ပြု၍လည်း မအပ်သော ယာဝကာလိကဖြစ်၏။စပါးမျိုးအလားရှိကုန်၏။ စပါးရည် ဆန်ဆေးရည်ကဲ့သို့ ထိုအသီးအရည်လည်း နေလွဲမအပ်၊

ထန်း-အုန်းနှစ်တွဲ၊ ပိန္နဲ နှစ်စုံ၊ ဗူး-ဖရုံ။ မှက်တုံ သုံးသခွား။

(တစုံ နှစ်ခုဖြစ်သောကြောင့် နှစ်စုံသည် လေးခုဟု အချို့ဆို၏။နှစ်ခုကို ပြုသောကြောင့်နှစ်ခုပင် နှစ်စုံဟု အချို့ဆို၏။နောက်နည်းအဋ္ဌကထာ အာဘော်မိသည်။

**ယာမကာလိက။** ။နောက်အရှက်မျှ အပ်တုံက ယာမကာလိကာ-ဟူသော ယာမကာလိကတို့ကား အမ္ဗ- သရက်သီးအဖျော်၊ ဇမ္ဗု-သပြေသီးအဖျော်၊ စောစ၊ တောငှက်ပျောသီးအဖျော်၊ မောစ-အိမ်ငှက်ပျောသီးအဖျော်၊ (၄)၊ မဓုက-သစ်မည်စည်သီးအဖျော်၊ မုဒ္ဒိက-သပြက်သီးအဖျော်၊ သာလူက-ကြာစွယ်အဖျော်၊ ဖာရုသက- ဖက်သက်သီးအဖျော်(၄) ဤရှစ်မျိုးသည် ပစ္ဆိမယာမ်အတွင်း သိမ်းသုံးဆောင်အပ်သောကြောင့် ယာမကာလိက မည်၏။ ဝေတ္တ- ကြိမ်သီး၊ တိန္တိဏိကာ- မန်ကျည်းသီး။ မာတုလုင်-ရှောက်သီး၊ ကပိဋ္ဌ-သီးသီး၊ ကောသမ္ဗ-ကြို့သီး၊ကရမန္ဒ-ခံသီး၊ ဤသို့စသော သစ်သီးအဖျော်ကား ခွင့်ပြုသော အဖျော်ရှစ်မျိုးအား လျော်၏။ လူသာမဏေတို့သည် ထိုအသီးတို့၏ အစိမ်း၊အမှည့်ကို ရေအေးဖြင့် နယ်၍လည်းကောင်း၊နေလှန်း၍လည်းကောင်း ပြုကုန်အံ့၊ ပစ္ဆိမယာမ်အတွင်း သောက်ကောင်း၏။ရဟန်းပြုအံ့၊မွန်းတည့်အတွင်းသာ သောက်ကောင်း၏။ခွင့်ပြုသော အသီးတို့၏ အရွက်ရည်၊ အပွင့်ရည်လည်း ဤနည်းသာတည်း။ သစ်မည်စည်၌ အသီးရည်သက်သက် နေလွဲမအပ်။ ရေရောမှ အပ်သည်။ အပွင့်ရည်ကား မီးချက်၊ နေချက်-နေလွဲမအပ်။ ကြွင်းသော ယာမကာလိက-မီးချက်ဟူသမျှလည်း နေလွဲမအပ်။

သပြေ-သရက်၊ နွယ်သပြက်၊ ဖက်သက် သစ်မည်စည်။
တော-အိမ်-ငှက်ပျော၊ ကြာစွယ်နှော၊ မှတ်လော ရှစ်ဖျော်ရည်။
ရေအေး-နေချက်၊ သောက်အပ်လျက်၊ မီးချက် မအပ်ပြီ။
ရှောက်-မန်ကျည်းစ၊နုလောမ၊လျော်လှ အဖျော်ရည်။

**သတ္တာဟ ကာလိက။** ။ခုနစ်ရက်မျှ၊ အပ်တုံက၊ သတ္တာဟ ကာလိကာ-ဟူသော သတ္တာဟကာလိက ကား- ထောပတ်၊ ဆီဦး၊ ဆီ၊ ပျား၊ တင်လဲ-ဤဆေးငါးပါးဖြစ်၏။ ခုနစ်ရက်လုံး သိုမှီး၍ သုံးဆောင်အပ်သောကြောင့် သတ္တာဟ ကာလိက မည်၏။ ယာဝဇီဝိကကို အကပ်ခံပြီးသော ထိုဆေးငါးပါးနှင့် ရောလျှင် ထိုဆေးတို့၏ အသက်အတိုင်း ခုနစ်ရက်အတွင်းသာ အပ်သည်။ ထိုယာဝဇီကို ရေနှင့်ရောလျှင်၊ ချက်လျှပ် တသက်လုံးပင် အပ်၏။

**ယာဝဇီဝိက။** ။တသက်လုံးမျှ၊ အပ်တုံက၊ ယာဝဇီဝိကာ-ဟူသော ယာဝဇီဝိကကား-ကာလိကသုံးပါးနှင့် ရေကိုဖယ်၍ အာဟာရကိစ္စမပြီးသော အမြစ်၊ အသီး၊ အပွင့်စသည် ဖြစ်၏။ အကပ်ခံ၍ အခါမရွေး တသက်လုံး သုံးဆောင်အပ်သောကြောင့် ယာဝဇီဝိက မည်၏။ ရေကား ကာလိကဝိမုတ် မည်၏။ ဝိသုဒ္ဓိမဂ်၌ ရေကိုလည်း ပစ္စဝေက္ခဏာ ဆင်ခြင်၍ သောက်ချိုး သုံးဆောင်ရသည်ဟု ဆို၏။

**ဆေးလိပ်သောက်ခြင်း၊** ။သပိတ်ဖုတ်ခြင်း ဆိုးရည်ကျိုခြင်း ပြုသောအခါတို့၌ မီးခိုးသည် နှာခေါင်းဖြင့်လည်းကောင်း၊ ခံတွင်းဖြင့်လည်းကောင်း ဝင်အံ့၊ အဗ္ဗောဟာရိက။ ပန်းအနံ့ စသည်လည်း အဗ္ဗောဟာရိက သာတည်း။ ယနေ့ ဆေးလိပ် ဆေးတံ အကပ်ခံ၍ အခိုးသောက်အံ့၊ ခံတွင်း လည်ချောင်းတို့၌ ဆေးဒန်း မြင်းသီသာလိမ်းသကဲ့သို့ ဖြစ်သော်လည်း ယာဝကာလိက စားခြင်းငှာ အပ်၏။

အခိုးအငွေ့ ငြိကပ်ခြင်းသည် နဝသမုဋ္ဌာ မဟုတ်။ ယနေ့ အကပ်ခံသော ယာဝဇီဝိကနှင့် ယာမကာလိကရောရာ၌ အပြစ်မရှိ။ ယခင်နေ့က အကပ်ခံသော ယာဝဇီဝိကနှင့် ရောလျှင် မုခသန္နိဓိဖြစ်၏။ ထို့ကြောင့် အာမိသ မစင်ကြယ်သော ခံတွင်းဖြင့် ရှေးရှေးနေ့က အကပ်ခံသော ဆေးလိပ်ကို မသောက်အပ်။ ရှေးရှေးနေ့က ကပ်ငြိသော အခိုးအငွေ့ ဆေးချေးရှိသောခံတွင်းဖြင့် ယခုနေ့ အာမိသကို မစားအပ်။ မုခသန္နိဓိဒုက္កဋ် သင့်၏။

ဘေသဇ္ဇက္ခန္ဓက၌ ရှင်ပိလိန္ဒဝစ္ဆ ဦးခေါင်းပူသော အနာ၊ သီသာဘိတာပ ဖြစ်၏။ ဦးထိပ်၌ ဆီလောင်းခြင်း၊ နှာနှတ်ခြင်းကို ဘုရားရှင် ခွင့်ပြု၏။ မသက်သာလတ်သော် အခိုးသောက်ခြင်းငှာ ခွင့်ပြု၏။ လည်ချောင်းပူလောင်

သဖြင့် ဓူမနေတ္တ အခိုးတံကို ခွင့်ပြု၏။ မုခသန္နိဓိမှ လွတ်လိုသော သိက္ခာကာမ အရှင်တို့အား ဂိလာနဖြစ်စေကာမူ ကာလ၊ ဝိကာလ၌ပင် ရှောင်ကြဉ်ကုန်၏။ အဏုမတ္တေသု ဝဇ္ဇေသု ဘယဒဿာဝီ သမာဒါယ သိက္ခတိ သိက္ခာပဒေသု ဟူသော မိန့်ခွန်းတော်ကို အရိုအသေပြုခြင်းသည် ကုလပုတ္တတို့အား အကျိုးနှင့် စပ်၏။ အတုလိုက်ဖွယ်သာတည်း။

ဘောဇနဝဂ် ပြီး၏။

---

၁-အစေလက။ ။ယော ပန ဘိက္ခု။ အစေလကဿ ဝါ၊ အဝတ် မဝတ်သော တက္ကတွန်းအား လည်းကောင်း။ ပရိဗ္ဗာဇကဿ ဝါ၊ ပရိဗိုဇ်အား လည်းကောင်း။ ပရိဗ္ဗာဇိကာယ ဝါ၊ ပရိဗိုဇ်မအား လည်းကောင်း။ သဟတ္ထာ၊ မိမိလက်ဖြင့်။ ခါဒနီယံ ဝါ။ ဘောဇနီယံ ဝါ။ ဒဒေယျ၊ ပေးငြားအံ့။ တဿ။

**အဓိပ္ပာယ်။** ။အဝတ် မဝတ်သော ပဗ္ဗဇ္ဇာ အကျင့်ရှိသူသည်။ အစေလက မည်၏။ ရဟန်းသာမဏေမှတပါး ပဗ္ဗဇ္ဇာ အကျင့်ရှိသူသည် ပရိဗ္ဗာဇက မည်၏။ ဘိက္ခုနီ သိက္ခမာန် သာမဏေ ရီမှတပါး အကျင့်ရှိသူသည် ပရိဗ္ဗာဇိကာ မည်၏။ ဘောဇဉ်ငါးပါးနှင့် ရေဒန်ပူ ဖယ်ထား၍ ကြွင်းသမျှ ကာလိက လေးပါးသည် ဤ၌ ခါဒနီယ မည်၏။ ဘောဇဉ်သည် ဘောဇနီယ မည်၏။ ရေဒန်ပူ ဒုက္ကဋ်ဝတ္ထု။ အပလိမ်းစရာ အနာပတ္တိဝတ္ထု။) ထို အညတိတ္ထိယတို့အား အာမိသတခုခုကို ကာယ၊ ကာယပဋိဗဒ္ဓ၊ နိဿဂ္ဂိယ တပါးပါးဖြင့် တကြိမ်ပေးအံ့၊ ပါစိတ်တချက်။ ဖြတ်၍ ဖြတ်၍ ပေးအံ့၊ ပယောဂတိုင်း ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်အာနန္ဒာ ပရိဗိုဇ်မကို မုန့်နှစ်ခု ပေးခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ ။တိကပါစိတ်။ တိတ္ထိယ မဟုတ်သည်၌ ဒွိက ဒုက္ကဋ်။ ရေ၊ ဒန်ပူ ပေးအံ့၊ ဒုက္ကဋ်။ အဘိတ္ထိယ၌ အဘိတ္ထိယသညီ ဖြစ်အံ့၊ လူသာမဏေတို့ကို ပေးခိုင်းအံ့။ မိမိ ခွက်ကို အနီး၌ ချ၍ နိုက်ယူကြဟု ဆိုအံ့၊ ထိုသူတို့၏ ချထားသော ခွက်၌ ထည့်ပေးအံ့၊ အပလိမ်းစရာ နှံဆီ စသည်ကို ပေးအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

အညတိတ္ထိယဖြစ်ခြင်း၊ ခွင့်ပြုသော အကြောင်း မရှိခြင်း၊ အာဟာရကို အာဟာရအလို့ငှာ မချသော ခွက်၌ ကိုယ်တိုင် ပေးခြင်း။ ဤကား အင်္ဂါ သုံးပါးတည်း။ သမုဋ္ဌာန် စသည် ဧဠကလောမနှင့် တူ၏။

**အထူးမှတ်ဖွယ်။** ။သိဘင်းသုံးတော် ငါးယောက်မှတပါး ပဗ္ဗဇ္ဇာ အကျင့် ရှိသူ ပရိဗိုဇ်မည်လျှင် သူတော်၊ ရသေ့၊ သိလရှင်တို့လည်း ပရိဗိုဇ် မည်၏။ အညတိတ္ထိယဖြစ်မူ မပေးအပ်။ အညတိတ္ထိယ ဖြစ် မဖြစ် စိစစ် ရာ၏။ သောတာပန်ဘည်သူ၊ သောတာပန်ဖြစ်အောင် ကျင့်သူဖြစ်မူ အည တိတ္ထိယ မမည်သင့်ပြီ။ ။အဋ္ဌကထာကြီး၌ အညတိတ္ထိယသည် မိဘ ဖြစ်အံ့။ မိဘသည်ာဖြင့် ပေးလည်း ပါစိတ်။ မမိခွက်ကို ချ၍ နှိုက်ယူကြဟု ပေးသော အခါ တိတ္ထိယက "အကျွန်ုပ်၏ ပစ္စည်း ဖြစ်ပြီ၊ လောင်းထည့်ပါ"ဟု ဆိုအံ့၊ သူ့ဥစ္စာဖြစ်သောကြောင့် လောင်းထည့်ကောင်း၏။ ကိုယ်ကိုယ်တိုင် ပေးမဖြစ် ဟု ဆို၏။

**ဝတ္ထု။** ။ဝေသာလီ၊ ကူဋာဂါရသာလာ။ သံဃာအား ခဲဖွယ်များစွာ ဖြစ်၍ ဘုရားရှင်အား လျှောက်လတ်သော် စားကြွင်းစားတို့အား ပေး လော့ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာသည် စားကြွင်းစားတို့ကို အစဉ်အတိုင်း နေ စေ၍ မုန့်တခုစီ ပေး၏။ ပရိဗိုဇ်မတယောက်အား တခုထင်လျက် နှစ်ခုပေးမိ၏။ အနီးရှိ ပရိဗိုဇ်မတို့က ဤရဟန်းသည် သင်၏ ဇာရ-သယောက်ရည်းစားလောဟု မေး၏။ မဟုတ်။ တခုထင်လျက် နှစ်ခုပေးမိသည်ဟု ပြန်ပြော၏။ နှစ်ကြိမ်မြောက်၊ သုံးကြိမ်မြောက် ပြန်ဝေသောအခါလည်း ထိုပရိဗိုဇ်မအား နှစ်ခုစီသာ ပေးမိ လေ၏။ သင်၏ဇာရဟုတ်သည်၊ မဟုတ်ဘူးဟု ငြင်ခုံကြ၏။ တက္ကဟွန်းတယောက် သည်လည်း ဆွမ်းစားကျောင်းသို့ ရောက်လာ၏။ ရဟန်းတပါးသည် ထော ပတ်များစွာနှင့် နယ်၍ ထမင်းဆုပ်ကြီးတခု ပေးလိုက်၏။ တပါးသော အာဇီ ဝကက အဘယ်မှ ရသနည်းဟု မေးလာသော် "ထိုရဟန်းကြီး ဂေါတမ ဦးပြည်းသရှေးကြီး၏ ဆွမ်းစားကျောင်းမှဟု ဆို၏။ ထိုစကားကို ဥပါသကာ တယောက်ကြား၍ ဘုရားရှင်ထံ ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရား၊ ဤတိတ္ထိတို့ သည် ရတနာသုံးပါးကို အပြစ်ဆိုလေ့ ရှိကြပါသည်။ အရှင်ကောင်းတို့သည် ထိုတိတ္ထိတို့အား မိမိလက်ဖြင့် မပေးပါစေနှင့်ဟု လျှောက်၏။ ထို့ကြောင့် ပညတ်သည်။

**၂-ဥဒယျာဇန** ။ယော ပန ဘိက္ခု။ ဘိက္ခုံ၊ကို။"အာဝုသော၊ ငါ့ရှင်။ ဧဟိ၊ လာလော့။ဂါမံဝါ၊ ရွာသို့လည်းကောင်း။ နိဂမံ ဝါ၊ နိဂုံးသို့လည်းကောင်း။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှာ၊ ပဝိသိဿာမ၊ ဝင်ကုန်အံ့။ ဣတိ၊ ဤသို့ခေါ်သွား၍။ တဿ၊" ထိုရဟန်းအား။ ဒါပေတွာ ဝါ၊ (တစုံတခုသော အာမိသကို) ပေးစေ၍လည်းကောင်း၊ အဒါပေတွာ ဝါ၊ မပေးစေမူ၍လည်းကောင်း။ ဥယျောဇေယျ၊ လွှတ်လိုက်ငြားအံ့။ "အာဝုသော၊ ဂစ္ဆ၊သွားလော့။ မေ၊ ငါ့အား။တယာ၊ သင်နှင့်။ သဒ္ဓိံ၊ တကွ။ ကထာ ဝါ၊ စကားဆိုရခြင်းသည်လည်းကောင်း။ နိသဇ္ဇာ ဝါ၊ နေထိုင်ရခြင်းသည်လည်းကောင်း။ဖာသု၊ချမ်းသာသည်။နဟောတိ။ဧကကဿ၊တယောက်တည်းဖြစ်သော။မေ၊ငါ့အား။ ကထာ ဝါ။ နိသဇ္ဇာ ဝါ။ဖာသု။ ဟောတိ။" ဣတိ၊ ဤသို့ဆို၍။ ဧတဒေဝ၊ထိုအနာစာရအမှု ပြုလိုခြင်းကိုသာလျှင်။ ပစ္စယံ ကရိတွာ၊ အကြောင်းပြု၍။ အနညံ၊ အကြောင်းတပါးမရှိပဲ။ ဥယျောဇေယျ။ တဿ။

**အစိပ္ပာယ်။** ။ယာဂုခဲဖွယ် ဘောဇဉ်စသည်ကို ပေးစေခြင်းသည် ဒါပေတွာ မည်၏။ မာတုဂါမနှင့် ရယ်လိုမြူးလို၊ ဆိတ်ကွယ်ရာနေလို၊ အနာစာရပြုလိုသဖြင့်"ဂစ္ဆာဝုသော ။လ။ ဖာသု ဟောတိဟု ဆို၍ လွှတ်လိုက်ခြင်းသည် ဥယျောဇေယျမည်၏။ လွှတ်လိုက်ခြင်းငှာ ထိုမှတပါး အကြောင်းမရှိခြင်းသည် ဧတဒေဝ ပစ္စယံ ကရိတွာ အနညံမည်၏။ဤသို့ လွှတ်လိုက်ငြားအံ့၊ ဒုက္ကဋ်။ ဒဿနူပစာရ၊ သဝနူပစာရကို ခြေတလှမ်းလွန်အံ့၊ဒုက္ကဋ်။ ဒုတိယ ခြေလှမ်းလွန်အံ့၊ ပါစိတ်။လွင်တီးခေါင်၌ ၁၂-တောင်လွန်ခြင်းသည် ဒဿနူ သဝနူပစာလွန်သည်မည်၏။ နံရံ၊ တံခါး၊ တံတိုင်းစသည် ခြားရာ၌ ထိုခြားခြင်းသည်သာလျှင် ဥပစာလွန်သည်မည်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ အရှင်ဥပနန္ဒ လွှတ်လိုက်ခြင်းကြောင့် ပညတ်၏။ သာမာရဏ၊ လွှတ်လိုက်ခြင်းဟူသော စေခိုင်းခြင်းဖြင့် သာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္န၌ တိက ဒုက္ကဋ်။ ဥပသမ္ပန္န၊ အနုပသမ္ပန္န နှစ်ဦးလုံးကို ဖဲသွားအောင် အပြစ်တင်စကားဆိုအံ့၊ ဒုက္ကဋ်။ ငါတို့နှစ်ယောက် တပေါင်းတည်း မမျှတကုန်လတ္တံ့ဟု လွှတ်အံ့၊ အဖိုးတန် ဘဏ္ဍာမြင်လျှင်၊ မာတုဂါမမြင်လျှင် ဖောက်ပြန်လတ္တံ့ဟု လွှတ်အံ့၊

ကျောင်း၌ ကျန်ရစ်သူ၊ ကျောင်းစောင့်၊ ဂိလာနတို့က ယာဂု၊ ထမင်းသွားပို့လေ့ စသော သင့်သော အကြောင်းဖြင့် လွှတ်အံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။

အနာစာရ ပြုလိုခြင်း၊ ထိုအလို့ငှာသာလျှင် ရဟန်းကို လွှတ်လိုက်ခြင်း၊ လွှတ်အပ်သူ ဥပစာ လွန်ခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥပနန္ဒသည် နောင်တော်၏ တပည့်ရဟန်းကို ရွာသို့ ဆွမ်းခံခေါ်သွားပြီးလျှင် ခဲဖွယ် ဘောဇဉ် တစုံ တခုမျှ မပေးပဲ ပြန်လွှတ်၏။ ငါ့ရှင်၊ သွားလော့၊ သင်နှင့်အတူ စကားပြောရခြင်း၊ နေထိုင်ရခြင်းသည် ငါ့အား မချမ်းသာ၊ တယောက်တည်းက ချမ်းသာသေးသည်ဟုဆို၍ ပြန်လွှတ်၏။ ထိုရဟန်းသည် မွန်းတည့်ချိန်နီးသဖြင့် ဆွမ်းခံလည်း မသွားနိုင်၊ ဆွမ်းစားကျောင်း၌လည်း ဆွမ်းမမီ၊ ထိုနေ့ ဆွမ်းပြတ်၏။ ရဟန်းတို့အား လျှောက်၏။ ရဟန်းတို့ ရှင်ဥပနန္ဒကို ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၃-သဘောဇန**။ ။ယော ပန ဘိက္ခု၊ သ+ဘောဇနေ၊ စည်းစိမ် ခံစားဘော်+ရှိသော။ တနည်း-သ+ဥဘော+ဇနေ၊ လင်မယား+နှစ် ယောက်သာ+ရှိသော။ ကုလေ၊ အိမ်၌။ အနုပခဇ္ဇ၊ (အိပ်ရာ ရှိသော အခန်းတွင်းသို့) ဝင်၍။ နိသဇ္ဇံ၊ နေထိုင်ခြင်းကို။ ကပ္ပေယျ။ တသ။

**အစိပ္ပာယ်**။ ။စည်းစိမ်ခံစားဘော်ရှိသော အိမ်သည် သဘောဇနကုလ မည်၏။ သ တပုဒ်၊ ဘောဇန တပုဒ်၊ မိန်းမသည် ယောကျ်ား၏ ခံစားဘော် ဘောဇန၊ ယောကျ်ားသည် မိန်းမ၏ ခံစားဘော် ဘောဇန တည်း။ တနည်း။ လင်မယား နှစ်ယောက်သာ ရှိသော အိမ်သည် သဘောဇန ကုလ မည်၏။ သ တပုဒ်၊ ဥဘောဇန တပုဒ်။ မကင်းကွာသေးသော ရာဂဖြင့် မထွက်ကြသေး ဟူလို။ ကြီးသော အိမ်၌ အိပ်ရာရှိသော အခန်း၏ ပိဋ္ဌသံဃာတ တံခါးခေါင်မှ နှစ်တောင့်ထွာ ဟတ္ထပါသ်ကို လွန်အောင် ဝင်၍ နေအံ့၊ ပါစိတ်။ ငယ်သော အိမ်၌ ပိဋ္ဌဝံသ ခေါင်လျှောက်ကို လွန်အောင် ဝင်၍ နေအံ့၊ ပါစိတ်။ ငါးတောင် ပမာဏရှိလျှင် ငယ်သောအိမ် မည်၏။ ကြီး၊ ငယ် နှစ်အိမ်လုံး အိပ်ရာရှိသော အခန်း၌ နှစ်တောင့်ထွာ လွန်ခြင်းတို့သာတည်း။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ရှင်ဥပနန္ဒ အခန်းတွင်း ဝင်ထိုင်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ။သယနိဃရ အိပ်ရာရှိသော အခန်း၌ တိကပါစိတ်။ အသယနိဃရ၌ ဒုက္ကဋ်။ ။အသယနိဃရ၌ အသယနိဃရ သည်ာရှိအံ့၊ အိမ်ကြီး၌ တံခါးပေါင်၊ အိမ်ငယ်၌ ခေါင်လျောက်ကို မလွန်စေအံ့။ ရဟန်းအဖော်ရှိအံ့၊ လင်မယား နှစ်ယောက်လုံး ပြင်ပသို့ ထွက်မှ ဝင်နေအံ့၊ ရာဂကင်းကွာမှ ဝင်နေအံ့၊ အိပ်ရာ ရှိသော တိုက်ခန်း မဟုတ်အံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။

ရာဂ မကင်းကွာသေးသော လင်မယားတို့ အတူ နေခြင်း၊ အိပ်ရာရှိသော အခန်း ဖြစ်ခြင်း၊ အဖော်ရဟန်း မရှိခြင်း၊ နှစ်တောင့်ထွာ လွန်အောင် ဝင်နေခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥပနန္ဒသည် သူငယ်ချင်းအိမ်သို့သွား၍ သူငယ်ချင်း၏မယားနှင့် အိပ်ရာရှိသော အခန်း၌ နေထိုင်၏။ ထိုယောကျ်ားသည် ရှင်ဥပနန္ဒထံ ချဉ်းကပ်၍ မယားကို "အရှင်မြတ်အား ဆွမ်းလှူပါ၏"ဟု ဆို၏။ ဆွမ်းလှူပြီးသောအခါ အရှင်ဘုရား၊ ကြွတော်မူပါဟု ဆို၏။ မိန်းမသည် ယောကျ်ား ဖောက်ပြန်သည်ကို သိ၍ မကြွပါနှင့်၊ နေမြဲတိုင်း နေပါဟု လျှောက်၏။ သုံးကြိမ် တိုင်အောင် ကြွခိုင်းသော်လည်း ထိုအတိုင်း မိန်းမလျှောက်၍ နေခြင်းကြောင့် ထိုယောကျ်ားသည် ပြင်ပသို့ထွက်၍ ရဟန်းတို့ကို လျှောက်၏။ ဤအရှင်ဥပနန္ဒသည် အခန်းတွင်း၌ ထိုင်နေပါသည်၊ ကြွပါဟုဆိုလည်း မကြွ။ အကျွန်ုပ်တို့မှာ ပြဖွယ်ကိစ္စ များလှကုန်၏ဟု လျှောက်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၄-ပဋိစ္ဆန္နာသန**။ ။ယော ပန ဘိက္ခု။မာတုဂါမေန။သဒ္ဓိံ ။ရဟော၊ (မျက်စိ) ဆိတ်ကွယ်သော။ ပဋိစ္ဆန္နေ၊ ဖုံးလွှမ်းအပ်သော။ အာသနေ။ နိသဇ္ဇံ၊ ထိုင်ခြင်း အိပ်ခြင်းကို။ ကပ္ပေယျ။ တဿ။

**၅-ရဟောနိသဇ္ဇ**။ ။ယော ပန ဘိက္ခု။ မာတုဂါမေန။ သဒ္ဓိံ။ ဧကော ဧကာယ။ ရဟော၊(မျက်စိ၊ နား) ဆိတ်ကွယ်ရာအရပ်၌။နိသဇ္ဇံ၊ ကပ္ပေယျ။ တဿ။

အစိပ္ပာယ်။ ။အနိယတနှစ်ခု နည်းတူ-ထိုင်အံ့၊ ပါစိတ်။ အိပ်အံ့၊ ပါစိတ်။ ရပ်အံ့၊ အနာပတ္တိ။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရှင်ဥပနန္ဒ ဖုံးလွှမ်းသောနေရာ၌ နေခြင်း၊ ဆိတ်ကွယ်ရာအရပ်၌ နေခြင်းတို့ကြောင့် ပညတ်၏။ သာဓာရဏမျိုးတူ၏။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။ အကြွင်း အနိယတနှစ်ခုနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥပနန္ဒသည် သူငယ်ချင်းအိမ်သွား၍ ထိုသူ၏မယားနှင့် ဆိတ်ကွယ်သော ဖုံးလွှမ်းသောနေရာ၌ နေထိုင်၏။ ထို့အတူ တယောက်ချင်း ဆိတ်ကွယ်ရာ၌ နေထိုင်၏။ ထိုယောကျ်ား ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

၆-စာရိတ္တ။ ။ယော ပန ဘိက္ခု၊ နိမန္တိတော၊ ပင့်ဖိတ်အပ်သော။ သဘတ္တော၊ (ထမင်း) ဘတ္တရှိသူသည်။ သမာနော၊ ဖြစ်လျက်။ သန္တံ၊ ထင်ရှားရှိသော။ ဘိက္ခုံ၊ ကို။ အနာပုစ္ဆာ၊ မပန်ကြားမူ၍။ ပုရေဘတ္တံ ဝါ၊ ဖိတ်အပ်သော ဘတ္တစားသည်မှ ရှေး၌လည်းကောင်း။ ပစ္ဆာဘတ္တံ၊ ဖိတ်အပ်သော ဘတ္တ စားသည်မှ နောက်၌လည်းကောင်း။ ကုလေသု၊ "တပါးသော" အိမ်တို့၌။ စာရိတ္တံ၊ လှည့်လည်ခြင်းသို့။ အာပဇ္ဇေယျ၊ ရောက်ငြားအံ့။ သမယာ။ အညတြ။ တဿ ဘိက္ခုနော။ ပါစိတ္တိယံ။ ဟောတိ။ တတ္ထ၊ ထိုအိမ်တပါးသို့ လှည့်လည်ရာ၌။ အယံ။ သမယော။ စီဝရဒါန သမယော။ စီဝရကာရ သမယော။ အယံ။ တတ္ထ။ သမယော။

အစိပ္ပာယ်။ ။ဘောဇဉ်ငါးပါး တပါးပါးဖြင့် ပင့်ဖိတ်အပ်သော ရဟန်းသည် နိမန္တိတ မည်၏။ ထိုနိမန္တန ဘတ္တရှိသောကြောင့် သဘတ္တ သမာနလည်း မည်၏။ (နာမ်းအမည်ဖြင့် ဖိတ်လျှင် နိမန္တိတ သဘတ္တ မဖြစ်။) ပကတိစကားဖြင့် ပန်ကြားနိုင်သော "အရံတွင်း၌ ၁၂-တောင် ဒဿနူပစာအတွင်း" မြင်ရသောရဟန်းသည် သန္တဘိက္ခု မည်၏၊ ဤမည်သော သူ၏ အိမ်သို့ သွားဦးမည်၊ လှည့်၍ ဝင်လိုက်ဦးမည် ဟု မပန်ကြားခြင်းသည် အနာပုစ္ဆာ မည်၏။ ဖိတ်အပ်သော ဘောဇဉ်ကို မစားမီ အခါသည် ပုရေဘတ္တ၊ စားပြီးအခါ မွန်းမတည့်မီသည် ပစ္ဆာဘတ္တ မည်၏။ မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ-အမျိုးလေးပါးသည် ကုလ မည်၏။ အခါနှစ်ပါး ကြဉ်၍ ဖိတ်သော

အိမ်မှ တပါးသော အိမ်သို့ မွန်းမတည့်မီ ဝင်အံ့၊ အိမ်ဉပစာသို့ သက်လျှင် ဒုက္ကဋ်။ တံခါးခုံကို တလှမ်းလွန်အံ့၊ ဒုက္ကဋ်။ နှစ်လှမ်းလွန်အံ့၊ ပါစိတ်။ (အချို့ ပစ္ဆာဘတ္တကား နေလွဲမှ နေဝင်အထိ။)

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ရှင်ဥပနန္ဒ လှည့်လည်ခြင်းကြောင့် ပညတ်၏။ သန္တံ ဘိက္ခုံ အနာပုစ္ဆာ၊ ပစ္ဆာဘတ္တံနှင့် အညတြ သမယာ နှစ်ပါးသည် အနုပညတ် လေးခုဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိက ပါစိတ်၊ အနိမန္တိတ၌ ဋ္ဌိကဒုက္ကဋ်။ အနိမန္တိတ၌ အနိမန္တိတ သညီဖြစ်အံ့၊ သမယ နှစ်ပါးဖြစ်အံ့၊ ထင်ရှားသောရဟန်းကို ပန်ကြား၍ သွားအံ့၊ မရှိလျှင် မပန် ကြားပဲ သွားအံ့၊ သူတပါး၏ အိမ်လမ်း၊ အိမ်ဉပစာလမ်းဖြင့် သွားအံ့။ အန္တ ရာရာမ-ရှာတင်္ကင်း၌ ကျောင်း၊ ဘိက္ခုနီကျောင်း၊ တိတ္ထိကျောင်း၊ ဆွမ်းစား ကျောင်းသို့၊ ဖိတ်သောအိမ်သို့ သွားအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တက စသည်ဖြစ် အံ့၊ အနာပတ္တိ။

ဘောဇဉ်ငါးပါးဖြင့် ဖိတ်သည်ကို သာယာလက်ခံခြင်း၊ ထင်ရှားရှိသော ရဟန်းကို မပန်ကြားခြင်း၊ ဖိတ်သောအိမ်မှ အိမ်တပါးသို့ ဝင်ခြင်း၊ မွန်းတည့် အခါ မလွန်ခြင်း၊ အခါ ဘေးရန်မရှိခြင်း။ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်စသည် ပထမ ကထိနနှင့် တူ၏။ ကြိယာကြိယသာ ထူး၏။ (ပရိဝါ ကေတ္တရိက၊ ပဋ္ဌကဋ္ဌိကာတို့၌ အကပ္ပိယနိမန္တနံ သာဒယန္တဿေဝ အနာမန္တ စာရော န ဝဋ္ဋတိ ဟု ဆိုသည်။ ဆွမ်းအမည်ဖြင့် ဖိတ်ရာ၌ ဤသိက္ခာပုဒ်ဖြင့် အနာပတ္တိ ဟူလို။)

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ ရှင်ဥပနန္ဒ၏ ဒါယကာသည် ရှင်ဥပနန္ဒကို (ထမင်း)ဘတ္တဖြင့် ပင့်ဖိတ်၏။ တပါးသော ရဟန်းတို့ကိုလည်း ပင့်ဖိတ်၏။ ရှင်ဥပနန္ဒသည် ဆွမ်းမစားမီ ထိုထိုအိမ်သို့ လှည့်လည်၏။ တပါး သော ရဟန်းတို့သည် ဒါယကာတို့၊ငါတို့အား ဆွမ်းကပ်နှင့်ကြဟု ဆိုကုန်၏။ ရှင်ဥပနန္ဒလာအောင် ဆိုင်းကြပါဦးဟုဆို၍ မကပ်ကြကုန်။ နှစ်ကြိမ်မြောက် လည်း ထိုအတူဆို၍ မကပ်ကုန်။ သုံးကြိမ်မြောက်၌ နံနက်ကာလလွန်မည်ဟု ဆိုလတ်သော် ရှင်ဥပနန္ဒကို အကြောင်းပြုသောကြောင့် ဆိုင်းကြပါဦးဟု ဆိုကုန်၏။ ရှင်ဥပနန္ဒသည် နေ့မြင့်မှ ကြွလာ၏။ ရဟန်းတို့သည် စိတ်ချမ်းသာ စွာ မဘုဉ်းပေးနိုင်ကုန်။ ဘတ္တမစားမီ အိမ်လည်ရသလောဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဘတ္တမစားမီ အိမ်မလည်ရဟု ပညတ်သည်။

အခါတပါး ရှင်ဥပနန္ဒ၏ ဒါယကာသည် သံဃာအလို့ငှာ ခဲဖွယ်ကို ရှင်ဥပနန္ဒအား ပြ၍ သံဃာအား လှူလော့ဟု စေလိုက်၏။ ရှင်ဥပနန္ဒသည် ရွာကျောင်းသို့ ဆွမ်းခံဝင်နေ၏။ ချစ်သားတို့ အကပ်ခံ၍ ရှင်ဥပနန္ဒ လာသည် တိုင်အောင် ထားကြလော့ဟု မိန့်တော်မူ၏။ ရှင်ဥပနန္ဒသည် ဘတ္တမစားမီ အိမ်လည်ခြင်းကို ဘုရားရှင် ပယ်သည်ဟု ဘတ္တစားပြီးမှ အိမ်လည်၍ နေမြင့်မှ ပြန်လာ၏။ ခဲဖွယ်လာပို့သူတို့သည် အိမ်သို့ ပြန်ပါသွားကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏၊ ပစ္ဆာဘတ္တံဟု အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

အခါတပါး ရဟန်းတို့သည် သင်္ကန်းလှူသောအခါ အလိုလိုဖြစ်၍ ဒါယကာအိမ်သို့ မသွားကြကုန်။ သင်္ကန်းအရနည်းကုန်၏။ ချစ်သားတို့ သင်္ကန်းလှူသောအခါ အိမ်သို့သွားခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ စီဝရဒါနသမယောဟု တဖန် ပညတ်ပြန်သည်။

အခါတပါး ရဟန်းတို့သည် သင်္ကန်းချုပ်ကုန်၏။ အပ်၊ အပ်ချည်၊ ဓား ငယ်ဖြင့် အလိုရှိလျက် အိမ်သို့မသွားကြကုန်။ ချစ်သားတို့ သင်္ကန်းချုပ်သော အခါ အိမ်သို့သွားခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ စီဝရကာရသမယောဟု တဖန် ပညတ်ပြန်သည်။

အခါတပါး ရဟန်းတို့သည် ဂိလာနဖြစ်၍ ဆေးအလိုရှိလျက် အိမ်သို့မသွား ကြကုန်။ ချစ်သားတို့ ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍ အိမ်သို့ ချဉ်း ကပ်ခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ သန္တံ ဘိက္ခုံ အနာပုစ္ဆာဟု အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

၇-မဟာနာမ။ ။အဂိလာနေန။ ဘိက္ခုနာ၊သည်။ စာတုမာ သပစ္စယပ္ပဝါရဏာ၊ လေးလပတ်လုံး ဆေးပစ္စည်းဖြင့် ဖိတ်ခြင်းကို။ သာဒိတဗ္ဗာ၊ သာယာအပ်၏။ ပုနပ္ပဝါရဏာယ၊ တဖန်ဖိတ်ခြင်းကို။ အညတြ။ နိစ္စပ္ပဝါရဏာယ၊ အမြဲဖိတ်ခြင်းကို။ အညတြ။ တတော၊ ထိုရက်အပိုင်းအခြား၊ ဆေးအပိုင်းအခြားထက်။ ဥတ္တရိ။ စေ သာ ဒိယေယျ။ တဿ။....

**အဓိပ္ပာယ်။** ။ထောပတ်စသော ဆေးသည် ပစ္စယမည်၏။ (လူနာ၏ အထောက်အပံ့အနက်၊ အနာ၏ ဆန့်ကျင်ဘက်အနက်၊ ကုစား ကြောင်းအနက်ရှိ၏။) ဆေးပစ္စည်းဖြင့် လေးလဖိတ်သော်လည်းကောင်း၊

တဖန် လေးလဖိတ်သော်လည်းကောင်း၊ အမြဲဖိတ်သော်လည်းကောင်း။ နာသောအခါ တောင်းမည်ဟု သာယာရသည်။ စိတ်ဖြင့် သည်းခံရသည်။ ယခုငါ့အား ရောဂါမရှိဟု မပယ်ရ။ ညဥ့်ပိုင်းခြား၍၊ဆေးပိုင်းခြား၍ ဖိတ်အံ့၊ ပိုင်းခြားသော ညဥ့်ပတ်လုံးသာ၊ပိုင်းခြားသော ဆေးကိုသာ တောင်းရသည်။ သံဃာအား ဖိတ်ရာ၌ ပိုင်းခြားသော ညဥ့်ကိုလွန်၍ တောင်းအံ့ ပါစိတ်။ ပိုင်းခြားသော ဆေးကိုလွန်၍တောင်းအံ့၊ ပါစိတ်။ ဆေးပိုင်းခြား၊ ညဥ့်မပိုင်းခြားရာ၌ အနာပတ်။ ဆေးကိစ္စမရှိပဲ ဆေးတောင်းအံ့၊ ပါစိတ်။ တပါးသော ဆေးဖြင့် ပြုဖွယ်ရှိလျက် တပါးသော ဆေးကိုတောင်းအံ့၊ ပါစိတ်။ မိဿက ဘတ္တဖြင့် မျှတနိုင်လျှင် ဆေးကိစ္စမရှိသည်မည်၏။ ကျန်းမာသည်မည်၏။ ထောပတ်ဖြင့် ကိစ္စရှိလျက် ဆီကိုတောင်းလျှင် တပါးသောဆေးကို တောင်းသည်မည်၏။

**အဆုံးအဖြတ်။** ။သက္ကတိုင်းတို့၌ ဆဗ္ဗဂ္ဂီတို့ ဆေးတောင်းခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အပိုင်းအခြားမလွန်သည်၌ ဒုက္ကဋ္ဌ။ မလွန်သည်၌ မလွန်ဟု မှတ်ထင်အံ့၊ ဖိတ်သောဆေးကိုသာ တောင်းအံ့၊ ဖိတ်သော ညဥ့်ပတ်လုံးသာ တောင်းအံ့၊ ဤဆေးဖြင့် သင်ဖိတ်သော်လည်း ဤဆေး ဤဆေးကို အလိုရှိသည်။ ဖိတ်သောရက်လွန်သော်လည်း ဆေးအလိုရှိသည်-ဟု ပြော၍ တောင်းအံ့၊ ဆွေမျိုးထံ တောင်းအံ့၊ ပဝါရိတ-ပဝါရိတထံ တောင်းအံ့၊သူတပါးအလို့ငှာ တောင်းအံ့၊ မိမိဥစ္စာဖြင့် တောင်းအံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။

သံဃာအား ဖိတ်ခြင်း၊ ထိုမှ ဆေးတောင်းခြင်း၊ ကျန်းမာခြင်း၊ အပိုင်းအခြားလွန်ခြင်း။ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် သဥ္စရိတ္တနှင့်တူ၏။

**ဝတ္ထု။** ။သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံ။ဘုရားရှင်၏ ဘထွေးတော်၏သား ဘုရားရှင်ထက် တလကြီးသော သကဒါဂါမ်-မဟာနာမ်ဥပါသကာသည် သံဃာကို လေးလဆေးဖြင့် ဖိတ်လိုပါသည်ဟု လျှောက်၏။ သာမု သာဓု မဟာနာမ်၊ဖိတ်ကြားလော့ဟု မိန့်တော်မူ၏။ရဟန်းတို့သည် အလို့လိုဖြစ်၍ မသာယာကြကုန်။ ချစ်သားတို့၊ လေးလ ဆေးပစ္စည်းဖြင့် ဖိတ်သည်ကို သာယာခြင်းငှာ ခွင့်ပြု၏။ ရဟန်းတို့သည် အနည်းငယ်မျှသာ

တောင်းကုန်၏။ တဖန်လေးလဖိတ်ပြန်၏။ ချစ်သားတို့၊တဖန် လေးလဖိတ်သည်ကို သာယာခြင်းငှာ ခွင့်ပြု၏။ အနည်းငယ်သာ တောင်းကုန်၏။တဖန် တသက်လုံးဖိတ်ပြန်၏။ ချစ်သားတို့၊ အမြဲဖိတ်သည်ကိုလည်း သာယာခြင်းငှာ ခွင့်ပြု၏။ အခါတပါး ဆဗ္ဗဂ္ဂီတို့သည် မကောင်းသော ဝတ်ခြင်းရှိခြင်းတို့ဖြင့် ရဟန်းအသွင် ပျက်ကုန်၏။ မဟာနာမ်မြင်၍ အဘယ့်ကြောင့် ဤသို့ ဝတ်ရှိကြသနည်း၊ ကောင်းစွာ ဝတ်ရှိရသည် မဟုတ်လော ဟု ဆို၏။ ဆဗ္ဗဂ္ဂီတို့သည် တနေ့၌ မဟာနာမ်ထံ သွား၍ ထောပတ်တစိတ်သာ အလိုရှိသည်ဟု ဆိုကုန်၏။ ယနေ့ ဆိုင်းကြပါ။ နွားခြံသို့ ထောပတ်သွားယူနေပါပြီ၊ ရကြပါလိမ့်မည်ဟု လျှောက်၏။ နှစ်ကြိမ် သုံးကြိမ်တိုင်အောင် ယခုလှူပါဟု တောင်းကုန်၏။ ယနေ့ဆိုင်းကြပါဦးဟု သုံးကြိမ်မြောက်ဆိုလတ်သော် "မလှူလိုပဲ ဖိတ်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ဖိတ်ပြီးမှ မလှူပဲနေသည်"ဟု ဆိုကုန်၏။ မဟာနာမ် ကဲ့ရဲ့၏။ ကိုကြောင့် ပညတ်သည်။

**၈-ဥယျုတ္တ။** ။ယော ပန ဘိက္ခု။ ဥယျုတ္တံ၊ တိုင်းပြည်မှထွက်သော။ သေနံ၊ အင်္ဂါ လေးပါးရှိသော စစ်သည်ကို။ ဒဿနာယ၊ ကြည့်ရှုခြင်းငှာ။ ဂစ္ဆေယျ။ တထာရူပ ပစ္စယာ၊ ထိုသို့သဘောရှိသော သွားသင့်သောအကြောင်းကို။ အညတြ။ ဂစ္ဆေယျ။ တဿ။

**အဓိပ္ပာယ်။** ။မြို့ရွာမှ စစ်ချီထွက်သော စစ်သားအပေါင်းသည် ဥယျုတ္တမည်၏။ ဆင်၊မြင်း၊ရထား၊ခြေသည် ဟူသော အင်္ဂါလေးပါးရှိသော စစ်သည်အပေါင်းသည် သေနာမည်၏။ သွားသင့်သော အကြောင်းမရှိပဲ စစ်သားအပေါင်းကို ကြည့်ခြင်းငှာ သွားအံ့၊ ခြေလှမ်းတိုင်း၊ ဒုက္ကဋ်။ မြင်ရာဌာနန၌ ရပ်၍ကြည့်အံ့၊ ပါစိတ်။ မြင်ရာဌာနကိုစွန့်၍ ဖန်ဖန်ကြည့်အံ့၊ ပါစိတ်။

**မှတ်ဖွယ်။** ။စစ်အင်္ဂါလေးပါး၌ ဆင်သည် ယောကျာ်း ၁၂-ယောက်ရှိ၏။ မြင်းသည် သုံးယောက်ရှိ၏။ ရထားသည် လေးယောက်ရှိ၏။ ခြေသည်သည် လက်နက်စွဲ လေးယောက်ဖြစ်၏။ မြင်ရာဌာနကို ဒဿနူပစာ ၁၂-တောင်ကို မယူရ။ မြင်နိုင်လောက်ရာအရပ် သာမညကို ယူသည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ စစ်သည်အပေါင်းကို ထွက်ကြည့်ခြင်းကြောင့် ပညတ်၏။ အညတြ တထာရူပပစ္စယာသည် အနုပညတ်ဖြစ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အနုယျုတ္တ၌ ဒွိက

ဒုက္ကဋ်။ ဆင်စသည်တို့တွင် တခုခုကို ကြည့်အံ့ဟု သွားအံ့၊ မြင်ရာ၌ ရပ်ကြည့်အံ့၊ နေရာ၌နေ၍ ဖင့်ဖင့်ကြည့်အံ့၊ ဒုက္ကဋ်။ အနုယျုတ္တ၌ အနုယျုတ္တသည်ဖြစ်အံ့၊ အရံ၌ ရပ်၍ကြည့်အံ့။ မိမိနေရာသို့ ရောက်လာသည်ကို ကြည့်အံ့၊ ရင်ဆိုင်မြင်၍ ကြည့်အံ့၊ ထိုသို့သော အကြောင်းရှိအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

တိုင်းပြည်မှ ထွက်သော အင်္ဂါလေးပါးရှိသော စစ်သည်ဖြစ်ခြင်း၊ ကြည့်ခြင်းငှာ သွားခြင်း၊ ခွင့်ပြုရာအရပ်ကို ကြည့်၍ ကြည့်ခြင်း။ ထိုသို့သောအကြောင်း၏လည်းကောင်း ဘေးရန်၏လည်းကောင်း၊ မရှိခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။ လောကဝဇ္ဇ၊ အကုသလစိတ္တ၊ တိဝေဒနမျှ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ပသေနဒီ ကောသလ မင်းကြီးသည် စစ်သည်အပေါင်းနှင့် စစ်ထွက်၏။ ဆဗ္ဗဂ္ဂီတို့သည် စစ်ထွက်သော စစ်သည်အပေါင်းကို ကြည့်ခြင်းငှာ သွားကုန်၏။ မင်းကြီးသည် ပင့်ခေါ်စေ၍ အရှင်တို့၊အဘယ်ကိစ္စ ကြွလာကြပါသနည်း။ မင်းကြီးကို ကြည့်လို၍ ကြွလာကြသည်။ စစ်တိုက်လိုသော အကျွန်ုပ်ကို ကြည့်သဖြင့် အကျိုးမရှိ။ ဘုရားရှင်ကိုသာ ကြည့်သင့်သည် မဟုတ်လောဟု ဆို၏။ လူတို့သည် ငါတို့မှာ အသက်ဝမ်းကြောင်းအတွက်၊ သားမယားအတွက် မလွှဲသာ၍ ထွက်ခဲ့ရသည်။ အဘယ့်ကြောင့် အရှင်ကောင်းတို့ အကြည့်လာကုန်သနည်းဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် စစ်သည်အကြည့်မသွားရဟု ပညတ်သည်။အခါတပါး ရဟန်းတပါး၏ ဦးလေးသည် စစ်သည်ဘောင်၌ မကျန်းမာသဖြင့် ရဟန်းထံ အမြန်ကြွလာပါဟု တမန်စေလိုက်၏။ ချစ်သားတို့၊ ထိုသို့သွားသင့်သော အကြောင်းကြောင့် စစ်သည်ဘောင်သို့ သွားခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တခန် ပညတ်ပြန်သည်။

၉-သေနာဝါသ။ ။တဿ ဘိက္ခုနော၊ ထိုရဟန်းအား။ သေနံ၊ စစ်သည်ဘောင်သို့။ ဂမနာယ၊ သွားခြင်းငှာ။ ကောစိဒေဝပစ္စယော၊ တစုံတခုသော အကြောင်းသည်သာလျှင်။သိယာ စ၊ ရှိငြားအံ့၊ တေန ဘိက္ခုနာ၊သည်။ ဒိရတ္တတိရတ္တံ၊ နှစ်ညဉ့် သုံးညဉ့်ပတ်လုံး။ သေနာယ၊ စစ်သည်ဘောင်၌။ ဝသိတဗ္ဗံ၊ နေအပ်၏။ တတော၊ ထို့ထက်။ ဥတ္တရိ။ ၄စ ၄သေယျ။ တဿ။

အဓိပ္ပာယ်။ ။စစ်သည်ဘောင်သို့ အကြောင်းရှိသော ရဟန်းသည် သွားငြား အံ့၊ သုံးည၌ပတ်လုံး နေကောင်း၏။ စတုတ္ထနေ့ နေဝင်ချိန်တွင် စစ်သည်ဘောင်၌ နေအံ့၊ ရပ်ထိုင် လျောင်းလည်း ပါစိတ်။ ကောင်းကင်၌ တန်ခိုးဖြင့် ဣရိယာပုထ် တခုခု ပြုနေသော်လည်း ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ သုံးည၌ထက်အလွန် စစ်သည်ဘောင်၌ နေခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ သုံးည၌အောက် ယုတ်သည်၌ ဒွိကဒုက္ကဋ်။ သုံးည၌အောက် ယုတ်သည်၌ ယုတ်သည်ဟု ထင်အံ့၊ သုံးည၌ အရုဏ်မတက်မီထွက်၍ တဖန် ပြန်ဝင်အံ့၊ ဂိလာနဖြစ်အံ့၊ ဂိလာန၏ ကိစ္စဖြင့် နေအံ့၊ စစ်ဘပ် အဝိုင်းခံရအံ့၊ တစုံတခု အနှောင့်အယှက်ရှိအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

သုံးည၌ထက်လွန်ခြင်း၊ စစ်သည်ဘောင်၌ နေဝင်ခြင်း၊ ဂိလာန စသည် မဟုတ်ခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့်တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ကိစ္စရှိ၍ စစ်သည်ဘောင်သို့ သွား၍ သုံးည၌ထက်အလွန် နေကုန်၏။ လူတို့သည် ငါတို့မှာ ကံမကောင်း၍ အသက်မွေးခြင်း စသော အကြောင်းကြောင့် စစ်သည်ဘောင်၌ နေကြရသည်။ အဘယ့်ကြောင့် အရှင်ကောင်းတို့လည်း နေကြသနည်းဟု ကဲ့ရဲ့ကုန်၏။ ရဟန်းတို့ကလည်း သုံးည၌ထက်အလွန် နေကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၁၀-ဥယျောဓိက။ ။ဒိရတ္တတိရတ္တံ၊ ပတ်လုံး။ သေနာယ။ ဝသမာနော၊ နေသော။ ဘိက္ခု၊ သည်။ ဥယျောဓိကံဝါ၊ တက်၍ တက်၍ ထိုးပစ်ရာသို့လည်းကောင်း။ ဗလဂ္ဂံ ဝါ၊ ဗိုလ်ပါရဲမက် ရေတွက်ရာသို့ လည်းကောင်၊သေနာဗျူဟံ ဝါ၊ စစ်ဆင်ရာသို့လည်းကောင်း။ အနီကဒဿနံ ဝါ၊ စစ်တပ်ကိုကြည့်ရှုရာသို့လည်းကောင်း၊ ဂစ္ဆေယျ။ တဿ။

အဓိပ္ပာယ်။ ။တက်၍ တက်၍ ပြင်းစွာ ပစ်ခတ်ရာ စစ်မြေပြင်သည် ဥယျောဓိက မည်၏။ ဗိုလ်ပါရဲမက် အစုကို သိသာအောင် ဆင်ဤမျှ၊ မြင်းဤမျှ စသည်ဖြင့် ရေတွက်ရာဌာနသည် ဗလဂ္ဂ မည်၏။ ဆင်များ ဤနေရာ

၌၊ မြင်းများ ဤနေရာ၌ နေရမည်စသည်ဖြင့် စစ်ခင်းရာ ဌာနသည် သေနဗျူဟ မည်၏။ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေသည်တပ်သည် အနီက မည်၏။ ကြည့်ရှုအပ်သောကြောင့် အနီကဒဿနလည်း မည်၏။ ဥယျောဓိက စသည် တခုခုကို ကြည့်ခြင်းငှာ သွားအံ့၊ လှမ်းတိုင်း ဒုက္ကဋ်။ မြင်ရာဌာန၌ ရပ်၍ကြည့်အံ့၊ ပါစိတ်။ မြင်ရာဌာနကို စွန့်၍ ဖန်ဖန်ကြည့်အံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။ဥယျုတ္တ သိက္ခာပုဒ်နှင့် အကြွင်းတူပြီ။ အာပတ္တိဘေဒ မရှိခြင်းသာ ထူးသည်။ ဤကား ကမ်းအဆိုတည်း။ ပါဠိတော်၌ တခုခုကြည့်ရန် သွားအံ့၊ မြင်ရာ၌ ကြည့်အံ့၊ ရွေ့၍ကြည့်အံ့၊ ဒုက္ကဋ်ဟု ဆိုသေး၏။

**မှတ်ဖွယ်။** ။ဆင်တစီး၌ စီးသူ လေးယောက်နှင့် ခြေလေးဘက် စောင့်သူ နှစ်ယောက်စီအားဖြင့် ၁၂-ယောက်။ ဤနည်းဖြင့် ဆင်သုံးစီးသည် အငယ်ဆုံး ဆင်တပ် မည်၏။ မြင်း၌ စီးသူတယောက်၊ ခြေစောင့်သူ နှစ်ယောက်အားဖြင့် ၃-ယောက်။ ဤနည်းဖြင့် မြင်းသုံးစီးသည် အငယ်ဆုံး မြင်းတပ် မည်၏။ ရထား၌ မောင်းသူ တယောက်၊ စစ်သား တယောက်၊ နားစောင့် စောင့်သူ နှစ်ယောက်အားဖြင့် ၄-ယောက်။ ဤနည်းဖြင့် ရထားသုံးစီးသည် အငယ်ဆုံး ရထားတပ် မည်၏။ လက်နက်စွဲ စစ်သားလေးယောက်သည် အငယ်ဆုံး ခြေသည်တပ် မည်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် နှစ်ညဉ့် သုံးညဉ့် စစ်သည်ဘောင်၌နေ၍ စစ်တိုက်ရာအရပ် ရဲမက်ရေတွက်ရာအရပ်၊ စစ်ဆင်ရာအရပ်၊ ဆင်တပ်၊ မြင်းတပ် စသည်ကို ကြည့်ရှုရာ အရပ်သို့ သွားကုန်၏။ ဆဗ္ဗဂ္ဂီတပါး မြားမှန်သဖြင့် "အရှင်ဘုရား၊ ကောင်းစွာ အားထုတ်၍ တိုက်သလော၊ မြားချက်အမှတ် အဘယ်မျှ ရဘူးသနည်း" ဟု ပြက်ရယ်ပြုကုန်၏။ လူရှင်ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

အစေလကဝဂ္ဂေါ ပဉ္စမော။

---

၁-သုရာပါန်။ ။သုရာမေရယ ပါနေ၊ သေအရက်ကို သောက်ခြင်းကြောင့်။ ပါစိတ္တိယံ။

**အဓိပ္ပာယ်။** ။ပိဋ္ဌသုရာ စသော သေငါးမျိုးသည် သုရာ မည်၏။ ပုပ္ဖာသဝ စသော အရက်ငါးမျိုးသည် မေရယ မည်၏။ ထိုသုရာမေရယ နှစ်ပါးစုံကို ပေါင်း၍ မဇ္ဇဟူ၍လည်း ခေါ်သည်။ ထိုမဇ္ဇကို မျိုးဖြစ်အောင် အဆောက်အဦ စီရင်သည်မှစ၍ သမန်းမြက်ဖျားဖြင့် တို့၍ သော်လည်း သောက်အံ့၊ ပယောဂတိုင်း ပါစိတ်။

**သုရာငါးပါး။** ။ပိဋ္ဌသုရာ၊ မုန့်ညက်ဖြင့် ပြုလုပ်သော သေ။ (ရေဖြင့် နယ်၍ ပြုသည် ဟူလို။) ပူဝသုရာ၊ မုန့်ဖြင့်ပြုသော သေ။ ဩဒန သုရာ၊ ထမင်းဖြင့် ပြုသော သေ။ ကိဏ္ဏပက္ခိတ္တာ၊ တဆေးထည့်၍ပြုသောသေ။ သမ္ဘာရသံယုတ္တာ၊ သဖန်းခါး စသော အဆောက်အဦနှင့် ယှဉ်သော သေ။ ဤကား သုရာ ငါးပါးတည်း။ သုရာကို နယ်၍ ပြုကြသည်။

ပိဋ္ဌ–ပူဝ[၁]၊ ဩဒန[၁]၊ ကိဏ္ဏ–သမ္ဘာရာ[၂]။
မုန့်ညက်–မုန့်–ထမင်း[၃]၊ ဆေး–ဖန်သွင်း[၂]၊ နယ်ခြင်း သေငါးပါး။

**မေရယ ငါးပါး။** ။ပုပ္ဖာသဝ=ပန်းပွင့်ရည်ဖြင့် ပြုသော အရက်။ (သစ်မည် စည်ပွင့်၊ ထန်းပွင့်၊ အုန်းပွင့် စသည်၏ အရည်ကို ကြာမြင့်စွာ စိမ်၍ ပြုသည်။ နယ်၍ပြုသည် မဟုတ်ဟု အထူးသိအပ်၏။) ဖလာသဝ=သစ်သီးရည်ဖြင့် ပြုသော အရက်။ မဓွာသဝ=သစ်မည်စည်ရည် သက်သက်ဖြင့်၊ ဝါး-ပျားရည်ဖြင့် ပြုသော အရက်။ ဂုဠာသဝ=ကြံရည်ဖြင့် ပြုသော အရက်။ သမ္ဘာရသံယုတ္တ=တိဖလစသော အဆောက်အဦနှင့် ယှဉ်သော အရက်။ ဤကား မေရယငါးပါးတည်း။

ပုပ္ဖ–ဖလာ[၂]၊ မဓွာ–ဂုဠ[၂]၊ သမ္ဘာရ[၁]၊ ပဉ္စ မေရယာ။
ပွင့်–သီး–စည်–ကြံ[၄]၊ တိဖလ[၁]၊ စိမ်ပြုန် အရက်ငါး။

ကင်္ခါဋီကာသစ်၌— "ဗီဇတော ပဋ္ဌာယာတိ သမ္ဘာရေ ပဋိယာဒေတွာ စာဋိယံ ပက္ခိတ္တကာလတော စေဝ တာလနာဠိကေရာဒီနံ ပုပ္ဖရသဿ ဂဟိတာဘိနဝ ကာလတော စ ပဋ္ဌာယ"ဟု ဖွင့်သည်။ ပဋိယာဒေတွာကို ပက္ခိတ္တ၌ လည်းကောင်း ဂဟိတ၌ လည်းကောင်း ပုဗ္ဗကာလ ကြိယာ ဝိသေသနအဖြစ်ဖြင့် စပ်၍ အဓိပ္ပာယ်ကို သိအပ်၏။ (အချို့ကား ဤသို့ မယူပဲ "ထန်းနို့မှ ယိုစ

ထန်းရည်ချိုလည်း မအပ်''ဟု ယူဆကုန်၏။ ပဋိယာဒေတွာနှင့် မစပ်ပဲ ဆိုကုန်၏။ဗိဇတော ပဋ္ဌာယဟု အဋ္ဌကထာဆိုသည့်ထက် လွန်ကုန်၏။)

**အဆုံးအဖြတ်။** ။ကောသမ္ဗီ၌ ရှင်သာဂတ သေအရက်သောက်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အမဇ္ဇ၌ ဒွိကဒုက္ကဋ်။ အမဇ္ဇ၌ အမဇ္ဇဟု ထင်အံ့၊ မဇ္ဇ၏ အဆင်း အနံ့အရသာ ရှိသော မဇ္ဇမဟုတ်သော ဆေးရည်ကို သောက်အံ့၊ (လောဏသောဝီရက ဆေး၊ရက်သံခေါ် သုတ္တမည်သော ဆေးကို သောက်အံ့ ဟူလို။) ဟင်းချက်ရာ၊ အသားချက်ရာ၊ ဆီချက်ရာ၌ အနံ့ကောင်းရုံ မဇ္ဇအနည်းငယ် ထည့်ချက်သောက်အံ့၊ သျှိသျှားသီးရည် စသည်ဖြင့်ပြုသော မဇ္ဇမဟုတ်သော အရိဋ္ဌဆေးကို သောက်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့ အနာပတ္တိ။

မဇ္ဇဖြစ်ခြင်း၊ သောက်ခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။ လောကဝဇ္ဇ၊ အကုသလစိတ္တ။ တိဝေဒနသာ ထူး၏။ ဝတ္ထုကို မသိခြင်းဖြင့် အစိတ္တက။အကုသိုလ်စိတ်ဖြင့် သောက်ခြင်းကြောင့် လောကဝဇ္ဇ။သာမဏေတို့အား သိ၍ သောက်မှ သီလပျက်သည်။ လိင်ကျကြောင်း ပါရာဇိကဝတ္ထုဖြစ်၍ သစိတ္တကသာတည်း။

**ဝတ္ထု။** ။ကောသမ္ဗီ၊(ဃောသိတာရုံ။) မြတ်စွာဘုရားသည် စေတိယတိုင်းသို့ လှည့်လည်၍ ဘဒ္ဒဝတိကာရွာသို့ ဝင်ကြသောအခါ လူတို့သည် မြတ်စွာဘုရား၊သရက်ပင်ဆိပ်သို့ မကြွပါလင့်၊ တန်ခိုးကြီးသော နဂါးကြီးရှိပါသည်ဟု လျှောက်ကုန်၏။တနေ့၌ ရှင်သာဂတမထေရ်သည် သရက်ပင်ဆိပ်သို့ သွား၍ နဂါးကြီးကို ဆုံးမ၏။ ဘုရားရှင်သည် ဘဒ္ဒဝတိကာမှ ကောသမ္ဗီပြည်သို့ ကြွသွားသောအခါ ကောသမ္ဗီပြည်သားတို့သည် နဂါးကြီးကို ဆုံးမနိုင်သော ရှင်သာဂတဟု ချဉ်းကပ်၍ ရသော နှစ်သက်ဖွယ်ကို လှူလိုပါသည်ဟု လျှောက်ကုန်၏။ ထိုအခါ ဆဗ္ဗဂ္ဂီတို့သည် ဒါယကာတို့၊ ခိုခြေအဆင်းရှိသော သေနီသည် ရခဲ၏။ စီရင်ကြလော့ဟု ဆိုကုန်၏။ အိမ်တိုင်း စီရင်၍ ဆွမ်းခံကြလာသော ရှင်သာဂတကို သေရည်သောက်တော်မူပါဟု လူတို့လှူ၍ အိမ်တိုင်းသောက်ခဲ့သဖြင့် မြို့အထွက် တံခါးအနီး၌ လည်း၍ အိပ်နေ၏။ ဘုရားရှင်သည် မြို့တွင်းမှအထွက် မြင်လတ်သော် ကျောင်းသို့ ယူခဲ့စေ၏။ကျောင်း၌ ဘုရားဘက်သို့ ခြေဆင်း၍ အိပ်၏။ ချစ်သားတို့၊ သာဂတရဟန်းသည် ရှေးကကဲ့သို့ ဘုရားကို ရိုသေနိုင်၏လော၊ မရိုသေနိုင်ပါဘုရား။ ရှေးကကဲ့သို့

နဂါးကို ဆုံးမနိုင်အံ့လော၊ မဆုံးမနိုင်ပါဘုရား။ ချစ်သားတို့၊ ဤသို့ အမှတ်သညာ ကင်းစေတတ်သော သေကို သောက်သင့်မည်လော။ မသောက်သင့်ပါဘုရား။ ချစ်သားတို့၊ မလျောက်ပတ်စသည်ဖြင့် ကဲ့ရဲ့၍ ပညတ်တော်မူသည်။

၂-အင်္ဂုလိပတောဒက။ ။အင်္ဂုလိပတောဒကေ၊ ချိုင်းထိုးကစားခြင်းကြောင့်။ ပါစိတ္တိယံ။

**အစိပ္ပာယ်။** ။လက်ချောင်းဖြင့် လက်ကတီးကြားစသည်တို့၌ ထိခိုက်ခြင်းသည် အင်္ဂုလိပတောဒကမည်၏။ အမှတ်မရှိ ကိုယ်အင်္ဂါဖြင့်သော်လည်း မြူးထူးလို၍ ရဟန်းကို တို့ထိအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ချိုင်းထိုးခြင်းကြောင့် ပညတ်၏။ သာမာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္န၌ တိကဒုက္ကဋ်။ ဘိက္ခုသည် ဘိက္ခုနီ၏ ဘိက္ခုနီသည် ဘိက္ခု၏ အနုပသမ္ပန္န ဖြစ်၏။ ကာယပဋိဗဒ္ဓစသည်၌လည်း ဒုက္ကဋ်။ မြူးထူးလိုသည် မဟုတ်အံ့၊ အကြောင်းရှိ၍ တို့ထိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ အကြောင်းရှိသော်လည်း မာတုဂါမတို့အား မတို့ထိအံ့။

မြူးထူးလိုခြင်း၊ ရဟန်းကိုယ်ကို မိမိကိုယ်ဖြင့် တို့ထိသုံးသပ်ခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် သတ္တရသဝဂ္ဂီ ရဟန်းကလေးတပါးကို ရယ်အောင် ချိုင်းထိုးကုန်၏။ အလွန်ရယ်၍ အသက်ရှူပြတ်၍သေလေ၏။ ရဟန်းချင်း ချိုင်းထိုးသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၃-ဟသဓမ္မ။ ။ဥဒကေ၊ ရေ၌။ ဟသဓမ္မေ၊ မြူးထူး ပျော်ပါး ကစားခြင်းကြောင့်။ ပါစိတ္တိယံ။

**အစိပ္ပာယ်။** ။ခြေဖမျက် အထက်မြုပ်သော ရေသည် ဥဒကမည်၏။ ထိုမျှသောရေ၌ မြူးထူးလို၍ ငုပ်မည်ပေါ်မည် ကူးမည်ဟု သွားအံ့၊ လက်အကြိမ် ခြေအကြိမ်တိုင်း ဒုက္ကဋ်။ ငုပ်အံ့၊ ပယောဂတိုင်း ပါစိတ်။ ပေါ်အံ့၊ ပယောဂတိုင်း....။ ငုပ်လျက် ရေအတွင်း၌ သွားအံ့၊ လက်ခြေ အကြိမ်တိုင်း ကူးအံ့၊ ပယောဂတိုင်း ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ သတ္တရသဝဂ္ဂီတို့ ရေးကစားခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အဟာသဓမ္မ၌ ဒွိကဒုက္ကဋ်။ လှေဖြင့် ကစားအံ့၊ လက်ဖြင့်၊ ခြေဖြင့်၊ သစ်သားဖြင့်၊ အိုးခြမ်းဖြင့် ပုတ်ခတ် ရှပ်ပစ်ကစားအံ့၊ အိုးခွက်၌ တည်သောရေ၊ ပအုန်းရည်၊ ညွန်ရည်၊ နို့၊ ရက်တက်၊ ဆိုးရည်၊ ကျင်ငယ် စသည်ကို ကစားအံ့၊ ခြေဖမျက် မမြုပ်သော ရေ၌ ကစားအံ့၊ ဒုက္ကဋ်။ အကျွရာရေးအံ့၊ မမြူးထူးလိုအံ့၊ အကြောင်းရှိ၍ ဆင်း၍ငုပ်အံ့၊ ပေါ်အံ့၊ ကူးအံ့၊ တဘက်ကမ်းသို့ သွားစဉ်ငုပ်အံ့၊ ပေါ်အံ့၊ ကူးအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

ခြေမမျက်မြုပ်သော ရေဖြစ်ခြင်း၊ မြူးထူးလို၍ ကစားခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ သတ္တရသဝဂ္ဂီ ရဟန်းတို့သည် အစိရဝတီမြစ်၌ ရေကစားကုန်၏။ ကောသလမင်းကြီး မြင်လတ်သော် “မလ္လိကာ၊ သင်၏ ရဟန္တာများ ရေကစားကြသည်”ဟု ဆို၏။ အရှင်မင်းကြီး သိက္ခာပုဒ် မပညတ်သေးသည်လည်းကောင်း၊ ပညတ်တော် မသိကြသေးသည်လည်းကောင်း ဖြစ်မည်စင်စစ်ဟု ဆို၏။ ဘုရားရှင်အား မလျှောက်ပဲ သိအောင်ဟု သတ္တရသဝဂ္ဂီတို့ကိုပင့်၍ ဤတင်လဲခဲကို ဘုရားရှင်အား လှူလိုက်ပါဟု ကြီးစွာသော တင်လဲခဲတခုကို ပေးလိုက်၏။ ဘုရားရှင်ထံ ရောက်လတ်သော် ဤတင်လဲခဲကို ကောသလမင်းကြီး လှူလိုက်ပါသည်ဟု လျှောက်ကုန်၏။ သင်တို့ကို အဘယ်၌ မင်းကြီးမြင်သနည်း။ အစိရဝတီမြစ်၌ ရေကစားကြစဉ် မြင်ပါသည်ဟု လျှောက်ကုန်၏။ များစွာကဲ့ရဲ့၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

**၄ အနာဒရိယ။** ။အနာဒရိဒယေ။ ပုဂ္ဂလဓမ္မကို မရိုသေခြင်းကြောင့်။ ပါစိတ္တိယံ။

**အဓိပ္ပာယ်။** ။အနာဒရိယနှစ်မျိုးရှိ၏။ ရဟန်းသည် ရဟန်းကို သိက္ခာပုဒ်ဖြင့် ဆုံးမသောအခါ ထိုရဟန်း၏ စကားကို မလိုက်နာလို၍ မရိုမသေပြုခြင်းသည် ပုဂ္ဂလအနာဒရိယ မည်၏။ ထိုသိက္ခာပုဒ်ကို မကျင့်လို၍ မရိုမသေပြုခြင်းသည် ဓမ္မအနာဒရိယ မည်၏။ နှစ်မျိုးလုံးကြောင့် ပါစိတ်နှစ်ခု။

အဆုံးအဖြတ်။ ။ကောသမ္ဗိ၌ ရှင်ဆန္န မရှိမသေပြုခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္န၌ တိကဒုက္ကဋ်။ ဥပသမ္ပန္နသည်လည်းကောင်း၊ အနုပသမ္ပန္နသည်လည်းကောင်း၊ သိက္ခာပုဒ်မှ တပါးသော ကောင်းသောအကျင့်ဖြင့် ဆုံးမသည်ကို မရှိမသေပြုအံ့၊ ဒုက္ကဋ်။ သင်္ဂါယနာတင် ဆရာစဉ်မှ လာသောအယူကို ယူ၍ ဤကား ငါတို့၏ အာစရိယဝါဒ အဆုံးအဖြတ်ဟု ဆိုအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ပညတ်တော်သိက္ခာပုဒ်ဖြင့် ဆိုသောရဟန်း၏ စကားဖြစ်ခြင်း၊ မရှိမသေပြုခြင်း၊ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာသာ ထူး၏။

ဝတ္ထု။ ။ကောသမ္ဗီ၊ ဃောသိတာရုံ။ ရှင်ဆန္နသည် မအပ်သည်ကို ကျင့်၏။ ရဟန်းတို့က ဤသို့ မကျင့်အပ်ဟု ဆိုသော်လည်း ကျင့်သည်သာတည်း။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၅-ဘိံသာပန။ ။ယော ပန ဘိက္ခု။ ဘိက္ခုံ ၊ ကို။ ဘိံသာပေယျ၊ ကြောက်စေငြားအံ့။ ဝါ၊ခြောက်ငြားအံ့။ တဿ။

အဓိပ္ပာယ်။ ။ကြောက်မက်ဖွယ်အာရုံကို ဆောင်ပြအံ့။ ကြောက်ဖွယ်စကားကို ဆိုအံ့။ ကြောက်သော်လည်းကောင်း၊ မကြောက်သော်လည်းကောင်း-ခြောက်သူအား ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ခြောက်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ အနုပသမ္ပန္နကို ခြောက်အံ့၊ တိကဒုက္ကဋ်။ ကြောက်စေလို၍ မဟုတ်ပဲ ကြောက်ဖွယ်အာရုံကို ပြအံ့။ ကြောက်ဖွယ်စကားကို ဆိုအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းဖြစ်ခြင်း၊ မြင်လောက် ကြားလောက်ရာ၌ ကြောက်စေခြင်းငှါ အားထုတ်ခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် အနာဒရိယနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် သတ္တရသဝဂ္ဂီတို့ကို ခြောက်ကုန်၏။ သတ္တရသဝဂ္ဂီတို့သည် ကြောက်လန့်၍ ငိုကုန်၏။ အဘယ့်

ကြောင့် ငိုကြသနည်းဟု မေးလတ်သော် ဆဗ္ဗဂ္ဂီတို့ခြောက်သောကြောင့်ဟု ဆိုကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၆-ဇောတိက။** ။ယော ပန ဘိက္ခု။ အဂိလာနော။ ဝိသိဗ္ဗနာပေက္ခော၊ မီးလှုံလိုသည်ဖြစ်၍။ ဇောတိံ၊ မီးကို။ သမာဒဟေယျ ဝါ၊ ကိုယ်တိုင်လည်း ညှိစေငြားအံ့။ သမာဒဟာပေယျ ဝါ၊ သူတပါးကိုလည်း ညှိစေငြားအံ့။ တထာရူပပစ္စယာ၊ ထိုသို့ သဘောရှိသော (မီးထွန်းခြင်း စသော) အကြောင်းကို။ အညတြ။ ပါ ဿ။

**အစိပ္ပာယ်။** ။မီးနှင့်ကင်းလျက် ချမ်းသာလျှင် အဂိလာန။ မချမ်းသာလျှင် ဂိလာန။မီ လှုံလိုသူသည် ဝိသိဗ္ဗနာပေက္ခမည်၏၊မီးသည် ဇောတိမည်၏။ မီးလျှံတောက်အောင်ပြုခြင်းသည် သမာဒဟေယျ မည်၏။ဆီမီးထွန်းရာ သပိတ်ဖုတ်ရာတို့၌ မီးတောက်အောင် ပြုသင့်သောအကြောင်းသည် တထာရူပပစ္စယ မည်၏။ ကျန်းမာလျက် မီးလှုံ၍ မီးထည့်အံ့၊ ပွတ်ခံခြင်းသည်မှစ၍ မီးလျှံ မထမီ ပယောဂတိုင်း ဒုက္ကဋ်။ မီးလျှံထအံ့၊ပါစိတ်။ မီးထည့်ခိုင်းအံ့၊ဒုက္ကဋ်။ တကြိမ်ခိုင်းခြင်းကြောင့် အကြိမ်များစွာ ထည့်သော်လည်း မီးတောက်လျှင် ပါစိတ်တခုသာ။

**အဆုံးအဖြတ်။** ။ဘဂ္ဂတိုင်းတို့၌ ရဟန်းတို့ မီးထည့်လှုံခြင်းကြောင့် ပညတ်၏။ အဂိလာနော၊တထာရူပပစ္စယာသည် အနုပညတ်နှစ်ခုဖြစ်၏။ သာဓာရဏ၊သာဏတ္တိက။တိကပါစိတ်။ဂိလာန၌ ဒွိကဒုက္ကဋ်။ပဋိလာတ-မီးလျှံရှိသောထင်းစကို မြှောက်အံ့၊ဒုက္ကဋ်။(အဝိဇ္ဈာတ- အနိဗ္ဗုတာလာတ-အလျှံမငြိမ်းသော မီးတောက်လျက်ရှိသော ထင်းစကို မြှောက်၍ တည်မြဲကိုင်း ပြန်ထားလျှင် ဒုက္ကဋ်။ ဝိဇ္ဈာတ အလျှံငြိမ်းသော မတောက်သော ထင်းစကို တောက်အောင် ပြန်ထားမူ၊ ပါစိတ်ဟူလို။)ဂိလာနဖြစ်၍ ဂိလာနသည်ရှိအံ့၊သူတပါးပြုသော မီးတောက်ကို လှုံအံ့၊မီးတောက်မီးလျှံကင်းသော မီးကျီးခဲကို လှုံအံ့၊ ဆီမီးညှိထွန်းခြင်း၊ စရုံးအိမ် မီးထည့်ခြင်း၊ သပိတ်ဖုတ်ခြင်းစသော ထိုထိုအကြောင်းရှိအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ကျန်းမာခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း၊ မီးလှုံလိုခြင်း၊ မီးထည့်ခြင်း ထည့်စေခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် သဉ္စရိတ္တနှင့်တူ၏။

ဝတ္ထု။ ။ဘဂ္ဂတိုင်း၊ သံသုမာရဂိရိ ပဲစဉ်းငုံတော မိဂဒါဝုန်။ ရဟန်းတို့သည် ဆောင်းအခါ သစ်ခေါင်းကြီးတခုကို မီးထည့်၍ လှုံကုန်၏။ သစ်ခေါင်းမှ မြွေဟောက်ထွက်၍ လိုက်သဖြင့် ထိုထို အရပ်သို့ ပြေးကုန်၏။ ရဟန်းများ မီးထည့်လှုံကြသည် ဘုကဲ့ရဲ့ကုန်၏။ ထို့ကြောင့် မီးလှုံရန် မီးမထည့်ရ ပညတ်တော်မူသည်။ အခါတပါး ရဟန်းတို့ မမာကြကုန်။ မီးမလှုံရသဖြင့် မသက်သာဟု ဆိုကုန်၏။ ချစ်သားတို့၊ဂိလာနရဟန်းသည် မီးညှိ၍ ညှိစေ၍ လှုံခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန်ပညတ်ပြန်သည်။ အခါတပါး ရဟန်းတို့သည် ဆီမီးထွန်းရာ၊ စရုံးအိမ် မီးထည့်ရာတို့၌ အလှိုလှိုဖြစ်ကုန်၏။ချစ်သားတို့၊ထိုသို့သဘောရှိသောအကြောင်းကြောင့် မီးညှိခြင်း ညှိစေခြင်းငှာ ခွင့်ပြု၏ဟုမိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

၇-နှာန။ ။ယော ပန ဘိက္ခု။ ဩရေနစုမာသံ၊ လခွဲအတွင်း၌။ နှာယေယျ၊ ရေချိုးငြားအံ့၊ သမယာ။ အညတြ။ တဿ။တတ္ထ။ ထိုလခွဲအတွင်း ရေချိုးရာ၌။ အယံ။ သမယော။ ဂိမှာနံ၊ နွေလတို့၏။ သေသော၊ ကြွင်းသော။ ဒိယဍ္ဍောမာသော၊ တလခွဲလည်းကောင်း။ ဝဿာနဿ၊ မိုးဥတု၏။ ပဌမော မာသော၊ ရှေးဦးစွာသော တလသည်းကောင်း။ ဣတိ၊ ဤသို့။ဒွေတ အာစုတေယျမာသာ၊ ဤနှစ်လခွဲတို့ဟု ဆိုအပ်သော။ဥဏှသမယော၊ပူသောအခါသည် လည်းကောင်း။ ပရိဠာဟသမယော၊ အိုက်သောအခါသည်လည်းကောင်း။ ဂိလာနသမယော၊ နာသောအခါသည်လည်းကောင်း။ ကမ္မသမယော၊ အမှုလုပ်သောအခါသည်လည်းကောင်း။ အဒ္ဓါနဂမနသမယော၊ ယူဇနာခွဲခရီး သွားသောအခါသည်လည်းကောင်း။ ဝါတဝုဋ္ဌိသမယော၊ မြူနှင့်တကွ လေမိုးကျသောအခါသည်လည်းကောင်း။ အယံ၊ဤ ခြောက်ပါးသည်။ တတ္ထ။ သမယော။

အစိပ္ပာယ်။ ။တဆယ့်ငါးရက်အောက် ယုတ်သောအခါသည် ဩရေနစုမာသမည်၏။ မဇ္ဈိမဒေသ၌ ရေချိုးပြီးသောနေ့မှစ၍ တဆယ့်ငါးရက်မတိုင်မီ အခါကြည့်၍ ရေချိုးမည်ဟု ကသယ်မှုနှ့် မြေညက်ပီရင်သည်မှစ၍ ပယောဂတိုင်း ဒုက္ကဋ်။ ရေချိုးအပြီး၌ ပါစိတ်။

အခါ ၆-ပါး။ ။နွေအဆုံး တလခွဲသည် ဥဏှသမယ မည်၏။ မိုးဦးအစ တလသည် ပရိဠာဟ သမယ မည်၏။(နယုန်လဆန်းတရက်

မှ ဝါခေါင်လပြည့်ထိ နှစ်လခွဲသည် ပူသောအခါနှင့် အိုက်သောအခါ မည်၏။) ထို့ကြောင့် အလိုရှိတိုင်း ရေချိုးအပ်၏။ ရေမချိုးရသဖြင့် မချမ်းသာလျှင် ဂိလာန သမယ။ ကျောင်း တံမြက်လှည်းကာမျှသည်လည်း ကမ္မသမယ။ ယူဇနာခွဲ ခရီးသွားပြီး၊ သွားဆဲ၊ သွားလတ္တံ့သည် အဒ္ဓါနဂမန သမယ။ မြူရှိသော လေ ပြင်းစွာလျက် မိုး နှစ်ပေါက်သုံးပေါက် ကိုယ်၌ကျလျှင် ဝါတဝုဋ္ဌိ သမယမည်၏။ အလိုရှိတိုင်း ရေချိုးအပ်၏။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ရဟန်းများစွာ အတိုင်းအရှည်မသိ ရေချိုးခြင်းကြောင့် ပညတ်၏။ အညတြ သမယာသည် အနုပညတ် ခြောက်ခု ဖြစ်၏။ ပဒေသပညတ်၊ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ လခွဲလွန်သည်၌ ဒွိကဒုက္ကဋ်။ လခွဲလွန်၌ လွန်သည်ဟု သညာရှိအံ့၊ အခါဖြစ်အံ့၊ မြစ်ဘဖက်သို့သွားစဉ် ရေချိုးအံ့၊ ဝါ၊ မြင်တဖက်သို့သွားစဉ် မြစ်ရေမရှိလျှင် သဲတွင်းယက်၍သော်လည်း ချိုးအံ့၊ ပစ္စန္တရစ် ဖြစ်အံ့၊ ပိတုန်းလိုက်ခြင်း စသော ဘေးရန်ရှိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

မဇ္ဈိမဒေသဖြစ်ခြင်း၊ လခွဲအတွင်း ရေချိုးခြင်း၊ အခါ မြစ်ကူး ဘေးရန်ရှိ မဟုတ်ခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကသောမနှင့် တူ၏။

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ ရဟန်းတို့သည် တပေါဒါမြစ်၌ ရေချိုးကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် ရေချိုးမည်ဟု သွားရာ ရဟန်းတို့ကို မြင်၍ ဆိုင်းငံ့နေ၏။ ရဟန်းတို့သည် မိုးချုပ်အောင် ရေချိုးကုန်၏၊ မင်းကြီးသည် မိုးချုပ်မှ ရေချိုး၍ ပြန်သောအခါ မြို့တံခါးပိတ်ထားသဖြင့် မြို့ပတွင် အိပ်၍ နံနက်စောစော ဘုရားရှင်ထံ ချဉ်းကပ်၏။ အဘယ့်ကြောင့် စောစော ကြီး လာသနည်းဟု မေးလတ်သော် ထိုအကြောင်းကို လျှောက်ကြား၏။ မင်းကြီးကို တရားဟော၍ လွှတ်လိုက်ပြီးလျှင် ရဟန်းတို့ကို အတိုင်းမသိ ရေချိုးရသလောဟု ကဲ့ရဲ့၍ လခွဲအတွင်း ရေမချိုးရာဟု ပညတ်တော်မူသည်။ အခါ တပါး ရဟန်းတို့သည် ပူသောအခါ အိုက်သောအခါတို့၌ ရေမချိုးပဲ ချွေး တလုံးလုံးဖြင့် အိပ်ကုန်၏။ အိပ်ရာနေရာ ပျက်စီး၏။ ချမ်းသာတို့၊ ပူသောအခါ အိုက်သောအခါ လခွဲအတွင်း ရေချိုးခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ ဘာသန် အနု ပညတ်နှင့် ပညတ်ပြန်သည်။

အခါတပါး ဂိလာနရဟန်းတို့သည် ရေမချိုးရ၍ မသက်သာကြကုန်။ ချစ်သားတို့၊ ဂိလာနရဟန်းသည် လခွဲအတွင်း ရေချိုးခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍…။အခါတပါး ရဟန်းတို့သည် နဝကမ္မ အမှုသစ်ပြု၍ ချွေးတလုံးလုံးဖြင့် အိပ်ကုန်၏။ အိပ်ရာနေရာ ပျက်စီး၏။ ချစ်သားတို့၊ အမှုလုပ်သောအခါ လခွဲအတွင်း ရေချိုးခြင်းငှာ ခွင့်ပြု၏ဟု…။အခါတပါး ရဟန်းတို့သည် ခရီး ရှည်သွား၍ ချွေးတလုံးလုံးဖြင့် အိပ်ကုန်၏။ အိပ်ရာနေရာ ပျက်စီး၏။ ချစ်သားတို့ ခရီးရှည် သွားသောအခါ လခွဲအတွင်း ရေချိုးခြင်းငှာ ခွင့်ပြု၏ဟု….။ အခါတပါး ရဟန်းတို့သည် လွင်တီးခေါင်၌ သင်္ကန်း ချုပ်ကုန်၏။ မြူနှင့်တကွ လေလာ၍ မိုးအနည်းငယ်ရွာ၏။ မြူကပ်သော ကိုယ်ဖြင့် အိပ်ရာ နေရာပျက်စီး၏။ ချစ်သားတို့၊ မြူနှင့်တကွ လေမိုးကျသောအခါ လခွဲအတွင်း ရေချိုးခြင်းငှာ ခွင့်ပြု၏ဟုမိန့်၍ အနုပညတ်နှင့်တဖန် ပညတ်ပြန်သည်။ အနုပညတ် ထွေငါးခု၌ အနုပညတ်-၆။

ပစ္စိမဒေသ။ ။ဗောဓိမဏ္ဍိုင်မှ အရှေ့အလား ဂင်္ဂါလ နိဂုံးပြင်ပ အင်ကြင်း ပင်ကြီးသို။ အရှေ့တောင်အလား သလ္လဝတီမြစ်ထိ။ တောင် အလား သေတကဏ္ဏိကနိဂုံးသို။ အနောက်အလား ထူဏပုဏ္ဏာရွာသို။ မြောက်အလား ဥသိရဒ္ဓဇတောင်ထိ အလျားယူဇနာ-၃၀၀၊ အနံ-၂၅၀၊ အဝန်း ၉၀၀-ရှိသော အရပ်သည် မဇ္ဈိမဒေသ မည်၏။ ပဒေသ ပညတ်လေးပါး မအပ်။ ငါးပါးဖြင့် ရဟန်းခံခြင်း၊ သုံးထပ်ထက်လွန်သော အဆပ်ထပ် ဖိနပ် စီးခြင်း၊ လခွဲအတွင်း ရေချိုးခြင်း၊ သားရေအခင်း ခင်းခြင်း။ ဤကား ပဒေ သပညတ် ၄-ပါးတည်း။

ဂ–ဒုဗ္ဗဏ္ဏကရဏ။ ။နဝံ စီဝရလာဘေန၊ ရအပ်သော သင်္ကန်းသစ် ရှိသော။ ဘိက္ခုနာ ပန၊ သည်ကား။ တိဏ္ဏံ၊ သုံးပါးကုန်သော။ ဒုဗ္ဗဏ္ဏ ကရဏာနံ၊ အဆင်းပျက် ပြုခြင်းတို့တွင်။ အညတရံ၊ တပါးပါးသော။ ဒုဗ္ဗဏ္ဏကရဏံ၊ အဆင်းပျက်ပြုခြင်းကို။ အာဒါတဗ္ဗံ၊ယူအပ်၏။နီလံ ဝါ၊ စိမ်းသိုသောအဆင်းကိုလည်းကောင်း။ကဒ္ဒမံ ဝါ၊ညွန်ကိုလည်းကောင်း၊ ကာဠသာမံ ဝါ၊ မည်းသော အဆင်းကိုလည်းကောင်း။ အာဒါတဗ္ဗံ။ ဘိက္ခု၊ သည်။ တိဏ္ဏံ ဒုဗ္ဗဏ္ဏကရဏံ။ အညတရံ။ ဒုဗ္ဗဏ္ဏကရဏံ။ အနာဒါ၊ မယူမူ၍။ နဝံ စီဝရံ၊ သင်္ကန်းသစ်ကို။ စေ ပရိဘုဉ္ဇေယျ၊ အကယ်၍ သုံးဆောင်ငြားအံ့။ အဆ။

**အဓိပ္ပာယ်။** ။ကပ္ပဗိန္ဒု မထိုးရသေးသော သင်္ကန်းသည် နဝမည်၏။ ဤစကားဖြင့် သင်္ကန်းကိုးထည်တို့တွင် ဝတ်ရုံလောက်သော သင်္ကန်းငါးထည်သာ ဤ၌စီဝရမည်သည်ဟု သိအပ်၏။(ငါးထည်ဖော်နိုင်ရမည်။ နီ၊ အိပ်၊ မျက်၊ ပ၊ လေးထည်မပါစေရ။)ရအပ်ပြီးသော ထိုသင်္ကန်းသည် လာဘမည်၏။ ရအပ်သော အသစ်ဖြစ်သော သင်္ကန်းရှိသော ရဟန်းသည် နဝံစီဝရလာဘမည်၏။(နဝံ စီဝရံလာဘော ယေန သောတိ နဝံစီဝရလာဘော။သင်္ကန်းသစ်ရတတ်သော ရဟန်းရ၏။ နှစ်ပုဒ်ခြားလျက် သမာသ်ဖြစ်သည်။) ကပ္ပဗိန္ဒုထိုးခြင်းသည် ဒုဗ္ဗဏ္ဏကရဏ မည်၏၊ တထည်လုံး အဆင်းဖျက်ရသည်မဟုတ်။ သမန်းမြက်ဖျားဖြင့် သော်လည်း ဗိန္ဒုထိုးခြင်းသည် အာဒါတဗ္ဗံ မည်၏။ ကြေးညို၊ သစ်ရွက်စိမ်းအရည်သည် နီလ၊ ရေ၌ဖြစ်သော ညွန်သည် ကဒ္ဒမ၊ အမည်းဟူသမျှသည် ကာဠသာမ မည်၏။ဝတ်လောက် ရုံလောက်သော သင်္ကန်းကိုချလျှင် ဆိုးပြီးသောအခါ တခုခုသော နေရာ၌ ညို၊ ညွန်၊ မည်း တခုခုဖြင့် ဥဒေါင်းမျက်ဝန်းခန့်၊ ကြမ်းပိုး ကျောက်ကုန်းခန့် ဗိန္ဒုထိုး၍ ဝတ်ရုံသုံးဆောင်ရသည်။ ဗိန္ဒုမထိုးပဲ ဝတ်ရုံ သုံးဆောင်အံ့၊ ပါစိတ်။ (ဋီကာ၌ သင်္ကန်းဆိုးပြီးသောအခါ လေးထောင့်၌ လည်းကောင်း၊ သုံးထောင့်၊ နှစ်ထောင့်၊ တထောင့်၌ လည်းကောင်း၊ လုံးသော တခုသော ကပ္ပဗိန္ဒုကို ထိုးအပ်၏။ ပါဠိကပ္ပ နှစ်လုံး သုံးလုံး စီတန်းသော ဗိန္ဒုထိုးခြင်း၊ကဏ္ဏိကပ္ပ ပြွတ်ဆိုင်သော ဗိန္ဒုထိုးခြင်းစသည်ကို အဋ္ဌကထာ အားလုံးတို့၌ ပယ်သည်ဟုဆို၏။ အချို့သုံးလေးလုံး ထိုးသေ့ရှိကုန်၏။ သတိပြုဖွယ်တည်း။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရဟန်းများစွာ မိမိသင်္ကန်းကို မမှတ်မိခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ဗိန္ဒုထိုးပြီး၌ ဒွိကဒုက္ကဋ်။ ဗိန္ဒုထိုးပြီး၌ ထိုးပြီးဟု ထင်အံ့၊ထိုးပြီးသော ဗိန္ဒုပျက်အံ့၊ ထိုးသောနေရာ ဆွေးအံ့၊ ဗိန္ဒုထိုးပြီး သင်္ကန်းနှင့် မထိုးသေးသော သင်္ကန်း စပ်၍ ချုပ်အံ့၊ ပြင်ထပ်အဖာတင်အံ့၊ အလျား အနားပတ်တင်အံ့၊ အနံအနားပတ် တင်အံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

ဝတ်ရုံလောက်သောသင်္ကန်း၏ ဗိန္ဒုမထိုးခြင်း၊ သင်္ကန်းပျောက်သူ စသည် မဟုတ်ခြင်း၊ ဝတ်ခြင်း-ရုံခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန် စသည် ဌေကလောမနှင့် တူ၏။ ကြိယာ ကြိယသာ ထူး၏။ အချို့-သာမဏေ၏ သင်းပိုင်ကို ရေသနုပ်ပုံလို၍ ဗိန္ဒုထိုးကြသည်၊ မချွတ်ယွင်းသော အကျင့်ဖြစ်၏။ သတိသမ္ပဇည ရှိကုန်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရဟန်းတို့သည် ပရိဗိုဇ်တို့နှင့်အတူ သာကေတမှ သာဝတ္ထိသို့ လာကုန်၏။ခရီးအကြား၌ ခိုးသူတို့ လုကုန်၏။ မင်းချင်းယောကျ်ားတို့သည် ခိုးသူတို့ကို ဘဏ္ဍာနှင့်တကွ ဖမ်း၍ မိမိသင်္ကန်းလာယူကြပါဟု တမန်စေလိုက်၏။ ရဟန်းတို့ မမှတ်မိကုန်။ မိမိသင်္ကန်းကိုမျှ မမှတ်မိကြဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဗိန္ဒုထိုးရမည်ဟု ပညတ်သည်။

**၉-ဝိကပ္ပနာ။** ။ယော ပန ဘိက္ခု။ ဘိက္ခုဿ ဝါ၊ ရဟန်းအားလည်းကောင်း၊ ဘိက္ခုနိယာ ဝါ၊ ဘိက္ခုနီမအားလည်းကောင်း။ သိက္ခမာနာယ ဝါ။ သာမဏေရဿ ဝါ။ သာမဏေရိယာ ဝါ။ သာမံ၊ ကိုယ်တိုင်။ စီဝရံ၊ သင်္ကန်းကို။ ဝိကပ္ပေတွာ၊ ဝိကပ္ပနာ ပြု၍။ အပစ္စုဒ္ဓါရဏံ၊ ပစ္စုဒ္ဓိုရ်မပြုသော သင်္ကန်းကို။ ပရိဘုဉ္ဇေယျ။ တဿ။

**အဓိပ္ပာယ်။** ။မိမိမှ တပါးသော ဘိက္ခုသည် ဘိက္ခုမည်၏။ ဥဘတော ဘိက္ခုနီသည် ဘိက္ခုနီမည်၏။ တရားခြောက်ပါး နှစ်နှစ်ကျင့်ဆဲ သာမဏေမ သည် သိက္ခမာနာ မည်၏။ ဆယ်ပါးသီလရှိသူသည် သာမဏေရ၊ သာမဏေရီ မည်၏။ ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ-စသော ဝိနည်းကံဖြင့် ဆို၍ ပေးသော မျက်မှောက် ဝိကပ္ပနာ၊ မျက်ကွယ် ဝိကပ္ပနာနှစ်ပါးသည် ဝိကပ္ပနာ မည်၏။ ဤစကားဖြင့် ဝိကပ္ပနာလောက်သော သင်္ကန်း ငါးထည်လုံးသည် ဤ၌ စီဝရ မည်၏ဟု သိအပ်၏။ မယှံ သန္တကံ-စသော ဝိနည်းကံဖြင့် ပြန်မပေးအပ်သေးသော သင်္ကန်းသည် အပစ္စုဒ္ဓါရဏ မည်၏။ ဤသို့ ဝိကပ္ပနာနှစ်ပါး တပါးပါးဖြင့် သိတင်းသုံးဘော်ငါးယောက် တယောက်ယောက်အား အဝတ်သင်္ကန်းကို ဝိကပ္ပနာ ပြုပြီးလျှင် ပစ္စုဒ္ဓါရ် ပြန်မပေးသေးပဲ ယူ၍ ဝတ်ရုံသုံးဆောင်အံ့၊ ပါစိတ်။ ဝိနည်းကံပြုသူနှင့် အကျွမ်းဝင်၍ ယူသုံးလျှင်ကား အပြစ်မရှိ။

**ဗိကပ္ပနာ ပုတ်ပွယ်။** ။ဝိကပ္ပနာသည် သမ္မုခါ၊ ပရမ္မုခါ ဟု နှစ်မျိုးပြား၏။ သင်္ကန်းတို့၏နည်းများ၊ နီးဝေး-လျော်စွာ ဣမံ စီဝရံ၊ ဣမာနိ စီဝရာနိ။ ဧတံ စီဝရံ၊ ဧတာနိ စီဝရာနိ-ဟု ဆို၍ တုယှံ ဝိကပ္ပေမိ-ဟု ရဟန်းတပါးထံ ဆို၍ ပေးခြင်းသည် သမ္မုခါဝိကပ္ပနာ မည်၏။ ဤမျှ ပြုပြီးလျှင် သိမ်းခြင်ငှါ အပ်၏။ ဆယ်ရက်လွန် နိဿဂ္ဂိ မဖြစ်။ သုံးဆောင်ခြင်း၊ စွန့်ခြင်း၊ အဓိဋ္ဌာန်ဘင်ခြင်းငှာ မအပ်။ မယှံ သန္တကံ၊မယှံ သန္တကာနိ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ (ဝါ) ကရောဟိ-ဟု ဆိုအပ်သည်ရှိသော် ပစ္စုဒ္ဓိုရ်ပြုသည် မည်၏။ ထိုအခါမှစ၍ သုံးဆောင်ခြင်းစသည် အားလုံးအပ်သည်။

မျက်မှောက်တချိုးကား- မိမိနှစ်သက်ရာ သိတင်းသုံးဘော် ငါးယောက် တယောက်ယောက်၏ အမည်ကိုယူ၍ ရဟန်းတပါးထံ ဣမံ၊ ဣမာနိ၊ တေ၊ တောနိ စီဝရာနိ တိဿဿ ဘိက္ခုနော ဝိကပ္ပေမိ။တိဿာယ ဘိက္ခုနိယာ ဝိကပ္ပေမိ၊ တိဿာယ သိက္ခမာနာယ။ သာမဏေရဿ။သာမဏေရိယာ ဝိကပ္ပေမိ-ဟု ဆိုအပ်၏။ ဤမျှဖြင့် သိမ်းအပ်ပြီ။ သုံးခြင်း စွန့်ခြင်း အဓိဋ္ဌာန်တင်ခြင်းငှာ မအပ်သေး။ ထိုရဟန်းက တဖန် တိဿဿ ဘိက္ခုနော သန္တကံ။ လ။ တိဿာယ သာမဏေရိယာ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ (ဝါ) ကရောဟိ-ဟု ဆိုအပ်သည်ရှိသော် ပစ္စုဒ္ဓိုရ်ပြုသည် မည်၏။ သုံးခြင်းစသည် အားလုံးအပ်ပြီ။

ရဟန်းတပါးထံ ချဉ်းကပ်၍ ဣမံ။လ။ တောနိ စီဝရာနိ တုယှံ ဝိကပ္ပနတ္ထာယ ဒမ္မိ-ဟု ဆို၍ ပေးလိုက်သောအခါ အသင်၏မိတ်ဆွေ အဘယ်သူနည်း-ဟု ပြန်မေးရသည်။ တိဿရဟန်းစသည်သည် မိတ်ဆွေပါတည်းဟု ဖြေလတ်သော် အဟံ တိဿဿ ဘိက္ခုနော ဒမ္မိ။ တိဿာယ သာမဏေရိယာ ဒမ္မိ ဟု ဆိုအပ်၏။ ဤကား မျက်ကွယ် ပရမ္မုခါ ဝိကပ္ပနာ မည်၏။ ဤမျှဖြင့် သိမ်းနိုင်ပြီ။ မသုံးနိုင်သေး။ တဖန် ထိုရဟန်းကပင် တိဿဿ ဘိက္ခုနော သန္တကံ တိဿာယ သာမဏေရိယာ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိဿဇ္ဇေဟိ ဝါ ယထာပစ္စယံ(ဝါ)ကရောဟိ ဟု ဆိုအပ်သည်ရှိသော် ပစ္စုဒ္ဓိုရ်ပြုသည်မည်၏။ သုံးခြင်းစသည် အားလုံးအပ်ပြီ။

မျက်မှောက်တနည်း၊ မျက်ကွယ်နှစ်နည်း၊ ဤသုံးနည်းလုံး ရဟန်းထံ၌သာ ပြုရသည်။ ဒုတိယမျက်မှောက်ကား ရဟန်းမျက်မှောက်၌ မျက်ကွယ်အမည် ယူ၍ ပြုသည်။ နောက်ဆုံးမျက်ကွယ်ကား မိမိပစ္စည်းကို သူတပါးကို ဝိကပ္ပနာ ပြုခိုင်းခြင်းဖြစ်သည်။ သပိတ် ဝိကပ္ပနာလည်း ဤအတူတည်း။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်ဥပနန္ဒ ပစ္စုဒ္ဓိုရ်မပြန်သော သင်္ကန်းကို သုံးဆောင်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။တိကပါစိတ်၊ ပစ္စုဒ္ဓိုရ်ပြန်သော သင်္ကန်း၌ ဒွိကဒုက္ကဋ်။ ပစ္စုဒ္ဓိုရ်မပြန်သော သင်္ကန်းကို အဓိဋ္ဌာန်တင်အံ့၊ စွန့်အံ့၊ ဒုက္ကဋ်။ ပစ္စုဒ္ဓိုရ်ပြန်ပြီး၌၊ပြန်ပြီးဟု ထင်အံ့။ ထိုရဟန်းသည် ပေးအံ့၊ ထိုရဟန်းနှင့် အကျွမ်းဝင်၍ သုံးအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

ကိုယ်တိုင် ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရိုမပြန်သေးခြင်း၊ ဝိကပ္ပနာလောက်သော သက်န်းဖြစ်ခြင်း၊ သုံးဆောင်ခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ပဌမကထိနနှင့် တူ၏။ကြိယာကြိယ သာ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥပနန္ဒသည် နောင်တော်၏တပည့်ရဟန်းထံ သင်္ကန်းကို ကိုယ်တိုင် ဝိကပ္ပနာပြု၍ ပစ္စုဒ္ဓိရို မပြန်အပ်ပဲ ယူ၍ သုံးဆောင်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏၊ ထိုကြောင့် ပညတ်သည်။

၁၀-အပနိဓာန။ ။ယော ပန ဘိက္ခု။ဘိက္ခုဿ၊ ၏။ပတ္တံ ဝါ၊ သပိတ်ကိုလည်းကောင်း။စီဝရံ ဝါ။ နိသီဒနံ ဝါ။ သူစိဃရံ ဝါ။ အပ်ကျည်ကိုလည်းကောင်း။ ကာယဗန္ဓနံ ဝါ၊ ခါးပန်းကိုလည်းကောင်း။ အပနိဓေယျ ဝါ၊ ကိုယ်တိုင်လည်း ဝှက်ငြားအံ့။ အပနိဓာပေယျ ဝါ၊ စေငြားအံ့။ အန္တမသော။ ဟသာပေက္ခောပိ၊ ရယ်မြူးလို၍ သော်လည်း။ အပနိဓေယျ ဝါ။ အပနိဓာပေယျ ဝါ။ တဿ။

အဝိပ္ပာယ်။ ။အဓိဋ္ဌာန်လောက်သော သံသပိတ်မြေသပိတ်သည် ပတ္တမည်၏။ ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းသည် စီဝရ။ အဆာနှင့်တကွသည် နိသီဒန။ အပ်ရှိ၊ မရှိ-အပ်ဘူးသည် သူစိဃရ။ မန္တိကာ ခါးပန်းပြား၊ သူကရန္တ ဝက်အူချောင်းသဏ္ဌာန် ခါးပန်း ဤနှစ်ခုသည် ကာယဗန္ဓန မည်၏။ (ဝက်အူချောင်းသည် သံဂျောက်အိတ်ကဲ့သို့ အတွင်း၌ အခေါင်းရှိသည်။) ဤပါဠိတော်၌လာသော ပတ္တစသည်ကို ရယ်မြူးလို၍သော်လည်း ကိုယ်တိုင်ဝှက်အံ့၊ ပါစိတ်။ သူတပါးကို စေခိုင်းအံ့၊ ဒုက္ကဋ်။ ဝှက်ပြီးလျှင် ခိုင်းသူ ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ဝှက်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ သာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္န၏ ပတ္တစသည်ကို ဝှက်အံ့၊ တိကဒုက္ကဋ်။ ပါဠိတော်လာမှ တပါးသော ပရိက္ခရာကို ဝှက်အံ့၊ ဥပသမ္ပန္န၊ အနုပသမ္ပန္န၏ ပစ္စည်းအားလုံးပင် ဒုက္ကဋ်။ အထားမကောင်းသည်ကိုမြင်၍ သိမ်းအံ့၊ တရားဟောပြီးမှ ပေးမည်ဟု သိမ်းအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်း၏ သပိတ် စသည်ကိုဝှက်ခြင်း၊ ဝှက်စေခြင်း၊ ညှဉ်းဆဲလို-မြူးထူးလိုခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ၊သတ္တရသဝဂ္ဂီတို့သည် ပရိက္ခာရကို ကောင်းစွာ မသိမ်းဆည်းကြကုန်။ ဆဗ္ဗဂ္ဂီတို့သည် သတ္တရသဝဂ္ဂီတို့၏ သပိတ်သင်္ကန်းတို့ကို ဝှက်ကုန်၏။ ပေးပါဟု တောင်းသောအခါ ရယ်ကုန်၏။ သတ္တရသဝဂ္ဂီတို့ ငိုကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

သုရာပါနဝဂ္ဂေါ ဆဋ္ဌော။

---

**၁-သဉ္စိစ္စပါဏ။** ။ယော ပန ဘိက္ခု။ သဉ္စိစ္စ၊ သညာစေတနာနှင့်တကွ အားထုတ်၍။ (သတ္တဝါ သညာနှင့်တကွ ဝဓကစေတနာဖြင့် တမင်အားထုတ်၍ ဟူလို။) ပါဏံ၊ တိရစ္ဆာန်သတ္တဝါကို။ ဇီဝိတာ။ ဝေါရောပေယျ။ တဿ။

**အဓိပ္ပာယ်။** ။တိရစ္ဆာန် သတ္တဝါသည် ပါဏမည်၏။ငယ်သော်လည်းကောင်း၊ ကြီးသော်လည်းကောင်း သတ်အံ့၊ ပါစိတ်သာတည်း။ ကြမ်းပိုးဥကို သနားခြင်းမရှိပဲ ခဲ့လျှင်လည်း ပါစိတ်။ ကြီးသော တိရစ္ဆာန်၌ အားထုတ်ခြင်း များသောကြောင့် အကုသိုလ်များ၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်ဥဒါယီ ကျီးသတ်ခြင်းကြောင့် ပညတ်၏။ သာခရဏ၊ သာဏတ္တိက။ ပါဏ၌ ဝေမတိကဖြစ်အံ့၊ ဒုက္ကဋ်။ အပါဏ၌ ဒွိက ဒုက္ကဋ်။ အပါဏသညီ ဖြစ်အံ့၊ စေတနာမရှိအံ့၊ သတိမရှိအံ့၊ မသိအံ့၊ သေစေခြင်းငှာ အလိုမရှိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ အကြွင်း တတိယပါရာဇိကနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥဒါယီသည် လူဖြစ်စဉ် လေးဆရာဖြစ်ဘူး၏။ ကျီးတို့ကိုမုန်း၍ ပစ်၍ ပစ်၍ ဦးခေါင်းဖြတ်၍ တစို့၌ သီထား၏။ အဘယ်သူ ကျီးသတ်သနည်းဟု ရဟန်းတို့ မေးလတ်သော် ငါမုန်း၍ သတ်သည်ဟု ဆို၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၂-သပ္ပါဏက။** ။ယော ပန ဘိက္ခု။ ဇာနံ (ပိုးသေလိမ့်မည်ဟု) သိလျက်။ သပ္ပါဏကံ၊ ပိုးရှိသော။ ဥဒကံ။ ပရိဘုဉ္ဇေယျ။ တဿ။

အဓိပ္ပာယ်။ ။သုံးဆောင်ခြင်းဖြင့် သေနိုင်သော ပိုးရှိသောရေသည် သပ္ပါဏကမည်၏။ ထိုသို့သတော ရှိသောရေကို သိလျက် သုံးဆောင်အံ့၊ ပယောဂတိုင်း ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ပိုးရှိသောရေကိုသုံး ဆောင်ခြင်းကြောင့် ပညတ်၏။ အကြွင်း ရေသွန်းလောင်းသော သိက္ခာပုဒ်နှင့်တူ၏။ ပိုးရှိသော ရေဟုသိသော်လည်း ဝဓက စေတနာကင်းလျက် ဥဒက သညာဖြင့် သုံးဆောင်သောကြောင့် ပဏ္ဏတ္တိဝဇ္ဇ။ ပိုးနှံ့ကောင်တို့ ကျ ဒွင်းကိုသိလျှက် ဘုရားမိး ပူဇော်ရာ၌ ပါစိတ်ကဲ့သို့တည်း။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် သိလျက် ပိုးရှိသောရေကို သုံးဆောင်ကုန်၏။ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့်ပညတ်သည်။

၃-ဥက္ကောဋန။ ။ယော ပန ဘိက္ခု။ ဇနံ၊ သိလျက်။ယထာဓမ္မံ၊ သမထ ဘရားအား လျော်စွာ။ နိဟတာဓိကရဏံ၊ ငြိမ်းလေပြီးသော အဓိကရဏ်းကို။ ပုန ကမ္မာယ၊ တဖန် ကံဖြစ်စေခြင်းငှါ။ ဥက္ကောဋေယျ၊ လှုပ်ချောက်ချားငြားအံ့။ တဿ။

အဓိပ္ပာယ်။ ။ဓမ္မဝိနယ သတ္ထု သာသနသည်၊ ဝါ၊ အဓိကရဏ်း လေးပါး ငြိမ်းကြောင်း သမထ ခုနစ်ပါးသည် ယထာဓမ္မ မည်၏။ သမထက္ခန္ဓက၌ ဟောသော သမထဖြင့် ငြိမ်းစေအပ်ပြီးသော အဓိကရဏ်းသည် နိဟတာဓိကရဏ မည်၏။ ထိုထိုရဟန်းတို့ထံသွား၍ မကောင်းသဖြင့် ပြုအပ်သောကံဖြစ်သည် စသည်ဖြင့် ပြောခြင်းသည် ဥက္ကောဋေယျ မည်၏။ တရားအတိုင်း ငြိမ်းပြီးသော အဓိကရဏ်းကို တဖန် ကံပြုခြင်းငှာ လှုပ်ချောက်ချားအံ့၊ ပါစိတ်။ တရားအတိုင်း ငြိမ်းပြီးသော အဓိကရဏ်းကား ကောင်းသောငြိမ်းပြီးခြင်းသာတည်း။ ကံပြု၍မပြီးမီ တားမြစ်သည်ဖြစ်အံ့၊ တားမြစ်သော ရဟန်းကိုသိအောင်ပြော၍ ပြုရသည်။ မပြောပဲပြုလျှင် ကံလည်းပျက်၏။ ကံပြုသော ကာရကသံဃာလည်း အာပတ်သင့်၏။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ လှုပ်ချောက်ချားခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ဓမ္မကံ၌ ဓမ္မကံဟု ဝေမတိကဖြစ်အံ့၊ ဒုက္ကဋ်။ အဓမ္မကံ၌ ဒွိကဒုက္ကဋ်။ အဓမ္မကံဟု အမှတ်ရှိအံ့၊ အဓမ္မဖြင့် ပြုသည်၊

ဝဂ္ဂဖြင့် ပြုသည်၊ ကံမထိုက်သူအား ပြုသည်ဟု သိအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

တရားနှင့်အညီ ငြိမ်းခြင်း၊ သိခြင်း၊ လုပ်ချောက်ချားခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနသာ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် သိလျက် တရားအဘိုင်း ငြိမ်းပြီးသော အဓိကရုဏ်းကို "အကတံ ကမ္မံ၊ ဒုက္ကဋံ ကမ္မံ၊ ပုန ကာတဗ္ဗံ ကမ္မံ၊ အနိဟတံ၊ ဒုန္နိဟတံ ပုန နိဟနိတဗ္ဗံ" ဟု ဆို၍ တဖန် ကံဖြစ်စေခြင်းငှာ လှုပ်ချောက်ချားကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ယင်းကြောင့် ပညတ်သည်။

၄-ဒုဋ္ဌုလ္လ။ ။ယော ပန ဘိက္ခု။ ဇာနံ။ ဘိက္ခုဿ၊ ၏။ ဒုဋ္ဌုလ္လံ။ အာပတ္တိံ၊ သံဃာဒိသိသ် အာပတ်ကို။ ပဋိစ္ဆာဒေယျ၊ ဖုံးလွှမ်းငြားအံ့၊ တဿ။

**အဓိပ္ပာယ်။** ။ဒုဋ္ဌုလ္လအာပတ် နှစ်ခုရှိသော်လည်း ဤ၌ သံဃာဒိသိသ်သာ ဒုဋ္ဌုလ္လမည်၏။ ရဟန်းတပါး၏ သံဃာဒိသိသ် အာပတ်ကို အကြောင်းတခုခုဖြင့် သိလျက် သူတပါးသိလျှင် စောဒနာလတ္တံ့ဟု နှလုံးထား၍ တပါးသော ရဟန်းအား မပြောကြားပါအံ့ဟု **ဝန်ချ**ခြင်းသည် ပဋိစ္ဆာဒေယျ မည်၏။ ဤသို့ ဖုံးလွှမ်းအံ့။ ဝန်ချကာမျှ၌ ပါစိတ်။ ဝန်ချပြီးမှ ပြောအံ့၊ ပါစိတ်သို့ ရောက်ပြီးမှ ပြောခြင်းဖြစ်၏။

**အဆက်ဆက် ပါစိတ်။** ။ဤနည်းဖြင့် ဝန်ချ၍ ဖုံးလွှမ်းခြင်းငှာ တပါးသော ရဟန်းအား ပြောအံ့၊ ဝန်ခံလျှင် ထိုရဟန်းအားလည်း ပါစိတ်။ ဝန်ခံပြီးမှ ရဟန်းတပါးအား ပြောပြန်အံ့၊ ဝန်ခံလျှင် ထိုရဟန်းအားလည်း ပါစိတ်။ ဤနည်းဖြင့် ရဟန်းတရာအားသော်လည်း အဆက်မပြတ်ပချင်း ပါစိတ် အဆက်ဆက်ဖြစ်ကုန်၏။ အဆက်ပြတ်ပုံကား အာပတ်သင့်သော ပဌမရဟန်းသည် ဒုတိယရဟန်းအား ပြော၏။ ဒုတိယသည် တတိယအား ပြော၏။ တတိယသည် ဒုတိယအား ပြန်ပြော၏။ ဤသို့ မိမိအား ပြောသူကို ပြန်ပြောလျှင် အဆက်ပြတ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရဟန်းတပါး ဒုဋ္ဌုလ္လအာပတ်ကို ဖုံးလွှမ်းခြင်းကြောင့် ပညတ်၏။အသာဓာရဏ၊အနာဏတ္တိက။ ဒုဋ္ဌုလ္လ၌

ဒုဋ္ဌုလ္လသညီ ဖြစ်အံ့၊ ပါစိတ်။ အဒုဋ္ဌုလ္လသညီ၊ ဝေမတိကဖြစ်အံ့၊ ဒုက္ကဋ်။ အဒုဋ္ဌုလ္လ၌ တိကဒုက္ကဋ်။ အနုပသမ္ပန္န၏ ဒုဋ္ဌုလ္လ၊ အဒုဋ္ဌုလ္လဖြစ်သော အဇ္ဈာစာရ၌ ဒုက္ကဋ်သာတည်း။ သံဃာအား ငြင်းခုံခြင်းစသည်ဖြစ်လတ္တံ့ဟု မပြောကြားအံ့၊ ဤရဟန်းသည် ကြမ်း၏၊ အသက်အန္တရာယ် သာသနာ့အန္တရာယ်ပြုလတ္တံ့ဟု မပြောကြားအံ့၊ သင့်လျော်သောရဟန်းကို မမြင်အံ့၊ မဖုံးလွှမ်းလိုသည်ဖြစ်အံ့၊ မိမိအမှုဖြင့် ထင်ရှားလတ္တံ့ဟု မပြောကြားအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို သိခြင်း၊ ဖုံးလွှမ်းလို၍ မပြောအံ့ဟု ဝန်ချခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥပနန္ဒသည် သံဃာဒိသိသ်သို့ ရောက်၍ နောင်တော်၏တပည့်အား ငါသံဃာဒိသိသ်သို့ ရောက်သည်၊ တစုံတယောက်အား မပြောနှင့်ဟု ဆို၏။ အခါတပါး ရဟန်းတပါးသည် သံဃာဒိသိသ်သို့ ရောက်၍ ပရိဝါသ်ကျင့်သုံး၏။ ငါ့ရှင်၊ ဤအာပတ်သို့ ရောက်သော ရဟန်းတိုင်း ဤသို့ ကျင့်ရသလောဟု မေး၏။ ကျင့်ရသည်ဟု ဆိုလတ်သော် ဤရှင်ဥပနန္ဒသည် ဤအာပတ်သို့ရောက်၍ တစုံတယောက်အား မပြောနှင့်ဟူ၍ ငါ့အားဆိုသည်ဟု ပြော၏။ သင်ဖုံးလွှမ်းသလော၊ ဖုံးလွှမ်းပါသည်။ ရဟန်း၏ ဒုဋ္ဌုလ္လအာပတ်ကို အဘယ့်ကြောင့် ဖုံးလွှမ်းရသနည်းဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၅-ဦနဝီသတိဝဿ**။ ။ယော ပန ဘိက္ခု။ ဇာနံ။ ဦနဝီသတိဝဿံ၊ အသက်နှစ်ဆယ်မပြည့်သော။ ပုဂ္ဂလံ၊ ပုဂ္ဂိုလ်ကို။ ဥပသမ္ပာဒေယျ၊ ပဉ္စင်းပြုပေးငြားအံ့။ သော စ ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်လည်း။ အနုပသမ္ပန္နော၊ ပဉ္စင်းမဖြစ်။ တေ စ ဘိက္ခူ၊ ထိုကာရကရဟန်းတို့သည်လည်း။ ဂါရယှာ၊ ကဲ့ရဲ့အပ်သူတို့ ဖြစ်ကုန်၏။ (ဝါ၊ ဒုက္ကဋ် သင့်ကုန်၏။) တသ္မိံ၊ ထိုဥပဇ္ဈာယ်ဆရာ၌။ ဣဒံ ပါစိတ္တိယံ၊ ဤပါစိတ်အာပတ်သည်။ ဟောတိ။

အဓိပ္ပာယ်။ ။ပဋိသန္ဓေနေသည်မှစ၍ နှစ်ပေါင်း ၂၀- မပြည့်သောသူသည် ဦနဝီသတိဝဿ မည်၏။ (လ-၂၄၀၊ ရက်-၇၂၀၀ မပြည့်သူဟူလို။) ဥပဇ္ဈာယ်ဆရာအဖြစ်ဖြင့် ပဉ္စင်းပြုပေးသော ဆရာသည် ဥသမ္ပာဒေယျ မည်၏။ သိသော် လည်းကောင်း၊ မသိသော်လည်းကောင်း ပဉ္စင်းပြုပေးလျှင်

အသက်မပြည့်သူကား ပဉ္စင်း မဖြစ်။ ဥပဇ္ဈာယ်မှ ကြွင်းသော ရဟန်းတို့သည် ဂါရယှတို့မည်ကုန်၏။ဒုက္ကဋ်သင့်ကုန်၏။ဥပဇ္ဈာယ်၌သာ ဤပါစိတ်ကို သိအပ်၏။ ထို့ကြောင့် ပဉ္စင်းပြုပေးမည်ဟု ကာရကသံဃာ၊ကမ္မဝါစာဆရာ၊သပိတ်၊သင်္ကန်းကို ရှာအံ့၊သိမ်သမုတ်အံ့၊ရေတကျ ပိုင်းခြားအံ့၊ ဒုက္ကဋ်။ ဉတ်တကြိမ်၊ ကမ္မဝါစာ နှစ်ကြိမ်၌လည်း ဒုက္ကဋ်။ ကမ္မဝါစာအဆုံး၌ ပါစိတ်။

**မှတ်ဖွယ်အထူး။** ။အသက်မပြည့်၍ ရဟန်းမဖြစ်သော်လည်း ဆယ်ဝါ ရပြီးသောအခါ သူတပါးကို ပဉ္စင်းပြုပေးအံ့။ ထိုသူ လွတ်၍ ဂိုဏ်းပြည့်လျှင် ရဟန်းကောင်းပင် ဖြစ်၏။ ထိုသူအား မသိသေးမီ သဂ္ဂန္တရာယ် မဂ္ဂန္တရာယ် မဖြစ်။ သိသော် တဖန် ပဉ္စင်းပြုအပ်၏။ (ဋီကာတို့၌ သူတပါးကို ပဉ္စင်းပြုပေးခြင်းသည် ဥပဇ္ဈာယ်အဖြစ်ဖြင့် လည်းကောင်း၊ ကမ္မဝါ ဆရာအဖြစ်ဖြင့်လည်းကောင်း ပြုပေးခြင်း ဖြစ်သည်ဟု ဆို၏။) ထို့ကြောင့် ရဟန်းမဖြစ်သူ ကမ္မဝါစာ ဖတ်ရာ၌ ကံမပျက်ကြောင်း ဤနေရာတခု၌ ထင်ရှား၏။ အချို့ ဝိကပ်အနက် ဝါသဒ္ဒါ အထူး ကြံခြင်းဖြင့် ကမ္မဝါစာဆရာ ပြုလျှင် ဥပဇ္ဈာယ် မပြုရ။ ဥပဇ္ဈာယ်ပြုလျှင် ကမ္မဝါစာဆရာ မပြုရဟု ဆိုကုန်သေး၏။ မဟာခန္ဓက ဋီကာကြီးတို့၌ ကိုယ်တိုင် ကမ္မဝါစာဖတ်လျှင် ဥပဇ္ဈာယ်သည် ကမ္မဝါစာဆရာလည်း ဖြစ်သည်ဟု ဆိုလျက် ရှိသည်။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ရဟန်းများစွာ အသက် ၂၀ မပြည့်သူကို ပဉ္စင်းပြုပေးခြင်းကြောင့် ပညတ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ အသက် ၂၀ မပြည့်သူ၌ ဝေမတိကဖြစ်အံ့၊ ဒုက္ကဋ်။ ပြည့်သူ၌ ဒွိက ဒုက္ကဋ်။ ပြည့်၊ မပြည့် နှစ်ယောက်လုံး၌ ပြည့်သည်ဟု ထင်အံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

အသက်-၂၀ မပြည့်ခြင်း၊ မပြည့်ဟု အမှတ်ရှိခြင်း၊ ဥပဇ္ဈာယ်အဖြစ်ဖြင့် ပဉ္စင်းပြုပေးခြင်း။ဤကား အင်္ဂါသုံးပါးတည်း။သမုဋ္ဌာန်စသည် အဒိန္နာဒါန်နှင့် တူ၏၊ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ ကိဝေဒနာသာ ထူး၏။

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ သတ္တရသဝဂ္ဂီ ၁၇-ယောက် အသင်း၌ ဥပါလိ သူငယ်သည် အကြီး ဥက္ကဋ္ဌဖြစ်၏။ ဥပါလိ၏ မိဘများ တိုင်ပင်ကြသည်မှာ ငါတို့မရှိလျှင် ငါတို့သား ချမ်းသာအောင် စာရေးအတတ် သင်စေရမူ လက်ချောင်းကလေးများ နာကျင်ရှာလိမ့်မည်။ ဂဏန်းအတတ်

သင်းစေရလျှင် ရင်နာလိမ့်မည်။ ပန်းထိမ် သင်စေရလျှင် မျက်စိဒုက္ခ ဖြစ်လိမ့်မည်။ ရဟန်းပြုစေရလျှင်ကား ချမ်းသာခြင်းသာ ဖြစ်လိမ့်မည်ဟု တိုင်ပင်သည်ကို ဥပါလိ သတို့သားကြား၍ အသင်းသား သူငယ်တို့အား ငါ ရဟန်းပြုတော့မည်ဟု ဆို၏။ အဖေ်တို့လည်း စိတ်တူဖြစ်၍ မိဘတို့ထံ ခွင့်ပန်၍ အားလုံးအတူ ရဟန်းပြုကုန်၏၊ ထိုရဟန်းသူငယ်တို့သည် နံနက်စောစော ထ၍ ငိုကြ၏။ ထမင်းပေး၊ ယာဂုပေးဟု ဘောင်းကုန်၏။ အိပ်ရာ၌ ကျင်ကြီးကျင်ငယ် စွန့်ကုန်၏။ ဘုရားရှင်သည် ငိုသံကြား၍ မေးမြန်းပြီးလျှင် အသက်-၂၀ မပြည့်သူသည် အအေးအပူ၊ အပြောအဆို အနာရောဂါ စသည်တို့၌ သည်းမခံနိုင်သေး။ ၂၀-ပြည့်မှ သည်းခံနိုင်သည်ဟု မိန့်၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူ၏။

၆-ထေယျသတ္တ။ ။ယော ပန ဘိက္ခု။ ဇာနံ။ ထေယျသတ္တေန၊ ခိုးသူကုန်သည်နှင့်။ သဒ္ဓိံ၊ တကွ။သံဝိဓာယ၊ (သွားချိန်) တိုင်ပင်၍။ ဧကဒ္ဓါနမဂ္ဂံ' တကြောင်းတည်း အခွန့်ရှည်သော ခရီးသို့။ ပဋိပဇ္ဇေယျ။ အန္တမသော။ ဂါမန္တရမ္ပိ။ ပဋိပဇ္ဇေယျ။ တဿ။

**အစိပ္ပာယ်**။ ။မင်းဘဏ္ဍာကို ယူ၍လည်းကောင်း၊ ကင်းခွန်ကို ရှောင်လွှဲ၍လည်းကောင်း ခိုးမှုပြုပြီး၊ ပြုလတ္တံ့သော ခရီးသည်သည် ထေယျသတ္တမည်၏။ ခိုးသူကုန်သည်၌ ခိုးသူကုန်သည်ဟု ထင်သျက် သိသျက် အတူတိုင်ပင်၍ သွားအံ့၊ ဒုါရ၊ မဂ္ဂချွတ်သော်လည်း ကာလဒိဝသ မချွတ်လျှင် ဩဝါဒဝဂ်၌ ဆိုသောနည်းဖြင့် အာပတ်ကို သိအပ်၏။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ရဟန်းတပါး ခိုးသူကုန်သည်နှင့် တိုင်ပင်၍ ခရီးရှည်အတူ သွားခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊အနာဏတ္တိက။ ခိုးသူကုန်သည်၌ ဝေမတိက ဖြစ်အံ့၊ ရဟန်းကသာ တိုင်ပင်၍ လူတို့ မတိုင်ပင်ကုန်အံ့၊ ဒုက္ကဋ်။ အထေယျသတ္တ၌ ဒွိကဒုက္ကဋ်။ ခိုးသူမဟုတ်ဟု ထင်အံ့၊ လူတို့ တိုင်ပင်သော်လည်း ရဟန်းသည် မတိုင်ပင်အံ့၊ အချိန်ကာလ ချွတ်စေ၍ သွားအံ့၊ ဘေးရန်ရှိအံ့။ ဥမ္မတ္တက စသည်ဖြစ်အံ့။ အနာပတ္တိ။

ခိုးသူကုန်သည်ဖြစ်ခြင်း၊ သိခြင်း၊ တိုင်ပင်ခြင်း၊ အချိန်မချွတ်စေပဲ သွားခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ ထေယျသတ္တသမုဋ္ဌာန်။ (စ၊ ဆ· ထေယျာ။၇။) ကြိယ၊သညာဝိမောက္ခ၊ သစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံ၊ ဝစီကံ၊ တိစိတ္တ၊ တိဝေဒန ဖြစ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ကုန်သည်တဦးသည် ရာဇဂြိုဟ်မှ အနောက်သို့ သွားလို၏။ ရဟန်းတပါးသည် သင်တို့နှင့်အတူ ငါလိုက်မည်ဟု ဆို၏။ အကျွန်ုပ်တို့သည် ကင်းခွန်မပေးရအောင် ရှောင်လွှဲမည်ဟု ဆိုလတ်သော် သင်တို့အမှု သင်တို့သိကြလောဟု ဆို၏။ မင်းချင်းယောကျ်ားတို့သည် သတင်းကြား၍ လမ်း၌စောင့်၍ ဖမ်းပြီးလျှင် ထိုရဟန်းကို သိလျက် ခိုးသူ ကုန်သည်နှင့် အတူသွားသည်ဟု နှောင့်ယှက်၍ လွှတ်လိုက်၏။ ထိုရဟန်းသည် သာဝတ္ထိသို့ ရောက်သောအခါ ရဟန်းတို့အား ပြောပြ၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၇-သံဝိဓာန**။ ။ယော ပန ဘိက္ခု။ မာတုဂါမေန။ သဒ္ဓိံ။ သံဝိဓာယ။ ဧကဒ္ဓါနမဂ္ဂံ။ ပဋိပဇ္ဇေယျ။ အန္တမသော။ ဂါမန္တရမ္ပိ။ ပဋိပဇ္ဇေယျ။ ပါစိတ္တိယံ။

**အဓိပ္ပာယ်**။ ။သိကြားလိမ္မာသော လူမိန်းမနှင့် သွားချိန် တိုင်ပင်၍ ခရီးရှည် အတူသွားအံ့၊ ရွာကြားတိုင်း ပါစိတ်။ ရွာမရှိလျှင် ယူဇနာခွဲတိုင်း ပါစိတ်။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ရဟန်းတပါး မာတုဂါမနှင့်တကွ ခရီးရှည် အတူ သွားခြင်းကြောင့် ပညတ်၏။ အကြွင်းသည် ဘိက္ခုနီနှင့် တိုင်ပင်၍ သွားသော သိက္ခာပုဒ်နှင့် တူ၏။ ဧကတော ဘိက္ခုနီ သိက္ခမာန်၊ သာမဏေရီ၊ ဤသုံးယောက်နှင့် တိုင်ပင်၍ သွားလျှင် ဤသိက္ခာပုဒ်ဖြင့် ပါစိတ်။ ဤသုံးယောက်အား သမယရှိသည်။ မာတုဂါမအား သမယမရှိ၊ ဤမျှထူး၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ရဟန်းတပါးသည် သာဝတ္ထိသို့ သွား၏။ မိန်းမတယောက်သည် ယောကျ်ားနှင့် ရန်ဖြစ်၍ ရွာမှ ထွက်လာ၏။ ထိုရဟန်းကို မြင်လတ်သော် သာဝတ္ထိသို့ အတူ သွားကုန်အံ့ဟု တိုင်ပင်၏။ ရဟန်းကလည်း လိုက်ခဲ့လော့ဟု ဆို၏။ ထိုမိန်းမ၏ ယောကျ်ားသည် ရွာမှ ထွက်၍ လူတို့ကို မေးလတ်သော် ရဟန်းတပါးနှင့် လိုက်သွားသည်ဟု သိ၍ ထိုရဟန်းကို လိုက်ဖမ်း၍ ရိုက်နှက်၍ လွှတ်လိုက်၏။ ရဟန်းသည် သစ်တပင် ရင်း၌ ကြံမှိုင်ညည်းတွားကာ ထိုင်နေ၏။ မိန်းမသည် ယောကျ်ားကို ဤသို့ ဆို၏။ အမောင်၊ ဤရဟန်းသည် ငါ့ကို ခေါ်ဆောင်သွားသည်မဟုတ်။ ငါက

သာလျှင် ထိုရဟန်းနှင့် အတူလိုက်သည်။ ရဟန်းသည် အပြစ်မရှိ။ သွား၍ ကန်တော့ချေဟု ဆိုသဖြင့် ထိုယောကျ်ား သွား၍ ကန်တော့၏။ ရဟန်းသည် သာဝတ္ထိသို့ ရောက်သောအခါ ရဟန်းတို့အား ပြောပြ၏။ မာတုဂါမနှင့်အတူ တိုင်ပင်၍ ခရီးရှည် သွားရသလောဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

ဂ-အရိဋ္ဌ။ ။ယော ပန ဘိက္ခု။ ဧဝံ။ ဝဒေယျ၊ ဆိုငြားအံ့။ "ယထာ၊ အကြင်သို့သော အပြားအားဖြင့်။ ယေ ဣမေ အန္တရာယိကာ ဓမ္မာ၊ အကြင် အန္တရာယ်ပြုတတ်သော (မေထုန ပဋိသေဝန) တရားတို့ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောအပ်ကုန်၏။ တေ၊ ထိုတရားတို့သည်။ ပဋိသေဝတော၊ မှီဝဲသော ရဟန်းအား။ အန္တရာယာယ၊ အန္တရာယ်ပြုခြင်းငှာ။ နာလံ၊ မစွမ်းနိုင်ကုန်။ တထာ၊ ထိုသို့သော အပြားအားဖြင့်။ ဘဂဝတာ၊ သည်။ဒေသိတံ၊ ဟောတော်မူအပ်သော။ ဓမ္မံ၊ တရားကို။ အဟံ၊ ငါသည်။ အာဇာနာမိ၊ သိ၏။" ဣတိ ဧဝံ။ ဝဒေယျ။ သော ဘိက္ခု၊ ကို။ ဘိက္ခူဟိ။ ဧဝံ။ ဝစနီယော။ အဿ ဟောတိ။ "အာယသ္မာ။ ဧဝံ။ မာ အဝစ။ ဘဂဝန္တံ၊ ကို။ မာ အဗ္ဘာစိက္ခိ၊ မစွပ်စွဲသင့်။ ဘဂဝတော၊ အား။ အဗ္ဘာစိက္ခနံ၊ စွပ်စွဲခြင်းသည်။ န ဟိ သာဓု၊ မကောင်းသည်သာတည်း။ ဘဂဝါ၊ သည်။ ဧဝံ၊ ဤသို့။ န ဟိ ဝဒေယျ၊ ဟောတော်မမူသည်သာတည်း။ အာဝုသော၊ ငါ့ရှင်။ အနေကပရိယာယေန၊ များ စွာ သော အကြောင်းဖြင့်။ အန္တရာယိကာ ဓမ္မာ၊ အန္တရာယ်ပြုတတ်သော (မေထုန ပဋိသေဝန) တရားတို့ကို။ အန္တရာယိကာ၊ အန္တရာယ်ပြုတတ်ကုန်၏ဟူ၍။ ဘဂဝတာ။ ဝုတ္တာ။ တေ၊ ထိုတရားတို့သည်။ ပဋိသေဝတော၊ အန္တရာယာယ။ အလဥ္စပန၊ စွမ်းနိုင်ကုန်သည်သာတည်း။" ဣတိ ဧဝံ။ ဝစနီယော။ အဿ ဟောတိ။ ဧဝဉ္စ ပန၊ ဤသို့လျှင်။ သော ဘိက္ခု။ ဘိက္ခူဟိ။ ဝုစ္စမာနော၊ ဆိုအပ်သည်ဖြစ်လျက်။ တထေဝ။ ပဂ္ဂဏှေယျ။ သော ဘိက္ခု။ ဘိက္ခူဟိ။ တဿ၊ ထို ယုတ်မာသော အယူဝါဒကို။ ပဋိနိဿဂ္ဂါယ။ ယာဝတတိယံ။ သမနုဘာသိတဗ္ဗော။ ယာဝတတိယံ။ သမနုဘာသိယမာနော။ တံ၊ ထိုအယူကို။ စေ ပဋိနိဿဇ္ဇေယျ။ ဣစ္စေတံ၊ ကုသလံ။ နော စေ ပဋိနိဿဇ္ဇေယျ။ တဿ ဘိက္ခုနော။ ပါစိတ္တိယံ။ ဟောတိ။

**အစိပ္ပာယ်။** ။နတ်ရွာ၊ နိဗ္ဗာန်၊ ဈာန်၊ မဂ်၊ ဖိုလ်တို့၏ အန္တရာယ်ကို ပြုတတ်သော တရားတို့သည် အန္တရာယိက မည်ကုန်၏။ ထိုတို့သည် ကမ္မ၊ ကိလေသ၊ ဝိပါက၊ ဥပဝါဒ၊ ပညတ္တိ ဝီတိက္ကမစွမ်းဖြင့် ငါးပါး ပြားကုန်၏။ ထိုအန္တရာယ် ငါးပါးတို့တွင် ပညတ္တိ ဝီတိက္ကမ အန္တရာယ်ကိုရည်၍ တထဝာဟံ။ လ။ နာလံ အန္တရာယာယာတိ ရဟန်းဆိုသည်။ အရိဋ္ဌလိုရင်းကား ဘုရားရှင်သည် မေထုနသိက္ခာပုဒ်ကို ပညတ်ထားသည်။ ထိုကို ကျူးလွန်လျှင် နတ်ရွာ၊ နိဗ္ဗာန် စသည်၏ အန္တရာယ်ဟူ၍ ဟောထားသည်။ ဟောသော်လည်း အန္တရာယ်မရှိ သုံးဆောင်ကောင်း ခံစားကောင်းပါသည် ဟူလို။

ထိုရဟန်းကို မြင်ကုန် ကြားကုန်သော ရဟန်းတို့က မာယသ္မာ ။လ။ အန္တရာယာယ-ဟု ပြောဆိုဆုံးမရသည်။ သိလျက် မဆုံးမအံ့၊ ဒုက္ကဋ်။ ဆုံးမပုံလိုရင်းကား-ငါ့ရှင်၊ ဤသို့မဆိုနှင့်၊ ဘုရားရှင်ကို စွပ်စွဲရာကျသည်၊ ဘုရားရှင် ဤသို့ ဟောလေ့မရှိ။ ကာမအာရုံသည် ခွေးတော်မမုန်း အရိုးတုံးနှင့် တူ၏ စသောအကြောင်းများစွာဖြင့်သာ အန္တရာယ်ပြုတတ်သော တရားဟူသမျှကို အန္တရာယ်ပြုတတ်သည်ဟု ရှရင့်စွာ ဟောသည်။ ထို့ကြောင့် နောင်ဤသို့ မဆိုနှင့် ဟူလို။

ဤသို့ သုံးကြိမ်ဆုံးမလျက် မစွန့်လျှင် ဒုက္ကဋ်။ တဖန် သံဃာ့အလယ်သို့ ခေါ်၍လည်း သုံးကြိမ် ဆုံးမရသည် မစွန့်လျှင် ဒုက္ကဋ်။ ထို့နောက် ဉတ္တိစတုတ္ထကမ္မဝါစာဖြင့် သမနုဘာသနကံပြုရသည်။ မစွန့်လျှင် ဉတ်အဆုံး ဒုက္ကဋ်။ ကမ္မဝါစာ နှစ်ကြိမ်အဆုံး ဒုက္ကဋ်နှစ်ချက်။ တတိယ ကမ္မဝါစာအဆုံး၌ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်အရိဋ္ဌ ယုတ်မာသော အယူမစွန့်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အဓမ္မကံ၌ တိကဒုက္ကဋ်။ ဉတ်ကမ္မဝါစာဖြင့် မဆုံးမရသေးသည် ဖြစ်အံ့၊ အယူစွန့်အံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

ဓမ္မကံဖြစ်ခြင်း၊ ဉတ်ကမ္မဝါစာဖြင့် ဆုံးမခြင်း၊ အယူမစွန့်ခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူ၏။

**ရှင်အရိဋ္ဌအကြောင်း။** ။ရှင်အရိဋ္ဌသည် ဗဟုဿုတ ရှိ၏။ ဝမ္မကထိကဖြစ်၏။ အဘိဓမ္မာ၌ ကျွမ်းကျင်လိမ္မာ၏။ ဝိနည်းအရာ၌ကား **အသိတရား** လွန်စွာနည်းပါး၏။ ထို့ကြောင့် အန္တရာယ်ငါးပါးတို့တွင် ရှေးလေး

ပါး၌ သံသယကင်း၏။ သဘောကျနားလည်၏။နောက်ဆုံး ဝိတိက္ကမအန္တရာယ် ၌ကား အဘိဓမ္မာနည်းဖြင့် ကြံစည်တိုင်း နားမလည်နိုင်အောင် ရှုပ်ထွေးလာ၏။ နောက်၌ အဘိဓမ္မာအားကိုး၍ ဆုံးဖြတ်ပြီးလျှင် အယူတခုကို မြဲစွာစွဲယူလေ၏။ "လူတို့သည် ကာမဂုဏ်ငါးပါး လက်ရှိခံစားလျက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်-ဖြစ်ကြသေးသည်။ ရဟန်းများလည်း မျက်စိ၊ နားစသည်အကုက် သာယာစရာ ရူပါရုံ။လ။ ဖောဋ္ဌဗ္ဗာရုံ- အုံးအိပ်ရာ နူးညံ့သော အခင်းအရုံစသည်ကို သုံးဆောင်ကြသည်။ မည်သည့်အန္တရာယ်မျှမဖြစ်။ အကုန်လုံး အပ်ပါလျက် မာတုဂါမ၏ အာရုံငါးပါးတို့သာ အဘယ့်ကြောင့် မအပ်ပဲ ရှိကုန်သနည်း။ အပ်ကြရမည့် စင်စစ်တည်း" ဟု စွဲယူ၏။

အဘိဓမ္မာနည်းဖြင့် အာရုံတူ၊ အရသာတူ ထား၏။ သက်မဲ့၌ ရသော စည်းစိမ်နှင့် သက်ရှိ၌ ရသော စည်းစိမ်ကို အတူထား၏။ လျှော်ကြမ်းနှင့် ပိုးချည်မျှင် ရောကျစ်သကဲ့သို့ မုန်ညင်းနှင့် မြင်းမိုရ် အတူဆောင်သကဲ့သို့ ယုတ်မာသော အယူဝါဒကို ဖြစ်စေလျက်ရှိ၏။ "ဘုရားရှင်သည် မဟာသမုဒ္ဒရာကို ကန်သင်းဖွဲ့သည့်အလား ကြီးမားသော အားထုတ်ခြင်းဖြင့် ပဌမပါရာဇိက ပညတ်သည်။ ဤအမှုမျိုး လွန်ကျူးရာ၌ အပြစ်လည်းမရှိ" ဟု သဗ္ဗညုတဉာဏ်တော်ကို ခုခံ၏။ မဂ်ဖိုလ် ရထိုက်သူ အမျိုးကောင်းသားများ၏ အာသာဆန္ဒကောင်းကို ပျက်စေ၏။ အာဏာစက် ဝိနည်းသာသနာကို ပုတ်ခတ်မိလျက် ရှိချေ၏။ အမျိုးအနွယ် စူစမ်းလတ်သော် လင်းတသတ်မျိုး အဆက်အနွယ်ဟု ဆို၏။

အန္တရာယ်ငါးပါး။ ။ပဉ္စာနန္တရိယကံသည် ကမ္မန္တရာယ်မည်၏။ နတ်ပြည်-သဂ္ဂကိုလည်းကောင်း၊ ဈာန်မဂ်ဖိုလ်-မောက္ခကိုလည်းကောင်း နှစ်ရပ်လုံး တားသည်။ ကုစားနည်း မရှိ။ ဘိက္ခုနီဒူသကကံလည်း ကမ္မန္တရာယ် မည်၏။သဂ္ဂမတား မောက္ခသာ တားသည်။ ကုစားနည်းမရှိ။ နိယတ မိစ္ဆာဒိဋ္ဌိသည် ကိလေသန္တရာယ် မည်၏။ နှစ်ရပ်လုံး တားသည်။ အယူစွန့်ခြင်းဖြင့် ကုစားရသည်။ အဟိတ် ဒွိဟိတ် ပဋိသန္ဓေသည် ဝိပါကန္တရာယ် မည်၏။ မောက္ခသာ တားသည်။ကုစာနည်းမရှိ။ အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲခြင်းသည် ဥပဝါဒန္တရာယ် မည်၏။ နှစ်ရပ်လုံး တားသည်။ ကန်တော့ပြီးလျှင် အန္တရာယ် မမည်။ စေတနာနှင့်တကွ လွန်ကျူးသော အာပတ်သည် ဝီတိက္ကမန္တရာယ် မည်၏။ နှစ်ရပ်လုံး တားသည်။ ဒေသနာဝုဋ္ဌာနဖြင့်-ကုစားပြီးလျှင် အန္တရာယ်

မမည်။ အန္တရာယ်ငါးပါးလုံးသည် နိဗ္ဗာန်၊ စျာန်၊ မဂ်၊ ဖိုလ်-မောက္ခကို တားသည်။ ဒုက္ကသ၊ ဝိပါကမှ အကြွင်းသည် နတ်ရွာ-သဂ္ဂကိုလည်း တားသည်။ ဒုသကနှင့် ဝိပါကကား-မောက္ခသာ တားသည်။ သဂ္ဂမတား။ ပဥ္စာနန္တ၊ ဝိပါက ကုစား၍ မရ။ ကြွင်းအားလုံး ကုစား၍ ရနိုင်သည်။

ကံ-ကိလေသ ၂၊ ဝိပါက ၁၊ ဝါဒ-တိဏှမာ ၂။
နတ်ရွာ ချို့သွား၊ မဂ်ကိုတား၊ ငါးပါးအန္တရာ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ လင်းတသတ်သော သူ၏အမျိုး၌ဖြစ်သော ရှင်အရိဋ္ဌသည် ယုတ်မာသော အယူရှိ၏။ ဘုရားရှင်သည် မေထုန ပဋိသေဝနတရားကို အန္တရာယိကဓမ္မ-ဟု ဟောသည်။ ငါ သိသည်၊ အန္တရာယ် မဖြစ်ဟု ဆို၏။ များစွာသော ရဟန်းတို့က ငါ့ရှင်၊ ဤသို့ မဆိုနှင့်၊ အန္တရာယ် ဖြစ်သည်။

ကာမတို့သည် သာယာဖွယ်မရှိ အပြစ်များကုန်၏။ "ခွေးငတ်မမုန်း အရိုးတုံးနှင့် တူကုန်၏။ အများဝိုင်းလု အသားစနှင့် တူကုန်၏။ ကိုင်သူလောင်ကျူး မြက်မီးရှူးနှင့် တူကုန်၏။ ပူပုံထန်ပြင်း မီးကျီးတွင်းနှင့် တူကုန်၏။ ခဏတွင်ထင် ပျက် အိပ်မက်နှင့် တူကုန်၏။ ခိုက်တန့်သိမ်းဆည်း အငှါးပစ္စည်းနှင့် တူကုန်၏။ အင်္ဂါကြီးငယ် ရှုံဖွယ်ဖျက်ဆီး ပင်ရင်းဖျက်လျှင် ပင်ထက်သူ သေအောင် သီးသော သစ်သီးနှင့် တူကုန်၏။ ခုတ်ပိုင်းဖြတ်ဖြဲ စဉ်းတီခုံးနှင့် တူကုန်၏။ အသည်းထိုးဆွ လှံမနှင့် တူကုန်၏။ ကြောက်လန့်ဖွယ်ကောင်း မြွေဟောက် ဦးခေါင်းနှင့်တူကုန်၏"-ဟု ပြောဆိုကုန်၏။အရိဋ္ဌရဟန်းသည် ထိုသို့ပြောသော်လည်း အယူမစွန့်။ ရဟန်းတို့သည် မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားသည် များစွာ ကဲ့ရဲ့၏။ မဂ်ဖိုလ် မတန် အနှစ်ဆန်ကင်း ရဟန်းဖျင်း၊ မိမိ အယူမှားခြင်းဖြင့် ငါတို့ကို သင်စွပ်စွဲဘိ၏။ မိမိကိုယ်ကိုလည်း တူးဖြို၏။ များစွာသော မကောင်းမှုကိုလည်း တိုးပွားစေ၏။ ဤသို့ စသည်ဖြင့် ကဲ့ရဲ့ပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

၉ **ဥက္ခိတ္တသမ္ဘောဂ။** ။ယော ပန ဘိက္ခု။ ဇာနံ။ တထာဝါဒိနာ၊ ထိုသို့ မိစ္ဆာအယူရှိသော။ အကတာနု ဓမ္မေန၊ သံဃာ့အောင် သို့ မသွင်းအပ်သေးသော။ တံ ဒိဋ္ဌိံ အပ္ပဋိနိဿဋ္ဌေန၊ ထိုမိစ္ဆာအယူကို မစွန့်သေးသော။ ဘိက္ခုနာ၊ ဥက္ခိတ္တကရဟန်းနှင့်။ သဒ္ဓိံ။ သံဘုဉ္ဇေ

ယျ ဝါ၊ သမ္ဘောဂနှစ်ပါးကိုလည်း အတူပြုငြားအံ့။ သံဝသေယျ ဝါ၊ ကံကြီးကံငယ်ကိုလည်း အတူပြုငြားအံ့။ သဟဝါသေယျ၊ တမိုးတည်းသော ကျောင်း၌ အတူအိပ်ခြင်းကိုလည်း။ ကပ္ပေယျ။ တဿ။

**အစိပ္ပာယ်။** ။ရှင်အရိဋ္ဌကဲ့သို့ မာတုဂါမအာဂရုံအပ်ပါသည်ဟု မိစ္ဆာအယူရှိသော ရဟန်းသည် တထာဝါဒီမည်၏။ နှင်ထုတ်ပြီး၍ ပြန်မသွင်းရသေးသော ရဟန်းသည် အကတာနုဓမ္မမည်၏။ အာပတ်ကို မရှုခြင်း၊ မကုစားခြင်း၊ ယုတ်မာသော အယူကို မစွန့်ခြင်းတို့ကြောင့် ဓမ္မဝိနယဖြင့် အနှင်ခံရသော ရဟန်းသည် ဥက္ခိတ္တက....။ ထိုရဟန်း၏ သင့်လျော်သောကျင့်ဝတ်ကိုမြင်၍ သံဃာ့ဘောင်ပြန်သွင်းခြင်းသည် အနုဓမ္မ။ ဤသို့ ပြန်မသွင်းရသေးသူနှင့် ဟူလို။ သမ္ဘောဂနှစ်ပါးပြုခြင်းသည် သံဘုဉ္ဇေယျမည်၏။ ပစ္စည်းပေးခြင်း ယူခြင်းသည် အာမိသသမ္ဘောဂ။ စာသင်ယူခြင်း သင်ပေးခြင်းသည် ဓမ္မသမ္ဘောဂမည်၏ ဟူလို။ ဥပုသ်၊ ပဝါရဏာ၊ သံဃကံ အတူပြုခြင်းသည် သံဝသေယျ မည်၏။ တမိုးတည်း အတူအိပ်ခြင်းသည် သဟသေယျံ ကပ္ပေယျမည်၏။ ဥပစာရခြား၍ တရံစီဖြစ်သော်လည်း တမိုးတည်း မအိပ်ရ၊ ပရိဝါသ်မာနတ်ဒဏ်သား ကျင့်ရသော သဟသေယျမျိုး ဟူလို။

ထိုသို့ သံဃာ့ဘောင်မသွင်းရသေးသော ဥက္ခိတ္တကရဟန်းနှင့် အာမိသ သမ္ဘောဂပြုအံ့၊ ပေးတိုင်း ပါစိတ်၊ ယူတိုင်း ပါစိတ်။ ဓမ္မသမ္ဘောဂပြုအံ့၊ ပဒသောဓမ္မနည်းအတူ ပုဒ်ဖြင့် သင်ပေးတိုင်း ပါစိတ်၊ သင်ယူတိုင်း ပါစိတ်။ အက္ခရာဖြင့် သင်ပေးတိုင်း ပါစိတ်၊ သင်ယူတိုင်း ပါစိတ်။ သံဝါသအတူ ပြုအံ့၊ ဥပုသ်၊ ပဝါရဏာ၊ သံဃကံပြုခြင်းအဆုံး၌ ပါစိတ်။တမိုးတည်း အတူအိပ်အံ့၊တယောက်အိပ်ခိုက် တယောက်အိပ်ခြင်း အရေအတွက်အားဖြင့် ပါစိတ်။

**အဆုံးအပြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ အရိဋ္ဌရဟန်းနှင့် သမ္ဘောဂပြုခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ဥက္ခိတ္တက၌ ဝေမတိက ဒုက္ကဋ်။ အနုက္ခိတ္တက၌ ဒွိကဒုက္ကဋ်။ အနုက္ခိတ္တကသညာဒ္ဓိ၊ သံဃာ့ဘောင်သို့ သွင်းပြီးပြီဟု သိအံ့၊ အယူစွန့်ပြီးပြီဟု သိအံ့၊ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ်။

သံဃာ့ဘောင်သို့ မသွင်းရသေးခြင်း၊ သိခြင်း၊ သမ္ဘောဂစသည် အတူပြုခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့်တူ၏။ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနမျှ ထူး၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် သိလျက် ထိုသို့သော အယူ မစွန့်သေး၊ သံဃာ့ဘောင် မသွင်းသေးသော အရိဋ္ဌရဟန်းနှင့် သမ္ဘောဂနှစ်ပါး ပြုကုန်၏။ သံဝါသသုံးပါး ပြုကုန်၏။တမိုးတည်း အိပ်ကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၁၀-ကဏ္ဍက**။ ။သမဏုဒ္ဒေသောပိ၊ သာမဏေသည်လည်း။စေ၊ ဝဒေယျ၊ ဆိုငြားအံ့။ "ယထာ။ ယေ ဣမေ အန္တရာယိကာ ဓမ္မာ။ ဘဂဝတာ။ ဝုတ္တာ။ တေ။ ပဋိသေဝတော။ အန္တရာယ။ နာလံ။ တထာ။ ဘဂဝတာ။ ဒေသိတံ။ ဓမ္မံ။ အဟံ။ ဇာနာမိ"။ ဣတိ၊ဧဝံ။ ဝဒေယျ။ သော သမဏုဒ္ဒေသော၊ ထိုသာမဏေကို။ ဘိက္ခူဟိ။ ဧဝံ။ ဝစနီယော၊ အသျှ ဟောတိ။ "အာဝုသော သမဏုဒ္ဒေသ၊ ဧဝံ။ မာ အဝစ။ ဘဂဝန္တံ။ မာအဗ္ဘာစိက္ခိ။ ဘဂဝတော။ အဗ္ဘာစိက္ခနံ။ န ဟိ သာဓု။ ဘဂဝါ။ ဧဝံ။ န ဟိ ဝဒေယျ။ အာဝုသော သမဏုဒ္ဒေသ။အနေကပရိယာယေန။ အန္တရာယိကေ ဓမ္မာ။ အန္တရာယိကာ ဘဂဝတာ။ ဝုတ္တာ။ တေ။ ပဋိသေဝတော။ အန္တရာယာယ။ အလဉ္စ ပန"။ ဣတိဧဝံ၊ ဝစနီယော။ အသျှ ဟောတိ။ ဝေဉ္စပန။ သော သမဏုဒ္ဒေသော။ ဘိက္ခူဟိ။ ဝုစ္စမာနော။ တထေဝ။ ပဂ္ဂဏှေယျ။ သော သမဏုဒ္ဒေသော၊ ကို။ ဘိက္ခူဟိ။ ဧဝံ။ ဝစနီယော။ အသျှ-ဟောတိ။ "အာဝုသော သမဏုဒ္ဒေသ။ အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍။ တေ၊ သင်သည်။သော ဘဂဝါ၊ ထိုဘုရားကို။ သတ္ထာ။ ဆရာဟူ၍။ နစေဝ အပဒိသိတဗ္ဗော၊ ပညွှန်းအပ်သည်သာတည်း။ အညေ၊ သင်မှ တပါးကုန်သော။ သမဏုဒ္ဒေသာ၊ တို့သည်။ ဘိက္ခူဟိ။ သဒ္ဓိံ။ ဒိရတ္တ တိရတ္တံ၊ နှစ်ညဉ့် သုံးညဉ့်ပတ်လုံး။ ယမ္ပိ သဟသေယျံ။ အကြင်တမိုးတည်းသောကျောင်း၌ တကွအိပ်ခြင်းကိုလည်း။ လဘန္တိ၊ ရကုန်၏။ သာပိ၊ ထိုတမိုးတည်းအိပ်ခြင်းသည်လည်း။ တေ၊ သင့်အား။နတ္ထိ၊ မရှိ။ ပိရေ၊ ပမြတ်နိုးအပ်သော သာမဏေ။ (ငါတို့၏ အတွင်းလူ မဟုတ်၊ ပြင်ပလူဟူလို။) စရ၊ သွားချေလော့။ ဝိနဿ၊ ပျောက်ချေလော့။ ပျောက်အောင်သွားလော့။)"ဣတိဧဝံ။ ဝစနီယော။ အသျှ-ဟောတိ။ ယော ပန ဘိက္ခု။ ဇာနံ။ တထာနာသိတံ၊ ထိုသို့ ဒဏ်ပေး၍ဖျက်ဆီးအပ်သော။သမဏုဒ္ဒေသံ၊ကို။ဥပလာပေယျ ဝါ၊ဖြားယောင်းမှုလည်း ဖြားယောင်းငြားအံ့။ ဥပဋ္ဌာပေယျ ဝါ၊ လုပ်ကျွေးစေမှု

လည်း လုပ်ကျွေးစေခြင်းအံ့။ သံဘုဉ္ဇေယျ ဝါ။ သဟဝါသေယျ။ ကပ္ပေယျ။ တဿာ။

အဝိပ္ပာယ်။ ။သာမဏေကို သမဏုဒ္ဒေသဟူ၍လည်း ခေါ်သည်။ သာမဏေသည် ရှင်အရိဋ္ဌကဲ့သို့ ဝိတိက္ကမန္တရာယ်ကို မသိ၍ "မာတုဂါမ အာရုံလွန်ကျူးလျှင် အန္တရာယ်ဟု ဘုရားရှင်ဟောသည်ကိုအန္တရာယ်မရှိကြောင်း ငါသိသည်" ဟု မိစ္ဆာအယူ စွဲကပ်လျက် ဆိုခြင်းအံ့၊ ငါ့ရှင်သာမဏေ၊ ဤသို့ မဆိုလင့် စသည်ဖြင့် ရှေးနည်းအတိုင်း ပြောဆို ဆုံးမရသည်။ သုံးကြိမ် ဆုံးမလျက် မိစ္ဆာအယူ မစွန့်လျှင် အဇ္ဇတဂ္ဂေ တေ။ လ။ စရ ပိရေ ဝိနဿ ဟု ဆို၍ နှင်ထုတ်ရသည်။ စရသည် နှင်ကြောင်း စကား ဖြစ်၏။ ပိရေသည် မနှစ်သက် အပ်သူကိုခေါ်ကြောင်းအာလုပ်နိပါတ်ဖြစ်၏။ငါတို့၏အတွင်းလူမဟုတ်သူဟုဆို လိုသည်။ ပရ၊ အပမက- အနက်ရှိ၏။ ဝိနဿသည် ငါတို့မမြင်ရာ ရောက် အောင်သွား၊ ပျောက်သွားအောင်သွား-ဟု နှင်ထုတ်ကြောင်း စကားဖြစ်၏။

နှင်ထုတ်ပုံကား- ငါ့ရှင်သာမဏေ၊ ယနေ့ကစ၍ မြတ်စွာဘုရားကိုလည်း ဆရာဟု မပြောနှင့်၊ တပါးသော သာမဏေများမှာ ရဟန်းများနှင့် သုံးညဉ့် အိပ်ကောင်းသည်။ သင့်ကိုသာမဏေမှာ တညဉ့်မျှမအိပ်ကောင်း။ အတွင်းလူ မဟုတ်သော မသမာသူ သင့်ကို မယုံကြည်အပ်၊ မမြဘ်နိုးအပ်။ ဤမှ ယခု ထွက်သွား။ ငါတို့မမြင်ရာရောက်အောင်သွား-ဟု နှင်ထုတ်ရသည်။ ဤသို့ နှင်ထုတ်ခြင်းသည် နာသနာ သုံးပါးတို့တွင် ဒဏ္ဍကမ္မနာသနာမည်၏။ ဤသို့ ဒဏ်အမှုဖြင့် ဖျက်ဆီးခံရသော သာမဏေအား သပိတ်သင်္ကန်းပေးမည်၊ စာသင်ပေးမည်ဟု ချီးမြှောက်ခြင်းသည် ဥပလာပေယျပည်၏။ ရေချိုး ကသယ်မှုန့် ဒန်ပူစသည်ကို ခံယူလျက် မိမိအားလုပ်ကျွေးစေခြင်းသည် ဥပဋ္ဌာပေယျပည်၏။ ထို့ကြောင့် ဒဏ်ပေးထားသော သာမဏေအား သင်္ကန်းပေးမည်၊ စာသင်ပေးမည်ဟု ဖြားယောင်းအံ့၊ ပါစိတ်။ အလုပ်အကျွေးခံအံ့၊ ပါစိတ်။ အာပတ် သမ္ဘောဂပါစိတ်၊ ဂမ္ဘာသမ္ဘောဂပါစိတ်။ သဟသေယျပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌၊ ဆဗ္ဗဂ္ဂီတို့ ကဏ္ဍက သာမဏေကို ဖြားယောင်း ခြင်းကြောင့် ပညတ်၏။ အကြွင်း ယခင် သိက္ခာပုဒ်တို့၌ ဆိုပြီးပြီ။

နာသနာသုံးပါး။ ။မစွန့်၊ ပကု၊ ဖြစ်မရှုကြောင့် ဥက္ခိတ္တကကံပြု၍ နှင်ထုတ် ခြင်းသည် သံဝါသနာသနာ မည်၏။ သီလပျက်သူကို

လူထွက်ခိုင်းခြင်းသည် လိင်နာသနာ မည်၏။ ယနေ့ကစ၍ ဘုရားရှင်ကို ဆရာ ဟု မညွှန်းအပ် စသည်ဖြင့် ဆုံးမတားမြစ်ခြင်းသည် ဒဏ္ဍကမ္မ နာသနာမည်၏။ ဤသိက္ခာပုဒ်၌ ကဏ္ဍက သာမဏေသည် ဒဏ္ဍကမ္မ နာသနာဖြင့် ဖျက်ဆီးခံရသူ ဖြစ်၏။

သံဝါ·လိင်²၊ ဒဏ်ကမ္မ³၊ သုံး၀ နာသနာ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ကဏ္ဍက သာမဏေသည် ရှင်အရိဋ္ဌကဲ့သို့ အန္တရာယ် မဖြစ်ဟု ယုတ်မာသော အယူရှိ၍။ ရဟန်းတို့ ဆုံးမ သော်လည်း အယူမစွန့်။ ချစ်သားတို့၊ ကဏ္ဍက သာမဏေကို အဇ္ဇတဂ္ဂေ တေ လ။ စရ ပိရေ ဝိနဿတု ဖျက်ဆီးလေဟု မိန့်တော်မူ၏။ဆဗ္ဗဂ္ဂီတို့သည် သိလျက် ထိုသာမဏေကို ဖြားယောင်းကုန်၏။ လုပ်ကျွေးစေကုန်၏။ သမ္ဘောဂနှစ်ပါးပြု ကုန်၏။ တမိုးတည်း အတူအိပ်ကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏၊ ထို့ကြောင့် ပညတ်သည်။

သပ္ပါဏကဝဂ္ဂေါ သတ္တမော။

---

**၁—သဟဓမ္မိက။** ။ယော ပန ဘိက္ခု။ ဘိက္ခုဟိ၊ တို့သည်။သဟ ဓမ္မိကံ၊ သိက္ခာပုဒ်တော်ဖြင့်။ ဝုစ္စမာနော၊ ဆိုအပ်သည်ရှိသော်။ ဧဝံ။ ဝဒေယျ၊ ဆိုငြားအံ့။ "အာဝုသော၊ တို့။ အဟံ။ ယာဝ၊ အကြင်မျှ လောက်သော ကာလပတ်လုံး။ အညံ၊ သင်တို့မှ တပါးသော။ ဗျတ္တံ၊ လိမ္မာထက်မြက်သော။ ဝိနယဓရံ၊ ဝိနည်းကို ဆောင်သော။ ဘိက္ခုံ၊ န ပရိပုစ္ဆာမိ၊ မမေးရသေး။တာဝ၊ ထိုမျှသောက်သော ကာလပတ်လုံး။ ဧတသ္မိံ သိက္ခာပဒေ၊ ထို(သင်တို့ဆိုသော) သိက္ခာပုဒ်၌။ န သိက္ခိဿာ မိ၊မကျင့်အံ့"။ဣတိဧဝံ။ဝဒေယျ။တဿ။ပါစိတ္တိယံ။ ဟောတိ။ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ ဘိက္ခုနာ၊ ရဟန်းသည်။ သိက္ခမာနေန၊ ကျင့်လို သည်ဖြစ်၍။ အညာတဗ္ဗံ၊ သိအောင်ပြုအပ်၏။ ပရိပုစ္ဆိတဗ္ဗံ၊ အဖန် ဖန်မေးအပ်၏။ ပရိပဥ္စိတဗ္ဗံ၊ အဖန်ဖန် စဉ်းစာ နှိုင်းချိန်အပ်၏။ အယံ၊ ဤသည်ကား။ တတ္ထ၊ ထိုသိက္ခာပုဒ်၌။ သာမိစိ၊ ကျင့်အပ်သောဝတ် တည်း။

**အဓိပ္ပာယ်။** ။ဘုရားရှင် ပညတ်သော သိက္ခာပုဒ်အပေါင်းသည် သဟဓမ္မိက မည်၏။ မရှိမသေပြုလျှင် အနာဒရိယ ပါစိတ်။ ကြောက်ရသည်

ဟု အမြွက်ထောင်၍ န တာဝ ါဟံ အာဝိုသောစသည်ဖြင့် ဆိုသည်။ ထို့ကြောင့် သိက္ခာပုဒ်ဖြင့် ဆိုသောအခါ "တပါးသောဝိနည်းဓိုရ်ကို မမေးရသေးမီ မကျင့်နိုင် မလိုက်နာနိုင်"ဟု ဆိုအံ့၊ ခွန်းတိုင်းပါစိတ်။ဤဝ ါဒကို ဦးထိပ်ဖြင့် ရွက်ဆင်လျက် ကျင့်လိုသောသူသည် သိက္ခမာနမည်၏။ ရဟန်းဟူသည် ကျင့်လိုသူဖြစ်၍ သိအောင်ပြုရသည်။အနက် အဓိပ္ပာယ် မေးမြန်းရသည်၊ ကြံစည်နှိုင်းချိန်ရသည်။ ဤသို့ ပြုလျှင် ဝိဝဋ္ဋ နိဿိတကုသိုလ် ဖြစ်သည်။

**အဆုံးအဖြတ်။** ။ကောသမ္ဗီ၌ ရှင်ဆန္န ဤသို့ ဆိုခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္န၌ တိကဒုက္ကဋ်။ သိက္ခာပုဒ်မှတပါး ဝေါင်းပါးကြောင်းအကျင့် စသည်ဖြင့် ဆုံးမသော ဥပသမ္ပန္န၊ အနုပသမ္ပန္နကို ဤသို့ဆိုအံ့၊ ဒုက္ကဋ်။ သိအောင်ပြုပါမည် ကျင့်ပါမည်ဟု ဆိုအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

သိက္ခာပုဒ်ဖြင့် ရဟန်းဆိုသော စကား ဖြစ်ခြင်း၊ မကျင့်လို၍ ဤသို့ဆိုခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာသာ ထူး၏။

**ဝတ္ထု။** ။ကောသမ္ဗီ၊ ဃောသိတာရုံ။ ရှင်ဆန္နသည် မအပ်မရာ ကျင့်၏။ ရဟန်းတို့က ငါ့ရှင်၊ ဤသို့ မကျင့်နှင့်၊ မအပ်ဟု ဆိုလတ်သော် ငါသည် သင်တို့မှတပါး ဗျတ္တဝိနည်းဓိုရ်ကို မမေးရသေးသမျှ ဤသိက္ခာပုဒ်၌ မကျင့်သေး ဟု ဆို၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ယင်းကြောင့် ပညတ်သည်။

၂—**ဝိလေခန။** ။ယော ပန ဘိက္ခု။ ပါတိမောက္ခေ၊ ပါတိမောက်ကို။ ဥဒ္ဒိဿမာနေ၊ (သင်ယူခြင်း၊ သင်ပေးခြင်း၊ သရဇ္ဈာယ်ခြင်းဖြင့်) ရွတ်ဆိုသည်ရှိသော်။ ဧဝံ။ ဝဒေယျ။ "ကိံ ပနိမေဟိ ခုဒ္ဒါနုခုဒ္ဒကေဟိ၊ ငယ်ကုန် အလွန်ငယ်ကုန်သော။ သိက္ခာပဒေဟိ၊ ဤသိက္ခာပုဒ်တို့ကို။ ဥဒ္ဒိဋ္ဌေဟိ၊ သင်ယူခြင်း သင်ပေးခြင်း သရဇ္ဈာယ်ခြင်းတို့ဖြင့်။ ကိံ ပန၊ အဘယ်အကျိုး ရှိအံ့နည်း။ ယာဝဒေဝ၊ တိုသင်ယူခြင်း စသော ကာလပတ်လုံး။ ဝါ၊ အလွန်အကဲသာလျှင်။ ကုက္ကုစ္စာယ၊ အလိုလို ဖြစ်ခြင်းငှာ။ ဝိဟေသာယ၊ ပင်ပန်းခြင်းငှာ။ ဝိလေခါယ၊ နှလုံးအရေးအကြောင်း ဖြစ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။" ဣတိ၊ ဧဝံ။ ဝဒေယျ။ သိက္ခာပဒ ဝိဝဏ္ဏကေ၊ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းကြောင့်။ တဿ။

**အစိပ္ပာယ်။** ။ပါတိမောက် ရွတ်ဆိုခြင်း၊ ရွတ်ဆိုစေခြင်း၊ သရဇ္ဈာယ်ခြင်း၊ ဤသုံးမျိုးသည် ဤသိက္ခာပုဒ်၌ ဥဒ္ဒိဿမာန မည်၏။ ဆရာထံ သင်ယူခြင်း၊ ဆရာက သင်ပေးခြင်း၊ သင်ပြီးသည်ကို လှည့်ပြန် ရွတ်အံ သရဇ္ဈာယ်ခြင်း ဟူလို။ ဒုက္ကဋ်သည် ယယ်သောကြောင့် ခုဒ္ဒက။ ဒုဗ္ဘာသိတ်သည် အလွန် ယယ်သောကြောင့် အနုခုဒ္ဒက မည်၏။ ယာဝ ဒေဝသည် ကုက္ကုစ္စ၏ ဖြစ်ချိန်ကို ပိုင်းခြား၍ ပြသော သဒ္ဒါ ဖြစ်၏။ ဤသိက္ခာပုဒ်တို့ကို သရဇ္ဈာယ် ခြင်း ဆောင်ထားခြင်းတို့ ပြုသမျှ ကာလပတ်လုံး ကုက္ကုစ္စ ဖြစ်ရသည်ဟု ပိုင်း ခြားသည် ဟူလို။ တနည်း လွန်ကဲခြင်းကို မှတ်သော သဒ္ဒါ ဖြစ်၏။ ဤသိက္ခာပုဒ် တို့ကို သရဇ္ဈာယ်ခြင်း စသည် ပြုလျှင် ကုက္ကုစ္စ အလွန်အကဲ ဖြစ်ခြင်းငှာ ဖြစ် သည်ဟု မှတ်သားသည်ဟူလို။ကုက္ကုစ္စ၊ ဝိဟေသာ၊ ဝိလေခါ သဒ္ဒါ သုံးခုသည် ဝိစိကိစ္ဆာချည်းသာတည်း။ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်းသည် သိက္ခာပဒ ဝိဝဏ္ဏက မည်၏။ ကဲ့ရဲ့ပုံကား "ဤသိက္ခာပုဒ်တို့ကို သရဇ္ဈာယ်ခြင်းဖြင့် အဘယ် အကျိုး ရှိအံ့နည်း။ ကုက္ကုစ္စ ဖြစ်ခြင်းငှာ ဖြစ်သည်။ သင်ယူသူအား ကုက္ကုစ္စ ဖြစ်သည်။ မသင်ယူသူအား မဖြစ်။ မရွတ်ဆိုခြင်း၊ မသင်ကြား၊ မဆောင်ထားခြင်းသည် ကောင်း၏။ ဝိနည်းသည် ကွယ်ပျောက်နေပါစေ၊ ဤရဟန်းတို့သည် ဝိနည်း မကျွမ်းကျင်သူတို့ ဖြစ်ကြပါစေ"။ဤသို့ စသည်တည်း။ ဤသို့ စသည်ကိုဆို၍ ရဟန်းထံ၌ ဝိနည်းကို ကဲ့ရဲ့အံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ဝိနည်း ကဲ့ရဲ့ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္နထံ ကဲ့ရဲ့အံ့၊ တိကဒုက္ကဋ်။ နှစ်ဦးလုံးထံ ဝိနည်းမှ တပါးသော တရားကို ကဲ့ရဲ့အံ့၊ ဒုက္ကဋ်။ ကဲ့ရဲ့လို၍ မဟုတ်ပဲ သုတ္တန်ဂါထာ အဘိဓမ္မာတို့ကို သင်ဦးလော့၊ နောက်၌ ဝိနည်းသင်ရလတ္တံ့ဟု ဆိုအံ့။ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ်။

ကဲ့ရဲ့လိုခြင်း၊ ရဟန်းထံ၌ သိက္ခာပုဒ်ကို ကဲ့ရဲ့ခြင်း။ ဤကား အင်္ဂါနှစ်ပါး တည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနသာ တူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ဘုရားရှင်သည် ရဟန်းတို့အား များစွာသော အကြောင်းဖြင့် ဝိနည်းစကားကို ဆို၏။ ဝိနည်း၏ ဂုဏ်ကျေးဇူးကို၊ သင်ယူခြင်း၏ ဂုဏ်ကျေးဇူးကို ဟော၏။ ရည်စူး၍ ရှင်ဥပါလိ၏ ဂုဏ်ကျေးဇူး ကို ဆိုတော်မူ၏။ရဟန်းတို့သည် ဘုရားရှင် လွန်စွာ မိန့်ဆိုသည်ဟု ရှင်ဥပါလိ ထံ၌ ဝိနည်းသင်ကုန်၏။ ဆဗ္ဗဂ္ဂီတို့သည် "ဤရဟန်းများ ဝိနည်းတတ်လျှင်

ငါတို့ကို လှမ်းမိုးနှိပ်စက်ကုန် လတ္တံ့၊ ဝိနည်းကို ကဲ့ရဲ့ကြစို့”ဟု တိုင်ပင်၍ ရဟန်းတို့ထံ၌ ဤခုဒ္ဒါနုခုဒ္ဒက သိက္ခာပုဒ်တို့ကို ရွက်သင် သရဇ္ဈာယ်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ အလိုသို့ဖြစ်ရုံ၊ စိတ်ပင်ပန်းရုံ၊ နှလုံးအရေးအကြောင်းဖြစ်ရုံသာတည်းဟု ဆိုကုန်၏။ ဆဗ္ဗဂ္ဂီတို့ ဝိနည်း ကဲ့ရဲ့ကြသည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

## ဝိနည်းဓိုရ်အာနိသင် မှတ်ဖွယ်

ဝိနည်းဓိုရ်ပုဂ္ဂိုလ်၌ အာနိသင် ငါးပါးရှိ၏။ ငါးပါးကား-မိမိသီလကို လုံခြုံအောင်စောင့်ရှောက်နိုင်၏။ ကုက္ကုစ္စနှိပ်စက်သောရဟန်းတို့၏ အားထားရာဖြစ်၏။သံဃာ့အလယ်၌ ရဲဝံ့စွာပြောဆိုနိုင်၏။မိမိရန်သူ၊သာသနာ့ရန်သူတို့ကို တရားနှင့်အညီကောင်းစွာ နှိမ်နင်းတားမြစ်နိုင်၏။ပရိယတ် ပဋိပတ် အဓိဂမ ဟူသော သာသနာသုံးရပ် ကြာမြင့်စွာ တည်အောင် ကျင့်နိုင်၏။ ဤသို့ ငါးပါးရှိ၏။

ထိုမှ တပါး ဝိနည်းဓိုရ်သည် ဥပုသ်ကိုးပါးနှင့် စပ်၏။ ဥပုသ်ကိုးပါးသည် ဝိနည်းဓိုရ်နှင့် စပ်၏။ ဝိနည်းဓိုရ်၏ ဥစ္စာဖြစ်၏။ ပိုင်ဆိုင်သော သခင်ဖြစ်၏။ ပဝါရဏာကိုးပါးလည်း ဝိနည်းဓိုရ်နှင့် စပ်၏။ အပလောကနစသော သံဃကံလေးပါးလည်း ဝိနည်းဓိုရ်နှင့် စပ်၏။ ဥပဇ္ဈာယ်ပေး၍ အမျိုးကောင်းသားတို့အား ရှင်ပြုခြင်း ပဉ္စင်းပြုခြင်း သည်လည်း ဝိနည်းဓိုရ်နှင့်စပ်၏။ နိဿယည်းပေး၍ ရဟန်းတို့ကို ဆုံးမနိုင်၏။ ရှင်သာမဏေတို့၏ အလုပ်ကျွေးကို ခံထိုက်၏။ ထိုအားလုံးသည် ဝိနည်းမတတ်သူနှင့် စပ်ဆိုင်ခြင်းမရှိ။ ဤ၌ နိဿယည်းပေးနှင့် ရှင်သာမဏေ အလုပ်အကျွေးခံ-ဤအာနိသင်နှစ်ပါးသည် အကြောင်းအင်္ဂါတူ၏။ ဤခြောက်ပါးတို့တွင် တပါး၊ နှစ်ပါး။လ။ ခြောက်ပါးနှင့် ရှေးအာနိသင်ငါးပါးသည် ၆-ပါး၊ ၇-ပါး၊ ၈-ပါး၊ ၉-ပါး၊ ၁၀-ပါး၊ ၁၁-ပါး ဖြစ်၏။ ဝိနည်းဓိုရ်သည် အာနိသင် ၁၁-ပါးထိ ရနိုင်၏။

သီလ လုံစွာ၊ အားထားရာ၊ သံဃာလယ်၌ဆို။
သာသနာတည်ထား၊ ရန်သူတား၊-ကျိုးငါး ဝိနည်းဓိုရ်။
ဥပုသ်စိုးရ၊ ကံစိုးရ၊ စိုးရ ပဝါရဏာ။
ဥပဇ္ဈာယ်ပေး၊ နိဿယည်းပေး၊ မွေးနိုင် ရှင်များစွာ။
ခြောက်မှဆယ့်တစ်၊ ခုစီလှစ်၊ ဖြစ်၏ နိသံသာ။

၁-မောဟန။ ။ယော ပန ဘိက္ခု။အနွဒ္ဓမာသံ၊ လခွဲတိုင်း။ပါတိမောက္ခေ၊ ကို။ ဥဒ္ဒိဿမာနေ၊ (ရွတ်ဆိုအပ်) ပြအပ်သည်ရှိသော်။

(ဥပုသ်ပြုသောအခါ ဟူလို။) ဧဝံ။ ဝဒေယျ။ "ဣဒါနေဝ ခေါ၊ ယခုအခါ၌သာလျှင်။ အဟံ။ ဇာနာမိ၊ သိ၏။ အယမ္ပိ ဓမ္မော၊ ဤအာပတ်သည်လည်း။သုတ္တာဂတော ကိရ၊ပါတိမောက်၌ လာသတတ်။ သုတ္တပရိယာပန္နော ကိရ၊ ပါတိမောက်၌ အကျုံးဝင်သတတ်။ အန္ဝဒ္ဓမာသံ၊ လခွဲတိုင်း။ ဥဒ္ဒေသံ၊ သရုပ်အားဖြင့် ပြအပ်သည်အဖြစ်သို့။ အာဂစ္ဆတိ ကိရ၊ ရောက်သတတ်။" ဣတိဧဝံ။ဝဒေယျ။ တံ ဘိက္ခုံ၊ ထိုရဟန်းကို။ အညေ ဘိက္ခူ၊ တပါးသောရဟန်းတို့သည်။ ဣမိနာ ဘိက္ခုနာ၊ ဤရဟန်းသည်။ ပါတိမောက္ခေ။ ဥဒ္ဒိဿမာနေ၊ သော်။ ဒွတ္တိက္ခတ္တုံ၊ နှစ်ကြိမ် သုံးကြိမ်။ နိသိန္နပုဗ္ဗံ၊ နေဘူးသည်ကို။ စေ ဇာနေယျုံ၊ အကယ်၍သိကုန်အံ့။ ဘိယျော၊ ထိုထက် အလွန်နေဘူးရာ၌။ ကော ပန ဝါဒေါ၊ အဘယ်မှာ ဆိုဖွယ်ရာရှိအံ့နည်း။(ဤကား မောဟ ကံသို့ တင်ခြင်းငှာ အကြောင်းပြခြင်းတည်း။အစပ်ဝေးသည်။) တဿ ဘိက္ခုနော၊အား။ အညာဏကေန၊ မသိယောင်မှုခြင်းဖြင့်။ မုတ္တိ၊ (လွန်ကျူးသောအာပတ်မှ) လွတ်ခြင်းသည်။ န စ အတ္ထိ၊ မရှိသည် သာတည်း။တတ္ထ၊ထိုအနာစာရ လွန်ကျူးခြင်းကြောင့်။ယဉ္စ အာပတ္တိံ၊ အကြင်အာပတ်သို့လည်း။ အာပန္နော၊ ရောက်၏။ တဉ္စ၊ ထိုအာပတ် ကိုလည်း။ ယထာဓမ္မော၊ ဓမ္မဝိနယရှိသောအတိုင်း။ ကာရေတဗ္ဗော၊ ကုစားစေအပ်၏။ ဥတ္တရိ စ၊ထိုထက်အလွန်လည်း။ အဿ၊ ထိုရဟန်း အား။ မောဟော၊ မောဟကံသို့။ အာရောပေတဗ္ဗော၊ တင်အပ်၏။ "အာဝုသော၊ ငါ့ရှင်။တဿ တေ၊ ထိုသင်အား။ အလာဘာ၊လိုအပ် သော အာနိသင်လာဘ်တို့ကို မရအပ်ကုန်။ တဿ တေ၊ ထိုသင်အား။ ဒုလ္လဒ္ဓံ၊ လူ့ဘဝကိုမကောင်းသဖြင့် ရအပ်၏။ ယံ၊ အကြင်ကြောင့်။ တွံ၊ သင်သည်။ ပါတိမောက္ခေ ဥဒ္ဒိဿမာနေ။ သာဓုကံ၊ ကောင်း စွာ။ အဋ္ဌိံကတွာ၊အလိုရှိသည်ကိုပြု၍။န မနသိကရောသိ၊နှလုံးမသွင်း။ တသ္မာ၊ ထို့ကြောင့်တည်း။" ဣတိ၊ ဤသို့ကဲ့ရဲ့၍။ မောဟော။ အာရောပေတဗ္ဗော။ မောဟနကေ၊မောဟကံသို့ တင်ပြီးသည်ရှိသော်။ တသ္မိံ၊ ထိုမသိယောင်မှုခြင်းကြောင့်။ (တသ္မိံ၊ ထိုရဟန်း၌။) ဤဒံ ပါစိတ္တိယံ၊ ဤပါစိတ်အာပတ်သည်။ ဟောတိ။

**အဓိပ္ပာယ်။** ။တဆဲ့ငါးရက်တကြိမ်ဥပုသ်နေ့တိုင်းသည် အန္ဝဒ္ဓမာသမည်၏။ပါ တိမောက်ရွတ်ဆိုခြင်းဤတမျိုးသည် ဤသိက္ခာပုဒ်၌ ဥဒ္ဒိဿမာ

နမည်၏။ဥပုသ်ပြုခြင်းအစွမ်းဖြင့် ရွတ်ဆိုခြင်း ဟူလို။ဣဒါနေဝ ခေါ...စသော စကားမသိဟန်ဆောင်၍ ဆိုသောစကားတည်း။ အနာစာရလွန်ကျူးပြီးလျှင် "မသိ၍ အာပတ်သို့ ရောက်ရှာပေသည်"ဟု သိကြပါစေခြင်းငှာ ဥပုသ်နေ့ ပါတိမောက်ပြသောအခါ "ယခုမှ ငါသိသည်၊ ဤအာပတ်သည် ပါတိမောက် အတွင်းဝင်၊ လခွဲတိုင်းပြသော အာပတ်ဖြစ်ပေသတတ်"ဟု ဆိုအံ့၊ ဒုက္ကဋ်။ တမ္ဘေဘိက္ခုံ အညေ ဘိက္ခူ ဇာနေယျုံ စသောစကားရပ်သည် ထိုမသိဟန် ဆောင်သော ရဟန်းကို လွန်ကျူးပြီး အမှုတွက် အာပတ်ကိုလည်း ကုစားခိုင်း ရမည်။ မောဟကံသို့လည်း တင်ရမည်ဟု မိန့်ဆိုသော စကားဖြစ်၏။

ထိုတွင်-န စ တဿ ဘိက္ခုနော။ပ။ အာရောတဗ္ဗော ဖြင့် သိက္ခာပုဒ်ကို မသိဘူး ခြင်း ပကြားဘူးခြင်းဖြင့် အာပတ်မှ လွတ်သော မည်သည်မရှိ။ ဓမ္မဝိနယအား လျော်စွာ ပြုစေရမည်။ ဒေသနာဂါမိ ဝုဋ္ဌာနဂါမိဖြင့် ကုစားစေရမည်ဟု မိန့်ဆိုသည်။ ဥတ္တရိစဿ စသည်ဖြင့် ကုစားခိုင်းပြီးနောက် မောဟကံ တင်ရ မည်ဟု မိန့်ဆိုသည်။ အညေ ဘိက္ခူ ဇာနေယျုံ နိသိန္နပုဗ္ဗံ စသည်ဖြင့် ပါတိ မောက်အကျယ်ပြသည်ကို သုံးကြိမ်၊ သုံးကြိမ်ထက်အလွန် နာဘူးသူဖြစ်မှ မောဟကံ တင်ရမည်ဟု မိန့်ဆိုသည်။တဿ တေ အာဝုသော အလာဘာ စသည် ဖြင့် ကဲ့ရဲ့ရမည်ဟု မိန့်ဆိုသည်။ ယံ တုံ့ပါတိမောက္ခေ စသည်ကား ကဲ့ရဲ့ခြင်း၏ အကြောင်းပြစကားတည်း။

ပါတိမောက်ပြသောအခါ ရိုသေလေးမြတ်စွာ နားထောင်လျှင် မျက် မှောက်တပလွန် လိုအပ်သော အာနိသင် လာဘ်တို့ ဖြစ်ကုန်၏၊ ရကုန်၏။ ထိုသင်အားကား လိုအပ်သော အာနိသင်လာဘ် ဘာတခုမျှ မရသောကြောင့် တဿ တေ အာဝုသော အလာဘာ-ဟု ကဲ့ရဲ့အပ်၏။ကုသိုလ်ထူးဖြင့် ရအပ်သော လူ့ဘဝဖြစ်သော်လည်း သင်အားကား မကောင်းသဖြင့် ရအပ်သော လူ့ဘဝ ဖြစ်သောကြောင့် တဿ တေ ဒုလ္လဒ္ဓံ-ဟု ကဲ့ရဲ့အပ်၏။ ပါတိမောက်ကို လိုလို ချင်ချင် နားမထောင်ခြင်း၊ နှလုံးမသွင်းခြင်းကြောင့် အလာဘာ၊ ဒုလ္လဒ္ဓံ-ဟု ကဲ့ရဲ့ပြီးလျှင် ဥတ္တရိဒုတိယ ကမ္မဝါစာဖြင့် ဤရဟန်းသည် ပါတိမောက်ကို လိုလို ချင်ချင် နားမထောင်သောကြောင့် သံဃာသည် မောဟကံသို့ တင်ရာ၏။ တင်၏၊ တင်ပြီး-ဟု သံဃာကို သိစေရသည်။ ဤသို့ မောဟကံတင်ပြီးနောက် မသိယောင်ပြုအံ့၊ ထို မောဟနက ပုဂ္ဂိုလ်၌ ဤပါစိတ်ဖြစ်၏။ ကံမတင်မီ ပြုအံ့၊ ဒုက္ကဋ်။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ မသိယောင်ဆောင်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ အခမ္မကံ၌ တိကဒုက္ကဋ်။ ကံမဘင်မီလည်း ဒုက္ကဋ်သာ။ ပါတိမောက်အကျယ် မနာဘူးအံ့၊ သုံးကြိမ်အောက် နာဘူးအံ့၊ မသိယောင်ဆောင်လိုသူ မဟုတ်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

မောဟကံသို့ တင်ပြီးခြင်း၊ မသိယောင်မှုလိုခြင်း၊ အကျယ်သုံးကြိမ်နာဘူးခြင်း၊ မသိယောင်မှုခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနသာ ထူး၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် အနာစာရ ကျင့်ပြီးလျှင် မသိ၍ ကျင့်သည်ဟု မှတ်ဆင်ကြစေခြင်းငှါ ပါတိမောက်ပြသောအခါ၌ ယခုမှ ငါသိသည် စသည်ဖြင့် မသိဟန်ဆောင်၍ ဆိုကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၄-**ပဟာရ**။ ။ယောပန ဘိက္ခု။ ဘိက္ခုဿ၊ အား။ ကုပိတော။ အနတ္တမနော။ ပဟာရံ၊ ပုတ်ခတ်ခြင်းကို။ ဒဒေယျ၊ ပေးငြားအံ့။ တဿ။

**အဓိပ္ပာယ်**။ ။ကာယ၊ ကာယ ပဋိဗဒ္ဓ၊ နိဿဂ္ဂိယဖြင့် အယုတ်ဆုံး ကြာရွက်ဖြင့်သော်လည်း ရိုက်နှက် ပစ်ခတ်ခြင်းသည် ပဟာရ မည်၏။ ရဟန်းအား ရိုက်နှက်လို၍ ရိုက်နှက် ပစ်ခတ်အံ့၊ သေဂစကာမှု ပါစိတ်သာတည်း။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ရိုက်ပုတ်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ အနုပသမ္ပန်၌ တိကဒုက္ကဋ်။ ရုပ်အဆင်း ပျက်ရအောင် နားရွက်ဖြတ်ခြင်း စသည် ပြုအံ့၊ ရဟန်းအားပြုလည်း ဒုက္ကဋ်။ တစုံတယောက်၏ ညှဉ်းဆဲခြင်းကို ခံရသဖြင့် လွတ်လို၍ ပုတ်ခတ်အံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။ အမျက်ထွက်ခြင်း၊ လွတ်လို၍ မဟုတ်ခြင်း၊ ဥပသမ္ပန္နအား ရိုက်ခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။ ဒုက္ခဝေဒနသာ ထူး၏။ အနုပသမ္ပန္နအရကား ဂဟဋ္ဌ၊ ပဗ္ဗဇိတ၊ ဣတ္ထိ၊ ပုရိသ၊ အယုတ်ဆုံး တိရစ္ဆာန် ဖြစ်၏။ (မာတုဂါမအား နာနာရိုက်လျှင် ဒုက္ကဋ်။ သာသာရိုက်လျှင် သံဃာဒိသိသ် ကြံစည်လော။)

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် အမျက်ထွက်၍ သတ္တရသဝဂ္ဂီတို့အား ရိုက်ပုတ်ကုန်၏။ သတ္တရသဝဂ္ဂီတို့ ငိုကုန်၏။ ရဟန်းတို့သိ၍ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၅-တလသတ္တိက။ ။ယော ပန ဘိက္ခု။ ဘိက္ခုဿ။ ကုပိတော။ အနတ္တမနော။ တလသတ္တိကံ၊ လက်ဝါးပြက်ကို။ ဥဂ္ဂိရေယျ၊ မိုးငြားအံ့။ တဿ။

အဓိပ္ပာယ်။ ။လက်ဝါးအပြင်သည်သာလျှင် တလသတ္တိက မည်၏။ ရိုက်ပုတ်အံ့သော အခြင်းအရာပြ၍ ကာယ၊ ကာယပဋိဗဒ္ဓကို အယုတ်ဆုံး ကြာရွက်ကိုသော်လည်း မြှောက်ချီအံ့၊ ပါစိတ်။ မြှောက်ချီ၍ လွဲရိုက်အံ့၊ ဒုက္ကဋ်။ ပုတ်ခတ်လိုခြင်း မရှိသောကြောင့်တည်း။ လွဲရိုက်ခြင်းဖြင့် လက်ချေစသည် ကျိုးလည်း ဒုက္ကဋ်။ အကြွင်း ရှေးသိက္ခာပုဒ်နှင့် တူ၏။ (မရိုက်လိုဘဲ ရွယ်လျှင် ပါစိတ်ကြီး။ ရိုက်လျှင် ဒုက္ကဋ်ငယ်။)

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် သတ္တရသဝဂ္ဂီတို့အား အမျက်ထွက်၍ လက်ဝါးပြက် မိုးကုန်၏။ ယခင် အရိုက်ခံရဘူးသောကြောင့် ငိုကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၆-အမူလက။ ။ယော ပန ဘိက္ခု။ ဘိက္ခုံ။ အမူလကေန၊ အရင်းမရှိသော။ သံဃာဒိသေသေန၊ သံဃာဒိသိသ်အာပတ်ဖြင့်။ အနုဒ္ဓံသေယျ၊ စွပ်စွဲငြားအံ့။ တဿ။

အဓိပ္ပာယ်။ ။မြင်ခြင်း ကြားခြင်း ရွံ့ရှားခြင်း အရင်းမရှိသော သံဃာဒိသိသ် ၁၃ ပါး တပါးပါးဖြင့် စောဒနာအံ့၊ စောဒနာစေအံ့၊ ထိုခဏ၌သိလျှင် ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ အရင်းမရှိသော သံဃာဒိသိသ်ဖြင့် စွပ်စွဲခြင်းကြောင့် ပညတ်၏။သာဓာရဏ၊ သာဏတ္တိက၊ တိကပါစိတ်။ အာစာရ ဝိပတ္တိ၊ ဒိဋ္ဌိဝိပတ္တိဖြင့် စွပ်စွဲအံ့။ ဒုက္ကဋ်။ အနုပသမ္ပန္န၌ တိကဒုက္ကဋ်။ ထိုအတိုင်း မှတ်ထင်၍ စောဒနာအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းဖြစ်ခြင်း၊ သံဃာဒိသိသ်၏ အရင်းမရှိခြင်း၊ စွပ်စွဲခြင်း၊ ထိုခဏသိခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာသာ ထူး၏။

ဝတ္ထု။ ၂သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် တပါးသော ရဟန်းတို့ကို အရင်းမရှိသော သံဃာဒိသိသ်ဖြင့် စွပ်စွဲကုန်၏။ (မိမိတို့ အပြစ်ရှိကြသဖြင့် ငါတို့ကို မစောဒနာမီဟု ကာကွယ်လို၍ စွပ်စွဲကုန်၏။) ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၄-သဉ္စိစ္စ။ ။ယော ပန ဘိက္ခု။ ဘိက္ခုဿ၊ အား။ သဉ္စိစ္စ၊ တကွအားထုတ်၍။ ကုက္ကုစ္စံ၊ အလိုလိုကို။ ဥပဒဟေယျ၊ ဖြစ်စေငြားအံ့။ ဣတိ၊ ဤသို့ ဖြစ်စေခြင်းဖြင့်။ အဿ၊ ထိုရဟန်းအား။ မုဟုတ္တမ္ပိ၊ တခဏမျှလည်း။ အဖာသု၊ မချမ်းသာခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ ဧတဒေဝ၊ ထိုမချမ်းသာစေလိုခြင်းကိုသာ လျှင်။ ပစ္စယံ ကရိတွာ။ အနညံ။ ကုက္ကုစ္စံ။ ဥပဒဟေယျ။ တဿ။

အဓိပ္ပါယ်။ ။သင်သည် အသက် ၂၀-မပြည့်ပဲ ရဟန်းပြုယောင်တကား။ နေလွှဲ ညစာစားဟန်တူသည်။ ဤသို့ စသည်ဖြင့် ဆိုခြင်းသည် ကုက္ကုစ္စံ ဥပဒဟေယျ မည်၏။ ဥပ္ပာဒေယျနှင့် အနက် တူ၏။ လက်ဖျစ်ဆယ်တွက် တခဏ။ ဆယ်ခဏ တလယ။ ဆယ်လယ တမုဟုတ် မည်၏။ ပိသဒ္ဒါဖြင့် ခဏ လယကိုလည်း ယူအပ်၏။ ထိုကြောင့် သင့်သောအကြောင်းမရှိပဲ စိတ်မချမ်းမသာဖြစ်အောင် သံသယကုက္ကုစ္စ ဖြစ်စေသောစကားကို ဆိုအံ့၊ ကုက္ကုစ္စ မဖြစ်သော်လည်း ခွန်းတိုင်း ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ကုက္ကုစ္စ ဖြစ်စေခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္န၌ တိကဒုက္ကဋ်။ ကုက္ကုစ္စ ဖြစ်စေလို၍မဟုတ်၊ သက်သက် အကျိုးလိုလား၍ ဆိုအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းဖြစ်ခြင်း၊ မချမ်းသာစေလိုခြင်း၊ အလိုလိုဖြစ်အောင်ပြုခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန် စသည် အခြားမဲ့ သိက္ခာပုဒ်နှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် သတ္တရသဝဂ္ဂီတို့အား တကွအားထုတ်၍ ကုက္ကုစ္စဖြစ်အောင် ပြုကုန်၏။ ငါ့ရှင်တို့၊ အသက် ၂၀ မပြည့်သူ ရဟန်းမပြုရဟု ဘုရားရှင် ပညတ်သည်။ သင်တို့လည်း ၂၀-မပြည့်ကြသေး။ ရဟန်းဖြစ်ကြ၏လောဟု ဆိုကုန်၏။ သတ္တရသဝဂ္ဂီတို့ ငိုကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**ဂ-ဥပဿုတိ။** ။ယော ပန ဘိက္ခု။ ဘဏ္ဍနဇာတာနံ၊ ဖြစ်သော တိုးတိုးတိုင်ပင်ခြင်း ရှိကုန်သော။ ကလဟဇာတာနံ၊ ဖြစ်သော ခိုက်ရန်ရှိကုန်သော။ ဝိဝါဒါပန္နာနံ၊ ငြင်းခုံခြင်းသို့ ရောက်ကုန်သော။ ဘိက္ခူနံ၊ တို့၏။ ဥပဿုတိံ၊ စကားကြားလောက်ရာအနီး၌။ တိဋ္ဌေယျ၊ တည်ငြားအံ့။ ယံ၊ အကြင်စကားကို။ ဣမေ၊ ဤရဟန်းတို့သည်။ ဘဏိဿန္တိ၊ ဆိုကုန်လတ္တံ့။ တံ၊ ထိုစကားကို။ သောဿာမိ၊ နားထောင်အံ့။ ဣတိ၊ ဤသို့။ ဧတဒေဝ၊ ထိုသူတို့၏စကား ကြားလိုခြင်းကိုသာလျှင်။ ပစ္စယံ ကရိတွာ။ အနညံ၊ တိဋ္ဌေယျ။ တဿ။

**အစိပ္ပာယ်။** ။ငြင်းခုံသော အမိကရုဏ်း ဖြစ်ခြင်းရှိသော ရဟန်းတို့သည် ဘဏ္ဍနဇာတတို့ မည်ကုန်၏။ ကလဟဇာတ၊ ဝိဝါဒါပန္နတို့လည်း မည်ကုန်၏။ အထူးကား တိုးတိုးတိုင်ပင်ခြင်းသည် ဘဏ္ဍန။ ခိုက်ရန်ဖြစ်ခြင်းသည် ကလဟ။ ထိုနှစ်ပါးဖြင့် တိုးပွားသော ငြင်းခုံခြင်းသည် ဝိဝါဒ မည်၏။ ကြားအပ်သောစကားသည် သုတိမည်၏။ ထိုစကား၏ အနီးနေရာသည် ဥပဿုတိ မည်၏။ (သုယျတေတိ သုတိ။ သုတိယာ သမီပံ ဥပဿုတိ။ တနည်းကပ်၍ နားထောင်ရာအရပ်သည် ဥပဿုတိမည်၏။ (ဥပဂန္တွာ သုယျတေ ဧတ္ထာတိ ဥပဿုတိ။) အကြောင်းတပါးမရှိပဲ "ဤသူတို့၏စကားကိုကြားရလျှင် အပြစ်တင်မည်၊ အရှက်ကွဲအောင်ပြုမည်" ဟု ကြားလောက်ရာ အနီးသို့ သွားအံ့။ တနည်း-ရှေ့မှ သွားသူတို့၏ စကားကို ကြားလို၍ မြန်မြန်သော်လည်း လိုက်အံ့၊ နောက်မှလိုက်သူတို့၏ စကားကို ကြားလို၍ နှေးနှေးသော်လည်း သွားအံ့၊ ချန်၍သော်လည်း နေအံ့၊ ခြေလှမ်းတိုင်း ဒုက္ကဋ်။ ကြားလောက်ရာ၌ ရပ်အံ့၊ ပါစိတ်။ မိမိရှိရာသို့လာ၍ တိုင်ပင်ကုန်အံ့၊ ချောင်းဟန့်အပ်၏။ ငါ ဤ၌ ရှိသည်ဟု သိအောင်သော်လည်း ပြုအပ်၏။ မပြုပဲ နားထောင်အံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ စကားကြားရာအနီး၌ နေခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်။ အနုပသမ္ပန္န၌ တိကဒုက္ကဋ်။ ဤရဟန်းတို့၏ စကားကိုကြားလျှင် ရှောင်နိုင်၊ ကြဉ်နိုင်၊ ငြိမ်းစေနိုင်၊ မိမိကိုယ်ကို လွတ်စေနိုင်လတံ့ဟု သွားအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းတို့ဖြစ်ခြင်း၊ စောဒနာလိုခြင်း၊ နားထောင်ခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ ထေယျသတ္ထ သမုဋ္ဌာန်။ သိယာကြိယ သိယာအကြိယ၊ သညာ

ဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကံ ဝစီကံ၊ အကုသလစိတ္တ၊ ဒုက္ခ ဝေဒနဖြစ်၏။ (ရူပိယ၊ အညဝါဒ၊ ဥပဿုတိ၊ ဤသိက္ခာပုဒ် သုံးခုသည် တဖြတ်ထည်းဖြစ်၏။ ရံခါကြိယကြောင့် ရံခါအကြိယကြောင့် ဖြစ်၏။

အညဝါဒ၊ ရူပိယ၊ ဥပဿုတိ-တဖြတ်တည်း။

**ဝတ္ထု**။ ။သာဝတ္ထိ။ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် သီလကို ချစ်ကုန်သော ပေသလ ရဟန်းတို့နှင့် ငြင်းခုံကြကုန်၏။ ပေသလ ရဟန်းတို့သည် ငါ့ရှင်တို့၊ ဤဆဗ္ဗဂ္ဂီတို့သည် အလဇ္ဇီတို့ ဖြစ်ကုန်၏။ ငြင်းခုံခြင်းငှာ မတတ် ကောင်းဟု (ကွယ်ရာ၌) တိုင်ပင်စကား ဆိုကုန်၏။ ဆဗ္ဗဂ္ဂီတို့က အဘယ့်ကြောင့် ငါတို့ကို အလဇ္ဇီဟု ဆိုကုန်သနည်းဟု ဆိုကုန်၏။ သင်တို့အဘယ်နေရာ၌ ကြား ကြသနည်းဟု မေးလတ်သော် သင်တို့၏စကား ကြားလောက်ရာနေရာ၌ နေ၍ ကြားကြသည်ဟု ဆိုကုန်၏။ ဤဆဗ္ဗဂ္ဂီတို့သည် တိုးတိုးတိုင်ပင်သော ရဟန်း တို့၏စကား ကြားလောက်ရာအနီး၌ နေကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၉-ကမ္မပဋိဗာဟန**။ ။ယော ပန ဘိက္ခု။ ဓမ္မိကာနံ၊ တရားအား လျော်ကုန်သော။ [ဓမ္မဝိနယ သတ္ထုသာသနဖြင့် ပြုအပ်ကုန်သော ဟူလို။] ကမ္မာနံ၊ ကံတို့အား။ ဆန္ဒံ၊ ဆန္ဒကို။ ဒတွာ၊ ပေး၍။ ပစ္ဆာ၊ နောက်၌။ ခီယနဓမ္မံ၊ ရှုတ်ချခြင်းသဘောသို့။ အာပဇ္ဇေယျ။ တဿ။

**အဓိပ္ပာယ်**။ ။ဓမ္မဝိနယ သတ္ထုသာသနဖြင့် ပြုအပ်သော အပလောကန စသောကံလေးပါးသည် ဓမ္မိက ကမ္မမည်၏။ အမှုဖြင့်ပြုသည်၊ ဝဂ္ဂဖြင့် ပြုသည်၊ ကံမထိုက်သူအား ပြုသည်ဟု အပြစ်ဆိုခြင်းသည် ခီယနပည်၏၊ ဓမ္မိက ကံတို့အား ဆန္ဒပေးပြီးမှ နောက်၌ ရှုတ်ချအံ့၊ ခွန်းတိုင်း ပါစိတ်။ ဟုတ်မှန်သော ဝတ္ထုသည် မေ့။ စေဒနာပေးခြင်း၊ သာရဏာ အောက်မေ့ မေ့ခြင်းသည် ဝိနယ။ ဥတ်အပ်ပြည့်စုံခြင်း၊ ကမ္မဝါစာမပြည့်စုံခြင်းသည် သတ္ထု သာသနမည်၏။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ရှုတ်ချခြင်းကြောင့် ပညတ်၏။ သာဓာရ၊ အနာဏတ္တိကာ။ ကာယကံ၌ ဝေဝေတိကာ ဒုက္ကဋ်။ အမေ့ကံ၌ ဒိကဒုက္ကဋ်။

အာဓမ္မကံဟု မှတ်ထင်၍ ရှုတ်ချအံ့၊ အဓမ္မဖြင့်လည်းလောင်း၊ ဝဂ္ဂဖြင့်လည်း ကောင်း၊ ကံမထိုက်သူအားလည်းကောင်း ပြုသည်ဟုသိ၍ ရှုတ်ချအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

မမ္မကံဖြစ်ခြင်း၊ ဓမ္မကံဟု မှတ်ထင်ခြင်း၊ ဆန္ဒပေးပြီးဖြစ်လျက် ရှုတ်ချခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့်တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် အနာစာရ ကျင့်ကုန်၏။ ကံပြုသောအခါ တဦးအတွက် တဦးထားကုန်၏။ အခါတပါး ကိစ္စတခုဖြင့် သံဃာစည်းဝေး၏။ ဆဗ္ဗဂ္ဂီတို့သည် သင်္ကန်းချုပ်ကြသဖြင့် ရဟန်းတပါးအား ဆန္ဒပေး၍ စေလွှတ်ကုန်၏။ သံဃာသည် ဤဆဗ္ဗဂ္ဂီတပါးတည်းကို ကံပြုကြစို့ဟု ဆိုကုန်၏။ ဆဗ္ဗဂ္ဂီတို့သိသောအခါ ဤသို့ကံပြုရန် ငါတို့ဆန္ဒပေးသည်မဟုတ်၊ ငါတို့သိလျှင် ဆန္ဒမပေးကုန်ဟု ဆိုကုန်၏။ ဆဗ္ဗဂ္ဂီတို့သည် ဓမ္မိက ကံတို့အား ဆန္ဒပေးပြီးဖြစ်လျက် ရှုတ်ချကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

## ကံလေးပါးဌာန မှတ်ဖွယ်

မဟာဝိနယ သတ္တုသာသနဖြင့် ပြုသော ကံသို့သည် အပလောကနကံ၊ ဉတ္တိကံ၊ ဉတ္တိဒုတိယကံ ဉတ္တိစတုတ္ထကံဟူ၍ လေးပါးရှိကုန်၏။ ထိုတွင် ညီညွတ်သော သံဃာ၏ အလိုအားဖြင့် ထိုဆိုအကြောင်းအရာ ဖော်ပြော၍ ရုစ္စတိ သံဃဿဟု သုံးကြိမ်ပန်ကြား၍ ပြုသောကံသည် အပလောကနကံမည်၏။ ညီညွတ်သောသံဃာဟူသည် သိမ္မဋ္ဌကသံဃာကို သုတ်သင်၍ ဆန္ဒထိုက်သော ရဟန်းတို့၏ ဆန္ဒကိုဆောင်၍ တသိမ်တည်း ဟတ္ထပါသ်တွင်း တည်သော စိတ်ဆန္ဒတူသော သံဃာဖြစ်၏။ ရှေးအတူ သမဂ္ဂသံဃာ၏ အလိုအားဖြင့် ဉတ်တကြိမ်ဖြင့် ပြုသောကံသည် ဉတ္တိကံ။ ဉတ်တကြိမ် ကမ္မဝါစာတကြိမ်ဖြင့် ပြုလျှင် ဉတ္တိဒုတိယကံ။ ဉတ်တကြိမ် ကမ္မဝါစာ သုံးကြိမ်ဖြင့်ပြုလျှင် ဉတ္တိစတုတ္ထကံမည်၏။

**အပလောကန ငါးဌာန။** ။ထိုတွင် အပလောကနကံသည် ငါးဌာနသို့ရောက်၏။ ဩသာရဏာ- သွင်းကြောင်းကံ။ နိဿာရဏာ- နှင်ထုတ်ကြောင်းကံ။ ဘဏ္ဍုကမ္မ၊ ရှင်လောင်းဆံရိတ်ခြင်း။ ဗြဟ္မဒဏ်၊ ဗြဟ္မဒဏ်ပေးခြင်း။ ကမ္မလက္ခဏာ၊ မှတ်အပ်သော လက္ခဏာရှိသောကံ၊ ဤငါးဌာနသို့ ရောက်၏။

သွင်း—ထုတ်—ဗြဟ္မဒဏ်၊ လက်-ခရိတ်ဆံ၊ အပန်-ငါးဌာန။

ကဏှက သာမဏေအားကဲ့သို့ မိစ္ဆာအယူရှိသူအား ဒဏ္ဍကမ္မနာသနဖြင့် နှင်ထုတ်ခြင်းသည် နိဿာရဏ မည်၏။ ထိုသို့သောသူ ကောင်းစွာကျင့်သဖြင့် သံဃာ့ဘောင်သို့ သွင်းခြင်းသည် ဩသာရဏာ မည်၏။ ရှင်လောင်းဆံရိတ် ခြင်းကို သိမ်တွင်းရှိ သံဃာအား ပန်ကြားခြင်းသည် ဘဏ္ဍုကမ္မ မည်၏။ ဥပစာရကွင်း ပန်လျှင်လည်း အပ်သည်။ ရှင်ဆန္နအား ဗြဟ္မဒဏ် ပေးရ မည်ဟူသော မိန့်ခွန်းတော်နှင့်အညီ ရှင်ဆန္နကဲ့သို့ နှုတ်ထွက်ကြမ်းသော ရဟန်းအား မြင့်မြတ်သောဒဏ်ကို ပေးခြင်းသည် ဗြဟ္မဒဏ်မည်၏။ ဗြဟ္မဒဏ် ပေးပုံကား "ဤရဟန်းသည် နှုတ်ကြမ်း၏။ အလိုရှိရာ ပြောပါစေ၊ ရဟန်းတို့ သည် မပြောအပ်၊ ဆုံးမကံမြစ်ခြင်း မပြုအပ်၊ အရှင်ဘုရားတို့ "မဆုံးမအပ်" ဟု သံဃာကို ပန်ကြားပါ၏။ ဤရဟန်းအား ဗြဟ္မဒဏ်ကို ပေးခြင်းကို သံဃာ သည် နှစ်သက်အပ်၏" ဤသို့ သမဂ္ဂသံဃာ၌ သုံးကြိမ်ပန်ကြားရသည်။ ဤသို့ ဗြဟ္မဒဏ်ပေးခြင်းခံရမှ ရှင်ဆန္န ရဟန္တာဖြစ်သည်။

**ကမ္မလက္ခဏ**။ ။မှတ်အပ်သောကံသည် ကမ္မလက္ခဏ မည်၏။ မှတ်ပုံကား-ဘိက္ခုနီတို့အား ပေါင်လှန်ပြခြင်း စသည်ပြုသော ရဟန်းကို အဝန္ဒိယကံ ခွင့်ပြုသည်။ ထို့ကြောင့် ဘိက္ခုနီတို့သည် "ရှင်မတို့၊ ဤမည်သောရဟန်း သည် ဘိက္ခုနီတို့အား မကြည်ညိုဖွယ် အမူအရာကိုပြသည်။ ဤရဟန်းအား ရှိမခိုးခြင်းကို ဘိက္ခုနီသံဃာသည် နှစ်သက်အပ်၏" ဤသို့ ဘိက္ခုနီကျောင်းတိုက် ၌နေ၍ ပြုအပ်၏။ ဤ အဝန္ဒိယကံသည် ထိုရဟန်းအဟွက် မှတ်သားအပ်သော ကံဖြစ်၏။ သွင်းခြင်းထုတ်ခြင်း စသည်မဟုတ်၊ ထို့ကြောင့် ကမ္မလက္ခဏ မည်၏။ ဤကံကို ဘိက္ခုနီအရင်းခံ ပညတ်သော်လည်း ဘိက္ခုတို့အားလည်း ရနိုင်သည်။ သင်္ကန်းခိုးသူ လုသောရဟန်း၊ ဂိလာန၊ ဗဟုဿုတ၊ သံဃာ့ဝန်ဆောင် စသည် တို့အား သင်္ကန်း၊ ဆေး၊ ကျောင်းတို့ကို ပေးလိုက်နှင့်အံ့၊ သုံးသင့်သော ရွက်၊ ညွန့်၊ ပွင့်၊ သီး စသည်ကို သုံးလိုက်နှင့်အံ့၊ ပယ်သင့်သော အရိပ်ပင်၊ သီးပင်တို့ကို ပယ်လိုက်နှင့်အံ့၊ ဆွမ်း သင်္ကန်း ဆေးအထွက် လှူသော ပစ္စည်းဖြင့် ကျောင်း ပြုပြင်လိုက်နှင့်အံ့၊ ကြွင်းသော မမှိက ကတိကဝတ်တို့ကို ပြုလိုက်နှင့်အံ့၊ ကြိမ် ပန်ကြား၍ အပလောကနကံဖြင့် ပြုအပ်ကုန်၏။ ဤကံအားလုံးသည် ကမ္မ လက္ခဏသို့သာ ဝင်၏။

**ဥတ်ကိုးဌာန**။ ။ဥတ္တိကံသည် ကိုးဌာနသို့ ရောက်၏။ ဩသာရဏာ-သွင်း ကြောင်းကံ။ နိဿာရဏာ- နှင်ထုတ်ကြောင်းကံ ။ ဥပေါသထ—

ဥပုသ်ကံ ။ ပဝါရဏံ–ပဝါရဏာကံ (၄)၊ သမ္မုတိ–သမုတ်ကြောင်းကံ။ ဒါနံ–ပေးကြောင်းကံ။ ပဋိဂ္ဂဟံ– ခံယူသောကြောင်း ကံ (၃) ပစ္စုက္ကစုနံ–ငင်ကြောင်းကံ၊ ကမ္မလက္ခဏံ–မှတ်အပ်သောကံ (၂)၊ ဤ ကိုးဌာနသို့ ရောက်၏။

သွင်း–ထုတ်–ပ–ဥ–¹၊ ပေး–ခံ–မွု²၊ ငင်မှု–လက် ³–ဉ တ်ကိုး။

သုဏာတု မေ။လ။ နာဂေါ အာဂစ္ဆေယျ။ အာဂစ္ဆာ ဟိတိ ဝတ္တဗ္ဗော။ ဤသို့ ရဟန်းလောင်းကို သွင်းခြင်းသည် ဩသာရဏာ မည်၏။ သုဏာန္တု မေ အာယသ္မန္တာ၊ အယံ ဘိက္ခု ဓမ္မကထိကော။ လ။ ဂူပသမေယျာမ။ ဤသို့ သမထက္ခန္ဓက ဥဗ္ဗာဟိကဝိနိစ္ဆယ၌ ဓမ္မကထိကကို နှင်ထုတ်ခြင်းသည် နိဿာရဏာ မည်၏။ သုဏာတု မေ။လ။ ဥပေါသထံ ကရေယျ။ ဤသို့ ဥပုသ်ကံစွမ်းဖြင့် ဉ တ်ထားခြင်းသည် ဥပေါသထ မည်၏။ သုဏာတု မေ။ လ။ ပဝါရေယျ။ ဤသို့ ပဝါရဏာဉ တ်ထားခြင်းသည် ပဝါရဏာ မည်၏၊ (၄)၊ သုဏာတုမေ။ လ။ အဟံ နာဂံ အနုသာသေယျံ။ ဤသို့ ပဥ္စင်းလောင်းဆုံးမရန် သမ္မုတိဉ တ်ထားခြင်းသည် သမ္မုတိ မည်၏။ သုဏာတု မေ စသည်ဖြင့် စွန့်သော သပိတ်သင်္ကန်းစသည်ကို ပေးခြင်းသည် ဒါနမည်၏။ သုဏာတု မေ။ လ။ပဋိဂ္ဂဏှေယျံ။ ဤသို့ ဉ တ်ထား၍ ပဿသိ–ဟုဆို၍ အာမ ပဿာမိဟု ဆိုလတ်သော် အာယတိံ သံဝရေယျာသိ–ဟု ဆို၍ အာပတ်ကိုခံခြင်းသည် ပဋိဂ္ဂဟ မည်၏။ (၃) သုဏာန္တု မေ။ လ။ အာဂမေ ကာလေ ပဝါရေယျာမ။ ဤသို့ ပြုသော ပဝါရဏာငင်ခြင်းသည် ပစ္စုက္ကစုန မည်၏။ တိဏဝတ္ထာရက သမထ၌ အားလုံးသိမ်းကျုံးသောဉ တ်နှင့် တပက္ခ တဉ တ်စီအားဖြင့်လာသော သုံးခုသော ဉ တ်သည် ကမ္မလက္ခဏာ မည်၏။ (၂)

ဉ တ္တိဒုတိယ ခုနစ်ဌာန။ ။ဉ တ္တိဒုတိယကံသည် ခုနစ်ဌာနသို့ ရောက်၏။ဩသာရဏံ–သွင်း။ နိဿာရဏံ–ထုတ်။ သမ္မုတိ - သမုတ်။ ဒါနံ–ပေးခြင်း(၄)၊ ဥဒ္ဒါရံ–နုတ်ကြောင်းကံ၊ ဒေသနံ -ပြောကြားကြောင်းကံ။ ကမ္မလက္ခဏံ–မှတ်(၃)–ဤခုနစ်ဌာနသို့ ရောက်၏။

သွင်း–ထုတ်–ပေး–သမုတ်¹၊ ပြော–လက်–နုတ်²၊ ဉ တ်ဒုက်–ခုနစ်ဌာန်။

အပ်ါရှစ်ပါး တပါးပါး လွန်ကျူးသော ဒါယကာအား သပိတ်မှောက်ခြင်းသည် နိဿာရဏာ။ ကောင်းစွာကျင့်၍ သပိတ်လှန်ခြင်းသည် ဩသာရဏာ။

သိမ်သမုတ်ခြင်း၊ တိစီဝရိက်နှင့် မကင်းသော သမုတ်ခြင်းစသည်သည် သမ္မုတိ။ ကထိန်သင်္ကန်းပေးခြင်း၊ မတကသင်္ကန်းပေးခြင်းသည် ဒါန (၄)၊ ကထိန်နုတ်ခြင်းသည် ဥဒ္ဓါရ။ ကုဋိနေရာ၊ ဝိဟာရနေရာ ပြောကြားခြင်းသည် ဒေသနာ။ တိဏဝတ္ထာရက သမထ၌ တပက္ခ တခုစီအားဖြင့် ဉတ္တိဒုတိယ ကမ္မဝါစာ။ မောဟကံတင်ခြင်း စသည်တို့၌ ဉတ္တိဒုတိယ ကမ္မဝါစာသည် ကမ္မလက္ခဏာ မည်၏။ (၃)။

**သမ္မုတိ ၁၅-ပါး။** ။သိမာ သမ္မုတိ၊ တိစီဝရေန အဝိပ္ပဝါသ သမ္မုတိ၊ သန္ထတ၊ ဘတ္တုဒ္ဒေသက၊သေနာသနဂ္ဂါဟာပက (၅)၊ ဘဏ္ဍာဂါရိက၊ စီဝရပဋိဂ္ဂါဟက၊ ယာဂုဘာဇက၊ ဖလဘာဇက၊ခဇ္ဇဘာဇက (၅)၊ အပ္ပမတ္တကဝိဿဇ္ဇက၊ သာဋိယဂ္ဂါဟာပက၊ မိုးရေခံ ခံစေသော သမ္မုတိ၊ ပတ္တဂ္ဂါဟာပက၊အာရာမိက ပေသက၊ သာမဏေရ ပေသက သမ္မုတိ(၅) ဤသို့ သမ္မုတိ ၁၅-ပါး ပြသည်။

**ဥတ္တိစတုတ္ထ ခုနစ်ဌာန။** ။ဉတ္တိစတုတ္ထကံသည် ခုနစ်ဌာနသို့ ရောက်၏။သြသာရဏံ-သွင်း၊ နိဿာရဏံ-ထုတ်၊ သမ္မုတိ-သမုတ်၊ ဒါနံ-ပေး(၄)၊ နိဂ္ဂဟံ- နှိပ်ကြောင်းကံ၊ သမနုဘာသနံ - ဆုံးမကြောင်းကံ၊ ကမ္မလက္ခဏံ(၃)-မှတ်၊ ဤခုနစ်ဌာနသို့ ရောက်၏။

သွင်း-ထုတ်-ပေး-မှု၊ နှိပ် လက် နှ၊ စတု-ခုနစ်ဌာန်။

တဇ္ဇနီယကံစသော ခုနစ်ပါးသောကံတို့၏ အစွမ်းဖြင့် ဉတ္တိစတုတ္ထကံသည် နိဿာရဏာသို့ ရောက်၏။ (တဇ္ဇနီယ၊ နိယဿ၊ ပဗ္ဗာဇနီယ၊ ပဋိသာရဏီယ၊ တိဝိဓ-ဥက္ခေပနီယ) ကောင်းစွာကျင့်၍ ထိုကံခုနစ်ပါး ငြိမ်းခြင်းသည် သြသာရဏာ။ ဘိက္ခုနောဝါဒ သမုတ်ခြင်းသည် သမ္မုတိ။ ပရိဝါသ်မာနတ် ပေးခြင်းသည် ဒါန(၄)၊ မူလာယ ပဋိကဿနာသည် နိဂ္ဂဟ။ သံဃာသင်းခွဲရန် လုံ့လပြုသူ စသော ၁၁-ယောက်အား ဆုံးမခြင်းသည် သမနုဘာသန။ ဥပသမ္ပဒကံ၊ အဗ္ဘာနကံသည် ကမ္မလက္ခဏာ မည်၏(၃)။ (၁၁)ယောက်ကား ယာဝတတိယက ဘိက္ခုငါး၊ ဘိက္ခုနီခြောက် ဖြစ်၏။ ဘိက္ခု ငါးကား သံဃာဒိသိသ်၌ (၄)၊ ပါစိတ်၌ အရိဋ္ဌ ရဟန်း (၁)။ ဘိက္ခုနီခြောက်ကား ပါရာဇိက၌(၁)၊ သံဃာဒိသိသ်၌(၈)၊ ပါစိတ်၌ စဏ္ဍကာဠီ(၁)။ ပေါင်း(၁၀)။ လေးပါး ထပ်သည်။ အားလုံးပေါင်း ၁၁-ယောက်ဖြစ်အောင် ပေါင်းနိုင်ရပည်။)

ပန္-ငါးဌာန၊ ဉတ်-နဝ၊ ဒု-စ-ခုနစ်စီ။

**စမ္မက်။** ။ဤကံလေးပါးတို့တွင် အပလောကနကံကို ပန်ကြား၍သာ ပြုရသည်။ ဉတ္တိကံ စသည်အစွမ်းဖြင့် မပြုရ။ ဉတ္တိကံကိုလည်း ဉတ်တကြိမ်ထား၍သာ ပြုရသည်၊ အပလောကန စသည်အစွမ်းဖြင့် မပြုရ။ ဉတ္တိဒုတိယကံကား ပန်၍ပြုအပ်၊ မပြုအပ် နှစ်မျိုးရှိ၏။သိမ်သမုတ်၊သိမ်နုတ်၊ကထိန်သင်္ကန်းပေး၊ ကထိန်နုတ်၊ ကုဋိရာကြား၊ ဝိဟာရရာကြား၊ ဤခြောက်ပါးသည် ဂရုကံဖြစ်၏။ ပန်ကြား၍မပြုရ။ ဉတ္တိဒုတိယ ကမ္မဝါစာဖတ်၍သာ ပြုရသည်။ ကြွင်းသော ထေရသ သမ္မုတိ၊ သေနာသနဂ္ဂါဟာပက၊ မတကစီဝရဒါန သမ္မုတိကံတို့ကား လဟုကံဖြစ်၍ ပန်ကြား၍သော်လည်းကောင်း၊ ဉတ္တိဒုတိယဖြင့်သော်လည်းကောင်း ပြုနိုင်၏။ ဉတ္တိကံစသည် အစွမ်းဖြင့် မပြုရ။ ဉတ္တိစတုတ္ထကံကိုလည်း မိမိလက္ခဏာ ဉတ္တိစတုတ္ထဖြင့်သာ ပြုရသည်။ ကြွင်းသောကံ စွမ်းဖြင့် မပြုရ။ ဤသို့ မိမိ၊ မိမိလက္ခဏာအားဖြင့်သာလျှင် ဝတ္ထု၊ ဉတ်၊ ကမ္မဝါစာ၊ သိမ်၊ ပရိသတ် ပြည့်စုံခြင်းဖြင့် ပြုအပ်သော ကံဟူသမျှသည် စမ္မကံ မည်၏။

**အသမ္မုခါကံ ရှစ်ပါး။** ။တမန်စေ၍ ဘိက္ခုနီ ရဟန်းပြုသောကံ၊ သပိတ်မှောက်ကံ၊ သပိတ်လှန်ကံ၊ ဗြဟ္မဒဏ်၊ ဥမ္မတ္တက သမ္မုတိ၊ သေက္ခသမ္မုတိ၊ ပကာသနီယကံ၊ အဝန္ဒိယကံ၊ ဤရှစ်ပါးသည် မျက်ကွယ်ပြုကံရှစ်ပါး မည်၏။

တမန်–မှောက်–လှန်[၃]၊ ဥမ်-သေက်-ဗြဟ်[၃]၊ ကာ်-ဝန်[၂] မျက်ကွယ်ရှစ်။

၁၀–ဆန္ဒအဒတွာဂမန။ ။ယော ပန ဘိက္ခု။ သံဃေ၊ သံဃာ၌။ ဝိနိစ္ဆယကထာယ၊ ဝိနိစ္ဆယ ကထာသည်။ ဝတ္တမာနာယ၊ ဖြစ်ဆဲဖြစ်လတ်သော်။ (ဝါ၊ ဖြစ်နေစဉ်။) ဆန္ဒံ၊ ဆန္ဒကို။ အဒတွာ၊ မပေးမူ၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ပက္ကမေယျ၊ ဖဲသွားငြားအံ့။ တဿ။

**အဝိပ္ပါယ်။** ။ဝတ္ထုကို ပြောကြားပြီး၍ မဆုံးဖြတ်ရသေးသောအခါသည်လည်းကောင်း၊ ဉတ်ထားပြီး၍ ကမ္မဝါစာ မပြီးသေးသော အခါသည်လည်းကောင်း သံဃာ၌ ဝိနိစ္ဆယကထာ ဖြစ်ဆဲ မည်၏။(စောဒက၊

စုဒိတကတို့ မိမိစကားဆိုပြီး၍ အနုဝိဇ္ဇကပုဂ္ဂိုလ် သမုတ်ပြီးသည်အထိ ဝတ္ထုကို ပြောကြားပြီးသော ဖြစ်သည်။) သံဃာ့အလယ်၌ ဝိနိစ္ဆယကထာ (နှစ်မျိုး တမျိုးမျိုး) ဖြစ်ဆဲတွင် ကံပျက်စေလို၍ ဆန္ဒမပေးပဲ ထသွားအံ့။ ဒုက္ကဋ်။ ပရိသတ်၏ ဟတ္ထပါသ်ကို စွန့်အံ့။ ဒုက္ကဋ်။ စွန့်ပြီးသော် ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရဟန်းတပါး ဆန္ဒမပေးပဲ ထသွားခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ဓမ္မကံ၌ ဝေမတိက ဒုက္ကဋ်။ အဓမ္မကံ၌ ဒွိက ဒုက္ကဋ်။ အဓမ္မကမ္မသညီ ဖြစ်အံ့၊ သံဃာအား ခိုက်ရန် စသည်ဖြစ်လတ္တံ့ဟု သိ၍ ဖဲအံ့။ အဓမ္မဖြင့်လည်းကောင်း၊ ဝဂ္ဂဖြင့် လည်းကောင်း၊ ကံမထိုက်သူအား လည်းကောင်း ကံပြုကုန်လတ္တံ့ဟု သိ၍ ဖဲအံ့၊ ဂိလာန ဖြစ်အံ့၊ ဂိလာနကိစ္စရှိအံ့၊ ကျင်ကြီးကျင်ငယ် နှိပ်စက်အံ့၊ ကံကို မဖျက်လိုပဲ ပြန်လာမည်ဟု သွားအံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။

ဝိနိစ္ဆယ ကထာဖြစ်ဆဲဖြစ်ခြင်း၊ ဓမ္မကံဖြစ်ခြင်း၊ ဓမ္မကံဟု မှတ်ထင်ခြင်း၊ သိမ်တခုတည်း၌ တည်ခြင်း၊ သမာနသံဝါသက ရဟန်းဖြစ်ခြင်း၊ ကံဖျက်လို၍ ဟတ္ထပါသ်စွန့်ခြင်း· ဤကား အင်္ဂါခြောက်ပါးတည်း။ သမနုဘာသနသမုဋ္ဌာန်၊ ကြိယာကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကံ ဝစီကံ၊ အကုသလစိတ္တ၊ ဒုက္ခဝေဒန ဖြစ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ သံဃာသည် ပြုဖွယ်ကိစ္စဖြင့် စည်းဝေး၏။ ဆဗ္ဗဂ္ဂီတို့သည် သင်္ကန်းချုပ်နေကြသဖြင့် ရဟန်းတပါးအား ဆန္ဒပေး၍ စေလွှတ်လိုက်ကုန်၏။ သံဃာသည် ကံပြုရန် ဉတ်ထားသောအခါ ထို ရဟန်းက ''ဤသို့သာလျှင် တယောက်ယောက်အား ကံပြုနေကြသည်။ အဘယ် သူအား ပြုကြဦးမည်နည်း''ဟုဆို၍ ဆန္ဒမပေးပဲ ထသွား၏။ သံဃာ၌ ဝိနိစ္ဆယ ကထာဖြစ်ဆဲ ဆန္ဒမပေးပဲ ထသွားသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ် သည်။

**၁၁-ဒုဗ္ဗလ။** ။ယော ပန ဘိက္ခု။ သမဂ္ဂေန။ သံဃေန၊ နှင့် တကွ။ စီဝရံ။ ဒတွာ။ ပစ္ဆာ။ ခိယျနဓမ္မံ။ အာပဇ္ဇေယျ။ ''ဘိက္ခု၊ ရဟန်းတို့သည်။ ယထာသန္ထုတံ၊ အကြင် အကြင်ချစ်ကျွမ်းဝင်သူအား။ သံဃိကံ။ လာဘံ။ ပရိဏာမေန္တိ၊ ညွတ်စေကုန်၏။'' ဣတိ။ ခိယျ နဓမ္မံ။ အာပဇ္ဇေယျ။ တဿ။ (ဒုဗ္ဗလသင်္ကန်းရှိသူအား သင်္ကန်းပေး သောကြောင့် ဒုဗ္ဗလသိက္ခာပုဒ် မည်၏။

အဂ္ဂိပွာယ်။ ။သမာန သံဝါသကဖြစ်သော သိမ်တူနေသော သံဃာသည် သမဂ္ဂသံဃာမည်၏။ သမဂ္ဂသံဃာနှင့်တကွ ကိုယ်တိုင်သင်္ကန်း ပေးခြင်းသည် စီဝရံဒတွာ မည်၏။ အဘယ်သူအား ပေးသည်ဟု မဆိုသော်လည်း ကျောင်းညွှန်းစသော သမ္မုတိရသော ရဟန်းအားဟု သိအပ်၏။ ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းသည် စီဝရ မည်၏။ အကြင်အကြင် ချစ်ကျွမ်းဝင်သောသူသည် ယထာသန္ထုတ မည်၏။ မိတ္တ- အဆွေခင်ပွန်း၊ သန္ဒိဋ္ဌ- မြင်ဘူးသောမိတ်ဆွေ၊ သမ္ဘတ္တ- ခိုင်မြဲသော မိတ်ဆွေ၊ ဥပဇ္ဈာယ်တူသူ၊ ဆရာတူသူဟု ပြ၏။ (သန္ထုဝီယတေတိ သန္ထုတော။ ယောယော သန္ထုတော ယထာသန္ထုတံ။ မျိုးမွမ်းအပ်သော အကြင် အကြင်သူ။) ကျောင်းညွှန်းစသော သမ္မုတိရ ရဟန်းအား သမဂ္ဂသံဃာနှင့်တကွ ကိုယ်တိုင် အဝတ်သင်္ကန်းပေးပြီး၍ ရှုတ်ချအံ့၊ ခွန်းတိုင်းပါစိတ်။

အဆုံးအဖြတ်။ ။ဓာဇကြိုဟ်၌ ဆဗ္ဗဂ္ဂီတို့ မမ္မကံဖြင့် သမ္မုတိရသောရဟန်းအား သင်္ကန်းပေး၍ ရှုတ်ချခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ အနာဏတ္တိက။ ဓမ္မကံ၌ တိကပါစိတ်။ သင်္ကန်းမှ တပါးသော လဟုဘဏ်၊ လဟုပရိက္ခာရကိုပေး၍ ရှုတ်ချအံ့၊ ဒုက္ကဋ်။ ဂရုဘဏ်၊ ဂရုပရိက္ခာရ ကိုကား မပေးအပ်။ အစိုးတရပေးသူ ထုလ္လစ္စည်း။ ခိုးပေးသူကို ဘဏ္ဍာဖိုးဖြင့် ဆုံးဖြတ်ရသည်။ သမ္မုတိမရသော ရဟန်းအား သင်္ကန်းကိုလည်းကောင်း၊ တပါးသော ပရိက္ခာရကိုလည်းကောင်း ပေး၍ရှုတ်ချအံ့၊ ဒုက္ကဋ်။ သမ္မုတိရ၊ မရ၊ သာမဏေ အားပေး၍ ရှုတ်ချအံ့၊ ဒုက္ကဋ်။ အဓမ္မကံ၌ ဒိကဒုက္ကဋ်။ ပကတိအားဖြင့် အဂတိ လိုက်သည်ကိုမြင်၍။ "ထိုရဟန်းအားပေး၍ အဘယ်အကျိုးရှိအံ့နည်း၊ ရသော်လည်း ဖျက်လတ္တံ့၊ ကောင်းစွာ မသုံးဆောင်လတ္တံ့"ဟု ရှုတ်ချအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းဖြစ်ခြင်း၊ တရားသဖြင့် သမ္မုတိရခြင်း၊ သံဃာနှင့်အတူတကွ ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းကိုပေးခြင်း၊ နောက်၌ရှုတ်ချလို၍ ရှုတ်ချခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့်တူ၏။ ဒုက္ခဝေဒနသာ တူ၏။

ဝတ္ထု။ ။ဓာဇကြိုဟ်၊ ဝေဠုဝန်၊ ဒဗ္ဗသည် သံဃာအား ကျောင်းညွှန်း၏။ ဆွမ်းညွှန်း၏။ သင်္ကန်းသည် "ဒုဗ္ဗလ"ဖြစ်၏။ တနေ့၌ သံဃာအား သင်္ကန်းတထည်ဖြစ်၏။ သံဃာသည် ထိုသင်္ကန်းကို ဒဗ္ဗအား ပေး၏။ ဆဗ္ဗဂ္ဂီ

တို့သည် ကဲ့ရဲ့ကုန်၏။ "ရဟန်းတို့သည် ယထာသန္တုတံ အကြင် အကြင်ချီး မွမ်းအပ်သောသူကို ဝါ၊ ချစ်ကျွမ်းဝင်သူအား လျော်စွာ သံဃိကလာဘ်ကို ညွတ်စေကုန်၏။" ဟု ကဲ့ရဲ့ရှုတ်ချကုန်၏။ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီတို့သည် သမဂ္ဂ သံဃာနှင့် အတူတကွ သက်န်းပေးပြီးလျှက် နောက်၌ ရှုတ်ချခြင်းသဘောသို့ ရောက်ကုန်သနည်းဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

## ဂရုဘဏ်မှတ်ဖွယ်

ဂရုဘဏ်ဟူသည် အာရာမ- အရံ၊အာရာမဝတ္ထု- အရံရာ၊ ဤနှစ်ပါးသည် ပဌမအစုမည်၏။ ဝိဟာရ-ကျောင်း၊ ဝိဟာရဝတ္ထု- ကျောင်းရာ၊ ဤနှစ်ပါး သည် ဒုတိယအစုမည်၏။ မဉ္စ- ညောင်စောင်း၊ ပီဌ-အင်းပျဉ်၊ ဘိသိ-ဘုံလျှို၊ ဗိမ္ဗောဟန-ခေါင်းအုံး၊ဤလေးပါးသည် တတိယအစုမည်၏။ လောဟကုမ္ဘီ- ကြေးအိုး၊ လောဟ ဘာဏက-ကြေးအိုးစရည်း၊ လောဟဝါရက—ကြေးအင် တွဲ၊ လောဟကဋာဟ-ကြေးဖျဉ်းအိုး၊ ဝါသိ-ပဲခွပ်၊ ပရသု-ပုဆိန်၊ ကုဌာရီ- ဓားမ၊ ကုဒါလ- ပေါက်တူး၊ နိခါဒန-ဆောက်၊ ဤကိုးပါးသည် စတုတ္ထအစု မည်၏။ ဝလ္လိ-နွယ်၊ ဝေဠု- ဝါး၊ မုဉ္စ-ဖြူဆံမြက်၊ ပဗ္ဗဇ- ပြိတ်မြက်၊ တိဏ- ကြွင်းသောမြက် သက်ကယ်၊ မတ္တိကာ- မြေညက်၊ ဒါရုဘဏ္ဍ- သစ်ဘဏ္ဍာ၊ မတ္တိကာဘဏ္ဍ-မြေဘဏ္ဍာ၊ဤရှစ်ပါးသည် ပဉ္စမအစု မည်၏။ဤ ါးစု (၂၅-ခု) သည် သံဃာ့ဥစ္စာဖြစ်အံ့၊ သံဃာ၊ ဂိုဏ်း၊ ပုဂ္ဂိုလ်တို့သည် မစွန့်အပ်၊ မဝေ ဖန်အပ်။ စွန့်၊ ဝေဖန်သော်လည်း စွန့်ခြင်း၊ ဝေဖန်ခြင်းမဖြစ်။ သံဃိက ဂရုဘဏ် မပျက်စကောင်း။

နှစ်-နှစ် လေးခု၊ ကိုး-ရှစ်ခု၊ ဂရု-နှစ်ဆယ့်ငါး။

မစွန့်အပ် မဝေဖန်အပ်သော်လည်း နည်းတပါးကို ဤသို့ သိအပ်သေး ၏။ သံဃာအား ကျေးဇူးများလတ္တံ့ကို မှတ်သား၍ အပ်သောနည်းဖြင့် လဲလှယ်လျှင် အပြစ်မရှိ။ ထာဝရဖြင့် အထာဝရကို မလဲရ၊ ထာဝရကိုသာ လဲရသည်။ မ သုံးသပ်ကောင်းသော ဘဏ္ဍာ၊ ပဟဋ္ဌကပ္ပိယဘဏ္ဍာဖြစ်သော အထာဝရဖြင့် အထာဝရကိုလည်းကောင်း လဲရသည်။ ဒုဗ္ဘိက္ခအခါ ကျောင်း ကော င်းတို့ကို စောင့်ရှောက်ခြင်းငှာ ကျောင်းညံ့တို့ကို စွန့်လျှင် အပြစ်မရှိ။ စွန့်၍ သုံးဆောင်၍ ကျောင်းကောင်းကို စော ့ရှောက်နိုင်သည်။

ဤငါးစုတို့တွင် အစနှစ်ခုသည် ထာဝရဂရုဘာဏ်မည်၏။ နောက်သုံးစု အတာဝရ။ တနည်း အစသုံးခုသည် ဂရု ဂရုဘာဏ်မည်၏။ ဂရုဘာဏ်မလောက် ဟူ၍ မရှိ။ သံဃေဒိန္နဂရုဘာဏ်လည်း မည်၏။ နောက်နှစ်ခုသည် ဂရုဂရု ဂရု ဘာဏ်မည်၏။လောက်၊ မလောက် ရှိ၏။ ထို့ကြောင့် အစသုံးခု ခွဲဖွယ်မရှိ။

**စတုတ္ထစုကြေးအိုး။** ။ကြေးအိုး၊ ရေလှောင်အိုးသဏ္ဍာန် ကြေးအိုးစရည်း၊ ကြေးဖျဉ်းအိုး၊ဤသုံးခုသည် အယုဘ်ဆုံး ရေတလက် ဖက်မျှဝင်လျှင် ဂရုဘာဏ်ဖြစ်၏။ ကာဠလောဟ· ကြေးနက်၊ တမ္ဗ· ကြေးနီ၊ ဝဋ္ဋ-ကြေးခပ်ပြာ၊ ကြေးပုပ် ကြေးဝါ။ ကံသလောဟ· ကြေးဖြူ၊ ဤသို့သော ကြေးတို့ဖြင့် ပြုသော လောဟဝါရက ကြေးအင်တုံကား သီဟိုဠ်တပါဒဝင် လျှင် လဟုဘာဏ်၊ ထိုထက်ကြီးလျှင် ဂရုဘာဏ်ဖြစ်၏။ (ဝဋ္ဋ၊ ကံသကို ဝိဋ္ဌိ ပယ်သည်။) မဂဓနောဠိ ငါးစလယ်သည် သီဟိုဠ်တပါဒမည်၏ ကြေးအင်တုံ ဟူသည် ရေခပ်အိုး၊ ရေငင်အိုး ဖြစ်၏။ ကြေးလေးမျိုးတို့တွင် ဝဋ္ဋ၊ ကံသ နှစ်မျိုးသည် ကိတ္တိမလောဟ သုံးမျိုး၌ ပါဝင်၏။သုံးမျိုးကား တိပုနှင့် တမ္ဗ ရောလျှင် ကံသလောဟ—ကြေးဖြူ။ သီသနှင့် တမ္ဗရောလျှင် ဝဋ္ဋလောဟ· ကြေးခပ်ပြာ ကြေးပုပ် ကြေးဝါ။ရသကနှင့် တမ္ဗရောလျှင် အာရကူဋ—တေး။ ဤသုံးမျိုးသည် အကပ္ပိယလောဟ မည်၏။

**ကြေးဘဏ္ဍာ၊ သံဘဏ္ဍာ။** ။ပါဠိတော်လာ ကြေးအိုးလေးမျိုးမှတပါးသော ကြေး၊ သံ၊ ဘဏ္ဍာတို့တွင် ဘိင်္ဂါရ- ကရား၊ ပဋိဂ္ဂဟ- ပြည့်တွေး၊ ထွေးခံ၊ လက်ဆေးခံ။ ဥဠုင်္က- ရေမှုတ်၊ ဒဗ္ဗိ- ယောင်းမ၊ ကဋစ္ဆု- ယောက်ချို၊ ပါတိ- ရေတည်ခွက်၊ တဋ္ဋက-သောက်ရေခွက်ဖလား၊ သရက- ရေတကောင်း၊ ရေချိုင့်၊ သမုဂ္ဂ- ပန်းကပ်၊ ကလပ်၊ ကြုတ်။ အင်္ဂါရ ကပလ္လ- မီးမယ်ဖျူ၊ မီးအိုးကင်း၊ ဓူမကဋစ္ဆု—မီးမွှေယောင်းမ၊ဤသို့စသော သံ၊ ကြေးဘဏ္ဍာသည် ငယ်သော်လည်း (သုဒ္ဓ) ဂရုဘာဏ်သာတည်း။

အယောပတ္တ= သံသပိတ်၊ အယောထာလက= သံခွက်၊ တမ္ဗလောဟထာ လက= ကြေးနီခွက်။ ဤကား ဝေဖန်အပ်၏။

ကံသ လောဟ ဘာဇန ဝိကတိ - ကြေးဖြူခွက်အထူး။ ဝဋ္ဋလောဟဘာဇန ဝိကတိ- ကြေးခပ်ပြာ ကြေးဝါခွက်အထူး။ ဤခွက်တို့ကား သံဃိကသုံးဆောင် ခြင်းဖြင့် အပ်ကုန်၏။ လူတို့ ဥစ္စာတို့ဖြစ်လျှင်လည်း အပ်ကုန်၏။ ပုဂ္ဂလိက သုံး ဆောင်ခြင်းဖြင့် မအပ်ကုန်။ (ဂိဟိဝိကဋ နိဟာရ ဂရုဘာဏ်တည်း။)

ကပ္ပိယလောဟ - သံ၊ ကြေးနီ၊ ကြေးနက် ဘဏ္ဍာ၌ အဉ္ဇနိနာဠိ- မျက်စဉ်း ကျည်၊ အဉ္ဇနိသလာကာ- မျက်စဉ်းတံ၊ နတ္ထုဒါန-နှာနှတ်ဘံ၊ ကဏ္ဏမလ ဟရဏီ- နဖာချေး၊ သူစိ- အပ်၊ ခုဒ္ဒကပိပ္ဖလိက- လက်သည်းလှီးခါးငယ်။ ခုဒ္ဒက အာရကဏ္ဋက-အပ်နဖားထွင်းစူးငယ်၊ သပိတ်ထွင်းစူးငယ်၊ကုဉ္စိကာ-သံကောက်၊ တာဠ- မင်းတုပ်၊ ကတ္တရယဋ္ဌိဒဏ္ဍက- တောင်ဝှေးစွပ်သော သံကွင်း၊ ဘေဏ္ဍိပါသ- ခက်ရင်း၊ ဃနလောဟ-တခဲနက်ကြေးသံ၊ ဝိကတလောဟ- ပြု၍ မပြီးသေးသော ကြေးဘဏ္ဍာ သံဘဏ္ဍာ၊ ဤအလုံးစုံသည် ဝေဖန်အပ်၏။

မူမနေတ္တ- အခိုးထုတ်စရာ ပန်ဘု၊ ပြွန်၊ ခေါင်းတိုင်။ ဖာလ- ဖယင်း၊ ထယ်သွား။ ဒီပရုက္ခ- ဆီမီးတိုင်၊ ဒီပကပလ္လိက- ဆီမီးခွက်၊ ဩလမ္ဗကဒီပက ဆီမီးဆွဲ၊ ရူပက-ယောက်ျားရုပ်၊ မိန်းမရုပ်၊ တိရစ္ဆာန်ရုပ်။ အညဘဏ္ဍာ-ထိုမှ တပါးသော နံရံ အမိုး တံခါးရွက် စသည်၌ ထားသော ဘဏ္ဍာ။ အယုတ်ဆုံး လောဟခီလက သံတသင်းကို အစပြု၍ သံဘဏ္ဍာ၊ ကြေးဘဏ္ဍာ အားလုံးသည် ဂရုဘဏ်သာတည်း။ မိမိအလို့ငှာ ရသော်လည်း သွားလေရာ ယူဆောင်၍ ပုဂ္ဂလိက သုံးဆောင်ခြင်း မပြုအပ်။ သံဃိက သုံးဆောင်ခြင်းဖြင့် လည်းကောင်း၊ လူတို့ဥစ္စာဖြင့်သော်လည်းကောင်း အပ်၏။ သလွဲဘဏ္ဍာလည်း ဤအတူတည်း။ (အဋ္ဌနာလဒ္ဓ- သံဃိက ဂရုဘဏ် မည်၏။)

**ကျောက်ဘဏ္ဍာ။** ။ခီရပါသာဏ ဘဇ္ဇက ကျောက်ဖြူဖြင့်ပြီးသော သောက် ရေခွက်။ သရက-ကျောက်ဖြူခွက်ငယ်၊ ရေတကောင်း။ ဤသို့စသည်သည် (သုဒ္ဓ) ဂရုဘဏ်သာတည်း။

ဃဋ္ဋက- ကျောက်ဖြူကြာသွတ်အိုး၊ တေလဘာဇန- ကျောက်ဖြူဆီအိုး။ ဤဘဏ္ဍာတို့ကား တပါဒဝင်ထက်ကြီးလျှင် (ပါဒါဝိရေက) ဂရုဘဏ်တို့ ဖြစ်ကုန်၏။

**ရွှေ၊ ငွေဘဏ္ဍာ။** ။သုဝဏ္ဏဘာဇန-ရွှေခွက်၊ ရဇတဘာဇန-ငွေခွက်၊ အာရကူဋဘာဇန-(ကြေးနီ ပြဒါး စသည် ရောစပ်သော) ဘေးခွက်။ ဇာတိဖလိကဘာဇန-ဖန်စစ်ခွက်၊ ဤခွက်တို့ကား လူ့ဥစ္စာဖြစ်သော်လည်း အနာမာသဖြစ်၍ ပယ်ထိုက်သည်အပ်ကုန်။ သံဃိက ပုဂ္ဂလိကလည်း မဆောင်ကုန်။ ပြောင်းသုံးဖြစ်မှုကား အာမာသ၊ အနာမာသ အားလုံး အပ်၏။ ကိုင်၍ သုံးဆောင်ကောင်း၏။ (ယေနာသန ပရိဘောဂ ဂရုဘဏ် ဖြစ်ကုန်၏)

**ပဲခွပ်စသော ငါးပါး။** ။ပဲခွပ် စသည်တို့၌ ဒန်ပူဖြတ်ရုံ၊ ကြံခွံနွာရုံမျှ ပြုနိုင်သော ပဲခွပ်ငယ်သည် ဝေဖန်အပ်၏။ ကြီးသော အမှု ပြုနိုင်သော ပဲခွပ်ကြီးကား (သုဒ္ဓ) ဂရုဘဏ်ဖြစ်၏။ ပုဆိန်ကား ဆေးဆရာတို့ သွေးကြောဖောက်သော ပုဆိန်ငယ်သည်လည်း (သုဒ္ဓ)ဂရုဘဏ်ဖြစ်၏။ ဓားမလည်း ပုဆိန်ကဲ့သို့ (သုဒ္ဓ)ဂရုဘဏ်တည်း။ လက်နက်အသွင်ပြုသော ဓားမကား အနာမာသ မကိုင်အပ်။ ပေါက်တူးအရိုးတပ်သော ဆောက် ဟူသမျှ (သုဒ္ဓ)ဂရုဘဏ် ဖြစ်၏။ အရိုးမတပ် အသွားမျှဖြစ်၍ သင်ဓုန်းအိမ်၌ ထည့်ဆောင်နိုင်သော တံမြက်ရိုးထွင်း ဆောက်ငယ်ကား ဝေဖန်အပ်၏။ သိခရ-စူးကိုလည်း ဆောက်ဖြင့် ရေတွက်အပ်၏။ အရိုးမရှိလျှင် ဝေဖန်အပ်၏။

ကျောင်း၌ ပဲခွပ်စသည်ကို လူသူတို့က အိမ်မီးလောင်ခြင်း၊ လုယက်ခံရခြင်းတို့ကြောင့် ဥပက္ခရ ပဲခွပ်စသည်တို့ကို ပေးကြပါဦး၊ ပြန်၍ပို့ပါမည်ဟု ဆိုကုန်အံ့၊ ပေးအပ်ကုန်၏။ ပြန်ပို့လျှင် မတားမြစ်အပ်။ မပို့လျှင်လည်း မတောင်းအပ်ကုန်။

**ပန်းဘဲဘဏ္ဍာစသည်။** ။ကမ္မာရ-ပန်းဘဲ၊ တမ္ဗကာရ-ပန်းတဉ်း၊ ဇုန္ဒကာရ-ပန်းပွတ်၊ နဠကာရ-ကျူထရံသည်၊ မဏိကာရ-ရွှေထွင်းသမား၊ ကျောက်သွေးသမား၊ ပတ္တဗန္ဓက-သပိတ်ဖာသမား။ ဤသူတို့၏ အဓိကရဏီ-ပေ။ မုဋ္ဌိ-တူ။ သဏ္ဍာသ-ညှပ်၊ တုလာ-ချိန်။ ဤသို့စသော သံဘဏ္ဍာအားလုံးသည် သံဃာအား လှူသောအခါမှစ၍ (သံဃေ ဒိန္န) ဂရုဘဏ်ဖြစ်၏။

တိပုကောဋ္ဋက-သလွဲဖြတ်သမား၊ သုဝဏ္ဏကာရ-ရွှေပန်းထိမ်၊ စမ္မကာရ-သားရေနယ်သမား။ ဤသူတို့၏ အသုံးအဆောင် ဘဏ္ဍာတို့လည်း (သံဃေဒိန္န) ဂရုဘဏ်တို့သာတည်း။ အတူးကား-သတ္တက-သလွဲဖြတ်စရာ ရွှေဖြတ်စရာ သားရေဖြတ်စရာ အပြေအပြစ် ပြုသော ဓားငယ်တို့ကား ဝေဖန်အပ်ကုန်၏။

နှာပိတ-ဆတ္တာသည်၊ တုန္နကာရ-အပ်ချုပ်သမား။ ဤသူတို့၏ ဘဏ္ဍာတို့တွင် မဟာကတ္တရိ-ကတ်ကျေးကြီး၊ မဟာသဏ္ဍာသ-ညှပ်ကြီး၊ မဟာပိပ္ပလိက-သင်ဓုန်းကြီး။ ဤဘဏ္ဍာတို့ကား (သုဒ္ဓ)ဂရုဘဏ် ဖြစ်ကုန်၏။ ထိုမှကြွင်းသော ဘဏ္ဍာတို့ကား ဝေဖန်အပ်ကုန်၏။

**ပဥ္စမစု - နွယ်။** ။နွယ်စသည်တို့တွင် ဝေတ္တ-ကြိမ်၊ ဝလ္လိ - နွယ် စသည်သည် လက်ရုံးထက်ဝက်မျှ ရှိအံ့၊ သံဃာအား လှူသော်လည်း

ကောင်း၊ သံဃာ့မြေ၌ ပေါက်ရောက်သော်လည်းကောင်း စောင့်ရှောက်မှုသော ဂရုဘဏ် (ရက္ခိတဂရုဘဏ်)ဖြစ်၏။ သံဃာ့ကိစ္စ၊ စေတီကိစ္စ ပြုပြီး၍ ကျန်လျှင် ပုဂ္ဂလိကကိစ္စ၌ သုံးအပ်၏။ (လက်ရုံးထက်ဝက်ကား ကံဘောင်အစ်မှ ပခုံးစွန်းအထိ တထွာနှင့် လေးသစ်ဖြစ်၏။ လက်နှစ်ဖက်ဖြင့်ကား တသံ၏ ထက်ဝက်နှစ်တောင်ဖြစ်သည်ဟု ဝိမ္မိ၌ ထေရဝါဒကို ဆို၏။)

သုတ္တ ရဇ္ဇု-ချည်ကြိုး၊ မကစိဝါက-သင်ပန်းလျှော်ကြိုး၊ နာဠိကေရဟီရ-အုန်းဆံကြိုး၊ စမ္မရဇ္ဇုက-သားရေကြိုး၊ စမ္မယောတ္တ-သားရေဝရုန်းကြိုး။ ထိုမှတပါး လျှော်၊ အုန်းဆံတို့ဖြင့် ကျစ်သော တလွန်ကြိုး၊ နှစ်လွန်ကြိုးသည်လည်းကောင်း သံဃာ့ဥစ္စာဖြစ်လျှင် (သံဃဒိန္န) ဂရုဘဏ်ဖြစ်၏။ မကျစ်ဘဲ လျှော်သောချည်၊ သင်ပန်းလျှော်၊ အုန်းဆံတို့ကား ဝေဖန်အပ်ကုန်၏။ ထိုကြိုးလွန်တို့ကို လျှော်သူတို့က မိမိပြုဖွယ်ကိစ္စရှိ၍ ယူလျှင် မတားအပ်ကုန်။

**ဝေဠု-ဝါး။** ။ဝါးသည် အရှည်ရှစ်သစ်၊ လုံးပတ် ကညစ်ရိုးမျှရှိလျှင် သံဃာအား လှူသော်လည်းကောင်း၊ သံဃာ့မြေ၌ ပေါက်သော်လည်းကောင်း စောင့်ရှောက်မှုသော (ရက္ခိတ) ဂရုဘဏ်ဖြစ်၏။ သံဃာ့ကိစ္စ စေတီကိစ္စပြီး၍ ကျန်လျှင် ပုဂ္ဂလိကကိစ္စ၌ သုံးဆောင်ကောင်း၏။

ပါဒ ဂဏ္ဍုက တေလနာလိ-တပါဒဝင်ဆီကျည်တောက်၊ ကတ္တရယဋ္ဌိ-တောင်ဝှေး၊ ဥပါဟန ဒဏ္ဍက-ဖိနပ်ချိပ်၊ ဆတ္တ ဒဏ္ဍ-ထီးရိုး။ ဆတ္တ သလာက-ထီးလက် (ခရိုင်တံ)၊ ဤဘဏ္ဍာတို့ကား ဝေဖန်အပ်ကုန်၏။ အိမ်မီးလောင်သူတို့ ယူလျှင် မတားအပ်။

**မြက်သက်ကယ်။** ။မုဥ္ဇ-ဖြူဆံမြက်၊ ပဗ္ဗဇ-ပြိတ်မြက်၊ တိဏ-ကြွင်းသော မြက်သက်ငယ်၊ ဤသုံးမျိုးသည် မိုးစရာကသုပ်မျှ ဖြစ်စေ၊ တာလပဏ္ဏ-ထန်းရွက်စသော သစ်ရွက်သည် မိုးစရာတရွက်မျှ ဖြစ်စေ သံဃာအား လှူသော်သည်းကောင်း၊ သံဃာ့မြေ၌ ပေါက်သော်လည်းကောင်း၊ အရံ၊ သံဃိကမြက်ခင်း၌ ပေါက်သော်လည်းကောင်း စောင့်ရှောက်မှုသော (ရက္ခိတ) ဂရုဘဏ်ဖြစ်၏။ သံဃာ့ကိစ္စ စေတီကိစ္စပြီး၍ ကျန်လျှင် ပုဂ္ဂလိကကိစ္စ၌ သုံးအပ်၏။ အိမ်မီးလောင်သူတို့ ယူသွားလျှင် မတားအပ်ကုန်။

ရိတ္တ ပေါတ္ထက-အချည်းနှီးသော ပေရွက်သည် ရှစ်သစ်မျှ ရှိသော်သည်း ဂရုဘဏ်ဖြစ်၏။ (ဆဒနတိဏအရာ၌ဖြစ်၍ မိုးစရာ ပေရွက်ဟု သိအပ်၏။။ စာရေး

သေးသော ပေရွက်ကား ဂရုဘဏ်မဟုတ်။ ရှစ်သစ်ကို ဝိတ္ထာရတောဟု ကန်ခြို့ကာ ဆိုသည်။ ဒီဃတောဟု သာဒ္ဓိ ဆိုသည်။)

မြေညက်။ ။ပကတိ မတ္တိကာ—ပကတိမြေ၊ ပဉ္စဝဏ္ဏာ-အဆင်းငါးမျိုးရှိသော မြေ၊ သုဓာ—အင်္ဂတေ၊ သဇ္ဇု—ပွဲလျက် (ပွဲညက်) ရသ—ကညင်စေး၊ ကင်္ဂု—ဆုန်းမှုန့်၊ သိလေသ—သစ်စေး၊ ဤဘဏ္ဍာအားလုံးသည် အဝေးမှ ဆောင်လှူသော်လည်းကောင်း၊ သံဃာ့မြေ၌ဖြစ်သော်လည်းကောင်း ထန်းသီးမှည့်ခန့်ရှိ၍ စောင့်ရှောက်လျှင် (ရက္ခိတ) ဂရုဘဏ်ဖြစ်၏။ သံဃာ့ကိစ္စ စေတီကိစ္စပြီး၍ ကျန်လျှင် ပုဂ္ဂလိကကိစ္စ၌ သုံးအပ်၏။ ဟိင်္ဂု—ရှိန်းခို၊ ဟိင်္ဂုလက—ဟင်္သပြဒါး၊ ဟရိတာလ—ဆေးဒန်း၊ မနောသီလ—မြင်းသီလာ၊ အဥ္ဇန—မျက်စဉ်းကျောက်ညို၊ ဤဘဏ္ဍာစသည်တို့ကား ဝေဖန်အပ်ကုန်၏။

ဒါရုဘဏ္ဍ။ ။သစ်ဘဏ္ဍာ၌ ဝါးကဲ့သို့ ရှစ်သစ်ကညစ်ရိုးမျှသော သစ်ဘဏ္ဍာအားလုံးသည် သံဃာအား လှူသော်လည်းကောင်း၊ သံဃာ့မြေ၌ ပေါက်သော်လည်းကောင်း စောင့်ရှောက်လျှင် (ရက္ခိတ) ဂရုဘဏ်ဖြစ်၏။ ဤကား ကုရုန္ဒီနည်းတည်း။

မဟာအဋ္ဌကထာနည်းကား သစ်၊ ဝါး၊ သားရေ၊ ကျောက်စသော အထူးကို သစ်ဘဏ္ဍာဖြင့် ရေတွက်အပ်၏။ ထို့ကြောင့် ညောင်စောင်း၊ အင်းပျဉ်ရိုးရိုးမှ တပါးသော အာသန္ဒိ၊အခြေရှည်သော ညောင်စောင်း အင်းပျဉ်။(လေးထောင့်စပ်စပ်) သတ္တင်္ဂ၊ အင်္ဂါခုနစ်ပါးရှိသော ညောင်စောင်း အင်းပျဉ်။ (လက်တင်၊ အုံးတာ၊ အခြေအားဖြင့် ခုနစ်။) ဘဒ္ဒပီဌ—ကြိမ်အင်းပျဉ်။ပီဌိကာ—ပုဆိုးအင်းပျဉ်။ ဧဠကပါဒကပီဌ—အခြေကောက်သော အင်းပျဉ်။အမလက ဝဋ္ဋကပီဌ—ပွတ်လုံးအခြေများသော အင်းပျဉ်။ ဖလက—ပျဉ်ချပ်။ ကောစ္ဆ—ခုံအခင်း၊ ပလာလပီဌ—ကောက်ရိုးအင်းပျဉ်၊ငှက်ပျောရွက် အင်းပျဉ်၊ ဤသို့စသောရိုးရိုးမှ တပါးသော အာသနအားလုံးသည် သံဃာအား လှူလျှင် (သံဃေဒိန္န) ဂရုဘဏ်ဖြစ်၏။

ဝင်္ကဖလက-ပျဉ်ကောက်၊ ဒီဃဖလက ပျဉ်ရှည်၊ စီဝရဓောဝန ဖလက—သင်္ကန်းဖွပ်ပျဉ်၊ ဃဋ္ဋနဖလက—ဆိုးပြီးကို နယ်စရာ လိုင့်စရာပျဉ်၊ ဃဋ္ဋနမုဂ္ဂရ—သင်္ကန်း နယ်လှိမ့်စရာတင်းပုတ်၊ ဒန္တကဋ္ဌစ္ဆေဒနဂဏ္ဍိကာ-ဒန်ပူပြတ်သောအခါ ခံစရာတုံး၊ဒန္တမုဂ္ဂရ-ဒန်ပူထုစရာတင်းပုတ်၊ နာဝါ-ရေလှော်စရာလှေ၊အမ္ဗဏ—ရေစကျင်း(စည်ပိုင်း) ရဇနဒေါဏိ-ဆိုးရည်ကျင်း၊ ဥဒကပဋိစ္ဆက- ညစ်ရေခံ

ခံသောအင်၊ သမုဂ္ဂ-ပန်းတောင်း(သစ်၊ ဝါး၊ ဆင်စွယ်တခုခုဖြင့် အခြေရှိ၊ မရှိ ပြုသည်။)မဥ္စုသာ-တံတင်းသေတ္တာ၊ ကရဏ္ဍ-ဘဝါဒဝင်ထက်ကြီးသောကြုတ်၊ ဥဒကဒေါဏိ-သစ်ဟုံးထွင်းသောရေစကျင်း၊ ဥဒကကဋာဟ-ရေထည့်စရာဖျဉ်း၊ ဥဠုင်္က-ရေမှုတ်၊ကဋစ္ဆု-ဟင်းခပ်ယောက်ချို၊ ပါနီယသရာဝ-ရေသောက်ခွက်၊ ပါနီယသင်္ခ-ရေသောက် ခရုသင်းခွက်၊ ဤဘဏ္ဍာတို့လည်း သံသာအား လှူလျှင် ဂရုဘဏ်တို့ဖြစ်ကုန်၏။

သင်္ခထာလက-ခရုသင်းခွက်၊ ဥဒကတုမ္ဗ-သစ်သားရေဗူး၊ ဤဘဏ္ဍာတို့ ကား ဝေဖန်အပ်ကုန်၏။

ပါဒကထလိကမဏ္ဍလ-ခြေသုတ်အဝန်းကား သစ်သား၊ အဝတ်၊ သစ်ရွက် တခုခုဖြင့်ပြုသော်လည်း (သုဒ္ဓ)ဂရုဘဏ်ဖြစ်၏။

အာမာဂရက-သပိတ်ခြေ၊ ပတ္တပိဓာန-သပိတ်ဖုံး၊ တာလဝဏ္ဍ-ယပ်ဝန်း၊ ဗီဇနီ-လေးထောင့်ယပ်၊ စင်္ကောဋက-ပန်းတောင်း၊ပစ္ဆိ-ခြင်းတောင်း၊ ယဋ္ဌိသမ္မုဉ္စနီ-ရိုးရှည်တံမြက်စည်း၊ မုဋ္ဌိသမ္မုဉ္စနီ-လက်ဆုပ်တံမြက်စည်း၊ ဤဘဏ္ဍာအား လုံးသည် ငယ်ငယ်ကြီးကြီး၊ သစ်သား၊ ဝါး၊ သစ်ရွက်၊ သားရေစသည်ဖြင့် ပြုသော်လည်း (သုဒ္ဓ) ဂရုဘဏ်သာတည်း။

ထမ္ဘ-သည်တိုင်၊ တုလာ-ထုပ်လျှောက်၊ သောပါဏဖလက-စောင်းတန်း ပျဉ်ပြား(လှေကားပျဉ်)၊ဤသို့စသော အိမ်အဆောက်အဦသည် သစ်သားဖြင့် ကျောက်ဖြင့်ပြုသည်ဖြစ်စေ(သံဃေဒိန္န) ဂရုဘဏ်ဖြစ်၏။

ကဋသာရက-သပေါ့သင်ဖြူး၊ ဘူမတ္ထရဏ-မြေအခင်းအားလုံး၊ အကပ္ပိယ စမ္မ-မအပ်သော သားရေအားလုံး၊ ဤဘဏ္ဍာတို့လည်း(သံဃေဒိန္န) ဂရုဘဏ် တို့တည်း။ မအပ်သော သားရေကို မြေအခင်းပြုခြင်းငှာ အပ်၏။ (မြေ၌ ကြမ်း၌ ခင်းအိပ်ကောင်း၏။ ညောင်စောင်းထက် ခင်းပအိပ်ကောင်းဟူလို၊) ဧဠကစမ္မ-ဆိတ်ရေ၊ ဝါ၊ သိုးရေ၊ ဤသားရေကား အိပ်ရာခင်းနှင့်အလား တူ၏။ (ညောင်စောင်းထက် ခင်းအိပ်ကောင်း၏ဟူလို။) ထိုသိုးရေ၊ ဆိတ်ရေ လည်း ဂရုဘဏ်သာတည်း။ အိပ်သောသားရေတို့ကား ဝေဖန်ကောင်းကုန်၏။ ကုရုန္ဒိ၌ကား သားရေဟူသမျှ ညောင်းစောင်းမျှရှိလျှင် ဂရုဘဏ်ဟု ဆို၏။

ဥဒုက္ခလ-ဆုံ၊ မုသလ-ကျည်ပွေ့၊ သုပ္ပ မန်း(စကော)နိသဒ ကျောက် ပျဉ်၊ နိသဒပေါတက-ကျောက်သား၊ ပါသာဏဒေါဏိ-ကျောက်စကျင်း၊

ပါသာဒ္ဓာကဋ္ဌဟ–ကျောက်ဖျဉ်း၊ ပေသကာရဘဏ္ဍ-လိပ်၊ လက်ခက်၊ သားရေအိတ်စသော ရက်ကန်းသည်ဘဏ္ဍာ၊ ကသိဘဏ္ဍ-လယ်သမားဘဏ္ဍာ၊ စက္ကယုတ္တယာန–ဘီးတပ်သောယာဉ်အားလုံး။ ဤအလုံးစုံသည် (သုဒ္ဓ) ဂရုဘဏ်မည်၏။

မဉ္စပီဌပါဒ-ညောင်စောင်းအင်းပျဉ်၏အခြေ။ အဋ္ဋနီ-အပေါင်၊ ဝါသိဒဏ္ဍ-ပဲခွပ်ရိုး၊ ဖရသုဒဏ္ဍ-ပုဆိန်ရိုး။ ဤသို့ စသည်ကား ရွေချော၍ မပြီးသေးလျှင် ဝေဖန်ကောင်း၏။ ရွေချောပြီးလျှင် (သုဒ္ဓ) ဂရုဘဏ်ဖြစ်၏။

ဝါသိဒဏ္ဍ–ဒန်ပူဖြတ်ရုံ ကြံနှာရုံမျှဖြစ်၍ ဝေဖန်အပ်၏ဟု ခွင့်ပြုသော ပဲခွပ်၏အရိုး၊ သတ္တ–ထီး၊ မုဋ္ဌိပဏ္ဏ-(လက်ဆုပ်ဖြင့် ကိုင်အပ်သော)ထန်းရွက်၊ ကတ္တရယဋ္ဌိ-တောင်ဝေး၊ ဥပါဟန–ဖိနပ်၊ အရဏိ သဟိတ-ပွတ်ခုံပွတ်ကျေ၊ ဓမ္မကရဏ–ရေစစ်၊ အမလကတုမ္ဗ-တပါဒဝင်ထက် မကြီးသောသျှိသျှားဗူး၊ အမလကဃဋ္ဋ–သျှိသျှားအိုး၊ လာဗုကတုမ္ဗ–ဗူးကျည်၊ လာဗုကဃဋ္ဋ–ဗူးအိုး၊ ဝိသာဏတုမ္ဗ–သားချိုဗူး–ဤအလုံးစုံသည် ဝေဖန်ကောင်း၏။ တပါဒဝင်ထက် ကြီးလျှင် (ပါဒါတိရေက) ဂရုဘဏ်ဖြစ်၏။

ဟတ္ထိဒန္တ-ဆင်စွယ်၊ ဝိသာဏ-သားချိုဟူသမျှ၊ ဤဘဏ္ဍာကား မရွေမချော ဖြစ်မြဲတိုင်းဖြစ်လျှင် ဝေဖန်ကောင်း၏။ ထိုဆင်စွယ်သားချိုတို့ဖြင့် ပြုသော ညောင်စောင်းအခြေ စသည်တို့ကား (သုဒ္ဓ) ဂရုဘဏ်ဖြစ်ကုန်၏။

ဟိင်္ဂုကရဏ္ဍက-ရှိန်းမိုကြုတ်၊ အဉ္ဇန ကရဏ္ဍက-မျက်စဉ်းကြုတ်၊ ဂဏ္ဌိကာ-ကမ္ဗတ်သိမ်း၊ ဝိဓ–ဝါးပန်း၊ အဉ္ဇနိ–မျက်စဉ်းဗူး၊ အဉ္ဇနိသလာကာ–မျက်စဉ်းတံ၊ ဥဒကပုဉ္ဆနိ-ရေသုတ်၊ ဤဘဏ္ဍာတို့ကား ရွေချောပြီးသော်လည်း ဝေဖန်ကောင်းကုန်၏။

**မတ္တိကာဘဏ္ဍ။** ။မြေဘဏ္ဍာ၌ ဃဋ္ဋ-အိုး၊ ပိဋရ-စလောင်း၊ ဤသို့ စသော အိုးထိန်းသည်တို့၏ လုသုံးခွက်များ၊ ပတ္တကဋ္ဌာဟ-သပိတ်ဖုတ်စရာဖုဉ်းအိုး၊ အင်္ဂါရကဋ္ဌာဟ-မီးကျီးထည့်စရာဖျဉ်း၊ ဓူမဒါနက–အခိုးပေါက်ပြွန်ခေါင်းတိုင်၊ ဒီပရုက္ခက–ဆီမီးတိုင်၊ ဒီပကပလ္လိကာ–ဆီမီးခွက်၊ စယနိဋ္ဌကာ-စီအုတ်၊ ဆဒနိဋ္ဌကာ– မိုးအုတ်၊ ထုပိကာ–အထွတ်အမွန်၊ ဤဘဏ္ဍာအားလုံးသည် (သံဃေဒိန္န) ဂရုဘဏ်ဖြစ်၏။

ဃဋက–ကြာသွတ်အိုး၊ပတ္တ–သပိတ်၊ထာလက–ခွက်၊ ကဋ္ဌနက–အုန့်တုံ၊ ကုဏ္ဍိကာ–ကရား၊ ဤမြေဘဏ္ဍာတို့သည် တပါဒခဝင်ထက် မကြီးလျှင် ဝေဘန် ကောင်းကုန်၏။

မြေဘဏ္ဍာ၌ ကုဏ္ဍိကာ ကရားကဲ့သို့ သံဘဏ္ဍာ၌ ကုဏ္ဍိကာ (တပါဒဝင် ထက်မကြီးသော) ကရားသည်လည်း ဝေဖန်အပ်သော အဖို့သို့ ရောက်၏။

ဤဆိုပြီးသော ဂရုဘဏ်တို့တွင် ဝါး ကြိမ်စသော တစုံတခုကို မိမိအလို ငှာ ယူလိုလျှင် အတူဖြစ်စေ၊ အလွန်ဖြစ်စေ ပွားစီးသောအမှု-ဒါတိကမ္မပြု၍ (ဝါ-အစားပြု၍) ယူအပ်၏။ ခေတ္တယူသုံးရာ၌ ပုဂ္ဂလိကသုံး-သုံး၍ ပျက်စီး လျှင် ဘဏ္ဍာစား ပေးအပ်၏။ သံဃိကသုံး-သုံး၍ပျက်စီးလျှင် အပြစ်မရှိ။ ညောင်စောင်းစသည်ကို မိမိထက်ကြီးသော မထေရ်များ ရောက်လာလျှင် ထိုမထေရ်တို့အား ပေးခြင်းသည် သံဃိကသုံးမည်၏။ မပေးပဲ မိမိသာ သုံး ခြင်းသည် ပုဂ္ဂလိကသုံး မည်၏။

ထို သံဃိကပစ္စည်းတခုခုကို ယူသုံး၍ အရပ်တပါး ဖဲသွားလိုလျှင် နေရာ တကျ ပြန်ထားရသည်။ ယူသွားမိလျှင် ပြန်ပို့ရသည်။ပြန်မပို့နိုင်လျှင် ရောက် ရာ၌ သံဃိကကျောင်း၌ ထားရသည်။

၁၂–ပရိဏာမန။ ။ယော ပန ဘိက္ခု။ ဇာနံ။ ပရိဏတံ၊ သံဃာသို့ ကိုယ်နှုတ်ဖြင့် ညွတ်လေပြီးသော။ သံဃိကံ၊ သံဃာ၏ ဥစ္စာဖြစ်သော။ (သံဃိက ဖြစ်လတ္တံ့သော။) လာဘံ။ ပုဂ္ဂလဿ၊ ပုဂ္ဂိုလ်သို့။ ပရိဏာ မေယျ၊ ညွတ်စေငြားအံ့။ တဿ။

အဓိပ္ပာယ်။ ။သံဃာသို့ ညွတ်ပြီးသော လာဘ်ကို မိမိမှတပါးသော ပုဂ္ဂိုလ် သို့ လှူခိုင်းအံ့၊ ပါစိတ်။ မိမိသို့ လှူခိုင်းအံ့။ နိဿဂ္ဂိပါစိတ်။ တပါးသော သံဃာ၊ စေတီသို့ လှူခိုင်းအံ့၊ ဒုက္ကဋ်။ နိဿဂ္ဂိ ပရိဏာမန သိက္ခာ ပုဒ်၌ ဆိုပြီးသောအတိုင်း အဆုံးအဖြတ်လည်း သိအပ်၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ သာဝတ္ထိ၌ အသင်းတခုသည် သံဃာအား ဆွမ်းကျွေး၍ သင်္ကန်းလှူမည်ဟု သစီဝရဘတ္တကို စီမံ၏။ ဆဗ္ဗဂ္ဂီ တို့သည် ဒါယကာတို့၊ ဤသင်္ကန်းတို့ကို ဤရဟန်းတို့အား လှူကြလော့ဟု ဆို ကုန်၏။ မလှူနိုင်ပါ။ နှစ်စဉ် သံဃာအား သစီဝရဘတ္တကို လှူနေကျဖြစ်ပါ

သည်ဟု ဆိုလတ်သော် ဒါယကာတို့ သံဃာအား လှူသူများ၏။ ဤရဟန်းတို့သည် သင်တို့ကို အားထား၍ နေကြသည်။ သင်တို့မလှူလျှင် အဘယ်မှ ရနိုင်ကုန်အံ့နည်းဟု ဆိုကုန်၏။ ဆဗ္ဗဂ္ဂီတို့ နှိပ်စက်သဖြင့် သင်္ကန်းလှူပြီးလျှင် သံဃာအား ဆွမ်းလုပ်ကျွေး၏။ ရဟန်းတို့သည် သစီဝရဘဏ္ဍ စီမံသည်ကိုသိ၍ ဆဗ္ဗဂ္ဂီတို့အား လှူလိုက်ရသည်ကို မသိ၍ ဒါယကာတို့၊ သံဃာအား သင်္ကန်း လှူကြလော့ဟု ဆိုကုန်၏။ အရှင်ဘုရားတို့ စီမံသော သင်္ကန်းကို ဆဗ္ဗဂ္ဂီတို့သည် ဆဗ္ဗဂ္ဂီတို့အား ညွတ်စေကုန်ပြီဟု ဆိုကုန်၏။ ဤဆဗ္ဗဂ္ဂီတို့သည် သိလျက် သံဃာသို့ ညွတ်ပြီးသော သံဃိကလာဘ်ကို ပုဂ္ဂိုလ်တပါးသို့ ညွတ်စေကုန်၏ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

သဟဓမ္မိကဝဂ္ဂေါ အဋ္ဌမော။

---

၁ အဥ္ဇတ္တပုဂ္ဂ။ ။ယော ပန ဘိက္ခု။ ခတ္တိယဿ၊ မင်းမျိုး၌ ဖြစ်သော။ မုဒ္ဓါဘိသိတ္တဿ၊ မင်းဘိသိက်ထိပ်၌ သွန်းအပ်သော။ ရညော၊ မင်း၏။ အနိက္ခန္တရာဇကေ၊ မထွက်သေးသော မင်းရှိသော။ အနိဂ္ဂတ ရတနကေ၊ မထွက်သေးသော မိဖုရားရှိသော။ (သယနိဃရေ၊ အိပ်ရာရှိသော တိုက်ခန်း၌။) ပုဗ္ဗေ၊ ရှေး၌။ အပ္ပဋိသံဝိဒိတော၊ မိမိလာသည့် အဖြစ်ကို မသိစေပဲ။ ဣန္ဒခီလံ၊ တံခါးခုံကို။ အတိက္ကာမေယျ၊ လွန်စေငြားအံ့။ တဿ။

**အဓိပ္ပာယ်။** ။မင်းမျိုး၌ဖြစ်သောသူသည် ခတ္တိယမည်၏။ မင်းဘိသိက်ဖြင့် ဦးထိပ်၌ သွန်းအပ်သော မင်းသည် မုဒ္ဓါဘိသိတ္တမည်၏။ မင်း မထွက်သေးသော အိပ်ရာတိုက်ခန်းသည် အနိက္ခန္တရာဇက မည်၏။ မိဖုရားသည် ရတနာ မည်၏။ မိဖုရား မထွက်သေးသော အိပ်ရာ တိုက်ခန်းသည် အနိဂ္ဂတရတနက မည်၏။(သယနိဃရေ ကား ထည့်ပါ၌) မင်းကြီး စက်တော်ခေါ်ရန် ခင်းကျင်းရာဌာနသည် အယုတ်ဆုံး တင်းတိမ် ကာရံအပ်သော ဌာနသည်ပင် သယနိဃရ မည်၏။ သယနိဃရ၏ တံခါးခုံသည် ဣန္ဒခီလ မည်၏။ မိမိလာသည့်အဖြစ်ကို ရှေးဦးစွာ မသိစေပဲ မင်း မိဖုရား နှစ်ဦးလုံး မထွက်သေးသော အိပ်ရာတိုက်ခန်း၏ တံခါးခုံကို ပဌမခြေလှမ်းဖြင့် လွန်စေအံ့၊ ဒုက္ကဋ်။ ဒုတိယခြေလှမ်းဖြင့် လွန်စေအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်အာနန္ဒာ မင်းကြီး၏ နန်းတော်တွင်းသို့ ဝင်ခြင်းကြောင့် ပညတ်၏။ အသာမာရဏ၊ အနာဏတ္တိက။

တိကပါစိတ်၊ ပဋိသံဝိဒိတ၌ ဒွိကဒုက္ကဋ်။ ပဋိသံဝိဒိတ၌ ပဋိသံဝိဒိတ သညာရှိအံ့၊ မင်းမျိုးမဟုတ်အံ့၊ ဘိသိက်မသွန်းသော မင်းဖြစ်အံ့၊ တဦးဦးလည်းကောင်း၊ နှစ်ဦးလုံးလည်းကောင်း ထွက်မှ တိုက်ခန်းသို့ဝင်အံ့၊ အိပ်ရာရှိသော တိုက်ခန်းမဟုတ်အံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

မင်းမျိုးဖြစ်ခြင်း၊ ဘိသိက်သွန်းခြင်း၊ အိပ်ရာရှိသော တိုက်ခန်းမှ နှစ်ဦးလုံးမထွက်သေးခြင်း၊ မိမိလာသည်အဖြစ်ကို အကြောင်းမကြားခြင်း၊ တံခါးခုံလွန်ခြင်း။ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်စသည် ပဌမ ကထိနနှင့်တူ၏။ ကြိယာကြိယသာ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ။သေနဒိကောသလမင်းသည် တနေ့သ၌ ဥယျာဉ်အတွင်း သစ်တပင်အောက်၌ ဘုရားရှင်ကို ဖူးမြင်၏။ ဥပါသကာ တယောက်လည်း ဘုရားရှင်ထံ ခစားရှိနေ၏။ ထိုဥပါသကာသည် ဘုရားရှင်ကို ရိုသေသောအားဖြင့် မင်းကြီးကို ရှိခိုးခြင်း၊ နေရာပေးခြင်းဖြင့် အရိုအသေမပြု။ ဘုရားရှင်သည် မင်းကြီး၏ စိတ်ကိုသိ၍ မြတ်သောမင်းကြီး၊ ဤဥပါသကာသည် များစွာ ဗဟုသုတရှိ၏။ကာမဂုဏ်တို့၌ တပ်ခြင်းကင်း၏။ အနာဂါမ်ဖြစ်၏ ဟု မိန့်တော်မူ၏။ တနေ့၌ မင်းကြီးသည် လမ်းမ၌ ထီးဆောင်းလျက်သွားသော ထိုဥပါသကာကို မြင်၍ ခေါ်စေပြီးလျှင် အကျွန်ုပ်၏ မောင်းမအပေါင်းကို စာသင်ပေးပါဟု တောင်းပန်၏။ အရှင်မင်းကြီး၊ အကျွန်ုပ်သည် အရှင်ကောင်းတို့ကိုမှီ၍ ဗဟုသုတ ရှိရပါသည်။ အရှင်ကောင်းတို့သာ စာသင်ပေးလျှင် သင့်ပါလိမ့်မည်ဟု ဆို၏။ မင်းကြီးသည် ဟုတ်ပေသည်ဟု ဘုရားရှင်ထံ ချဉ်းကပ်၍ တောင်းပန်၏။ ဘုရားရှင်သည် ရှင်အာနန္ဒာကို စေလွှတ်၏။ ရှင်အာနန္ဒာသည် ရံခါရံခါ နန်းတော်တွင်းသို့ဝင်၍ စာသင်ပေး၏။

တနေ့၌ နံနက်အခါ နန်းတော်တွင်းသို့ ဝင်လတ်သော် မင်းကြီးနှင့် မိဖုရားသည် အိပ်ရာ၌ နေစဉ်ဖြစ်၍ ဆောလျင်စွာ ထလတ်သော် မလ္လိကာ မိဖုရားကြီးအား နူးညံ့ဝင်းဝါသော ခါးဝတ်သည် လျှောကျ၏။ ရှင်အာနန္ဒာသည် ထိုနေရာမှပြန်လှည့်၍ ကျောင်းရောက်သောအခါ ထိုအကြောင်းကို ရဟန်းတို့အား ပြောပြ၏။ ရဟန်းတို့သည် အဘယ့်ကြောင့် ရှေးဦးစွာ အကြောင်းမကြားပဲ နန်းတော်တွင်း ဝင်ရသနည်းဟု ကဲ့ရဲ့ကုန်၏။ ဘုရားရှင်လည်း ကဲ့ရဲ့ပြီးလျှင် နန်းတော်ဝင်ရာ၌ အပြစ်ဆယ်ပါးကို ဟောတော်မူ၏။ ချစ်သားတို့၊ မင်းနှင့်မိဖုရား နေကြစဉ် ရဟန်းရောက်လာ၍ မိဖုရားက ရဟန်းကို ရဟန်းက

မိဖုရားကို ပြုံးအံ့၊ မင်း၏ အထင်လွဲခြင်းကို ခံရတတ်သည်။ မောင်းမငယ် ကိုယ်ဝန်ရအံ့၊ ရတနာပျောက်အံ့၊ လျှို့ဝှက်သောသတင်း အပြင်သို့ရောက်အံ့၊ သားအဘ လုပ်ကြံအံ့၊ ရာထူးနိမ့်သူ မြင့်အံ့၊ မြင့်သူ နိမ့်အံ့၊ အခါမဲ့ စစ်လွှတ်အံ့၊ အခါ၌ စစ်လွှတ်၍ လမ်း၌ ပြန်ခေါ်အံ့၊ ရဟန်း၏ အမှုလေလောဟု အထင်လွဲခံရတတ်သည်။ နန်းတော်တွင်း၌ ဆင်မြင်းတို့ဖြင့် ကျဉ်းမြောင်း၍ ရဟန်းတို့အား မလျော်သော အာရုံငါးပါး ပေါများ၏။ ဤသို့ အပြစ်ဆယ်ပါး မိန့်တော်မူ၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

ပြုံး-ကိုယ်ဝန်-ပျောက်¹၊ သတင်းရောက်၊ လုပ်ကြံ³၊ ၌ာန်နိမ့်- တက်²၊ စစ်ထွက်-ပြန်ခေါ်²၊ ကုံးဘော်ထင်ခံ။ ကျဉ်းမြောင်းပြန်¹၊ ဆယ်တန် နန်းတော် ပြစ်။

၂-ရတန်။ ။ယော ပန ဘိက္ခု။ရတနံ ဝါ၊ ရတနာဆယ်ပါးကို လည်းကောင်း။ ရတနသမ္မတံ ဝါ၊ ရတနာဟု သမုတ်အပ်သော လူတို့ အသုံးအဆောင်ကို လည်းကောင်း။ အဇ္ဈာရာမာ ဝါ၊ အရံတွင်းကိုလည်းကောင်း။ အဇ္ဈာဝသထာ ဝါ၊ တည်းခိုရာအိမ်တွင်းကို လည်းကောင်း။ အညတြ။ ဥဂ္ဂဏှေယျ ဝါ၊ ကိုယ်တိုင်လည်း ကောက်ယူငြားအံ့။ ဥဂ္ဂဏှာပေယျဝါ၊ သူတပါးကိုလည်း ကောက်ယူစေငြားအံ့။ တဿ ဘိက္ခုနော။ ပါစိတ္တိယံ။ ဟောတိ။ ဘိက္ခုနာ၊ သည်။ ရတနံ ဝါ။ ရတနသမ္မတံ ဝါ။ အဇ္ဈာရာမေ ဝါ၊ ၌လည်းကောင်း။ အဇ္ဈာဝသထေ ဝါ၊ ၌လည်းကောင်း။ ဥဂ္ဂဟေတွာဝါ၊ ကိုယ်တိုင်ကောက်ယူ၍ လည်းကောင်း။ ဥဂ္ဂဟာပေတွာ ဝါ၊ စေ၍ လည်းကောင်း။ "ယဿ၊ အကြင်သူ၏( ဥစ္စာသည်။) ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သော၊ ထိုသူသည်။ ဟရိဿတိ၊ ဆောင်လတ္တံ့"။ ဣတိ၊ ဤသို့နှလုံးပြု၍။ နိက္ခိပိတဗ္ဗံ၊ သိမ်းထားအပ်၏။ အယံ၊ ဤသို့ယူ၍ သိမ်းထားခြင်းသည်။ တတ္ထ၊ ထိုအရံတွင်းဥစ္စာ တွေ့မြင်ရာ၌။ သာမိစိ၊ ကျင့်ဝတ်တည်း။

အဓိပ္ပာယ်။ ။ပုလဲစသော ရတနာဆယ်ပါးသည် ရတန မည်၏။ (မုတ္တာ၊ မဏိ၊ ဝေဠုရိယော၊ သင်္ခေါ၊ သိလာ၊ ပဝါဠံ၊ ရဇတံ၊ ဇာတရူပံ၊ လောဟိတင်္ကော၊ မသာရဂလ္လံ) လူတို့၏ အတွင်းအပ အသုံးအဆောင်အားလုံးသည် ရတနသမ္မတ မည်၏။အယုတ်ဆုံး လူတို့၏ ထန်းရွက်နားတောင်းမျှသည်ပင် ရတနသမ္မတ မည်၏။ အရံရှိလျှင် အရံတွင်းသည်၊ မရှိလျှင် ခဲနှစ်ကျ

အတွင်းသည် အဇ္ဈာရာမ မည်၏။ တည်းခိုရာအိမ်၌ အရံရှိလျှင် အရံတွင်းသည်၊ မရှိလျှင် မန်းတကျ-ကျည်ပွေ့တကျ အတွင်းသည် အဇ္ဈာဝသထ မည်၏။ ရွာတွင်းအိမ်ဟူလို။ ရတနာ ဆယ်ပါးကိုလည်းကောင်း၊ ရတနသမ္မတကိုလည်းကောင်း၊ အယုတ်ဆုံး အမိ၏ ထန်းရွက်နားတောင်း၊ ထန်းရွက်လက်စွပ်မျှကိုလည်းကောင်း သိမ်းဆည်းမည်ဟု ကောက်ယူအံ့၊ ပါစိတ်။ ကောက်ယူစေအံ့၊ ပါစိတ်။ (ရတနာဆယ်ပါးတို့တွင် နှစ်ပါးကို မိမိအလို့ငှာ ကောက်ယူအံ့၊ နိဿဂ္ဂိပါစိတ်။ သံဃ၊ ဂဏ၊ ပုဂ္ဂလ၊ စေတီယ၊ နဝကမ္မအလို့ငှာ ကောက်ယူအံ့၊ ဒုက္ကဋ်။ ရတနာရှစ်ပါးကို မိမိအလို့ငှာ၊ သံဃာစသည်အလို့ငှာ ကောက်ယူအံ့၊ ဒုက္កဋ်ချည်းသာတည်း။ နှစ်ပါး၊ ရှစ်ပါးကောက်တတ်ရမည်။)

**ကျင့်ဝတ်။** ။အရံတွင်း တည်းခိုရာ အိမ်အတွင်းတို့၌ ယူသိမ်းကောင်းသော်လည်း ရဟန်းသာမဏေတို့ ကောက်ယူလိမ့်မည်ဟု တွေးတောအပ်သော နေရာမျိုး၌သာ ကောက်ယူရသည်။ ကောက်ယူ၍ အမှတ်အသားပြု၍ သိမ်းထားရသည်။ ဘဏ္ဍာပျောက်သူ လာယူစေသတည်းဟု ပြောကြားရသည်။ လာသောအခါ သင့်ဘဏ္ဍာသည် အဘယ်သို့ သဘောရှိသနည်းဟု မေး၍ အမှတ်အသား ညီညွတ်လျှင် ပေးရသည်၊ မညီညွတ်လျှင် ရှာချေဦးလော့ဟု ဆိုရသည်။ ထိုကျောင်းမှ ဖဲသွားလိုအံ့၊ သင့်ဇ္ဇရဟန်းတို့၏ လက်၌ထား၍၊ မရှိလျှင် သင့်သော ဒါယကာတို့၏ လက်၌ထား၍ ဖဲသွားရသည်။ ဖဲလည်း မဖဲအံ့၊ သခင်လည်း မလာအံ့၊ ထိုဘဏ္ဍာဖြင့် ကျောင်း၊ စေတီ၊ လေးထောင့်ကန်စသော ထာဝရကို ပြုစေရသည်။ ထိုနောက်မှ ပစ္စည်းရှင်ရောက်လာအံ့၊ "ထာဝရ ပြုထားသည်၊ ဝမ်းမြောက်ပေတော့" ဟု ဆိုရသည်။ ဝမ်းမမြောက်နိုင်၍ 'အကျွန်ုပ်၏ ပစ္စည်းကို ပေးပါ"ဟု တောင်းအံ့၊ ရှာဖွေ တောင်းခံ၍ ပေးရသည်။ တောင်းခံကား "အရိယာသခင်တို့သည် ရည်မှန်း၍ သာ ရပ်တော်မူကုန်၏"ဟု ဆိုသောနည်းဖြင့် အိမ်ရှေ့၌ ရပ်ရသည်။ အဘယ်ကိစ္စဖြင့် ရပ်ပါသနည်းဟု မေးလျှင်ကား ကိစ္စကို ပြောရသည်။ ပပေးလျှင် နှုတ်သက်မပြုရ။ ဤသို့ ဘုရားရှင့်အမိန့်ကို ရိုသေစွာ လိုက်နာသော ကျင့်ဝတ်သည် ဝိဝဋ္ဋနိဿိတ အကျင့်ဖြစ်၏။

**ဘဏ္ဍာထိန်း မပြုအပ်။** ။မိဘ၏ပစ္စည်းကို တွေ့လျှင် ကပ္ပိယကာရကကို မိမိဥစ္စာ ပြု၍ မိမိအလို့ငှါ ယူ၍ သိမ်းဆည်းလျှင် အပြစ်မရှိ။ ဤဘဏ္ဍာကို သိမ်းထားပါဟု ဆိုအံ့၊ မသိမ်းထားကောင်းဟု ပယ်ရသည်။

ချထား၍ သွားအံ့၊ ပလိဗောဓ မည်၏။ သိမ်းထားရသည်။ ကျောင်း၌ အမှုလုပ် လက်သပားတို့သော်လည်းကောင်း၊ မင်း၊ မင်းကျွမ်းဝင်သူတို့သော်လည်း ကောင်း အသုံးအဆောင် ဘဏ္ဍာ၊ အိပ်ရာဘဏ္ဍာ စသည်တို့ကို သိမ်းထားပါဟု ဆိုကုန်အံ့၊ ချစ်၍လည်းကောင်း၊ ကြောက်၍လည်းကောင်း မသိမ်းကောင်း။ လုံခြုံသော နေရာမျှကိုပြလျှင် အပြစ်မရှိ။ ဤနေရာလုံခြုံ၏-ဟူ၍မျှ ဆိုရသည်။ ဤ၌ ထား-ဟု မဆိုရ။ အတင်းထားခဲ့လျှင် ပလိဗောဓ မည်၏၊ သိမ်းထား ရသည်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရဟန်းတပါး ရတနာကောက်ယူခြင်းကြောင့် ပညတ်၏။ အညတြ အဇ္ဈာရာမာ ဝါ၊ အဇ္ဈာဝသထာ ဝါ သည် အနုပညတ် နှစ်ခုဖြစ်၏။ သာဓာရဏ၊ သာဏတ္တိက။ ခွင့်ပြုရာဌာန၌ ပယ်သခြင်းကြောင့် ယူ၍သိမ်းအံ့၊ ဒုက္ကဋ်။ ခွင့်ပြုရာဌာန၌ ယူ၍ သိမ်းအံ့၊ သုံးသပ် ကောင်းသော ရတနာသမ္မုတကို အကျွမ်းတဝင် ယူအံ့၊ အခိုက်အတန့် ယူအံ့၊ ပံသုကူသညာဖြင့် ယူအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ်။

ခွင့်ပြုသောအကြောင်းမရှိခြင်း၊ သူတပါး၏ ဥစ္စာဖြစ်ခြင်း၊ အကျွမ်းဝင် သဘော ပံသုကူသဘောမရှိခြင်း၊ ကောက်ယူခြင်း၊ ကောက်ယူစေခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် သဥ္ဇရိတ္တနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ရဟန်းတပါးသည် အစိရဝတီမြစ်၌ ရေချိုး ၏။ ပုဏ္ဏားတယောက်လည်း ငွေငါးရာအိတ်ကို ကုန်း၌ထား၍ ထို မြစ်၌ ရေချိုးပြီးလျှင် မေ့လျော့၍ ထွက်သွား၏။ရဟန်းသည် ပုဏ္ဏား၏ငွေအိတ် ပပျောက်ပါစေသတည်းဟု ကောက်ယူ၍ ထား၏။ ပုဏ္ဏားသည် သတိရ၍ ပြေးလာပြီးလျှင် ထိုငွေအိတ်ကို မေး၏။ ရဟန်းသည် ယူလော့-ဟု ပေးလိုက်၏။ ပုဏ္ဏားသည် ပုဏ္ဏပဏ္ဏ အပပေးလို၍ အကျွန်ုပ်၏ငွေသည် ငါးရာမဟုတ်၊ တထောင်ဟု ဆို၍ ချောင့်ယှက်၍ လွှတ်လိုက်၏။ (နှစ်သက်၍ ပေးအပ်သော ငွေသည် ပုဏ္ဏ ပဏ္ဏပည်၏။ တရာလျှင် ငါးကျပ်ကျ ပေးရသည် ဟူ၏။) ထိုရဟန်း သည် ကျောင်း၌ ရဟန်းတို့အား ပြောပြ၏။ ရတနာကို ကောက်ယူသည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

ဟာဝါဘပါး သာဝတ္ထိ၌ ပွဲသမ်းသဘင်ရှိ၏။ ဝိသာခါသည် တန်ဆာဆင်၍ ဥယျာဉ်သို့ သွားမည်ဟု ထွက်လာပြီးမှ ဥယျာဉ်၌ အကျိုးမရှိ။ ဘုရားရှင်ထံ

ချဉ်းကပ်မည်ဟု တန်ဆာကိုချွတ်၍ အပေါ်အဝတ်ဖြင့် ထုပ်၍ ကျွန်မအား ပေး၏။ ဘုရားရှင်ထံ တရားနာ၍ ပြန်သောအခါ ကျွန်မသည် ထိုအထုပ်ကို မေ့ရစ်၏။ ရဟန်းများမြင်၍ ဘုရားရှင်အား လျှောက်သောအခါ ချစ်သားတို့၊ ရတနာကိုလည်းကောင်း၊ ရတနသမ္မတကိုလည်းကောင်း အရံအတွင်း၌ ကောက်၍ ကောက်စေ၍ ပစ္စည်းရှင် ယူလတ္တံ့ဟူ၍ သိမ်းထားခြင်းငှါ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့်....၊

အခါတပါး ကာသိတိုင်းတို့၌ အနာထပိဏ်သူဌေး၏ အမှုလုပ်တို့သည် ရဟန်းများစွာ လှည့်လည်ကြသည်ကိုမြင်၍ နက်ဖြန်အတွက်ဆွမ်းကျွေးရန် ပင့်ဖိတ်ကုန်၏။ အမှုလုပ်တယောက်သည် နံနက်ဆွမ်းကျွေးစဉ် လက်စွပ်ချွတ်၍ ချထား၏။ ဆွမ်းကျွေးပြီးသောအခါ အရှင်ကောင်းတို့လည်း လိုရာကြွကြပါ၊ အကျွန်ုပ်လည်း အမှုလုပ်ရာသို့ သွားပါဦးမည်ဟု ဆို၍ ထွက်သွား၏။ ရဟန်းတို့သည် လက်စွပ်ကိုမြင်၍ ပျောက်ချေအံ့ဟု သိုင်းနေကုန်၏။ ထိုသူပြန်လာရောက်မှ ထိုအကြောင်းပြောပြ၍ သာဝတ္ထိသို့ ကြွသွားကုန်၏။ ချစ်သားတို့၊ ရတနာကို ရတနသမ္မတကို အရံတွင်း၌လည်းကောင်း၊ တည်းခိုရာ အိမ်အတွင်း၌လည်းကောင်း ကောက်၍၊ ကောက်စေ၍ ပစ္စည်းရှင် ပြန်ယူလတ္တံ့ဟု သိမ်းထားခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

၃-ဝိကာလ ဂါမပ္ပဝေသန။ ။ယော ပန ဘိက္ခု။ သန္တံ။ ဘိက္ခုံ။ အနာပုစ္ဆာ၊ မပန်ကြားမူ၍။ ဝိကာလေ၊ နေလွဲသောအခါ၌၊ ဂါမံ၊ ရွာသို့။ ပဝိသေယျ၊ ဝင်ငြားအံ့။ တထာရူပါ၊ ထိုသို့ သဘောရှိသော။ အစ္စာယိကာ၊ အဆောတလျင် ပြုအပ်သော။ ကရဏီယာ၊ ပြုဖွယ်ကိစ္စကို။ အညတြ။ တသာ။

**အဝိပ္ပာယ်။** ။စာရိတ္တ သိက္ခာပုဒ်နည်းအတိုင်း အရံတွင်း၌ ၁၂-တောင်တွင်း မြင်ရသော ပကတိစကားဖြင့် ပန်ကြားနိုင်သော ရဟန်းသည် သန္တဘိက္ခု မည်၏။ မွန်းတည့်မှ အရုဏ်တက်အတွင်းသည် ဝိကာလ မည်၏။ ထိုအတွင်း၌ ဝိကာလေ ဂါမပ္ပဝေသနံ အာပုစ္ဆာမိ ဟူ၍လည်းကောင်း၊ ဂါမံ ပဝိသိဿာမိ ဟူ၍လည်းကောင်း ပန်ကြား၍ ရွာဝင်ရသည်။ မပန်ကြားပဲ အဆောတလျင် ပြုဖွယ်ကိစ္စမရှိပဲ ရွာ၏ အရံကို လွန်အံ့၊ အရံမရှိလျှင် ရွာ၏ ဥပစာ ခဲနှစ်ကျသို့ သက်ဝင်အံ့၊ ပထမခြေလှမ်းဖြင့် ဒုက္ကဋ်။ ဒုတိယခြေလှမ်းဖြင့် ပါစိတ်။

**မှတ်ဖွယ်အထူး။** ။ရဟန်းများစွာ ရွာဝင်ရာ၌ အားလုံး အချင်းချင်း ပန်ရသည်။ ထိုရွာ၌ ကိစ္စမပြီး၍ ရွာတပါးသို့ သွားလိုအံ့၊ တဖန် ပန်ဖွယ်မရှိ။ ကိစ္စပြီးစေ၍ ကျောင်းသို့ပြန်လာစဉ် ရွာတပါးသို့ ဝင်လိုပြန်အံ့၊ တဖန် ပန်ရသည်။ ဒါယကာအိမ်၌လည်းကောင်း၊ ဆွမ်းစားဇရပ်၌လည်းကောင်း ဆွမ်းစားပြီး၍ ဆိ စသည် အလှူခံကြွလိုအံ့၊ အနီး၌ ရဟန်းရှိလျှင် ပန်ရသည်။ မရှိလျှင် မရှိဟု သွားရသည်။ လမ်းမသို့ရောက်မှ ရဟန်းကိုမြင်လျှင် ပန်ဖွယ်မရှိ။ ရွာလယ်လမ်းမဖြင့်သွားစဉ် အလှူခံလှည့်လိုအံ့၊ အနီး၌ ရဟန်းမြင်လျှင် ပန်ရသည်။ လမ်းမအတိုင်း လှည့်လိုအံ့၊ ပန်ဖွယ်မရှိ။ **လမ်းမမှ ဖဲအံ့၊** ပါစိတ်။

**အဆုံးအဖြတ်။** ။**သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ နေလွဲရွာဝင်ခြင်းကြောင့် ပညတ်၏။** သန္တံ ဘိက္ခုံ၊ အနာပုစ္ဆာ၊ တထာရူပ ပစ္စယာသည် အနုပညတ် သုံးခု ဖြစ်၏။ အသာဓာရဏ၊ အနာဏတ္တိက။ တိကပါစိတ်၊ ကာလ၌ ဒွိကဒုက္ကဋ်။ ကာလသညီ ဖြစ်အံ့၊ အဆောတလျှင် ပြုဖွယ်ကိစ္စရှိအံ့၊ အရံတွင်း ဒသာန္နပစာရ၌ ပကတိစကားဖြင့် ပန်နိုင်လောက်သော ရဟန်းရှိလျှင် ပန်၍၊ မရှိလျှင် မပန်မူ၍ ဝင်အံ့၊ ရွာတွင်း ရဟန်းကျောင်း၊ ဘိက္ခုနီကျောင်း၊ တိတ္ထိကျောင်း၊ ဆွမ်းစားကျောင်းသို့ သွားအံ့၊ ရွာလယ်လမ်းဖြင့် သွားအံ့၊ဘေးရန်ရှိအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ ရွာတွင်း ရဟန်းကျောင်း စသည်တို့သို့ သွားရာ၌ ခါးပန်းမဖွဲ့ သင်္ကန်းမရုံသော်လည်း အနာပတ္တိ။

ထင်ရှားရှိသော ရဟန်းကို မပန်ခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း၊ နေလွဲရွာဝင်ခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် ကထိနနှင့်တူ၏။ ကြိယာကြိယမျှ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် နေလွဲသောအခါ ရွာသို့ဝင်၍ သဘင်၌ထိုင်၍ ရာဇကထာ၊ စောရကထာ စသော မဂ်ဖိုလ်မှ ဖီလာ တိရစ္ဆာနကထာတို့ကို ပြောဆိုကုန်၏။ လူတို့ကဲ့ရဲ့၏။ ထိုကြောင့် နေလွဲရွာမဝင်ရဟု ပညတ်သည်။အခါတပါး ရဟန်းများစွာ ခရီးသွားကြစဉ် ညနေအချိန် ရွာငယ်တခုသို့ ရောက်ကုန်၏။ လူတို့မြင်၍ ရွာတွင်းသို့ဝင်ရန် ပင့်ကုန်၏။ ဘုရားရှင်ပယ်သည်ဟု မဝင်ကုန်။ ရွာပြင်၌ ခိုးသူတို့ လုယက်ကုန်၏။ ချစ်သားတို့၊ ပန်ကြား၍ နေလွဲ ရွာဝင်ခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနု....။

အခါတပါး ရဟန်းတို့သည် ခရီးသွားစဉ် ရွာငယ်တခုသို့ ညနေရောက်သွား၏။ လူတို့ပင့်သော်လည်း မပန်ပဲ ရွာဝင်ခြင်းငှာ ဘုရားရှင်ပယ်သည်ဟု နေ၍ ခိုးသူလုယက်၏။ ချစ်သားတို့၊ ရဟန်းထင်ရှားရှိလျှင် ပန်ကြား၍ နေလဲ့ ရွာဝင်ခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနု....။

အခါတပါး ရဟန်းတပါး မြွေကိုက်၏။ ရဟန်းသည် မီးယူမည်ဟု ရွာသို့သွား၏။ ရွာအနီးရောက်မှ ထင်ရှားရှိသော ရဟန်းကို မပန်ပဲဝင်ရန် အလိုလို့ရှိ၍ မဝင်ပဲနေ၏။ ချစ်သားတို့၊ အဆောတလျင် ပြုဖွယ်ကိစ္စရှိလျှင် ထင်ရှားရှိသော ရဟန်းကို မပန်ကြားပဲ နေလဲ့ရွာဝင်ခြင်းငှာ ခွင့်ပြု၏ဟု အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

**၄-သုစိဃရ။** ။ယော ပန ဘိက္ခု။ အဋ္ဌိမယံ ဝါ၊ အရိုးဖြင့်ပြီးသည်လည်းဖြစ်သော။ ဒန္တမယံ ဝါ၊ ဆင်စွယ်ဖြင့် ပြီးသည်လည်းဖြစ်သော။ ဝိသာဏမယံ ဝါ၊ သားချိုဖြင့် ပြီးသည်လည်း ဖြစ်သော။ သုစိဃရံ၊ အပ်ကူည်ကို။ ကာရာပေယျ။ တဿ ဘိက္ခုနော၊ အား။ ဘေဒနကံ၊ အပ်ကျည်ခွဲခြင်းရှိသော။ ပါစိတ္တိယံ။ ဟောတိ။

**အဓိပ္ပာယ်။** ။အမှတ်မရှိအရိုးသည် အဋ္ဌိ၊ ဆင်စွယ်သည် ဒန္တ၊ အမှတ်မရှိ ဦးချိုသည် ဝိသာဏ မည်၏။ ပြုခြင်း ပြုစေခြင်းသည် ကာရာပေယျ မည်၏။ ဤသို့သော အပ်ကျည်ကို ပြုအံ့ ပြုစေအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ ခွဲ၍ ပါစိတ်ကို ကုစားအပ်၏။ ခွဲခြင်းရှိသော ပါစိတ်သည်။ ဘေဒနကပါစိတ် မည်၏။

**အဆုံးအဖြတ်။** ။သက္ကတိုင်းတို့၌ ရဟန်းများစွာ အပ်ပူးများစွာ တောင်းခြင်းကြောင့် ပညတ်၏။ သာမာရဏ၊ သာဏတ္တိက။ စတုက္က ပါစိတ်။ မိမိပြု၍မပြီးသော အပ်ကျည်ကို မိမိပြီးစေအံ့၊ သူတပါးကို ပြီးစေအံ့၊ သူတပါးပြု၍မပြီးသည့်ကို မိမိပြီးစေအံ့၊ သူတပါးကို ပြီးစေအံ့၊ စတုက္ကပါစိတ်။ သူတပါးအလို့ငှာပြုအံ့၊ ပြုစေအံ့၊ သူတပါးပြုသည်ကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်။ ကမွတ်သိမ်း၊ ပွတ်နှိပ်လေး၊ ခါးပန်းဘိ၊ မျက်စဉ်းကျည်၊ မျက်စဉ်းတံ၊ ပဲခွပ်ရိုး၊ ရေသုတ်စရာတို့ကို အရိုးစသည်ဖြင့် ပြုအံ့၊ ပြုစေအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။

အပ်ကျည်ဖြစ်ခြင်း၊ အရိုးစသည်ဖြင့် ပြီးခြင်း၊ မိမိအလို့ငှာပြု၍၊ ပြုစေ၍ ရခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် သဥ္စိတ္တနှင့် တူ၏။

**ဝတ္ထု။** ။သက္ကတိုင်း၊ ကပိလဝတ်၊ နိဂြောဓာရုံ။ ဆင်စွယ်ပွတ်သမားတ ယောက်သည် ရဟန်းတို့ကို အပ်ကျည်ဖြင့် ဖိတ်ကြား၏။ ရဟန်း တို့သည် များစွာတောင်းကုန်၏။ အပ်ကျည်အငယ်ရှိသူ အကြီးကို၊ အကြီးရှိသူ အငယ်ကို တောင်းကုန်၏။ ပျောင်းစရာဘဏ္ဍာ မပြုရသဖြင့် မိမိလည်း မမျှတ၊ သားမယားတို့လည်း ပင်ပန်းကုန်၏။ အတိုင်းမသိ အပ်ဗူးများစွာ တောင်း ကုန်၏ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၅-မဋ္ဌ။ ။နဝံ၊ အသစ်ဖြစ်သော။ မဉ္စံ ဝါ၊ ကိုလည်းကောင်း။ ပီဋံ ဝါ။ ကာရယမာနေန၊ဘိက္ခုနာ။ ဟေဋ္ဌိမာယ အဋနိယာ၊ အောက် အပေါင်ကို။ ဝါ၊ အပေါင်စွန်းကို။ အညတြ၊ ကြဉ်၍။ သုဂတင်္ဂုလေန၊ မြတ်စွာဘုရား၏ လက်သစ်တော်အားဖြင့်။ အဋ္ဌင်္ဂုလပါဒကံ၊ ရှစ်သစ် အခြေရှိသည်ကို။ ကာရေတဗ္ဗံ။ တံ၊ ထိုပမာဏကို။ အတိက္ကာ မယတော၊ လွန်စေသော ရဟန်းအား။ ဆေဒနကံ၊ အလွန်ကို ဖြတ်ခြင်းရှိသော။ ပါစိတ္တိယံ။

**အဓိပ္ပာယ်။** ။ပြုခြင်းကိုစွဲ၍ အသစ်ဟု ဆိုသည်။ အဟောင်းလည်း အခြေရှစ် သစ်ထက် မရှည်စေအပ်။ ညောင်စောင်းသည် လေးမျိုးရှိ၏။ (မသာရက-ခြေ၌ ပေါင်စုပ်၊ဗုန္ဒိကာဗဒ္ဓ-ထုပ်လျှောက်ဖွဲ့၍ ပေါင်ဖြင့်ခြေကိုက် ပလ္လင်အသွင်။ကုဠီရပါဒက—ခြေကောက်၊ အာဟစ္စပါဒက—ပေါင်၌ ခြေစွပ်။) အင်းပျဉ်လည်း ဤအတူ လေးမျိုးရှိ၏။ အင်းပျဉ်သည် ညောင်စောင်းလောက် မရှည်။ အာသန္ဒိကကဲ့သို့ လေးထောင့်အညီလည်း မဟုတ်၊ အခြေသက်သက် ရှစ်သစ်ရှိလျှင် အဋ္ဌင်္ဂုလ ပါဒက မည်၏။ အောက်၌ ဖြစ်သော အပေါင် သည် ဟေဋ္ဌိမအဋနီ မည်၏။ ညောင်စောင်း အင်းပျဉ်ကို အောက်အပေါင် စွန်းကိုဖယ်၍ အခြေ ရှစ်သစ်အထိ ပြုနိုင်သည်။ ရှစ်သစ်ထက်လွန်၍ ပြုအံ့၊ ပြုစေအံ့။ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ အခြေဖြတ်၍ ပါစိတ်ကို ကုစား အပ်၏။ ဖြတ်ခြင်းရှိသော ပါစိတ်သည် ဆေဒနကပါစိတ် မည်၏။ အာသန္ဒိက၊ ပဥ္စင်္ဂ၊ သတ္တင်္ဂတို့ကား အခြေရှစ်သစ်ထက်ရှည်သော်လည်း အပ်ကုန်၏ဟု သေနာသနက္ခန္ဓကာ၌ ဆိုသည်။ ဝိဋ္ဌ-၌ ထိုသုံးမျိုးလုံးကို သမစတုရဿ လေး ထောင့်အညီကိုသာ ရည်ဆိုသည်၊ မညီလျှင် ရှစ်သစ်မလွန်စေရ ဟု ဆို၏။

ရှစ်သစ်တမိုက်၊ ဘုရားတမိုက်၊ မဇ်သုံးမိုက်၊ တို့မှာ လေးမိုက်ခွဲ။ ပကတိ တဘောင့်ထွာ ဟူလို။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်ဥပနန္ဒ မြင့်သောညောင်စောင်း၌ အိပ်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ၊ သာဏတ္တိက။ စတုက္က ပါစိတ်။ သူတပါးအလိုငှါ ပြုအံ့၊ ပြုစေအံ့၊ သူတပါးပြုသည်ကို ရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်။ ပမာဏအတိုင်း ပြုအံ့၊ လျော့၍ပြုအံ့၊ ပမာဏထက် အလွန်ရလျှင် မလွန်အောင် အခြေဖြတ် သုံးအံ့၊ မဖြတ်လိုလျှင် မြေ၌ မြှုပ်၍ သုံးအံ့၊ ပက်လက်လှန်၍ သုံးအံ့၊ ငြမ်းဖွဲ့၍ သုံးအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ပမာဏထက် လွန်သော ညောင်စောင်း အင်းပျဉ်ဖြစ်ခြင်း၊ မိမိအလိုငှါ ပြု၍ ပြုစေ၍ ရခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ အကြွင်း ယခင်သိက္ခာပုဒ်နှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်ဥပနန္ဒသည် မြင့်သောညောင်စောင်း၌ အိပ်၏။ ဘုရားရှင်ကျောင်းလှည့်စဉ် ရောက်လာသည်ရှိသော် မြတ်စွာဘုရား ကြွတော်မူပါ၊ အကျွန်ုပ်၏အိပ်ရာ၌ ကျိန်းစက်တော်မူပါဟု လျှောက်၏။ မြတ်စွာဘုရားသည် ထိုနေရာမှ လှည့်ပြန်၍ ချစ်သားတို့၊ အလိုအာသယအားဖြင့် မောဃပုရိသ—ဟူ၍ သိအပ်၏ဟူ မိန့်၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

၆—**တူလောနဒ္ဓ။** ။ယော ပန ဘိက္ခု။ တူလောနဒ္ဓံ၊ လဲဖွဲ့ယှက်ရာဖြစ်သော။ မဉ္စံ ဝါ။ ပီဌံ ဝါ။ ကာရာပေယျ။တဿ ဘိက္ခုနော။ ဥဒ္ဒါလနကံ၊ လဲကိုထုတ်ခြင်းရှိသော။ ပါစိတ္တိယံ။

**အဓိပ္ပာယ်။** ။လဲသည် ရုက္ခတူလ—သစ်ပင်လဲ၊ လတာတူလ—နွယ်လဲ၊ ပေါဋကိတူလ—မြက်လဲ။ ဤသို့ သုံးမျိုးရှိ၏။ လဲဖွဲ့ ယှက်ရာ ညောင်စောင်းအင်းပျဉ်သည် တူလောနဒ္ဓ မည်၏။ ပုဆိုးကြမ်းခင်း၍ အထက်၌ လဲထည့်၍ ပုဆိုးကြမ်းဖွဲ့သည် ဟူလို။ လဲကို ထုတ်ပြီးမှ ပါစိတ်ကို ကုစားရသောကြောင့် ဥဒ္ဒါလနကပါစိတ် မည်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ လဲဖွဲ့သော ညောင်စောင်း အင်းပျဉ်ကိုပြုခြင်းကြောင့် ပညတ်၏။ သာဓာရဏစသည် တူပြီ။ အာယောဂပတ်၊ ခါးပန်း၊ ပုခုံးဖွဲ့ကြိုး၊ သပိတ်အိတ်၊ ရေစစ်၊ ခေါင်းအုံး

တို့ကို ပြုအံ့၊ သူတပါးပြုသည်ကိုရ၍ လဲဖြေ၍သုံးအံ့၊ ဥမ္မတ္တကစသည် ဖြစ်အံ့၊ အနာပတ္တိ။ လဲဖွဲ့ယှက်ရာ ညောင်စောင်းအင်းပျဉ် ဖြစ်ခြင်း၊ မိမိအလို့ငှာ ပြု၍ ပြုစေ၍ရခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ အကြွင်း ယခင်နှင့်တူပြီ။

ခေါင်းအုံး။ ။အနာပတ္တိဝါရ၌ခေါင်းအုံးသည် သီသပ္ပမာဏသာ အပ်သည်။ ရှေ့ရေမျိုမှ၊ နောက်လည်ကုတ် ဆဲပင်အဆုံးမှ စ၍ ဦးခေါင်း တခုလုံး ထားစရာ ခေါင်းအုံးသည် သီသပ္ပမာဏ မည်၏။ ဥက္ကဋ္ဌ ပရိစ္ဆေဒ အားဖြင့် အနံ(ထိပ်) သုံးတောင်တို့တွင် နှစ်တောင်အကြားသည် တထွာနှင့် လေးသစ်။ အလယ်သည် တောင်ဆုပ်၊ အလျားသည် တတောင့်ထွာ၊ ဝါ၊ နှစ်တောင်ဖြစ်၏။ ထိုထက်ကြီးလျှင် မအပ်။ ခေါင်းအုံး၌ ပျဉ်ပွင့်၊ ခယားပွင့် စသော အပွင့်အားလုံးမအပ်။ ပန်းညိုရွက်ကား သက်သက်မအပ်။ ရောလျှင် အပ်၏။ မာသောရဟန်းအား ခေါင်းအုံး၊ ခြေအုံး နှစ်ခုသာ အပ်သည်။ ဂိလာ နအား ခေါင်းအုံးများအထက်၌ အဝတ်ခင်း၍ အိပ်လျှင်လည်း အပ်သည်။ သားရေအခွံပြုသော ခေါင်းအုံးကား၊ လဲသက်သက်ပြည့်သော်လည်း မအပ်။ ခါးမှစ၍ ဦးခေါင်းတိုင်အောင် ထားနိုင်သော အစုကာသိက မှီအုံးကြီးကား ဒုက္ကဋ်ရ ဝတ္ထုကြီးသာတည်း။ ကျန်းမာသူ ခေါင်းအုံး၌ တံတောင်ဆစ်ထောက်ခြင်း၊ ရင်အော က်၌ ခေါင်းအုံးထားခြင်းတို့ကား "အပ်ပါသည်။ ခေါင်းအုံး၌ ထိုင်ခြင်း အိပ်ခြင်းမဟုတ်သောကြောင့်" ဟု အချို့ဆိုသည်။ "မအပ်၊ ခေါင်းအုံး ခြေအုံး နှစ်ခုသာ အပ်သောကြောင့်လည်းကောင်း၊ ခါးမှစ၍ ဦးခေါင်း တိုင်ထားသော မှီအုံးကြီး မအပ်သောကြောင့် လည်းကောင်း"ဟု အချို့ဆို သည်။ သိက္ခမာနေန ဘိက္ခဝေ ဘိက္ခုနာ အညာတဗ္ဗံ ပရိပုစ္ဆိတဗ္ဗံ ပရိပဥှိတဗ္ဗံ ဟူသော မိန့်ခွန်းတော်ကို အလေးပြုအပ်၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ညောင်စောင်း အင်းပျဉ် တို့ကို လဲဖြင့်ဖွဲ့ယှက်ခြင်းပြုစေကုန်၏။လူတို့မြင်၍ ကာမဘောဂီကဲ့သို့ ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၇-နိသီဒန။ ။နိသီဒနံ၊ ကို။ ကာရယမာနေန။ ဘိက္ခုနာ။ ပမာဏိကံ၊ ပမာဏနှင့် ယှဉ်သည်ကို။ ကာရေတဗ္ဗံ။ တတြ၊ ထိုနိသီဒိုင်၌။ ဣဒံ၊ ဤဆိုလတ္တံ့သည်ကား။ ပမာဏံ၊ ပမာဏတည်း။ ဒီဃသော။ အလျားမှ။ သုဂတဝိဒတ္ထိယာ၊ မြတ်စွာဘုရား အထွာတော်အားဖြင့်။ ဒွေဝိဒတ္ထိယော၊ နှစ်ထွာ။ တိရိယံ၊ အနံကား။ ဒိယဍ္ဎံ၊ တထွာခွဲ။

(ဝါ၊ ထက်ဝက်ဖြင့်ယုတ်သော နှစ်ထွာ။) ဒသာ၊ အဆာကား။ ဝိဒတ္ထိ၊ တထွာ။ တံ၊ ထိုပမာဏကို။ အတိက္ကာမယတော။ ဆေဒနကံ၊ အလွန်ကိုဖြတ်ခြင်းရှိသော။ ပါစိတ္တိယံ။

**အဓိပ္ပာယ်။** ။သန္ထတအခင်းကဲ့သို့ တဘက်သောအစွန်း၌ အဆာသုံးခုရှိသော ငရိက္ခရာသည် နိသီဒနမည်၏။ အလျားဘက်၊ အနံဘက် တဘက်ဘက်သော အစွန်း၌ ဘုရားရှင်တထွာမျှ အဆာဆက်၍ ထိုအဆာကို နှစ်ခုသော နေရာ၌ခွဲလျှင် အဆာသုံးခုဖြစ်၏။ ပြုအံ့၊ ပြုစေအံ့။ ပယောဂတိုင်း ဒုက္ကဋ်။ ရလျှင် အလွန်ကိုဖြတ်ပြီးမှ ပါစိတ်ကုစားအပ်၏။

**နိသီဒိုင်။** ။အခင်းဘုံးသား တင်ထားသော နိသီဒိုင်နှင့် လေးလ မကင်းရသော ကြောင့် နိသီဒိုင်သည် အဓိဋ္ဌာန်တင်အပ်သော စီဝရမျိုးဖြစ်သည်။ သန္ထတနိသီဒိုင်ကား ရက်သောအခင်းမဟုတ်။ အဓိဋ္ဌာန်မတင်ရ၊ သင်္ကန်းကိုး ထည်၌ မဝင်။ ပမာဏပြည့် နိသီဒိုင် သက်သက်သည် ၂-ထွာ×၁-ထွာခွဲ။ အဖျား၌ အဆာဆက်လျှင် ၃-ထွာ×တထွာခွဲ။ နံဘေး၌ ဆက်လျှင် ၂-ထွာ× ၂-ထွာခွဲ။ ဤကား ခွင့်ပြုသော နိသီဒိုင်တည်း။ ဝေသာလီ အဓမ္မဝတ္ထုဆယ် ပါး၌ အဆာမပါသော နိသီဒိုင် အပ်သည်ဟုရာ၌ အဆာမပါပဲ ၃-ထွာ× တထွာခွဲဖြစ်စေ။ ၂-ထွာ× ၂-ထွာခွဲဖြစ်စေ အပ်သည် ဟုလို။ ထိုဝါဒကို ဒုတိယသင်္ဂါယနာ၌ ဆုံးဖြတ်၍ ပယ်သည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ပမာဏလွန်သော နိသီဒိုင်ကို ဆောင် ခြင်းကြောင့် ပညတ်၏။ ဒသာဝိဒတ္ထိသည် အနုပညတ်ဖြစ် ၏။ အသာဓာရဏ၊ သာဏတ္တိက။ စတုက္ကပါစိတ်။ သူတပါးအလို့ငှာ ပြုအံ့၊ ပြုစေအံ့၊ ပြုပြီးကိုရ၍ သုံးအံ့၊ ဒုက္ကဋ်။ ပမာဏအတိုင်း ပြုအံ့၊ လျော့၍ပြုအံ့၊ ပြုပြီးသော ပမာဏလွန် နိသီဒိုင်ကိုရလျှင် ဖြတ်၍သုံးအံ့၊ မျက်နှာကြက်၊ မြေ အခင်း၊ တင်းတိမ်ကန့်လန့်ကာ၊ ဘုံလျှို၊ ခေါင်းအုံးပြုအံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။

နိသီဒိုင် ပမာဏလွန်ခြင်း၊ မိမိအလို့ငှာပြု၍ ပြုစေ၍ရခြင်း။ ဤကား အင်္ဂါ နှစ်ပါးတည်း။ အကြွင်း ယခင်နှင့်တူပြီ။ နိသီဒိုင်အလျား ၂-ထွာသည် ၆- ထွာ၊ ၉-ထွာ။ အနံ တထွာခွဲသည် လေးထွာခွဲ၊ ခြောက်ထွာကိုးသစ်။ အဆာ တထွာသည် ၃-ထွာ၊ ၄-ထွာခွဲ၊ မဇ္ဈိမ ပကတိ ခွဲသိအပ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဘုရားရှင်သည် တနေ့၌ နိသီဒိုင်ကို ခွင့်ပြု၏။ (စီဝရက္ခန္ဓက ပဏီတဘောဇန ဝတ္ထု၌ ကိုယ်၊ သင်္ကန်း၊ အိပ်ရာနေရာ စောင့်ရှောက်ခြင်းငှာဟု ခွင့်ပြုသည်။) ဆဗ္ဗဂ္ဂီတို့သည် ဘုရားရှင် ခွင့်ပြုသည်ဟု နိသီဒိုင်ကြီးတို့ကိုပြု၍ ဆောင်ကုန်၏။ ညောင်စောင်း အင်းပျဉ်တို့၌ ရှေ့နောက် တွဲလျားကျစေကုန်၏။ နိသီဒိုင်ကြီး ဆောင်သည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် အလျားနှစ်ထွာ×အနံတထွာခွဲထက် မကြီးစေရဟု ပညတ်သည်။ အခါတပါး ရှင်ဥဒါယီသည် ဘုရားရှင်ရှေ့တော်၌ နိသီဒိုင်ခင်း၍ ထိုင်၏။ ခန္ဓာကိုယ်ကြီးသူဖြစ်၍ ဝန်းကျင်ဆွဲဆန့်ဖြန့်လျက် ထိုင်၏။ ချစ်သားဥဒါယီ၊ အဘယ်ကြောင့် သားရေနယ်သမားကဲ့သို့ ဆွဲဆန့်ဖြန့်သနည်း။ ရဟန်းတို့အား ခွင့်ပြုသော နိသီဒိုင် ငယ်သောကြောင့်ပါ ဘုရား။ ချစ်သားတို့၊ နိသီဒိုင်၏ အဆာကို တထွာ ငါဘုရားခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

ဂ-ကဏ္ဍုပ္ပဋိစ္ဆာဒိ။ ။ကဏ္ဍုပ္ပဋိစ္ဆာဒိံ၊ အမာလှမ်း သင်္ကန်းကို။ ကာရယမာနေန။ ဘိက္ခုနာ။ ပမာဏိကာ။ ကာရေတဗ္ဗာ။ တတြိဒံ။ ပမာဏံ။ ဒီဃသော။ သုဂတဝိဒတ္ထိယာ။ စတဿော ဝိဒတ္ထိယော၊ လေးထွာ။ တိရိယံ။ ဒွေ ဝိဒတ္ထိယော။ တံ။ အတိက္ကာမယတော။ ဆေဒနကံ။ ပါစိတ္တိယံ။

**အမိပ္ပာယ်။** ။ချက်အောက် ဒူးဝန်း နှစ်ဘက်အထက်၌ အနာကို ဖုံးခြင်းငှာ ခွင့်ပြုသော သင်္ကန်းသည် ကဏ္ဍုပဋိစ္ဆာဒိမည်၏။ ကဏ္ဍု-ယားနာ။ ပိဠကာ-ဝဲနာ၊ အဿာဝေါ- အရိယိုသော မြင်းသရိုက်နာ၊ ထုလ္လကစ္ဆု-ဝဲကြီးနာ၊ ဤအနာတို့ကို ဖုံးစရာ အဝတ်ဖြစ်သည်။ ဒုက္ကဋ်။ ပါစိတ်။ ဆေဒနက တူပြီ။ လေးထွာသည် ၁၂-ထွာ၊ ၁၈-ထွာ။ နှစ်ထွာသည် လွယ်ပြီ။ (ကာရယမာနေန ငဲ့လျှင် ကဏ္ဍုပဋိစ္ဆာဒိံ—ဟု ဒုတိယာန္တ။ကာရေတဗ္ဗာ ငဲ့လျှင် ကဏ္ဍုပဋိစ္ဆာဒိ-ဟု ပဌမန္တနှစ်ချက်လုံး သင့်၏။

**မှတ်ဖွယ်အထူး။** ။၎င်းဝိဒိုင်၌—ချက်အောက် ဒူးအထက်ဖုံးရန် အမာလှမ်းအကြီးဆုံး(လေးထွာ×နှစ်ထွာ)သည် ပကတိ ပုရိသတို့အား အဆမတန်ကြီး၏။ ကြီးသော်လည်း တကိုယ်လုံး ဖုံးနိုင်အောင်လည်းကောင်း၊ အထပ်ထပ်ဖုံးနိုင်အောင်လည်းကောင်း။ဘုရားရှင်အလိုတော်ရှိသည်ဟု ဆို၏။ ၆-(အနာရှိခိုက် တထည်သာ အဓိဋ္ဌာန်တင်ရသည်။အနာပျောက်လျှင် အဓိဋ္ဌာန်ကျသည်။ ဝိကပ္ပနာပြုထားရသည်။)

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ပမာဏလွန်သော အမာလွှမ်း ဆောင်ခြင်းကြောင့် ပညတ်၏။ သာဓာရဏ။အကြွင်းအခန်းလုံး နိသီဒိုင်နည်းနှင့်တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဘုရားရှင်သည် တနေ့၌ အမာလွှမ်းကို ခွင့်ပြု၏။ (စိ ရက္ခန္ဓက၌ ရှင်ဗေလဋ္ဌသီသ ဝဲကြီးနာပေါက်၍ သင်္ကန်းနှင့် ကိုယ်-အစေးကပ်၍ ရေဆွတ်ခွာရသောကြောင့် ခွင့်ပြုသည်။) ဆဗ္ဗဂ္ဂီတို့သည် ကြီးစွာသော အမာလွှမ်းဆောင်၍ ရှေ့နောက်ဆွဲငင်လျက် လှည့်လည်ကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၉-ဝဿိက သာဋိကာ။** ။ဝဿိက သာဋိကံ၊ မိုးရေခံသင်္ကန်းကို။ ကာရယမာနေန။ ဘိက္ခုနာ။ ပမာဏိကာ၊ ကာရေတဗ္ဗာ။ တတြ။ ဣဒံ။ ပမာဏံ။ ဒီဃသော။ သုဂတဝိဒတ္ထိယာ။ဆဝိဒတ္ထိယော၊ခြောက်ထွာ။ တိရိယံ။ အဍ္ဎတေယျာ၊ နှစ်ထွာခွဲ။ ဝါ၊ ထက်ဝက်ဖြင့် ယုတ်သော သုံးထွာ။ တံ။ အတိက္ကာမယတော။ ဆေဒနကံ။ ပါစိတ္တိယံ။

**အဓိပ္ပာယ်။** ။မိုးဥတုလေးလ၌သာ ဝတ်ရန်ခွင့်ပြုသော သင်္ကန်းသည် ဝဿိက သာဋိကာမည်၏။ ငုက္က ။ ပါစိတ်။ ဆေဒနက တူပြီ။ ၆-ထွာသည် ၁၀-ထွာ၊ ၂၇-ထွာ။ နှစ်ထွာခွဲသည် ၇-ထွာခွဲ။ ၁၀-ထွာနှင့် ၁၅-သစ်။ မိုးလေးလ၌သာ တထည်သာ အဓိဋ္ဌာန်တင်ရသည်။ မိုးလေးလကုန်လျှင် အဓိဋ္ဌာန်ဖျက်၍ ဝိကပ္ပနာ ပြုထားရသည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ ကြီးစွာသော မိုးရေခံဆောင်ခြင်းကြောင့် ပညတ်၏။ အသာဓာရဏ စသည် နိသီဒိုင်နှင့်တူပြီ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဘုရားရှင်သည် တနေ့၌ ရဟန်းတို့အား မိုးရေခံသင်္ကန်းကို ခွင့်ပြု၏။ (စီဝရက္ခန္ဓက ဝိသာခါဝတ္ထု၌ ခွင့်ပြုသည်။တကျွန်းလုံး အနှံ့ရွာသော မိုးကြီး၌ ရေချိုးကြသည်ကို ဝိသာခါ၏ ကျွန်မက အာဇီဝကတွေဟု အသင်္ခလုံ၍ ဝိသာခါ သို့ချစ်ပါးတော်ပေါ်းသည်။) ဆဗ္ဗဂ္ဂီတို့သည် ကြီးစွာသော မိုးရေခံကိုဆောင်၍ ရှေ့နောက် ဆွဲငင်လျက် လှည့်လည်ကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏၊ ထိုကြောင့် ပညတ်သည်။

၁၀–နန္ဒတ္ထေရ။ ။ယော ပန ဘိက္ခု။သုဂတစီဝရပ္ပမာဏံ၊မြတ်စွာဘုရား သင်္ကန်းတော်ပမာဏရှိသော။ စီဝရံ ဝါ၊ ကိုလည်းကောင်း။ အတိရေကံ ဝါ၊ ထို့ထက်လွန်သော သင်္ကန်းကိုလည်းကောင်း။ ကာရာပေယျ။ တသ ဘိက္ခုနော။ ဆေဒနကံ။ ပါစိတ္တိယံ။ ဟောတိ။တဗြာ၊ ထိုစကား၌။ တ္တဒံ၊ ဤဆိုလတ္တံ့သည်ကား။သုဂတဿ၊ မြတ်စွာဘုရား၏။ သုဂတစီဝရပ္ပမာဏံ၊ သင်္ကန်းတော်ပမာဏသည်း။ ဒီဃသော။ သုဂတဝိဒတ္ထိယာ။ နဝဝိဒတ္ထိယော၊ ကိုးထွာ၊ တိရိယံ။ဆဝိဒတ္ထိယော။ တ္တဒံ၊ ဤသည်ကား။ သုဂတဿ။ သုဂတစီဝရပ္ပမာဏံ။ ဣတိ၊ ဤသို့ သိအပ်၏။

**အဓိပ္ပာယ်။** ။ဒုက္ကဋ်၊ ပါစိတ်၊ ဆောနက တူပြီ။ -ထွာသည် ၂၇-ထွာ၊ အထွာလေးသစ်နှဲ့။ ၆-ထွာ လွန်ပြီ။ ပကတိ ပမာဏဖြင့် အလျား အတောင် ၂၀-နှင့် ၆-သစ်×အနံ ၁၃-တောင်ထွာရှိသော သင်္ကန်းသည် ဘုရားရှင်၏ ဒုကုဋ်၊ ကိုယ်ရှိ အငယ်ဆုံးသာတည်း။ ရဟန်းများ၏ သင်္ကန်းကား ထိုအောက်ငယ်မှ အကြီးဆုံး ပမာဏအဖြစ်ဖြင့် ဒပ်သည်။ သုဂတ သဒ္ဒါနှင့်ဆင့်ကား သဒ္ဒါနည်း ဖြင့် တန်ဆာဆင်သည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်နန္ဒခေါ် ညီတော်မင်းနှံ ဘုရားရှင် သင်္ကန်းမျှ ကြီးသော သင်္ကန်းကို ဆောင်ခြင်းကြောင့် ပညတ်၏။ အကြွင်းနိသီဒိုင် သိက္ခာပုဒ်နှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ မိထွေးတော် ဂေါတမီ၏သား ရှင်နန္ဒသည် အလွန် အဆင်းလှ၏။ ဘုရားရှင်အောက် လေးသစ်ခန့် နိမ့်၏။ ဘုရားရှင်သင်္ကန်းမျှ ကြီးသော သင်္ကန်းကို ဆောင်၏။ မထေရ်ကြီးတို့သည် အဝေးမှ ကြွလာသော ရှင်နန္ဒကို ဘုရားရှင် ကြွလာသည်ဟု မှတ်ထင်၍ နေရာမှ ထကုန်၏။ အနီးရောက်မှ သိကြသောအခါ အဘယ့်ကြောင့် ရှင်နန္ဒသည် ဘုရားရှင် သင်္ကန်းပမာဏရှိသော သင်္ကန်းကို ဆောင်ဘိသနည်းဟု ကဲ့ရဲ့ကုန်၏။ ဘုရားရှင် မေးစစ်၍ ကဲ့ရဲ့ပြီးလျှင် ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

ရတနဝဂ္ဂေါ နဝမော။

**သုဒ္ဓပါစိတ် ပြီး၏။**

# ပါဋိဒေသနီ

ဣမေ ခေါ ပနာ ယသ္မန္တော စတ္တာရော ပါဋိဒေသနီယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

**၁-ပဌမပါဋိဒေသနီ။** ။ယော ပန ဘိက္ခု။ အန္တရဃရံ၊ ရွာတွင်း သို့၊ ပဝိဋ္ဌာယ၊ ဝင်သော။ အညာတိကာယ။ ဘိက္ခုနိယာ၊ ၏။ ဟတ္ထတော၊ လက်မှ။ ခါဒနီယံ ဝါ။ ဘောဇနီယံ ဝါ။ သဟတ္ထာ၊ မိမိ လက်ဖြင့်။ ပဋိဂ္ဂဟေတွာ၊ ခံယူ၍။ ခါဒေယျ ဝါ။ ဘုဉ္ဇေယျ ဝါ။ တေန ဘိက္ခုနာ၊ သည်။ ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ၊ ဣတိ၊ ဤသို့ဆို၍။ ပဋိဒေသေတဗ္ဗံ၊ ဒေသနာကြားအပ်၏။ "အာဝုသော၊ ငါ့ရှင်။ အဟံ၊ ငါသည်။ ဂါရယှံ၊ ကဲ့ရဲ့အပ်သော။ အသပ္ပါယံ၊ မလျောက်ပတ်သော။ ပါဋိဒေသနီယံ၊ ပါဋိဒေသနီ အမည်ရှိသော။ ဓမ္မံ၊ အာပတ်သို့။ အာပဇ္ဇိံ၊ ရောက်ခဲ့ပြီ။ တံ၊ ထိုအာပတ်ကို။ ပဋိဒေသေမိ၊ ကြားပါ၏။ ဝါ၊ ကုစားပါ၏။ ဣတိ၊ ပဋိဒေသေတဗ္ဗံ။

**အဓိပ္ပာယ်။** ။လမ်းရှည်၊ လမ်းတို၊ လမ်းဆုံ၊ အိမ် အားလုံးသည် အန္တရဃရ မည်၏။ အန္တရ-အကြား၌+ဃရ-အိမ်+ရှိသောကြောင့် မြို့တွင်း ရွာတွင်း အားလုံးသည် အန္တရဃရ မည်၏ ဟူလို။ ဥဘတော ဘိက္ခုနီသည် ဘိက္ခုနီ မည်၏။ ဘောဇဉ်ငါးပါးမှ ကြွင်းသော ယာဝကာလိကသည် ခါဒနီယ၊ ဘောဇဉ်ငါးပါးသည် ဘောဇနီယ မည်၏။ အန္တရဃရ၌သာ တည်သော အမျိုးမတော်သော ဥဘတော ဘိက္ခုနီမ၏ လက်မှ ခဲဖွယ် ဘောဇဉ် ယာဝကာလိကကို စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါဋိဒေသနီ။ ရဟန်း၏ နေရာကား အန္တရဃရ ဟုတ်၊ မဟုတ် ပမာဏမဟုတ်။ ထိုအာပတ်ကို ဂါရယှံ အာဝုသော စသည်ဖြင့် ဆို၍ ဒေသနာ ကြားအပ်၏။ နတ်ရွာနိဗ္ဗာန်တို့အား

မလျော်သော အာပတ်၊အစီးအပွားမဟုတ်သော အာပတ် ဖြစ်သောကြောင့် အသပ္ပာယ မည်၏။ အာပတ်အားလုံး ကုစားနေကျ သဗ္ဗသာဓာရဏနည်းဖြင့် ဒေသနာကြားလျှင်လည်း အပြစ်မရှိ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရဟန်းတပါး ရှာတင်းဝင်သော အမျိုးမတော်သော ဘိက္ခုနီမ၏လက်မှ အာမိသခံခြင်းကြောင့် ပညတ်၏။

အသာဓာရဏ၊ အနာဏတ္တိက။ တိကပါဋိဒေသနီ။ ယာမကာလိက စသည်ကို အာဟာရအလို့ငှါ ခံအံ့၊ မျိုအံ့၊ ကေတော ဘိက္ခုနီ၏ လက်မှ အာမိသခံအံ့၊ မျိုအံ့၊ ဒုက္ကဋ်။ ညာတိကာ၌ ဒွိကဒုက္ကဋ်။ အမျိုး၌ အမျိုးဟုမှတ်ထင်အံ့၊ အမျိုးကို လျှုခိုင်းအံ့၊ အနီး၌ ချ၍ လှူအံ့၊ အရံတွင်း၊ ဘိက္ခုနီမကျောင်း၊ တိတ္ထိကျောင်း၊ ဆွမ်းစားကျောင်းတို့၌ နေ၍ လှူအံ့၊ ရှာပြင်သို့ ဆောင်၍ လှူအံ့၊ ယာမကာလိက စသည်ကို အကြောင်းရှိလျှင် သုံးဆောင်ပါဟု လှူအံ့၊ သိက္ခမာန်၊ သာမဏေမတို့၏လက်မှ ခံယူသုံးဆောင်အံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။ အနီး၌ ချ၍ လှူလျှင် ကောင်းပြီဟု အလှူခံပြီးနောက် ထိုဘိက္ခုနီမကို ကပ်ခိုင်း၍ စားအံ့၊ အနာပတ္တိ။

ဥဘတော ဘိက္ခုနီဖြစ်ခြင်း၊ အမျိုးမတော်ခြင်း၊ ရှာတွင်း၌ တည်သော ဘိက္ခုနီ၏လက်မှ မိမိလက်ဖြင့် ခံယူခြင်း၊ ယာဝကာလိကဖြစ်ခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ဇေတဝန်။ဘိက္ခုနီမတဦးသည် ဆွမ်းခံအပြန်တွင် ရဟန်းတဦးကိုမြင်၍-အရှင်မြတ်၊ ဤဆွမ်းကို ခံတော်မူပါဟု လျှောက်၏။ ကောင်းပြီဟု ဆို၍ အကုန်လုံး ခံယူ၏။ နေမြင့်၍ ဆွမ်းခံချိန် မရှိ။ ထိုနေ့ ဆွမ်းပြတ်၏။ ဒုတိယနေ့လည်း ဤအတူ၊ တတိယနေ့လည်း ဤအတူ၊ ဆွမ်းပြတ်၏။ စတုတ္ထနေ့၌ တုန်တုန်လှုပ်လှုပ်ဖြင့် ဆွမ်းခံသွားစဉ် သဌေးတယောက်သည် ရထားစီးလာ၍ အရှင်မ၊ဖယ်ပါ ဟု ဆို၏။ဖယ်လိုက်ရာ ထိုနေရာတွင် လည်း၍ ကျသွား၏။ သဌေးသည် အရှင်မ၊ အကျွန်ုပ်ကြောင့် ဒုက္ခဖြစ်ရသည်၊ သည်းခံပါဟု တောင်းပန်၏။အသင့်ကြောင့်မဟုတ် ငါ့မှာ အားမရှိသောကြောင့် ဟု ဆို၏။ အဘယ့်ကြောင့် အားမရှိပါသနည်းဟု မေးလတ်သော် သုံးရက်ဆွမ်းပြတ်ကြောင်းကို ပြောပြ၏။ သဌေးသည် အိမ်သို့ ပင့်၍ ဆွမ်းကျွေးပြီးလျှင် အရှင်ကောင်းတို့သည် ဘိက္ခုနီမလက်မှ အဘယ့်ကြောင့် အာမိသ ခံကုန်သနည်း။ မာတုဂါမသည် လာဘ်ရှားသည်မဟုတ်လောဟု ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

**၂-ဒု - ပါဠိဒေသနီ။** ။ဘိက္ခုပနေဝ၊ ရဟန်းတို့သည်သာလျှင်။ ကုလေသု၊ ဒါယကာအိမ်တို့၌။ နိမန္တိတာ၊ ပင့်ဖိတ်အပ်ကုန်သည်ဖြစ်၍။ ဘုဉ္ဇန္တိ၊ ဆွမ်းစားကုန်၏။ တတြ၊ ထိုဆွမ်းစားရာ၌။ သော ဘိက္ခုနီ၊ ဤသို့သော ဘိက္ခုနီမသည်။ ဝေါသာသမာနရူပါ၊ အကျွမ်းဝင်ရာ၌ စီမံခြင်းသဘောရှိသည်ဖြစ်၍။ ဌိတာ၊ တည်သည်။ စေ ဟောတိ။ "ဣဓ၊ ဤရဟန်း၏သပိတ်၌။ ဝါ၊ ဤနေရာ၌ နေသောရဟန်းအား။ သူပံ၊ ဟင်းကို။ဒေထ၊ လှူကြလော့။ဣဓ။သြဒနံ၊ထမင်းတို့။ ဒေထ။" ဣတိ၊ ဤသို့ အကျွမ်းဝင်ရာ၌ စီမံခြင်းသဘောရှိသည်ဖြစ်၍။ဌိတာ။စေ ဟောတိ။တေဟိ ဘိက္ခူဟိ၊တို့သည်။ သာ ဘိက္ခုနီ၊ ကို။ အပသာဒေတဗ္ဗာ၊ မောင်းမဲအပ်၏။ "ဘဂိနိ၊ နှမ။ ယာဝ၊ အကြင်မျှလောက်သော ကာလ ပတ်လုံး။ ဘိက္ခူ၊ ဘုဉ္ဇန္တိ။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ အပသက္က၊ ဖဲသွားဦးလော့" ဣတိ။ အပသာဒေတဗ္ဗာ။ ကေနာပိ ဘိက္ခုနော။ ကေနာပိ ဘိက္ခု၊ တပါးမျှသော ရဟန်းသည်လည်း။ တံ ဘိက္ခုနိံ၊ ကို။ အပသာဒေတုံ။ အပသာဒေတဗ္ဗာ၊ မောင်းမဲ၍။ "အပသက္က တာဝ ဘဂိနိ၊ ယာဝ ဘိက္ခူ ဘုဉ္ဇန္တိ" တိ၊ ဘုဉ္ဇန္တိ ဟူ၍။ စေ နပ္ပဋိဗာဟေယျ၊ အကယ်၍ မဆိုငြားအံ့၊ တေဟိ ဘိက္ခူဟိ၊ တို့သည်။ "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိမှ အသပ္ပါယံ ပါဋိဒေသနီယံ တံ ပဋိဒေသေမာ" တိ၊ ပဋိဒေသေမဟူ၍။ ပဋိဒေသေတဗ္ဗံ။

**အဓိပ္ပာယ်။** ။မင်း၊ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ၊ အမျိုးလေးပါးသည် ကုလမည်၏။ ၎င်းတို့၏ အိမ်သည်လည်း ကုလပင်တည်း။ ဘောဇဉ် ပါးပါးဖြင့် ပင့်ဖိတ်အပ်သော ရဟန်းတို့သည် နိမန္တိတတို့ မည်ကုန်၏။ ဥဘတော ဘိက္ခုနီသည် ဘိက္ခုနီမည်၏။ မိတ်ဆွေ၊ မြင်ဘူးသူ၊ သုံးဆောင်ဘူးသူ၊ ဥပဇ္ဈာယ်တူ၊ ဆရာတူဖြစ်သည်အလျောက် ချစ်ကျွမ်းဝင်ရာ၌ စီမံသော ဘိက္ခုနီမသည် ဝေါသာသမာနရူပါ မည်၏။ ဣဓ သူပံ ဒေထစသည်ကား စီမံသော စကားတည်း။ ဆွမ်းစားနေကြသော ရဟန်းတို့သည် ထိုဘိက္ခုနီမကို မောင်းမဲအပ်၏။အပသက္က တာဝ စသည်သည် မောင်းမဲသော စကားဖြစ်၏။ ကေနစေပိ ဘိက္ခုနော၌ ပဉ္စမာအနက် ဆက်သက်သည်။ အပသာဒေတုံ၌ အဘိဟဋ္ဌုံ ကဲ့သို့ တွာ ပစ္စည်း၏ အပြုဖြစ်သည်။ တပါးသော ရဟန်းမျှ မမောင်းမဲ မတားမြစ်ပဲ့ စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါဋိဒေသနီ။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ဆဗ္ဗဂ္ဂီတို့ ဘိက္ခုနီ ကျွမ်းတဝင် စီမံသည်ကို မမေ၁င်းမဲခြင်းကြောင့် ပညတ်၏။ ပါဋ္ဌိဒေသနီ လေးခုလုံး အသာဓာရဏ၊ အနာဏတ္တိကချည်းသာတည်း။ တိကပါဋ္ဌိဒေသနီ။ ကေတော ဘိက္ခုနီ စီမံသည်ကို မတားအံ့၊ ဒုက္ကဋ်။ အနုပသမ္ပန္နာ၌ ဒွိကဒုက္ကဋ်။ အနုပ သမ္ပန္နာ၌ အနုပသမ္ပန္နာဟု ထင်အံ့၊ ဘိက္ခုနီသည် မိမိ၏ဆွမ်းကို ပေးစေအံ့၊ သူတပါး၏ဆွမ်းကို ကိုယ်တိုင်ပေးအံ့၊ မပေးရသေးသော ဘောဇဉ်ကို ပေးစေ အံ့၊ မပေးရသေးသော ရဟန်းအား ပေးစေအံ့၊ အားလုံး ညီတူပေးစေအံ့၊ သိက္ခမာန်၊ သာမဏေ စီမံအံ့၊ ဘောဇဉ်ငါးပါး မဟုတ်အံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ္တိ။

ဥဘတော ဘိက္ခုနီဖြစ်ခြင်း၊ ဘောဇဉ်ငါးပါး တပါးပါးဖြစ်ခြင်း၊ ရွာတွင်း ၌ ခွင့်ပြုသောနည်းမှ တပါးသောနည်းဖြင့် စီမံခြင်း၊ မတားခြင်း၊ မျိုခြင်း။ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်စသည် ကထိနနှင့် တူ၏။

**မှတ်ဖွယ်။** ။ဘိက္ခုနီသည် မိမိ၏ဆွမ်းကို ကိုယ်တိုင်ပေးအံ့၊ ယခင် သိက္ခာ ပုဒ် အာပတ်။ သူတပါး၏ဆွမ်းကို ပေးစေအံ့၊ ယခု သိက္ခာပုဒ် အာပတ်။ မိမိဆွမ်းကို ပေးစေအံ့၊ သူတပါးဆွမ်းကို ကိုယ်တိုင်ပေးအံ့၊ နှစ်ပါး လုံး အနာပတ္တိ။ အနာပတ္တိဝါရ၌လာသော ပေးစေခြင်းတို့သည် ရွာတွင်း၌ ခွင့်ပြုသောနည်းတို့ မည်ကုန်၏။

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ ရဟန်းတို့သည် ဒါယကာအိမ်တို့၌ ပင့်ဖိတ် အပ်သဖြင့် ခဲဖွယ်ဘုဉ်းပေးကုန်၏။ ဆဗ္ဗဂ္ဂီ ဘိက္ခုနီတို့သည် ဆဗ္ဗဂ္ဂီ ရဟန်းတို့အား ကျွမ်းတဝင် စီမံသောသဘောဖြင့် ဤ၌ ဆွမ်းထည့်ကြ၊ ဟင်း ထည့်ကြဟု ဆို၍ တည်နေကုန်၏။ ဆဗ္ဗဂ္ဂီတို့မှာ အလိုရှိတိုင်း ဘုဉ်းပေးကုန် ၏။တပါးသော ရဟန်းတို့မှာ ချမ်းသာစွာ မဘုဉ်းပေးရကုန်။ အဘယ့်ကြောင့် ဆဗ္ဗဂ္ဂီတို့သည် ဘိက္ခုနီ စီမံသည်ကို မတားကုန်သနည်းဟု ကဲ့ရဲ့ကုန်၏။တို့ကြောင့် ပညတ်သည်။

၃-ဘ-ပါဠိဒေသနီ။ ။သေက္ခသမ္မတာနိ၊ သေက္ခသမ္မုတိ ရကုန် သော။ ယာနိ ခေါ ပန တာနိ ကုလာနိ၊ အကြင်ဒါယကာတို့သည်။ သန္တိ၊ ရှိကုန်၏။ ယော ပန ဘိက္ခု။ တထာရူပေသု။ သေက္ခ သမ္မ တေသု။ ကုလေသု၊ ဒါယကာတို့၌။ ပုဗ္ဗေ၊ ရှေးအဖို့၌။ (ဃရူပစာသို့

မရောက်ခင်ဟူလို။) အနိမန္တိတော၊ ပင့်ဖိတ်အပ်သူမဟုတ်ပဲ။ အဂိလာနော။ ခါဒနီယံ ဝါ။ ဘောဇနီယံ ဝါ။ သဟတ္ထာ။ ပဋိဂ္ဂဟေတွာ ၂ ခါဒေယျ ဝါ။ဘုဉ္ဇေယျ ဝါ။ တေန ဘိက္ခုနာ။ "ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပါယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ"တိ၊ ဟူ၍။ ပဋိဒေသေတဗ္ဗံ။

**အဓိပ္ပာယ်။** ။စည်းစိမ်နည်းပါး သဒ္ဓါများသောကြောင့် ဉတ္တိ ဒုတိယကံဖြင့် သေက္ခသမ္မုတိ ပေးအပ်သော ဒါယကာသည် သေက္ခသမ္မတ မည်၏။ (မျက်ကွယ်ကံရှစ်ပါး၌ ပါဝင်သည်။) ယနေ့ ကောင်းမှုအလို့ငှာ၊ နက်ဖန်ကောင်းမှုအလို့ငှာဟု ကြိုတင်၍ အိမ်ဥပစာရသို့ မရောက်မီ ပင့်ဖိတ်အပ်သောရဟန်းသည် ပုဗ္ဗေ နိမန္တိတ မည်၏။ ထိုသို့မဖိတ်အပ်သော်လည်းကောင်း၊ အိမ်ဥပစာရသို့ရောက်မှ ဖိတ်အပ်သော်လည်းကောင်း အနိမန္တိတသာ မည်၏။ ဆွမ်းခံမသွားနိုင်လျှင် ဂိလာန၊ သွားနိုင်လျှင် အဂိလာန မည်၏။ ပင့်ဖိတ်အပ်သူလည်းမဟုတ်၊ ဂိလာနလည်း မဟုတ်ပဲ သေက္ခသမ္မုတိရသော ဒါယကာ အိမ်၌ ယာဝကာလိက အာမိသကို စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါဋိဒေသနီ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရဟန်းများစွာ အတိုင်းအရှည်မသိ ခံခြင်းကြောင့် ပညတ်၏။ ပုဗ္ဗေ အနိမန္တိတော၊ အဂိလာနောသည် အနုပညတ် နှစ်ခုဖြစ်၏။ တိကပါဋိဒေသနီ။ ယာမကာလိကစသည်ကို ခံအံ့၊ မျိုအံ့၊ ဒုက္ကဋ်။ အသေက္ခသမ္မတ၌ ဒိုကဒုက္ကဋ်။ အသေက္ခသမ္မတ၌ အသေက္ခသမ္မတသညာ ရှိအံ့၊ ပုဗ္ဗေနိမန္တိတ ဖြစ်အံ့၊ ဂိလာနဖြစ်အံ့၊ နိမန္တိတဂိလာနတို့၏ အကြွင်းကို စားအံ့၊ ထိုအိမ်၌ တည်ထားသော်လည်း သူတပါးတို့၏ ဆွမ်းဖြစ်အံ့၊ အိမ်ပြင်ပ ထုတ်ဆောင်၍ ဆွမ်းစားကျောင်းစသည်၌ လှူအံ့၊ ရဟန်းကို မမြင်မီ တံခါးအနီးသို့ ထုတ်ထားသော ဆွမ်းဖြစ်အံ့၊ နိစ္စဘတ်၊ သလာကဘတ်၊ ပက္ခိကဘတ်၊ ဥပေါသထိကဘတ်၊ ပါဋိပဒိကဘတ် ဖြစ်အံ့၊ ယာမကာလိကစသည်ကို အကြောင်းရှိလျှင် ဘုဉ်းပေးပါဟု လှူအံ့၊ ဥမ္မတ္တကစသည်ဖြစ်အံ့၊ အနာပတ္တိ။

သေက္ခသမ္မုတိရခြင်း၊ ရှေးအဖို့၌ ပင့်ဖိတ်သည်မဟုတ်ခြင်း၊ ကျန်းမာသောရဟန်းဖြစ်ခြင်း၊ အိမ်၏ဥပစာရသို့ သက်ခြင်း၊ နိစ္စဘတ်စသည်မှ တပါးသော အာမိသကို ခံယူ၍ ဘုဉ်းပေးခြင်း။ ဤကား အင်္ဂါငါးပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ဇေတဝန်။ အမျိုးသားတဦးအိမ်၌ လင်မယားနှစ်ယောက်လုံး အလှူဒါနသဒ္ဓါတရား ထက်သန်၏။ စည်းစိမ်ဥစ္စာကား နည်းပါး၏။ နံနက်စာ စီရင်သော ခဲဖွယ်ဘောဇဉ်ကို ဆွမ်းခံကြွလာတိုင်း လှူသဖြင့် ရံခါ နံနက်စာပြတ်၏။ အရှင်ကောင်းတို့သည် အတိုင်းမသိ ခံကုန်၏။ ရံခါ နံနက်စာပြတ်ကုန်ပြီဟု လူတို့ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ သဒ္ဓါများ၍ စည်းစိမ်ပါးသော ဒါယကာတို့အား ဉတ္တိ ဒုတိယကံဖြင့် သမ္မုတိပေးခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ သေက္ခသမ္မုတိရသော အိမ်၌ အာမိသ မခံရဟု ပညတ်သည်။

အခါတပါး သာဝတ္ထိ၌ ပွဲသဘင်ကျင်းပ၏။ လူတို့သည် ရဟန်းတို့ကိုပင့်၍ ဆွမ်းကျွေးကုန်၏။ ထိုသေက္ခသမ္မုတိရသော ဒါယကာလည်း ရဟန်းတို့ကို ပင့်၏။ ရဟန်းတို့သည် အလိုလိုရှိ၍ အလှူမခံကုန်။ အရှင်ကောင်းတို့သည် ငါတို့လှူသည်ကို လက်မခံကုန်။ ငါတို့အား အသက်ရှင်ခြင်းဖြင့် အကျိုးမရှိဟု ဆိုကုန်၏။ ချစ်သားတို့၊ သေက္ခသမ္မုတိရသူတို့ ပင့်ဖိတ်လျှင် ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ခံ၍စားခြင်းငှာ ခွင့်ပြု၏ဟုမိန့်၍ ပုဗ္ဗေ အနိမန္တိတောဟု အနုပညတ်နှင့်....။

အခါတပါး ထိုသေက္ခသမ္မုတိရသော ဒါယကာ၏ ဆရာရဟန်းသည် နံနက်အခါ ထိုအိမ်သို့ ကြွ၍ ထိုအိမ်၌ပင် ဂိလာန ဖြစ်၏။ ဆွမ်းကပ်သည်ကို အလိုမရှိ၍ မခံ၊ ဆွမ်းခံလည်း မသွားနိုင်၊ ထိုနေ့ ဆွမ်းပြတ်၏။ ချစ်သားတို့၊ဂိလာနရဟန်းသည် သေက္ခသမ္မုတိရသော ဒါယကာထံ၌ ခဲဖွယ်ဘောဇဉ် ကိုယ်တိုင်ခံစားခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အဂိလာနဿဟု အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

၄-စတုတ္ထပါဋိဒေသနီ။ ။အာရညကာနိ၊ တောဌ်ဖြစ်ကုန်သော။ သာသင်္ကသမ္မတာနိ၊ ရန်ရှာဖွယ်ရှိ၏ဟု သမုတ်အပ်ကုန်သော။ သပ္ပဋိဘယာနိ၊ ဘေးရန်နှင့်တကွ ဖြစ်ကုန်သော။ ယာနိ ပေါ ပန္တာနိ သေနာသနာနိ။ သန္တိ။ ယော ပန ဘိက္ခု။ တထာရူပေသု။ သေနာသနေသု။ ပုဗ္ဗေ၊ ရှေးအဖို့၌။ (အာရာမ်ပစာသို့ မဝင်ခင် ဟူလို။) အပ္ပဋိသံဝိဒိတံ၊ မသိစေပဲ ဆောင်ယူအပ်သော။ ခါဒနီယံ ဝါ။ ဘောဇနီယံ ဝါ။ အဇ္ဈာရာမေ၊ အရံတွင်း၌။ သဟတ္ထာ။ ပဋိဂ္ဂဟေတွာ။ အဂိလာနော။ ခါဒေယျ ဝါ။ ဘုဉ္ဇေယျ ဝါ။ တေန ဘိက္ခုနာ။ “ဂါရယှံ အာဝုသော ဓမ္မံ အာပဇ္ဇိံ အသပ္ပာယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမိ” တိ ပဋိဒေသေတဗ္ဗံ။

**အစိပ္ပာယ်။** ။တောင်ပါးရှိလျှင် တောကျောင်းသည် အရုံ၊ အရုံအနီး ခိုးသူတို့ အနေအထိုင် ထင်ရှားလျှင် သာသင်္ကာ။ သတ်ဖြတ်လုယက်ခြင်း ထင်ရှားလျှင် သပ္ပဋိဘယ။ ဤသို့သော တောကျောင်းတို့၌ သီတင်းသုံးတော် ငါးယောက်၏ ပြောကြားခြင်းသည်လည်းကောင်း၊ အရုံ၊ အရုံဥပစာရမှ တပါးသောနေရာ၌ ပြောကြားခြင်းသည်လည်းကောင်း အပ္ပဋိသံဝိဒိတသာ ဖြစ်သည်၊ ပြောကြားသည်မမည်။ သိစေသည်မမည်။ ယောကျာ်းဖြစ်စေ၊ မိန်းမဖြစ်စေ အရုံ၊ အရုံဥပစာရသို့ ငင်ရောက်၍ "ဤမည်သောသူ ခဲဖွယ်ဘောဇဉ်ကို ပို့ပါလိမ့်မည်"ဟု ပြောကြားခြင်းသာ ပဋိသံဝိဒိတ ပြောကြားသည် သိစေသည်မည်၏။ ပြောကြားသော အာမိသနှင့် အတူ ပါလာသော အာမိသဟူသမျှလည်း ပဋိသံဝိဒိတ မည်၏။ ပြောကြားသူနှင့် အတူ လိုက်လာသော တပါးသောသူတို့ လှူသော အာမိသလည်း ပဋိသံဝိဒိတသာ မည်၏။ (သုံးမျိုး) ကျောင်း၏ အရုံတွင်းသည် အရံမြင့်လျှင် ဥပစာရအတွင်းသည် အဇ္ဈာရာမ မည်၏။ ဆွမ်းခံကြွနိုင်လျှင် အဂိလာန မည်၏။ ဘေးရန်ရှိသော တောကျောင်း၌ ရှေးဦးစွာ မပြောကြားပဲ ယူလာသော အာမိသကို အရုံတွင်း၌ ခံယူ၍ ဆွမ်းခံကြွနိုင်သူဖြစ်လျက် စားအံ့၊ ခံယူခြင်းကြောင့် ဒုက္ကဋ်။ မျိုတိုင်း ပါဋိဒေသနီ။ အရုံလယ်ဖြင့် ခရီးဖြတ်သွားသူ လှူစေကာမူ လို့အတူ ဒုက္ကဋ်။ ပါဋိဒေသနီ။

**မှတ်ဖွယ် အထူး။** ။အရုံ၊ အရုံ၏ဥပစာသို့ ယောကျာ်း၊ မိန်းမဝင်ရောက် ပြောကြားသောအခါ တွေးတောစရာ ဘေးရန်ရှိလျှင် တွေးတောဖွယ် ရှိသည်။ ဘေးရန်ရှိသည်ဟု ပြောရသည်။ ရှိပါစေ၊ လာပို့ပါမည်ဟု ဆိုအံ့၊ ခိုးသူတို့ကို အသင်တို့ ရှောင်တိမ်းကြဦး။ လူတို့ လာကြလိမ့်မည်ဟု ပြောရသည်။ အကျိုးကား "အရုံတွင်း ခိုးသူရှိလျက် ငါတို့အား မပြော"ဟု လူတို့မဆိုနိုင်ကုန်လတ္တံ့။ ခိုးသူတို့ကလည်း "ဤဘုန်းကြီးသည် မိမိဒါယကာများကိုခေါ်၍ ငါတို့ကိုဖမ်းခိုင်းသည်"ဟုမဆိုနိုင်လတ္တံ့။ မပြောကြားပဲ ယူလာသည် ဖြစ်အံ့၊ အရုံပသို့ပြန်ထုတ်စေ၍ ပြောကြားခြင်းကိုပြုစေ၍ ဆောင်သွင်းစေအပ်၏။ ရဟန်းတို့သော်လည်း အရုံပခရီးအကြား လိုက်သွား၍ ခံယူအပ်၏။ အရုံတွင်းဖြစ် သစ်သီးစသည်ကို ရွာသို့ဆောင်၍ တဖန်လာ၍ပြန်လည်း ရှေးဦးစွာ ပြောကြားမှ အရုံတွင်း၌ ခံယူရသည်။ မပြောကြားလျှင် အရုံပသို့ ထွက်၍ ခံယူရသည်။

**အဆုံးအဖြတ်။** ။သင်္ကာတိုင်းတို့၌ ရဟန်းများစွာ-အရံတွင်း၌ ခိုးသူရှိသည်ကို မပြောကြားခြင်းကြောင့် ပညတ်၏။ အဂိလာနော်သည် အနုပညတ်ဖြစ်၏။ တိကပါဋိဒေသနီ။ ယာမကာလိက စသည်ကို အာဟာရ အလို့ငှာ ခံအံ့မျိုအံ့၊ ဒုက္ကဋ်။ ပဋိသံဝိဒိတ၌ ဒွိကဒုက္ကဋ်။ ပဋိသံဝိဒိတ၌ ပဋိသံဝိဒိတ သညီဖြစ်အံ့၊ ဂိလာနဖြစ်အံ့၊ ပဋိသံဝိဒိတကြွင်း၊ဂိလာနကြွင်းကို စားအံ့၊ အရံပ၌ ခံ၍ အရံတွင်း၌ စားအံ့၊ အရံတွင်းဖြစ် သစ်မြစ်၊ သစ်သီး စသည် ဖြစ်အံ့၊ (ရှာသို့ မဆောင်မူ၍ ဟူလို။) ယာမကာလိကစသည်ကို အကြောင်း ရှိလျှင် သုံးဆောင်ပါဟု ရထားသည်ကို စားအံ့၊ ဉမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဆိုပြီးသော တောကျောင်းဖြစ်ခြင်း၊ ထိုယာဝကာလိက၏ အရံတွင်းဖြစ် မဟုတ်ခြင်း၊ ဂိလာနမဟုတ်ခြင်း၊ဂိလာနကြွင်း မဟုတ်ခြင်း၊ ရှေးဦးစွာ မပြော ကြားခြင်း၊ အရံတွင်း၌ အလျှုခံခြင်း၊မျိုခြင်း။ ဤကား အင်္ဂါနစ်ပါးတည်း။ သမုဋ္ဌာန်စသည် ကထိနနှင့် တူ၏။ ကြိယာကြိယမျှ ထူး၏။

**ဝတ္ထု။** ။သက္က၊ ကပိလဝတ်၊ နိဂြောဓာရုံ။ သာကီဝင်မင်း၏ ကျေးကျွန်တို့ သည် သောင်းကျန်းထကြွကုန်၏။ သာကီဝင်မင်းသမီးများ တော ကျောင်းဆွမ်းပို့သွားကြသည်ကို လမ်း၌ လုယက်ဖျက်ဆီးကုန်၏။သာကီဝင်မင်း တို့၊ လိုက်၍ဖမ်းပြီးလျှင် အရှင်ကောင်းတို့သည် အရံ၌ ခိုးသူတို့နေကြသည်ကို မပြောကြားကြဟု ကဲ့ရဲ့ကုန်၏။ ဤကြောင့် အရံတွင်းဘေးရန်ရှိသည်ကို မပြော ကြားပဲ အရံတွင်း၌ အာမိသကို မခံရဟု ပညတ်သည်။ အခါတပါး ရဟန်း တပါးသည် တောကျောင်း၌ ဂိလာနဖြစ်၏။ လူတို့ ဆွမ်းသွားပို့သည်ကို အလိုလိုဖြစ်၍ အလှူမခံ ဆွမ်းခံ မကြွနိုင်သဖြင့် ထိုနေ့ဆွမ်းပြတ်၏။ ချစ်သား တို့၊ ဂိလာနရဟန်းသည် တောကျောင်းတို့၌ ရှေးဦးစွာ မပြောကြားအပ်သော ခဲဖွယ်ဘောဇဉ်ကို ကိုယ်တိုင်ခံ၍ သုံးဆောင်ခြင်းငှာ ခွင့်ပြု၏ဟု အနုပညတ် နှင့် တဖန် ပညတ်ပြန်၏။

ပါဋိဒေသနီ ပြီး၏။

## ပြုလတ္တံ့သော သေခိယ၏ ဂုဏ်ထူး

[သေခိယကို မရှိမသေ အကုသိုလ်ဒေါသဖြင့် လွန်ကျူးမှု အာပတ်သင့်သည်။ ဒေါသလည်း ဖြစ်နိုင်ခဲ့သည်။ သတိချွတ်ကာမျှဖြင့် အာပတ်မသင့်။ ယင်းသို့ဖြစ်လျက် ဗုဒ္ဓပုဂ္ဂိုလ်များသည် ဝတ်ရုံပုံ၊ သွားလာပုံ၊ စားသောက်ပုံကို သေခိယအလေးပြုခြင်းဖြင့် ထူးခြားစေကုန်၏။ ကြည်ညိုသူများ၍ လာဘ်ပေါ်အောင် ပကာသနပြုကြလေသလော စသည်ဖြင့် မေးလိုလျှင် မေးသင့်ပေ၏။ ပကာသနပြုခြင်း၊ လာဘ်ငဲ့ခြင်း စသည်ကို အပြစ်များစွာပြ၍ ဘုရားရှင် ကဲ့ရဲ့တော်မူသည်။ ဝိနည်းအာဏာတော်ကို အလေးပြုခြင်းကိုကား မကဲ့ရဲ့။ ကိုယ်နှုတ်နှစ်ပါး စောင့်ခြင်းငှာ ပညတ်သည်။ စိတ်မပါပဲ ဟန်လုပ်ခြင်းငှာဟု ဆိုချင် ဆိုနိုင်သည်။]

သေခိယသည် အစမှစ၍ သာရုပ္ပ ၂၆။ ဘောဇနသံယုတ္တ ၃၀။ ဓမ္မဒေသနာ သံယုတ္တ ၁၆။ ဥစ္စာရ ၃-ဖြစ်၏။ အဘယ့်ကြောင့် သေခိယမည်သနည်း။ နိဗ္ဗာန်ကိုမြင်ကြောင်း သမ္မာဒိဋ္ဌိပညာသည် သိက္ခတိ ဧတာယာတိ သိက္ခာ မည်၏။ ထိုပညာနှင့် ပြည့်စုံသူသည် သဟ သိက္ခာယ ယော ဝတ္တတီတိ သေက္ခော မည်၏။ ထိုသေက္ခ ပုဂ္ဂိုလ်၏ အကျင့်သည် သေက္ခဿ ဣဒံ သေခိယံ မည်၏။ နိဗ္ဗာန်မြင်သော သေက္ခပုဂ္ဂိုလ်၏အကျင့်သည် သေခိယမည်၏။ ထို့ကြောင့် သေခိယကျင့်သူကို သေက္ခ၌ ရေတွက်၏ဟု ပြသည်။ ထိုသူသည် ဒါယဇ္ဇ ပရိဘောဂရှိသူဖြစ်ပြီး၊ ခိုးစားခြင်းထေယျ မရှိ၊ ကြွေးမြီယူခြင်း ဣဏ မရှိ၊ လိုရာသွားနိုင်၏။ သာမိပရိဘောဂသို့ ရောက်လျှင် သခင်ဖြစ်၍ တဏှာ၏ ကျွန်အဖြစ်မှ လွတ်၍ တဏှာခိုင်းတိုင်း စားသူမဟုတ်ပြီ။

ရှေးမထေရ်တပါးသည် မိမိအား ရှိခိုးသော အခြင်းအရာကိုမြင်လျှင် သုခိတော ဟောတု--ချမ်းသာသူဖြစ်စေ-ဟု ဆုပေး၏။ ယောကျ်ားမိန်းမက ကွဲပြားအောင် မသိ။ သာရုပ္ပသိက္ခာပုဒ်များ လုံလေစွ။ သာမဏေတပါးသည်

ဆရာက-"ငါ့ရှင် သင့်လျှာ ဆွမ်းမပူစေနှင့်"ဟုမိန့် ဆိုသည်ကို နားထောင်၍ ဆွမ်းစားအပြီးတွင် ရဟန္တာဖြစ်ဘူးပြီ။ ဘောဇနေသိက္ခာပုဒ်များ လုံလေစွ။ ရှာနာဂသိန်သည် မိမိဟောသောတရားအဆုံး၌ မိမိလည်း မဂ်ဖိုလ်ရသည်၊ မေ့ဒေသနာသိက္ခာပုဒ်များ လုံလေစွ။ ထို့ကြောင့် သေခိယအလေးပြုသူအား အကျိုးမယုတ်ဟု သိသာ၏။

သေခိယ မလေးမစား- သဒ္ဓါဝိရိယနည်းပါးလျှင် ဒါယကဖြစ်ထိုက်လျက် ကြွေးဘင်ခြင်းကို၊ အချိုးစားခြင်းကို ဖြစ်စေနိုင်သည်။ သာမိဖြစ်ထိုက်လျက် တဏှာ၏ ကျွန်ဖြစ်လွယ်လှသည်။ သီလမလုံသူသည် လုံသူကို၊ သမာဓိ မတည်သူသည် တည်သူကို၊ ဝိနည်းအလေးမပြုသူသည် အလေးပြုသူကို အနိဋ္ဌာရုံဟု မှတ်ထင်ငြားအံ့၊ ဘုရားရှင်၏ ဣဋ္ဌာရုံကို အနိဋ္ဌာရုံဟု မှတ်ထင်မိသူနှင့် ပုံသော သနားဖွယ်သည် လောက၌ ရှိဦးမည်လော။

သေခိယ၌ အမှတ်မဲ့ ချွတ်ခြင်းဖြင့် အနာဒရိယ- အကုသိုလ်ဒေါသ ဖြစ်နိုင်ခဲပါသည်ဟု မှတ်ထင်အံ့၊ "ဤခိုးသူ ချမ်းသာစွာ အိပ်ပါစေ"ဟု အမိန့်ပေးသော ဘုရင်အား ကာမရာဂအကြားမှ သိမ်မွေ့သော ဒေါသဖြင့် ပါဏာတိပါတာထိုက်ခြင်း၊ "ဤခိုးသူကို အချက်များစွာ မရိုက်ပါနှင့်၊ တချက်တည်းဖြင့် ကိစ္စအပြီးပြုပါ"ဟု သနား၍ဆိုသောရဟန်းအား ကိစ္စမချွတ်လျှင် ပါရာဇိကဖြစ်ခြင်း၊ ဒေါသသည် ကရုဏာအသွင်ဖြင့် လှည့်စားခြင်း။ ကုဋိ၌ ရေကြွင်းထားခဲ့သော မမွကထိကအား ဝိနည်းကို မသိသော်လည်း ထားခဲ့သည်ကို သိသော စိတ်ဖြင့် အာပတ်သင့်ခြင်း။ ထိုစိတ်သည် အနာဒရိယ ပဋိစ္စ ဖြစ်ခြင်းတို့ကို ဆင်ခြင်သင့်လှ၏။ ဆင်ခြင်လျှင် သိမ်မွေ့သော အနာဒရိယ ဒေါသငယ် ဖြစ်နိုင်ခဲသည် မဟုတ်ဟု သိနိုင်ရာ၏။ သိက္ခာပုဒ်ပညတ်ခြင်းသည် ဘုရားရှင်၏ အရာ၊ ယုံကြည်စွာ လိုက်နာခြင်းသည် သာဝကတို့၏ အရာဟု အလေးပြုသူအား အပြစ်မရောက်နိုင်ပေ။ "ငါသာ သေခိယ ပြည့်စုံသည်၊ တပါးသူတို့ မပြည့်စုံ" ဟု အတ္တုက္ကံသန၊ ပရဝမ္ဘနရှိသူကား သေခိယသည် အပါယ်ရိက္ခာ ဖြစ်နိုင်၏။ ဝဋ္ဋဒုက္ခတော မောစနတ္ထာယ- ရွတ်ဆို၍ လာကြသူတို့ချည်းဖြစ်၍ ယောနိသော မနသိကာရ ရှိနိုင်ကြပါစေဟု တောင့်တ၏။

# သေခိယ

ဣမေ ခေါ ပနာယသ္မန္တော သေခိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

**၁-ပရိမဏ္ဍလ နိဝါသန။** ။ပရိမဏ္ဍလံ၊ အဝန်းညီစွာ။နိဝါသေဿာမိ၊ သင်းပိုင်ကို ဝတ်အံ့။ ဣတိ၊ ဤသို့။ သိက္ခာ သင်ခြင်း ကျင့်ခြင်း အားထုတ်ခြင်းကို၊ ကရဏီယာ၊ ပြုအပ်၏။

**အခိပ္ပာယ်။** ။ချက်ဝန်းကျင် အဝန်းသုံးပါး ညီခြင်းသည် ပရိမဏ္ဍလမည်၏။ သုံးပါးကား အထက်၌ ချက်အဝန်း၊ အောက်၌ ဒူးနှစ်ဘက် အဝန်း။ ဤသို့ အဝန်းသုံးပါးညီစွာ ဖုံး၍ သင်းပိုင်ဝတ်ခြင်းသည် နိဝါသန မည်၏။ ဘုရားရှင် အာဏာတော်ဟု ရိုသေစွာ သင်ခြင်း၊ ကျင့်ခြင်း ကုသိုလ် စိတ္တုပ္ပါဒ်သည် သိက္ခာ မည်၏။ အန္တရဃရေဟု မဆိုသောကြောင့် အရံတွင်း ရွာတွင်း နေရာမရွေး ကျင့်ရသည်။ ထို့ကြောင့် ငါသည် နေရာမရွေး အဝန်း သုံးပါး ညီစွာ ဖုံး၍ သင်းပိုင်ကို ဝတ်ပါအံ့ဟု ကျင့်အပ်၏။ သေခိယတို့၌ ကျင့်ခြင်းပြုအပ်၏ ဟူ၍သာ ဆိုသည်။အာပတ်မဆိုဟု စိစစ်ဖြေအံ့၊ ပဒဘာဇနီ၌ ဒုက္ကဋ်ဟု ဟောသည်။ ထို့ကြောင့် သေခိယအားလုံး၌ မရိုမသေပြုလျှင် ဒုက္ကဋ် အာပတ်ဟု သိအပ်၏။ မရိုမသေ ဟူသည် အကုသိုလ်ဒေါသတည်း။

**မအပ်သော ဝတ်နည်း။** ။မရိုသေခြင်းဖြင့် ရှေ့မှ နောက်မှ တွဲလျား ကျစေ လျက် ဝတ်အံ့။ ဒုက္ကဋ်။ ဟတ္ထိသောဏ္ဍက စသော လူတို့ဝတ်နည်းဖြင့် ဝတ်လျှင်လည်း ဒုက္ကဋ် သာတည်း။ ချိုး အံ့။ ချက်မှ ဆင်နှာမောင်းသဏ္ဌာန် တွဲလျားချ၍ ဝတ်ခြင်းသည် ဟတ္ထိသောဏ္ဍက ဝတ်ခြင်း မည်၏။ ဤဝတ်နည်းကို ကျေးလူမျိုး မိန်းမများ ဝတ်ကြသည်၊ ငါးမြီး သဏ္ဌာန် အမြိတ်စွန်းတဘက်၊ အမြိတ်ရင်းတဘက် တွဲလျားချ၍ ဝတ်ခြင်းသည် မစ္ဆဝါလက ဝတ်ခြင်း မည်၏။ အထက်နှစ်စွန်း၊ အောက်နှစ်စွန်း လေးစွန်းပြ၍

ဝတ်ခြင်းသည် စတုက္ကဏ္ဏဝတ်ခြင်း မည်၏။ ယပ်ဝန်းသဏ္ဍာန် သက်န်းစချ၍ ဝတ်ခြင်းသည် တာလဝဏ္ဋကဝတ်ခြင်း မည်၏။ အဝတ်ရှည်ရှည်ကို အကြိမ်ကြိမ် ခေါက်ခွေ၍ အတွန့်အတွန့်ပြု၍ ဝတ်ခြင်းသည်၊ ဝါ၊ ဝဲယာနံပါးမပြတ် အတွန့်အတွန့်ပြု၍ ဝတ်ခြင်းသည် သတဝလိကဝတ်ခြင်း မည်၏။ မြင်းခေါင်းမှစ၍ အတွန့်တခု နှစ်ခုမျှ ထင်လျှင် အပြစ်မရှိ။ လက်ပမ်းသည် စသည်တို့ကဲ့သို့ အောက်ပိုးကျိုက်၍ ဝတ်ခြင်းသည် သဝလ္လိယဝတ်ခြင်း မည်၏။ ဤသို့ဝတ်ခြင်းငှာ ဂိလာနအား လည်းကောင်း၊ ခရီးသွားသူအားလည်းကောင်း မအပ်။ ခရီးသွားစဉ် အစွန်းတခု နှစ်ခု မြှောက်၍ သင်းပိုင်အထက်၌ ညှပ်ခြင်း၊ အတွင်း၌ သင်းပိုင်တထည် ဝတ်၍ အပ၌ တထည်ဝတ်ခြင်းတို့လည်း မအပ်ကုန်။ ဂိလာနကား အတွင်းသက်န်းကို ခေါက်ခွေသော အတွန့်ကို ပြု၍ တထည်ကို အထက်၌ ဝတ်လျှင် အပ်၏။ မာသော ရဟန်းသည် နှစ်ထည်ကို ထပ်၍ဝတ်လျှင် အပြစ်မရှိ။

**အပ်သောဝတ်နည်း။** ။ချက်အဝန်းကိုဖုံး၍ ဒူးဝန်းနှစ်ဘက်အောက် မြင်းခေါင်းရိုးမှစ၍ အမှန်းအားဖြင့် ရှစ်သစ်ခန့်မျှ သင်းပိုင်ကျစေ၍ ဝတ်ခြင်းသည် ပရိမဏ္ဍလဝတ်ခြင်း မည်၏။ ငါးတောင်ဆုပ်× နှစ်တောင့်ထွာ သင်းပိုင်မရလျှင် နှစ်တောင် သင်းပိုင်ဖြင့်လည်း ဒူးဝန်းကို ဖုံးနိုင်၏။ ချက်ဝန်းကို ကိုယ်ရုံဖြင့် ဖုံးနိုင်၏။ ရှစ်သစ်ကို ဝဍ္ဍကီအင်္ဂုလ ယူလျှင် ပကတိ ၁၂-သစ်ဖြစ်ရာ၏။ ကင်္ခါဋီကာ၌ ပကတိ ရှစ်သစ်ဟု ဆို၏။ အနည်းငယ်တိုခြင်း၊ ရှည်ခြင်းကြောင့် အပြစ်မရှိ။

**အဆုံး ၁ ပြတ်။** ။သေခိယ ၇၅-ပါးတို့တွင် သုရူ သုရုကို ကောသမ္ဗီ၌ ရဟန်းများစွာကို...၊သာမိသေန ဟတ္ထေန ပါနီယထာလက နှင့် သသိတ္ထက ပတ္တဓောဝန နှစ်ခုကို ဘဂ္ဂတိုင်း၌ ရဟန်းများစွာကို....။ ကြွင်း ၇၂-ခုကို သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီတို့ကို အကြောင်းပြု၍ သင်းပိုင်တွဲလျားဝတ်ခြင်း စသည်ကြောင့် ပညတ်၏။ သူပေါဒန ဝိညတ္တိ-၁၊ မှေဒသနာ-၁၆၊ ဥစ္စာရ ပဿာဝ-၃၊ ဤသိက္ခာပုဒ် ၂၀-၌ ဂိလာနစွမ်းနှင့် အနုပညတ်တခုစီ ရှိ၏။ ကြွင်း ၅၅-၌ အနုပညတ်မရှိ။ ၇၅-ခုလုံး သာဓာရဏ၊ အနာဏတ္တိက။ အာပတ်အပြားမရှိ၊ ဒုက္ကဋ် ချည်းသာ။ အာစာရဝိပတ္တိ ချည်းသာတည်း။ သမုဋ္ဌာန် စသည်ကို အားလုံးအဆုံး၌ ပြအံ့၊ ဤ၌ အနာပတ္တိနှင့် အင်္ဂါမျှ ပြပေအံ့။

ဤသိက္ခာပုဒ်၌ စေတနာမရှိအံ့၊ သတိမရအံ့၊ မသိအံ့၊ ဂိလာနဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကဖြစ်အံ့၊ အာဒိကမ္မိကဖြစ်အံ့၊ အနာပတ္တိ။ (၇-ချက်)။

မရှိသေခြင်း၊ အနာပတ္တိ၏ အကြောင်းမရှိခြင်း၊ မညီညွတ် သင်းပိုင်ဝတ်ခြင်း၊ ဤကား အင်္ဂါသုံးပါးတည်း။

**အနာပတ္တိ အကျယ်။** ။မညီအောင်ဝတ်မည်ဟု လွန်ကျူးခြင်းမပြု ညီအောင်ဝတ်ပါအံ့ဟု နှလုံးပြုလျက် ချွတ်ယွင်းသဖြင့် မညီလျှင် စေတနာမရှိ အနာပတ္တိ မည်၏။ အာရုံတပါး နှလုံးသွင်းလျက် မညီမညွတ် ဝတ်မိလျှင် သတိမရအနာပတ္တိ မည်၏။ အဝန်းညီစွာ ဝတ်ရပုံကို နည်းမသိ၍ ချွတ်လျှင် မသိအနာပတ္တိ မည်၏။ သို့ရာတွင် သင်းပိုင်ဝတ်နည်း နားလည်အောင် သင်ရသည်။ တမင်မသင်လျှင် အနာဒရိယ အပြစ်ပလွတ်။ တနည်းကား ဝတ်နည်းနားလည်သော်သည်း သင်းပိုင် တက်နေသည်။ ကျနေသည်ကို မသိလျှင် မသိအနာပတ္တိမည်၏။ (ကောသမ္ဗကက္ခန္ဓက၌ အာပတ်သင့်တတ်သည်ဟု မသိ၍ ဝစ္စကုဋိ၌ ရေကြွင်းထားသည်ကို အာပတ်ဟု ဆိုသည်။) မြင်းခေါင်း၌ ခြေ၌၊ အနာရှိသဖြင့် မြင့်၍လည်းကောင်း၊ နိမ့်၍လည်းကောင်း ဝတ်လျှင် ဂိလာန အနာပတ္တိ မည်၏။ မြင်းခေါင်းသား ပိန်လှီးသူ၊ ဆူလှန်းသူတို့အား ရှစ်သစ်အောက်နိမ့်၍ သင့်လျော်အောင်ဝတ်လျှင် အပ်၏။ သားရဲ၊ ခိုးသူတို့၏ အလိုက်ခံရလျှင် ဘေးရန်ရှိ၍ အနာပတ္တိ မည်၏။ မီးနှင့်ရှေ၊ မစင်နှင့် စန္ဒကူး မထူးလျှင် ဥမ္မတ္တကအနာပတ္တိ မည်၏။ အာဒိကမ္မိက လွယ်ပြီ။ (ခိတ္တစိတ္တ၊ ဝေဒနာဋ္ဋကို ဥမ္မတ္တက၌ သွင်းလျှင်သည်း သင့်၏။) အင်္ဂါ၌ ၇၅-ခုလုံး ရှေ့အင်္ဂါနှစ်ပါး တူသည်။ ထိုထို သိက္ခာပုဒ်၌ ဆိုသော ဆန့်ကျင်ဘက် ပြုခြင်းကို တတိယ အင်္ဂါပြု၍ အင်္ဂါသုံးပါးစီ သိအပ်၏။ နောက်၌ အင်္ဂါမစိစစ်တော့ပြီ။

**၇၅-ဟု မဆိုခြင်း။** ။ပဏ္ဏကက္ခန္ဓက၌ ဟောသော ဝတ် ၁၄-ပါးတို့လည်း ကျင့်အပ်သောကြောင့် သေခိယတို့သာ ဖြစ်ကုန်၏။ ထိုမှတပါး ထိုထိုခန္ဓကမှ ထိုထိုဝတ်စသည်တို့လည်း သေခိယတို့သာ ဖြစ်ကုန်၏။ သေခိယ အပြစ်ဖြင့် ယူစရာ များကုန်၏။ ထို့ကြောင့် ပဉ္စသတ္တတိ သေခိယာ ဓမ္မာ-ဟု သချာ မပြု။ စာရိတ္တ ဝိနည်းဟု ပြခြင်းအကျိုးငှါလည်း သချာ မပြု။ ဝါ၊ စာရိတ္တ ဝိနည်းဟု ပြလို၍ သိက္ခာကရဏီယာ-ဟု ဟောသည်။ ပြုအပ်၏၊ ကျင့်အပ်၏ဟု ပညတ်ခြင်းသည် စာရိတ္တ။ သဒ္ဓါဝီရိယ နှစ်ပါးဖြင့် လိုက်နာရသည်။ မပြုအပ်၊ မကျင့်အပ်ဟု တားမြစ်ခြင်းသည် ဝါရိတ္တ။ သဒ္ဓါဖြင့် ယုံကြည်စွာ လိုက်နာရသည်။ ဤသေခိယတို့၌ ဘုရားရှင်အာဏာတော်ကို သဒ္ဓါယုံကြည်ကာမျှဖြင့် မပြည့်စုံ၊ လုံ့လဝီရိယလည်းရှိမှ ပြည့်စုံသည်။

၂-ပရိမဏ္ဍလ ပါရုပန။ ။ပရိမဏ္ဍလံ။ ပါရုပိဿာမိ၊ ကိုယ်ဝတ်သင်္ကန်းကို ရုံအံ့။ ဣတိ။ သိက္ခာ။ ကရဏီယာ။

အဓိပ္ပာယ်။ ။ကိုယ်ရုံကိုလည်းကောင်း၊ ဒုကုဋ်ကိုလည်းကောင်း အစွန်းနှစ်ခု ညီစွာပြု၍ ဒူးအောက် လေးသစ်ခန့်မျှ ညီစွာ ကျစေလျက် ရုံခြင်း ရမ်းခြင်း-စမှယ်တင်ခြင်းသည် ပရိမဏ္ဍလပါရုပန မည်၏။ အရုံတွင်း ရွာတွင်း နေရာမရွေး (အရုံတွင်း၌ သံဃာ့အစည်းအဝေး၊ ဘုရားဝတ်ပြု စသော အခါတို့၌) မရိုမသေ ဖောက်ပြန်စွာ ရုံအံ့၊ ဒုက္ကဋ်။ ထို့ကြောင့် ငါသည် နေရာမရွေး သင်္ကန်းညီစွာ ရုံပေးအံ့၊ ရမ်းပေးအံ့-ဟု အာဏာတော်ကို အလေးပြု၍ ကျင့်ရသည်။ အနာပတ္တိဝါရသည် ရှေးသိက္ခာပုဒ်နှင့် တူ၏။ (၇-ချက်)

မအပ်သောရုံနည်း။ ။သေတပါရုတ-စသော လူတို့ရုံနည်းဖြင့် မရုံအပ်။ ချဲ့ဦးအံ့။ အဝတ်ဖြူဝတ်သော ကိုယ်သက်ဝက်စောင့်သော တက္ကတွန်းတို့သည် လက်ကတီးအကြား အဝတ်ဖြူထား၍ အောက်၌ကား အချည်းနှီးအားဖြင့် ရုံကုန်၏၊ ထိုရုံခြင်းသည် သေတပါရုတ မည်၏။ ပရိဗိုဇ် အချို့ကဲ့သို့ ရင်ကိုဖော်၍ ပခုံးစွန်းနှစ်ခု၌ ခြုံခြင်းသည် ပရိဗ္ဗာဇက ပါရုတ....။ပုဆိုး တထည်သာ ဝတ်သူတို့ကဲ့သို့ ထိုပုဆိုး၏ အစွန်းတခုဖြင့် ကျောက်ကုန်းကိုခြုံ၍ အထောင့်နှစ်ခုကို ပခုံးစွန်းနှစ်ခု၌ ထားခြင်းသည် ကေသာဋကပါရုတ....။သေသောက်ကြူးတို့ကဲ့သို့ လည်ပင်း၌ ပုဆိုးပတ်၍ အစွန်းတို့ကို ရင်ဘတ်တစ၊ ကျောက်ကုန်းတစ ချခြင်းသည် သုရာသောဏ္ဍကပါရုတ....။နန်းတွင်းသူ စသည်တို့ကဲ့သို့ မျက်လုံးမျှဖော်၍ ဦးခေါင်းခြုံခြင်းသည် အန္တေပုရိက။လက်သမားကြီးတို့ကဲ့သို့ ပုဆိုးရှည်ဝတ်၍ တစွန်းဖြင့် တကိုယ်လုံး ရစ်ပတ်ခြင်းသည် မဟာဇေဋ္ဌကပါရုတ။လယ်တင်းကုပ်သို့ ဝင်သော လယ်သမားတို့ကဲ့သို့ ပုဆိုးကို ထွေးလုံးရစ်ပတ်၍ လက်ကတီးကြားထား၍ တစွန်းဖြင့် ကိုယ်ကိုခြုံခြင်းသည် ကုဋိပ္ပဝေသက ပါရုတ....။ပုဏ္ဏားတို့ကဲ့သို့ လက်ကတီးနှစ်ခုအကြား ပုဆိုးသွင်း၍ ပခုံးစွန်းတို့၌ တင်ခြင်းသည် ဗြာဟ္မဏ ပါရုတ . ထေရ်စဉ်ကျအောင် အစီအတန်းပြုသော ပါဠိကာရက ရဟန်း-အချို့ကဲ့သို့ လက်ဝဲလက်ရုံး တခုလုံးဖော်၍ လက်ဝဲပခုံးထက်၌သာ သင်္ကန်းထားခြင်းသည် ပါဠိကာရက ပါရုတ မည်၏။ (လေပတ်တင်သည် ဟူ၍လည်း ဆိုကုန်၏။) ထိုရုံခြင်းသည် ထိုပါဠိကာရကရဟန်းအားလည်း မအပ်။ (တံတောင်ဆစ် ဖုံးမိစေရသည်။) ဤသို့သော ဂိဟိပါရုတ စသည်ကိုကြဉ်၍ မဖောက်ပြန် အဝန်းညီစွာ ရုံပါအံ့ဟု ကျင့်အပ်၏။

၃-သုပ္ပဋိစ္ဆန္နဂမနံ။ ။သုပ္ပဋိစ္ဆန္နော၊ (လည်လက်ကောက်ဝတ်တို့ကို)ကောင်းစွာ ဖုံးလွှမ်းလျက်။ အန္တရဃရေ၊ ရွာတွင်း၌။ ဂမိဿာမိ၊ သွားအံ့။ ဣတိ။

**အဓိပ္ပာယ်။** ။ဖုံးသင့်သောနေရာ ကောင်းစွာဖုံးခြင်းသည် သုပ္ပဋိစ္ဆန္နမည်၏။ သုပ္ပဋိစ္ဆန္န အမှုပြုသူလည်း သုပ္ပဋိစ္ဆန္နပင်တည်း။ ကမ္ဗတ်သိမ်းကို စွပ်၍ အလျား အနားပတ်ဖြင့် လည်ပင်း ဖုံး၍ အစွန်းနှစ်ခု ညီညာပြု၍ လိပ်၍ လက်ကောက်ဝတ်အထိ ဖုံးခြင်းအမှုဟု ဆိုလိုသည်။ဦးခေါင်းခြုံခြင်းမဟုတ်၊ မြို့တွင်းရွာတွင်း လမ်းအိမ်တို့သည် အကြား၌ အိမ်ရှိသောကြောင့် အန္တရဃရ မည်ကုန်၏။(ဝိနိစ္ဆယဋီကာ၌-ရွာ၌လည်းကောင်း၊ တော၌လည်းကောင်း၊ လူတို့ချက်ပြုတ်စားသောက်၍ နေရာအရပ်သည် အန္တရဃရမည်၏ဟု ဆို၏။)ဤသို့ငါသည် ကောင်းစွာဖုံးလျက် ရွာတွင်း၌ သွားပါအံ့ဟု အဓိသီလ သိက္ခာပြည့်အောင် ဖြည့်ကျင့်ရသည်။ ထိုသို့မပြုပဲ ဒူး၊ ရင်ဖော်၍ သွားအံ့၊ ဒုက္ကဋ်။ ဂဏ္ဌိပဒ၌ တရက်မျှ ရွာတွင်း၌နေသော ဝါသူပဂတ ရဟန်းထံ အလိုရှိတိုင်း သက်န်းမရုံပဲသော်လည်း သွားခြင်းငှာ အပ်သည်ဟု ဆို၏။အနာပတ္တိဝါရတူပြီ။၇-ချက်။

၄-သုပ္ပဋိစ္ဆန္နနိသီဒနံ။ ။သုပ္ပဋိစ္ဆန္နော။ အန္တရဃရေ။ နိသီဒိဿာမိ၊ နေအံ့။ ဣတိ။

**အဓိပ္ပာယ်။** ။ရေမျိုမှစ၍ ဦးခေါင်းကိုလည်းကောင်း၊ လက်ကောက်ဝတ်မှစ၍ လက်ဖျားတို့ကိုလည်းကောင်း သလုံးသားမှစ၍ ခြေတို့ကိုလည်းကောင်း ဖော်၍ အကြွင်းကို ဖုံး၍နေခြင်းသည် သုပ္ပဋိစ္ဆန္န မည်၏။ ဤသိက္ခာပုဒ်၌ ဝါသူပဂတ ရဟန်းအား အနာပတ္တိ တချက်ထူး၏။ (၈-ချက်) ၎ ဝါသ=ညဉ့်နေခြင်းငှာ+ဥပဂတ=ချဉ်းကပ်သော ရဟန်းသည် ဝါသူပဂတ မည်၏ဟု ဋီကာဖွင့်သည်။ ၎ဤရဟန်းအား ညဉ့်ဖြစ်စေ၊ နေ့ဖြစ်စေ သက်န်းရုံခြင်းဖြင့် ကိုယ်ဖော်နေအံ့၊ အနာပတ္တိ။ ဝါသူပဂတ မဟုတ်လျှင် တရားဟောခြင်ငှာ ကြာမြင့်စွာ နေသော်လည်း အန္တရဃရဝတ် မချွတ်စေရ။ ၎ "နေသမျှပတ်လုံး အိမ်လျှုပါသည်။ သက်န်းရုံဖျက်၍နေပါ"ဟု လျှောက်သော်လည်း မဖျက်အပ်။ ဤသို့လှူခြင်းဖြင့် ကျောင်းမဖြစ် ၎. ဒူး၊ရင်ဖော်မှ ဒုက္ကဋ်ဟု လာသည်။ ရွာတွင်း ဆွမ်းစားရာ၌ လက်ဝတ်ကောက် ပေါ်လျှင် ဒုက္ကဋ်ဟု မလာ။

ဒုက္ကဋ်ဟု အချို သံသယကြီးကုန်၏။ ဤမျှဖြင့် မရောင့်ရဲမှု၍ ပါဠိတော်ကို ကြည့်ထိုက်၏။ ဤကား ဗုဒ္ဓပုတ္တတို့၏ ကိစ္စတည်း။)

၅၊ ၆ - သုသံဝုတ။ ။သုသံဝုတော၊ လက် ခြေတို့ကို မကစားပဲ ကောင်းစွာ ကူန္ဒြေကို စောင့်စည်းလျက်။ အန္တရဃရေ။ ဂမိဿာမိ။ နိသီဒိဿာမိ။ ဣတိ။

အဓိပ္ပာယ်။ ။ကာယိန္ဒြေ ကောင်းစွာ စောင့်စည်းခြင်းသည် သုသံဝုတ မည်၏။ လက်ကိုလည်းကောင်း၊ ခြေကိုလည်းကောင်း ကစား၍ သွာ အံ့၊ နေအံ့၊ ဒုက္ကဋ်။ စောင့်စည်းလျက် သွားပါအံ့၊နေပါအံ့ဟု ကျင့်ရသည်။ အနာပတ္တိ ဝါရ၌ အာပဒါသု ဘေးရန်တို့ကြောင့် အနာပတ္တိမပါ။ ဂမန၌ ၆-ချက်။ နိသီဒန၌လည်း ၆-ချက်။ ဝါသူပဂတလည်း မပါ။

၇၊ ၈ - ဩက္ခိတ္တစက္ခု။ ။ဩက္ခိတ္တစက္ခု၊ လေးတောင် ခန့်မျှ ကြည့်သဖြင့် ချအပ်သော မျက်လွှာရှိသည် ဖြစ်၍။ အန္တရဃရေ။ ဂမိဿာမိ။ နိသီဒိဿာမိ။ ဣတိ။

အဓိပ္ပာယ်။ ။အောက်သို့ချသော မျက်စိရှိသူသည် ဩက္ခိတ္တစက္ခု မည်၏။ ရှေ့၌ ထမ်းပိုးတပြန်မျှသော မြေအဘို့ကို ကြည့်ရသည်။ ရထားကသောအာဇာနည်မြင်းယဉ်သည် ထမ်းပိုးတပြန်မျှ လေးတောင်မျှ ကြည့်သည်၊ ရဟန်းသာမဏေလည်း ဤမျှသာကြည့်၍ သွားထိုက်သည်ဟူလို။ တခုသော နေရာ၌ရပ်လျက် ဆင်ဘေး မြင်းဘေး စသည်မရှိရာကို ကြည့်လျှင် အပ်၏။ သွားလျက်ကြည့်လျှင်လည်း အပ်၏။ ရပ်လျက်ကြည့်ခြင်းကား သာရုပ္ပဖြစ်သည်။ ထိုထိုအရပ်ကို ကြည့်၍သွားအံ့၊နေအံ့၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်စီ။ ဝါသူပဂတမပါ။

၉၊ ၁၀ - ဥက္ခိတ္တက။ ။ဥက္ခိတ္တကာယ၊ သင်္ကန်းကို ပင့်လျက်။ အန္တရဃရေ။ န ဂမိဿာမိ၊ မသွားအံ့။ န နိသီဒိဿာမိ၊ မနေအံ့။ ဣတိ။

အဓိပ္ပာယ်။ ။တဘက်မှလည်းကောင်း။ နှစ်ဘက်မှလည်းကောင်း။ သင်္ကန်း ပင့်မြှောက်ခြင်းသည် ဥက္ခိတ္တက မည်၏။ ဝိနိစ္ဆယဋီကာ၌- ပခုံးစွန်းတဘက်၊ နှစ်ဘက်ဟု ဆိုသည်။ အတွင်းတံခါးခုံမှစ၍၊ အရံမရှိလျှင်

ခဲနှစ်ကျမှုစ၍ ဤသို့သွားအံ့၊ ဒုက္ကဋ်။ ထိုင်နေစဉ် ဓမ္မကရိုဏ်ကို ထုတ်သော်လည်း သင်္ကန်းမပင့်မူ၍သာ ထုတ်ယူရသည်။ အနာပတ္တိ ၇-ချက်။ နိသီဒနဌ် ဝါသူပဂတနှင့် ၈-ချက်။

၄ ဝိမတိဝိနောဒနီဌ်—ခါးမှအထက် ခါးပန်းစသည် ပေါ်အောင် ပင့်ခြင်းသည် ဥက္ခိတ္တက မည်၏၊ ဆွမ်းခံသွားစဉ် သပိတ်ထုတ်ယူခြင်း စသည်မျှ ခွင့်ပြုခြင်းကြောင့်တည်း။ ထိုင်သောအခါ ဓမ္မကရိုဏ်ထုတ်လျှင် ခါးအထက်မပေါ်အောင် ထုတ်အပ်၏။ ရုံသော သင်္ကန်းကို အနည်းငယ်ပင့်၍ မြင်းခေါင်းသားမှ မပင့်မူ၍သာ ထိုင်ရသည်ဟု ဆို၏။ ၄

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်၊ ဆဗ္ဗဂ္ဂီတို့သည် ရှေ့မှနောက်မှ တွဲလျားဆွဲ၍ သင်းပိုင်ဝတ်ကုန်၏။ ကာမဂုဏ်ခံစားသူ လူတို့ကဲ့သို့ဟု လူဘို့ကဲ့ရဲ့ကုန်၏။ တွဲလျားဆွဲ၍ သင်္ကန်းရုံကုန်၊ ရမ်းကုန်၏(၂)၊ ကိုယ်ကိုဖော်၍ ရွာတွင်း၌ သွားကုန်၏။ နေကုန်၏ (၂)၊ လက်ခြေကစားလျက် ရွာတွင်း၌ သွားကုန်၏။ နေကုန်၏(၂)၊ ထိုထိုအရပ်ကြည့်လျက် ရွာတွင်း၌ သွားကုန်၏။ နေကုန်၏ (၂) သင်္ကန်းကိုပင့်လျက် ရွာတွင်း၌ သွားကုန်၏။ နေကုန်၏(၂)။ လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ (ဤဝဂ်၌ဝါသူပဂတ အနာပတ္တိ ၂-ခု။) ပရိမဏ္ဍလဝဂ္ဂေါ ပဌမော။

၁၊ ၂-ဥဇ္ဇဂ္ဃိက။ ။ဥဇ္ဇဂ္ဃိကာယ၊ ပြင်းစွာရယ်လျက်။ အန္တရဃရေ။ န ဂမိဿာမိ၊ န နိသီဒိဿာမိ။ ဉတ္တိ။

အဓိပ္ပာယ်။ ။သည်းစွာရယ်လျက် သွားအံ့၊ နေအံ့၊ ဒုက္ကဋ်။ ရယ်ဖွယ်အာရုံ၌ ပြုံးရုံမျှပြုအံ့၊ အနာပတ္တိနှင့် ၈-ချက်စီ။

၃၊ ၄-အပ္ပသဒ္ဒ။ ။အပ္ပသဒ္ဒေါ၊ ငယ်သောအသံရှိသည်ဖြစ်၍။ အန္တရဃရေ။ ဂမိဿာမိ။ နိသီဒိဿာမိ။ ဉတ္တိ။

အဓိပ္ပာယ်။ ။၁၂-တောင်ကွာမှ ကြားသာကြား၍ နားမလည်သောအသံသည် အပ္ပသဒ္ဒ။ နားလည်လျှင် မဟာသဒ္ဒ မည်၏။ မြင့်သော ကျယ်သောအသံဖြင့် သွားအံ့၊ နေအံ့၊ ဒုက္ကဋ်။ အများကြားအောင် တရားဟောရာ၌ အပြစ်မရှိ။ အနာပတ္တိ ၇-ချက်စီ။

၅၊ ၆-ကာယပ္ပစာလကာ။ ။ကာယပ္ပစာလကံ၊ ကိုယ်ကို လှုပ်၍ လှုပ်၍။

၇၊ ၈-ဗာဟုပ္ပစာလကာ။ ။ဗာဟုပ္ပစာလကံ၊ လက်ရုံးကို လှုပ်၍ လှုပ်၍။

၉၊ ၁၀-သီသပ္ပစာလကာ။ ။သီသပ္ပစာလကံ၊ဦးခေါင်းကို လှုပ်၍ လှုပ်၍။ အန္တရဃရေ။ န ဂမိဿာမိ။ န နိသီဒိဿာမိ။ ဥတိ။

**အဓိပ္ပာယ်။** ။ကိုယ်၊ လက်ရုံး၊ ဦးခေါင်းတို့ကို ချီ၍ မတုန်မလှုပ် ဖြောင့်မတ်စွာ ထားရသည်။ ခွေနှံ့ယိမ်းယိုင်ကာ သွားအံ့၊နေအံ့၊ ဒုက္ကဋ်။ အနာပတ္တိကား ၇-ချက်စီ။ နိသီဒန၌ ဝါသူပဂတနှင့် ဂ-ချက်စီ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ပြင်းထန်စွာ ရယ်လျက်၊ ကျယ်သော မြင့်သောအသံပြုလျက်၊ ကိုယ်၊ လက်ရုံး၊ ဦးခေါင်းကို ယိမ်းနွဲ့ကာ တုန်လှုပ်စေလျက် ရွာတွင်း၌ သွားကုန်၏၊ နေကုန်၏ (၁၀)-လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ (ဤဝဂ်၌ဝါသူပဂတ အနာပတ္တိ ၃-ခု။) ဥဇ္ဇဂ္ဃိကဝဂ္ဂေါ ဒုတိယော။

၁၊ ၂-ခမ္ဘကတ။ ။ခမ္ဘကတော၊ ခါးကိုထောက်လျက်။ အန္တရဃရေ၊ န ဂမိဿာမိ။ န နိသီဒိဿာမိ။ ဥတိ။

**အဓိပ္ပာယ်။** ။ခါး၌ တတောင်ဆစ်ခွေ၍လက်ထားခြင်းသည် ခမ္ဘကတ မည်၏။ တဘက်လည်းကောင်း နှစ်ဘက်လည်းကောင်း ခါးထောက်၍ သွားအံ့၊ နေအံ့၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်၊ ဝါသူနှင့်-ဂ-ချက်။

၃၊ ၄-ဩဂုဏ္ဌိတ။ ။ဩဂုဏ္ဌိတော၊ ဦးခေါင်းကိုခြုံလျက်။ အန္တရဃရေ၊ န ဂမိဿာမိ။ န နိသီဒိဿာမိ။ ဥတိ။

**အဓိပ္ပာယ်။** ။ဦးခေါင်းနှင့်တကွ ခြုံ၍ ရုံ၍ သွားအံ့၊နေအံ့၊ ဒုက္ကဋ်။အနာပတ္တိ ၇-ချက်၊ ဂ-ချက် (ဆရာမြတ်တို့ကား-သင်္ကန်းရုံခြင်း၌ လည်ကုပ်အထက်၌ဆံပင်ကို မအုပ်မိစေရ။ မေးကို မအုပ်ရ။လည်မျိုကို အုပ်ရမည်။ မပေါ်စေရဟု သွန်သင်ကုန်၏။)

၅ ဥက္ကုဋိက။ ။ဥက္ကုဋိကာယ၊ ဖဝါးဆွန့်နင်းလျက်။ အန္တရ ဃရေ။ န ဂမိဿာမိ။ ဣတိ။

အဓိပ္ပာယ်။ ။ဖနောင့်၊ ခြေဖျား-ဤနှစ်ပါးတွင် တပါးကိုထောက် တပါး မြှောက်ခြင်းသည် ဥက္ကုဋိကာ မည်၏။ ထိုသို့ပြုလျက် သွားအံ့၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်။ (ဥ—မြှောက်၍+ကုဋ=သွားခြင်း။)

၆-ပလ္လတ္ထိက။ ။ပလ္လတ္ထိကာယ၊ လက် အာယောဂပတ် ပုဆိုး အာ ယောဂပတ်ဖွဲ့လျက်။ အန္တရဃရေ။ န နိသီဒိဿာမိ။ ဣတိ။

အဓိပ္ပာယ်။ ။ပလ္လတ္ထိကာသည် ဟတ္ထ လက်အာယောဂပတ်။ ဒုဿ-ပုဆိုးအာ ယောဂပတ်—ဟု နှစ်မျိုးရှိ၏။ ဒူးကို သိုင်းလျက် လက်ချင်းယှက် ခြင်းသည် လက်အာယောဂပတ်....။ မြင်းခေါင်းကျောက်ဆစ် အဝတ်ရစ်ခြင်း သည် ပုဆိုးအာယောဂပတ် မည်၏။ မရှိသေခြင်းဖြင့် ဤသို့ နေထိုင်အံ့၊ ဒုက္ကဋ်။ အနာပတ္တိ ဝါသူပဂတနှင့် ၈—ချက်။ ဤအထိ ဝါသူပဂတ အနာပတ္တိ သိက္ခာ ပုဒ် ရှစ်ခု သိအပ်၏။ နိသီဒန ချည်းသာတည်း။

၎ ဝဇီရဗုဒ္ဓိဋီကာ....ရဟန်း၏ ပရိက္ခာရာ ထားရုံမျှဖြင့် ဝါသူပဂတမမည်။ဝါသူ ပဂတာ ဘိက္ခုနိရှိသောအိမ်သည် ဘိက္ခုနုပဿယ မည်၏။ ကပ္ပိယဘူမိ မည်၏။ ထိုအိမ်သို့ ချမ်းသာသလို သွားခြင်းငှာ အပ်၏။ "ဘိက္ခုနုပဿယော နာမ ယတ္ထ ဘိက္ခုနိယော ဧကရတ္တံပိ ဝသန္တိ"ဟူ၍ ဟောသည်—ဟု ဆို၏။ ၎

(ဋီကာဆရာတို့ မိန့်ဆိုသော ဝါသူပဂတသည် ဤဘိက္ခုနုပဿယ-ပါဠိနှင့် ညီညွတ်လေစွ။) သာရတ္ထသိက္ခာဂုဏ် ၂၆—ပြီး၏။

၇-သက္ကစ္စ ပဋိဂ္ဂဟဏ။ ။သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဟေဿာမိ၊ ခံအံ့။ ဣတိ။

အဓိပ္ပာယ်။ ။ဆွမ်းကို ခံယူပေအံ့ဟု သတိပြုခြင်းသည် သက္ကစ္စမည်၏။ စွန့်ပစ် လိုဟန် မရှိမသေ ခံအံ့၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်။

၈-ပတ္တသညီ။ ။ပတ္တသညီ၊ သပိတ်၌ အမှတ်ရှိသည်ဖြစ်၍။ ပိဏ္ဍ ပါတံ၊ ပဋိဂ္ဂဟေဿာမိ။ ဣတိ။

**အဓိပ္ပာယ်။** ။သပိတ်၌ အာရုံပြုသော သညာသည် ပတ္တသညာ မည်၏။ ထိုသညာရှိသောသူသည် ပတ္တသညီ မည်၏။ ဆွမ်းလှူသော အခါ မိမိ ခွက်၌ ဖွဲ့သော သညာမထား၊ လောင်းထည့်မှန်းမသိ၊ တခြားကြည့် လျက် ခံအံ့၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်။

၉-သမသူပကံ။ ။သမသူပကံ၊ ဆွမ်း၏ လေးဘို့တဘို့ ပဲနောက် ဟင်း စသည်နှင့်အမျှ။ ပိဏ္ဍပါတံ၊ ပဋိဂ္ဂဟေဿာမိ၊ ပ္လာတိ။

**အဓိပ္ပာယ်။** ။လက်ကော်ရ-ပဲနောက်ဟင်း၊ ပဲကြီးဟင်း နှစ်မျိုးသည် သူပ မည်၏၊ ကုလားပဲစသော တပါးသော ပဲဟူသမျှ ဟင်းကိုသည်း ဤသူပ နှစ်မျိုး၌ ရေတွက်အပ်၏။ သူပ တဘို့၊ ဆွမ်း လေးဘို့သည် သမသူပက မည်၏။ လက်ကော်ရ ပဲဟင်းကို လေးဘို့ကဘို့ထက်လွန်၍ ခံအံ့၊ ဒုက္ကဋ်။ အနာပတ္တိ၌-ရသရသကို ခံအံ့၊ ဉာတကပဝါရိတ ခံအံ့၊ ပဝါရိတ ခံအံ့၊ သူ့ဘာပါး အလို့ငှာ ခံအံ့၊ မိမိဥစ္စာဖြင့် ခံအံ့-အနာပတ္တိ။ ဤငါးချက်နှင့် ၁၂-ချက်။ နို့ ဓမ်းဟင်း၊ သစ်သီး သစ်ရွက်ဟင်း၊ ငါးဟင်း၊ အမဲဟင်း ဟင်းရည်ကျဲ စသည် သည်၊ ဝါ၊ လက်ကော်ရပဲဟင်းမှ တပါးသော ဟင်းသည် ရသရသ မည်၏။ များစွာခံသော်လည်း အနာပတ္တိ။

၁၀ ထူပီကတ။ ။သမတိတ္ထိကံ၊ သပိတ်အတွင်း အနားရေးနှင့် အမျှ။ ပိဏ္ဍပါတံ။ ပဋိဂ္ဂဟေဿာမိ၊ ပ္လာတိ။

**အဓိပ္ပာယ်။** ။အမ်ဋ္ဌာန်လောက်သော သပိတ်၏အတွင်းနှုတ်ခမ်းရေးကို မလွန် မူ၍ အညီအမျှ ပြည့်ခြင်းသည် သမတိတ္ထိက မည်၏။ ယာဝကာ လိက ခဲဖွယ်ဘောဇဉ် အာမိသ ဟူသမျှသည် ပိဏ္ဍပါတ မည်၏။ အဓိဋ္ဌာန် လောက်သော သပိတ်ဖြင့် ယာဝကာလိက စုန့်စုန့် တက်မောက်အောင် ခံအံ့၊ ထူပ-မောက်တက်အောင်+ကတ၊ ပြုသောကြောင့်-ထူပီကတ မည်၏။ ဒုက္ကဋ်။ ဒ နာပတ္တိ၌ ဂိလာန မပါ၊ ၆-ချက်။ ဂိလာနလည်း သပိတ် အမောက်ခံလျှင် ဒုက္ကဋ်။

**အထူးမှတ်ဖွယ်။** ။အဓိဋ္ဌာန်မလောက်သော သပိတ်ဖြင့်၊ ဝါ၊ ခွက်တပါးဖြင့် အမောက်ခံအံ့ ယာမကာလိက စသည်ကို အမောက်ခံအံ့၊ ခ မ်းနှစ်သပိတ်ကို တသပိတ်၌ ပေါင်း၍ ကျောင်းသို့ ပို့အံ့၊ ပြုပြင်သည်ရှိသော် အောက်သို့ကျဆင်းနိုင်သော မုန့်၊ ကြံပိုင်း၊ သစ်သီး စသည်ဟု ခံယူအံ့၊

ကာရဝေးသီးတို့ကို နှံးဦးစောက်အသွင်ပြု၍ အထက်၌ထား၍ လျှသည်ကို ခံအံ့၊ သစ်ရွက်၌ ခွက်၌ ထည့်၍ သပိတ်အထက်၌ ထားအံ့၊ဤအလုံးစုံသည် ထူပီကတ မမည်။ စုန့်စုန့်တက်သည် မမည်၊ အပြစ်မရှိ။

ဤဆွမ်းခံ သိက္ခာပုဒ်လေးခုကို ဆွမ်းလောင်းလှူသောအခါ လက်ဝဲလက်ဖြင့် သက်န်းကိုဖယ်၍ လကျာလက်ဖြင့် သပိတ်သုံ့သွတ်၍ လက်နှစ်ဖက်ဖြင့် သပိတ်ကိုင်၍ ငါသည် ရိုသေစွာ၊ သပိတ်၌ သညာထား၍ ပဲဟင်းနှင့် အမျှ၊ နှုတ်ခမ်းရေးမှ မလွန်အောင် ဆွမ်းကို ခံပါအံ့ဟု ဖြည့်ကျင့်အပ်၏။ ထိုသို့မပြုပဲ မရိုမသေ စသည်ဖြင့် ခံအံ့၊ ဒုက္ကဋ်။ ခံစဉ် ဒုက္ကဋ်သင့်သော်လည်း ခံပြီးလျှင် သုံးဆောင်ကောင်း၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ခါးထောက်လျက်၊ ဦးခေါင်းနှင့်တကွ ခြုံလျက် ရွာတွင်း၌ သွားကုန်၏။ နေကုန်၏ (၄)။ ဖဝါးဆွန့်နင်းလျက် ရွာတွင်း၌ သွားကုန်၏။ လက် အာယောဂပတ်၊ ပုဆိုးအာယောဂပတ်ဖွဲ့လျက် ရွာတွင်း၌ နေကုန်၏(၂)၊ မရိုမသေ စွန့်ပစ်လိုဟန် ဆွမ်းခံကုန်၏။ ထိုထိုအရပ်ကြည့်လျက် ဆွမ်းခံကုန်၏။ လောင်းသည်ကို လောင်းပြီးလွန်သွားသည်ကို မသိကုန်(၂)၊ ပဲဟင်းကိုသာ များစွာခံကုန်၏။ စုန့်စုန့်တက်အောင် ခံကုန်၏ (၂)၊ လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ (ဤဝဂ်၌ဝါသူပဂတသုံးခုပေါင်း ရှစ်ခုပြည့်ပြီ။)

ခမ္ဘကတဝဂ္ဂေါ တတိယော။

**၁-သက္ကစ္စဘုဉ္ဇန**။ ။သက္ကစ္စံ၊ ရိုသေစွာ။ ပိဏ္ဍပါတံ။ ဘုဉ္ဇိဿာမိ။ ဣတိ။

**အစိပ္ပာယ်**။ ။ဆွမ်းကိုမရိုမသေ(မစားချင်သလို)စားအံ့၊ ဒုက္ကဋ်။ အနာပတ္တိ။ ၇-ချက်။

**၂-ပတ္တသညီ**။ ။ပတ္တသညီ။ ပိဏ္ဍပါတံ။ ဘုဉ္ဇိဿာမိ။ ဣတိ။

**အစိပ္ပာယ်**။ ။သပိတ်၌ သညာမထား ထိုထိုကြည့်စားအံ့၊ဒုက္ကဋ်။ အနာပတ္တိ။ ၇-ချက်။

**၃-သပဒါန**။ ။သပဒါနံ၊ အစဉ်အတိုင်း။ပိဏ္ဍပါတံ။ ဘုဉ္ဇိဿာမိ။ ဣတိ။

**အဓိပ္ပာယ်။** ။ထိုထို ဆွမ်းနေရာ၌ အရေးအသားမပြုသော အစဉ်အတိုင်းသည် သပဒါန မည်၏။ (ဒါန-ဖြတ်ခြင်း။ အပ+ဒါန-မဖြတ်ခြင်း။ သ+အပဒါန-မဖြတ်ခြင်းနှင့် တကွ။ ၎င်းသည်ပင် အစဉ်အတိုင်းဟူလို။) အစဉ်အတိုင်း မစားပဲ ထိုထိုနေရာ သုံးသပ်၍ စားအံ့၊ ဒုက္ကဋ်။ အနာပတ္တိ၌ သူတပါးအား ပေးလို၍ သုံးသပ်အံ့၊ တပါးသော ခွက်၌ထည့်လို၍ သုံးသပ်အံ့၊ ဥတ္တရိဘင်္ဂ-လက်သုပ် ဟင်းလျာကို အစဉ်ချတ်၍ ယူအံ့။ အနာပတ္တိ။ ဤသုံးချက်နှင့် ၁၀-ချက်။

၄—သမသူပက။ သမသူပကံ။ ပိဏ္ဍပါတံ။ ဘုဉ္ဇိဿာမိ။ ဉတိ။

**အဓိပ္ပာယ်။** ။လက်ကော်ရ ပဲဟင်းကို ဆွမ်း၏လေးဘို့ တဘို့ထက် အလွန်စားအံ့၊ဒုက္ကဋ်။ အနာပတ္တိ၌ ယခင် သမသူပကကဲ့သို့ သူတပါးအလှူငှာမပါ။ ၁၁-ချက်။

၅—ထူပက။ ။ထူပကတော၊ ဆွမ်းဦးမှ၊ ဩမဒ္ဒိတွာ၊ နှိပ်၍။ ပိဏ္ဍပါတံ။ နဘုဉ္ဇိဿာမိ၊ မစားအံ့။ ဉတိ။

**အဓိပ္ပာယ်။** ။အလယ်ဗဟို ဆွမ်းဦး ဆွမ်းထိပ်မှ နှိပ်နယ်၍ စားအံ့၊ ဒုက္ကဋ်။ အနာပတ္တိ၌ အကြွင်းအနည်းကို ပေါင်းစု နှိပ်နယ်စားအံ့၊ အနာပတ္တိနှင့် ၈-ချက်။

၆—ဩဒနပဋိစ္ဆာဒန။ ။သူပံ ဝါ၊ ဟင်းကိုလည်းကောင်း၊ ဗျဉ္ဇနံ ဝါ၊ (စမဲ) စားမဲဟင်းလျာကို လည်းကောင်း။ ဘိယျောကမျတံ၊ များသည်ကို အလိုရှိသည်၏ အဖြစ်ကို။ ဥပါဒါယ၊ စွဲ၍။ ဩဒနေန၊ ဆွမ်းဖြင့်။ နပဋိစ္ဆာဒေဿာမိ၊ မဖုံးလွှမ်းအံ့။ ဉတိ။

**အဓိပ္ပာယ်။** ။ပဲဟင်း သူပမှကြွင်းသမျှ ငါးဟင်း၊ အမဲဟင်း၊ လက်သုပ်၊ ဟင်းလျာ စသည်သည် ဗျဉ္ဇန မည်၏။ နောက်ထပ်ရလိုသော လောဘသည် ဘိယျောကမျတာ မည်၏။ နောက်ထပ်ရလို၍ ဖုံးအံ့၊ ဒုက္ကဋ်။ အနာပတ္တိ၌ ဂိလာနမပါ။ သား ငါး မသတ်ရဟု မင်းအမိန့်ထုတ်သောအခါ ဒါယကာတို့က ဟင်းကို ဆွမ်းဖြင့် ဖုံး၍လှူအံ့၊ နောက်ထပ်ရလို၍ မဟုတ်ပဲ ဖုံးအံ့၊ အနာပတ္တိနှင့် ၈-ချက်။

**၇-သူပေါဒနဝိညတ္တိ။** ။သူပံ ဝါ၊ ဟင်းကိုလည်းကောင်း။ ဩဒနံ ဝါ၊ ဆွမ်းကိုလည်းကောင်း။ အဂိလာနော၊ မနာမဖျားပဲ။ အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှာ။ ဝိညာပေတွာ၊ တောင်း၍။ န ဘုဉ္ဇိဿာမိ၊ ဣတိ။

**အဓိပ္ပာယ်။** ။သူပ၊ ဗျဉ္စနအားလုံးသည် ဤ၌ သူပ မည်၏။ သူပကိုလည်းကောင်း၊ ဩဒနကိုလည်းကောင်း မနာပဲ တောင်းစားအံ့၊ ဒုက္ကဋ်။ အနာပတ္တိ၌ စေတနာ မရှိအံ့ သတိမရအံ့၊ မသိအံ့၊ ဂိလာနဖြစ်အံ့၊ ဉာတကထံ တောင်းအံ့၊ ပဝါရိတထံ တောင်းအံ့၊ သူတပါးအလို့ငှာတောင်းအံ့၊ မိမိဥစ္စာဖြင့် ယူအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တက ဖြစ်အံ့၊ အာဒိကမ္မိက ဖြစ်အံ့၊ အနာပတ္တိ ၁၁-ချက်။ (လေးချက် ထူး၏။)

**မှတ်ဖွယ်အထူး။** ။၎င်း မနာပဲ တောင်း၍စားနေစဉ် သူတော်ကောင်းစိတ် ဝင်၍ထွေးပစ်အံ့။ထွေးပစ်စဉ် အလိုမရှိပဲ ဝမ်းကွင်းသို့ဝင်လျှင် စေတနာမရှိ အနာပတ္တိ ဖြစ်၏။ စွန့်ပြီးနောက် အာရုံတပါး နှလုံးထားလျက် စားမိအံ့။ သတိမရ အနာပတ္တိ ဖြစ်၏။ ဝိညတ္တိမဟုတ်ဟူသော သညာဖြင့်လည်းကောင်း၊ ဝိညတ္တိ အဝိညတ္တိနှစ်ခု တနေရာတည်း ထားရာမှ အဆော တလျင် ယူခြင်းဖြင့်လည်းကောင်း ယူစားလျှင်လည်း သတိမရ အနာပတ္တိ ဖြစ်၏။ မိမိအလို့ငှာ တောင်း၍ မိမိစားမှ ဤအာပတ် သင့်သည်။ သူတပါး အလို့ငှာ တောင်း၍ မိမိစားအံ့။ ဤအာပတ်မသင့်။ တောင်းခိုက် အကာတ ဝိညတ္တိဒုက္ကဋ်မှကား မလွတ်။စားခိုက်ကား မိစ္ဆာဇီဝ ဒုက္ကဋ်မှ မလွတ်။ သူတပါး အားလည်း မလွတ်။ ။

**၈-ဥဇ္ဈာနသညီ။** ။ဥဇ္ဈာနသညီ၊ ကဲ့ရဲ့လိုသော အမှတ်ရှိသည်ဖြစ်၍။ပရေသံ၊သူတပါးတို့၏။ ပတ္တံ၊သပိတ်ကို။န ဩလောကေဿာမိ၊ မကြည့်အံ့။ ဣတိ။

**အဓိပ္ပာယ်။** ။ကဲ့ရဲ့လို၍ သူတပါး၏ သပိတ်ကို ကြည့်အံ့၊ ဒုက္ကဋ်။ အနာပတ္တိ၌ ဂိလာန မပါ။ ပေးလို၍ တောင်းလို၍ ကြည့်အံ့၊ ပကဲ့ရဲ့လိုအံ့၊ အနာပတ္တိနှင့် ၈-ချက်။

**၉-အတိမဟန္တ ကဗဠ။** ။အတိမဟန္တံ၊ အလွန် ကြီးသော။ ကဗဠံ၊ ဆွမ်းလုပ်ကို။ န ကရိဿာမိ၊ မပြုအံ့ ဣတိ။

**အဓိပ္ပာယ်။** ။ဥဒေါင်းဥ အနေ ဆွမ်းလုပ်သည် အတိမဟန္တ မည်၏။ ကြက်ဥ အနေသည် ငယ်လွန်း၏။ ၎င်းတို့၏ အလယ်သည် ပမာဏ သင့်၏။ ဆွမ်းလုပ်ကြီးကြီးပြုအံ့၊ ဒုက္ကဋ်။ အနာပတ္တိ၌ မြစ်ဥ စွယ် ညှောက် စသော ခဲဖွယ်ဖြစ်အံ့၊ သစ်သီးကြီးငယ် ဖြစ်အံ့။ အနာပတ္တိနှင့် ၉-ချက်။ (ဤ သိက္ခာပုဒ်၌ ဥတ္တရိဘင် အနာပတ္တိဟု ကခါ၌မပြ။ ပါဠိတော်၌ ရှိနေသည်ကို ဆင်ခြင်သင့်၏။)

**မှတ်ချက်အထူး။** ။(ကခါဋီကာ၌ ကြက်ဥအနေ ငယ်လွန်းလျှင်လည်း ဒုက္ကဋ် ဟုဆိုလိုသည်။ဝိမတိ၌ မလျောက်ပတ်ရုံသာဟု ဆိုသည်။ အနုဝဏ္ဏနာ၌ ငါသည် ဆွမ်းလုပ်ကြီးကိုပည်း အာပတ်အင်္ဂါ ဖြစ်သော ကြောင့် မပြုပါအံ့။ ဆွမ်းလုပ်ငယ်ကိုလည်း မလျောက်ပတ်သောကြောင့် မပြုပါအံ့။ အလယ်အလတ်ကိုသာ လျောက်ပတ်သောကြောင့် ပြုပါအံ့ ဟု ဖြည့်ကျင့်အပ်၏။ အတိမဟန္တ၌သာ နပဋိသေဓ ဖြစ်သောကြောင့် ငယ်ရာ၌ အာပတ်မထင်ဟု ဆို၏။

**၁၀-ပရိမဏ္ဍလ အာလောပ။** ။ပရိမဏ္ဍလံ၊ အဝန်းညီစွာ။ အာ လောပံ၊ ဆွမ်းလုပ်ကို။ ကရိဿာမိ၊ ပြုအံ့။ ဉတ္တိ။

**အဓိပ္ပာယ်။** ။မရှည်သော ဆွမ်းလုပ်သည် ပရိမဏ္ဍလ မည်၏။ ရှည်ရှည်ပြုလျှင် ဒုက္ကဋ်။ အနာပတ္တိ၌ ခဲဖွယ်၊ သစ်သီးကြီးငယ်၊ လက်သုပ် ဟင်းလျာ အနာပတ္တိနှင့် ၁၀-ချက်။ (ကခါ၌ ဤတွင်သာ ဥတ္တရိဘင်္ဂပါ အနာ ပတ္တိဟု ပြသည်။)

**မှတ်ချက်အထူး။** ။(ပရိမဏ္ဍလသည် အဝန်းညီခြင်း၊ မရှည်ခြင်းဟု နှစ်မျိုး ရှိ၏။ ဆွမ်းစားစဉ် ခိုးသူ စသော ဘေးရန်ကြောင့် ကြီးစွာ လည်းကောင်း၊ ရှည်ရှည် လည်းကောင်း ပြု၍ မြန်စွာ စားခြင်းဖြင့် ဘေးရန်ကြောင့် အနာပတ္တိကို သိအပ်၏။ တပါးသော သိက္ခာပုဒ်၌လည်း ထိုက်သလို သိအပ်၏။)

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် မစားချင်သလို မရိုမသေ ဆွမ်းစားကုန်၏။ ထိုထိုအရပ် ကြည့်လျက် စားကုန်၏။ ထည့်ပေး သည်ကိုလည်းကောင်း၊ ထည့်ပြီး လွန်သွားသည်ကို လည်းကောင်း မသိကုန် (၂)။ ဟိုတစ သည်တစ သုံးသပ်၍ စားကုန်၏။ ပဲဟင်းကိုသာ များစွာ

**စားကုန်၏** (၂)။ ဆွမ်းဦးမှ နှိုပ်၍ စားကုန်၏။ ပဲဟင်း၊ တပါးသော ဟင်းတို့ကို နောက်ထပ် ရလို၍ ဆွမ်းဖြင့် ဖုံးကုန်အံ့ (၂)။ ဟင်းကို ဆွမ်းကို မိမိအလို့ငှာ တောင်းစားကုန်၏။ အကောင်းမကြိုက်သူ မရှိဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဆွမ်း၊ ဟင်း တောင်းမစားရဟု ပညတ်သည်။ အခါတပါး ဂိလာနရဟန်းတို့သည် တောင်း၍ မစားရသောကြောင့် ရောဂါမသက်သာဟု ဆိုကုန်၏။ ချစ်သားတို့၊ ဂိလာနရဟန်းသည် ဟင်းကို၊ ဆွမ်းကို တောင်းစားခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အဂိလာနောဟု အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။ ကဲ့ရဲ့လို၍ သူတပါး၏ သပိတ်ကို ကြည့်ကုန်၏ (၂)။ အလွန် ကြီးသော ဆွမ်းလုပ်ကို ပြုကုန်၏။ ရှည်သော ဆွမ်းလုပ်ကို ပြုကုန်၏ (၂)။ ထို့ကြောင့် ပညတ်သည်။

## သက္ကစ္စဝဂ္ဂေါ စတုတ္ထော။

---

**၁—အနာဟဋ္ဌ။** ။ကဗဠေ၊ ဆွမ်းလုပ်သည်။ အနာဟဋေ၊ ခံတွင်းဝသို့ မရောက်မီ။ မုခဒွါရံ၊ ခံတွင်းဝကို။ န ဝိဝရိဿာမိ၊ မဖွင့်အပ်။ ဣတိ။

**အဓိပ္ပာယ်။** ။ခံတွင်း၏ ပါးစပ်အဝသည် မုခဒွါရ မည်၏။ (ဒန္တပေါဋာ သိက္ခာပုဒ်၌ ရေမျိုလည်ပင်းအဝသည် မုခဒွါရ မည်၏။ မုခဒွါရ နှစ်မျိုး သိအပ်၏။) ဆွမ်းလုပ် ခံတွင်းဝသို့ မရောက်မီ ခံတွင်းဖွင့်အံ့။ ဒုက္ကဋ်။ အနာပတ္တိ၌ အထူးမရှိ ၇—ချက်။ ၎ ဝိမတိ၌ကား ဆွမ်းလုပ် မရောက်မီ ခံတွင်းဖွင့်ခြင်း၌ အကျိုးမရှိသောကြောင့် အာပဒါသုဟူ၍ မဟောဟု ဆိုသည်။ ၄

၂—သဗ္ဗဟတ္ထ။ ။ဘုဉ္ဇမာနော၊ ဆွမ်းစားသော ငါသည်။ သဗ္ဗံ ဟတ္ထံ၊ အလုံးစုံသော လက်ကို။ မုခေ၊ ခံတွင်း၌။ န ပက္ခိပိဿာမိ၊ မထည့်အံ့။ ဣတိ။

**အဓိပ္ပာယ်။** ။လက်ချောင်းအားလုံးသည် သဗ္ဗဟတ္ထ မည်၏။ အပေါင်း၏ အမည်ကို အစိတ်၌ တင်စားခြင်းဖြင့် တခုသော လက်ချောင်းသည်လည်းကောင်း၊ တခုသော **လက်**ချောင်း၏ အစိတ်အပိုင်းသည် လည်းကောင်း သဗ္ဗဟတ္ထ **သာ** မည်၏။ (လက်ချောင်းအားလုံး ဘယ်လက် မဆို သဗ္ဗဟတ္ထချည်းသာ ဟူလို)။ လက်ချောင်း အစိတ်အပိုင်းမျှသော်လည်း ထည့်အံ့။ ဒုက္ကဋ်။ အနာပတ္တိ ၇- ချက်။ (တခဲနက် ယာဂု၊ တင်လဲ၊နို့ ဃနာ

စသည်ကို လက်ချောင်းဖြင့်ယူ၍ ခံတွင်း၌ လက်ချောင်းသွင်း၍ စားခြင်းငှာ အပ်၏ဟု နောက်၌ ဆိုလတ္တံ့။ အချို့ကား လက်ချောင်းငါးခုလုံး မဝင်နိုင်အောင် လက်သုံးတချောင်း ထောင်ကာ စားရသည်။ ကြွင်း သေးချောင်း ဝင်သော်လည်း အာပတ်မသင့်ဟု ကြံကုန်၏။ တမင်သွင်းသော်လည်း ငါးချောင်းလုံး မဝင်နိုင်ဟု သိသင့်၏။)

၃–သကဗဠ ဗျာဟရဏ။ ။သကဗဠေန၊ ဆွမ်းလုပ်နှင့် တကွသော။ မုခေန၊ ခံတွင်းဖြင့်။ န ဗျာဟရိဿာမိ၊ စကားမဆိုအံ့။ ဣတိ။

အစိပ္ပာယ်။ ။စကား မပီလောက်အောင် ဆွမ်းလုပ်ရှိသော ခံတွင်းသည် သကဗဠမုခ မည်၏။ မပီလောက်အောင်ရှိလျက် စကားဆိုအံ့။ ဒုက္ကဋ်။ အနာပတ္တိ ၇–ချက်။ တရားဟောစဉ် ဖန်ခါးသီး စသည် ထည့်၍ ဟောအံ့။ ပီလောက်အောင် အနည်းငယ်မျှရှိ၍ ပြောအံ့။ အပြစ်မရှိ။

၄-ပိဏ္ဍုက္ခေပက။ ။ပိဏ္ဍုက္ခေပကံ၊ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍။ န ဘုဉ္ဇိဿာမိ၊ ဣတိ။

အစိပ္ပာယ်။ ။ဆွမ်းသည့် (ဝါ-ဘောဇဉ်ငါးပါးသည်) ပိဏ္ဍမည်၏။ မြှောက်၍ စားအံ့၊ ဒုက္ကဋ်။အနာပတ္တိ၌-ခဇ္ဇက-ခဲဖွယ်ဖြစ်အံ့၊ ဖလာဖလ သစ်သီးကြီးငယ်ဖြစ်အံ့၊ အနာပတ္တိနှင့် ၉-ချက်။ (ခဇ္ဇက ဖလာဖလ-အနာပတ္တိဖြင့် ဘောဇဉ်ငါးပါးကို ပိဏ္ဍ-အာပတ္တိ ဟု သိအပ်၏။)

၅-ကဗဠာဝစ္ဆေဒက။ ။ကဗဠာဝစ္ဆေဒကံ၊ ဆွမ်းလုပ်ကို ကိုက်ဖြတ်၍။ န ဘုဉ္ဇိဿာမိ။ ဣတိ။

အစိပ္ပာယ်။ ။ဆွမ်း(ဘောဇဉ်ငါးပါး)သည် ကဗဠ မည်၏။ ကိုက်ဖြတ်၍ စားအံ့၊ ဒုက္ကဋ်။ ခဲဖွယ်၊ သစ်သီးကြီးငယ်၊ လက်သုပ် ဟင်းလျာ အနာပတ္တိနှင့် ၁၀–ချက်။

၆-အဝဂဏ္ဍကာရက။ ။အဝဂဏ္ဍကာရကံ၊ မျောက်ကဲ့သို့ ပါးစောင်၌ ထား၍ ထား၍။ န ဘုဉ္ဇိဿာမိ။ ဣတိ။

အစိပ္ပာယ်။ ။မျောက်သည် ပါးစောင်၌ထား၍ စားသကဲ့သို့ ပါးစောင် တဖက်၌လည်းကောင်း၊နှစ်ဖက်၌လည်းကောင်း ထား၍ စားအံ့

ဒုက္ကဋ်။ သစ်သီးကြီးငယ် အနာပတ္တိနှင့် ၈-ချက်။ (ပါဠိတော် အချို့မူ ၌ခဇ္ဇကေ—ဟူ၍လည်း ပါသည်။ ကခါ၌—ဖလာဖလ မတ္တကေဟု ဆိုသည်။ ပါဠိတော်ကို မပြင်ရဲဟု အလေးပြုခြင်းလွန်သဖြင့် အချို့နေရာ ချုံပိတ်ပေါင်း ဝင်ထလျက် အပူဇော်ခံသည်။)

၇-ဟတ္ထ နိဒ္ဓုနကာ။ ။ဟတ္ထ နိဒ္ဓုနကံ၊ လက်ကို ခါ၍ ခါ၍။ န ဘုဉ္ဇိဿာမိ။ ဣတိ။

အဝိပ္ပာယ်။ ။လက်ခါ၍ စားအံ့၊ ဒုက္ကဋ်။ အမှိုက်စွန့်စဉ် လက်ခါအံ့၊ အနာပတ္တိနှင့် ၈—ချက်။

၈-သိတ္ထာဝကာရကာ။ ။သိတ္ထာဝကာရကံ၊ ဆွမ်းလုံးကို ကြဲ၍ ကြဲ၍။ န ဘုဉ္ဇိဿာမိ။ ဣတိ။

အဝိပ္ပာယ်။ ။ဆွမ်းလုံးကြဲ၍ စားအံ့၊ ဒုက္ကဋ်။ အမှိုက်စွန့်စဉ် ဆွမ်းလုံးစွန့်အံ့၊ အနာပတ္တိနှင့် ၈-ချက်။

၉-ဇိဝှါနိစ္ဆာရကာ။ ။ဇိဝှါနိစ္ဆာရကံ၊ လျှာကို ထုတ်၍ ထုတ်၍။ န ဘုဉ္ဇိဿာမိ၊ ဣတိ။

အဝိပ္ပာယ်။ ။လျှာထုတ်၍ စားအံ့၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်။

၁၀-စပုစပု။ ။စပုစပု ကာရကံ၊ စပ်စပ် အသံပြု၍။ န ဘုဉ္ဇိဿာမိ။ ဣတိ။

အဝိပ္ပာယ်။ ။စပ်စပ် သံပြု၍ စားအံ့၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ဆွမ်းလုပ်ခံတွင်းဝ မရောက်မီ ခံတွင်း ဖွင့်ကုန်၏။ ဆွမ်းစားစဉ် လက်ချောင်းတို့ကို ခံတွင်းသို့ ထည့်ကုန်၏ (၂)၊ ဆွမ်းလုပ်နှင့်တကွ စကားပြောကုန်၏။ ဆွမ်းလုပ်ကို မြှောက်၍ မြှောက်၍ စားကုန်၏(၂)၊ ကိုက်ဖြတ်၍ စားကုန်၏။ မျောက်ကဲ့သို့ ပါးစောင်ဖွဲ့ထား၍ စားကုန်၏(၂)၊ လက်ခါ၍ ခါ၍ စားကုန်၏။ ဆွမ်းလုံး ကြဲ၍ကြဲ၍ စားကုန်၏(၂)၊ လျှာထုတ်၍ ထုတ်၍ စားကုန်၏။ စပ်စပ်သံပြု၍ စားကုန်၏(၂)၊ ထိုကြောင့် ပညတ်သည်။

ကဗဠဝဂ္ဂေါ ပဉ္စမော။

**၁-သုရုသုရု။** ။သုရုသုရု ကာရကံ၊ ရှုတ်ရှုတ်အသံပြု၍။ နဘုဉ္ဇိ
ဿာမိ။ ဣတိ။

**အဓိပ္ပာယ်။** ။ရှုတ်ရှုတ် သံပြု၍ စားအံ့၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်။

**၂-ဟတ္ထနိလ္လေဟက။** ။ဟတ္ထနိလ္လေဟကံ၊ လက်ကို လျက်၍
လျက်၍။ န ဘုဉ္ဇိဿာမိ။ ဣတိ။

**အဓိပ္ပာယ်။** ။လက်ကို လက်ချောင်းမျှကိုသော်လည်းလျက်၍ စားအံ့၊ဒုက္ကဋ်။
တခဲနက်ယာဂု၊ တင်လဲ၊ နို့ဂဏာစသည်ကို လက်ချောင်းဖြင့်
ယူ၍ ခံတွင်း၌ လက်ချောင်းသွင်း၍ စားခြင်းငှာ အပ်၏။ သဗ္ဗဟတ္ထသိက္ခာပုဒ်
ဖြင့်လည်း အပ်၏။ အနာပတ္တိ ၇-ချက်။

**၃-ပတ္တနိလ္လေဟက။** ။ပတ္တနိလ္လေဟကံ၊ သပိတ်ကိုခြစ်၍ ခြစ်၍။
န ဘုဉ္ဇိဿာမိ။ ဣတိ။

**အဓိပ္ပာယ်။** ။လက်တချောင်းဖြင့်သော်လည်း ခြစ်၍ စားအံ့၊ ဒုက္ကဋ်။ တခဲ
နက် ယာဂုစသည်ကို ခြစ်ခြင်းငှာကား အပ်၏။အကြွင်းအနည်း
ငယ်ကို ပေါင်းစု၍ ခြစ်စားအံ့၊ အနာပတ္တိနှင့် ၈-ချက်။

**၄-ဩဋ္ဌနိလ္လေဟက။** ။ဩဋ္ဌနိလ္လေဟကံ၊ နှုတ်ခမ်းကို လျက်၍
လျက်၍။ နဘုဉ္ဇိဿာမိ။ ဣတိ။

**အဓိပ္ပာယ်။** ။နှုတ်ခမ်းတခုမျှကိုလည်း လျက်၍ စားအံ့၊ ဒုက္ကဋ်။ တခဲနက်
ယာဂုစသည်ဖြစ်မူ လျက်အပ်၏။ တခဲနက်မဟုတ်လျှင် နှုတ်ခမ်း
ချင်းပွတ်၍ သွင်းအပ်၏။ အနာပတ္တိ၇-ချက်။

**၅-သာမိသဟတ္ထ။** ။သာမိသေန၊ဆွမ်းစသော အာမိသနှင့် တကွ
သော။ ဟတ္ထေန၊ လက်ဖြင့်။ ပါနီယ-ထာလကံ၊ သောက်ရေခွက်ကို။
န ပဋိဂ္ဂဟေဿာမိ။ မကိုင်အံ့၊ ဣတိ။

**အဓိပ္ပာယ်။** ။သံဃိက ပုဂ္ဂလိက၊ လူ့ဥစ္စာ မိမိဥစ္စာ- လောင်းခွက်၊သောက်
ခွက်၊ တည်ခွက်တခုခုကို အာမိသရှိသောလက်ဖြင့် ကိုင်အံ့၊

ဒုက္ကဋ်။ အနာပတ္တိ၌—ဆေးအံ့၊ ဆေးခိုင်းအံ့ဟု ကိုင်အံ့၊အနာပတ္တိနှင့် ၈-ချက်။ အာမိသ မကပ်သောလက်တစိတ်ဖြင့် ကိုင်ရာ၌ အပြစ်မရှိ။ ရှိဖွယ်ဖြစ်မည်ကို သဘိပြုအပ်၏။

၆-ပတ္တဓောဝန။ ။သသိတ္ထကံ၊ဆွမ်းလုံးနှင့်တကွသော။ပတ္တဓောဝနံ၊ သပိတ်ဆေးရေကို။ အန္တရဃရေ၊ ရွာတွင်း၌။ ဂါ၊ အိမ်တွင်း၌။ နဆဍ္ဍေဿာမိ၊ မစွန့်အံ့ ဟူကိ။

**အစိပ္ပာယ်။** ။သပိတ်ဆေးရေကို ဆွမ်းလုံးနှင့်တကွ ရွာတွင်းအိမ်တွင်း စွန့်အံ့၊ ဒုက္ကဋ်၊ အနာပတ္တိ၌-ဆွမ်းလုံးတို့ကို ဆယ်၍ တနေရာစုထား၍ ရေသက်သက်စွန့်အံ့၊ ဆွမ်းလုံးတို့ကို ချေ၍ ရေအသားတူပြု၍ စွန့်အံ့ ထွေးခံ လက်ဆေးခံ၌ စွန့်အံ့၊ ပြင်ပသို့ဆောင်၍ စွန့်အံ့၊ အနာပတ္တိနှင့် ၁၁-ချက်။ ရွာတွင်း အိမ်တွင်း အများစွန့်ရာ၌ စွန့်လျှင် အပြစ်ဖြစ်ဟန်မရှိ။ (အချို့အိမ်၌ သပိတ်ဆေးလျှင် ထိုအိမ်ခိုက်တော့မည်ကဲ့သို့ မိစ္ဆာတွေ၍ စွဲလမ်းကုန်၏။)

ဘောဇနပဋိသံယုတ္တသိက္ခာပုဒ် ၃၀ ပြီး၏။

---

၇ ဆတ္တပါဏိ။ ။ဆတ္တပါဏိဿ၊ ထီးလက်၌ရှိသော။ အဂိလာနဿ၊ မနာမဖျားသောသူအား။ဓမ္မံ၊ တရားကို။(ဝါ၊ပါဠိအဋ္ဌကထာကို။) နဒေသေဿာမိ၊ (မဂဓဘာသာဖြင့်) မဟောအံ့၊ ဣတိ။

**အစိပ္ပာယ်။** ။အဝန်းဖွဲ့၍လည်းကောင်း။ ဝါးခြမ်းစိတ်ဖွဲ့၍လည်းကောင်း။ ပြုသောထီးသည် ဘဏ္ဍာမည်၏။ အဝတ်ဖြင့် ပြုသောထီး၊ ဖြူ၊ နီးဖြင့်ပြုသောထီး၊ သစ်ရွက်ထီး-ဟု သုံးမျိုးရှိ၏။ အပိုးနှင့်တကွ ဖြတ်သော ထန်းရွက်စသည်ဖြင့် ပြုသောထီး ပညီးသဏ္ဍာမည်၏။သစ်ရွက်ထီးပည်၏။လက်၌ ထီးတမျိုးမျိုးရှိသူသည် ဆတ္တပါဏိမည်၏။ ပခုံးစသည်၌ ချိတ်လျက်သော်လည်း လက်ဖြင့် ကိုင်ထားလျှင် ဆတ္တပါဏိသာတည်း။ သူတပါးက ဆောင်းပေးသူ၊ ထီးအောက်၌ ထိုးရိုးစိုက်သော ခုံ၌ တည်သူသည် လက်ဖြင့် ထီးမကိုင်လျှင် ဆတ္တပါဏိ မမည်။ ပဒသောဝဏ္ဏ၌ ဆိုခဲ့သော ပါဠိအဋ္ဌကထာ သည် ပဗ္ဗမည်၏။ပါဠိဘာသာမှ တပါးသော ဘာသာဖြင့် သိကုံး၍ ဟောလျှင် ပဗ္ဗမမည်။

လက်၌ထီးရှိသော ကျန်းမာသူအား ဓမ္မကို ပုဒ်ဖြင့် ဟောအံ့၊ ပုဒ်တိုင်း ဒုက္ကဋ်။ အက္ခရာဖြင့် ဟောအံ့၊ အက္ခရာတိုင်း ဒုက္ကဋ်။ အနာပတ္တိ ၇ ချက်။ မဟာဒေသနာ

သမုဋ္ဌာန်။ ၄ ဓမ္မာ-ပဥ္စမ-၁၁။ ၆-(နည်းဂုဏ္ဌိတအထိ တဆက်ထည်း သိက္ခာပုဒ် ၁၁-ခုတည်း။)

၈-ဒဏ္ဍပါဏိ။ ဒဏ္ဍပါဏိဿ၊ တုတ်တောင်ဝှေး လက်၌ရှိသော။ အဂိလာနဿ၊ ဓမ္မံ၊ နဒေသေဿာမိ။ ဣတိ။

အဝိပ္ပာယ်။ ။မဇ္ဈိမပုရိသ လေးတောင်ရှိသော တုတ်သည် ဒဏ္ဍ မည်၏။ (ပကတိ ခြောက်တောင်ဟူလို) ထိုထက်ရှည်လျှင်၊ တိုလျှင် ဒဏ္ဍမမည်။ အကြွင်းအားလုံး တူပြီ။

၉-သတ္ထပါဏိ။ ။သတ္ထပါဏိဿ၊ လက်နက် လက်၌ ရှိသော။ အဂိလာနဿ။

အဝိပ္ပာယ်။ ။တဘက်အသွား၊ နှစ်ဘက် အသွားရှိသော လက်နက်သည် သတ္ထ မည်၏။

၁၀-အာဝုဓပါဏိ။ ။အာဝုဓပါဏိဿ၊ လေးလက်နက် လက်၌ ရှိသော။

အဝိပ္ပာယ်။ ။အလယ်ကောက်သော ထမ်းပိုးတံနှင့်တူသော စာပ-လင်းလေး၊ ဖောက်ထွင်းသော အရိုးရှိသောကောဒဏ္ဍ-ဒူလေးသည် အာဝုဓ မည်၏။ ထဲ၌-လေ အထူး၊ မြားအထူး၊ လေးနှင့်မြား၊ လေးသက်သက်၊ မြားသက်သက်၊ ညှို့ရှိသောလေး၊ ညှို့မရှိသောလေး၊ ထိုအလုံးစုံသည် အာဝုဓ ချည်းသာတည်း။ တခုခုကိုကိုင်၍ ရပ်သူ ထိုင်သူအား မဟောအပ်။ လွယ်ထား လျက် မကိုင်လျှင် ဟောအပ်သည်ဟု ဆို၏။

ဝတ္ထု။ ။ကောသမ္ဗီ။ ဃောသိတာရုံ။ ပုဏ္ဏားတဦးသည် သံဃာအား နို့ သောက်ဖွယ် လှူ၏။ ရဟန်းတို့သည် ရှက်ရွံ့တွန့်ဆုတ်၍ နို့သောက် ကုန်၏။ ငယ်ချေသည်ဖြစ်ဘူးသော ရဟန်းတဦးက "ဤမြွေသံဃာအပေါင်း အချမ်းနှိပ်စက်ဟန် ရှိသည်"ဟု ဆို၏။ ဤရဟန်းသည် သံဃာကို ပြက်ရယ်ပြု သည်ဟု ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ဘုရား တရား သံဃာကို အကြောင်းပြု၍ ပြက်ရယ်မပြုအပ်၊ ပြုငြားအံ့၊ ဒုက္ကဋ်ဟု မိန့်၍ သုရာသုရ သိက္ခာပုဒ် ပညတ်သည်။ (ဘုရားကို အဘယ်ဘုရားနည်း၊ ကျောက်ခဲဘုရားလော။ အတုဘုရားလော။

**တရားကို** နွားတရားလော၊ ဆိတ်တရားလော။ သံဃာကို သမင်သံဃာအပေါင်းလော၊ သားသံဃာ အပေါင်းလော စသည်ဖြင့် ပြက်ရယ်မပြုအပ်။)

သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် လက်ကိုလျက်၍ လျက်၍ စားကုန်၏(၂)၊ သပိတ်ကိုခြစ်၍ ခြစ်၍၊ နှုတ်ခမ်းကို လျက်၍ လျက်၍ စားကုန်၏။ (၂) ဘဂ္ဂတိုင်း သံသုမာရဂိရိ၊ ပဲစဉ်းငုံတော ရဟန်းတို့သည် ဗောဓိမင်းသား၏ ကောကနဒပြာသာဒ်၌ ဆွမ်းဘုဉ်းပေး၍ အာဝိသကပ်၍သောလက်ဖြင့် သောက်ရေခွက်ကို ကိုင်ကုန်၏။ကာမဂုဏ် ခံစားသူတို့ကဲ့သို့ ရှိစရာဟု လူတို့ကဲ့ရဲ့ကုန်၏။ ထိုပြာသာဒ်၌ပင် ရဟန်းတို့သည်ထမင်းလုံးနှင့်တကွသော သပိတ်ဆေးရေကို အိမ်ရှေ့ရပ်ကွက်၌ စွန့်ကုန်၏။ ကာမဂုဏ် ခံစားသူတို့ ကဲ့သို့ ရှိစရာဟု လူတို့ကဲ့ရဲ့ကုန်၏(၂)၊

သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ထီးလက်၌ရှိသူအား တရားဟောကုန်၏၊ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ထီးလက်၌ ရှိသူအား တရား မဟောအပ်ဟု ပညတ်သည်။ အခါတပါး ထီးလက်၌ ရှိသော ဂိလာနအား တရားဟောခြင်းငှာ အလိုလိုရှိ၍ မဟောကုန်။ လူတို့ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ထီးလက်၌ရှိသော ဂိလာနအား တရားဟောခြင်းငှာ ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။ တုတ်တောင်ဝှေး လက်၌ရှိသူအား....။ဓားလက်နက် လေးလက်နက် လက်၌ရှိသူအား တရားဟောကုန်၏။ ဂိလာနအား အလိုလိုရှိ၍ မဟောကုန်။ ချစ်သားတို့၊ ခွင့်ပြု၏ဟုမိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည် (၄)။

## သုရုသုရုဝဂ္ဂေါ ဆဋ္ဌော။

---

**၁-ပါဒုက။** ။ပါဒုကာ ရုဠှဿ၊ ခြေနင်းစီးသော။ အဂိလာနဿ၊ **ဓမ္မံ**။ န ဒေသေဿာမိ။ ဣတိ။

**အဝိပ္ပာယ်။** ။သစ်သား၊ ထန်းလက်၊ စက္ကူ၊ မြက်၊ သစ်ရွက်၊ ဝါး စသည်ဖြင့် ပြုသောခြေနင်းသည် ပါဒုက မည်၏။ အက္ကန္တ နင်းထားသူ၊ ပဋိမုက္က-သွင်းထားသူ-ဤနှစ်ယောက်အား မာလျက် တရားဟောမှု၊ ဒုက္ကဋ်။ အနာပတ္တိ ၇-ချက်။

**မှတ်ဖွယ်အထူး။** ။ဆတ္တ ဒဏ္ဍကဟူသော ဖမိုးဖုံးအသည်းတို့ကို၊ ဝါး၊ ထီး အသွင်ငုတ်တို့ကို။ ဝါးမှိုင့်တို့ကိုခြေချောင်းအကြားမသွင်း

ပဲ နင်းသူသည် အက္ကန္တ မည်၏။ သွင်းထားသူသည် ပဋိမုက္က မည်၏။ ဤနှစ်ယောက်သည် ပါဒုကာရုဋ္ဌ မည်၏။ဤ၌ အာရုဋ္ဌသဒ္ဒါသည် နင်းခြင်း၊သွင်းခြင်း နှစ်နက်ရှိ၏။ ဤခုံဖိနပ် စေသောခြေနင်းမျိုးကို ရဟန်းတို့ မစီးနင်းအပ်။ (ပါလိတော်၌ ဩမုက္က သဓ္ဓါ-ပာဠ်လည်း ရှိ၏။ ဋ္ဌကထာ၌ ဩမုက္ကကို နောက်သိက္ခာပုဒ်၌သာ ပြသည်။ နောက်သိက္ခာပုဒ်၌သာ ပြသင့်ကြောင်း ထင်ရှား၏။)

၂ - ဥပါဟန။ ။ဥပါဟနာရုဋ္ဌဿ၊ဖိနပ်စီးသော။ အဂိလာနဿ။ အဝိပ္ပာယ်။ ။သွားရေဖြင့် ပြုသောဖိနပ်သည် ဥပါဟနမည်၏။ အက္ကန္တနင်းထားသူ၊ ပရိမုက္က သွင်းထားသူ၊ ဩမုက္က-ဖနောင့်အပိတ်ဖိနပ်ကို ချွတ်ရှိ နင်းထားသူ၊ ဤသုံးယောက်သည် ဥပါဟနာရုဋ္ဌမည်၏။အကြွင်းတူပြီ။ နောက်ပိဘ်ဧပ်ထားသူ- ပရိမုက္က၌ ပါဝင်ပြီ။ (အချို့ကား ရေဘ်ပါဖိနပ်သည် ဤ၌လျော်၏။ သားရေအလားရှိ၏ဟု ဆိုကုန်၏။ အချို့ကား ယခင်ပါဒုကာ၌ လျော်၏။ သားရေ၌ အလျော်မပြ။ မြက်၊ စက္ကူမျှင် မအပ်ဟု ဆိုကုန်၏။ ဖန်ဖန်နှိုင်း ချိန်အပ်၏။)

အထူးကား လူသားရေဖြင့် ပြုသောဖိနပ်ကို ရဟန်းတို့ မစီးအပ်။ သားရေဖိနပ်၌ နောက်ပိတ်လည်း ရှိသည်။ သစ်သားခြေနင်း၌ နောက်ပိတ်မရှိ။

၃ - ယာဉ်။ ။ယာန ဂတဿ၊ ယာဉ်စီးသော။ အဂိလာနဿ။ အဝိပ္ပာယ်။ ။ဝယှံ-ပေါင်းချုပ်လှည်း၊ ရထော-ရထား၊ သကဋံ-လှည်း၊ သန္ဒမာနိကာ-သံလျင်း၊ သိဝိကာ-ထမ်းစင်၊ ပါဋင်္ကီ-ပုဆိုးသံလျင်း- ဤခြောက်ပါးသည် ယာန မည်၏။ (နွား၊ မြင်း၊ လူတို့ ရှင်းကြရ၊ ထမ်းကြရသည်။) ယာဉ်အထက်၌ နေသောသူသည် ယာနဂတ မည်၏။ လူနှစ်ယောက် လက်ယှက်ခြင်းဖြင့်ဆောင်အပ်သူ၊ အဝတ်၌ထား၍ ဝါးဖြင့် ထမ်းအပ်သူ၊ နွားစသည် ပကသော ရင်တားသော ယာဉ်ခြောက်မျိုး၌ နေသူ၊ဖျက်ထား၍ ဘီးသက်သက်မျှ၌ နေသူ၊ ဤလေးယောက်လည်းယာနဂတ သာတည်း။ အကြွင်း တူပြီ။

မှတ်ဖွယ်အထူး။ ။ ယာဉ်တခုတည်း နှစ်ယောက်စီးအံ့ ၊ ဟောကောင်း၏။ တခုစီ စီးအံ့၊ ယာဉ်မြင့်စီးသူသည် ယာဉ်နိမ့်စီးသူအား ဟောကောင်း၏။ အနိမ့်အမြင့်တူလျှင်လည်း ဟောကောင်း၏။ ရှေ့ယာဉ်စီးသူသည် နောက်ယာဉ်စီးသူအား ဟောကောင်း၏။ နောက်ယာဉ် အမြင့်စီးသော်လည်း ရှေ့ယာဉ်နိမ့်၊ မြင့်-စီးသူအား မဟောအပ်။

**၄-သယန**။ ။သယနဂတဿ၊ အိပ်ရာ၌နေသော။ အဂိလာနဿ။

**အဓိပ္ပာယ်**။ ။ဖျာကြမ်း၌ မြေပြင်၌ပင်ဖြစ်စေ အိပ်သူသည် သယနဂတမည်၏။ အကြွင်းတူပြီ။

အထူးကား မြင့်သော နေရာ၌ ရပ်၍ ထိုင်၍သော်လည်း အိပ်သူအား မဟောအပ်။ နေရာမြင့်၌ အိပ်လျက် ဟောအံ့။ နေရာတူအိပ်လျက် ဟောအံ့။ အပ်၏။ အိပ်သူသည် အိပ်သူ၊ ထိုင်သူ၊ ရပ်သူ သုံးယောက်အား ထိုင်သူသည် ထိုင်သူ၊ ရပ်သူနှစ်ယောက်အား၊ ရပ်သူသည် ရပ်သူတယောက်အား ဟော ကောင်း၏။

**၅-ပလ္လတ္ထိက**။ ။ပလ္လတ္ထိကာယ၊ လက်အာယောဂပတ် ပုဆိုး အာယောဂပတ် ဖွဲ့လျက်။ နိသိန္နဿ၊ နေသော။ အဂိလာနဿ။ (ပလ္လတ္ထိက နှစ်ခု တူပြီ။)

**၆-ဝေဌိတ**။ ။ဝေဌိတသီသဿ၊ ဦးရစ်ပေါင်းသော ဦးခေါင်း ရှိသော အဂိလာနဿ။

**အဓိပ္ပာယ်**။ ။ပဝါ၊ ဦးခေါင်းစွပ် စသည်ဖြင့် ဆံဖျား ဆံစ မပေါ်အောင် ရစ်ပတ်သူ၊ စွပ်ဆောင်းသူသည် ဝေဌိတသီသ မည်၏။ အနာ မတ္တိ၌ ဆံဖျား ဆံစ ဖော်ခိုင်း၍ ဟောအံ့။ အနာပတ္တိနှင့် ဂ-ချက်။

**၇-ဩဂုဏ္ဌိတ**။ ။ဩဂုဏ္ဌိတသီသဿ၊ ခြုံသော ဦးခေါင်းရှိသော။ အဂိလာနဿ။

**အဓိပ္ပာယ်**။ ။လွှယ်၏။ အနာပတ္တိ၌ ဦးခေါင်း ဖော်ခိုင်း၍ ဟောအံ့။ အနာပတ္တိနှင့် ဂ-ချက်။ ဆတ္တပါဏိမှ ဤအထိ ဓမ္မဒေသနာသမုဋ္ဌာန် မည်၏။ ( ဓမ္မာ ပဌမ ၁၁။ )

**၈-ဆမာ**။ ။ဆမာယံ၊ မြေ၌။ နိသီဒိတွာ၊ နေ၍။ အာသနေ နေရာ၌။ နိသိန္နဿ၊ နေသော။ အဂိလာနဿ။

**အဓိပ္ပာယ်**။ ။အဝတ်မျှ၊ မြက်မျှ ခင်းသော်လည်း အာသန မည်၏။ တူပြီ။ အနာပတ္တိ ၇-ချက်။

၉-နိစာသန။ ။နိစေ၊ နိမ့်သော။ အာသနေ၊ နေရာ၌။ နိသိဒိတွာ။ ဥစ္စေ၊ မြင့်သော။ အာသနေ၊ နိသိန္နဿ၊ အဂိလာနဿ။

အဓိပ္ပာယ်။ ။မြေပြင်၌သော်လည်း မြင့်သော နေရာသည် ဥစ္စာသနမည်၏။ တူပြီ။

၁၀-ဌိတ။ ။ဌိတော၊ ရပ်သော ငါသည်။ နိသိန္နဿ၊ ထိုင်သော။ အဂိလာနဿ။

အဓိပ္ပာယ်။ ။လွယ်ပြီ၊ တူပြီ။ အထူးကား မင်းထင်ရှားကြီးသည် ထိုင်၍ မိမိ မသိရာကို မေးအံ့၊ ရပ်လျက်ဖြေလျှင် အာပတ် သင့်မည်။ "အရှင်ဘုရား၊ ရပ်၍ မေးပါ"ဟု ဆိုလျှင် ဂါရဝပျက်မည်။ ထိုအခါမျိုး၌ အနီးတွင် ရပ်နေသူ ရှိခဲ့အံ့၊ မရှိလျှင် သိတင်းငယ်တပါးကို ငါ့ရှင်၊ ရပ်စမ်းပါ ဟု ဆို၍ "ထိုရပ်သောသူအား ဖြေဆိုမည်"ဟု နှလုံးသွင်း၍ ဖြေရသည်။ တနည်း မိမိကိုယ်တိုင် ထိုင်၍ ဖြေရသည်။ ဉာဏ်စွမ်းသိလို၍ မေးသော မထေရ်ကြီးအားကား မာတင်းစွာ မဖြေမူ၍ ဤသို့ မှတ်မိပါသည်။ ဤသို့ မဟုတ်ပါလားဘုရား စသည်ဖြင့် ကြို့၍ ရိုသေစွာ ဖြေရသည်။ ဆရာ မေးသည်ကို တပည့် နေရာမရွေးဖြေသော နည်းမျိုးတည်း။ ဘုရားရှင် မေးသောအခါ "အနိစ္စံ ဘန္တေ" စသည်ဖြင့် လက်အုပ်ချီ၍ပင် ဖြေကြရသည်။

၁၁-ပစ္ဆတော ဂပန။ ။ပစ္ဆတော၊ နောက်မှ။ ဂစ္ဆန္တော၊ သွားသောသူသည်။ ပုရတော၊ ရှေ့မှ။ ဂစ္ဆန္တဿ၊ သွားသော။ အဂိလာနဿ။

အဓိပ္ပာယ်။ ။လွယ်ပြီ၊ တူပြီ။ အထူးကား ရှေ့ကမေးလျှင် မဖြေသေးမူ၍ 'နောက်မှ လိုက်သူအား ဖြေပါအံ့'' ဟု နှလုံးသွင်း၍ ဖြေရသည်၊ အတူသင်သော မေ့ကို သရဇ္ဈာယ်အံ့။ ညီတူသွားသူအား ဖြေအံ့။ အပြစ်မရှိ။ ဂစ္ဆန္တော၊ သွားသောသူသည်။ တနည်း။ သွားသော ငါသည် အတူတူသာတည်း။

၁၂-ဥပ္ပထဂမန။ ။ဥပ္ပထေန၊ ခရီးမဟုတ်သဖြင့်။ ဂစ္ဆန္တော၊ သွားသောငါးသည်။ ပထေန၊ ခရီးဖြင့်။ ဂစ္ဆန္တဿ၊ အဂိလာနဿ။

**အဓိပ္ပာယ်။** ။လွှယ်ပြီ၊ တူပြီ။ အထူးကား-လှည်းလမ်း၌ တသမ်းစီ ညီဘူ လည်းကောင်း၊ လမ်းမဟုတ်ရာ၌ ညီတူလည်းကောင်း သွား လျက် ဟောလျှင် အပ်၏။သွားသောငါသည်။ သူသည် တူသည်ဟု သိရမည်။ ဓမ္မဒေသနာ သိက္ခာပုဒ် ၁၆-ခုပြီး၏။

**၁၃-ဠိတဥစ္စာရ။** ။အဂိလာနော၊ မနာမဖျားပဲ။ ဠိတော၊ ရပ် လျက်။ ဥစ္စာရံဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံဝါ၊ ကျင်ငယ် ကိုလည်းကောင်း။ နကရိဿာမိ၊ မစွန့်အံ့၊ ဣတိ။

**အဓိပ္ပာယ်။** ။လွှယ်ပြီ၊ တူပြီ။ ဖုံးကွယ်ရာသို့သွားစဉ် အဆောတလျင် ကျင်ကြီး ကျင်ငယ် ထွက်အံ့၊ စေတနာမရှိ-အနာပတ္တိ မည်၏၊ အနာပတ္တိ ၇—ချက်။ ရပ်လျက်၊ ရပ်သောသူ၊ ရပ်သောငါ-တူ၏။

**၁၄-ဟရိတ။** ။အဂိလာနော။ ဟရိတေ၊ စိမ်းသော မြက်သစ် ပင်ရှိရာ အရပ်၌။ ဥစ္စာရံဝါ။ ပဿာဝံဝါ၊ ခေဠံဝါ၊ တံတွေးကိုလည်း ကောင်း။ နကရိဿာမိ။ ဣတိ။

**အဓိပ္ပာယ်။** ။စိမ်းရှင်သော သစ်မြစ်၊ သစ်ခက်-မြေ၌ပေါ်လျက် ကပ်နေ သော်လည်း ဟရိတ မည်၏။ မြုပ်နေလျှင် ဘူမိဂတိက မြေ အလားရှိ၏။ စွန့်အပ်၏။ နှပ်ကို တံတွေးအဖြစ်ဖြင့် ရေတွက်အပ်၏။ စိမ်းစို သော မြက်သစ်ပင်၌ ကျင်ကြီးစွန့်အံ့၊ ကျင်ငယ်စွန့်အံ့၊ နှပ်တံတွေးစွန့်အံ့၊ ဒုက္ကဋ်။ အနာပတ္တိ၌-ဟရိတ မဟုတ်ရာ၌ စွန့်လျက် ဟရိတသို့ စီးသွားအံ့၊ အနာပတ္တိနှင့် ဂ—ချက်။ အဂိလာနော-မနာမဖျားပဲ၊ မနာမဖျားသော သူသည်၊ ငါသည် တူ၏။

အထူးကား-သစ်ပင်ခွ စသည်၌ ထိုင်လျက် ဟရိတ လွတ်ရာ၌ စွန့်ချအံ့၊ အပြစ်မရှိ။ လွတ်ကင်းရာ ရှာစဉ် ထွက်သွားအံ့၊ ဂိလာန အရာ၌ တည်၏။ လွတ်ရာ ရှာမရ၍ ကရွတ် စသည်ခံ၍ စွန့်အံ့၊ နောက်၌ ဟရိတသို့ စီးသွားသော် လည်း အပြစ်မရှိ။

**၁၅-ဥဒက။** ။အဂိလာနော။ ဥဒကေ၊ သုံးဆောင်ကောင်းသော ရေ၌။ ဥစ္စာရံဝါ။ ပဿာဝံဝါ၊ ခေဠံဝါ။ နကရိဿာမိ။ ဣတိ။

အဓိပ္ပာယ်။ ။သောက်ချိုး သုံးဆောင်ကောင်းသော ရေသည်သာလျှင် ဤ၌ ဥဒက မည်၏။ ဝစ္စကုဋိရေ၊ သမုဒ္ဒရာရေ စသော မသုံးဆောင်ကောင်းသော ရေသည် အာပတ်ဖြစ်စေသော ရေမဟုတ်။ အနာပတ္တိ၌-ကုန်း၌ စွန့်လျက် ရေသို့ စီးသွားအံ့၊ အနာပတ္တိနှင့် ဂ-ချက်။ ဝန်းကျင် ရေပြင်ကျယ်၌ ရေလွှတ်ရာ ရှာ၍မရလျှင် ထိုရေ၌ စွန့်အံ့၊ အပြစ်မရှိ။ ဘေးရန်ကြောင့် အနာပတ္တိဆိုလျှင် သင့်ဖွယ်ရှိ၏။ ဥစ္စာရ သိက္ခာပုဒ် ၃-ခုပြီး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီတို့သည် ခြေနင်းစီးသူအား တရားဟောကုန်၏။ ဂိလာနအား အလိုလိုရှိ၍ မဟောကုန်။ အနုပညတ်နှင့် ပညတ်သည်။ ဖိနပ်စီးသူအား....၊ ယာဉ်စီးသူအား ..၊ အိပ်ရာ၌ နေသူအား....၊အာယောဂပတ်ဖွဲ့၍ နေသူအား ...၊ ဦးရစ်ပေါင်းသူအား ၊ဦးခေါင်းခြုံသူအား..(၇)၊ မြေ၌နေလျက် နေရာ၌နေသူအား....၊ နိမ့်ရာ၌နေလျက် မြင့်ရာ၌နေသူအား တရားဟောကုန်၏။ ကဲ့ရဲ့ပြီးလျှင် အတိတ်ဆောင်၍ ပညတ်သည်။ တဖန် အနုပညတ်နှင့် ပညတ်သည်(၂)။

အတိတ်ဝတ္ထုကား-ရှေးအခါ ဗာရာဏသီ၌ ဒွန်းစဏ္ဍားတယောက်သည် မိန်းမကိုယ်ဝန်ရှိ၍ သရက်သီးစားလိုသည်ဟု ဆိုသဖြင့် မင်းဥယျာဉ်၌ သရက်သီး သွားခိုး၏။ မိုးလင်းလာသဖြင့် သရက်ပင်ထက်၌ ပုန်းနေ၏။ မင်းကြီးနှင့် ပုရောဟိတ်သည် သရက်ပင်အောက်သို့လာ၍ မြင့်သောနေရာ၌ မင်းကြီး နေလျက် မန္တန် သင်ယူ၏။ဒွန်းစဏ္ဍားသည် တရားပျက်သူ များလှ၏ဟု ခုန်ချပြီးလျှင် ဤသို့ဆို၏။ မိန်းမအတွက် သရက်သီး လာခိုးသော အကျွန်ုပ်လည်း မတရား။ မြင့်ရာ၌နေ၍ မန္တန် သင်ယူသော အရှင်မင်းကြီးလည်း မတရား။ နိမ့်ရာ၌နေ၍ သင်ပေးသော ဆရာ ပုဏ္ဏားလည်း မတရား ဟု ဆိုလတ်သော် ဆရာပုဏ္ဏားသည်"ထမင်းရှင် မင်းကြီး ဖြစ်သောကြောင့် ငါ တရားမကျင့်နိုင်" ဟု ဆို၏။ ပုဏ္ဏားကြီး မတရားကျင့်၍ ရသောစည်းစိမ်သည် စက်ဆုပ်ဖွယ်တည်း။ သင်မှတပါး လူအများလည်း တော်သေသည်မရှိ၊ စားသောက်နိုင်၏။ မဘရား မကျင့်ပါနှင့်ဟု ဆိုလေ၏။ ချစ်သားတို့၊ နိမ့်ရာ၌နေ၍ မြင့်ရာ၌နေသူအား ပန္တန်သင်ပေးခြင်းကို ခိုးမှုရှိသော ဒွန်းစဏ္ဍား ဖြစ်စဉ်ကပင် ငါ မနှစ်သက်ဟု အတိတ်ဆောင်၍ ပညတ်သည်။

ဆဗ္ဗဂ္ဂီတို့သည် ရပ်လျက် ထိုင်သူအား နောက်မှသွားလျက် ရှေ့မှ သွားသူအား ခရီးမဟုတ်သဖြင့် သွားလျက် ခရီးဖြင့် သွားသူအား တရား ဟောကုန်

၏ (၃)။ ရပ်လျက် ကျင်ကြီးကျင်ငယ် စွန့်ကုန်၏။ စိမ်းသော မြက် သစ်ပင်၌၊ သုံးဆောင်ကောင်းသော ရေ၌ ကျင်ကြီးကျင်ငယ်စွန့်၊ တံတွေးထွေးကုန်၏။ ဂိလာနတို့ကား ရပ်လျက် လည်းကောင်း၊ စိမ်းသော နေရာ၌လည်းကောင်း၊ ရေ၌လည်းကောင်း စွန့်ခြင်းငှာ အလို့လို့ရှိကုန်၏။ ထို့ကြောင့် အနုပညတ်နှင့် ပညတ်ပြန်သည် (၃)။

ပါဒုက ဝဂ္ဂေါ သတ္တမော။

---

## သမုဋ္ဌာန် စသည် မှတ်ဖွယ်

ပြင်းစွာရယ်၊ ငယ်သော အသံ (၄)။ ဆွမ်းလုပ်နှင့် စကားပြော (၁)။ မြေ၌၊ နိမ့်ရာ၌၊ ရပ်သောပါ၊ နောက်မှသွား၊ လမ်းမဟုတ်သဖြင့်သွား၊ တရား ဟော (၅)။ ဤဆယ်ခုသည် သမနုဘာသန သမုဋ္ဌာန်၊ ကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကံ ဝစီကံ၊ အကုသလစိတ္တ၊ ဒုက္ခဝေဒန ဖြစ်၏။

ဆွမ်းဟင်းတောင်းသူ ပေါဒန ဝိညတ္တိ သိက္ခာပုဒ်တခုသည် ထေယျသတ္တ သမုဋ္ဌာန်။ ကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက လောကဝဇ္ဇ၊ ကာယကံ ဝစီကံ၊ အကုသလစိတ္တ၊ ဒုက္ခဝေဒန ဖြစ်၏။

ဆတ္တပါဏိမှ ဩဂုဏ္ဌိတ အထိ ၁၁-ခုသည် ဓမ္မဒေသနာ သမုဋ္ဌာန်၊ ကြိယာကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ဝစီကံ၊ အကုသလ စိတ္တ၊ ဒုက္ခဝေဒန ဖြစ်၏။

ကြွင်း ၅၃-ခုသည် ပဌမပါရာဇိက သမုဋ္ဌာန်၊ ကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကံ၊ အကုသလစိတ္တ- ဒုက္ခဝေဒန ဖြစ်၏။

၇၅-ခုလုံး အနာဒရိယံ ပဋိစ္စချည်းသာ ဟောသောကြောင့် သညာ ဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ အကုသလစိတ္တ၊ ဒုက္ခဝေဒန ဤငါးခုဖြစ် တူသည်။

ထုပိကတ သပိတ်အတွင်း အနားရေးနှင့်အမျှ ဆွမ်းခံ၊ သူပဗျဉ္ဇန ပဋိစ္ဆာ ဒန၊ ဥစ္စာနသညီ ဤသုံးခု၌ ဂိလာန အနာပတ္တိ မဟော။ သုသံဝုတ နှစ်ခု၌

အာပဒါ အနာပတ္တိမဟော။ ဝိမတိအလို အနာပတ္တိဟော ရှေ့၌လည်း အာပဒါမဟော။ အဋ္ဌကထာကြီး၌ သေခိယ ၇၅-ခုလုံး အာဗာဓပစ္စယာ အနာပတ္တိဟု ဆိုသည်။ (အာပဒါ ပစ္စယာ အနာပတ္တိဟု ဆိုလိုဟန် ရှိသည်။)

ဝါသူပဂတ အနာပတ္တိကား "သုပ္ပဒိဋ္ဌန္တ၊ ဥက္ခိတ္တ (၂)။ ကာယ၊ သီ၊ ဗာဟု (၃)။ ခမ္ဘ၊ ဂုဏ္ဌိ၊ ပလ္လတ္ထိ (၃)။ နိသိ-ရှစ်ဝါသု" ဤသို့ ရှစ်ခုဖြစ်၏။

သေခိယ ပြီး၏။

# အဓိကရဏ သမထ

အာယသ္မန္တော၊ အရှင်တို့။ သတ္တ၊ ခုနစ်ပါးကုန်သော။ အဓိက ရဏသမထာ၊ အဓိကရဏ သမထအမည်ရှိကုန်သော။ ဣမေခေါပန ဓမ္မာ၊ ဤတရားတို့သည်။ ဥဒ္ဒေသံ၊ အာဂစ္ဆန္တိ။

**အဓိပ္ပာယ်**။ ။ယခုအခါ သမထခုနစ်ပါး သရုပ်ကို ပြမည်။ အာပတ်သရုပ် မဟုတ်။ ဤ၌ အာပတ်သီးခြားမရှိ။ အဘယ်အကျိုးငှာ ပြမည်နည်း။ အာပတ္တာဓိကရဏ်း၊ ဟူသော အာပတ်ခုနစ်ခုကိုလည်းကောင်း၊ ကြွင်း အဓိကရဏ်း သုံးပါးကြောင့် ဖြစ်သောအာပတ် ခုနစ်ခုကိုလည်းကောင်း စင်ကြယ်ခြင်းကို မေးခြင်းအကျိုးငှာပြမည်။

**သမထခုနစ်ပါး**။ ။ဥပ္ပန္နုပ္ပန္နာနံ၊ ဖြစ်တိုင်း ဖြစ်တိုင်းကုန်သော။ အဓိက ရဏာနံ၊ အဓိကရဏ်း (လေးပါး) တို့၏။ သမထာယ၊ ငြိမ်းခြင်းငှာ။ ဝူပသမာယ၊ အထူးသဖြင့် ငြိမ်းခြင်းငှာ။ သမ္မုခါဝိနယော၊ သမ္မုခါဝိနည်းကို။ ဒါတဗ္ဗော၊ ပေးအပ်၏။ သတိဝိနယော၊ သတိဝိနည်းကို။ ဒါတဗ္ဗော၊ အမူဠှဝိနယော၊ အမူဠှဝိနည်းကို။ ဒါတဗ္ဗော (၃)၊ ပဋိညာယ၊ ဝန်ခံခြင်းဖြင့်။ ကာရေတဗ္ဗံ၊ ပြုစေအပ်၏ (၁)၊ ယေဘုယျသိကာ၊ ယေဘုယျသိကာဝိနည်းကံကို။ ကာတဗ္ဗာ၊ ပြုအပ်၏။ တဿပါပိယသိကာ၊ တဿပါပိယသိကာ ဝိနည်းကံကို။ ကာတဗ္ဗာ၊ တိဏဝတ္ထာရကော၊ တိဏဝတ္ထာရကဝိနည်းကံကို။ ကာတဗ္ဗော။ (၃)။

**အဓိကရဏ်းလေးပါး**။ ။သမထဖြင့် ငြိမ်းစေအပ်သော သဘောတရားသည် အဓိကရဏ မည်၏။ ဝိဝါဒ၊ အနုဝါဒ၊ အာပတ္တိ၊ ကိစ္စ—ဟု လေးပါးပြား၏။ ထိုတွင် ဓမ္မ၊ အဓမ္မစသော ၁[illegible] ပါးသော အကြောင်းတို့ဖြင့် ရဟန်းတို့၏ ငြင်းခုံခြင်းသည် ဝိဝါဒါဓိကရဏ်း မည်၏။ (လူတို့ပစ္စည်းအတွက် ငြင်းခုံခြင်းကား ဝိဝါဒ သာမည်သည်၊ [illegible] စရာမဟုတ်သောကြောင့် အဓိကရဏ မမည်။) သီလဝိပတ္တိ၊ [illegible]

စသော ဝိပတ္တိ လေးပါးဖြင့် စွပ်စွဲခြင်းသည် အနုဝါဒါဓိကရဏ်း မည်၏။ အာပတ်ခုနစ်ပါးသည် အာပတ္တာဓိကရဏ်း မည်၏။ (မာတိကာ၌ ငါးပါးဝိဘင်း၌ နှစ်ပါး ဖော်နိုင်ရမည်။) အလေးလေးကနက်၊ ဥတ္တိကံ၄သော ကံလေးပါးပြု ပြုခြင်းသည် ကိစ္စာဓိကရဏ်း မည်၏။

ဓမ္မာဓမ္မ၊ ငြင်းခုံကြ၊ ဝါဒဓိကရဏ်း။
ဝိပတ္တိလေးခု၊ စွပ်စွဲပြု၊ နုဝါဓိကရဏ်း။
ခုနစ်ပါးသာ၊ အာပတ္တာ၊ ပတ္တာဓိကရဏ်း။
အပလောကာ၊ ကံလေးဖြာ၊ ကိစ္စာဓိကရဏ်း။

သမထ။ ။အဓိကရဏ်းတို့၏ ငြိမ်းကြောင်း သဘောတရားသည် သမထ မည်၏။ ခုနစ်ပါးရှိ၏။ ထိုတွင် ဝိဝါဒါဓိကရဏ်းသည် သမ္မုခါဝိနည်း၊ ယေဘုယျသိက ဝိနည်း ဟူသော သမထနှစ်ပါးဖြင့် ငြိမ်း၏။ (ဝါ၊ သမ္မုခါသပါးဖြင့် လည်းကောင်း၊ သမ္မုခါ၊ ယေဘု – နှစ်ပါး ဖြင့်သည်းကောင်း ငြိမ်း၏။) အနုဝါဒါဓိကရဏ်းသည် သမ္မုခါ၊ သတိ၊ အမူဠ၊ တဿပါပိယဟူသော သမထလေးပါးဖြင့် ငြိမ်း၏။ (ဝါ၊ သမ္မုခါဖြင့် လည်းကောင်း၊ သမ္မုခါသတိ-နှစ်ပါးဖြင့်လည်းကောင်း၊ သမ္မုခါအမူဠ-နှစ် ပါးဖြင့်လည်းကောင်း၊ သမ္မုခါတဿပါပိ-နှစ်ပါးဖြင့်လည်းကောင်းငြိမ်း၏။) အာပတ္တာဓိကရဏ်းသည် သမ္မုခါ၊ပဋိညာတ ကရဏ၊ တိဏဝတ္ထာရက ဟူသော သမထ သုံးပါးဖြင့် ငြိမ်း၏။(ဝါ၊ သမ္မုခါပဋိညာ-နှစ်ပါးဖြင့် လည်းကောင်း၊ သမ္မုခါတိဏ နှစ်ပါးဖြင့်လည်းကောင်း ငြိမ်း၏။ သမ္မုခါသက်သက် ငြိမ်းမရှိ။) ကိစ္စာဓိကရဏ်းသည် သမ္မုခါဝိနည်း ဟူသော သမထ တပါးတည်းဖြင့်သာ ငြိမ်း၏။

မျခါ-ယေဘုံ၊ ဝိနည်းပြု၊ ငြိမ်းမှုဝိဝါဒါ။
မျခါ-သတိ-မူဠ-ပါပိ၊ ငြိမ်းဘိနုဝါဒါ။
မျခါ-ပဋိညာဉ်၊ တိဏ-ယှဉ်၊ ငြိမ်စင်အာပတ္တာ။
မျခါဖြင့်ချည်း၊ ကိစ္စပြီး၊ ငြိမ်းနည်းဤသို့လာ။

**ဝိဝါဒ ငြိမ်းနည်း။** ။ဝိဝါဒါဓိကရဏ်း ငြိမ်းဟန်ကား– အကြင်ကျောင်း၌ ဝိဝါဒါဓိကရဏ်း ဖြစ်အံ့။ ထို ကျောင်း၌သာလျှင် အာဝါသိကတို့ ဖြန်ဖြေသဖြင့်လည်းကောင်း၊ တပါးသော ဝိနည်းဓိုရ်ရောက် လာ၍ ဝိနည်းအတိုင်း ဆုံးဖြတ်သဖြင့်လည်းကောင်း ငြိမ်း၏။ မငြိမ်းလျှင် ငြိမ်း

စေခြင်းငှာ ကျောင်းတပါးသို့သွားစဉ် လမ်းခရီး၌ အချင်းချင်း ကျေအေး၍ လည်းကောင်း၊ ဝိနည်းဓိုရ်တွေ့၍ လည်းကောင်း ငြိမ်း၏။ မငြိမ်းလျှင် တပါးသော ကျောင်း၌ သံဃာထံ အပ်နှံ၍ ထိုကျောင်း၌ ထိုသံဃာ ဆုံးဖြတ်သဖြင့်လည်းကောင်း ငြိမ်း၏။ မငြိမ်းလျှင် ထိုကျောင်း၌ ဥဗ္ဗာဟိကာကံဖြင့် သမ္မုတိရသော ရဟန်းတို့ ဆုံးဖြတ်သဖြင့်လည်းကောင်း ငြိမ်း၏။ (ဥဗ္ဗာဟိကာဖြင့် သမ္မုတိမရသူ ဘာမျှ ဝင်မပြောရ ဟူလို။) ထိုသို့ လေးဌာန ငြိမ်းရာ၌ သံဃ သမ္မုခတာ၊ ဓမ္မ သမ္မုခတာ၊ ဝိနယ သမ္မုခတာ၊ ပုဂ္ဂလ သမ္မုခတာသည် သမ္မုခါ ဝိနည်းမည်၏။ ဤကား သမ္မုခါဝိနည်းသက်သက်ဖြင့် ငြိမ်းပုံတည်း။

ဤ၌ ငြိမ်းစေခြင်းငှာ စည်းဝေးသော ကာရကသံဃာတို့ ညီညွတ်စွာ မျက်မှောက်ရောက်ခြင်းသည် သံဃသမ္မုခတာ မည်၏။ (ဆန္ဒထိုက်သူ ဆန္ဒဆောင်မှု၊ မျက်မှောက်တားသူလည်း မရှိမှု ဟူလို။) ငြိမ်းစေအပ်သော ဝတ္ထု၏ မှန်ကန်ခြင်းသည် ဓမ္မ သမ္မုခတာ။ ငြိမ်းကြောင်း ဘုရားဟော ဒေသိ အရင်သည် ဝိနယ သမ္မုခတာ။ ငြင်းခုံသူနှစ်ယောက် မျက်မှောက်ရောက်ခြင်းသည် ပုဂ္ဂလ သမ္မုခတာ မည်၏။ ဥဗ္ဗာဟိက သမ္မုတိ ရသူတို့ ငြိမ်းစေရာ၌ သံဃသမ္မုခတာ ယုတ်၏။

ဤနည်းဖြင့် မငြိမ်းလျှင် သမ္မုတိရသော ရဟန်းတို့သည် ငါတို့ မတတ်နိုင်ဟု သံဃာထံ ပြန်၍ အပ်နှံရသည်။ သံဃာသည် အင်္ဂါငါးပါးရှိသော ရဟန်းကို စာရေးတံပေးသော ရဟန်းဟု သမုတ်အပ်၏။ (အဂတိ လေးပါး မလိုက်၊ ယူအပ် မယူအပ်သိ အင်္ဂါငါးပါး။) စာရေးတံပေးသော ရဟန်းသည် အလဇ္ဇီများရာ၌ လျှို့ဝှက်၍ ယူစေသော ဂူဠက စာရေးတံကို။ လဇ္ဇီများရာ၌ လွတ်လွတ်ယူစေသော ဝိဝဋက စာရေးတံကို။ ဗာလများရာ၌ တိုးတိုးပြော၍ ယူစေသော ကဏ္ဏဇပ္ပက စာရေးတံကို ပေး၍ ဓမ္မဝါဒီ များအောင် ပြုရသည်။ စည်းဝေးသော ပရိသတ်၌ ဓမ္မဝါဒီ များသောအခါ ဓမ္မဝါဒီတို့ ဆိုတိုင်း ဆုံးဖြတ်၍ ငြိမ်းစေရသည်။ ဤသို့လျှင် ဤအဓိကရဏ်းသည် သမ္မုခါဝိနည်း၊ ယေဘုယျဝိနည်း နှစ်ပါးဖြင့် ငြိမ်း၏။ ဓမ္မဝါဒီ မများမချင်း များအောင်ပြု၍ ဆုံးဖြတ်ခြင်းသည် ယေဘုယျသိက မည်၏။ ဤသို့လျှင် ဝိဝါဒသည် သမထ နှစ်ပါးဖြင့် ငြိမ်း၏။

**အနုဝါဒ ငြိမ်းနည်း။** ။အနုဝါဒငြိမ်းဟန်ကား စွပ်စွဲမှုဖြစ်အံ့၊ စောဒက စုဒိတက-နှစ်ဦးလုံး၏ စကားကို နားထောင်ပြီးလျှင်

အာပတ် တစုံတခုမျှအံ့၊ နှစ်ဦးလုံး သည်းခံစေ၍ ငြိမ်းစေအပ်၏။ အာပတ်ရှိအံ့၊ ဤမည်သောအာပတ်ဟုဆုံးဖြတ်၍ ငြိမ်းစေအပ်၏။ ဤကား သမ္မုခါဝိနည်းသက်သက်ဖြင့် ငြိမ်းပုံတည်း။ သမ္မုခါဝိနည်းလေးပါးကို ယခင်နည်းဖြင့် သိအပ်၏။

ရဟန္တာအား စွပ်စွဲမှု။ ။ရဟန္တာသည် အရင်းမရှိသော သီလဝိပတ္တိဖြင့် စွပ်စွဲခံရ၍ သံဃာအား-သတိဝိနည်းပေးပါ-ဟု တောင်းအံ့၊ ဉာတ္တိစတုတ္ထကံဖြင့် ပေးအပ်၏။ထိုအခါ အနုဝါဒါဓိကရုဏ်းသည် သမ္မုခါ သတိ နှစ်ပါးဖြင့် ငြိမ်း၏။ သတိဝိနည်း ပေးပြီးသည်နောက် ထိုပုဂ္ဂိုလ်၌ စွပ်စွဲမှုဟူသမျှ မရောက်။ ရဟန္တာဖြစ်သည်၊ သတိသမ္ပဇည ပြည့်စုံသည်။ အပြစ်မရှိ ဟူလို။

ဥမ္မတ္တက စွပ်စွဲမှု။ ။ဥမ္မတ္တကရဟန်းသည် ရူး၍ ပြုမိသောအမှုကြောင့် စောဒနာခံရသောအခါ "ရူး၍ ပြုမိပါသည်၊ မသိပါ" ဟု ဆိုသော်လည်း စောဒနာ ကုန်အံ့၊ နောင် စောဒနာမခံရအောင် အမူဠ္ဍ ဝိနည်း ပေးပါ-ဟု သံဃာအား တောင်းရသည်။ ဉာတ္တိစတုတ္ထကံဖြင့် ပေးအပ်၏။ ထိုအခါ သမ္မုခါ၊ အမူဠ္ဍ—နှစ်ပါးဖြင့် အနုဝါဒငြိမ်း၏။ ထိုနောက် ထိုပုဂ္ဂိုလ်၌ စွပ်စွဲမှုဟူသမျှ မရောက်။ စွပ်စွဲသော်လည်း အမှုမဖြစ်ပြီ။

ယုတ်မာသူအား စွပ်စွဲမှု။ ။ယုတ်မာသောရဟန်းသည် ပါရာဇိကဖြင့် လည်းကောင်း၊ ပါရာဇိကနှင့်နီးသောအာပတ်ဖြင့် လည်းကောင်း စွပ်စွဲခံရသောအခါ အပြစ်ကို ဖုံးလွှမ်းအံ့။ (ပဌမနှင့်အနီး ဒုက္ကဋ်၊ ကြွင်းသုံးပါးနှင့်အနီး ထုလ္လစ္စည်း။) သံဃာသည် ထိုရဟန်းအား "အရင်းမပြတ်လျှင် ကောင်းစွာကျင့်၍ ပြန်ဝင်နိုင် လတ္တံ့။ အရင်းပြတ်လျှင် အလိုလိုပျက်လတ္တံ့" ဟု ဉာတ္တိစတုတ္ထ ကမ္မဝါစာဖြင့် တဿပါပိယသိကာကံကို ပြုရသည်။ ထိုအခါ သမ္မုခါ၊ တဿပါပိယသိကာ-နှစ်ပါးဖြင့် အနုဝါဒ ငြိမ်း၏။ ဤသို့ အနုဝါဒသည် သမထလေးပါးဖြင့် ငြိမ်း၏။

အာပတ္တိငြိမ်းနည်း။ ။အာပတ္တိငြိမ်းဟန်ကား-သဟုကအာပတ်ရှိသော ရဟန်းသည် သံဃာထံ၊ ဂိုဏ်းထံ၊ ပုဂ္ဂိုလ်ထံ ဒေသနာကြားအံ့၊ သမ္မုခါ၊ ပဋိညာတကရဏ—နှစ်ပါးဖြင့် ထိုအာပတ်ငြိမ်း၏။ ဤ၌ အာမ ပဿာမိ ဟု ဒေသနာကြားသူ ဆိုခြင်းသည် ပဋိညာ မည်၏။ အာယတိံ သံဝရေယျာသိ ဟု ဒေသနာ ခံသူ ဆိုခြင်းသည် ပဋိညာတကရဏဝိနည်း မည်၏။သံဃာဒိသိသ်၌

ပရိဝါသ်၊ မာနတ်၊ အဗ္ဘာန် တောင်းခြင်းသည် ပဋိညာ။ သံဃာက-ကမ္မဝါ
စာ ဘတ်၍ ကံပြုပေးခြင်းသည် ပဋိညာတကရဏဝိနည်း မည်၏။ ဒေသနာကြား
သူ၊ ခံသူ နှစ်ဦး မျက်မှောက်ဖြစ်ခြင်းသည် ပုဂ္ဂလ သမ္မုခတာ မည်၏။ ဓမ္မ၊
ဝိနယ၊ သံဃသမ္မုခတာကို ရှေးနည်းဖြင့် သိအပ်၏။ ဂိုဏ်းကံ၊ ပုဂ္ဂိုလ်ထံ ဒေသ
နာကြားရာ၌ သံဃသမ္မုခတာ ယုတ်၏။ ပဋိညာတ ကရဏဝိနည်းကင်း၍ အာ
ပတ်ငြိမ်းခြင်း မရှိရကား-သမ္မုခါသက်သက်ဖြင့် ငြိမ်း၏။

**တိဏဝတ္ထာရကကံ။** ။ရဟန်းတို့သည် ငြင်းခုံ၍ နှစ်ပက္ခဖြစ်၍ အပြစ်များစွာ
ကျူးလွန်ပြီးမှ လဇ္ဇီသဘောသို့ ရောက်ကုန်အံ့။ "ငါတို့
သည် အချင်ချင်းအာပတ်ဖြင့် ဆုံးဖြတ်ကြလျှင် အဓိကရဏ်းကြီးကျယ်လာရာ၏"
ဟု အပြစ်မြင်ကုန်အံ့—တိဏဝတ္ထာရက ကံပြုရသည်။ ထိုအခါ သမ္မုခါ၊ တိဏ
ဝတ္ထာရက-နှစ်ပါးဖြင့် ထိုအာပတ်အားလုံးငြိမ်း၏။ (တိဏ-မြက်ဖြ[illegible]-ဝတ္ထာရက-
မစင်ကိုဖုံးသကဲ့သို့ အာပတ်ကို ဖုံးသောဝိနည်းကံဟူလို။) အာပတ်အားလုံးငြိမ်း၏
ဟုဆိုသော်လည်းတိဏဝတ္ထာရက ကံပြုရာသို့ ဟတ္ထပါသ်တွင်းရောက်လာ၍
"ဤကံကို ငါမနှစ်သက်"ဟု မမြွက်ဆိုသော ရဟန်းတို့အားသာ ထုလ္လဝဇ္ဇ၊
ဂိဟိပဋိ သံယုတ္တ အာပတ်ကြဉ်၍ ကြွင်းအာပတ် အားလုံးငြိမ်းသည်။ ဟတ္ထပါသ်
တွင်းရောက်လျှင် အာရုံတပါး နှလုံးသွင်းနေသူ အိပ်ပျော်နေသူ ဖြစ်စေကာမူ
ထိုအာပတ်အားလုံးမှ ငြိမ်း၏။ ဤသို့ အာပတ်သည် သမထသုံးပါးဖြင့်ငြိမ်း၏။

ထိုကံပြုပုံကား ရဟန်းအားလုံး တပေါင်းထည်း စည်းဝေးရသည်။ ဆန္ဒ
ဆောင်ခြင်းမရှိစေရ။ သံဃာအားလုံး သိစေသော ဉာတ်တကြိမ်၊ မိမိဘက်သား
တို့ကို သိစေသော[illegible]တ် တဘက် တကြိမ်စီ။ ဒေသနာကြား ဉာတ္တိ ဒုတိယ
ကမ္မဝါစာ တဘက်တကြိမ်စီ ရွတ်ဆိုရသည်။ ထိုအခါ ထိုအာပတ် အားလုံး
ငြိမ်း၏။ ပါရာဇိက၊ သံဃာဒိသိသ်သည် ထုလ္လဝဇ္ဇ မည်၏။ လူတို့ကို ရှုတ်ချခြင်း
ဓမ္မိက ပဋိညာ ချွတ်စေခြင်းတို့ကြောင့် သင့်သော အာပတ်သည် ဂိဟိပဋိ
သံယုတ္တ မည်၏။ ဤအာပတ် နှစ်မျိုး တိဏဖြင့် မငြိမ်း။

အချို့ကား "တောနေရဟန်းများအတွက် တပါးတည်း ဒေသနာ ကြားရှိ
သည်"ဟု ဆို၏။ တပါးတည်း၌ သမ္မုခါဝိနည်း တခုမျှမရှိ။ ဝိနည်းစကား
မဟုတ်၊ သာသနာ စကားမဟုတ်။ သာသနာမြောင်သော လောကီစကားသာ
ဖြစ်သည်။

ကိစ္စငြိမ်းနည်း။ ။ကိစ္စာဓိကရုဏ်း ငြိမ်းဟန်ကား ကံလေးပါးဟူသော ကိစ္စ ဖြစ်ပေါ်လာလျှင် သံဃ သမ္မုခတာစသော သမ္မုခါဝိ နည်း။ တပါးတည်းဖြင့် ပြီး၏။ ငြိမ်း၏။

ဤသို့လျှင် အဓိကရုဏ်း လေးပါးသည် သမထ ၇-ပါးဖြင့်ထိုက် သလို ငြိမ်း၏။

ဥဒ္ဒါန်းစမ်း။ ။အဓိကရုဏ်း လေးပါးလုံးအတွက် ဝိနည်းတပါး ဖော်ပါ။ ရဟန္တာအတွက် တပါး၊ ဥမ္မတ္တကအတွက် တပါး၊ ယုတ်မာသူ အတွက် တပါး၊ ဝိဝါဒအတွက် တပါး၊ အာပတ်အတွက် နှစ်ပါးဖော်ပါ။ ဝိဝါ-၂။ အနု-၄။ အာပတ်-၃။ ကိစ္စ-၁။ ပေါင်းတဆယ်လော၊ ခုနစ်လော ဖော်ပါ။

နိဂုံး၌ တတ္ထ၊ ထိုသမထ ခုနစ်ပါး၌ အာယသ္မန္တေ၊ ပုစ္ဆာမိ၊ ကစ္စိ၊ အသို နည်း။ ပရိသုဒ္ဓါ၊ စင်ကြယ်ကြကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏လော။ ဤသို့မေး ရာ၌ သမထဖြင့် ငြိမ်းဖွယ် တစုံတခု အာပတ်မရှိပြီလောဟု အာပတ်အား လုံးမှ စင်ကြယ်ခြင်းကို မေးသည်။

(အာပတ်အားလုံး ဆက်ဆံလျက် နိဒါန်း၌တကြိမ် ဤ၌တကြိမ် စိစစ်သည်။)

**အဓိကရဏ သမထပြီး၏။**

---

နိဂုံးကြီး။ ။အာယသ္မန္တော၊ တို့။ နိဒါနံ၊ ကို။ ဥဒ္ဒိဋ္ဌံခေါ၊ သရုပ် အားဖြင့် ပြအပ်ပြီးသည်သာတည်း။ စတ္တာရောပါရာဇိကာ၊ ဓမ္မာ၊ ဥဒ္ဒိဋ္ဌာ။ ။ လ ။ သတ္တ၊ အဓိကရဏသမထာ၊ ဓမ္မာ၊ ဥဒ္ဒိဋ္ဌာ။ ဧတ္တကံ၊ ဤမျှ အတိုင်းရှည်ရှိသော သိက္ခာပုဒ်သည်။ တဿဘဂဝတော၊ ၏။ သုတ္တာ ဂတံ၊ ပါတိမောက်၌လာ၏။ သုတ္တပရိယာပန္နံ၊ ပါတိမောက်၌ အကျုံး ဝင်၏။ အနွဒ္ဓမာသံ၊ လဝက်တိုင်း။ ဥဒ္ဒေသံ၊ အာဂစ္ဆတိ။ တတ္ထ၊ ထိုသိက္ခာပုဒ် (၂၂၇-ပါး)၌။ သဗ္ဗေဟေဝ၊ အလုံး စုံသော ရဟန်းတို့သည်သာလျှင်။ သမဂ္ဂေဟိ၊ ကိုယ်ဖြင့် ညီညွတ်ကုန်သည် ဖြစ်၍။ သမ္မောဒမာနေဟိ၊ စိတ်ဖြင့် ဝမ်းမြောက်ကုန်သည် ဖြစ်၍။

အဝိဝ ါဒမာနေဟိ၊ နှုတ်ဖြင့် ငြင်းခုံခြင်း မရှိကုန်သည် ဖြစ်၍။ (၁၀-ပါးဖြင့် မငြင်း ဟူလို။) သိက္ခိတဗ္ဗံ၊ အဓိသီလသိက္ခာကို ဖြည့်ကျင့်အပ်၏။ (သာဇီဝ သိက္ခာပုဒ်ကို မလွန်ကျူးခြင်းဖြင့် အဓိသီလ သိက္ခာကို ဖြည့်ရသည်။) ဣတိ၊ ဤသို့သော စကားစဉ်ဖြင့်။ ပဥ္စမော၊ ငါးခုတို့၏ ပြည့်ကြောင်း ဖြစ်သော။ ဝိတ္ထာရုဒ္ဒေသော၊ အကျယ် ပါတိမောက် ပြခြင်းသည်။ သမတ္တော၊ ပြီးပြီ။

ဝိတ္ထာ ရုဒ္ဒေသ ပြီး၏။

---

ဤဘိက္ခု ပါတိမောက်၌ ပါရာဇိက (၄)။ သံဃာဒိသိသ် (၁၃)။ အနိယတ(၂)။ နိဿဂ္ဂိပါစိတ် (၃၀)။ သုဒ္ဓပါစိတ် (၉၂)။ ပါဋိဒေသနီ (၄)။ သေခိယ (၇၅)။ သမထ (၇)=ပေါင်း (၂၂၇)။ သမထဖယ်လျှင် သိက္ခာပုဒ် (၂၂၀)။ ဝါ၊ အာပတ် (၂၂၀) ဖြစ်၏။ အမည်အားဖြင့် ပါရာဇိက၊ သံဃာဒိသိသ်။ ပါစိတ်။ ပါဋိဒေသနီ။ ဒုက္ကဋ်ဟု ငါးမျိုး။ ပါတိမောက်ဖွင့်ရာ ဝိဘင်း၌ ထုလ္လစ္စည်း။ ဒုဗ္ဘာသိတ နှစ်မျိုး ဤခုနစ်မျိုးကို ပါ၊ သံ၊ ထုလ်၊ ပါ၊ ပါ၊ ဒုက်၊ ဒုဗ်-ဟု အကျဉ်း အာပတ် ခုနစ်ပုံ မှတ်ဖွယ်ကို မိန့်ဆိုကုန်၏။ ၄၆- မဆက်ဆံ။ ၁၇၄-ဆက်ဆံ၏။ သမထ-၇ လည်း ဆက်၏။

ဘိက္ခုဝိဘင်းအရသာ ပြီး၏။

# ဘိက္ခုနီဝိဘင်းအရသာ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## နိဒါန်း

**ဥပုသ်ညာတ်။** ။အယျေ၊ အရှင်မတို့။ သံဃော၊ ဘိက္ခုနီသံဃာသည်။ မေ၊ အကျွန်ုပ်၏။ ဝစနံ၊ စကားကို။ သုဏာတု၊ နာတော်မူလော့။ အဇ္ဇ၊ ဥပေါသထော၊ ပန္နရသော၊ (စာတုဒ္ဒသော) သံဃဿ၊ ဘိက္ခုနီသံဃာအား။ ပတ္တကလ္လံ၊ လျောက်ပတ်သောအခါ ရှိသော အင်္ဂါလေးတန် ဥပုသ်ကံသည်။ ယဒိသိယာ။ ဧဝံသတိ။ သံဃော၊ ဘိက္ခုနီသံဃာသည်။ ဥပေါသထံ။ ကရေယျ။ ပါတိမောက္ခံ၊ အာဏာပါတိမောက်ကို။ ဥဒ္ဒိသေယျ၊ ပြရာ၏။

ဤညတ်ကို အစပြု၍ အလုံးစုံသော နိဒါနုဒ္ဒေသသည်လည်းကောင်း။ သမ္မဇ္ဇနီ ပဒီပေါစ အစရှိသော အဋ္ဌကထာစကားတို့သည် လည်းကောင်း အနက်အဓိပ္ပာယ်အားဖြင့် မထူးကုန်။ အယျာ၊ အယျေ၊ အယျာယော စသည်ဖြင့် ဣတ္ထိလိင်နှင့် သဒ္ဒါတို့သာ ထူးကုန်၏။

နိဒါန်း ပြီး၏။

# ပါရာဇိက

တတြဲ၊ ထိုပါတိမောက်၌။ အင္ဓ၊ ရှစ်ပါးကုန်သော။ ပါရာဇိကာ။ ဓမ္မာ။ ဥဒ္ဒေသံ။ အာဂစ္ဆန္တိ။

**မေထုန်**။ ။ယာ ပန ဘိက္ခုနီ၊ အကြင်ဘိက္ခုနီမသည်။ဆန္ဒသော၊ ဆန္ဒထန်ပြင်း နှစ်သက်ခြင်းဖြင့်။ မေထုန်ဓမ္မံ၊ မေထုန်အကျင့်ကို။ပဋိသေဝေယျ၊ မှိဝဲငြားအံ့၊ အန္တမသော၊ အယုတ်ဆုံးအားဖြင့်၊ တိရစ္ဆာ န ဂတေနာပိ၊ တိရစ္ဆာန်နှင့်သော်လည်း။ ပဋိသေဝေယျ။ အယံ၊ ဤ ဘိက္ခုနီမသည်။ ပါရာဇိကာ၊ ပါရာဇိက အာပတ်သို့ ရောက်သည်။ ဟောတိ။ အသံဝါသာ၊ အတူ ပေါင်းဖော်ခြင်း မရှိသော သူသည်။ ဟောတိ။

**အဓိပ္ပာယ်**။ ။ဟေဘိက္ခုနီ စသည်တို့တွင် ဉာတ္တိစတုတ္ထကံဖြင့် ရဟန်းဖြစ်သော ဘိက္ခုနီသည်၊ ဝါ-အဋ္ဌဝါစိကာ ဥပသမ္ပဒါ ဘိက္ခုနီသည် ဤ၌ဘိက္ခုနီ မည်၏။ (ဧဟိဘိက္ခုနီ မရှိသော်လည်း ဒေသနာ သောတပတိတ ဒေသနာအယဉ်ကျခြင်းအားဖြင့် ပါဠိတော်၌ ဟောသည်။) ဘိက္ခုနီအား သိက္ခာချခြင်းမည်သည် မရှိသောကြောင့် ဘိက္ခုနီနံ သိက္ခာသာ ဇီဝ သမာပန္နာ စသည်ဖြင့် မဟောပဲ ယာ ပန ဘိက္ခုနီ ဆန္ဒသော မေထုနံ ဓမ္မံ ပဋိသေဝေယျ ဟု ဟောသည်။ မေထုနရာဂနှင့်စပ်သော ဆန္ဒသည် ရှိသည် ဆန္ဒ မည်၏။ အနိုင်အထက် ဖျက်ဆီးခံရသော ဘိက္ခုနီအား ဆန္ဒ မရှိလျှင် အာပတ်မသင့်။ အပြည့်အစုံ ရဟန်းပြုခြင်း ရှိသော ဘိက္ခုနီသည်။ လူ၊ နတ်၊ တိရစ္ဆာန်အားဖြင့် ယောကျာ်း သုံးယောက်၊ ဥဘတော ဗျည်းသုံးယောက်၊ ပဏ္ဍုက် သုံးယောက်တို့တွင် သက်ရှိ၊ သက်မဲ့ တယောက်ယောက်၏ အဝတ် ပတ်၊ မပတ်သော အင်္ဂါဇာတ်ကို မိမိ၏ မဂ်သုံးပါး တပါးပါး၌ အဝတ် ခံ၍လည်းကောင်း၊ မခံမူ၍လည်းကောင်း ပကတိ လေမထိသော စိုစွတ်သော အရပ်၌ အယုတ်ဆုံး နှမ်းစေ့ ခန့်မျှသို့ ဆန္ဒရာဂဖြင့် သွင်းအံ့၊ သူတပါးသွင်း

လျှင် သွင်းဆဲ၊ ဝင်ဆဲ၊ တည်ဆဲ နုတ်ဆဲ တခုခု သာယာအံ့၊ ပါရာဇိကသို့ ရောက်၏။တမတ်တန် ခိုးသော ပါရာဇိက၊ လူသတ်သော ပါရာဇိက၊ ဈာန် မဂ်ဖိုလ် ဝါကြွားသော ပါရာဇိကတို့၌လည်း ဆိုပြီးသောနည်းဖြင့် သိအပ်၏။ နောက်၌ အသာခေချာတို့ကိုသာ ဆိုပေအံ့။

၁။သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ အကြင် ဘိက္ခုနီမသည်။ အဝဿုတာ၊ ကာယသံသဂ္ဂရာဂဖြင့် စွတ်သည်ဖြစ်၍။ အဓက္ခကံ၊ ညှပ်ရိုးနှစ်ဖက်အောက်၌။ ဥဗ္ဘဇာဏုမဏ္ဍလံ၊ ဒူးဝန်းနှစ်ဖက်+အထက်၌။ အဝဿုတဿ၊ ကာယသံသဂ္ဂရာဂဖြင့် စွတ်သော။ ပုရိသပုဂ္ဂလဿ၊ လူယောကျ်ား၏။ အာမသနံ ဝါ၊ မရွေ့မူ၍ သုံးသပ်ခြင်းကိုလည်းကောင်း။ ပရာမသနံ ဝါ၊ ရွေ့၍ သုံးသပ်ခြင်းကိုလည်းကောင်း။ ဂဟဏံ ဝါ၊ ကိုင်ခြင်းကိုလည်းကောင်း။ ဆုပနံ ဝါ၊ တို့ခြင်းကိုလည်း ကောင်း။ ပဋိပီဠနံ ဝါ၊ ကိုင်ဘွဲ့ ဖိညှစ်ခြင်းကိုလည်းကောင်း။ သာဒိယေယျ၊ သာယာငြားအံ့။ အယမ္ပိ၊ဤဘိက္ခုနီမသည်လည်း။ ဥဗ္ဘဇာဏုမဏ္ဍလိကာ၊ ဥဗ္ဘ-ဇာဏု မဏ္ဍလိကာ အမည်ရသည်ဖြစ်၍။ ပါရာဇိကာ၊ ပါရာဇိက အာပတ်သို့ရောက်သည်။ ဟောတိ။ အသံဝါသာ။ အတူပေါင်းဖော်ခြင်း မရှိသောသူသည်။ ဟောတိ။

**အဓိပ္ပာယ်။** ။ကာယသံသဂ္ဂရာဂဖြင့် ဘပ်စွဲစွန်းငြိသော ဘိက္ခုနီသည် အဝဿုတာ မည်၏။ ဘိက္ခုနီ၏ ညှပ်ရိုးအောက်သည် အဓက္ခက မည်၏။ (အဓော+အက္ခက။) ဘိက္ခုနီ၏ ဒူးဝန်း အထက်သည်။ ဥဗ္ဘ-ဇာဏု မဏ္ဍလ မည်၏။ (ဥဒ္ဓံ+ဇာဏုမဏ္ဍလ။) တတောင်ဆစ် အထက်ကိုလည်း ဒူးဝန်းအထက်၌ ထည့်သွင်းရသည်။ (ဤညှပ်ရိုးအောက်၊ ဒူးဝန်းအထက်သည် ပါရာဇိက ခေတ်လည်း မည်၏။) ကိုယ်လက် နှီးနှောခြင်း၌ နှစ်သက်သော လူယောကျ်ားသည် ပုရိသပုဂ္ဂလ မည်၏။ထိသောနေရာ၌ မပြောင်းမရွေ့ ညှိုး ပန်းခြင်းသည် အာမသန။ ထိုထို ဤဤ ပြောင်းရွေ့ခြင်းသည် ပရာမသန။ ကိုင်ချုံမျှသည် ဂဟဏ။ မညှိုးပန်းမူ၍ ထိရုံမျှသည် ဆုပန။ ဆံကြိုးငယ် ဖမ်းယူ၍ ဖိနယ် ညှစ်ဆက် နှိပ်စက်ခြင်းသည် ပဋိပီဠန မည်၏။ ဓိဓိ၏ ညှပ်ရိုး အောက် ဒူးအထက် တတောင်ဆစ်အထက်၌ (ပါ-ပါရာဇိက ခေတ်၌) လူ ယောကျ်ား၏ သုံးသပ်ခြင်း စသည်ကို သာယာခြင်းသည် သာဒိယေယျ မည်၏။ ဓိဓိကိုယ်တိုင် ထိုပါရာဇိက ခေတ် အရပ်ဖြင့် လူယောကျ်ား၏ ကိုယ် [illegible] ကို သာယာလျက် ထိခြင်းသည်လည်း သာဒိယေယျ မည်၏။ [illegible]

ဘိက္ခုနီသည် ဥဗ္ဗ-ဇာဏု မဏ္ဍလိကာ မည်၏။ ပါရာဇိကသို့ ရောက်၏။ (ဥဗ္ဗ-ဇာဏု မဏ္ဍလိကာသည် ပါရာဇိကာ၏ အမည်မျှတည်း။ ဟူ၍ဆိုလျှင်လည်း အတူတူ ပင်တည်း။) ညှပ်ရိုးအောက် ဒူးအထက် လူယောကျ်ား ကိုင်သည်ကို သာယာလျှင် ဘိက္ခုနီ—အသက်ထွက်၏။ ဦးခေါင်းပြတ်သူ အသက်မရှူပြီ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ သုန္ဒရီနန္ဒာ ဘိက္ခုနီမကို အကြောင်းပြု၍ ကိုယ်သက် နီးနှောခြင်းသို့ ရောက်ခြင်းကြောင့် ပညတ်၏။

အသာဓာရဏ၊ အနာဏတ္တိက။ (အသာဓာရဏချည်းသာ ဖြစ်၍ နှောင်မဆိုတော့ပြီ။ အနာဏတ္တိကကိုလည်း မဆိုပဲ သာဏတ္တိက၌သာ ဆိုပေအံ့၊) လူယောကျ်ားအား ကာယသံသဂ္ဂရာဂ မရှိပဲ ဘိက္ခုနီတဦးထည်းအားသာထို ရာဂရှိ၍ မိမိ၏ ပါရာဇိက ခေတ်ဖြင့် ယောကျ်ား၏ကိုယ်ကို သုံးသပ်အံ့၊ နှစ်ဦး လုံး ရာဂစွဲသော်သည်း ကာယဖြင့် ကာယပဋိဗဒ္ဓကို၊ ကာယပဋိဗဒ္ဓဖြင့် ကာယကို သုံးသပ်အံ့၊ ပါရာဇိက ခေတ်မဟုတ်သော ကာယဖြင့် ပုရိသ၏ ကာယကို သုံးသပ်အံ့၊ ဘီလူး၊ နတ်၊ ပြိတ္တာ၊ ပဏ္ဍုက်၊ လူအသွင်ရှိသော တိရစ္ဆာန်တို့၏ ကာယကို နှင်ဦးလုံးရာဂစွဲလျက် ပါရာဇိက ခေတ်ဖြင့် သုံးသပ်အံ့၊ ထုလ္လစ္စည်း။ ပါရာဇိကခေတ်မှ ကြွင်သော ကာယပဋိဗဒ္ဓဖြင့် ကာယပဋိဗဒ္ဓစသော ဝါရတို့၌ ဒုက္ကဋ်၊ မေထုနရာဂစိတ် ရှိအံ့၊ ဂေဟသိတပေမစိတ် ရှိအံ့၊ ဝါရ အားလုံး၌ ဒုက္ကဋ်။ စေတနာမရှိပဲ ချွတ်ချော်၍ သုံးသပ်မိအံ့၊ အာရုံတပါး စိတ်ဝင်စား၍ သတိမထားမိအံ့၊ ယောကျ်ား၊ ပိန်းမဟု မသိအံ့။ အထိခံရသော်လည်း မသာယာအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ အင်္ဂါသမုဋ္ဌာန်စသည် ဘိက္ခု သံဃာဒိသိသ် ကာယသံသဂ္ဂနှင့် တူ၏။

**ဝဇ္ဇ။** ။သာဝတ္ထိ၊ ဇေတဝန်။ မိဂါရ သင်္ဌေး၏ မြေး မောင်သာဠှသည်။ (ဝါ-မိဂါရ၏ မိခင် ဝိသာခါ။ ထိုဝိသာခါ၏ မြေး မောင်သာဠှသည်) ဘိက္ခုနီ သံဃာအတွက် ကျောင်းဆောက်၏။ ထိုအခါ နန္ဒာ၊ နန္ဒာဝတီ၊ သုန္ဒရီနန္ဒာ၊ ထုလ္လနန္ဒာဟူသော ညီအစ်မ လေးယောက်သည် ဘိက္ခုနီတို့ထံ ရဟန်းပြုကာ နေကုန်၏။ သုန္ဒရီနန္ဒာသည် အရွယ်အဆင်းရှိ၏။ ဥာဏ် စိတ်ကူး လုံ့လရှိ၏။ မောင်သာဠှ၏ကျောင်းကို သံဃာအမိန့်ဖြင့် မပြတ်စီမံရ၏။ တနေ့၌ မောင်သာဠှသည် သုန္ဒရီနန္ဒာ အမှူးထား၍ ဘိက္ခုနီသံဃာအား ဆွမ်းကျွေးရန် ပင့်ပြီးလျှင် နေရာသုံးဌာန ခင်းထား၏။ သီတင်းကြီးများအား တဌာန။ သီတင်းငယ်များအား တဌာန။ သုန္ဒရီနန္ဒာအား ဆိတ်ကွယ်ရာ၌ တဌာနဖြစ်၏။ အချိန်ရောက်သောအခါ ဆွမ်းစားရာသို့ သုန္ဒရီသည် မလိုက်ပဲနေခဲ့

၏။ မေးသောအခါ နေထိုင်မကောင်းဟုသိ၍ မောင်သာဋ္ဌသည် ဆွမ်းကျွေး တာဝန်ကို လူတို့အား ခိုင်းစေ၍ ကျောင်းသို့သွား၏။ သုန္ဒရီသည် မောင်သာဋ္ဌ လာသည်ကို မြင်လျှင် ကျောင်းတွင်းဝင်၍ ဦးခေါင်းခြုံလျက် ညောင်စောင်း တွင်လျောင်းစက်ကာနေ၏။

အရှင်မ' အဘယ်ရောဂါ နှိပ်စက်ပါသနည်း။ အလိုမရှိသူကို အလိုရှိမိသော ရောဂါနှိပ်စက်သည်ဟု ဆို၏။ အကျွန်ုပ်က အလိုမရှိဘူးတဲ့လား၊ အခွင့်မရလို့ ပါဟု ဆိုပြီးလျှင် ကိုယ်လက်သုံးသပ်၏။ နီးမဝေးတွင် ခြေနာ၍ လျောင်း နေသော ဘိက္ခုနီမ အိုကြီးသည် မြင်၍ကဲ့ရဲ့၏။ ဘိက္ခုနီတို့လည်း နောက်၌ သိ၍ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၂ သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဇာနံ—ဇာနန္တီ၊ သိလျက်။ ပါရာဇိကံ ဓမ္မံ၊ ပါရာဇိက အာပတ်သို့။ အဇ္ဈာပန္နံ၊ ရောက်သော။ ဘိက္ခုနိံ၊ ကို၊ အတ္တနာ၊ မိမိကိုယ်တိုင်။ နေဝ ပဋိစောဒေယျ၊ မစော ဒနာ ငြားအံ့။ ဂဏဿ၊ ဘိက္ခုနီမ အပေါင်းအား။ န အာရောစေယျ၊ မပြောကြားငြားအံ့။ ယဒါ စ၊အကြင်အခါ၌ကား။ သာ၊ ထိုပါရာဇိ ကသို့ ရောက်သောဘိက္ခုနီမသည်။ ဌိတာ ဝါ၊ ဘိက္ခုနီမ အသင်း၌ တည်သည်လည်း။ အဿ၊ ဖြစ်ရာ၏။ စုတာ ဝါ၊ သေသည်လည်း။ အဿ။ န သိတာ ဝါ၊ အသင်း ဖျက်ဆီးအပ်သည်လည်း။ အဿ။ အ ဝဿဋ္ဌာ ဝါ၊ တိတ္ထိကျောင်းသို့ ပြောင်းသွားသည်လည်း။ အဿ။ သာ၊ ထို (မစော၊ မပြောပဲ) ဖုံးလွှမ်းသော ဘိက္ခုနီမသည်။ ပစ္ဆာ။ နောက်၌။ ဧဝံ။ ဝဒေယျ၊ ဆိုငြားအံ့။ "အယျေ၊ ရှင်မတို့။ အဟံ၊ ငါသည်။ ပုဗ္ဗေဝ၊ ရှေးကတည်းကပင်လျှင်။ ဧတံ၊ ဘိက္ခုနိံ၊ ကို။ 'သာ ဘဂိနီ၊ ထိုညီမသည်၊ဧဝရူပါ စ၊ဤသို့ သဘောလည်း ရှိ၏။ ဧဝရူပါ စ၊ ရှိ၏။' ဣတိ။ အညာသိံ၊ သိပြီးပြီ။ ခေါ၊ ထိုသို့ပင် သိသော်လည်း။အတ္တနာ၊ မိမိကိုယ်တိုင်။ နော စ ပဋိစောဒေသိံ၊ မစောဒနာပြီ။ ဂဏဿ။ န အာရောစေသိံ၊ မပြောကြားပြီ" ဣတိ။ ဝဒေယျ။ အယမ္ပိ၊ ဤဘိက္ခု နီမသည်လည်း။ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ဝဇ္ဇပဋိစ္ဆာဒိကာ အမည်ရသည်ဖြစ် ၍။ ပါရာဇိကာ။ ဟောတိ။ အသံဝါသာ။ ဟောတိ။

**အဓိပ္ပာယ်။** ။ပါရာဇိကရှစ်ပါး တပါးပါးသို့ရောက်သော ဘိက္ခုနီသည် အဇ္ဈာပန္နာ မည်၏။ (ဤသိက္ခာပုဒ်ကို နောက်ဆုံးမှ ပညတ်

သော်လည်း ယခင်သိက္ခာပုဒ်နှင့် အစုံပြု၍ ဤ၌ထားသည်။) တပါးသော ဘိက္ခုနီတို့သည် ဂဏမည်ကုန်၏။ ဘိက္ခုနီအသွင်၌ တည်ဆဲသည် ဌိတာ။ သေလျှင် စုတာ။ အသွင်ဖျက်၍ လူထွက်လျှင်၊ ဝါ၊ သူတပါးက ဖျက်လျှင် နာသိတာ။ တိတ္ထိကျောင်း ရွှေပြောင်းလျှင် အဝဿဋ္ဌာ မည်၏။ ပဗ္ဗဝါ ဟံ အယျေ—စသော စကားဖြင့် ဖွင့်ပြောသောကာလကို ပြ၏။ ဖွင့်ပြောသော်လည်း ထိုဘိက္ခုနီ၏ပါရာဇိကသို့ ရောက်ခြင်းကို သိလျက် တစုံတယောက်အား မပြောကြားအံ့ဟု ဝန်ချကာမျှ၌ ဤဘိက္ခုနီသည် အပြစ်ဖုံးခြင်းကြောင့် ဝဇ္ဇပဋိစ္ဆာဒိကာ မည်၏။ ဝါ၊ ဝဇ္ဇပဋိစ္ဆာဒိကာမည်သော ပါရာဇိကသို့ ရောက်၏။ ပါရာဇိကအပြစ် ဖုံးလျှင် ဘိက္ခုနီ အသက်ထွက်၏။ ရှက်ဟောင်းကြွေ-မစိမ်းပြီ။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ-ကိုယ်တိုင် မစောဒနာခြင်း၊ ဂဏအား မပြောကြားခြင်းကြောင့် ပညတ်၏။ အကြွင်းကို သပ္ပါဏကဝဂ် ဒုဋ္ဌုလ္လာပတ္တိ ပဋိစ္ဆာဒန အတိုင်းသိအပ်၏။ ပါစိတ်နှင့်ပါရာဇိကသာ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မသုန္ဒရီနန္ဒာသည် မောင်သာဠှနှင့်ထင်ရှားသောအခါ လူထွက်၍ မီးဖွား၏။ ဘိက္ခုနီတို့သည် ရှင်မထုလ္လနန္ဒာကို အရှင်မသုန္ဒရီနန္ဒာ လူထွက်သည်မှာ မကြာသေးပဲ မီးဖွားပြီ။ မထွက်မီ ကိုယ်ဝန်ရှိသလော၊ အေး....ဟုတ်သည်။ အဘယ်ကြောင့် သိလျက် စောဒနာခြင်း၊ ဂဏအား ပြောကြားခြင်း မပြုသနည်း။ မိမိ၏ အကျိုးမဲ့ကို အသို့ ပြောနိုင်အံ့နည်း—ဟု ဆို၏။ အပြစ်ကြီးကို ဖုံးလွှမ်းသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

။

၃ သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ သမဂ္ဂေန၊ ညီညွတ်သော သံဃေန၊ သည်။ ဓမ္မေန၊ ဟုတ်မှန်သောဝတ္ထုဖြင့်။ ဝိနယေန၊ စောဒနာ သာရဏာဝိနည်းဖြင့်။ သတ္ထုသာသနေန၊ ဘုရားရှင်၏ သာသနာဉာတ်ကမ္မဝါစာဖြင့်။ ဥက္ခိတ္တံ၊ နှင်ထုတ်အပ်သော။ (ဥက္ခိတ္တကကံ ပြုအပ်သော ဟူလို။) အနာဒရံ၊ ရိုသေခြင်းမရှိသော။ အပ္ပဋိကာရံ၊ ကုစားခြင်းမရှိသော။ (မသွင်းအပ်သော ဟူလို) အကတသဟာယံ၊ အပေါင်း အဖော်မပြုအပ်သော။ တံ ဘိက္ခုံ၊ ထိုရဟန်းသို့။ အနုဝတ္တေယျ၊ အတု လိုက်ငြားအံ့။ သာ ဘိက္ခုနီ....ကို။ ဘိက္ခုနီဟိ၊ မြင်ကုန် ကြားကုန်

သော ဘိက္ခုနီမတို့သည်။ ဇာံ။ ဝဇ္ဇနီယာ၊ ဆိုအပ်သည်။ အဿ— ဟောတိ။ "အယျေ၊ ရှင်မ။ ဧသော ခေါ ဘိက္ခု၊ သည်။ သမဂ္ဂေန သံဃေန။ ဓမ္မေန၊ ဝိနယေန။ သတ္ထုသာသနေန။ ဥက္ခိတ္တော၊ နှင်ထုတ် အပ်သူဖြစ်၏။ အနာဒရော၊ ရိုသေခြင်းမရှိသူဖြစ်၏။ အပ္ပဋိကာရော၊ ကုစားခြင်းမရှိသူဖြစ်၏။ အကတ သဟာယော၊ အပေါင်းအဖော် မပြုအပ်သူဖြစ်၏။ အယျေ၊ ရှင်မ။ မာ ဘိက္ခုံ၊ သို့။ မာ အနုဝတ္တိ၊ အတုမလိုက်ပါလင့်"။ ဣတိ ဧဝံ။ ဝဇ္ဇနီယာ။ အဿ။ ဧဝဥ္စ။ သာ ဘိက္ခုနီ။ ဘိက္ခုနီဟိ။ ဝုစ္စမာနာ။ တထေဝ။ ပဂ္ဂဏှေယျ။ သာ ဘိက္ခုနီ။ ဘိက္ခုနီဟိ။ တဿ၊ ထို (ဥက္ခိတ္တကသို့ အတုလိုက်သော) အယူဝါဒကို။ ပဋိနိဿဂ္ဂါယ။ ယာဝတတိယံ။ သမနု ဘာသိတဗ္ဗာ။ ယာဝတတိယံ၊ သမနု ဘာသီယမာနာ၊ တံ၊ ထိုအယူဝါဒကို။ စေ ပဋိနိဿဇ္ဇေယျ။ ဣစ္စေတံ။ ကုသလံ။ နော စေ ပဋိနိဿဇ္ဇေယျ။ အယမ္ပိ၊ ဤ ဘိက္ခုနီမ သည်လည်း။ ဥက္ခိတ္တာ နုဝတ္တိကာ၊ ဥက္ခိတ္တာ နုဝတ္တိကာ အမည်ရ သည်ဖြစ်၍။ ပါရာဇိကာ။ ဟောတိ။ အသံဝါသာ။ ဟောတိ။

**အဓိပ္ပာယ်။** ။တူသော ပေါင်းဖော်ခြင်းရှိ၍ သိမ်တူနေသော ရဟန်းအပေါင်း သည် သမဂ္ဂသံဃ မည်၏။ ဟုတ်မှန်သောဝတ္ထုသည် ဓမ္မ....။ ရှေးဦးစွာ စောဒနာခြင်း၊ သတိပေးခြင်းသည် ဝိနယ....။ ထို့နောက် ဉာတ် ကမ္မဝါစာ ဖတ်ခြင်းသည်—သတ္ထုသာသန မည်၏။ မစွန့်၊ မကုစား ပြစ်မရှု ကြောင့် ဥက္ခိတ္တက ကံ အပြုခံရသော ရဟန်းသည် ဥက္ခိတ္တမည်၏။ ထိုဥက္ခိတ္တ ရဟန်းသည်ပင်လျှင် ကံပြုသော သံဃ ဂဏ ပုဂ္ဂလ၌လည်းကောင်း၊ ကံ၌လည်း ကောင်း ရိုသေခြင်းမရှိသောကြောင့် အနာဒရ မည်၏။ ကျင့်ဝတ်ကောင်းစွာ မကျင့်ယူလို။ ကုစားခြင်းမရှိသဖြင့် သံဃာ့ဘောင်သို့ ပြန်မသွင်းအပ်သော ကြောင့် အပ္ပဋိကာရ....။ ကံကြီးကံငယ် အတူ မပြုအပ်သောကြောင့် အကတ သဟာယ မည်၏။ ထိုဥက္ခိတ္တက ရဟန်း၏အယူကို ယူခြင်းဖြင့် အတုလိုက်သော ဘိက္ခုနီမသည် အနုဝတ္တေယျ မည်၏။ ထိုဘိက္ခုနီမကို တပါးသောဘိက္ခုနီမ တို့သည် အသီးအခြား လည်းကောင်း၊ သံဃာ့အလယ်၌လည်းကောင်း ဆုံးမ အပ်၏။ မစွန့်လျှင် သမနုဘာသနကံ ပြုအပ်၏။ သမနုဘာသနကံ အဆုံး၌ မစွန့်လျှင် ဥက္ခိတ္တ ရဟန်းသို့ အတုလိုက်ခြင်းကြောင့် ဥက္ခိတ္တာ နုဝတ္တိကာ မည်၏။ ပါရာဇိကသို့ ရောက်၏။ ဥက္ခိတ္တက ရဟန်းသို့ အတုလိုက်သူ သုံးကြိမ် ဆုံးမ မရလျှင် ဘိက္ခုနီ အသက်ထွက်၏။ ကျောက်ဖျာကြီးကွဲလျှင် ပြန်မ စပ်ပြီ။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ဥက္ခိတ္တရဟန်းသို့ အတုလိုက်ခြင်းကြောင့် ပညတ်၏။ ။ဥာတ်အဆုံး၌ ဒုက္ကဋ်။ ဆုံးမသမျှ မစွန့်လျှင် ဥာတ်အဆုံးထိ ဒုက္ကဋ်။ ကမ္မဝါစာနှစ်ကြိမ် အဆုံး၌ ထုလ္လစည်းနှစ်ခု။ တတိယကမ္မဝါစာအဆုံး၌ ပါရာဇိက။ ဓမ္မကံ၌ တိကပါရာဇိက။ အဓမ္မကံ၌တိက ဒုက္ကဋ်။ အကြွင်း သံဃာဒိသေသနှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်၌ ရှင်ထုလ္လနန္ဒာသည် သံဃာအညီအညွတ်နှင်ထုတ်ထားသော အရိဋ္ဌရဟန်းသို့ အတုလိုက်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၄-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အဝဿုတာ။ ကာယ သံသဂ္ဂရာဂစွတ်သည် ဖြစ်၍။ အဝဿုတဿ၊ ကာယသံသဂ္ဂရာဂစွတ်သော။ပုရိသပုဂ္ဂလဿ၊ လူယောက်ျား၏။ ဟတ္ထဂ္ဂဟဏံဝါ။ လက်ကိုင်ခြင်းကိုလည်း။ သာဒယေယျ၊ သာယာငြားအံ့။ သံဃာဋိကဏ္ဏဂ္ဂဟဏံ ဝါ၊ သင်္ကန်းစွန်းကိုင်ခြင်း ကိုလည်း။ သာဒယေယျ။ သန္တိဋ္ဌေယျ ဝါ၊ အနီးကပ်၍လည်း ရပ်ငြားအံ့။ သလ္လပေယျ ဝါ၊ အနီးကပ်၍လည်း စကားပြောဆိုငြားအံ့။ သင်္ကေတံ ဝါ၊ ချိန်းချက်ရာ အရပ်သို့လည်း။ ဂစ္ဆေယျ၊ သွားငြားအံ့။ ပုရိသဿ၊ ၏။ အဗ္ဘာဂမနံ ဝါ၊ လာခြင်းကိုလည်း။ သာဒယေယျ။ ဆန္နံ ဝါ၊ ဖုံးကွယ်ရာအရပ်သို့လည်း။ အနုပဝိသေယျ၊ ဝင်ငြားအံ့။ ကာယံ ဝါ၊ ကိုယ်ကိုလည်း။ တဒတ္ထာယ၊ ထိုကာယသံသဂ္ဂအကျိုးငှာ၊ ဥပသံဟရေယျ၊ အနီးရပ်လျက် ညွတ်ဆောင်ငြားအံ့။ ဧတဿ အသဒ္ဓမ္မဿ၊ ထိုကာယသံသဂ္ဂ အသဒ္ဓမ္မကို။ ပဋိသေဝနတ္ထာယ၊ မှီခြင်းအကျိုးငှာ။ "ဧဟာနိ အဋ္ဌဝတ္ထုနိ၊ ဤရှစ်ပါးသော ဝတ္ထုတို့ကို။ ပူရေယျ၊ ပြည့်စေငြားအံ့" အယမ္ပိ ဤ ဘိက္ခုနီမ သည်လည်း အဋ္ဌဝတ္ထုကာ၊ အဋ္ဌဝတ္ထုကာ အမည်ရသည်ဖြစ်၍။ ပါရာဇိကာ။ ဟောတိ။ အသံဝါသာ။ ဟောတိ။

အဓိပ္ပာယ်။ ။လောကအရသာဟူသော မိတ်ဖွဲ့ခြင်းဖြင့် ကာယသံသဂ္ဂရာဂ စွတ်သော ဘိက္ခုနီသည်အဝဿုတာမည်၏။ (မေထုနရာဂမဟုတ်) လူယောက်ျား၏ ရာဂလည်း ထိုအတူတည်း။ ဘိက္ခုနီ၏လက်ကို ယောက်ျားကိုင်ခြင်းသည် ဟတ္ထဂ္ဂါဟမည်၏။ဤ၌ ပါရာဇိကခေတ်မဟုတ်သော အင်္ဂါဟူသမျှကို ကိုင်ခြင်းသည် ဟတ္ထဂ္ဂါဟချည်းသာ မည်၏။ ဟတ္ထသဒ္ဒါဖြင့် ညှပ်ရိုးအထက်၊

**ဒူးအောက်** တတောင်ဆစ်အောက်ကိုယူသည်။ အဝတ်အရုံ အလုံးစုံသော သင်္ကန်းငါးထည်ကို ကိုင်ခြင်းသည် သံဃာဋိကဏ္ဏဂ္ဂဟဏ မည်၏။ (ဤ၌ သံဃာဋိသဒ္ဒါသည် သင်္ကန်းငါးထည် ဟောသည်။ သင်္ကန်းရုံရာ၌ သံဃာဋိ ယော ပါရုပိတဗ္ဗာသည် ဒုကုဋ် ကိုယ်ရုံနှစ်ထည်ဟောသည်။ ရဟန်းခံရာ၌ အယံသံဃာဋိသည် ဒုကုဋ်တထည်သာ ဟောသည်။ အဓိဋ္ဌာန်တင်ရာ၌လည်း ဣမံ သံဃာဋိံ သည် ဒုကုဋ်တထည်သာ ဟောသည်။ အရဋ္ဌာနအားလျော်စွာ **သံဃာဋိအနက် သိအပ်၏။**) ယောကျ်ား၏ ဟတ္ထပါသ် အတွင်းရပ်ခြင်းသည် သန္တိဋ္ဌေယျ၏။ ယောကျ်ား၏ ဟတ္ထပါသ် အတွင်းရပ်လျက် စကားပြောဆိုခြင်းသည် သလ္လပေယျမည်၏။ ယောကျ်ား၏ ချိန်းဆိုရာသို့ သွားခြင်းသည် သင်္ကေတံ ဂစ္ဆေယျ မည်၏။ ယောကျ်ား၏လာသည်ကို သာယာခြင်းသည် အဗ္ဘာဂမနံသာဒိယေယျ မည်၏။ နံရံစသည်ဖြင့် ဖုံးကွယ်ရာသို့ဝင်ခြင်းသည် ဆန္နံအနုပဝိသေယျ မည်၏။ ယောကျ်ား၏ ဟတ္ထပါသ်အတွင်းရပ်လျက်ကိုယ်ကို နီးအောင် ဆောင်ခြင်းသည် ကာယံ ဥပသံဟရေယျ မည်၏။ တဒတ္ထာယနှင့် ဧတဿအသဒ္ဓမ္မဿ ပဋိသေဝနတ္ထာယသည် အနက်တူဖြစ်၏။ ကာယသံသဂ္ဂ အသဒ္ဓမ္မကို မှီဝဲခြင်းငှာချည်းသာတည်း။ ထိုအသဒ္ဓမ္မအကျိုးငှာ ဝတ္ထုရှစ်ပါးကို အစဉ်အတိုင်းဖြစ်စေ၊ အစဉ်ချွတ်၍ဖြစ်စေ ပြည့်စုံစေသော ဘိက္ခုနီသည် အဋ္ဌဝတ္ထုကာ မည်၏။ ပါရာဇိကသို့ရောက်၏။ ကိုင်၊ ကိုင်၊ ရပ်၊ ဆို၊ ချိန်း၊ လာ၊ ဖုံး၊ ညွတ် ဝတ္ထုရှစ်ပါးပြည့်လျှင် ဘိက္ခုနီ အသက်ထွက်၏။ ထန်းလည်ဆစ်ပြတ် မစည်ကားပြီ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့ ရှစ်ခုမြောက် ဝတ္ထုပြည့်စေခြင်းကြောင့် ပညတ်၏။ ကာယသံသဂ္ဂ အသဒ္ဓမ္မအကျိုးငှာ လက်ကိုင်သာယာအံ့၊ ထုလ္လစ္စည်း။ သင်္ကန်းကိုင်သာယာအံ့၊ ထုလ္လစ္စည်း။ ဟတ္ထပါသ်တွင်းရပ်အံ့၊ ထုလ္လစ္စည်း။ စကားဆိုအံ့၊ ထုလ္လစ္စည်း။ ချိန်းရာသို့သွားအံ့၊ လှမ်းတိုင်း ဒုက္ကဋ်။ ဟတ္ထပါသ်ရောက်အံ့၊ ထုလ္လစ္စည်း လာသည်ကို သာယာအံ့၊ ဒုက္ကဋ်။ ဟတ္ထပါသ် ရောက်အံ့၊ ထုလ္လစ္စည်း။ ဖုံးကွယ်ရာဝင်အံ့၊ ထုလ္လစ္စည်း။ ညွတ်ဆောင်အံ့၊ ထုလ္လစ္စည်း။ ချိန်း၊ လာ၊ နှစ်ခု၌ ဒုက္ကဋ်နှင့် ထုလ္လစ္စည်း။ ကြွင်း ၆-ခု၌ ထုလ္လစ္စည်းသက်သက်။ ဝတ္ထုရှစ်ခုဆုံလျှင် ပါရာဇိက၊ မစုံမီသံဝရဖြင့် ဒေသနာကြားအံ့၊ အကြိမ်တရာ လွန်ကျူးသော်လည်း အာပတ်မလွတ်၏။ ဒေသနာကြားသည် မည်၏။ သံဝရမရှိပဲ ဒေသနာကြားလျှင် ဒေသနာကြားသည် မမည်။ အာပတ်မလွတ်။ ထုလ္လစ္စည်း ရှစ်ခုစုံသောအခါ ပါရာဇိက။

စေတနာ မရှိအံ့၊ သတိမရှအံ့၊ မသိအံ့၊ မသာယာအံ့၊ ဥမ္မတ္တိကာစသည်ဖြစ်အံ့၊ အနာပတ္တိ။

ကာယသံသဂ္ဂ ရာဂရှိခြင်း၊ အားထုတ်ခြင်း၊ အဋ္ဌမဝတ္ထု ပြည့်ခြင်း ဤ ၃ ပါး အင်္ဂါသုံးပါးတည်း။ သမနုဘာသန သမုဋ္ဌာန်၊ ကြိယာ ကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကံ ဝစီကံ အကုသလ စိတ္တ ဒွိဝေဒန ဖြစ်၏။

ဂဏ္ဌနုပိကာ။ ။ဤ၌ ဂဏ္ဌနုပိကာ အာပတ်ကိုသိအပ်၏။ ရှစ်ဝတ္ထုမစုံမီ “ဤအ အမှုမျိုးနောင်မပြုပါတော့ပါအံ့”ဟု ဓုရနိက္ခေပပြု၍ဒေသနာ ကြားအံ့၊ ဂဏ္ဌနုပိကာ မည်၏။ ဒေသနာ ကြားသည်မည်၏။ ပါရာဇိကအ၏ အင်္ဂါမဖြစ်။ ထို့နောက် ကိလေသာစွမ်းဖြင့် တဖန်လွန်ကျူးပြန်လည်းဓုရနိက္ခေ ပပြု၍ ဒေသနာ ကြားပြန်အံ့။ အဋ္ဌမဝတ္ထု ပြည့်အောင်အမှု စုံသော်လည်း ပါရာဇိကမဖြစ်။ နောင်ဤအမှု ထိုအမှု လွန်ကျူးဦးမည် ဟု အားထုတ်ခြင်း ရှိလျက် ဒေသနာ ကြားအံ့၊ အဂဏ္ဌနုပိကာ မည်၏။ ဒေသနာကြားသည် မမည်။ ပါရာဇိက အင်္ဂါဖြစ်သည်။ ရှစ်မျိုးစုံလျှင် ပါရာဇိက။ ၄ ဆိအနည်းငယ် အနည်း ငယ်ခိုးသောက်ရာ၌လည်း ဤနည်းကို ဝိမတိဋီကာ၌ ဆို၏။ သံဝရမရှိပဲ ဒေသနာ ကြားလျှင် တပတ်ဖိုး ပြည့်သော အခါပါရာဇိက ဟူလို၊ ၂ (ဤသိက္ခာပုဒ်၌ ဤသို့ အထူးပြခြင်းဖြင့် ဓုရနိက္ခေပမပြု၊အာယတိံ သံဝရမရှိပဲ ဒေသနာကြား လျှင် တပါးသော အာပတ်သာ စင်ကြယ်သည်ဟု သိသာ၏။ ဒေသနာသုဒ္ဓိ ဖြစ်ခြင်းကြောင့်တည်း။ နိဿဂ္ဂိပါစိတ်။ ဆေဒနက ပါစိတ် စသည်တို့၌လည်း စွန့်ခြင်း ဖြတ်ခြင်းစသော ဝိနည်းကံ မချုတ်လျှင် စင်ကြယ်၏။ ဝိနည်းကံချုတ် လျှင် သံဝရရှိသော်လည်း မစင်ကြယ်။ ပါတိမောက္ခသံဝရသီလသည် ဒေသနာ သုဒ္ဓိဖြင့် စင်ကြယ်၏။ ဣန္ဒြိယသံဝရသီလသည် သံဝရသုဒ္ဓိဖြင့် စင်ကြယ်၏။ သုဒ္ဓိလေးပါး နှာလည်သင့်၏။)

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီဘိက္ခုနီတို့သည် ကာယသံသဂ္ဂရာဂဖြင့် လက်ကို ယောကျ်ားကိုင်သည်ကိုသာယာ ကုန်၏။ သင်္ကန်းစွန်းကိုင် သည်ကို သာယာကုန်၏။ အနီး၌ရပ်ကုန်၏။ အနီးရပ်၍ စကားဆိုကုန်၏။ချိန်းရာ သို့သွားကုန်၏။ ယောကျ်ားလာသည်ကို သာယာကုန်၏။ ဖုံးကွယ်ရာသို့ ဝင်ကုန် ၏။ကိုယ်ကို နီးအောင် ညွတ်ကုန်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ် သည်။

နိဂုံး॥ ॥အယျာယော၊ ရှင်မတို့॥ အဋ္ဌ॥ ပါရာဇိကာ॥ ဓမ္မာ॥ ဥဒ္ဒိဋ္ဌာ၊ ခေါ်॥ သရုပ်အားဖြင့် ပြအပ်ကုန်ပြီး သည်သာတည်း॥ ဘိက္ခုနီ၊ ဘိက္ခုနီမသည်॥ ယေသံ၊ ယင်းပါရာဇိက ရှစ်ပါးတို့တွင် အညတရံ ဝါ၊ အညတရံ ဝါ॥ တပါးပါးသော ပါရာဇိကသို့လည်း॥ အာပဇ္ဇိတွာ၊ ရောက်သည်ရှိသော်॥ ပုရေ၊ ရှေးလူ၊ သာမဏေ၊ သိက္ခာမာန် အခါ၌॥ဘိက္ခုနီဟိ॥ သဒ္ဓိံ॥ သံဝါသံ၊ နလဘတိယထာ॥ တထာ ပစ္ဆာ॥ နောက်၌၊ န လဘတိ॥ ပါရာဇိကာ॥ ဟောတိ॥ အသံဝါသာ॥ ဟောတိ॥ တတ္ထ॥ ထိုရှစ်ပါးသော ပါရာဇိကတို့၌॥ အယျာယော॥ ရှင်မတို့ကို॥ ပုစ္ဆာမိ॥ ကစ္စိ॥ ပရိသုဒ္ဓါ॥ အတ္ထ॥ ဒုတိယမ္ပိ॥ တတိယမ္ပိ॥ ပုစ္ဆာမိ॥ ကစ္စိ॥ ပရိသုဒ္ဓါ॥အတ္ထ॥ ဧတ္ထ၊ ဤပါရာဇိက၌॥ အယျာယော၊ ရှင်မတို့သည်॥ ယသ္မာ॥ ပရိသုဒ္ဓါ॥ တသ္မာ॥ တုဏှီ၊ ဆိတ်ဆိတ်နေခြင်း သည်॥ အသိ၊ ဖြစ်ပြီ॥ ဧဝံ॥ ဧတံ॥ ဓာရယာမိ॥ ဣတိ॥ ဒုတိယော॥ ပါရာဇိကုဒ္ဒေသော॥ ပါရာဇိကပြခြင်းသည်॥ သမတ္တော၊ ပြီးပြီ॥

ဘိက္ခုနီပါရာဇိကသည်၊ ဘိက္ခုသာဓာရဏ လေးပါးနှင့် ရှစ်ပါးဖြစ်၏॥ ပါရာဇိက ၂၄-ပါးတို့တွင် လူ ၂၃-॥ တိရစ္ဆာန် ၁-॥ ရဟန်းပါရာဇိက ၁၉ ॥ ကြွင်းငါးခု ရှာနိုင်ရမည်॥ ဘိက္ခုနီသည် သံဃဘေဒကကံ မထိုက်ကောင်း॥ ဒူသက၊ လိင်ရှည်၊ ကျောက်နု-မဖြစ်ကောင်း॥ ဘိက္ခုနီပါရာဇိက ၂၀-॥ ကြွင်းလေးခုရှာနိုင်ရမည်॥

ပါရာဇိကပြီး၏॥

---

# သံဃာဒိသိသ်။

**အယျှာယော၊ ရှင်မတို့။ သတ္တရသ၊ တဆယ့်ခုစ်ပါးကုန်သော။ သံဃာဒိသေသာ။ ဣမေ ခေါ ပန ဓမ္မာ။ ဥဒ္ဒေသံ။ အာဂစ္ဆာန္တိ။**

**၁-သိက္ခာပုဒ်။** ။ယော ပန ဘိက္ခုနီ။ ဂဟပတိနာ ဝါ၊ ဒါယကာနှင့်လည်းကောင်း။ ဂဟပတိ ပုတ္တေန ဝါ၊ ဒါယကာ၏သားနှင့်လည်းကောင်း။ဒါသေန ဝါ၊ ကျွန်နှင့်လည်းကောင်း။ ကမ္မကာရေန ဝါ၊ အမှုလုပ်သောသူနှင့်လည်းကောင်း။ **အန္တမသော၊ အယုတ်ဆုံးအားဖြင့်။** သမဏ ပရိဗ္ဗာဇကေနပိ၊ (သီကင်းသုံးဘော်ငါးယောက်မှ တပါးသော) ပရိဗိုဇ်ရဟန်းနှင့်သော်လည်းကောင်း။ ဥဿယဝါဒိကာ၊ မာနဒေါသစွမ်းဖြင့် တရားတွေ့လျက်။ ဝိဟရေယျ၊ နေငြားအံ့။ အယံ ဘိက္ခုနီ၊ ဤဘိက္ခုနီမသည်။ ပဌမာပတ္တိကံ၊ ရှေးဦးစွာလွန်ကျူးသော ခဏ၌ရောက်ခြင်းရှိသော။ နိဿရဏီယံ၊ ဘိက္ခုနီသံဃမှ နှင်ထုတ်စေတတ်သော။ သံဃာဒိသေသံ၊ သံဃာဒိသိသ်အမည်ရှိသော။ ဓမ္မံ၊ အာပတ်သို့။ အာပန္နာ၊ရောက်၏။ (တရားလိုပြု၍ တရားတွေ့လျှင် တရားအပြီး၌....)

**အဓိပ္ပာယ်။** ။မာနကြီးခြင်းသည် မာနာနုဿယ။ဒေါသကြီးခြင်းသည် ကောဓုဿယ။ထိုဥဿယနှစ်ပါးစွမ်းဖြင့် တရားသူကြီးတို့တံ တရားစွဲသော ဘိက္ခုနီသည်။ ဥဿယဝါဒိကာမည်၏။(ဗာဟုလ္လနည်းဖြင့် မာနဒေါသမျှဆိုသည်။တိစိတ္တ၊ တိဝေဒနသိက္ခာပုဒ်ဖြစ်ခြင်းကြောင့် ကုသိုလ်စိတ်ဖြင့်လည်း အာပတ်မလွတ်။) ဂဟပတိစသော လေးပုဒ်ဖြင့် အိမ်နေသူ-ဂဟဋ္ဌအားလုံးကို သိမ်းကျုံးသည်။သီးတင်းသုံးဖော်ငါးယောက်မှ တပါးသော ပရိဗိုဇ်အကျင့်ရှိသူသည်။ သမဏပရိဗ္ဗာဇကမည်၏။ လွန်ကျူးဆဲ ခဏ၌ ရောက်သောကြောင့် ဤသံဃာဒိသိသ်သည် ပဌမာပတ္တိကာမည်၏။(သမနုဘာသနကံဖြင့် မဟုတ်။) တရားဆုံးဖြတ်ခြင်း၏ အဆုံး၌ ရောက်၏။ ဘိက္ခုနီသံဃာမှ နှင်ထုတ်ကြောင်း

အာပတ်ဖြစ်သောကြောင့် နိဿာရဏီယလည်း မည်၏။ ထိုအာပတ်မှ ထခြင်းငှာ သံဃာသည်သာလျှင် အစ၌ ပရိဝါသ်ပေး၏။ ... ကြွင်းသောကာလ၌ အရင်းသို့ငင်၏။ အဗ္ဘာန်သွင်း၏။ ထို့ကြောင့် သံဃာ ဒိသေသမည်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာတရားတွေ့ခြင်းကြောင့် ပညတ်၏။ သာဏတ္တိက။တရားတွေ့အံ့ဟုအဖော်သက်သေရှာအံ့၊ဒုက္ကဋ်။ သွားရာ၌ စိတ်ဖြစ်ရာအရပ်မှစ၍ လှမ်းတိုင်း ဒုက္ကဋ်။တရားသူကြီးထံ သွား၍လည်းကောင်း၊ တရားသူကြီးလာသည်ကို မြင်၍လည်းကောင်း မိမိစကားကို ရှေးဆိုအံ့၊ ဒုက္ကဋ်။တရားခံသည် မိမိစကားကို နောက်၌ ဆိုအံ့၊ ဘိက္ခုနီအား ထုလ္လစ္စည်း။ ရှေးဦးစွာ တရားခံဆို၍ နောက်၌ ဘိက္ခုနီဆိုရာ၌လည်းကောင်း၊ စကားနှစ်ရပ်လုံးကို တရားခံသာ ဆိုရာ၌လည်းကောင်း။ ဘိက္ခုနီသာ ဆိုရာ၌လည်းကောင်း၊ တစုံတယောက်ကို ဆိုင်ိုင်းရာ၌လည်းကောင်း၊ ပဌမစကားအဆုံး ဒုက္ကဋ်၊ ဒုတိယစကားအဆုံး ထုလ္လစ္စည်း၊ စကားနှစ်ရပ် မှတ်သား၍ တရားသူကြီးတို့ ဆုံးဖြတ်ပြီးသောအခါ တရားတွေ့ခြင်း ကိစ္စပြီးသည် မည်၏။ ထိုအခါ ဘိက္ခုနီအား ရှုံးသော်လည်းကောင်း၊ နိုင်သော်လည်းကောင်း သံဃာဒိသိသ်။ ရန်သူတို့က တမန်စေ၍ လည်းကောင်း၊ ကိုယ်တိုင်လာခေါ်၍လည်းကောင်း သွားရသည် ဖြစ်အံ့။ အစောင့်အရှောက် တောင်းအံ့၊ မရည်စူးပဲ ပြောကြားအံ့၊ မတိုင်ကြားပဲ တရားသူကြီးတို့ သိ၍ ဆုံးဖြတ်ပေးအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

သူတပါးက ခေါ်ငင်သည်မဟုတ်ပဲ တရားတွေ့ခြင်း၊ တရားဆုံးဖြတ်ပြီးခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် ပဌမ ကထိနနှင့် တူ၏။ ကြိယသာ ထူး၏။

**အာရက္ခယာစနာ။** ။ဘိက္ခုဖြစ်စေ၊ ဘိက္ခုနီဖြစ်စေ အစောင့် အရှောက် တောင်းရာ၌...ငါတို့ကျောင်း၌ သူခိုးအနှောင့် အယှက် ရှိသည်။ ဘသူဟု ငါတို့မပြောကောင်း၊ ခိုးသွားသောပစ္စည်း ပြန်ရခြင်းကို ငါတို့အလိုရှိသည်။ နှောင် စောင့်ရှောက်ပေးခြင်းကိုသာ ငါတို့အလိုရှိသည်။ ဤသို့ မရည်စူးပဲ ပြောဆိုခြင်းသည် တရားနှင့်အညီ အစောင့်အရှောက် တောင်းသည် မည်၏။ “ဤသူဤသူ ခိုးသွားလတ္တံ့” ဟု ရည်စူး၍ ပြောဆိုခြင်းသည် အဓမ္မိက အစောင့်အရှောက် တောင်းသည် မည်၏။ အစိုးရတို့ ဖမ်း၍ ဥစ္စာဒဏ်ထားလျှင် ဘဏ္ဍာစားထိုက်၏။ ခိုးသူမြင်၍ ခိုးသူအကျိုးနည်းအောင်

သူခိုး၊ သူခိုး-ဟု မဆိုအပ်။ မအော်အပ်။ အစိုးရဖမ်း၍ ဒဏ်တပ်လျှင် ဘဏ္ဍာစားထိုက်၏။ မိမိစကား လိုက်နာသော တရားသူကြီးကိုကား....ဤသူ ငါတို့ကျောင်း၌ လာခိုးသည်။ ပစ္စည်းပြန်ရအောင်သာ ပြုပါ။ ဒဏ်မတပ်ပါနှင့်....ဟု ပြောဆိုလျှင် အပ်၏။ ကျောင်းဝိုင်းတွင်း၌ သစ်ပင် စသည်ကို လာ၍ ခုတ်လှည်းကုန်သော သူတို့၏ ပဲခွပ်၊ ပုဆိန်-စသည်ကို ကျောက်ခဲဖြင့် မထုအပ်။ ပဲ့သွားလျှင် ဘဏ္ဍာစား။ ပြေးသွားပြီးလျှင် ထိုသူတို့၏ ပစ္စည်းကို မယူအပ်။ မကိုင်အပ်။ စိတ်သည်လျှင် မြန်၏။ ထေယျစိတ်ဖြစ်လျှင် အရင်းပြတ်ခြင်းသို့လည်း ရောက်တတ်၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ တကာတဦးသည် ဘိက္ခုနီသံဃာအား ပစ္စည်းထားရာ ကုန်လှောင်ရုံတိုက် တခုလှူထား၏။ ထိုဘကာ သေ၍ သားနှစ်ယောက် အမွေခွဲသောအခါ သဒ္ဓါတရား ရှိသေ◌ာသားက ကုန်လှောင်ရုံကို ဘိက္ခုနီသံဃာအား ဘခင်လှူထားသည်ဟု ကန့်ကွက်၏။ ကန့်ကွက်၍ မရသောအခါ - ငါရလျှင် ပြန်လှူမည်—ဟု နှလုံးသွင်း၍ သဘောတူလိုက်၏။ ခွဲဝေသောအခါ သဒ္ဓါတရား မရှိသောသားသည် ထိုတိုက်ကို ရ၍ ဘိက္ခုနီတို့ကို အရှင်မတို့ ထွက်ခွာကြသော့။ အကျွန်ုပ်၏ တိုက်ဖြစ်ပြီ ဟုဆို၏။ ရှင်မထုလ္လနန္ဒာသည်-အမောင်၊ ဤသို့မဆိုလင့်၊ မောင့်ဘခင် ရှိစဉ်က လှူထားခဲ့သည် ဟု ဆို၏။ လှူခဲ့သည်၊ မလှူခဲ့ဘူး-ဟု ငြင်းခုံ၍ တရားသူကြီးတို့ထံ မေးကုန်၏။ အရှင်မ လှူကြောင်းကို အဘယ်သူ သိသနည်းဟု မေးလတ်သော် သက်သေထား၍ အလှူ လှူသည်ကို သင်တို့ မြင်ဘူး ကြားဘူး ကုန်သလော-ဟု ဆို၏။ အရှင်မ၏စကား မှန်ပေသည်ဟု အနိုင်ပေးလိုက်၏။ တရားရှုံးသော သူသည်....ဤ ဦးပြည်းမတို့သည် လင်ဆောင်ရိုကုန်၏။ ဘိက္ခုနီတို့ မဟုတ်ကုန်။ ငါတို့ပစ္စည်းကို လုစေကုန်၏--ဟု ဆို၏။ ရှင်မထုလ္လနန္ဒာသည် အမတ်ကြီးတို့အား တိုင်ကြား၏။ ထိုသူကို ဥစ္စာဒဏ်တပ်ကုန်၏။ ဒဏ်တပ်ခံရသောအခါ ဘိက္ခုနီကျောင်းအနီး တက္ကတွန်းတို့ နေစရာပြုပေးပြီးလျှင် ဘဲရေးစေ၏။ ရှင်မထုလ္လနန္ဒာ တိုင်ပြန်သောအခါ ထိုသူ အချုပ်အနှောင် ခံရ၏။ ထိုအခါ လူတို့သည်..ဤ ဘိက္ခုနီမတို့သည် တိုက်ကိုလုစေ၍ ဒဏ်တပ်စေ၍ နှောင်ဖွဲ့စေ၍ ယခု သတ်စေကုန်လတ္တံ့-ဟု ကဲ့ရဲ့ကုန်၏။ ဘိက္ခုနီတို့သည်လည်း ရှင်မထုလ္လနန္ဒာသည် မာန ဒေါသစွမ်းဖြင့် တရားတွေ့ဘိသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၂-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဧာနံ၊ သိလျက်။ စောရိ၊ ခိုးမှုရှိသော။ ဝဇ္ဈံ၊ ခိုးမှုကြောင့် သတ်ထိုက်သော။ ဝိဒိတံ၊ သတ်ထိုက်သူဟုထင်ရှားသော ခိုးသူမကို။ ရာဇာနံ ဝါ၊ မင်းကိုလည်းကောင်း။ သံဃံ ဝါ၊ ဘိက္ခုနီ သံဃာကိုလည်းကောင်း ဂဏံ ဝါ၊ ဂဏမည်သော အစိုးရကိုလည်းကောင်း။ ပူဂံ ဝါ၊ ပူဂမည်သော။ အစိုးရကိုလည်းကောင်း။ သေဏိ ဝါ၊ သေဏိမည်သော အစိုးရကိုလည်းကောင်း။ အနပလောကေတွာ၊ မပန်ကြားမူ၍။ ကပ္ပါ၊ အပ်သည်အဖြစ်သို့ ရောက်သူကို၊ ဝါ၊ ရှင်ပြုဘူးသူကို။ ဒီညကြ၊ ကြည်၍။ ဝုဋ္ဌာပေယျ၊ ဥပဇ္ဈာယ်ပြု၍ ရဟန်းပြုပေးငြားအံ့။ အယမ္ပိဘိက္ခုနီ။ ပဌမာပတ္တိကံ။ နိဿာရဏီယံ။ သံဃာဒိသေသံ။ ဓမ္မံ အာပန္နာ။ (ခိုး သူမကို ရဟန်း ပြုပေးလျှင်....)

**အဓိပ္ပာယ်။** ။ငါးပဲကိုလည်းကောင်း၊ ငါးပဲတန်ကိုလည်းကောင်း၊ ထိုထက် အလွန်ကိုလည်းကောင်း ခိုးသောမိန်းမသည် စောရီ မည်၏။ ယင်းခိုးမှုကြောင့် သတ်ထိုက်သော မိန်းမသည် ဝဇ္ဈာ မည်၏။ သတ်ထိုက်သူဟု လူတို့သိအပ်သော မိန်းမသည် ဝိဒိတာမည်၏။ မိမိတို့ ရပ်ရွာ အုပ်ချုပ်သောမင်းသည် ရာဇာမည်၏။ ဘိက္ခုနီ သံဃာသည် သံဃာမည်၏။ မလ္လဂဏ ဗိဿနိုး ကိုးကွယ်သော သူအပေါင်း။ ဘဋ္ဋိပုတ္တဂဏ ပရမိဿွာ မဟာဗိန္ဒု ကိုး ကွယ်သော သူအပေါင်း....ဤသို့စသော သာသနာပြင်ပသူ အပေါင်းသည်-ဂဏ မည်၏။ သာသနာဆည်းကပ်၍ ကုသိုလ်များစွာပြုသော သူအပေါင်းသည်-ပူဂ မည်၏။ နံ့သာကုန်သည်အပေါင်း၊ ပုဆိုးကုန်သည်အပေါင်း၊ ရက်ကန်းသည် အပေါင်းသည် သေဏိမည်၏။ အချို့အရပ်၌ ပြည်ပိုင်မင်းတို့သည် "ဤရပ်ရွာ၌ သင်တို့ဆုံးမကြ" ဟု ဂဏ—စသည်တို့အား ရွာနိဂုံး အပ်နှင်းကုန်၏။ ထိုအရပ်၌ ဂဏ—စသည်တို့သာ အစိုးရကုန်၏။ဤသို့သော ဂဏစသည်ကို ရည်၍ ဟော သည်။ရာဇ၊ဂဏ၊ပူလ၊သေဏိ—အစိုးရလေးမျိုးတို့တွင် အုပ်ချုပ်ဆဲ အစိုးရတမျိုး မျိုးကို ပန်ကြားပြီးသော်လည်း ဘိက္ခုနီသံဃာကို ပန်ကြားအပ်သည်သာတည်း။ ရှင်ပြုဘူးသောမိန်းမသည် ကပ္ပာ၊မည်၏၊တိတ္ထိတို့ထံ ရှင်ပြုဘူးသူ၊ တပါးသော ဘိက္ခုနီတို့ထံ ရှင်ပြုဘူးသူ-နှစ်မျိုးရှိ၏။(ပါဠိတော်၌ ကပ္ပံ နာမ ဒွေ ကပ္ပာနိ-ဟု နပုံလိင်ဖြင့် ဟောသည်။) ထိုကပ္ပာနှစ်မျိုးကို ဖယ်ထား၍ ကပ္ပာမဟုတ်သော ခိုးသူမကို ရဟန်းပြုပေးသော ဥပဇ္ဈာယ်မအား သံဃာကမ္မဝါစာဆရာသပိတ် သင်္ကန်းရှာခြင်း၊ သိမ်သမုတ်ခြင်းတို့ကြောင့် ဒုက္ကဋ်။ ဉတ်အဆုံး ဒုက္ကဋ်။ကမ္မ ဝါစာ နှစ်ကြိမ်အဆုံး ထုလ္လစ္စည်း—နှစ်ချက်။ သုံးကြိမ်အဆုံး သံဃာဒိသိသ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ—ခိုးသူမကို ရဟန်းပြုပေးခြင်းကြောင့် ပညတ်၏။ ခိုးသူမ၌ ယုံမှားရှိအံ့၊ ဒုက္ကဋ်။အစောရိ၌ ဒွိကဒုက္ကဋ်။ အစောရိသညာရှိအံ့၊ မသိအံ့၊ ပန်ကြား၍ ရဟန်းပြုပေးအံ့၊ ကပ္ပကတကို ရဟန်းပြုပေးအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ ၎ ဝိမတိ၌—ကပ္ပဂတိကဟု ရှိသည်။ ကပ္ပိယဘာဝဂတံ၊ ပဗ္ဗဇိတ ပုဗ္ဗန္တိအတ္ထော—ဟု ဖွင့်ဆို၏။ ၆

ခိုးသူမ-ဖြစ်ခြင်း၊ ခိုးသူမ-ဟု အမှတ်ရှိခြင်း၊ခွင့်ပြုသော အကြောင်းကင်းလျက် ရဟန်းပြုပေးခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ စောရိဝုဋ္ဌာပနသမုဋ္ဌာန်။ ၎ စောရီ-မ၊ ဆာ၊ ၁-။ ၆ကြိယာ ကြိယ၊ သညာဝိမောက္ခ၊သစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံ ဝစီကံ၊ တိစိတ္တ၊ တိဝေဒနဖြစ်၏။ ကပ္ပာမဟုတ်သော စောရီကို ရှင်သာမဏေပြုပေးအံ့၊ ဒုက္ကဋ်ဟု ဆိုကုန်၏။ ဤသံဃာဒိသိသ်သည် ပညတ်တော်ကို မသိသောရဟန္တာမအားလည်း သင့်နိုင်သည်။

**ဝတ္ထု။** ။သာဝတ္ထိ၊ဇေတဝန်။ဝေသာလီပြည်၌ လိစ္ဆဝီမင်းသားတယောက်၏ မယားသည် အကျင့်ဖောက်ပြန်၏။ အကြိမ်ကြိမ်ဆုံးမ၍ မရ။ တနေ့သ၌ မင်းပေါင်းစုံ အစည်းအဝေးတွင် မိမိမယား၏ အပြစ်ကို ပြ၍ သတ်ပစ်ပါရစေ-ဟု ခွင့်တောင်း၏။ သိလော့-ဟု ခွင့်ရခဲ့၏။ ထိုမိန်းမသည် အကြောင်းကို သိ၍ အဖိုးတန်ပစ္စည်းယူ၍ သာဝတ္ထိသို့ သွား၍ တိတ္ထိတို့ထံ ရှင်ရဟန်းအဖြစ် တောင်းပန်၏။ ခွင့်မရ။ ဘိက္ခုနီတို့ထံ တောင်းပန်ပြန်၏။ ခွင့်မရ။ ရှင်မတုလ္လနန္ဒာထံ ချဉ်းကပ်၍ ပစ္စည်းဘဏ္ဍာပြ၍ တောင်းပန်၏။ ထိုအခါ ဘဏ္ဍာယူ၍ ရှင်ရဟန်းပြုပေးလိုက်၏။ လိစ္ဆဝီမင်းသားသည် လိုက်လံရှာဖွေလတ်သော် တွေ့မြင်၍ ပသေနဒီကောသလမင်းကြီးထံ ချဉ်းကပ်၍ ထိုအကြောင်း လျှောက်ကြား၏။အမောင်ဘိက္ခုနီမတို့ထံ၌ ရှင်ရဟန်းပြုနေလျှင် တစုံတခု ပြုခွင့်မရ။ ကောင်းစွာတရားကျင့်ပါစေဟု ဆို၏။ ဘိက္ခုနီမတို့သည် ခိုးသူမကို ရှင်ရဟန်းပြုပေးကြသည်ဟု လိစ္ဆဝီမင်းသား ကဲ့ရဲ့၏။ ဘိက္ခုနီမတို့သည် ရှင်မထုလ္လနန္ဒာကိုကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၃-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ကော၊ တယောက်ထည်းတည်း။ ဂါမန္တရံဝါ၊ ရွာတပါးသို့မူလည်း။ ဂစ္ဆေယျ။ ကော။ နဒီပါရံ ဝါ၊ မြစ်တဘက်သို့မူလည်း။ ဂစ္ဆေယျ။ ကော။ ရတ္တိံ၊ ဝါ။ ညဉ့်၌မူလည်း။ ဝိပ္ပဝသေယျ။ ဘိက္ခုနီ အဖော်ကင်း၍ နေငြားအံ့၊ ကော။

ဂဏမှာ ဝါ၊ ဘိက္ခုနီအပေါင်းမှ မူလည်း။ ဩဟီယေယျ၊ ချန်၍နေ ငြားအံ့။ အယမ္ပိ ဘိက္ခုနီ။ ပဌမာပတ္တိကံ။ နိဿာရဏီယံ။ (တယောက် တည်း-ရွာကူးလျှင်၊ မြစ်ကူးလျှင်၊ ညဉ့်အဖော် ကင်းလျှင်၊ ချန်ရစ် လျှင်....)

**ရွာတပါးကူး။** ။တယောက်ထည်း ရွာတပါးသို့ သွားရာ၌ မိမိရွာမှအထွက် အာပတ်မသင့်။ ထွက်ပြီးနောက် ရွာတပါးသို့ သွားအံ့၊ လှမ်းတိုင်း ဒုက္ကဋ်။ ထိုရွာ၏အရံကို၊ အရံမရှိလျှင် ဥပစာကို တလှမ်းလှန်အံ့၊ ထုလ္လစ္စည်း။ နှစ်လှမ်းလွန်အံ့၊ သံဃာဒိသိသ်။ ထိုရွာမှထွက်၍ မိမိရွာသို့ ပြန်ဝင် ရာ၌လည်း ဤအတူ ထုလ္လစ္စည်း။ သံဃာဒိသိသ်။

**မှတ်ဖွယ်အထူး။** ။ရွာ၏အရံသည်လည်းကောင်း၊ အရံမရှိလျှင် ဥပစာသည် လည်းကောင်း။ အကပ္ပိယဘူမိ မည်၏။ အကပ္ပိယဘူမိသို့ ဝင်မှ အာပတ်သင့်သည်။ ခြေဖြင့်ဝင်မှ အာပတ်သင့်သည်။ အရံ၊ ဥပစာမှလွတ် သော တံတိုင်းပြတ်။ နံရံပေါက်တို့ဖြင့် ဘိက္ခုနီကျောင်းမြေသို့သာ ပင်နိုင်ငြား အံ့၊ ကပ္ပိယဘူမိသို့ ဝင်သောကြောင့် အပြစ်မရှိ။ ဆင် မြင်း ရထားစသည် စီး၍ လည်းကောင်း၊ တန်ခိုးဖြင့်လည်းကောင်း၊ ဝင်ငြားအံ့၊ ခြေဖြင့်ဝင်ခြင်းမဟုတ် သောကြောင့် အပြစ်မရှိ။

**မြစ်တဘက်ကူး။** ။မြစ်တဘက်သွားရာ၌ အဝန်းသုံးပါး ဖုံးလွှမ်း၍ ကူးသွား သော ဘိက္ခုနီ၏ သင်းပိုင် ရေစွတ်သော မြစ်သည် နဒီ မည်၏။ ဤသို့သော မြစ်၌ အဖော်ကင်းလျက် ဟိုမှာဘက်သို့သွားလျှင် ပဌမခြေ မြှောက်၍ ကမ်းပါး၌ ထားအံ့၊ ထုလ္လစ္စည်း။ ဒုတိယခြေ မြှောက်အံ့၊ သံဃာ ဒိသိသ်။ အဖော်နှင့် သွားသော်လည်း မြစ်လယ်ရောက်မှ ရန်ဖြစ်၍ ဤမှာ ဘက်သို့ ပြန်လာအံ့၊ ဤအတူ ထုလ္လစ္စည်း။ သံဃာဒိသိသ်။

**မှတ်ဖွယ်အထူး။** ။ဤ၌လည်း ခြေဖြင့်သွားမှ အာပတ်သင့်သည်။ တန်ခိုး၊ တံတား၊ ယာဉ်၊ လှေ-တို့ဖြင့် သွားအံ့၊ အပြစ်မရှိ။ ဤဘက်မှ ထိုဘက်သို့သာ တလှမ်းထည်း ကူးအံ့၊ အနာပတ္တိ။ ရေချိုးလိုခြင်း စသည့်ကြောင့် ဆင်းသွားပြီးလျှင် ဤမှာဘက်သို့ ခြေဖြင့်ပြန်တက်သော်လည်း အပြစ်မရှိ။ (ဝိနည်းပါဠိတော်၌ နဒီလက္ခဏာကို ဤ၌ အစစွာ ဟောသည်။ နဒီ သိမ် နဒီနိမိတ်တို့၌ လက္ခဏာကို ဤမှယူသည်။)

**ညှဉ့်အဖေါ်ကင်း။** ။ညဉ့်ကင်းရာ၌ အရုဏ်တက်အချိန်• အဖော်ဘိက္ခုနီ၏ ဟတ္ထပါသ်ကို စွန့်အံ့၊ ထုလ္လစ္စည်း။ စွန့်ပြီးလျှင် သံဃာဒိသိသ်။ "အရုဏ်မတက်မီ အဖေါ်၏ ဟတ္ထပါသ်သို့ လာမည်" ဟု နှလုံးသွင်း မပြုလျှင် တိုက်ခန်းတခုတည်း၌ အဖော်ရှိသော်လည်း ဟတ္ထပါသ်လွန်၍ အရုဏ်တက်စေအံ့၊ သံဃာဒိသိသ်။ ထို့ကြောင့် အရုဏ်မတက်မီ ဟတ္ထပါသ်သို့ လာမည် ဟု နှလုံးသွင်း၍ အရုဏ်တက်အချိန်အချင်းချင်း ဟတ္ထပါသ် စပ်စေ၍ နေအပ်၏။

**ချန်ရစ်ခြင်း။** ။အဖော်မှ ချန်၍ နေရာ၌ ဘိက္ခုနီတယောက်တည်းသည်လည်း ဂဏမည်၏။ ဂါမူပစာရမှ လွတ်သော အရည၌၊ ၀ါ ရွာ၏ အပြင်ပ၌-ဒဿနူပစာလွန်အောင် ချန်ရစ်ခြင်းသည်လည်းကောင်း၊ သဝနူပစာ လွန်အောင် ချန်ရစ်ခြင်းသည်လည်းကောင်း၊ ဩဟီယေယျ မည်၏။ ချန်အံ့၊ ထုလ္လစ္စည်း။ ချန်ပြီးလျှင် သံဃာဒိသိသ်။

**မှတ်ဖွယ်အထူး။** ။ရွာတခါး ခုံအလွန်မှစ၍ ရွာပြင်ပ၌ သစ်ပင်၊ တံတိုင်း၊ တင်းတိမ် ကန့်လန့်ကာ—စသည်ခြားသဖြင့် အဖော် -မမြင်လျှင် ဒဿနူ ပစာစွန့်သည် မည်၏။ သဝနူ ပစာရှိသော်လည်း သံဃာဒိသိသ်။ လှင်ပြင်အရပ်ဝေး၌ လမ်းမှား၍ အော်ခေါ်သံမျိုး၊ တရားနာ ခေါ်သံမျိုး ကဲ့သို့ "အယျေ၊ အရှင်မ"ဟုခေါ်သောအသံကို မကြားရလျှင် သဝနူ ပစာ စွန့်သည် မည်၏။ ဒဿနူ ပစာရှိသော်လည်း သံဃာဒိသိသ်။ ခရီးအတူသွားစဉ် ကျန်ရစ်၍ မှီးအောင်အားထုတ်၍ လိုက်အံ့၊ အပြစ်မရှိ။ မမှီသူက-သွားပစေ-ဟု ချန်ရစ်အံ့။ သွားသူက ချန်ရစ်စေဟု သွားအံ့၊ နှစ်ယောက်လုံး အာပတ်မလွတ်။ အတူသွားစဉ် တယောက် တလမ်း ခွဲသွားမှုကား တယောက်သည် တယောက်၏ ဖဲရာဖြစ်သောကြောင့် နှစ်ယောက်လုံး အပြစ်မရှိ။

**အသုံးအပြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီမတယောက် ရွာတပါး သွားခြင်းကြောင့် ပညတ်၏။ ကောဝါ၊ နဒိပါရံ ဂစ္ဆေယျ၊ စသည် သည်အနုပညတ်သုံးခု ဖြစ်၏။ အဖော်ဘိက္ခုနီ ဖဲသွားအံ့၊ လူထွက်အံ့၊ သေအံ့၊ တိတ္ထိကျောင်း ပြောင်းသွားအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

အန္တရာယ်မရှိပဲ တယောက်တည်းဖြစ်ခြင်း၊ ရွာတပါသွားခြင်း စသည်တို့တွင် တခုခုသို့ ရောက်ခြင်း၊ ဘေးရန်မရှိခြင်း—ဤကား အင်္ဂါသုံးပါးတည်း။

သမုဋ္ဌာန်စသည် ပဌမ ပါရာဇိကနှင့် တူ၏။ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနသာ ထူး၏။

**အာပတ်လေးခုပြိုင်တူ။** ။အရဏ်မတက်မီ မိမိရွာမှ ထွက်ခွာ၍ အရုဏ်တက်အချိန် ရွာတပါးတွင် ပါဝင်သော မြစ်တဘက်သို့ ရောက်သွားအံ့၊ အာပတ်လေးခု ပြိုင်တူသင့်၏။ ဤနည်းဖြင့် သုံးခု၊ နှစ်ခုလည်း ပြိုင်တူသင့်၏။ (ဤသိက္ခာပုဒ်၌ ဒသာနူ၊ သဝနူကို ၁၂ တောင်ဟု မယူ ဤ သိက္ခာပုဒ်ဖြင့် ဘိက္ခုနီတို့အား၊ အာရညကင် ရတင်ကို ပယ်သည်ဟုဝိသုဒ္ဓိမဂ်ဋီကာ၌ ဆို၏။ ဘိက္ခုနီက္ခန္ဓက၌ သီးခြားပယ်သော သိက္ခာပုဒ်ရှိ၏။)

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မဘဒ္ဒကာပိလာနီ၏ တပည့် ဘိက္ခုနီတယောက်သည် ရန်ဖြစ်၍ ရွာငယ် မိဘအိမ်သို့ ပြန်သွား၏။ လိုက်ရှာ၍ တွေ့ကြသောအခါ အဘယ့်ကြောင့် တယောက်တည်းလာရသနည်း။ သူတပါး မဖျက်ဆီးပြီလော၊ မဖျက်ဆီးပါ။ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ ဘိက္ခုနီမနှစ်ယောက် သာကေတမှ သာဝတ္ထိသို့အလာ လမ်းတွင် မြစ်ကူးသောအခါ လှေသမားတို့က တကြိမ်တည်း နှစ်ယောက်ကူးခြင်းငှာ လှေမနိုင်ပါ-ဟု ဆို၍ တယောက်ကို ကမ်းတဘက်သို့ ပို့၏။ မြစ်ကူးပြီးသော လှေသမားသည် မြစ်ကူးပြီးသော ဘိက္ခုနီကို၊ မကူးသေးသောသူသည် မကူးသေးသူကို ဖျက်ဆီး၏။ ထိုနှစ်ယောက်လုံး တပေါင်းထည်းသွား၍ သာဝတ္ထိ၌ ဘိက္ခုနီတို့အား ပြောပြ၏။ တယောက်တည်း မြစ်တဘက်ကူးသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် နဒိပါရံ ဂစ္ဆေယျ-ဟု အနု....။ ဘိက္ခုနီအများ သာဝတ္ထိသို့ သွားစဉ် ညဥ့်အခါ ရွာတခုသို့ ဝင်ကြ၏။ ထိုရွာ၌ လူတယောက်သည် ဘိက္ခုနီတို့ အတွက် အိပ်ရာနေရာ ခင်းပေး၏။ အဆင်းလှသော ဘိက္ခုနီတယောက် အတွက်ကား တနေရာခွဲ၍ ခင်းပေး၏။ ထိုဘိက္ခုနီသည် မပန်ကြားပဲ အိမ်တပါးသို့ သွား၍ အိပ်၏။ ထိုလူသည် ညဥ့်အခါလာ၍ စမ်း၏။ တပါးသော ဘိက္ခုနီတို့ကို စမ်းမိလေ၏။ ဘိက္ခုနီတို့သည် ထိုဘိက္ခုနီကို မမြင်သဖြင့် ယောကျ်ားနှင့် လိုက်ပြေးပြီဟု ဆိုကုန်၏။ နံနက်၌ တွေ့ကြသောအခါ တယောက်တည်း ညဥ့်ကင်း၍ နေသည်-ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ရတ္တိံ ဝိပ္ပဝသေယျ-ဟု အနု....။ ဘိက္ခုနီများစွာ ဇနပုဒ် ခရီးသွားကြရာတွင် တယောက်သည် ကျင်ကြီးနှိုင်စက်၍ ချန်ရစ်၍ နောက်မှ လိုက်လာ၏။ လူဆိုးဖျက်ဆီး၏။ တယောက်တည်း အဖော်မှ ချန်ရစ်သည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဂဏမှာ ဩဟီယေယျ-ဟု အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

၄-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။သမဂ္ဂေန။ သံဃေန၊....သည်။ ဓမ္မေန၊ ဟုတ်မှန်သောဝတ္ထုဖြင့်။ ဝိနယေန၊ စောဒနာသာရဏာ-ဝိနည်းဖြင့်။ သတ္ထုသာသနေန၊ ဘုရားရှင်၏ သာသနာဉာတ်ကမ္မဝါစာဖြင့်။ ဥက္ခိတ္တံ၊ ဥက္ခိတ္တက ကံပြုအပ်သော။ ဘိက္ခုနိံ၊ ဘိက္ခုနီမကို။ ကာရက သံဃံ၊ ကံပြုသော ဘိက္ခုနီ သံဃာကို။အနပလောကေတွာ၊ မပန်ကြားမူ၍။ ဂဏဿ၊ ကံပြုသော ဘိက္ခုနီ သံဃာ၏ ဆန္ဒံ၊ အလိုဆန္ဒကို။ အနညာယ၊ မသိမူ၍။ ဩသာရေယျ၊ ဩသာရဏ ကံဖြင့် သံဃာ့ဘောင်သို့ ပြန်သွင်းငြားအံ့။ အယမ္ပိဘိက္ခုနီ။ ပဌမာပတ္တိကံ။ နိဿာရဏီယံ၊၊

**အစိပ္ပာယ်။** ။အာပတ်မရှုခြင်း စသည့်ကြောင့် တရားနှင့်အညီ ဥက္ခိတ္တကကံ ပြုအပ်သော ဘိက္ခုနီကို ကံပြုသော သိက္ခုနီ သံဃာကို မပန်ကြားမူ၍ ထိုသံဃာ၏ အလိုကိုသိအောင် မပြုမူ၍ သံဃာ့ဘောင်သို့ ပြန်သွင်းသော ဘိက္ခုနီအား သံဃာကို ရှာအံ့၊ သိမ်သမုတ်အံ့၊ ဒုက္ကဋ်။ ဉာတ်အဆုံး ဒုက္ကဋ်။ ကမ္မဝါစာနှစ်ချက်အဆုံး ထုလ္လစ္စည်းနှစ်ချက်၊ ကမ္မဝါစာအဆုံး သံဃာဒိသိသ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ဤသို့ သံဃာ့ဘောင် ပြန်သွင်းသောကြောင့် ပညတ်၏။ တိက သံဃာဒိသိသ်၊အဓမ္မကံ၌ တိက ဒုက္ကဋ်။ ကံပြုသော သံဃာကို ပန်ကြားအံ့။ ထိုသံဃာ၏ အလိုကို သိအောင် ပြုအံ့။ ကျင့်ဝတ် ၄၃-ပါး ကျင့်သူ ဖြစ်အံ့။ ထိုသံဃာမရှိမှ ပြန်သွင်း ...။ ဥမ္မတ္တကာ စသည် ဖြစ်အံ့။ အနာပတ္တိ။

ဓမ္မကံဖြင့် ဥက္ခိတ္တကကံ ပြုခြင်း၊ ခွင့်ပြုသောအကြောင်း ကင်းလျက် ပြန်သွင်းခြင်း။ ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန် စသည် သံဃာဘေဒကနှင့် တူ၏။ ကြိယာ၊ ကြိယမျှသာ တူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မစဏ္ဍကာဠီသည် ရန်ဖြစ်လေ့ ရှိ၏။ ၎င်းအား ကံပြုသောအခါ ရှင်မထုလ္လနန္ဒာသည် တားမြစ်လေ့ရှိ၏။ တနေ့၌ ရှင်မထုလ္လနန္ဒာ ရွာငယ်သို့ သွား၏။ ဘိက္ခုနီသံဃာသည် စဏ္ဍကာဠီကို အာပတ်မရှုခြင်းကြောင့် ဥက္ခိတ္တကကံ ပြု၏။ ထုလ္လနန္ဒာ ပြန်လာသောအခါ ဝတ်ကြီးဝတ်ငယ် မပြုပဲ အားကိုးရာမဲ့ကြောင်း ပြောပြ၏။ ထုလ္လနန္ဒာသည် ဤဘိက္ခုနီတို့ကား ဗာလာ၊ အဗျတ္တာ၊ ကံပြုပုံ မသိကုန်။ ငါသာ သိသည်၊ မပြုသောကံကို ပြုမည်။ ပြုသော ကံကို ဖျက်မည်ဟု သံဃာ စုရုံး၍ စဏ္ဍကာဠီကို

သံဃာ့ဘောင် ပြန်သွင်း၏။ ရှင်မထုလ္လနန္ဒာသည် ဓမ္မဝိနယ သတ္ထုသာသနဖြင့် နှင်ထားသော ဘိက္ခုနီကို ကာရကသံဃာအား မပန်မကြား၊ အလိုသိအောင် မပြုပဲ ပြန်သွင်းသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၅ သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အဝဿုတာ၊ ရာဂဖြင့် စွတ်သည်ဖြစ်၍။ အဝဿုတဿ၊ ရာဂဖြင့် စွတ်သော။ ပုရိသ ပုဂ္ဂလဿ၊ လူယောကျ်ား၏။ ဟတ္ထတော၊ လက်မှ။ ခါဒနီယံ ဝါ။ ဘောဇနီယံ ဝါ။ သဟတ္ထာ။ ပဋိဂ္ဂဟေတွာ။ ခါဒေယျ ဝါ။ ဘုဉ္ဇေယျ ဝါ။ အယမ္ပိ ဘိက္ခုနီ။

အဓိပ္ပာယ်။ ။ချစ်ကြိုက်သော (ရည်းစား)၊ ရာဂစွတ်သော ဘိက္ခုနီသည် အဝဿုတာ မည်၏။ ကာယ သံသဂ္ဂ မဟုတ်။ ချစ်ကြိုက်ခြင်းငှာ နားလည်သော လူယောကျ်ားသည် ပုရိသပုဂ္ဂလ မည်၏။ ဘောဇဉ်ငါးပါး ရေဒန်ပူမှတပါးသော ကာလိက လေးပါးသည် ခါဒနီယ မည်၏။ ခဲဖွယ် ဘောဇဉ်ကို စားမည်ဟု ခံအံ့။ ထုလ္လစ္စည်း။ မျိုတိုင်း သံဃာဒိသိသ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရှင်မသုန္ဒရီနန္ဒာ ရာဂစွတ်လျက် ရာဂစွတ်သော ယောကျ်ား၏လက်မှ အာမိသခံခြင်းကြောင့် ပညတ်၏။ တယောက်ယောက်သာ ရာဂစွတ်အံ့၊ ခံခြင်းကြောင့် ဒုက္ကဋ်။ မျိုတိုင်း ထုလ္လစ္စည်း။ ဘီလူး၊ ပြိတ္တာ၊ ပဏ္ဍုက် လူအသွင်ရှိသော တိရစ္ဆာန်တို့၏ လက်မှ နှစ်ဦးစုံ ရာဂစွတ်သော်သည်း ထုလ္လစ္စည်း။ တဦးဦးသာ ရာဂစွတ်အံ့၊ ဒုက္ကဋ်။ အလုံးစုံသော သူတို့၏လက်မှ ရေ၊ ဒန်ပူကို ခံအံ့၊ သုံးဆောင်အံ့။ ဒုက္ကဋ်။ နှစ်ဦးလုံး ရာဂမစွတ်အံ့၊ ရာဂမစွတ်ဟု သိ၍ ခံယူအံ့။ ဥမ္မတ္တကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။ ရေ၊ ဒန်ပူမှတပါးသော စားသောက်ဖွယ် ဖြစ်ခြင်း၊ နှစ်ဦးလုံး ရာဂစွတ်ခြင်း၊ ကိုယ်တိုင် ခံယူခြင်း၊ မျိုခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန် စသည် ပဌမပါရာဇိကနှင့် တူ၏၊

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မသုန္ဒရီနန္ဒာသည် အလှန် အဆင်းလှ၏။ ဆွမ်းစားကျောင်း၌ ရာဂစွတ်သော လူတို့သည် ရာဂစွတ်သော သုန္ဒရီအား မွန်မြတ်သော ဘောဇဉ်တို့ကို လှူကုန်၏။ အလိုရှိတိုင်း စားသောက်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၆–သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဝေ်။ ဝဒေယျ၊ ဆိုငြားအံ့။ "အယျေ၊ ရှင်မ။ သော ပုရိသပုဂ္ဂလော၊ ဤ ယောကျ်ားသည်။ အဝဿုတော ဝါ၊ ရာဂဖြင့် စွတ်သော်လည်းကောင်း။ အနဝဿုတော ဝါ၊ ရာဂဖြင့် မစွတ်သော်လည်းကောင်း။ တေ၊ ရှင်မအား။ကိံ ကရိဿတိ၊ အဘယ်ကို ပြုနိုင်အံ့နည်း။ ယတော၊ အကြင်ကြောင့်။ တွံ၊ ရှင်မသည်။ အနဝဿုတာ၊ ရာဂဖြင့် မစွတ်။ တသ္မာ၊ ထိုကြောင့်။ ကိံ ကရိဿတိ။ တသ္မာ၊ ထိုသို့ ဘာမျှ မပြုနိုင်သောကြောင့်။ အယျေ၊ ရှင်မ။ ဣယံ၊ ငါတိုက်တွန်း၏။ သော ပုရိသပုဂ္ဂလော၊ သည်။ တေ၊ ရှင်မအား။ ယံ ခါဒနီယံ ဝါ။ ယံ ဘောဇနီယံ ဝါ။ ဒေတိ။ တံ၊ ထို ခဲဖွယ် ဘောဇဉ်ကို။ တွံ၊ ရှင်မသည်။ သဟတ္ထာ။ ပဋိဂ္ဂဟေတွာ။ ခါဒ ဝါ၊ ခဲမူလည်း ခဲလော့။ ဘုဉ္ဇ ဝါ၊ စားမူလည်း စားလော့"။ ဣတိ ဝေ်ဝဒေယျ။ အယမ္ပိ။

**အစိပ္ပာယ်။** ။ကိံ ကရိဿတိ၏ အကြောင်းကား ယတော တွံ အနဝဿုတာ။ ကိံ ကရဿတိ၏ အကျိုးကား ဣဃ်အယျေ။ ဤသို့စပ်။ (သင် ရာဂမစွတ်သောကြောင့် ငါ တိုက်တွန်း၏ ဟု စပ်လျှင် အစပ် ကျော်၏။ မစုံလင်။) စကားသုံးရပ် အစဉ်ကား (၁) သင် ရာဂ မစွတ်သောကြောင့် (၂) ထိုသူ ဘာမျှ မပြုနိုင်။ (၂) ထိုသူ ဘာမျှ မပြုနိုင်သောကြောင့် (၃) ငါ တိုက်တွန်း၏။ ဤသို့ စပ်လျှင် စကား စုံလင်၏။ ဤသို့ တိုက်တွန်းအံ့၊ ဒုက္ကဋ်။ တိုက်တွန်းခြင်းကြောင့် စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ထုလ္လစ္စည်း။ စားပြီး အဆုံး၌ သံဃာဒိသိသ်။ ဤကား တိုက်တွန်းသူအတွက် အာပတ်လေးချက်။ စားသူအား ယခင်သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်။ ထုလ္လစ္စည်း။ သံဃာဒိသိသ်။ သုံးချက်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတဦး ဤသို့ တိုက်တွန်းခြင်းကြောင့် ပညတ်၏။ သာဏတ္တိက သာတည်း။ ယောကျ်ား၏လက်မှ လည်းကောင်း၊ ဘီလူး စသည်တို့၏ လက်မှလည်းကောင်း ရေ၊ ဒန်ပူကို တိုက်တွန်းအံ့။ တိုက်တွန်းခြင်းကြောင့် ခံအံ့၊ သုံးဆောင်အံ့၊ ဒုက္ကဋ်။ ဘီလူး စသည်တို့၏ လက်မှ အာမိသကို တိုက်တွန်းအံ့၊ ခံအံ့၊ မျိုအံ့၊ ဒုက္ကဋ်။ စားပြီးအဆုံး၌ ထုလ္လစ္စည်း။ ရာဂမစွတ်ဟု သိ၍လည်းကောင်း၊ အမျက်ထွက်သဖြင့် အလှူမခံဟု သိ၍လည်းကောင်း သနားသဖြင့် အလှူမခံဟူ သိ၍လည်းကောင်း၊ တိုက်တွန်းအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

လူယောကျ်ားဖြစ်ခြင်း၊ ခွင့်ပြုသော အကြောင်းမရှိပဲ "ခဲဖွယ်ဘောဇဉ်ကို ခံယူ၍ စားပါ"ဟု တိုက်တွန်းခြင်း။ ထိုတိုက်တွန်းခြင်းဖြင့် တပါးသော ဘိက္ခုနီ-ခံယူစားသောက်ပြီးခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန် စသည် အဒိန္နာဒါနနှင့် တူ၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မသုန္ဒရီနန္ဒာသည် အလွန်အဆင်းလှ၏။ မွန်မြတ်သော ဘောဇဉ်လှူသည်ကို အလိုလိုဖြစ်၍ အလှူမခံ။ အနီးရှိ ဘိက္ခုနီတဦးသည်-ရှင်မအဘ ်ကြောင့် အလှူမခံသနည်း၊ ထိုသူ ရာပ စွတ်ခသောကြောင့်တည်း။ သင်ရာဂစွတ်သလော။ ငါမစွတ်။ ထိုသူစွတ်သော် လည်းကောင်း။ မစွတ်သော်လည်းကောင်း။ သင်မစွတ်လျှင် အဘယ်သို့ ပြုနိုင် အံ့နည်း ထိုသူလှူသမျှ ယူစားပါလော့....ဟု တိုက်တွန်း၏ ဤသို့ တိုက်တွန်း သည်ဟု ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

သတ္တမ၊ အဋ္ဌမ၊ နဝမ ဖြစ်သော သင်္ဃာဒိသေသ်၊ ဒုဋ္ဌဒေါသ၊ အညာ ဘာဂိယတို့သည် ဆိုပြီးသောနည်း ရှိကုန်၏။ (သာခရဏတို့တည်း။)

**၇-သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ။ ကုပိတာ၊ အမျက်ထွက် သည်ဖြစ်၍။ အနတ္တမနာ၊နှလုံးမသာယာသည်ဖြစ်၍။ ဧဝံ၊ ဝဒေယျ။ "ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ ပစ္စာစိက္ခာမိ၊ စွန့်ပါ၏။ ဓမ္မံ။ ပစ္စာစိက္ခာ မိ။ သံဃံ။ ပစ္စာစိက္ခာမိ။ သိက္ခံ၊သိက္ခာကို။ ပစ္စာစိက္ခာမိ။ ယာသမဏိ ယော၊ အကြင်ဘိက္ခုနီမတို့သည်။ သကျဓီတရော၊ သာကီဝင်မင်းသမီး တို့ ဖြစ်ကုန်၏။ ဣမာဧဝ၊ ဤသာကီဝင်မင်းသမီးတို့သည်သာလျှင်။ သမဏိယောကိံ နု၊ ဘိက္ခုနီမတို့လော။ လဇ္ဇိနိယော၊ မကောင်းမှုမှ ရှက်တတ်ကုန်သော။ ကုက္ကုစ္စိကာ၊ကုက္ကုစ္စသံသယရှိကုန်သော။သိက္ခာ ကာမာ၊ သိက္ခာသုံးပါးလိုလားကုန်သော။ အညာပိသမဏိယော၊ တပါးသော ဘိက္ခုနီမတို့သည်လည်း။ သန္တိ၊ရှိကုန်၏။ တာသံ၊ထိုဘိက္ခု နီမတို့၏။ သန္တိကေ၊ အထံ၌။ အဟံ၊ငါသည်။ဗြဟ္မစရိယံ၊ မြတ်သော အကျင့်ကို။ စရိဿာမိ၊ ကျင့်အံ့။ ဣတိ။ ဝဒေယျ။ သာ ဘိက္ခုနီ။ ဘိက္ခုနီဟိ၊ ဧဝံ။ ဝစနီယာ၊ဆိုအပ်သည်။အဿ—ဟောတိ။ "အယျေ၊ ကုပိတာ၊ အနတ္တမနာ ဗုဒ္ဓံ ပစ္စာစိက္ခာမိ။ လ။ စရိဿာမီတိ၊ စရိဿာမိ ဟူ၍။ ဧဝံ။ မာ အဝစ။ အယျေ၊ ရှင်မ။ အဘိရမ၊ မွေ့လျော်ပါ လော့။ ဓမ္မော၊တရားသည်။ သွာက္ခာတော၊ ကောင်းစွာ ဟောအပ်

သောတရားဖြစ်၏။ သမ္မာ။ ကောင်းစွာ၊ ဒုက္ခဿ၊ ဝဋ်ဆင်းရဲ၏။အန္တ ကိရိယာယ၊ အဆုံးကို ပြုခြင်းငှာ။ဗြဟ္မစရိယံ။ စရ၊ ကျင့်ပါလော့။" က္လာတိ။ ဝစနီယာအယ-ဟောတိ။ ဧဝဉ္စ။ သာ ဘိက္ခုနီ။ ဘိက္ခုနီဟိ။ ဝုစ္စမာနာ။ တထေဝ။ ပဂ္ဂဏှေယျ။ သာ ဘိက္ခုနီ။ဘိက္ခုနီဟိ။တဿ၊ ထို (ဆိုသော) အယူကို။ ပဋိနိဿဂ္ဂါယ။ ယာဝတတိယံ။ သမနုဘာသိတဗ္ဗာ။ယာဝတတိယံ။ သမနုဘာသိယမာနာ။တံ၊ ထိုအယူကို။စေပဋိနိဿဇ္ဇေယျ၊ ဣစ္စေတံ။ ကုသလံ။ နောစေပဋိနိဿဇ္ဇေယျ။ အယမ္ပိ ဘိက္ခုနီ။ ယာဝတတိယကံ၊ သုံးကြိမ်တိုင်အောင် ဉာတ်ကမ္မဝါစာဖြင့် ဆုံးမသည့်အဆုံး၌ ရောက်ခြင်းရှိသော။ နိဿာရဏီယံ....။

**အဓိပ္ပာယ်။** ။အမျက်ထွက်၍ ဗုဒ္ဓံပစ္စာစိက္ခာမိ စသည်ဖြင့် ဆိုသူကို ကြားလျက် မဆုံးမအံ့၊ ဒုက္ကဋ်။ နှစ်ကြိမ်မြောက် သံသာအလယ်၌ ဆုံးမရသည်။ သုံးကြိမ်မြောက် သမနုဘာသနကံဖြင့် ဆုံးမရသည်။ ဉာတ်အဆုံးထိ မစွန့်တိုင်း ဒုက္ကဋ်။ ကမ္မဝါစာ နှစ်ကြိမ်အဆုံး၌ ထုလ္လစ္စည်းနှစ်ချက်။ ကမ္မဝါစာအဆုံး၌ သံဃာဒိသိသ်၊ သံဃာဒိသိသ်သို့ရောက်သောအခါ ဉာတ်တိ ဒုက္ကဋ်နှင့် ထုလ္လစ္စည်း နှစ်ခုတို့သည် ငြိမ်းကုန်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ စဏ္ဍကာဠီ-ဗုဒ္ဓံ ပစ္စာစိက္ခာမိ/စသည်ဖြင့်ဆိုခြင်းကြောင့် ပညတ်၏။ ဤသို့ ဆိုခြင်းသည်သာလျှင် အင်္ဂါ လေးပါးတို့တွင် ပဌမ အင်္ဂါဖြစ်၏။ ဤကား အထူးတည်း။ အကြွင်းကို သံဃဘေဒက စသည်ဖြင့် သိအပ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မစဏ္ဍကာဠီသည် တပါးသော ဘိက္ခုနီတို့နှင့် ခိုက်ရန်ဖြစ်ကုန်၍ အမျက်ထွက်သဖြင့် ဗုဒ္ဓံ ပစ္စာ စိက္ခာမိ စသည်ဖြင့် ဆို၏။ ကဲ့ရဲ့ကုန်၏။ ယင်းကြောင့် ပညတ်သည်။ (ဗုဒ္ဓံ ပစ္စာစိက္ခာမိဟု ဆိုသော်လည်း စိတ်ဆိုး၍ ဆိုလျှင် သိက္ခာမကျ။ ဘိက္ခုနီတို့အား ကား လူထွက်လိုလျှင် သိက္ခာချဖွယ် မရှိ။ လူဝတ်လဲကာမျှဖြင့် သိက္ခာကျသည်။ နောင် ရဟန်းပြုခွင့်ပင် မရ။ ရဟန္တာဖြစ်သော သဒ္ဓေးသားအား ဟေဘိက္ခုခေါ်ရာ၌ သမ္မာဒုက္ခဿ အန္တကိရိယာယ-ဟု မမိန့်မြွက်ကြောင်း ဋီကာတို့၌ ဆို၏။)

**ဂ-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ကိသ္မိဉ္စိဒေဝ၊ တစုံတခုသာလျှင်ဖြစ်သော။ အဓိကရဏေ၊ အဓိကရုဏ်း၌။(ဝိဝါဒစသော လေးပါး)ပစ္စာ

ကတာ၊ ရှုံးသည်ဖြစ်၍။ ကုပိတာ။ အနတ္တမနာ။ ဧဝံ။ ဝဒေယျ။ “ဘိက္ခုနိယော၊ ဘိက္ခုနီမတို့သည်။ ဆန္ဒဂါမိနိယောစ၊ ဆန္ဒဂတိသို့လည်း လိုက်ကုန်၏။ ဘိက္ခုနိယော။ ဒေါသာဂါမိနိယော စ။ ဘိက္ခုနိယော။ မောဟဂါမိနိယော စ။ ဘိက္ခုနိယော။ ဘယဂါမိနိယောစ။” ဣတိ ဧဝံ။ ဝဒေယျ။ သာ ဘိက္ခုနီ။ ဘိက္ခုနီဟိ။ ဧဝံ။ ဝစနီယာ။ အယျာ။ ဟောတိ။ အယျေ။ ကိသ္မိဥ္စိဒေဝ၊ အဓိကရဏေ၊ ပစ္စာကတာ၊ ကုပိတာ။ အနတ္တမနာ။ “ဆန္ဒဂါမိနိယောစ ဘိက္ခုနိယော။ လ။ ဘယဂါမိနိယောစ ဘိက္ခုနိယော”တိ၊ ဘိက္ခုနိယောဟူ၍၊ ဧဝံ၊ မာအဝစ။ အယျာခေါ၊ ရှင်မသည်သာလျှင်။ ဆန္ဒာပိ၊ ချစ်သဖြင့်လည်း။ ဂစ္ဆေယျ။ အာဂတိသို့ လိုက်ရာ၏။ ဒေါသာပိ၊ အမျက် ထွက်သဖြင့်လည်း။ ဂစ္ဆေယျ၊ မောဟာပိ၊ တွေဝေသဖြင့်လည်း။ ဂစ္ဆေယျ။ ဘယာပိ၊ ကြောက်သဖြင့်လည်း။ ဂစ္ဆေယျ။ ဣတိဝစနီယာ။ အယျ-ဟောတိ။ ဧဝဥ္စ။ သာ ဘိက္ခုနီ။ ဘိက္ခုနီဟိ။ ဝုစ္စမာနာ။ တထေဝ။ ပဂ္ဂဏှေယျ။ သာဘိက္ခုနီ။ ဘိက္ခုနီဟိ။ တဿ၊ ထိုအယူကို။ ပဋိနိဿဂ္ဂါယ။ ယာဝတတိယံ။ ။လ။ နောစေ ပဋိနိဿဇ္ဇေယျ။ အယမ္ပိဘိက္ခုနီ။ ယာဝတတိယကံ။

**အဓိပ္ပာယ်။** ။အဓိကရုဏ်းလေးပါး တပါးပါးရှုံး၍ အမျက်ထွက်၍ ဆန္ဒဂါမိနီ—စသည်ဖြင့်ဆိုသူကို ကြားလျက် မဆုံးမအံ့၊ ဒုက္ကဋ်။ ယခင်ကဲ့သို့ သုံးကြိမ် ဆုံးမလျက် အယူမစွန့်အံ့၊ ကမ္မဝါစာ အဆုံး သံဃာဒိသိသ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ စဏ္ဍကာဠီ—“ဘိက္ခုနီမတို့-ဆန္ဒာဂတိ လိုက်ကုန်၏”စသည်ဖြင့် ဆိုခြင်းကြောင့် ပညတ်၏။ အကြွင်းကို ယခင် နည်းဖြင့် သိအပ်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ စဏ္ဍကာဠီသည် တစုံတခုသော အဓိကရုဏ်း၌ ရှုံး၍ အမျက်ထွက်၍....ဘိက္ခုနီမတို့သည် ဆန္ဒဂတိလိုက်ကုန်၏။ စသည်ဖြင့်ဆို၏။ အဘယ်ကြောင့် ဤသို့ ဆိုသနည်း-ဟု ကဲ့ရဲ့ကုန်၏။ထို့ကြောင့် ပညတ်သည်။

**၉-သိက္ခာပုဒ်။** ။ဘိက္ခုနီ ယော ပနေဝ၊ ဘိက္ခုနီမတို့သည်သာလျှင်။ သံသဋ္ဌာ၊ လူတို့နှင့် ရောနှောကုန်သည်ဖြစ်၍။ (စပါးထောင်း၊ ဆန်ဖွပ်၊ ထမင်းချက်၊သတင်းစကားဆောင်-စသည်ဖြင့် ရောကုန်၏။) ပါပါစာရာ၊ ယုတ်မာသော ကိုယ်ကျင့်၊ နှုတ်ကျင့်-ရှိကုန်သည်ဖြစ်၍။

ပါပသဒ္ဒါ၊ ယုတ်မာသော ကျော်စောသံ ရှိကုန်သည်ဖြစ်၍။ ပါပသိလောကာ၊ ယုတ်မာသော အသက်မွေးခြင်း ရှိကုန်သည်ဖြစ်၍။ ဘိက္ခုနီသံဃသ....၊ အား။ ဝိဟေသိကာ၊ ညှဉ်းဆဲကုန်သည်ဖြစ်၍။ (ကံပြုလျှင် တလှည့်စီတားခြင်းဖြင့် ညှဉ်းကုန်၏။) အည မညိဿာ၊ အချင်းချင်း၏။ ဝဇ္ဇပဋိစ္ဆာဒိကာ၊ အပြစ်ငယ်ကို ဖုံးလွှမ်းကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ ဟာဘိက္ခုနိယော။ ဘိက္ခုနီဟိ။ ဧဝံ။ ဝစနိယာ၊ ဆိုအပ်ကုန်သည်။ အဿု—ဟောန္တိ။ "ဘဂိနိယော၊ ညီမတို့သည်။ ခေါ၊ စင်စစ်။ သံသဋ္ဌာ။ ပါပါစာရာ။ပါပသဒ္ဒါ။ ပါပသိလောကာ။ ဘိက္ခုနီ သံဃဿ။ ဝိဟေသိကာ။ အညမညိဿာ။ ဝဇ္ဇပဋိစ္ဆာဒိကာ။ ဝိဟရန္တိ။ အယျေ၊ ရှင်မတို့။ တုမှေ၊ ရှင်မတို့သည်။ ဝိဝိစ္စထ၊ ရောနှောခြင်းမှ ကင်းရှင်းကြလော။ ဘဂိနီနံ၊ ညီမတို့၏။ ဝိဝေကညေဝ၊ ကင် ရှင်းခြင်းကိုသာလျှင်။ သံဃော။ ဝဏ္ဏေတိ၊ ချီးမွမ်း၏။" ဣတိ။ ဝစနီယာ အဿု ဟောန္တိ။ ဧဝဉ္စ။ တာဘိက္ခုနိယော။ ဘိက္ခုနီဟိ။ ဝုစ္စမာနာ။ တထေဝ။ ပဂ္ဂဏှေယျုံ၊ ချီးမြှောက်ကုန်ငြားအံ့၊ တာ ဘိက္ခုနိယော။ ဘိက္ခုနီဟိ။ တဿ၊ ထိုနေသောအယူကို။ ပဋိနိဿဂ္ဂါယ။ ယာဝတတိယံ။သမနုဘာသိတဗ္ဗာ၊ ဉာတ် ကမ္မဝါစာဖြင့် ဆုံးမအပ်ကုန်၏။ ယာဝတတိယံ။ သမနုဘာသိယမာနာ။....အပ်ကုန်သည်ရှိသော်။ တံ၊ ထိုအယူကို။စေပဋိနိဿဇ္ဇေယျုံ၊ အကယ်၍ စွန့်ကုန်ငြားအံ့။ ဣစ္စေတံ။ ကုသလံ။ နောစေ ပဋိနိဿဇ္ဇေယျုံ။ ဣမာပိဘိက္ခုနိယော၊ ဤဘိက္ခုနီမတို့သည်လည်း။ ယာဝတတိယကံ၊....။လ။....၊ အာပန္နာ၊ ရောက်ကုန်၏။

**အဓိပ္ပာယ်။** ။ဤ၌ ကေတော၊ ဥဘတောအားဖြင့် ဘိက္ခုနီမအားလုံးသည် ဘိက္ခုနိယောပနေဝ မည်၏။ ရဟန်းတို့အား မလျော်သော ကိုယ်နှုတ် အမှုအရာဖြင့် ရောနှောသော ဘိက္ခုနီတို့သည် သံသဋ္ဌာတို့ မည်ကုန်၏။ လူတို့၏ စပါးထောင်းခြင်း၊ ဆန်ဖွပ်ခြင်း၊ ထမင်းချက်ခြင်း၊ သတင်းစကား ဆောင်ခြင်း စသော အမှုအရာ ဟူလို။ ယုတ်မာသော ကိုယ်နှုတ် အကျင့်ရှိလျှင် ပါပါစာရာ။ မကောင်းသတင်း ကျော်စောလျှင် ပါပသဒ္ဒါ။ မိစ္ဆာဇီဝဖြင့် အသက်မွေးလျှင် ပါပသိ လောကာ။ သံဃာသည် ကံပြုသောအခါ မိမိတို့အချင်းချင်း တားခြင်းဖြင့် ညှဉ်းဆဲလျှင် ဘိက္ခုနီ သံဃဿ ဝိဟေသိကာ။ ခုဒ္ဒါနုခုဒ္ဒက အပြစ်ငယ်ကို ဖုံးလျှင် ဝဇ္ဇပဋိစ္ဆာဒိကာ မည်ကုန်၏။ ဝိဝိစ္စထ ဟူသည်ကား "သင်တို့ တသီးတခြား ဖြစ်ကြ"ဟု ဆိုသော စကား ဖြစ်၏။

ကိုယ်နှုတ် ရောနှောခြင်းကို စွန့်ကြ ဟူလို။ ဤသို့ ရောနှော၍ နေသော ဘိက္ခုနီတို့ကို သုံးကြိမ် ဆုံးမအပ်၏။ မစွန့်အံ့၊ ကမ္မဝါစာအဆုံး၌ သံဃာဒိသိသ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ရောနှော နေခြင်းကြောင့် ပညတ်၏။ အကြွင်း တူပြီ။ ဤ၌ သမနုဘာသနကံ ပြုသောအခါ နှစ်ပါး၊ သုံးပါးကို တပေါင်းတည်း ကမ္မဝါစာ ဖတ်ကုန်၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မထုလ္လနန္ဒာ၏ တပည့်မတို့သည် လူတို့နှင့် ရောနှောကုန်၏။ အကျင့် ယုတ်မာကုန်၏။ မကောင်းသတင်း ကျော်စောကုန်၏။ မိစ္ဆာဇီဝဖြင့် အသက်မွေးကုန်၏။ ဘိက္ခုနီ သံဃာအား ညှဉ်းဆဲကုန်၏။ အချင်းချင်း အပြစ်ဖုံးကုန်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၁၀-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဝေါ။ ဝဒေယျ။ "အယျေ၊ ရှင်မတို့။ တုမှေ၊ ရှင်မတို့သည်။ သံသဋ္ဌာဝ၊ လူတို့နှင့် ရောနှောကုန်သည်ဖြစ်၍ သာလျှင်။ ဝိဟရထ၊ နေကြကုန်လော့၊ တုမှေ။ နာနာ၊ တသီးတခြား။ မာ ဝိဟရိတ္ထ၊ မနေကြကုန်လင့်။ သံဃေ၊ သံဃာ၌။ ဧဝါစာရာ၊ ဤသို့ အကျင့်ရှိကုန်သော။ ဧဝံသဒ္ဒါ၊ ဤသို့ ကျော်စောသံရှိကုန်သော။ ဧဝံသိလောကာ၊ ဤသို့ အသက်မွေးခြင်း ရှိကုန်သော။ ဘိက္ခုနိ သံဃဿ။ ဝိဟေသိကာ။ အညမညိဿာ။ ဝဇ္ဇပဋိစ္ဆာဒိကာ၊ ကုန်သော။ အညာပိ ဘိက္ခုနိယော၊ တပါးသော ဘိက္ခုနီမတို့သည်လည်း။ သန္တိ၊ ရှိကုန်၏။ တာ၊ ထိုဘိက္ခုနီမတို့ကို။ သံဃော။ ကိဉ္စိ၊ တစုံတခုသော စကားကို။ န အာဟ၊ မဆို။ တုမှညေဝ၊ (တုမှံ+ဧဝ၊) ရှင်မတို့ကိုသာလျှင်။ သံဃော။ ဥညာယ၊ နှိမ့်ချကာ သိခြင်းအားဖြင့် လည်းကောင်း။ ပရိဘဝေန၊ (သင်းတို့ ဘာများတတ်နိုင်ဟု) လှမ်းမိုးကာ သိခြင်းအားဖြင့် လည်းကောင်း။ အက္ခန္တိယာ၊ သည်းမခံခြင်း (မျက်မုန်းကျိုးခြင်း) အားဖြင့်လည်းကောင်း။ ဝေဘဿိယာ၊ အားရှိသော စကားဆိုခြင်းအားဖြင့် လည်းကောင်း။ (ဝါ၊ ယိတ်လန့်အောင် အားစွမ်းပြခြင်းအားဖြင့်လည်းကောင်း။) ဒုဗ္ဗလျာ၊ ရှင်မတို့၏။ အားနည်းခြင်းအားဖြင့်လည်းကောင်း။ (အသင်းအပင်း မရှိခြင်းဟူလို။).... 'ဘဂိနိယော ခေါ သံသဋ္ဌာ ဝိဟရန္တိ ဧဝါစာရာ။....။လ။.... သံဃော ဝဏ္ဏေတိ' တိ၊ ဝဏ္ဏေတိဟူ၍။ အာဟ၊ ဆိုပြီ။" ဣတိ ဧဝံ

ဝဒေယျ။ သာဘိက္ခုနီ။ ဘိက္ခုနီဟိ။ ဝေ။ ဝစနီယာ။ အယျ-ဟော တိ။ "အယျေ၊ ရှင်မ။ "သံသဋ္ဌာဝ....။လ။....ဝဏ္ဏေတီ" တိ၊....ဝဏ္ဏေတိ ဟူ၍။ ဝေ။ မာအဝစ"။ ဣတိ။ ဝစနီယာ။ အယျ-ဟောတိ။ဝေဠ။ သာ ဘိက္ခုနီ....။လ။ တံ၊ ထိုအယူကို။ နေ့ာစေပဋိနိဿဇ္ဇေယျ။ အယမ္ပိ။ ယာဝတတိယကံ။

**အစိပ္ပာယ်။** ။သမန္ ဘာသနက်ဖြင့် ဆုံးမထားသော ဘိက္ခုနီတို့ကို ဤသို့ အားပေးစကား ဆိုခြင်းသည်- ဝဲဝဒေယျ မည်၏။ ဝေါဝါရာ စသည်ကား "သင်တို့၏ အကျင့် စသည်ဖြင့် အဘူတ-ဟု ဆိုကြောင်း စကား ဖြစ်၏။ အနိမ့်စားထား၍ သိခြင်းသည် ဉညာ မည်၏။ ဤဘိက္ခုနီတို့-အသို့ တတ်နိုင်ကုန်အံ့နည်းဟု လွှမ်းမိုး၍ သိခြင်းသည် ပရိဘဝ မည်၏။ သည်းမခံ ခြင်းသည် အက္ခန္တိ မည်၏။ အမျက်ထွက်ခြင်းဟူလို။ အားရှိသော စကား၏ အဖြစ်သည် ဝေဘဿ မည်၏။ မိမိ၏ အားစွမ်းကိုပြသော ထိတ်လန့်စေသော စကားကို ဆိုခြင်းဟူလို။ အသင်းမရှိ၍ အားနည်းခြင်းသည် ဒုဗ္ဗလျ မည်၏။ သမန္ဘာသနက်ဖြင့် ဆုံးမထားသော ဘိက္ခုနီတို့ကို ရောနှော၍သာ နေကြဟု အားပေးသူ သုံးကြိမ်ဆုံးမ၍ မရလျှင် သံဃာ ဒိသိသ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ရှင်မတို့ ရောနှော၍သာ နေကြ၊ တသီးတခြား မနေကြနှင့်ဟု တိုက်တွန်းခြင်းကြောင့် ပညတ် ၏။ အကြောင်းတူပြီ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မထုလ္လနန္ဒာသည် သမန္ ဘာသနက်ဖြင့် ဆုံးမထားသော ဘိက္ခုနီတို့ကို ရှင်မတို့ ရောနှော၍သာ နေကြ-စသည်ဖြင့် အားပေးစကားဆို၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ် သည်။

**ကြွင်းသိက္ခာပုဒ်များ။** ။သံဃဘေဒ စသော ကြွင်းသိက္ခာပုဒ် လေးခုတို့၌ အဆုံးအဖြတ်ကို ဆိုပြီးသောအတိုင်း သိအပ်၏။ အထူးကား ဘိက္ခုနီသည် သံဃာကို မခွဲနိုင်။ သံဃဘေဒကကံ မထိုက်နိုင်။ ကံ့အောင် အားထုတ်၏။ အတုလိုက်၍ ကျင့်၏။ သမာနသံဝါသက ပကတတ် ရဟန်းသည်သာလျှင် သမာန သံဝါသကသိမ်၌ တည်၍ သံဃာကို ခွဲနိုင်သည်။ ခွဲပုံကား တသိမ်တည်း၌ အနည်းဆုံး ဓမ္မဝါဒီလေးပါး သံဃာ၊ အဓမ္မဝါဒီ

ဒိလေးပါး သံဃာရှိရမည်။ နဝမ ရဟန်းသည် ထိုသံဃာနှစ်ဦးကို ခွဲ၍ ကံပြုအံ့။ ပါတိမောက် ပြအံ့၊ ထိုအခါ သံဃာသည် ကွဲ၏။ နဝမ ရဟန်းသည် သံဃဘေဒက မည်၏။ အဓမ္မဝါဒီ လေးပါးသည် ဘေဒါနုဝတ္တက မည်၏။ အတုလိုက်သူ မည်၏။ ဓမ္မဝါဒီ လေးပါးကား အပြစ်မရှိ။ ဘိက္ခုနီကား အားပေးရုံမျှ ပြုနိုင်၏။

**နိဂုံး။** ။အယျာယော၊ ရှင်မတို့။ သတ္တရသ။ သံဃာဒိသေသာ။ ဓမ္မာ။ ဥဒ္ဒိဋ္ဌာ ခေါ။ နဝ၊ ကိုးပါးတို့သည်။ ;ပဌမာ ပတ္တိကာ၊ ရှေးဦးစွာ လွန်ကျူးသော ခဏ၌ ရောက်ခြင်းရှိကုန်၏။ အဋ္ဌ၊ ရှစ်ပါးတို့သည်။ ယာဝ တတိယကာ၊ သုံးကြိမ်တိုင်အောင် ဉာတ်ကမ္မဝါစာဖြင့် ဆုံးမသည် အဆုံး၌ ရောက်ခြင်းရှိကုန်၏။ ဘိက္ခုနီ၊....သည်။ ယေသံ၊ ယင်း ၁၇-ပါးတို့တွင်။ အညတရံဝါ အညတရံဝါ။ အာပဇ္ဇတိ။ တာယ ဘိက္ခုနိယာ၊....သည်။ ဥဘတော သံဃေ၊ ဥဘတော သံဃာ၌။ ပက္ခ မာနတ္တံ၊ ပက္ခ မာနတ်ကို၊ စရိတဗ္ဗံ၊ ကျင့်အပ်၏။ ဘိက္ခုနိယာ၊....သည်။စိဏ္ဏ မာနတ္တာ ယ၊ မာနတ် ကျင့်ပြီးသည်ရှိသော်။ ယတ္ထ၊ အကြင်သိမ်၌။ ဝီသတိ ဂဏော။ ဘိက္ခုနိသံဃော။ သိယာ။ တတ္ထ။ သာဘိက္ခုနီ။ (ဘိက္ခုနီဟိ) အဗ္ဘေ တဗ္ဗာ။ ဧကာ ယပိ။ ဦနော။ ဝီသတိဂဏော။ဘိက္ခုနိ သံဃော။ တံ ဘိက္ခုနိံ။ စေ အဗ္ဘေယျ။ သာ စ ဘိက္ခုနီ။ အနဗ္ဘိတာ။ တာ စ ဘိက္ခုနိယော။ ဂါရယှာ၊ ဟောန္တိ။ အယံ။ တတ္ထ။ သာမိစိ။ တတ္ထ၊ ထို ၁၇-ပါးသော သံဃာဒိသိသ်၌။ အယျာယော၊....တို့ကို။ ပုစ္ဆာမိ။လ။ဓာရယာမိ။ တတိယော သံဃာဒိသေ သုဒ္ဒေသော။ သမတ္တော။ ရဟန်းကို ပညတ်သော သာဓာရဏ-၇။ အသာဓာရဏ ၁၀-အားဖြင့် ၁၇-ဖြစ်၏။

**ပက္ခမာနတ်။** ။ဘိက္ခုနီသည် အာပတ်ဖုံးသော်လည်း ဖုံးသည် မမည်။ ဒုက္ကဋ် မသင့်။ ပရိဝါသ် မထိုက်။ ဖုံးသော်လည်းကောင်း၊ မဖုံးသော်လည်းကောင်း ၁၅-ရက် ပက္ခတခုပတ်လုံး မာနတ်သာ ကျင့်ရသည်။ သိမ်၌ ဘိက္ခုနီအနည်းဆုံး လေးပါးစည်းဝေး၍ မာနတ်ပေးရသည်။ အာပတ်အနည်း၊ အများ၊ ဝတ္ထု တူ။ မတူ+အားလျော်စွာ ကမ္မဝါစာ ဖတ်ရသည်။

ခွဲဦးအံ့။ အာပတ်သတ်သင် လိုသောဘိက္ခုနီသည် ဘိက္ခုနီ သံဃာသို့ ချဉ်းကပ်၍ ဧကံသံ ဝတ်ရုံ၍ ဘိက္ခုနီတို့၏ ခြေကို ရှိခိုး၍ ဆောင့်ကြောင့်ထိုင် လက်အုပ်ချီလျက်...."အဟံ အယျေ၊ ဧကံ အာပတ္တိံ အာပဇ္ဇိံ။ ဥဿယဝါဒိံ သာဟံ အယျေ သံဃံ ကေဿဿ အာပတ္တိယာ ဥဿယဝါဒါယ ပက္ခမာနတ္တံ ယာစာမိ"ဟု သုံးကြိမ်တောင်း

အပ်၏။ ကမ္မဝါစာအဆုံး၌ ဝတ္တံ သမာဒိယာမိ၊ မာနတ္တံ သမာဒိယာမိ–ဟု ဆောက်တည်၍ သံဃာအား မာနတ်ကြား၊အပ်၏။ နိက္ခိတ္တဝတ်နေလိုလျှင် တပါးပါးထံ ဝတ္တံ နိက္ခိပါမိ၊ မာနတ္တံ နိက္ခိပါမိ ဟု ချအပ်၏။ မကြားရသေးသူထံ ကြား၍ ချအပ်၏။ ချပြီးသောအခါ ပကတတ်အရာ၌ တည်၏။

ထို့နောက် အရုဏ်မတက်မီ လေးယောက်သော ဘိက္ခုနီတို့သည် ထိုဘိက္ခုနီမကို ခေါ်၍ ဂါမူပစာရမှလည်းကောင်း၊ ရဟန်းတို့၏ ဝိဟာရူပစာရမှလည်းကောင်း ခဲနှစ်ကျလွန်စေ၍ လမ်းမကြီးမှ ဖဲ၍ ချုံစောင်းရန်း စသည်ဖြင့် ဖုံးလွှမ်းသောနေရာ၌ နေအပ်၏။ လေးပါးသော ရဟန်းတို့သည်လည်း ထိုအရပ်သို့ သွား၍ မနီးမဝေး သီးခြားနေအပ်၏။ ထိုဘိက္ခုနီမသည် ဝတ်ဆောက်တည်၍ ဘိက္ခုနီ သံဃာအား–အဟံ အယျေ စသည်ဖြင့် ကြားပြီးလျှင် ရဟန်းသံဃာထံ သွား၍ အဟံ အယျာ....စသည်ဖြင့် ကြား၍ ဘိက္ခုနီသံဃာထံ ပြန်၍ နေအပ်၏။ ဝတ်ကြားပြီးသောအခါမှစ၍ ရဟန်းတို့ ဖဲသွားကုန်သော်လည်းကောင်း၊ အဖော်မတယောက်ထား၍ ဘိက္ခုနီတို့ ဖဲသွားကုန်သော်လည်းကောင်း၊ ဉဘတော သံဃာ၌ မာနတ်ကျင့်သည် မည်၏။ အရုဏ်မတက်မီ ဘိက္ခုကိုလည်းကောင်း။ ဘိက္ခုနီကိုလည်းကောင်း မြင်လျှင် မြင်တိုင်းကြားအပ်၏။ အရုဏ်တက်သောအခါ ဝတ်ချ၍ ဘိက္ခုနီမကျောင်းသို့ ပြန်အပ်၏။ ဤသို့ ၁၅-ရက်ပြည့်အောင် ကျင့်ရသည်။

အနိက္ခိတ္တဝတ် နေလိုလျှင် ဘိက္ခုလေးပါး၊ ဘိက္ခုနီ လေးပါးတို့ထံ နေ့တိုင်းကြား၍ အာဂန္တုရောက်လျှင် ရောက်သမျှကြား၍၊ ၁၅-ရက်ပြည့်အောင် ကျင့်ရသည်။ မာနတ် ပြီးသောအခါ ဘိက္ခုနီ သံဃာ နှစ်ကျိပ်ရှိရာ သိမ်၌ အဗ္ဘာန်သွင်းအပ်၏။

သံဃာဒိသိသ်ပြီး၏။

# နိဿဂ္ဂိပါစိတ်

ဣမေ ခေါ ပနာယျာယော တိံသ နိဿဂ္ဂိယာ ပါစိတ္တိယာ ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

**၁-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ပတ္တသန္နိစယံ၊ သပိတ်သိုမှီး ခြင်းကို။ ကရေယျ၊ ပြုငြားအံ့။ တဿ ဘိက္ခုနိယာ၊အား။ နိဿဂ္ဂိယံ။ ပါစိတ္တိယံ။

**အမိပ္ပာယ်။** ။အဓိဋ္ဌာန် ဝိကပ္ပနာလောက်သော သံသပိတ် မြေသပိတ်သည်၊ ပတ္တမည်၏။ ရသောနေ့၌ အဓိဋ္ဌာန် ဝိကပ္ပနာ မပြုခြင်းသည် သန္နိစယ မည်၏။ သပိတ် ရသောနေ့၌ အဓိဋ္ဌာန် ဝိကပ္ပနာမပြုပဲ သိုမှီးအံ့၊ အရုဏ်တက်သည်နှင့် တပြိုင်နက် နိဿဂ္ဂိ ပါစိတ်။ သံဃံ ဂဃံ ပုဂ္ဂလကိုစွန့်၍ ဒေသနာ ကြားအပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီမတို့ သပိတ် သိုမှီးခြင်းကြောင့် ပညတ်၏။ ဘိက္ခုအား ဆယ်အရုဏ်လွန်မှ အာပတ်၊ ဘိက္ခုနီအား တအရုဏ်ဖြင့် အာပတ်၊ ဤမျှ ထူး၏။ အကြွင်းတူပြီ။

**ဝတ္ထု။** ။သာဝတ္ထိ၌၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီဘိက္ခုနီမတို့သည် သပိတ်များစွာ သိုမှီးကုန်၏။လူတို့ မြင်လတ်သော်၊သပိတ်ကုန်သည် ပြုကုန်အံ့လော၊ သပိတ်ဆိုင် ဖွင့်ကုန်အံ့လောဟု ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**ဝိနီတဝတ္ထု။** ။ဆဗ္ဗဂ္ဂီဘိက္ခုနီမ တို့သည် နိဿဂ္ဂိဖြစ်၍ ဝိနည်းကံ စွန့်သော သပိတ်ကို ပြန်မပေးကြကုန်။ ချစ်သားတို့ စွန့်သောသပိတ်ကို ပြန်မပေးအပ်သည်မဟုတ်၊ မပေးငြားအံ့၊ ဒုက္ကဋ်။

၅၂-သိက္ခာပုဒ်၊ ။ယာ ပန ဘိက္ခုနီ။ အကာလစီဝရံ၊ အကာလ သင်္ကန်းကို။ ကာလစီဝရန္တိ၊ ကာလသင်္ကန်းဟူ၍။ အဓိဋ္ဌဟိတ္ဝာ၊ စီရင်၍။ ဘာဇာပေယျ၊ ဝေဖန်စေငြားအံ့၊ တဿာ ဘိက္ခုနိယာ။

**အဓိပ္ပာယ်။** ။ကထိန်မခင်းလျှင် တလ၊ ခင်းလျှင် ငါးလ—ဤကာလအတွင်း ဖြစ်သော သင်္ကန်းသည် ကာလစီဝရ။ ထိုမှတပါး ၁၁—လ၊ ၇-လ၌ ဖြစ်သော သင်္ကန်းသည် အကာလစီဝရ မည်၏။တလ၊ ငါးလကာလ ၌ သော်လည်း ရည်းစူး၍ လှူသော အာဒိဿဒိန္န သင်္ကန်းသည် အကာလ သင်္ကန်းသာတည်း။ ဤသို့သော "ဝိကပ္ပနာလောက်သော" အကာလသင်္ကန်း ကို ကာလသင်္ကန်းဟုဆို၍ ဝေဖန်စေအံ့။ ပယောဂတိုင်း ဒုက္ကဋ်။ မိမိ ဝေစု ရသော သင်္ကန်းသည် နိဿဂ္ဂိ။ ဝိနည်းကံစွန့်ပြီး ပြန်ရသော်လည်း ဒါယကာ လှူတိုင်း အကာလ သင်္ကန်းနေရာသို့ ပြန်ပို့အပ်၏။

**အာဒိဿဒိန္န။** ။ရောက်လာသူတို့ ဝေဖန်စေကုန်သတည်း—ဟု ဆို၍ လှူ သောအဝတ်၊ သင်္ကန်း။ ဂဏဿဒမ္မိ၊ တုမှာကံဒမ္မိ—ဟု ဆို၍ လှူသော အဝတ် သင်္ကန်း။ လှူလိုသောဆန္ဒဖြင့် ခြေရင်း၌ထားသော အဝတ် သင်္ကန်း ဤ အလုံးစုံသည် အာဒိဿဒိန္န သင်္ကန်းမည်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ အကာလ သင်္ကန်းကို ကာလ သင်္ကန်းဟု စီရင်၍ ဝေဖန်ခိုင်းသောကြောင့် ပညတ်၏။ အကာလသင်္ကန်း၌ ဝေမတိက ဒုက္ကဋ်။ ကာလသင်္ကန်း၌ ဒွိကဒုက္ကဋ်။ ကာလ သင်္ကန်းဟု ထင်အံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

အကာလ သင်္ကန်းဖြစ်ခြင်း၊ အကာလ သင်္ကန်းဟု အမှတ်ရှိခြင်း၊ ကာလ သင်္ကန်းဟု စီရင်၍ အမြက်အားဖြင့် ဝေဖန်စေခြင်း။ ရခြင်း။ ဤကား အင်္ဂါ လေးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ များစွာသော ဘိက္ခုနီမတို့သည် ရွာငယ်၌ ဝါကျွတ်၍ သာဝတ္ထိသို့ သွားကုန်၏။ ဝတ်အကျင့် ဣရိယာပုထ် ပြည့်စုံကုန်၏။ အဝတ်သင်္ကန်းကား ခေါင်းပါးကုန်၏။ လူတို့သည် ဤဘိက္ခုနီ တို့ကား သင်္ကန်း ခေါင်းပါးကုန်၏ ဟု ဘိက္ခုနီ သံဃာအား အကာလ သင်္ကန်း လှူကုန်၏။ ရှင်မထုလ္လနန္ဒာသည်—ငါတို့ ကထိန်ခင်းထားသောကြောင့် ကာလ

သက်န်းဖြစ်သည်ဟု ဆို၍ အာနိသင်ရသူတို့အားသာ ဝေဖန်စေ၏။ ရှာငယ်မှ ဘိက္ခုနီတို့ မရကုန်။ ရှင်မထုလ္လနန္ဒာသည် အကာလ သင်္ကန်းကို ကာလသင်္ကန်းဟု စီရင်၍ ဝေဖန်စေသည်ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၃-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဘိက္ခုနီယာ၊ ဘိက္ခုနီမ တယောက်နှင့်။ သဒ္ဓိံ၊ တက္ခ။ စီဝရံ၊ သင်္ကန်းကို။ ပရိဝတ္တေတွာ၊ လဲလှယ်၍။ သာ ဘိက္ခုနီ၊ သည်။ ပစ္ဆာ။ ဧဝံ။ ဝဒေယျ။ "အယျေ။ တုယှံ၊ သင်၏။ စီဝရံ၊ သင်္ကန်းကို။ ဟန္ဒ၊ ယူလော့။ မေ၊ ငါ၏။ ဧကံစီဝရံ၊....ကို။ အာဟရ၊ ယူခဲ့လော့။ ယ၊ အကြင် သင်္ကန်းသည်။ တုယှံ၊ သင်၏—'သင်္ကန်းဖြစ်၏'။ ဧတံ၊ ထိုသင်္ကန်းသည်။ တုယှမေဝ၊ သင်အားသာလျှင်။ ဟောတု၊ ဖြစ်ပါစေ။ ယံ။ မယှံ၊ ငါ၏-သင်္ကန်းဖြစ်၏။ ဧတံ။ မယှမေဝ။ ဟောတု။ မေ၊ ငါ၏။ တံစီဝရံ။ အာဟာရ။ သကံ၊ မိမိ သင်္ကန်းကို။ ပစ္စာဟရ၊ ပြန်ယူလေလော့။" ဣတိ၊ ဤသို့ဆို၍။ အစ္ဆိန္ဒေယျ ဝါ၊ ကိုယ်တိုင်မူလည်း လုငြားအံ့။ အစ္ဆိန္ဒာပေယျ ဝါ၊ စေငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။ဝိကပ္ပနာလောက်သော အဝတ်သင်္ကန်းကို အများနှင့် အနည်းငယ်၊ အနည်းငယ်နှင့် အများပင် ဖြစ်စေသဲလှယ်ပြီးလျှင် ပြန်၍ လုယူအံ့၊ ကိုယ်တိုင်လုယူရာ၌ သင်္ကန်း တထုပ်—အာပတ်တခု၊ မထုပ်လျှင် တထည်-အာပတ်တခု။ လုခိုင်းရာ၌ တကြိမ်ခိုင်းလျှင် အများလုသော်လည်း အာပတ်တခုသာတည်း။(သကသညာ မကင်း၍သာ။ ကင်းလျှင် ဘဏ္ဍာဘိုးဖြင့် ဆုံးဖြတ်အပ်၏။)

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ သင်္ကန်းလဲလှယ်ပြီး ပြန်လုခြင်းကြောင့် ပညတ်၏။ သာဏတ္တိကာ။ တိကပါစိတ်။ တပါးသော ပရိက္ခရာ၌ တိကဒုက္ကဋ်။ အနုပသမ္ပန္နာ၏ သင်္ကန်း၌လည်း တိကဒုက္ကဋ်သာတည်း။ ပြန်ပေးသဖြင့် ယူအံ့၊ အကျွမ်းဝင်သဖြင့် ယူအံ့ ဥမ္မတ္တိကာစသည် ဖြစ်အံ့၊ အနာပတ္တိ။

ဥပသမ္ပန္နာဖြစ်ခြင်း၊လဲလှယ်သော အဝတ်သင်္ကန်း၏ ဝိကပ္ပနာလောက်ခြင်း။ သကသညာဖြင့် လုခြင်း၊ လုစေခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာသာ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မထုလ္လနန္ဒာသည် ဘိက္ခုနီ တယောက်နှင့် သက်န်းချင်းလဲ၍ သုံးဆောင်၏။ ထိုဘိက္ခုနီကား ထိုသင်္ကန်းကို ကောင်းစွာ သိမ်းထား၏။ရှင်မထုလ္လနန္ဒာသည် ထိုဘိက္ခုနီထံ သွား၍ ထိုသင်္ကန်း အဘယ်မှာနည်းဟု မေး၏။ ထုတ်ပြသောအခါ—သင့်သင်္ကန်း သင်ပြန်ယူ၊ ငါ့ သင်္ကန်း ငါပြန်ပေးဟုဆို၍ လုယူ၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၄-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အညံ၊ တမျိုးကို။ ဝိညာပေတွာ၊ တောင်း၍။ အညံ၊ တမျိုးကို။ ဝိညာပေယျ၊ တောင်းငြားအံ့။ တဿာ။

အဓိပ္ပာယ်။ ၊ဝိညာပေတွာ၊ သိစေ၍-သဒ္ဒါနက်။ တောင်း၍-အဓိပ္ပာယ်နက်။ လှူလိုသူထံ ထောပတ် တောင်း၍ရသောအခါ ထောပတ် အလိုမရှိ၊ ဆီ အလိုရှိသည်ဟု တောင်းအံ့၊ တောင်းခြင်းကြောင့် ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ၊ ပဌမတောင်း၍ ရသော ပစ္စည်းကိုလည်းကောင်း။ နောက် တပါးသော ပစ္စည်းကိုလည်းကောင်း။ နှစ်ခုအလိုရှိ၍ ပဌမ ပစ္စည်းကို အလိုမရှိ ဟန်ဖြင့် ငယ်၍ နောက်ပစ္စည်းကို တောင်းသည်။ ပဌမပစ္စည်း အပြစ်မရှိ။ နောက်ပစ္စည်း နိဿဂ္ဂိ။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရှင်ပထုလ္လနန္ဒာ-တမျိုးတောင်းပြီး တမျိုးတောင်း ခြင်းကြောင့် ပညတ်၏။အညာ၌ တိက ပါစိတ်။အနညာ၌ ဒွိက ဒုက္ကဋ်။အနညာ၌ အနည သညာရှိအံ့၊ ထိုပစ္စည်းကိုသာ-မလောက်၍ ထပ်တောင်း အံ့၊ တမျိုးဖြင့်လည်း အလိုရှိပြန်သော် ထိုကိုလည်းကောင်း၊ တမျိုးကိုလည်း ကောင်း နှစ်ခုအတူတောင်းအံ့၊ အကျိုးနည်း၍ ကိစ္စပြီးခြင်းတူသည်ဟု အကျိုးပြ ၍ တပါးသော ပစ္စည်းသက်သက်တောင်းအံ့၊ဥမ္မတ္တကာစသည်ဖြစ်အံ့၊အနာပတ်။ အမြွက်ဖြင့် ယူလိုခြင်း၊ ပစ္စည်းတမျိုးကို ပြပ်တောင်းခြင်း၊ရခြင်း။ ဤကား အင်္ဂါသုံးပါးတည်း။ သမုဋ္ဌာန်စသည် သဋ္ဌရိတ္တာနှင့် တူ၏။

၄ ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ...။ ရှင်မထုလ္လနန္ဒာသည် ဂိလာနာဖြစ်၏။ ဒါယကာတဦးသည် ချဉ်းကပ်၍ ဝေဒနာပျောက်ကင်းစေခြင်းငှာ အဘယ်ကို ဆောင်ရမည်နည်းဟု ဆို၏။ ထောပတ်အလိုရှိသည်ဟု ဆိုလတ် သော် ထောပတ်တသပြာဖိုး ဆိုင်မှဝယ်၍ လာလှူ၏။ဒါယကာ ထောပတ်

ဖြင့် အလိုမရှိ၊ ဆီဖြင့်အလိုရှိသည်ဟု ဆိုပြန်၏။ ဆိုင်သို့ ပြန်သွား၍ အရှင်မသည် ထောပတ်မယူလို၊ ဆီကိုသာ ယူလိုသတဲ့။ ထောပတ်ပြန်ယူ၍ ဆီပေးပါဟု ဆိုလတ်သော် အမောင် ငါတို့ဈေးသည် ဟူသည်ရောင်းပြီးသော ဘဏ္ဍာကို ပြန်မယူ။ ထောပတ်ဖိုးဖြင့် ထောပတ်ယူပြီးပြီ။ ဆီဖိုးဖြင့် ဆီယူပါဟု ဆိုလိုက်၏။ "ရှင်မထုလ္လနန္ဒာသည် တမျိုးတောင်းပြီး တမျိုးတောင်းသည်"ဟု ထိုဒါယကာကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

၅-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အညံ၊တမျိုးကို။ စေတာပေတွာ၊ ဝယ်စေ၍။ အညံ၊ စေတာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။စေတာပေတွာ၊ ကပ္ပိယဘဏ္ဍာဖြင့် လဲလှယ်စေ၍၊ ဝယ်ခြင်းဟူလို။ထောပတ်ကို ဝယ်ခိုင်း၍ ရသောအခါ ထောပတ်အလိုမရှိ၊ ဆီအလိုရှိသည်ဟု ဆီကိုဝယ်ခိုင်းအံ့၊ ဝယ်ခိုင်းခြင်းကြောင့် ဒုက္ကဋ်။ မူလအဖိုးဖြင့်လည်းကောင်း။တပါးသော အဖိုးဖြင့်လည်းကောင်း။ရသောအခါ နိဿဂ္ဂိ။ ယခင်ကဲ့သို့ နှစ်မျိုးလုံးရလို၍ နောက်ပစ္စည်းကို ဝယ်ခိုင်းသည်။ ရောင်းပြီးဘဏ္ဍာ ဈေးသည် ပြန်မယူလျှင် ဤထောပတ်ကို ငါ့အားလှူခဲ့၍ ဆီကို သူ့ပစ္စည်းဖြင့် ဝယ်လှူလိမ့်မည်ဟု မြော်လင့်သည်။ အဆုံးအဖြတ် စတုတ္ထနှင့်တူပြီ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မထုလ္လနန္ဒာသည် ဂိလာနာဖြစ်၏။ဒါယကာတဦး သည် ဤမည်သော ဈေးဆိုင်၌ ငွေပေးထားပါမည်၊ လိုရာတောင်းယူပါ ဟု ဆို၏၊ သိက္ခမာန်မတယောက်ကို စေလွှတ်၍ တသပြာတန်ဆီကို ယူခိုင်း၏။ ဆီရသောအခါ-ဆီအလိုမရှိ၊ ထောပတ်ကို အလိုရှိသည်ဟု ဆိုပြန်၏။ ဆိုင်သို့ ပြန်သွား၍ အရှင်မသည် ထောပတ်ကို အလိုရှိသတဲ့၊ ဆီပြန်ယူ၍ ထောပတ်ပေးပါဟု ဆိုလတ်သော် ဈေးသည်ဟူသည် ရောင်းပြီးဘဏ္ဍာ ပြန်မယူ၊ ဆီဖိုးဖြင့် ဆီယူပြီးပြီ။ထောပတ်ဖိုးဖြင့် ထောပတ်ယူပါ-ဟု ဆိုလိုက်၏။ သိက္ခမာန်မသည် ငို၏။ တပါးသော ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ (ဤသိက္ခမာန်သည်ကုလဓီတု ဖြစ်၏။ဆီကိုထားခဲ့၍ ထောပတ်ကို မိမိအိမ်မှယူလာလိမ့်မည်ဟု အထင်ဖြင့် ဆိုသတတ်။)

၆-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အညဒတ္ထိကေန၊ တမျိုး၏အလို့ငှာ လှူအပ်သော။အညုဒ္ဒိသိကေန၊ တမျိုးကို ညွှန်း၍ လှူအပ်

သော။ သံဃိကေန၊ သံဃာအလို့ငှာ လှူပြီးသော။ ပရိက္ခာရေန၊ ကပ္ပိယဘဏ္ဍာဖြင့်။ အညံ၊ တမျိုးကို။ စေတာပေယျ၊ ဝယ်စေခြေားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။ကပ္ပိယဘဏ္ဍာသည် ပရိက္ခာရမည်၏။ ထိုဘဏ္ဍာသည်ပင်လျှင် သက်န်းစသော ပစ္စည်းတမျိုး၏ အလို့ငှာ လှူသောကြောင့် အည+ဒတ္တိက။တမျိုးကို ရည်ညွှန်း၍ လှူသောကြောင့် အည+ဒိသိက။သံဃာ အတွက် လှူပြီးဖြစ်သောကြောင့် သံဃိကမည်၏။ ဤသို့သော ပရိက္ခရာဖြင့် ဆေးစသောပစ္စည်းတမျိုးကို ဝယ်ခိုင်းအံ့၊ဒုက္ကဋ်။ ရသောအခါနိဿဂ္ဂိ။ (သံဃာ အတွက် လှူပြီးဖြစ်သောကြောင့် ဝိနည်းကံစွန့်၍ ပြန်ရသော်လည်း သံဃာ့ထံ ပြန်ပို့အပ်၏။)

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီမများစွာ-ဤသို့သော ပရိက္ခရာဖြင့် ပစ္စည်းတမျိုးဝယ်ခိုင်းခြင်းကြောင့် ပညတ်၏။ အညဒတ္တိကဌ် တိကပါစိတ်။ စွန့်ပြီး ပြန်ရလျှင် လှူမြဲတိုင်းသို့ ဆောင်အပ်၏၊ အနညဒတ္တိကဌ် ဒွိကဒုက္ကဋ်။အနညဒတ္တိကဌ် အနညဒတ္တိကဟု အမှတ်ရှိအံ့၊ ရည်ညွှန်း တိုင်း ဝယ်စေပြီးမှ အကြွင်းကို တမျိုးအတွက် ဆောင်အံ့။ ဤပစ္စည်းအတွက် သင်တို့လှူသော်လည်း ဤပစ္စည်းဖြင့် ငါတို့အလိုရှိသည်ဟု လှူသူကို ပန်ကြား ၍ ဆောင်အံ့၊ ကျောင်းစွန့်ပြေးလောက်သော ဘေးရန်ကြောင့် ၆၂လိုရှိရာ ဆောင်အံ့၊ ဥမ္မတ္တကာစသည်ဖြစ်အံ့—အနာပတ္တိ။ အကြွင်းစတုတ္ထနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဒါယကာတို့သည် ဘိက္ခုနီသံဃာ၏ သက်န်းအလို့ငှာ သဒ္ဒါအလျောက် စုဆောင်း၍ရသော ပရိက္ခရာ တို့ကို အထည်ကုန်သည်အိမ်၌ အပ်ထားကုန်၏။ ဘိက္ခုနီတို့အားလည်း-သက်န်း အလိုရှိသောအခါ ထိုအိမ်မှ ယူခိုင်း၍ ဝေဖ်ကြပါဟု ဆိုကုန်၏။ ဘိက္ခုနီ တို့သည် ထိုပရိက္ခရာဖြင့် ဆေးပစ္စည်းဝယ်ခိုင်း၍ သုံးဆောင်ကုန်၏။ ဒါယကာ တို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၇-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ အညဒတ္တိကေန၊ အညုဒ္ဒိသိ ကေန၊ သံဃာကေန၊ ပရိက္ခာရေန “ပ”၊....ဖြင့်လည်းကောင်း။ သံယာ စိခကေန “ပ”၊ ကိုယ်တိုင်တောင်းအပ်သော ကပ္ပိယဘဏ္ဍာဖြင့် လည်းကောင်း။ အညံ၊ စေတာပေယျ။ တဿာ။

**အဓိပ္ပာယ်**။ ။ဝတ္ထုကြောင်းဖြင့် သိသာသောကြောင့် သိက္ခာပုဒ်၌ပိ–သဒ္ဒါ မယှဉ်။ အညာတကက သံဃိကပရိက္ခာရာဖြင့်လည်းကောင်း။ ကိုယ်တိုင်တောင်း၍ရသော ပရိက္ခာရာဖြင့်လည်းကောင်း။ ထိုနှစ်ခုပေါင်းဖြင့် ဆေးစသော ပစ္စည်းတမျိုးကို ဝယ်စေအံ့၊ ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ အဆုံးအဖြတ် ဆင္ဒနှင့် တူပြီ။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ဒါယကာတို့သည် ဘိက္ခုနီသံဃာ၏ သင်္ကန်းအတွက် စုဆောင်း၍ အထည်ကုန်သည် အိမ်၌ အပ်ထားကုန်၏။ သင်္ကန်း အလိုရှိသောအခါ ယူခိုင်း၍ ဝေဖန်ကြပါဟု ဘိက္ခုနီတို့အားလည်း ဆိုကုန်၏။ ဘိက္ခုနီတို့သည် ထိုဘဏ္ဍာဖြင့် ၎င်းကိုယ်တိုင်တောင်း၍ (ရသောဘဏ္ဍာဖြင့်) ၎င်းဆေးပစ္စည်းဝယ်ခိုင်း၍ သုံးဆောင်ကုန်၏။ ဒါယကာတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၄-**သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ။ အညဒတ္ထိကေန၊ အညုဒ္ဒိသိကေန။ မဟာဇနိကေန၊ ဂိုဏ်းအလို့ငှာ လှူပြီးသော။ ပရိက္ခာရေန၊ အညံ၊ စေတာပေယျ။ တဿ။

**အဓိပ္ပာယ်**။ ။သံဃ၊ ပုဂ္ဂလမှတပါးသည် မဟာဇန မည်၏။ ဂိုဏ်းမည်၏။ အဘိဓမ္မာဆောင်ဂိုဏ်း စသည် သည်လည်း မဟာဇန မည်၏။ အညဒတ္ထိက မဟာဇနိက ပရိက္ခာရာဖြင့် ဆေး စသော တမျိုးကို ဝယ်စေအံ့။ ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ အဆုံးအဖြတ် ဆင္ဒနှင့် တူ၏။ ဝိနည်းကံစွန့်ပြီး ပြန်ရလျှင် ဂိုဏ်းသို့ ပြန်ပို့အပ်၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ အသင်းတခု၏ ကျောင်း၌နေသော ဘိက္ခုနီတို့သည် ယာဂုဖြင့် ပင်ပန်းကုန်၏။ အသင်းသားအပေါင်းသည် ဘိက္ခုနီတို့ ယာဂုအတွက် ကပ္ပိယ ဘဏ္ဍာစုဆောင်း၍ ဈေးသည်အိမ်၌ ထား၏။ လိုသောအခါ ဆန်ယူခိုင်း၍ ယာဂုကျို၍ သုံးဆောင်ကြပါဟု ဆို၏။ ဘိက္ခုနီတို့သည် ထို (မဟာဇနိက) ဘဏ္ဍာဖြင့် ဆေးပစ္စည်း ဝယ်ခိုင်း၍ သုံးဆောင်ကုန်၏။ အသင်းသားတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၅-**သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ၊ အညဒတ္ထိကေန၊ အညုဒ္ဒိသိကေန၊ မဟာဇနိကေန၊ ပရိက္ခာရေန "ပိ"။ သညာစိကေန "ပိ"၊ အညံ၊ စေတာပေယျ၊ တဿ။

**အစိပ္ပာယ်။** ။ပရိက္ခရာ နှစ်ခုပေါင်းဖြင့် ဆေး စသော ပစ္စည်းတမျိုးကို ဝယ်စေအံ့၊ ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ အကြွင်း ဆဋ္ဌနှင့် တူပြီ။ ဝတ္ထု ယခင်နှင့် တူပြီ။

၁၀-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ အညဒတ္ထိကေ န၊ အညုဒ္ဒိသိကေ န။ ပုဂ္ဂလိကေ န၊ ပုဂ္ဂလိအလ္လိင်ာ လှူပြီးသော။ ပရိက္ခာရေ န "ပ"။ သံယာစိကေ န "ပ"။ အည၊ စေတာပေယျ။ တဿာ။

**အစိပ္ပာယ်။** ၊တယောက်သော ဘိက္ခုနီအား လှူပြီးသော ကပ္ပိယ ဘဏ္ဍာသည် ပုဂ္ဂလိက မည်၏။ ၎င်းလည်း ပရိက္ခရာ နှစ်ခုပေါင်းဖြင့် ရည်ညွှန်း၍ လှူသည်မှတပါးသော ဆေးစသော ပစ္စည်းတမျိုးကို ဝယ်စေအံ့။ ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ စွန့်ပြီး ပြန်ရလျှင် လှူမြဲတိုင်းသို့ ကျောင်းအတွက် ပြန်ပို့အပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ထိုသို့သော ဘဏ္ဍာဖြင့် တမျိုးဝယ်စေသောကြောင့် ပညတ်၏။ အကြွင်းဆဋ္ဌနှင့်တူပြီ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မထုလ္လနန္ဒာသည် တရားဟောကောင်း၏။ လူပေါင်းများစွာ ဆည်းကပ်၏။ တနေ့၌ ကျောင်း ပြိုကျ၏။ ဆောက်လုပ်သူမရှိ။ လူတို့သည် သဒ္ဓါအလျောက် စုဆောင်း၍ ကပ္ပိယဘဏ္ဍာကို ကျောင်းအတွက် လှူကုန်၏။ ရှင်မထုလ္လနန္ဒာသည် တိုပရိက္ခရာဖြင့် လည်းကောင်း၊ ကိုယ်တိုင်တောင်း၍ ရသော ပရိက္ခရာဖြင့် လည်းကောင်း ဆေးပစ္စည်း ဝယ်ခိုင်း၍ သုံးဆောင်၏။ လူတို့ ကဲ့ရဲ့ကုန်၏။ ယင်းကြောင့် ပညတ်သည်။

ပတ္တဝဂ္ဂေါ ပဌမော။

(ဤပတ္တဝဂ်၌ ဝိနည်းကံစွန့်ပြီး ပြန်ရသော်လည်း မသုံးရ။ လှူရင်းတိုင်းသို့ ပြန်ပို့ရသော သိက္ခာပုဒ် ၆-ခုရှိသည်။ ဖော်နိုင်၏လော။ ကြွင်းလေးခု ဖော်နိုင်လျှင် ၆-ခုလည်း ဖော်နိုင်လတ္တံ့။)

---

၁၁-သိက္ခာပုဒ်။ ။ဂရုပါ ဝုရဏံ၊ (အေးသောအခါ ခြုံစရာ) ထူလေးသော အရုံကို။ စေတာပေန္တိယာ၊ တောင်းသော။ ဘိက္ခုနိယာ၊

သည်။ စတုက္ကံ သ ပရမံ၊ လေးကံသ (၁၆-သပြာ) ထိုက်သောအရှုံကို။ စေတာပေတဗ္ဗံ၊ တောင်းအပ်၏။ တတော၊ ဥတ္တရိ၊ စေစေတာပေယျ၊ အကယ်၍ တောင်းငြားအံ့။ တဿ၊

**အဓိပ္ပာယ်။** ။အေးသောအခါ ရုံသော အရုံသည် ဂရုပါဝုရဏ မည်၏။ ထူ၏၊ လေး၏။ ၁၆-သပြာ ထိုက်တန်လျှင် စတုက္ကံ သ ပရမ မည်၏။ လေးသပြာသည် တကံသ မည်၏။ စေတာပေတ္တိယာကို ဝိညာပေတ္တိယာဟု ဖွင့်ဟောသည်။ သိစေခြင်း၊ ဝယ်စေခြင်း၊ တောင်းခြင်း အနက်ဖြစ်၏။ သီတင်းသုံးဖော်၊ ဉာတက၊ ပဝါရိတတို့ထံ လေးကံသထက် အလွန်သော်လည်း တောင်းကောင်း၏။ နိစ္စပဝါရဏာမဟုတ်ပဲ တစုံတခုသော ဂုဏ်ထူးကို ကြည်ညို၍ "အရှင်မ လိုရာပစ္စည်းဖြင့် ပြောပါ"ဟု ဓမ္မနိမန္တနစွမ်းဖြင့် ဖိတ်ကြားသူထံ၌ကား လေးကံသ ထိုက်သည်ထက် အလွန် မတောင်းအပ်။ တောင်းငြားအံ့။ ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂိ။ ၎င်း ဖိတ်ရာ၌ တောင်းခြင်းကို မတားထိုက်။ ဓမ္မနိမန္တနစွမ်းဖြင့် ဖိတ်ရာ၌ လေးကံသအထိ တောင်းအပ်၏ ဟု ဘုရားရှင် ပိုင်းသည်။ ၊-

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ၊ ကောသလမင်းကြီးကို ကမ္ဗလာ တောင်းခြင်းကြောင့် ပညတ်၏။ အတိရေက စတုက္ကံသ၌ တိကပါစိတ်။ ဦနစတုက္ကံသ၌ ဒွိက ဒုက္ကဋ်။ လေးကံသအောက် ယုတ်သည်၌ ယုတ်သည်ဟု ထင်အံ့။ လေးကံသ ထိုက်သည်ကို တောင်းအံ့။ ဉာတကထံ၊ ပဝါရိတထံ တောင်းအံ့။ တပါးအလို့ငှာ တောင်းအံ့၊ မိမိဥစ္စာဖြင့် ယူအံ့၊ အဖိုးတန် တောင်းစေလိုသူကို အဖိုးအနည်းငယ်တန် တောင်းအံ့၊ ဥမ္မတ္တကာစသည် ဖြစ်အံ့၊ အနာပတ်တို့။

ထူသော အရုံဖြစ်ခြင်း၊ လေးကံသထက် အလွန်ထိုက်ခြင်း။ ခွင့်ပပြုရာ၌ တောင်းခြင်း၊ ရခြင်း။ ဤကား အင်္ဂါလေးပါးတည်း။ သမုဋ္ဌာန်စသည် သဥ္စရိတ္တနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထို၊ ဇေတဝန်။ ရှင်မထုလ္လနန္ဒာသည် တရားဟောကောင်း၏။ ပသေနဒီ ကောသလမင်းကြီးသည် ချမ်းအေးသောအခါ အဖိုးတန် ကမ္ဗလာခြုံ၍ တရားနာသွား၏။ တရား၌ ကြည်ညိုသဖြင့် အရှင်မအလိုရှိရာပြောပါဟု (ဓမ္မနိမန္တနစွမ်းဖြင့်) ဖိတ်ကြား၏။ မြတ်သောမင်းကြီး လှူလိုလျှင်

ဤကမ္ဗလာကို လှူလော့ဟု ဆို၏။ မင်းကြီးသည် လှူ၍ပြန်သွား၏။ လူတို့သည်။ ဤဘိက္ခုနီတို့ကား လောဘကြီးကုန်၏။ မင်းကြီးထံ ကမ္ဗလာတောင်းသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၁၂-သိက္ခာပုဒ်။ ။လဟုပါဝုရဏံ၊ (ပူအိုက်သောအခါ ခြုံစရာ) ပေါ့ပါးသော အရုံကို။ စေတာပေန္တိယာ၊ ဘိက္ခုနီယာ။ အဍ္ဍတေယျကံသပရမံ၊ နှစ်ကံသခွဲ (ဆယ်သပြာ) ထိုက်သောအရုံကို။ စေတာပေတဗ္ဗံ၊ တတော၊ ဥတ္တရိ၊ စေစေတာပေယျ၊ တဿ။

**အဝိပ္ပာယ်။** ။ပူအိုက်သောအခါ ရုံသောအရုံသည် လဟုပါဝုရဏ မည်၏။ ပေါ့ပေါ့ပါးပါး ရှိ၏။ ဆယ်သပြာထိုက်လျှင် အဍ္ဍတေယျကံသပရမ မည်၏။ တစ်ခုတခု ဂုဏ်ထူးကြည်ညို၍ ဖိတ်သူထံ နှစ်ကံသခွဲထိုက်သည်ထက် အလွန်မတောင်းအပ်။ တောင်းငြားအံ့၊ ဒုက္ကဋ်။ ရသောအခါ နိဿဂ္ဂီ။

**အဆုံးအဖြတ်။** ။အဆုံးအဖြတ် ယခင်သိက္ခာပုဒ်နှင့် တူပြီ။ ဝတ္ထုလည်း တူပြီ။ အထူးကား ကောသလ မင်းကြီးသည် ပူအိုက်သောအခါအရုံတန်ခေါမ ပုဆိုးရုံလာခြင်းသာ ထူး၏။ ထိုနောက် ဖိတ်သည်။ ထိုပုဆိုးကို တောင်းသည်။ လှူသည်။ လူတို့ ကဲ့ရဲ့ကုန်သည်။ ထို့ကြောင့် ပညတ်သည်။

**နိဿဂ္ဂီ သုံးဆယ်ပြစ်ပုံ။** ။ဒုတိယဝဂ်၌ အကြွင်းရှစ်။ တတိယဝဂ်၌ တဆယ် အားဖြင့်နောက် ၁၈-ခုသည် ဘိက္ခုပါတိမောက်၌ ဆိုပြီးသော နည်းရှိပြီ။

ဝဂ္ဂခွဲပုံကား-ဘိက္ခုဝိဘင်းစီဝရဝဂ်၌ ဓောဝန၊ ပဋိဂ္ဂဟဏနှစ်ခုကို ဖယ်ထုတ်ပြီးလျှင် ထိုနှစ်နေရာ၌ အကာလ သင်္ကန်းဝေဖန်စေခြင်း၊ လဲလှယ်၍ပြန်လုခြင်း-နှစ်ခုကိုသွင်းအံ့၊ ပဌမဝဂ်ဖြစ်၏။ ဧဠကလောမဝဂ်၌အစခုနစ်ခု ဖယ်ထုတ်ပြီးလျှင် အညသတ္တကနှင့် ဒုတိယဝဂ်ဖြစ်၏။ ပတ္တဝဂ်၌ဒသာဟပတ္တ၊ ဝဿိကသာဋိကာ၊ အရည-သုံးခုဖယ် ထုတ်ပြီးလျှင် ပတ္တသန္နိစယ၊ ဂရု၊ လဟုပါဝုရဏနှင့် တတိယဝဂ် ဖြစ်၏။

နိဿဂ္ဂီပြီး၏။

# သုဒ္ဓပါစိတ်

ဣလမေ ခေါ ပနာယျာယော၊ ဆသဋ္ဌိသတာ-၁၆၆-ပါး ကုန်သော။ ပါစိတ္တိယာ။ ဓမ္မာ။ ဥဒ္ဒေသံ။ အာဂစ္ဆန္တိ။

၁-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ လသုဏံ၊ (မဂဓတိုင်းဖြစ် အမြွှာင့်များသော) လသုဏ ကြက်သွန်ကို။ ခါဒေယျ။ တဿာ ဘိက္ခုနိယာ၊ ထိုဘိက္ခုနီမအား။ ပါစိတ္တိယံ၊ ပါစိတ်အာပတ်သည်။ ဟောတိ၊ ဖြစ်၏။

**အဓိပ္ပာယ်။** ။မဂဓတိုင်း၌ ဖြစ်သော အမြွှာင့်များသော ကြက်သွန်၌ အစိမ်းသည် လသုဏ မည်၏။ တမြွှာင့် နှစ်မြွှာင့် သုံးမြွှာင့်မျှ ရှိသည်မဟုတ်။ လသုဏ ကြက်သွန်အစိမ်းကို စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါစိတ်။ နှစ်ခု သုံးခု တကြိမ်တည်း ဝါးမျိုသော်လည်းကောင်း၊ တမြွှာင့် နှစ်မြွှာင့်မျှ ဖဲ့၍ ဝါးမျိုသော်လည်းကောင်း မျိုတိုင်း ပါစိတ်။

**ကြက်သွန်ငါးမျိုး။** ။ကြက်သွန်သည် ပလဏ္ဍုက၊ ဘဉ္ဇနက၊ ဟရိတက၊ စာပလသုဏ၊ လသုဏ-ဟု ငါးမျိုးရှိ၏။ ပလဏ္ဍုကသည် အဆင်းဖြော့၏၊ တမြွှာင့်ရှိ၏။ ဘဉ္ဇနက-နီ၏၊ နှစ်မြွှာင့်။ ဟရိတက-စိမ်း၏၊ သုံးမြွှာင့်။ စာပလသုဏ-အဆင်းမပြ၊ အမြွှာင့်မရှိ၊ အညွန့်မျှရှိသည်။ လသုဏ-အဆင်းမပြ၊ လေးငါးမြွှာင့် စသည်ဖြင့် အမြွှာင့်များ၏။ မဂဓတိုင်း၌ ဖြစ်၏။ အဆင်းမပြသော်လည်း လသုဏ ကြက်သွန်-အဖြူဟု ဆိုကုန်၏။ ဤလသုဏ ကြက်သွန်သည်သာလျှင် ဘိက္ခုနီအား ပါစိတ်။ ဘိက္ခုအား ဒုက္ကဋ်။

ပလဏ်-ဘဉ္ဇ၊ ဟရိတ၊ စာပ-လသုဏာ ။
တစ်-နှစ်-သုံး မြွှာင့်၊ မရှိမြွှာင့်၊ အမြွှာင့်များလှစွာ ။
ဖြော့-နီ စိမ်းမျှ၊ ဆင်းရောင်ပြ၊ ရှေ့က သုံးခုသာ။
ဘိက္ခုနီ လသု၊ ပါစိတ်ရှု၊ ဘိက္ခု ဒုက္ကဋာ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ လသုဏ ကြက်သွန် ယူခိုင်းခြင်းကြောင့် ပညတ်၏။ လသုဏ၌ တိကပါစိတ်၊ အလသုဏ၌ ဒွိကဒုက္ကဋ်။ အလသုဏ၌ အလသုဏ သညာဖြစ်အံ့၊ ပလဏ်၊ ဘဉ္ဇ၊ ဟရိတ၊ စာပ ကြက်သွန်လေးမျိုးဖြစ်အံ့၊ ဟင်းချက်ရာ၊ အသားချက်ရာ၊ ဆီချက်ရာ၊ ဆီးယိုလုပ်ရာ၊ လက်သုပ် ဟင်းလျာပြုရာ၌ လသုဏ ကြက်သွန်ထည့်အံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

လသုဏ ကြက်သွန်အစိမ်း-ဖြစ်ခြင်း၊ မျိုခြင်း-ဤကား အင်္ဂါနှစ်ပါးတည်း။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဒါယကာတဦးသည် ဘိက္ခုနီ သံဃာအား လသုဏ ကြက်သွန်ဖြင့် ဖိတ်ကြား၏။ ယာခင်း၌လည်း ဘိက္ခုနီမများလာလျှင် နှစ်ခု၊ သုံးခုစီ လှူလော့ဟု မှာထား၏။ တနေ့၌ ဘိက္ခုနီတို့ အိမ်လာ၍ ကြက်သွန်တောင်းကုန်၏။ အိမ်၌ကုန်နေသဖြင့် ယာခင်းသို့ သွားပါဟု ဆို၏။ ရှင်မထုလ္လနန္ဒာသည် ယာခင်းသို့သွား၍ အတိုင်းမသိ ကြက်သွန်များစွာ ယူခိုင်း၏။ ယာခင်းစောင့် ကဲ့ရဲ့၏။ ထို့ကြောင့် အတိတ်ဆောင်၍ ပညတ်သည်။ အတိတ်ဆောင်ပုံကား-ချစ်သားတို့၊ ရှေးအခါ ဤထုလ္လနန္ဒာသည် ပုဏ္ဏား၏ မယားဖြစ်၏။ နန္ဒာ၊ နန္ဒဝတီ၊ သုန္ဒရီနန္ဒာ-ဟု သမီးသုံးယောက်ရှိ၏။ ပုဏ္ဏားကြီး သေသောအခါ ရွှေစစ် အတောင်ပေါက်သော ဟင်္သာဖြစ်၏။ ဟင်္သာသည် လာ၍ မယားနှင့် သမီးတို့အား အတောင်တခုစီ နေ့စဉ်ပေး၏။ ထုလ္လနန္ဒာသည် မရောင့်ရဲသဖြင့် ဟင်္သာကိုဖမ်း၍ အတောင်အားလုံး နှုတ်ယူ၏။ နောက်၌ ရွှေဟင်္သာကား ရွှေတောင်မပေါက်၊ အတောင်ဖြူတို့သာ ပေါက်ကုန်၏။ ထိုအခါလည်း လောဘကြောင့် ထုလ္လနန္ဒာ ရွှေမှဆုံးရှုံးပြီ။ ယခုလည်း ကြက်သွန်မှ ဆုံးရှုံးလတ္တံ့။ ရသမျှဖြင့် ရောင့်ရဲသင့်၏။ လောဘကြီးလျှင် မကောင်း၊ ရွှေဟင်္သာဖမ်း၍ ရွှေမှဆုံးရှုံးရပြီ—ဟု တရားဟော၍ ပညတ်သည်။

၂-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ သမ္ဗာဓေ၊ ဖုံးကွယ်ရာအရပ်၌၊ (ပဿာဝမဂ်၊ လက်ကတီးကြားဟူလို။) လောမံ၊ အမွေးကို။ သံဟရာပေယျ၊ ပယ်နုတ်စေငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။ပဿာဝမဂ်၊ လက်ကတီးကြားဟူသော ဖုံးကွယ်ရာ အရပ်သည် သမ္ဗာဓ မည်၏။ သင်တုန်း မွေးညှပ် ကပ်ကျေး-စသည်ဖြင့်

နုတ်ဖြတ် ရိတ်ပယ်စေခြင်းသည် သံဟရာပေယျ မည်၏။ တပင်ကိုဖြစ်စေ၊ အများကိုဖြစ်စေ ပယ်အံ့၊ ပယောဂတိုင်း ပါစိတ်။ အမွေး အရေအတွက်အား ဖြင့်မဟုတ်။ ဘိက္ခုအား ဒုက္ကဋ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီ ဘိက္ခုနီတို ဖုံးကွယ်ရာ၌ အမွေးပယ်စေ ခြင်းကြောင့် ပညတ်၏။ မိမိအလိုငှာ စေခိုင်းခြင်းဖြင့် သာဏတ္တိက။ အာပတ် အပြားမရှိ။ အနာအကြောင်းရှိအံ့၊ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။

အနာမရှိခြင်း၊ ဖုံးကွယ်ရာ၌ အမွေးပယ်ခြင်း-အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဘိက္ခုနီနှင့် အတူ ခရီးသွားသော ျသံဝိဓာနနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဆဗ္ဗဂ္ဂီဘိက္ခုနီတို့သည် ဖုံးကွယ်ရာ၌ အမွေး ပယ်၍ အစိရဝတီမြစ်၌ ပြည့်တန်ဆာမတို့နှင့် အတူ အဝတ်မဆီး တဆိပ်တည်း ရေချိုးကုန်၏။ ကာမဂုဏ် ခံစားသူတို့ကဲ့သို့ဟု ပြည့်တန်ဆာမတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၃-သိက္ခာပုဒ်။** ။တလဃာတကေ၊ ပဿာဝမဂ် အပြင်ကို ပုတ်ခတ်ခြင်း ကြောင့်။ ပါစိတ္တိယံ။ ဟောတိ။

**အဓိပ္ပာယ်။** ။အခွေ့ သာယာလျက် ကြာဝတ်ဆံမျှဖြင့်သော်လည်း ကျင် ကြောင်းကို ပုတ်ခတ်အံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီ နှစ်ယောက် ပဿာဝမဂ် အပြင်ကို ပုတ်ခတ်ခြင်းကြောင့်ပညတ်၏။မိမိအတွက် စေခိုင်းခြင်းဖြင့် သာဏတ္တိက။ အနာကြောင့် အနာကို ပုတ်ခတ်အံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

အနာမရှိခြင်း၊ ကျင်ကြောင်းကို ပုတ်ခတ်ခြင်း။ အခွေ့သာယာခြင်း-အင်္ဂါ သုံးပါး။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဘိက္ခုနီမ နှစ်ယောက်သည် ပျင်းရိသဖြင့် အခန်းတွင်းဝင်၍ ပဿာဝမဂ် အပြင်ကို ပုတ်ခတ်ကုန်၏။ ပုတ်ခတ်

သံကြား၍ ဘိက္ခုနီမတို့ ပြေးလာကြပြီးလျှင် အဘယ်ကြောင့် ယောကျ်ားနှင့် ဖေါက်ပြန်ကုန်သနည်းဟု ဆိုကုန်၏။ ယောကျ်ားနှင့်မဟုတ်ဟု ထိုအကြောင်း ပြောပြ၏။ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၄-သိက္ခာပုဒ်။ ။ဇတုမဋ္ဌကေ၊ အပြေအပြစ် ပွတ်အပ်သော ချိပ် တောင့်ကို ပဿာဝမဂ်သို့ သွင်းခြင်းကြောင့်။ ပါစိတ္တိယံ။ ဟောတိ။

အဓိပ္ပာယ်။ ။အပြေအပြစ် ပွတ်အပ်သောချိပ် သစ်သား၊ မုန့်ညက်၊ မြေညက်၊ အတောင့်သည် ဇတုမဋ္ဌက မည်၏။ အတွေ့ သာယာလျက် ကြာဝတ်ဆံမျှ သော်လည်း ကျင်ကြောင်း၌ သွင်းအံ့၊ ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌၊ ဘိက္ခုနီမတယောက် ပြေပြစ်သော ချိပ်တောင့် သာယာခြင်းကြောင့် ပညတ်၏။ အကြွင်းရှေ့ သိက္ခာပုဒ်နှင့် တူ၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ မင်းမောင်းမ တယောက်သည် ရဟန်းပြု၏။ ထိုဘိက္ခုနီမ တယောက်သည် ထိုဘိက္ခုနီမအား အရှင်မ သင်တို့ထံ အလွန်ကြာမှ မင်းကြီးရောက်သည်။ အဘယ်သို့ပြု၍ နေကြသနည်းဟု မေး၏။ အပြေအပြစ်ပွတ်သော ချိပ်တောင့်ဖြင့် ဟုဆို၏။ ထိုဘိက္ခုနီမသည် ချိပ်ချောင်း ဆောင်ယူပြီးလျှင် ရေမဆေးပဲထားခြင်းကြောင့် ယင်ကောင်ပြွမ်း၏။ မည်သူ ၏ဥစ္စာနည်းဟု မေးလတ်သော် ငါ့ဥစ္စာဟု ဆို၏။ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၅-သိက္ခာပုဒ်။ ။ဥဒကသုဒ္ဓိကံ၊ ပဿာဝမဂ် ရေဆေးခြင်းကို။ အာဒိယမာနာယ၊ ယူသော။ ဝါ၊ ပြုသော။ ဘိက္ခုနိယာ၊ သည်။ ဒွင်္ဂုလပဗ္ဗပရမံ၊ လက်နှစ်ဆစ် အတိုင်းအရှည်ရှိသောအရပ် တိုင်အောင် အာဒါတဗ္ဗံ၊ ပြုအပ်၏။ (သွင်း၍ ဆေးအပ်၏ဟူလို၊) တံ၊ ထိုအရပ်ကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော ဘိက္ခုနီမအား။ ပါစိတ္တိယံ။

အဓိပ္ပာယ်။ ။ကျင်ကြောင်း ရေဆေးခြင်းသည် ဥဒကသုဒ္ဓိက မည်၏။ ဆေးကြောမှု ပြုသူသည် အာဒိယမာန မည်၏။ လက်တချောင်းဖြင့် ဆေးလျှင် နှစ်ဆစ်သည် လည်းကောင်း၊ လက်နှစ်ချောင်းဖြင့် ဆေးလျှင်

တချောင်း တဆစ်စီသည်လည်းကောင်း ဒွင်္ဂုလပဗ္ဗ မည်၏။ ထိုသို့သော လက်ဆစ် နှစ်ခုမျှသွင်း၍ ဆေးအပ်၏။ ရေဆေးစဉ် အတွေ့ သာယာလျက် လက်တချောင်း၏ နှစ်ဆစ်မှ ဆံဖျားမျှသော်လည်း လွန်စေအံ့၊ ပါစိတ်။ လက်နှစ်ချောင်းမှလွန်၍ တတိယလက်ချောင်းဖျားမျှသော်လည်း လွန်စေအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သက္ကဘိုင်းတို့၌ ဘိက္ခုနီမ ဘယောက် နက်လွန်းစွာ ရေဆေးခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ ဥဒကဒွင်္ဂုလပဗ္ဗ၌ ဒွိကဒုက္ကဋ်။ ယုတ်သည်၌ ယုတ်သည်ဟု မှတ်ထင်အံ့၊ နှစ်ဆစ်အထိ ဆေးအံ့၊ အနာကြောင့် နှစ်ဆစ်ထက် လွန်စေအံ့၊ ဥမ္မတ္တိကာစသည်ဖြစ်အံ့—အနာပတ္တိ။ အကြွင်းဘတိယနှင့် တူ၏။ (ပမာဏအတိုင်း ဆေးရာ၌ အတွေ့သာယာသော်လည်း အနာပတ္တိ။)

**ဝတ္ထု။** ။သက္ကတိုင်း၊ ကပိလဝတ်၊ နိဂြောဓာရုံ...တခါ၌ မဟာပဇာပတိဂေါတမီသည် ဘုရားရှင်ထံ ချဉ်းကပ်၍ လေအောက်၌ နေလျက် မြတ်စွာဘုရား မာတုဂါမဟူသည် မကောင်းသော အနံ့ရှိပါသည်ဟု လျှောက်၏။ ရေဆေးခြင်းကို ပြုကုန်လော၊ မိန့်၍ တရားဟောပြီးလျှင် ရဟန်းတို့ကို ခေါ်၍ ချစ်သားတို့ ဘိက္ခုနီမတို့အား ရေဆေးခြင်းကို ခွင့်ပြု၏ဟု မိန့်တော်မူ၏။ ဘိက္ခုနီတယောက်သည် ဘုရားရှင်ခွင့်ပြုသည်ဟု နက်လွန်းစွာ ရေဆေး၍ ကျင်ကြောင်း၌ အနာဖြစ်စေ၏။ ဘိက္ခုနီမတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၆-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဘုဥ္ဇန္တဿ၊ ဘောဇဉ်စားသော။ ဘိက္ခုဿ၊ ရဟန်းအား။ (ဝါ-ရဟန်း၏ ဟတ္ထပါသ်အတွင်း၌။) ပါနီယေန ဝါ၊ သောက်ဖွယ်ဖြင့်လည်းကောင်း။ ဝိဓူပနေန ဝါ၊ ယပ်ဖြင့်လည်းကောင်း။ ဥပတိဋ္ဌေယျ၊တည်နေငြားအံ့၊ (ဝါ၊လုပ်ကျွေးခစားငြားအံ့။) တဿ။

**အဓိပ္ပာယ်။** ။ဘောဇဉ်ငါးပါး တပါးပါးစားဆဲဖြစ်သော ရဟန်းသည် ဘုဥ္ဇန္တမည်၏။ ရေ၊ ပအုံးရည်၊ နို့ရည်စသော သောက်ဖွယ်အားလုံးသည် ပါနီယမည်၏၊ အမှတ်မရှိ ယပ်အားလုံးသည် ဝိဓူပနမည်၏။ အယုတ်ဆုံးသင်္ကန်းစွန်းသော်လည်း ဝိဓူပနမည်၏။ ဟတ္ထပါသ်အတွင်း၌ တည်ခြင်းသည် ဥပတိဋ္ဌေယျမည်၏။ ထိုကြောင့် ဘောဇဉ်ဘုဉ်းပေးဆဲ ရဟန်း၏

ဟတ္ထပါသ်တွင်း၌ ရေ၊ ယပ်-တခုခုကိုင်လျက် ခစားသော ဘိက္ခုနီအား ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် ဤသို့ နေခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ ဟတ္ထပါသ်စွန့်၍ တည်အံ့၊ခဲဖွယ် စားစဉ်တည်အံ့-ဒုက္ကဋ်။ အနုပသမ္ပန္န၌ တိကဒုက္ကဋ်။ ဤသောက်ဖွယ်ကို သောက်ပါ၊ ဤယပ်ဖြင့် ယပ်ခပ်ပါ-ဟု ပေးအံ့၊ ပေးစေအံ့၊ အနုပသမ္ပန္နကို အနီး၌ တည်စေခြင်းငှာ စေခိုင်းအံ့၊ ဥမ္မတ္တိကာစသည် ဖြစ်အံ့၊ အနာပတ္တိ။

ဘောဇဉ်စားဆဲ ရဟန်း၏ ဟတ္ထပါသ်၌ တည်ခြင်း၊ သောက်ဖွယ်ဖြစ်စေ ယပ်ဖြစ်စေ ကိုင်ခြင်း။အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ အာရောဟန္တ မည်သော အမတ်ကြီးသည် ရဟန်းပြု၏။ အမတ်ကတော်လည်း ဘိက္ခုနီပြု၏။ ထိုရဟန်းသည် ထိုဘိက္ခုနီထံ သွား၍ ဆွမ်းစား၏။ ထိုဘိက္ခုနီသည် ဆွမ်းစားစဉ်သောက်ဖွယ် ဖြင့် ယပ်ခတ်ခြင်းဖြင့် အနီး၌နေ၍ စကားလွန် ပြောဆို၏။ (ရှေးကလည်း ယခုလိုစားစဉ် အနီး၌ ခစားရဘူးပြီ ဟု ဆို၏။) နှမ၊ ဤသို့ မဆိုနှင့် မအပ်ဟု မောင်းမဲလတ်သော် "သင့်ကိုတော့ ငါ များစွာ သည်းခံခဲ့ရတယ်။ ယခု ဤအနေမျှ သင် သည်းမခံ" ဟု ဆို၍ ရေခွက်ဖြင့် ထိပ်၌ ပေါက်၍ ယပ်ဖြင့် ခုတ်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ဟတ္ထပါသ်တွင်း မနေရဟု ဤ သိက္ခာပုဒ်ကို ပညတ်သည်။ (ရဟန်းအား ရိုက်မှုကား ဒုက္ကဋ်။)

**၇-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ အာမကဓညံ၊ စပါးစိမ်းကို။ ဝိညတ္တွာ ဝါ၊ တောင်း၍ လည်းကောင်း။ ဝိညာပေတွာ ဝါ၊ တောင်းစေ၍ လည်းကောင်း။ ဘဇ္ဇိတွာဝါ၊ လှော်၍ လည်းကောင်း။ ဘဇ္ဇာပေတွာ ဝါ၊ လှော်စေ၍ လည်းကောင်း။ (သွေ့အောင် လှော်သည်။) ကောဋ္ဋေတွာ ဝါ၊ ထောင်း၍ လည်းကောင်း။ ကောဋ္ဋာပေတွာ ဝါ၊ ထောင်းစေ၍ လည်းကောင်း။ ပစိတွာ ဝါ၊ ချက်၍ လည်းကောင်း။ ပစာပေတွာ ဝါ၊ ချက်စေ၍ လည်းကောင်း။ ဘုဉ္ဇေယျ။ တဿ။

**အဓိပ္ပာယ်။** ။"သလေး၊ ကောက်၊ မုယော၊ နတ်ကောက်နှော၊ ဆပ်ရော ပြောင်းနှင့် လူး" ဟူသော စပါးမျိုး ခုနစ်ပါးသည် အာမက

ညေမည်၏။ (အစိုဖြစ်စေ၊ အခြောက်ဖြစ်စေ၊) စပါးကို မိခင်ထံ တောင်း သော်လည်း ဝိညတ္တာ မည်၏။ အဘယ်အကျိုးငှာ လှော်သနည်း၊ သွေ့ခြောက်စေခြင်းငှာ လှော်သည်။ စပါးအစိုရခဲ့၍ မှိုအုံသောအခါ နေမလှမ်းသာ။ ထို့ကြောင့် သွေ့ခြောက်အောင် လှော်သည်။ ဤသိက္ခာပုဒ်၌ တောင်း၊ လှော်၊ ထောင်း၊ ချက်၊ စား ဟု ကိုယ်ဂါးခု ရှိသော်လည်း ထောင်းနှင့် စား နှစ်ခုသာ ပမာဏ ဖြစ်သည်။ ထို့ကြောင့် စားပြည်ဟု ဝံအို့၊ ဒုက္ကဋ်။ မျိုတိုင်း ပါစိတ်။ တောင်းခံသည်မှ စ၍ လှော်၊ ထောင်း ချက်၍ သွားတို့ဖြင့် ဝါး သည့်တိုင်အောင် ပယောဂတိုင်း ဒုက္ကဋ်။ မျိုမှ ပါစိတ် ဟူလို။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ စပါးစိမ်းတောင်းခြင်းကြောင့် ပညတ်၏။ သာဏတ္တိက။ မတောင်းပဲ အလိုလို ရသော စပါးကိုလှော်၊ ထောင်း၊ ချက်စားအံ့။ သူတပါး အလိုလို တောင်းယူလာသော စပါးကို လှော်၊ ထောင်း၊ ချက်စားအံ့၊ ဒုက္ကဋ်။ အနာပြောင်း ဘွေးအောင်းခြင်း စသည် ပြုရန် တောင်းအံ့၊ မတောင်းပဲ ရသည်ကို နဝကမ္မအလှုငှာ ခံအံ့၊ ဉာတက ပဝါရိတထံ ပဲမျိုးတောင်းအံ့၊ ဥမ္မတ္တက စသည် ဖြစ်အံ့၊ အနာပတ်။

စပါးမျိုး ခုနစ်ပါး တပါးပါး တောင်းခြင်း၊ တောင်းစေခြင်း– ရခြင်း– လှော်ခြင်း စသည်ကိုပြု၍ လည်းကောင်း၊ ပြုစေ၍ လည်းကောင်း မျိုခြင်း။ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒ္ဓါနနှင့် တူ၏။

**ဝတ္ထု** ။သာဝတ္ထိ၊ ဇေတဝန်။ ဘိက္ခုနီတို့သည် ကောက်သစ် ပေါ်ချိန် စပါးစိမ်းတောင်းခံ၍ မြို့သို့ ယူလာကုန်၏။ မြို့တံခါးသို့ ရောက်လတ်သော် အဖိုဘာဂ ပေးရမည်ဟု အငှောင့်အရှက် တွေ့ကုန်၏။ ကျောင်းရောက်သောအခါ ပြောပြ၍ စပါးစိမ်းတောင်းခံကြသည်ဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**ဂ–သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဥစ္စာရံ ဝါ၊ ကျင်ကြီးကိုလည်းကောင်း။ ပဿာဝံ ဝါ၊ ကျင်ငယ်ကို လည်းကောင်း။ သင်္ကာရံ ဝါ၊ အမှိုက်ကို လည်းကောင်း။ ဝိဃာသံ ဝါ၊ စားကြွင်းကို လည်းကောင်း။ တိရောကုဋ္ဋေ ဝါ၊ နံရံတဘက်၌ လည်းကောင်း။ တိရောပါကာရေ ဝါ၊ တံတိုင်းတဘက်၌ လည်းကောင်း။ ဆဍ္ဍေယျ ဝါ၊ ကိုယ်တိုင်လည်း စွန့်ငြားအံ့။ ဆဍ္ဍာပေယျ ဝါ။ တဿာ။

**အငိပ္ပာယ်။** ။အမှိုက်သည် သင်္ကာရ မည်၏။ စားကြွင်းဟူသမျှသည် သုံးပြီး စွန့်အပ်သော ရေကြွင်း ဖြစ်စေ၊ ဒန်ပူကြွင်းဖြစ်စေ ဝိဃာသ မည်၏။ စားရိုးစားဖတ်တို့၌ ဆိုဖွယ်မရှိ။ အမှတ်မရှိ နံရံ၏ တဘက်သည် တိရောကုဋ္ဋ မည်၏။ တံတိုင်း၏ တဘက်သည် တိရောပါကာရ မည်၏။ (နံရံ တံတိုင်း၏တဘက်၌ သွားလာ သုံးဆောင်ကြသောကြောင့်ဟု သိအပ်၏။) ကျင်ကြီး စသော လေးမျိုးလုံး တပေါင်းတည်း စွန့်အံ့၊ ပယောဂ တချက် အာပတ်တခု၊ ခွဲ၍ စွန့်အံ့ ဝတ္ထုအရေအတွက်အားဖြင့် အာပတ်များစွာ။ စေခိုင်းအံ့၊ ဒုက္ကဋ်၊ တကြိမ်စေခိုင်းအံ့၊ များစွာ စွန့်သော်လည်း အာပတ် တခု။ (ဘိက္ခုအား ဒုက္ကဋ်ချည်းသာ။ ဒန်ပူခဲပြီး ပြတင်းမှချလျှင် သတိပြုအပ်၏။ မသုံးဆောင်ရာ၌ အပြစ်မရှိ။)

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် ကျင်ကြီးကို ကျောင်းနံရံ တဘက်၌ စွန့်ခြင်းကြောင့် ပညတ်၏။ သာဏတ္တိက။ ကြည့်ရှု၍ စွန့်အံ့။ မသုံးဆောင်သော နေရာ၌ စွန့်အံ့။ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။

ကျင်ကြီးစသော လေးမျိုးတို့ ဖြစ်ခြင်း၊ မကြည့်ရှုခြင်း၊ သွားလာ သုံးဆောင်ရာ နေရာ ဖြစ်ခြင်း၊ တံတိုင်းတဘက် နံရံတဘက် ဖြစ်ခြင်း၊ စွန့်ခြင်း၊ စွန့်စေခြင်း အင်္ဂါငါးပါး။ သမုဋ္ဌာန် စသည် သဉ္စရိတ္တနှင့် တူ၏။ ကြိယာ ကြိယသာ ထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ပုဏ္ဏားတယောက်သည် ရအပ်သော မင်းခစ္စရှိ၏။ ဝါ၊ နေရာအထူးတခုကို အခွန်ဖြင့် ယူ၍ အမြတ် များစွာ ရ၏။ ထိုနေရာထူးကို အခွန်ဖြင့် ယူဦးမည်ဟု ဦးခေါင်းနှင့်တကွ ရေ ချိုး၍ ဘိက္ခုနီပကျောင်းအနီး ဖြတ်၍ မင်းအိမ်သို့ သွား၏။ ဘိက္ခုနီ တဦး သည်လည်း အိုး၌ ကျင်ကြီးစွန့်ထားသည်ကို ကျောင်းနံရံတဘက်သို့ စွန့်လိုက်၏။ ပုဏ္ဏား၏ဦးခေါင်းထက်၌ လောင်းမိလေ၏။ ပုဏ္ဏားသည် ကျိန်ဆဲ၍ ဘိက္ခုနီ မဟုတ်ကုန်။ ငါ၏ဦးခေါင်း၌ မစင်ကိုး လောင်းသည်။ သင်းတို့ ကျောင်း မီးတိုက်မည်ဟု မီးတုတ်ကိုင်၍ ကျောင်းတွင်းသို့ ဝင်လာ၏။ ဥပါ သကာတဦးမြင်၍ အို ပုဏ္ဏား၊ သွားမြဲတိုင်း သွားပါလော့။ ဤအမှုသည် မင်္ဂလာ ဖြစ်သည်၊ အတထောင်လည်း ရလတ္တံ့။ ထိုနေရာထူးလည်း ရလတ္တံ့ ဟု ဆို၏။ ပုဏ္ဏားသည် တဖန် ရေချိုး၍ မင်းအိမ်သို့ သွား၏။ ငွေတထောင် လည်း ရ၏။ ထိုနေရာထူးလည်း ရ၏။ ဘိက္ခုနီတို့သိ၍ ကဲ့ရဲ့ကုန်၏။ ထို့ ကြောင့် ညတ်သည်။

**၉-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ဥစ္စာရံ ဝါ၊ ပဿာဝံ ဝါ၊ သင်္ကာရံ ဝါ ဝိဃာသံ ဝါ၊ ဟရိတေ၊ စိမ်းသော ကောက်ပဲရှိရာအရပ်၌။ ဆဍ္ဍေယျ ဝါ၊ ဆဍ္ဍာပေယျ ဝါ၊ ကဿာ။

**အဓိပ္ပာယ်။** ။လူတို့သုံးဆောင်ရန် စိုက်ပျိုးအပ်သော ကောက်ခင်း၊ ပဲခင်းသည် ဟရိတ မည်၏။ အင်္ဂကထာ၌ လယ်၌ လည်းကောင်း၊ အုန်းခြံ စသည်၌လည်းကောင်း စိုက်ပျိုးအပ်သော စိမ်းစိုသော နေရာဟူသမျှသည် ဟရိတ မည်သည်ဟု ဆို၏။ ထိုသို့သော ဟရိတ နေရာ၌ စွန့်စေအံ့၊ ရှေးနည်းအတိုင်းအာပတ် သိအပ်၏။ မျိုးကြဲပြီး၍ အညှောက် မပေါက်သေးသော နေရာသည် ဒုက္ကဋ်ဝတ္ထု မည်၏။ ပါစိတ်ဒုက္ကဋ်-ဝတ္ထုနှစ်ခုလုံး ဘိက္ခုအားဒုက္ကဋ်။

**အုန်းခေါင်းပြတ်မှတ်ဖွယ်။** ။ထိုဟရိတ နေရာတို့၌ နေ၍ အုန်းရည်ဖေါက်သောက်၍ ထိုအုန်းသီး ခေါင်းပြတ်ကို သော်လည်း စွန့်ထားခဲ့အံ့၊ အာပတ်သာတည်း။ ဤစကားရပ်၌ အုန်းသီးခေါင်းပြတ်သည် သင်္ကာရ သော်လည်းကောင်း၊ ဝိဃာသ သော်လည်းကောင်း၊ ဖြစ်ရာ၏။ စွန့်ရာနေရာသည် ဟရိတဖြစ်၏။ တနည်း-ရေသောက်ပြီးလျှင် ရေကြွင်းကိုလည်ဆစ်ပြတ် အုန်းပင်၌သော်လည်း စွန့်အံ့၊ စွန့်စေအံ့၊ အာပတ်သာတည်း။ ဤစကားရပ်၌ ရေကြွင်းသည် ဝိဃာသဖြစ်၏။ လည်ဆစ်ပြတ် အုန်းငုတ်သည်ဟရိတဖြစ်၏။ အုန်းငုတ်သည် ဗီဇဂါမ်ဒုက္ကဋ်ဝတ္ထု၌ ပါဝင်၏။ မြေတွင်း၌သော်လည်း ဟရိတလုတ်ရာ၊ မစိုက်ပျိုးရာ၌ အပြစ်မရှိ။ အမှိုက်စွန့်ရာ၌ ကျင်ကြီးကျင်ငယ်လည်းစွန့်ကောင်း၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ကျင်ကြီးစသည်ကို စိမ်းသောကောက်ပဲရှိရာ၌ စွန့်ခြင်းကြောင့် ပညတ်၏။ သာဏတ္တိက။ တိကပါစိတ်။ မျိုးကြဲပြီးသောနေရာ၌ အညှောက် မပေါက်သေးမိ ဒုက္ကဋ်။ အဟရိတ၌ ဒွိကဒုက္ကဋ်။ အဟရိတ၌ အဟရိတသညာရှိအံ့၊ လူတို့ စွန့်သွားသောလယ် ဖြစ်အံ့၊ မစိုက်မပျိုးရာ ကံသင်းစသည်၌ စွန့်အံ့၊ သခင်လယ်စောင့်တို့ကို ပန်ကြား၍စွန့်အံ့၊ ဥမ္မတ္တကာစသည် ဖြစ်အံ့၊ အနာပတ္တိ။ အကြွင်းယခင်နှင့်တူပြီ။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ပုဏ္ဏားတဦးသည် ဘိက္ခုနီမတို့၏ ကျောင်းအနီး၌ မုယောခင်း ပြုလုပ်၏။ ဘိက္ခုနီမတို့သည် မုယောခင်း၌

ကျင်ကြီးကျင်ငယ် စသည်တို့ကို စွန့်ကုန်၏။ ငါ၏လယ်ကို ဤဘိက္ခုနီတို့ ဖျက်ဆီးကုန်၏ဟု ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

၁၀-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ နစ္စံဝါ၊ ကခြင်းကို လည်းကောင်း။ ဂီတံဝါ၊ သီခြင်းကို လည်းကောင်း။ ဝါဒိတံဝါ၊ တီးမှုတ်ခြင်းကို လည်းကောင်း။ ဒဿနာယ၊ ကြည့်ရှု "နားထောင်" ခြင်းငှါ။ ဂစ္ဆေယျ။ တဿာ။

အဓိပ္ပာယ်။ ။ကခြင်းဟူသမျှသည် နစ္စမည်၏။ ဥဒေါင်း၊ မျောက်စသည် ကခြင်းမျှသော်လည်း နစ္စသာ။ သီဆိုခြင်းဟူသမျှသည် ဂီတမည်၏။ လေချွန်သံ၊ ဘုန်းကြီးပျံ၌ ဂုဏ်တော်ကျူးသီသံ၊ မကောင်းစည်းသော မဟာကထိကာ၏ အသံရှည်ဆိုသံမျှသော်လည်း ဂီတသာ။ တီးမှုတ်ခြင်းဟူသမျှသည် ဝါဒိတမည်၏။ ရေကိုစည်းတီးခြင်းမျှသော်လည်း ဝါဒိတသာ။ ကြည့်ရှုခြင်း နားထောင်ခြင်းသည် ဒဿနမည်၏။ ဒဿနဖြင့် သဝနကိုလည်း ကေသေသနည်းဖြင့် ယူသည်။ တခုခုကိုသော်လည်း ကြည့်ရှုနားထောင်ခြင်းငှာ သွားအံ့၊ လှမ်းတိုင်းဒုက္ကဋ်။ ရပ်၍ ကြည့်အံ့၊ နားထောင်အံ့၊ ပါစိတ်။ တဖန် အရပ်ချပ် လှည့်၍ကြည့်အံ့၊ နားထောင်အံ့၊ ပယောဂတိုင်း ပါစိတ်။ ဘိက္ခု ဒုက္ကဋ်။

အဆုံးအဖြတ်။ ။ရာဇဂြိုဟ်၌ ဆဗ္ဗဂ္ဂိမတို့-ကခြင်း စသည်ကို ကြည့်ရှုခြင်းငှာ သွားခြင်းကြောင့် ပညတ်၏။ အရံတွင်း၌ နေ၍ ကြည့်ရှု နားထောင်အံ့။ မိမိနေရာသို့ ရောက်လာသည်ကို ကြည့်ရှုနားထောင်အံ့၊ ခရီးသွားစဉ် ရပ်ဆိုင်မြင်အံ့၊ကြားအံ့၊ သလာကဘတ်စသော ကိစ္စကြောင့် သွားစဉ် မြင်အံ့၊ ကြားအံ့၊ ဘေးရန်ကြောင့် ပွဲသို့ဝင်၍ ကြည့်ရှုနားထောင်အံ့၊ဥမ္မတ္တကာစသည်ဖြစ်အံ့၊ အနာပတ္တိ။ နစ္စ ဂီတ ဝါဒိတ-တခုခုဖြစ်ခြင်း၊ ဒွင့်ပြုသော အကြောင်းမရှိပဲ သွားခြင်း၊ ကြည့်ရှုနားထောင်ခြင်း-အင်္ဂါသုံးပါး။ သမုဋ္ဌာန် စသည် ဧဠကလောမနှင့် တူ၏။ လောကဝဇ္ဇ၊ အကုသလစိတ္တ၊ တိဝေဒန သာ ထူး၏။

မှတ်ဖွယ်အထူး။ ။ကခြင်းစသည်ကို ကိုယ်တိုင်ပြုအံ့၊ သူတပါးကို ပြုစေအံ့၊ ဘုရားအား ပူဇော်ကြလော့-ဟု ပရိယာယ်ဖြင့်သော်လည်း ဆိုအံ့၊ ဘုရားအား နစ္စ ဂီတ ဝါဒိတတို့ဖြင့် ပူဇော်ပါရစေ ဟု လျှောက်လျှင်

ကောင်းပြီး-ဟူ၍သော်လည်း ဝန်ခံအံ့၊ ပါစိတ်သာတည်းဟု အဋ္ဌကထာတို့၌ ဆိုသည်။ ပါဠိတော်၌ မဆိုသော်လည်း အဋ္ဌကထာပမာဏဖြင့် ယူအပ်၏။ အရှင်မြတ်တို့၏ စေတီအား ပူဇော်ပါရစေဟု လျှောက်လျှင် ကောင်းပြီဟု မဆိုအပ်။ "ပူဇော်မှုပြုခြင်းဟူသည် ကောင်း၏။" ဟု ပရိယာယ်ဆိုအံ့၊ အပြစ်မရှိ။ ဝိမတိ၌-အရံတွင်း၌ ရပ်လျက် ထိုင်လျက်ဖြစ်စေ—လည်ပြန်ကြည့်သော်လည်း အနာပတ္တိ။ တနေရာမှ တနေရာသွား၍ ကြည့်ခြင်းငှာကား မအပ်။ ဒဿနာယဂစ္ဆေယျ-ဟု သွားခြင်းကို ပယ်တော်မူသည်ဟု ဆို၏။ ကင်္ခါဋီကာ၌- ကြည့်အံ့ဟု တကျောင်းသို့ သွားအံ့၊ အာပတ်သာတည်း။ဆွမ်းစားဇရပ်၌ နေစဉ်မြင်အံ့- အနာပတ္တိ။ ကြည့်မည်ဟု ထသွားအံ့၊ အာပတ်သင့်၏။ လမ်းမ၌ ရပ်၍လည်ပြန် ကြည့်လျှင်လည်း အာပတ်သာတည်းဟု ဆို၏။ ခုဒ္ဒကပါဠိ အဋ္ဌကထာ၌-ခတေးနှင့်စပ်သော်လည်း တရားဟူသမျှ အပ်၏။ တရားနှင့်စပ်သော်လည်း တေးဟူသမျှကား မအပ်-ဟု ဆို၏။

**သမုဋ္ဌာန်မှတ်ဖွယ်။** ။ဤသိက္ခာပုဒ်သည်-မာတိကာလာ ပါစိတ်စွမ်းဖြင့် ဧဠကလောမသမုဋ္ဌာန်။ အားလုံး ပါစိတ်စွမ်းဖြင့် သဥ္စရိတ္တ-ဟူ၍ ယူအပ်၏-ဟု ကင်္ခါဋီကာဆို၏။ မာတိကာလာ ပါစိတ်ကား ကခြင်းစသည်ကို ကြည့်ရှုနားထောင်ခြင်းငှာ သွားအံ့၊ ပါစိတ်။ ကာယကြောင့်၊ ကာယစိတ္တကြောင့်-ဤနှစ်ပါးကြောင့်သာ အာပတ်သင့်သည်။ဝါစာ သမုဋ္ဌာန်ကြောင့် အာပတ်မသင့်။ ပါစ-ဌေ။ အားလုံးပါစိတ်ကား-က၊ သီ၊ တီးမှုတ်ခြင်းကို ကိုယ်တိုင်ပြုခြင်းကြောင့်လည်း ပါစိတ်၊ စေခိုင်းခြင်းကြောင့်လည်း ပါစိတ်။ ကာယကြောင့်၊ ဝါစာကြောင့်၊ ကာယဝါစာကြောင့် (၃)ကာယစိတ္တကြောင့်၊ ဝါစာစိတ္တကြောင့် ကာယဝါစာစိတ္တကြောင့်(၃) ခြောက်ပါးလုံးကြောင့် အာပတ်သင့်သည်။ သဥ္စာ—သဗ္ဗ။

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ ရာဇဂြိုဟ်၌ တောင်ထိပ်ပွဲသဘင် ကျင်းပရာသို့ ဆဗ္ဗဂ္ဂိဘိက္ခုနီတို့သည် ကြည့်ရှုနားထောင်ရန် သွားကုန်၏။ ကာမဂုဏ် ခံစားသူတို့ကဲ့သို့ ပွဲကြည့်ကြသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

လသုဏဝဂ္ဂေါ ပဌမော။

**၁-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ရတ္တန္ဓကာရေ၊ ညဉ့် မိုးချုပ်သောအချိန်၌။ အပ္ပဒီပေ၊ အရောင်အလင်း ကင်းသောနေရာ၌။ ပုရိသေန၊ လူယောကျ်ားနှင့်။ သဒ္ဓိံ၊ တကွ။ ဧကေနေကာ၊ တယောက်ချင်းချင်း။ သန္တိဋ္ဌေယျဝါ၊ အနီး၌လည်း ရပ်ငြားအံ့။ သလ္လပေယျဝါ၊ အနီး၌ရပ်၍လည်း စကားဆိုငြားအံ့။ တဿာ....(နေ့ အာပတ်မဟုတ်၊ ညဉ့် အာပတ်။)

**အဓိပ္ပာယ်။** ။နေဝင်ပြီးသောအခါသည် ရတ္တန္ဓကာရ မည်၏။ ညဉ့်မှောင်ပြီ၊ မိုးချုပ်ပြီ ဟူလို။ လရောင်၊ နေရောင်၊ မီးရောင်—အရောင်အလင်း တခုမျှမရှိလျှင် အပ္ပဒီပလည်း မည်၏။ ရပ်ခြင်းငှါ၊ ပြောဆိုခြင်းငှါ သိကြားလိမ္မာသော လူယောကျ်ားသည် ပုရိသ မည်၏။ လူယောကျ်ား တယောက်နှင့် ဘိက္ခုနီတယောက်သည် ဧကေနေကာ မည်၏။ (ဧကေန+ဧကာ။) ဟတ္ထပါသ်တွင်း၌ ရပ်ခြင်းသည် သန္တိဋ္ဌေယျ မည်၏။ ဟတ္ထပါသ်တွင်း၌ ရပ်၍ တဏှာအိမ်မှီသော စကားဆိုခြင်းသည် သလ္လပေယျမည်၏။ ထို့ကြောင့် နေဝင်ပြီးသောအခါ အလင်းရောင်မရှိပဲ လူယောကျ်ားနှင့် တယောက်ချင်းချင်း အနီး၌ရပ်အံ့၊ ပါစိတ်။ အနီးကပ်၍ဆိုအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် ဤသို့ရပ်ခြင်းကြောင့် ပညတ်၏။ လူယောကျ်ား၏ ဟတ္ထပါသ်ကိုစွန့်၍ ရပ်အံ့၊ ဆိုအံ့၊ ဘီလူးစသော ယောကျ်ားတို့၏ ဟတ္ထပါသ်၌ ရပ်အံ့ ဆိုအံ့-ဒုက္ကဋ်၊ သိကြားလိမ္မာသော အဖော်ခေါ်ထားအံ့၊ ဆိတ်ကွယ်ရာ သာယာခြင်းကို မငဲ့အံ့၊ အာရုံတပါး နှလုံးသွင်းရှိအံ့။ (ဝါ-ဒါနကိစ္စ စသည် တိုင်ပင်အံ့။) ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ ညဉ့်မှောင်ချိန်ဖြစ်ခြင်း၊ လူယောကျ်ား၏ ဟတ္ထပါသ်တွင်း ရပ်ခြင်း၊ စကားဆိုခြင်း၊ အဖော်ပရှိခြင်း၊ ဆိတ်ကွယ်ရာ သာယာသည်ကို ငဲ့ခြင်း—အင်္ဂါလေးပါး။ ထေယျသတ္ထ သမုဋ္ဌာန်။ ကြိယ၊ သညာဝိမောက္ခ။ သစိတ္တက၊ လောကဝဇ္ဇ၊ ကာယကံ၊ ဝစီကံ၊ အကုသလစိတ္တ၊ တိဝေဒနာဖြစ်၏။ (အင်္ဂဝတ္ထုကြ၌ ကာယသံသဂ္ဂရာဂကြောင့် ထုလ္လစ္စည်း။ ဤ၌ပါစိတ်။)

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မဘဒ္ဒါကာပိလာနီ၏ တပည့် ဘိက္ခုနီထံ ဆွေမျိုးစပ်သော ယောကျ်ားတယောက်သည် ရွာငယ်မှ လာ၏။ ထိုဘိက္ခုနီသည် ထိုယောကျ်ားနှင့်အတူ ညဉ့်မှောင်ချိန် အလင်းရောင်မရှိပဲ

တယောက်ချင်းချင်း အနီးကပ်၍ ရပ်၏။ အနီးကပ်၍ စကားဆို၏။ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၂-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ပဋိစ္ဆန္နေ၊ ဖုံးကွယ်သော။ ဩကာသေ၊ အရပ်၌။ ပုရိသေန၊ သဒ္ဓိံ၊ ဧကေနေကာ၊ သန္တိဋ္ဌေယျ ဝါ၊ သလ္လာပေယျ ဝါ၊ တဿာ....(လွင်တီးခေါင် အာပတ်မဟုတ်၊ ဖုံးကွယ်ရာ အာပတ်—)

**အစိပ္ပာယ်။** ။နံရံ၊ တံခါးရွက်၊ တိုင်တခုခုဖြင့် ဖုံးကွယ်နေသော နေရာသည် ပဋိစ္ဆန္န မည်၏။ တူပြီ။

**ဝတ္ထု။** ။ဝတ္ထုလည်းတူပြီ။ အထူးကား—ရတ္တန္ဓကာရ အပ္ပဒီပဥ္စ ဘုရားရှင် ပယ်တော်မူသည်ဟု ထိုဘိက္ခုနီမသည် ထိုယောကျ်ားနှင့် ဖုံးကွယ်ရာ၌ တယောက်ချင်းချင်း ရပ်၏။ စကားဆို၏။ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ (ညဥ့် အာပတ်လည်းမဟုတ်။)

**၃-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ ပုရိသေန၊ သဒ္ဓိံ၊ ဧကေနေကာ၊ သန္တိဋ္ဌေယျ ဝါ၊ သလ္လပေယျ ဝါ၊ တဿာ....(လွင်တီးခေါင် အာပတ်။)

**အစိပ္ပာယ်။** ။နံရံ စသည်ဖြင့် ဖုံးကွယ်ခြင်းမရှိသော အရပ်သည် အဇ္ဈောကာသ မည်၏။ တူပြီ။

**ဝတ္ထု။** ။ဝတ္ထု၌ အထူးကား—ပဋိစ္ဆန္န ဩကာသ၌ ဘုရားရှင် ပယ်တော်မူသည်ဟု လွင်တီးခေါင်၌ ထိုဘိက္ခုနီနှင့် ထိုယောကျ်ား တယောက်ချင်းချင်း ရပ်၏။ စကားဆို၏။ (ဖုံးကွယ်ရာ အာပတ်လည်းမဟုတ်။)

**မှတ်ချက်အထူး။** ။ဤသိက္ခာပုဒ် သုံးခုပေါင်းလိုက်လျှင် အချိန်လွတ် မရှိ။ ပဌမ-ရတ္တန္ဓကာရ အပ္ပဒီပ၌၊ ဒုတိယ-ထိုမှရှောင်၍ ပဋိစ္ဆန္န ဩကာသ၌၊ တတိယ ထိုမှရှောင်၍ အဇ္ဈောကာသ၌ ဝတ္ထုကြောင်းဖြစ်သည်။ ညဥ့်သင့်တခု၊ နေ့အခါ ဖုံးကွယ်ရာသင့်တခု။ လွင်တီးခေါင်သင့်တခု။ နေရာလွတ်လည်း မရှိ။

၄-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ရထိကာယဝါ၊ ခရီးရှည်၌လည်းကောင်း။ ဗျူဟေဝါ၊ ခရီးတို၌လည်းကောင်း။ သိဃာဋကေဝါ၊ ခရီးဆုံ၌လည်းကောင်း။ ပုရိသေန၊ သဒ္ဓိံ၊ ဧကေနေကာ၊ သန္တိဋ္ဌေယျဝါ၊ သလ္လပေယျဝါ၊ နိကဏ္ဏိကံ၊ ယောကျ်ား၏ နားအနီး၌။ ဇပ္ပေယျဝါ၊ တစုံတခုကိုလည်း ဆိုငြားအံ့။ ဒုတိယကံ၊ အဖော်ဖြစ်သော။ ဘိက္ခုနိံ ဝါ၊ ဘိက္ခုနီမကိုလည်း။ ဥယျောဇေယျ၊ (အနာစာရကျင့်လို၍။) လွှတ်လိုက်ငြားအံ့။ တဿာ။

**အဓိပ္ပာယ်**။ ။ထုတ်ချင်းထွင်းသော ခရီးရှည်သည် ရထိကာ (ရထိယာ။) မည်၏။ ထုတ်ချင်းမထွင်းသော - ပြန်၍ထွက်ရသော ခရီးတိုသည် ဗျူဟမည်၏။ ခရီးသုံးလေးခုဆုံရာ အရပ်သည်—ဝါ•လမ်းဆုံ လမ်းထောင့်သည် သိဃာဋက မည်၏။ ရပ်ခြင်းဆိုခြင်းငှာ သိကြားလိမ့်မည်သော လူယောကျ်ား၏ ဟတ္ထပါသ်၌ ရပ်အံ့၊ ပါစိတ်။ ဟတ္ထပါသ်၌ ရပ်၍ ဆိုအံ့၊ ပါစိတ်။ လူယောကျ်ား၏နား အနီးကပ်၍ ပြောဆိုအံ့၊ ပါစိတ်။ အနာစာရကျင့်လို၍ အဖော်ဘိက္ခုနီကို လွှတ်လိုက်အံ့၊ ဒုက္ကဋ်။ဒဿနူပစာ သဝနူပစာကို စွန့်အံ့၊ ဒုက္ကဋ်။ စွန့်ပြီးသည်ရှိသော် ပါစိတ်။ အဖော်ဘိက္ခုနီ၌လျက် ဧကေနေကာ ဖြစ်သလော၊ဖြစ်သည်။သဘောတူ အဖော်ကို အာပတ်လွှတ်ကြောင်း အဖော်ဟု မဆိုထိုက်။

**အဆုံးအဖြတ်**။ ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ဤသို့ ရပ်ခြင်းစသည်ကိုပြုခြင်းကြောင့် ပညတ်၏။ အကြင်းတူပြီ။အနာပတ္တိ၌ အနာစာရကျင့်လို၍ မဟုတ် ပြုဖွယ်ကိစ္စကြောင့် အဖော်ဘိက္ခုနီကို လွှတ်လိုက်အံ့၊အနာပတ္တိ-တချက်ပိုလွန်၏။

**ဝတ္ထု**။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မထုလ္လနန္ဒာသည် လမ်းရှည်၊ လမ်းတို၊ လမ်းဆုံတို့၌ လူယောကျ်ားနှင့် တယောက်ချင်းချင်းရပ်၏။ ဆို၏။ နားအနီးကပ် ဆို၏။ အဖော်ဘိက္ခုနီကို လွှတ်လိုက်၏။ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၅-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ပုရေဘတ္တံ၊ နံနက်အခါ၌။ ကုလာနိ၊ ဒါယကာအိမ်တို့သို့။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ အာသနေ၊ နေရာ၌။ (တင်ပျဉ်ခွေထိုင်လောက်သော ရွှေ့ပြောင်းနိုင်သော

နေရာ ဟူလို။) နိသီဒိတွာ၊ ထိုင်၍။ သာမိကေ၊ အိမ်ရှင်တို့ကို။အနာပုစ္ဆာ၊ ပက္ကမေယျ၊ ဖဲသွားငြားအံ့၊ တဿာ။

**အစိပ္ပါယ်။** ။အရုဏ်တက်မှ မွန်းတည့်အထိ ပုရေဘတ္တမည်၏။ တင်ပျဉ်ခွေ၍ နေထိုင်စရာ နေရာသည် အာသနမည်၏။ထိုအိမ်၌ သိကြားလိမ္မာသောသူသည် သာမိကမည်၏။ ထိုနေရာ၌ ထိုင်၍ မပန်ကြားပဲ အမိုးတွင်းမှ တံစက်မြိတ်ကို လွန်စေအံ့၊ ပဌမခြေလှမ်း၌ ဒုက္ကဋ်။ ဒုတိယခြေလှမ်း၌ ပါစိတ်။ လွင်တီးခေါင်၌ နေ၍ ၁၂-တောင်ဥပစာကို လွန်စေအံ့၊ တလှမ်း ဒုက္ကဋ်။ နှစ်လှမ်းပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် မပန်ကြားပဲ ဖဲသွားခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ တင်ပျဉ်မခွေလောက်နေရာ၌ဒုက္ကဋ်။အာပုစ္ဆိတ၌ ဒိုကဒုက္ကဋ်။အာပုစ္ဆိတ၌ အာပုစ္ဆိသညာရှိအံ့၊ပန်ကြား၍ သွားအံ့၊ ရွှေပြောင်း၍ မရကောင်းသော အသံဟာရိမ နေရာဖြစ်အံ့၊ ဂိလာနဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကာစသည်ဖြစ်အံ့၊ အနာပတ္တိ။

နံနက်ကာလဖြစ်ခြင်း၊ အန္တရဃရ၌ ထိုင်ခြင်း။ တင်ပျဉ်ခွေလောက်သောနေရာဖြစ်ခြင်း၊ ခွင့်ပြုသော အကြောင်းကြဉ်၍ မပန်ကြားခြင်း၊ ဆိုပြီးသောအပိုင်းအခြားကို လွန်ခြင်း။ အင်္ဂါငါးပါး သမုဋ္ဌာန်စသည် ကထိနနှင့် တူ၏။ ကြိယာ ကြိယသာထူး၏။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဘိက္ခုနီတယောက်သည် ဒါယကာတဦးအိမ်သို့ ချဉ်းကပ်၍ အမြဲ ဆွမ်းစား၏။ တနေ့၌ နံနက်အချိန်ချဉ်းကပ်၍ နေရာ၌ ထိုင်ပြီးလျှင် မပန်ကြားပဲ ဖဲသွား၏။ အိမ်ကျွန်မသည်တံမြက်စည်းလှည်းစဉ် ထိုနေရာကို အိုးခွက်တို့၏ အကြား၌ ထား၏။ အိမ်ရှင်တို့သည် ထိုနေရာကို မမြင်သဖြင့် ဘိက္ခုနီမကို မေးကုန်၏။ ငါမမြင် ဟု ဆိုလတ်သော် ထိုနေရာကို ပေးရမည်ဟု ကြိမ်းမောင်း၍ ဆွမ်းဝတ်ကို ဖြတ်ကုန်၏။ ထိုနောက် (အိမ်တွင် မကျေနပ်၍၊) အိမ်ရှင်းသောအခါ ထိုနေရာကို အိုးခွက်အကြား၌တွေ့၍ ဘိက္ခုနီကို တောင်းပန်၍ နိစ္စဘတ်ဆွမ်းဝတ် ပြန်တည်ကုန်၏။ ထိုဘိက္ခုနီသည် ဘိက္ခုနီတို့အား ထိုအကြောင်း ပြောပြ၏။ မပန်ကြာပဲ ဖဲသွားရသလောဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၆-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ပစ္စာဘတ္တံ၊ နေလှဲသော အခါ၌၊ ကုလာနိ၊ ဥပသင်္ကမိတွာ၊ သာမိကေ၊ အနာပုစ္ဆာ။ အာသနေ၊ နေရာ၌။ (ဓုဝပညတ္တမှတပါး နေရာမရွေးဟူလို။) အဘိနိသီဒေယျ ဝါ၊ ထိုင်မူလည်း ထိုင်ငြားအံ့။ အဘိနိပဇ္ဇေယျ ဝါ၊ အိပ်မူလည်း အိပ်ငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။မွန်းတည့်လွန်သည်မှ နေဝင်အထိ ပစ္စာဘတ္တ မည်၏။ ထိုအိမ်၌ ပေးခြင်းငှာ ပိုင်သောသူသည် သာမိက မည်၏။ (ယခင်မှ ထူး၏။) မွန်းလွဲအခါ အိမ်သို့ သွား၍ ပေးပိုင်သူကို မပန်ပဲ ထိုင်စရာနေရာ၌ ထိုင်အံ့၊ ပါစိတ်။ အိပ်အံ့၊ ပါစိတ်။ ထိုင်အံ့၊ အိပ်အံ့။ ပါစိတ်နှစ်ချက်။ ထိုင်၍ သွားအံ့၊ ပါစိတ်ဟု အဋ္ဌကထာဆိုရာ၌ သွားမှသင့်မည် မဟုတ်။ ထိုင်ခြင်း၏ ပြီးစီးခြင်းကာလကို ပြလို၍ ဆိုသည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ နေရာ၌ထိုင်ခြင်းကြောင့် ပညတ်၏။ အကြွင်းတူပြီ။ အထူးကား အနာပတ္တိဝါရ၌ ဘိက္ခုနီတို့အတွက် အမြဲခင်းသော ဓုဝပညတ္တနေရာ၌ အနာပတ္တိဟု ဓုဝပညတ္တနေရာကို ဟောသည်။ အသံဟာရိမ နေရာကို မဟော။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မထုလ္လနန္ဒာသည် မွန်းလွဲသောအခါ ဒါယကာတို့ထံ သွား၍ သခင်တို့ကို မပန်ကြားပဲ နေရာ၌ ထိုင်၏။ အိပ်၏။ လူတို့သည် အရှင်မကို ရှက်နိုးသဖြင့် နေရာ၌ မထိုင်ဝံ့၊ မအိပ်ဝံ့ကုန်။ ရှင်မထုလ္လနန္ဒာသည် မပန်ကြားပဲ နေရာတို့၌ ထိုင်သည်၊ အိပ်သည်ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၇-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ဝိကာလေ၊ (အခါမဲ့) ညဉ့် အခါ၌။ ကုလာနိ၊ ဥပသင်္ကမိတွာ။ သာမိကေ၊ အနာပုစ္ဆာ၊ သေယျံ၊ အိပ်ရာကို။ သန္ထရိတွာ ဝါ၊ ကိုယ်တိုင်ခင်း၍လည်းကောင်း။ သန္ထရာပေတွာ၊ အဘိနိသီဒေယျ ဝါ၊ အဘိနိပဇ္ဇေယျ ဝါ၊ တဿာ။

**အဓိပ္ပာယ်။** ။နေဝင်မှ အရုဏ်တက် အထိသည် ဝိကာလ မည်၏။ ပေးပိုင်သူသည် သာမိက။ အယုတ်ဆုံး သစ်ရွက်အခင်းသည်လည်း သေယျ မည်၏။ ဆဋ္ဌနှင့် တူပြီ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ နေဝင်ပြီးသောအခါ အိမ်သို့ ချဉ်းကပ်၍ သခင်တို့ကို မပန်ပဲ အိပ်ရာကို ခင်း၍ ထိုင်ခြင်းကြောင့် ပညတ်၏။ အနာပုစ္ဆိတ၌ တိကပါစိတ်။ အာပုစ္ဆိတ၌ ဒုက္က ဒုက္ကဋ်။ ပန်ကြား၍ အိပ်ရာကိုခင်း၍ ခင်းစေ၍ ထိုင်အံ့၊ အိပ်အံ့၊ ဂိလာနဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။ အကြွင်းတူပြီ။ (အသံတာရိမ၊ ခုဝပညတ္တမပါ။)

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဘိက္ခုနီမများတို့သည် သာဝတ္ထိသို့သွားစဉ် ညဉ့်အခါ ရွာတရွာ၌ ပုဏ္ဏားအိမ်သို့ ချဉ်းကပ်၍ နေရာ တောင်းကုန်၏။ပုဏ္ဏေးမသည် အရှင်မတို့၊ ပုဏ္ဏားကြီး ပြန်လာအောင် ဆိုင်းကြပါဦးဟု ဆို၏။ ဆိုင်းနေကြစဉ် အိပ်ရာကို ခင်း၍ အိပ်ကြ ထိုင်ကြ၏။ ပုဏ္ဏားကြီး ပြန်လာသောအခါ အဘယ်သို့သော မိန်းမတို့နည်းဟု ပုဏ္ဏေးမကို မေး၏။ ဘိက္ခုနီတို့ဟု ဆိုလတ်သော် ဤဦးပြည်းမတို့ကို နှင်ထုတ်လော့ဟု ဆို၏။ ထိုဘိက္ခုနီတို့သည် သာဝတ္ထိသို့ ရောက်သောအခါ ပြောပြကုန်၏။ အဘယ့်ကြောင့် မပန်ကြားပဲ အိပ်ရာခင်း၍ ထိုင်ကြ အိပ်ကြသနည်းဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**ဂ-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ဒုဂ္ဂဟိတေန၊ အယူအဆ မှားခြင်းဖြင့် လည်းကောင်း။ ဒုပဓာရိတေန၊ အမှတ်အသား မှားခြင်းဖြင့် လည်းကောင်း။ ပရံ၊ တပါးသော ဘိက္ခုနီမကို။ ဝါ- ထံ၌။ ဥဇ္ဈာပေယျ၊ ကဲ့ရဲ့ငြားအံ့။ (ဝါ၊ အယုတ်အားဖြင့် သိစေငြားအံ့။) တဿာ။

**အဓိပ္ပာယ်။** ။ဆိုသောစကားမှ တပါးကို ယူခြင်းသည် ဒုဂ္ဂဟိတ။ တပါးကို မှတ်သားခြင်းသည် ဒုပဓာရိတ၊ တပါးသော ဥပသမ္ပန္နာသည် ပရ မည်၏။ "ဆရာမကြီးကို ငါပြုစုခြင်းသည် ရှိသေးစွာ မဟုတ်ဘူး" တဲ့။ ဤသို့စသည်ဖြင့် အယူအမှတ် မှားလျက် ဥပသမ္ပန္နာကို။ ဝါ၊ ဥပသမ္ပန္နာထံ၌ ကဲ့ရဲ့စကားဆိုအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် တပါးသော ဘိက္ခုနီထံ ကဲ့ရဲ့ခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ အနုပသမ္ပန္နာထံ၌ တိကဒုက္ကဋ်။ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။ အမှားယူဆခြင်း၊

ကဲ့ရဲ့ခြင်း၊ အကြင်သူထံ ကဲ့ရဲ့၏။ ထိုသူ ဥပသမ္ပန္နာ ဖြစ်ခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနာသာ ထူး၏။

ဝတ္ထု။ ။သာဝတ္ထိ၊ ဇေတဝန်။ ရှင်မဘဒ္ဒါကာပိလာနီ၏ တပည့် ဘိက္ခုနီ တယောက်သည် ဆရာကို ရိုသေစွာ လုပ်ကျွေးလေ့ရှိ၏။ ရှင်မဘဒ္ဒါ သည် ဘိက္ခုနီတို့ကို ဤတပည့်မသည် ငါ့ကို ရိုသေစွာ လုပ်ကျွေးသည်၊ သက်န်း ပေးရဦးမည်ဟု ပြောပြ၏။ ထို ဘိက္ခုနီ သည် တလွဲ ယူခြင်း၊ တလွဲမှတ်ခြင်းဖြင့် ''ငါသည် အရှင်မကြီးကို ရိုသေစွာ မလုပ်ကျွေးဘူးတဲ့၊ ငါ့အား သင်္ကန်းမပေးဘူးတဲ့''ဟု တပါးသောဘိက္ခုနီထံ ကဲ့ရဲ့စကား ဆို၏။ အလွဲယူခြင်း အလွဲမှတ်ခြင်းဖြင့် သူတပါးဃ် ကဲ့ရဲ့စကားဆိုသည်—ဟု ကဲ့ရဲ့ ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၉-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ အတ္တာနံဝါ၊ မိမိကိုကိုယ် လည်းကောင်း၊ ပရံဝါ၊ တပါးသော ဘိက္ခုနီမကို လည်းကောင်း၊ နိရယေနဝါ၊ ငရဲဖြင့်လည်းကောင်း၊ ဗြဟ္မစရိယေနဝါ သာသနာ တော်ဖြင့်လည်းကောင်း။ အဘိသပေယျ၊ ကျိန်ဆဲငြားအံ့၊ တဿာ။

အဓိပ္ပာယ်။ ။မိမိမှတပါးသော ဥပသမ္ပန္နာသည် ပရမည်၏။ ငရဲကျပါစေ၊ သာသနာမှ လျော၍ လူမိန်းမ-ဖြစ်ပါစေ စသည်ဖြင့် ကျိန်ဆဲ ခြင်းသည် အဘိသပေယျ မည်၏။ ဒေါသဖြင့် ဆဲခြင်းပင်တည်း။ ထို့ကြောင့် ငါသည် ငရဲ၌ ဖြစ်ရစေရဲ့-ဟု ကျိန်ဆဲ-ခွန်းတိုင်း ပါစိတ်။ ဤ ပည်သောဘိက္ခု နီသည် ငရဲ၌ဖြစ်ပါစေ .. ခွန်းတိုင်း ပါစိတ်။ ငါ-လူမ-ဖြစ်ရစေရဲ့....ခွန်းတိုင်း ပါစိတ်။ ဤဘိက္ခုနီ လူမ-ဖြစ်ပါစေ....ခွန်းတိုင်းပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ စဏ္ဍကာဠီ ကျိန်ဆဲခြင်းကြောင့် ပညတ်၏။ ဓါစိတ်ပါစိတ်။ အနုပသမ္ပန္နာ၌ ဒုက္ကဋ်။ တိဿာန်အဖြစ်ဖြင့် ကျိန်အံ့၊ ဂြိုတ္တာ အဖြစ်ဖြင့် ကျိန်အံ့၊ ပနုဿ ငါ ဘဂ္ဂ မတင့်တယ်သောလူ—အကျိုးအကန်း အဖြစ်ဖြင့် ကျိန်အံ့၊ ဒုက္ကဋ်။ အတ္ထ၊ ဓမ္မ၊ အနုသာ သနီ ရှေးရှုအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ ငရဲဖြင့်လည်းကောင်း သာသနာဖြင့်လည်းကောင်း ကျိန်ဆဲခြင်း၊ ဥပသမ္ပန္နာဖြစ်ခြင်း၊ အတ္ထမမှ စသည်ကို ရှေးရှုသည်မဟုတ်ခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန် စသည် အဒ္ဓမနှင့် တူ၏။

**မှတ်ဖွယ်အထူး။** ။အဋ္ဌကထာကို ဖွင့်ဆိုပြောပြခြင်းသည် အတ္ထုပ္ပတ္တိရေကြောင်ရာ- အနက်ကို ရှေးရှုသည် မည်၏။ ပါဠိတော်ပို့ချခြင်းသည် ဓမ္မုပ္ပတ္တိရေကြောင်ရာ—ပါဠိကို ရှေးရှုသည် မည်၏။ သင်ယခု ဤသို့ ဖြစ်နေပြီ၊ မကောင်းမှုမှ မရှောင်လျှင် နောင်ငရဲကျလတ္တံ့ စသည်ဖြင့် ဆုံးမခြင်းသည် အနုသာသနီပ္ပတ္တိရေကြောင်ရာ—အဆုံးအမကို ရှေးရှုသည် မည်၏။ နိပါတ်တော်၌- ရှင်ရသေ့၏ သရက်သီး ကျွန်တော်မ ခိုးစားခဲ့လျှင် အိပ်ရာ၌ တကိုတည်း အိပ်ရပါစေရဲ့။ ကြားစွယ် အကျွန်ုပ် ခိုးစားခဲ့လျှင် ကာမအာရုံ လိုတိုင်းပြည့်စုံ ရပါစေရဲ့။ သေသည်အထိ မင်းစည်းစိမ်ခံစားရပါစေရဲ့။ ဂဇင်္ဂလရွာ၌ ကျောင်း ထိုင်ဘုန်းကြီး ပြန်ဖြစ်ရပါစေရဲ့။-စသည်ဖြင့် ကျိန်ဆိုခြင်းကား မိမိ၌အပြစ်မရှိဟု ယုံကြည်အောင် သစ္စာဆိုခြင်း ဖြစ်၏။ ဒေါသဖြင့် ကျိန်ဆဲခြင်းမဟုတ်။ အချို့ ရှိသော အပြစ်ဖုံးလို၍သာ....အကျွန်ုပ် အပြစ်ရှိလျှင် အဿမုခိ ဘီလူးမ- ဖြစ်ရစေရဲ့ ဟု ကျိန်သည်။ ကျိန်ခြင်းကြောင့် အပြစ်မရှိဟု ယုံကြည်ရသည် အပြစ်ရှိလျက် ကျိန်ခြင်းကြောင့် နောက်ဘဝ၌ အဿမုခိ ဘီလူးမ-ဖြစ်သည်။ ပေတဝတ္ထု၌-ငါ၏မိခင် လျှိုသောဆွမ်းကို စားသောဦးပြည်းတွေ-သွေးအန်ပါ စေ-ဟု ကျိန်သူသည်ပင် နောက်ဘဝ၌ သွေးအန်လျက် ပြိတ္တာဖြစ်သည်ကား ဆဲရေးသော ကျိန်ဆဲခြင်းတည်း။

**ဝတ္ထု။** ။သာဝတ္ထိ၊ ဇေတဝန်။ ဘိက္ခုနီတို့သည် မိမိ၏ ပစ္စည်းများကို မမြင် သဖြင့်—ငါတို့၏ပစ္စည်းများ သင်မြင်မိသလား—ဟု စဏ္ဍကာဠီကို မေးကုန်၏။ ငါကို ခိုးသူမ-အလဇ္ဇီနီမ—ဟု ထင်ကြသလား။ ငါယူလျှင် သာသနာမှ လျှောရပါစေရဲ့၊ ငရဲကျရပါစေရဲ့၊ ငါမယူလျှင် မဟုတ်မတရားပြောသူ သာသနာမှ လျှောပါစေ၊ ငရဲကျပါစေ-ဟု ကျိန်ဆဲ၏။ အဘယ့်ကြောင့် ဤသို့ ကျိန်ဆဲသနည်းဟု ဘိက္ခုနီတို ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၁၀-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ အတ္တာနံ၊ မိမိကိုယ်ကို။ ဝဓိတွာ၊ ဝဓိတွာ၊ ထု၍ ထု၍။ ရောဒေယျ၊ ငိုကြွေးအံ့။ တသာ။

**အဓိပ္ပာယ်။** ။လက် စသည်ဖြင့် ထုရိုက်လည်း ထုရိုက်အံ့၊ ငိုလည်း ငိုအံ့-နှစ်မျိုး စုံမှ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ စဏ္ဍကာဠီ-မိမိကိုယ်ကို ထု၍ ငိုခြင်းကြောင့် ပညတ်၏။ ထုသာထုအံ့၊ ဒုက္ကဋ်။ ငိုသာငိုအံ့၊ ဒုက္ကဋ်။ ဉာတိ

ဗျသန-ဆွေမျိုးပျက်စီးခြင်း၊ ဘောဂဗျသန—စည်းစိမ်ပျက်စီးခြင်း။ ရောဂဗျသန-အနာရောဂါ နှိပ်စက်ခြင်းတို့ကြောင့် မထုပဲ ငိုရှိုသာငိုအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့-အနာပတ္တိ။

မိမိကိုယ်ကိုထုခြင်း၊ ငိုခြင်း-အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူ၏။ ကြိယာ ကြိယသာ ထူး၏။

ဝတ္ထု။ ။သာ၊ ဇေ။ စဏ္ဍကာဠီသည် တပါးသော ဘိက္ခုနီတို့နှင့် ခိုက်ရန်ငြင်းခုံပြုပြီးလျှင် မိမိကိုယ်ကို ထု၍ထု၍ ငို၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

ရတ္တန္ဓကာရဝဂ္ဂေါ ဒုတိယော။

---

၁-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ နဂ္ဂါ၊ အချည်းနှီး။ ဝါ၊ အဝတ်အရုံကင်းလျက်။ နှာယေယျ၊ ရေချိုးငြားအံ့။ တဿ။

အစိပ္ပာယ်။ ။ဝါးဝတ်လည်းကင်း-ကိုယ်ရုံလည်းကင်းလျက် ရေချိုးအံ့ ပယောဂတိုင်း ဒုက္ကဋ်။ ရေချိုးခြင်းအဆုံး၌ ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ဤသို့ ရေချိုးခြင်းကြောင့် ပညတ်၏။ ရေသနုပ်ခိုးသူ ယူသွားအံ့၊ ပျောက်ဆုံးသွားအံ့။ ရေသနုပ် အဘိုးတန်ကို ခိုးသူမြင်လျှင် ခိုးရာ၏ဟု ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

အချည်းနှီးဖြစ်ခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း၊ ရေချိုး၍ပြီးခြင်း။ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

အပုံးသုံးခု။ ။ရေချိုးအိမ်ဖုံးခြင်း၊ အဝတ်အရုံဖုံးခြင်း၊ မြစ်ချောင်း၌ ဆင်း၍ ရေပြင့်ဖုံးခြင်း-ဤအဖုံး သုံးခု တခုခုရှိလျှင် ရေချိုးရာ၌ အပြစ်မရှိ။ အဝတ်အရုံဖုံးခြင်းရှိသူကို ချေးတွန်းခြင်း၊ ရှိခိုးခြင်း ပြုကောင်း၏။ ဇန္တာဃရ၊ ဥဒက၊ ဝတ္ထ-ပဋိစ္ဆာဒိ။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီများစွာတို့သည် အစိရဝတီမြစ်၌ ပြည့်တန်ဆာမတို့နှင့်အတူ အချည်းနှီး၊ တဆိပ်တည်း ရေချိုးကုန်၏။ "ငယ်ရွယ်စဉ် တရားအားထုတ်သဖြင့် အကျိုးမရှိ။ ငယ်စဉ် ကာမဂုဏ်ခံစား၊ အိုမှ အားထုတ်၊ အကျိုးနှစ်ပါး မယုတ်"ဟု ပြက်ရယ်ပြုကုန်၏။ မျက်နှာ မသာမယာ ပြန်လာကြပြီးလျှင် ဘိက္ခုနီတို့အား ပြောကြားကုန်၏။ ဘိက္ခုနီတို့သည် ဘိက္ခုတို့အား....ဘိက္ခုတို့သည် ဘုရားရှင်အား လျှောက်ကုန်၏။ ထို့ကြောင့် တရားဟော၍ ပညတ်သည်။

၂-သိက္ခာပုဒ်။ ။ဥဒကသာဋိကာ၊ ရေသနုတ်ကို။ ကာရေယျမာနာယ၊ ပြုစေလိုသော။ ဘိက္ခုနီယာ၊....သည်။ ပမာဏိကာ၊ ကာရေတဗ္ဗာ။ တတြ၊ ထိုရေသနုတ်၌။ ဣဒံ၊ ပမာဏံ၊ ဒီဃတော၊ သုဂတဝိဒတ္ထိယာ၊ စတဿော ဝိဒတ္ထိယော၊ လေးထွာ။ တိရိယံ။ ဒွေဝိဒတ္ထိယော၊ နှစ်ထွာ။ တံ၊ ထိုပမာဏကို။ အတိက္ကာမေန္တိယာ၊ လွန်စေသော ဘိက္ခုနီမအား။ ဆေဒနကံ၊ အလွန်ကိုဖြတ်ခြင်းရှိသော။ ပါစိတ္တိယံ၊ ဟောတိ။

**အဓိပ္ပာယ်။** ။ရေချိုးသောအခါ ဝတ်စရာ ရေသနုတ် သင်္ကန်းသည် ဥဒကသာဋိကာ မည်၏။ လေးထွာသည် ၁၂-ထွာ၊ ၁၈-ထွာ၊ နှစ်ထွာလွယ်ပြီ။ ရေသနုတ်ကို ပမာဏလွန်အောင် ပြုအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ အလွန်ကိုဖြတ်၍ ပါစိတ်အာပတ်ကို ကုစားအပ်၏။ (ရေသနုတ်နှင့် အမာလွှမ်း....ပမာဏတူ၏။)

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီမတို့ ပမာဏလွန်သော ရေသနုတ်ကိုဆောင်ခြင်းကြောင့် ပညတ်၏။ စတုက္က ပါစိတ်။ သူတပါးအလို့ငှာ ပြုအံ့။ သူတပါးပြုသည်ကိုရ၍ သုံးဆောင်အံ့၊ ဒုက္ကဋ်။ နိဿဂ္ဂိယနှင့် တူပြီ။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘုရားရှင်သည် ဘိက္ခုနီတို့အား ရေသနုတ် ခွင့်ပြုတော်မူသည်။ ဆဗ္ဗဂ္ဂီမတို့သည် ဘုရားရှင် ခွင့်ပြုသည်ဟု ပမာဏလွန်ပြု၍ ဆောင်ကုန်၏။ ရှေ့နောက် သင်္ကန်းလျက် လှည့်လည်ကုန်၏။ ရေသနုတ် ကြီးလွန်းသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၃-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ဘိက္ခုနီယာ၊ ဘိက္ခုနီမ တယောက်၏။ စီဝရံ....ကို။ ဝိသိဗ္ဗေတွာဝါ၊ ကိုယ်တိုင် ချုပ်ရိုးဖြေ၍လည်းကောင်း။ ဝိသိဗ္ဗာပေတွာဝါ၊ သူတပါးကို ဖြေစေ၍လည်းကောင်း။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊ နောက်၌။ အနန္တရာယိကိနီ၊ အန္တရာယ်မရှိပဲ။ နေဝသိဗ္ဗေယျဝါ၊ ကိုယ်တိုင်လည်း မချုပ်ငြားအံ့။ သိဗ္ဗာပနာယဝါ၊ ချုပ်စေခြင်းငှာလည်း။ ဥဿုက္ကံ၊ လုံ့လကို။ နကရေယျ၊ စတုပဉ္စာဟံ၊ လေးရက်ငါးရက်ကို။ အညတြ။ တသာ။

**အဓိပ္ပာယ်။** ဝတ်ရုံလောက်သော သင်္ကန်းချုပ်ရိုး မကောင်းသောကြောင့် တဖန် ချုပ်ခြင်းငှာ ချုပ်ရိုးဖြေခြင်းသည် ဝိသိဗ္ဗေတွာမည်၏။ အန္တရာယ်ဆယ်ပါးမရှိလျှင် အနန္တရာယိကိနီ မည်၏။ ချုပ်ရိုးဖြေသောနေ့မှ ငါးရက်လွန်စေခြင်းသည် အညတြ စတုပဉ္စာဟ မည်၏။ မချုပ်တော့အံ့။ ချုပ်စေခြင်းငှာ ကြောင့်ကြမပြုတော့အံ့ဟု ဝန်ချကာမျှ၌ ပါစိတ်။ ဝန်ချပြီးမှ ချုပ်လျှင်လည်း ပါစိတ်သင့်ပြီးပြီ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ—သင်္ကန်းဖြေ၍ ပြန်မချုပ်ပေးခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ အနုပသမ္ပန္နာ၏ သင်္ကန်း၌တိကဒုက္ကဋ်။ နှစ်ဦးလုံး၏ သင်္ကန်းမှ တပါးသော ပရိက္ခရာ၌ ဒုက္ကဋ်။အန္တရာယ်ရှိအံ့၊ ရှာဖွေ၍ တစုံတခုမရအံ့၊ ချုပ်စဉ်ငါးရက်လွန်အံ့၊ ဂိလာနာဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာစသည်ဖြစ်အံ့၊ အနာပတ္တိ။ ဝတ်ရုံလောက်သော သင်္ကန်းဖြစ်ခြင်း၊ ဥပသမ္ပန္နာ၏ ဥစ္စာဖြစ်ခြင်း၊ ချုပ်ခြင်းငှာ ဖြေခြင်း—ဖြေစေခြင်း၊ ခွင့်ပြုသော အကြောင်းမရှိပဲ ငါးရက်လွန်ခြင်း၊ ဝန်ချခြင်း–အင်္ဂါငါးပါး။သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတဦး၏ သင်္ကန်းသည် မျှားစွာအဖိုးထိုက်၏။ ချုပ်ရိုးကား မကောင်း။ ရှင်မထုလ္လနန္ဒာသည်—သင်၏ သင်္ကန်းကောင်းလျက် ချုပ်ရိုးညံ့သည်ဟု ဆို၏။ ချုပ်ရိုးပြန်ဖြေမည်၊ချုပ်ပေးမည်လော-ဟု ဆိုလတ်သော်-ဇ-ချုပ်ပေးမည်ဟု ဝန်ခံသဖြင့် ချုပ်ရိုးဖြေ၍ ပေးလိုက်၏။ထုလ္လနန္ဒာသည် ချုပ်မည်ချုပ်မည်ဟု ဆို၍ ချုပ်လည်း မချုပ်။ ချုပ်စေခြင်းငှာလည်း အားမထုတ်။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၄-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ပဉ္စာဟိကံ၊ ငါးရက်ကို။ သံဃာဋိစာရံ၊ သင်္ကန်းငါးထည် လှည့်ခြင်းကို။(ဝတ်ရုံခြင်း၊ နေလှမ်းခြင်းဖြင့် လှည့်ခြင်း။) အတိက္ကာမေယျ၊ တဿာ။

**အဓိပ္ပာယ်။** ။ငါးရက်သည် ပဉ္စာဟမည်၏။ ပဉ္စာဟိကလည်းမည်၏။ တိစီဝရိတ်၊ ရေသနုပ်၊ ရင်လွှမ်းတဘက်+ဤသင်္ကန်းငါးထည်သည် ခေါက်အပ်ခါအပ်ဖြန့်အပ်သောကြောင့် သံဃာဋိမည်၏။ (ဤ၌ သံဃာဋိကား ဒုကုဋ်သက်သက် မဟုတ်။) သင်္ကန်းငါးထည်ကို ဝတ်ခြင်းရုံခြင်းနေလှန်းခြင်းသည် သံဃဋိစာရမည်၏။ ငါးရက်အတွင်း ဝတ်ရုံရသည်၊ နေသော်လည်း လှန်းရသည်။ ဤသို့ မပြုပဲ ခြောက်ခုမြောက်အရုဏ်တက်အံ့၊ တထည်မလှည့်လျှင် ပါစိတ်တချက်။ ငါးထည်မလှည့်လျှင် ငါးချက်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ-သင်္ကန်းထားခဲ့၍ သင်းပိုင်ကိုယ်ရုံမျှဖြင့် ဇနပုဒ်လှည့်လည်ခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ ငါးရက်မလွန်သည်၌ ဒုက္ကဋ်။ ငါးရက်မြောက်နေ့၌ ငါးထည်လုံးဝတ်အံ့၊ ရုံအံ့။ နေလှန်းအံ့၊ ဂိလာနာဖြစ်အံ့၊ အဖိုးတန်သင်္ကန်းဖြစ်၍ ခိုးသူဘေးကြောင့် မဝတ်၊ မရုံ၊ နေမလှန်းအံ၊ ဥမ္မတ္တိကာစသည်ဖြစ်အံ့၊အနာပတ္တိ။
သင်္ကန်းငါးထည် တထည်ထည်ဖြစ်ခြင်း၊ ငါးရက်လွန်ခြင်း၊ ခွင့်ပြုသောအကြောင်းမရှိခြင်း၊ မလှည့်ခြင်း-အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် ကထိနနှင့်တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ....။ ဘိက္ခုနီတို့သည် တပါးသော ဘိက္ခုနီတို့ထံ သင်္ကန်းထားခဲ့၍ သင်းပိုင်ကိုယ်ရုံမျှဖြင့် ဇနပုဒ် လှည့်လည်ကုန်၏။ ကြာမြင့်လတ်သော် မှိုတက်၍ နေလှန်းရကုန်၏။ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၅-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ စီဝရသင်္ကမနီယံ၊ ပြန်ပေးအပ်သော သူတပါး၏ သင်္ကန်းကို။ ဓာရေယျ၊ ဆောင်ငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။သခင်ထံ မပန်ကြားပဲ ယူသောကြောင့် ပြန်ပေး အပ်သော သင်္ကန်းသည် စီဝရသင်္ကမနီယ မည်၏။ ဥပသမ္ပန္နာ၏ သင်္ကန်း

ငါးထည် တထည်ထည်ဖြစ်၏။ ဝတ်ခြင်းရုံခြင်းသည် ဓာရေယျ မည်၏။ တထည်ထည်ကို မပန်ကြားပဲ ယူ၍ ဝတ်အံ့၊ ရုံအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် တပါးသော ဘိက္ခုနီ၏ သင်္ကန်းကို မပန်ကြားပဲ ယူ၍ ဝတ်ရုံခြင်းကြောင့် ပညတ်၏၊ တိကပါစိတ်၊ အနုပသမ္ပန္နာ၏ သင်္ကန်း၌ တိကဒုက္ကဋ်။ သခင်ပေးအံ့၊ သခင်ကိုပန်ကြားအံ့၊ သင်္ကန်းခိုးသူ လုခြင်း၊ ပျောက်ခြင်းတို့ကြောင့်ယူ၍ ဝတ်ရုံအံ့၊ ငါယူ၍ မဝတ်ရုံလျှင် ခိုးသူခိုးသတတ်၊ ဟုသော ဘေးရန်ကြောင့် ယူ၍ဝတ်အံ့၊ ဥမ္မတ္တိကာစသည် ဖြစ်အံ့၊ အနာပတ္တိ။

ပြန်ပေးအပ်သော သင်္ကန်းဖြစ်ခြင်း၊ ဥပသမ္ပန္နာ၏ ဥစ္စာဖြစ်ခြင်း၊ ခွင့်ပြုသောအကြောင်း မရှိခြင်း၊ ဝတ်ရုံခြင်း အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် ကထိနနှင့် တူ၏။ ကြိယာ ကြိယသာထူး၏။

**မှတ်ဖွယ်အထူး။** ။အပါဒါသု အနာပတ္တိ၌ ငါသည် သင်္ကန်း အဖိုးတန်ကို ယခုလို ခိုးသူ ဘေးအခါ ဝတ်ခြင်းငှာ မတတ်ကောင်း၊ ဤသို့သော ဘေးရန်တို့ကြောင့်ဟု ကင်္ခါ၌ ပါရှိသည်။ ကင်္ခါဋီကာ၌ ကြက်ခြေခတ် အမှတ်တွေ့ ဝေသော စာရေးတို့ အရေးမှားသည် ဟုဆို၍ "ငါယူ၍ မဝတ်မရုံလျှင် ခိုးသူ ခိုးလတ္တံ့-ဟူသော ဘေးရန်ကြောင့်ဟု ဆိုသည်။ အဋ္ဌကထာကြီးနှင့် ညီသည်။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတယောက်သည် ဆွမ်းခံအပြန် စိုသောသင်္ကန်းကို ဖြန့်လှန်း၍ ကျောင်းတွင်းသို့ ဝင်သွား၏။ တပါးသော ဘိက္ခုနီသည် ထိုသင်္ကန်းကိုရုံ၍ ရွာတွင်းသို့ ဆွမ်းခံသွား၏။ သင်္ကန်းရှင်သည် မိမိသင်္ကန်းကို မမြင်၍ မေးလတ်သော် ထိုဘိက္ခုနီ ရုံသွားသည်ဟု ဆိုကုန်၏။ မပန်ကြားပဲ ယူ၍ ရုံသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၆–သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဂဏဿ၊ ဘိက္ခုနီသံဃာ၏။ စီဝရလာဘံ၊ သင်္ကန်းလာဘ်ကို။ အန္တရာယံ၊ အန္တရာယ်ကို။ ကရေယျ။ တဿာ။

**အဓိပ္ပာယ်။** ။ဘိက္ခုနီ သံဃာသည် ဂဏမည်၏။ (တပါး၊ နှစ်ပါး၊ သုံးပါးမဟုတ်။) ရထိုက်သော ဝိကပ္ပနာလောက်သော အဝတ်

သည် စီဝရလာဘ မည်၏။ လှူလိုသူတို့ကို မလှူဖြစ်အောင် အားဆုတ်ခြင်းသည် အန္တရာယံကရေယျ မည်၏။ ထိုဘိက္ခုနီ၏ စကားကြောင့် မလှူကုန်အံ့၊ ထိုဘိက္ခုနီ အားပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ဘိက္ခုနီ သံဃာ၏ သင်္ကန်း လာဘ်ကို ကန္တရာယ် ပြုခြင်းကြောင့် ပညတ်၏။ တပါးသော ပရိက္ခရာကို အန္တရာယ်ပြုအံ့၊ သမ္ဗဟုလာ ဘိက္ခုနီတို့၏ လည်းကောင်း တယောက်သော ဘိက္ခုနီ၏ လည်းကောင်း၊ အနုပသမ္ပန္နာ၏ လည်းကောင်း၊ သင်္ကန်းကို လည်းကောင်း၊ တပါးသော ပရိက္ခရာကိုလည်းကောင်း၊ အန္တရာယ်ပြုအံ့၊ ဒုက္ကဋ်။ အဖိုးနည်းသော အခါမှ လှူကြလော့ဟု အာနိသင်ပြ၍ တားအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ ဝိကပ္ပနာလောက်သော အဝတ် သင်္ကန်းဖြစ်ခြင်း၊ သံဃာအား ညွတ်ပြီးဖြစ်ခြင်း။ အာနိသင်မပြဲ အန္တရာယ်ပြုခြင်း-အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။

ဝတ္ထု။ ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာ၏ ဒါယကာသည် ရှင်မထုလ္လနန္ဒာကို "ဘိက္ခုနီသံဃာအား သင်္ကန်းလှူလိုပါသည်"ဟု လျှောက်ကြား၏။ သင်တို့အား ပြုဖွယ်ကိစ္စ များလှသည်ဟု ဆို၍ အန္တရာယ်ပြု၏။ တားမြစ်ထား၏။ နောက်၌ အိမ်မီးလောင်၏။ ထိုအခါ အိမ်သားတို့သည် အဘယ်ကြောင့် ရှင်မထုလ္လနန္ဒာသည် ငါတို့၏ အလှူကို အန္တရာယ်ပြုအံ့သနည်း။ ငါတို့မှာ သုံးလည်းမသုံးရ၊ လှူလည်း မလှူရ-အကျိုးနှစ်ပါးမှ ဆုတ်ယုတ်ကြပြီဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၇-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ဓမ္မိကံ၊ တရားနှင့်ညီသော။ စီဝရဝိဘင်္ဂံ၊ သင်္ကန်း ဝေဖန်ခြင်းကို။ ပဋိဗာဟေယျ၊ တားငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။သမဂ္ဂ သံဃာစည်းဝေး၍ ပြုသော သင်္ကန်းဝေဖန်ခြင်းသည် ဓမ္မိက စီဝရဝိဘင်္ဂ မည်၏။ မဝေဖန် ဖြစ်အောင် တားအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ-တရားနှင့်အညီ သင်္ကန်း ဝေဖန်ခြင်းကို တားခြင်းကြောင့် ပညတ်၏။ ဓမ္မိက၌ ဓမ္မတိ

ကာဖြစ်အံ့၊ ဒုက္ကဋ်။ အခမ္မိကဥ္ ဒွိကဒုက္ကဋ်။ အဓမ္မိကသညာရှိအံ့၊ ယခုတပါး တထည်မလောက်သေး။ မကြာမီ ရလိမ့်ဦးမည်-ဟု အာနိသင်ပြ၍ တားအံ့၊ ဥမ္မတ္တကကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဓမ္မိကစီဝရဝိဘင်္ဂဖြစ်ခြင်း၊ ဓမ္မိကဟု မှတ်ခြင်း၊ အာနိသင်မပြပဲ တားခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏၊

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီ သံဃာအား အကာလ သင်္ကန်းဖြစ်၍ ဝေဖန်မည်ဟု ဘိက္ခုနီ သံဃာစည်ဝေး၏။ ရှင်မထုလ္လနန္ဒာ၏တပည့်များ အရပ်တပါး သွားခိုက်ဖြစ်၍ ဘိက္ခုနီတို့ မစုံသေး၊မဝေဖန်ထိုက်သေး-ဟု ရှင်မထုလ္လနန္ဒာ တား၏။ သင်္ကန်း မဝေဖန်သေးဟု တပါးသော ဘိက္ခုနီတို့ အရပ်တပါးသို့ သွားကုန်၏။ ရှင်မထုလ္လနန္ဒာသည် တပည့်များ ပြန်ရောက်လာသောအခါ ဝေဖန်ခိုင်း၏။ ရှင်မထုလ္လနန္ဒာသည် တရားနှင့်အညီ သင်္ကန်းဝေဖန်ခြင်းကို တားသည်ဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

ဂ-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အဂါရိကဿဝါ၊ အိမ်၌နေသူ လူအားလည်းကောင်း။ ပရိဗ္ဗာဇကဿဝါ၊ ပရိဗိုဇ် ရဟန်းအားလည်းကောင်း။ ပရိဗ္ဗာ ဇိကာယဝါ၊ ပရိဗိုဇ်မအားလည်းကောင်း။ သမဏစီဝရံ၊ (ဗိန္ဒုထိုးသော) ရဟန်းသင်္ကန်းကို။ ဒဒေယျ။ တဿာ။

**အစိပ္ပာယ်။** ။ကပ္ပ ဗိန္ဒုထိုးပြီးသော ဝတ်လောက် ရုံလောက်သော သင်္ကန်းသည်-သမဏ စီဝရမည်၏။ သီတင်းသုံးဖော် ငါးယောက် မိဘ ည်ခုနစ်ယောက်ဖယ်၍ အမှတ်မရှိသော လူအားလည်းကောင်း၊ ပရိဗိုဇ်အားလည်းကောင်း၊ ပရိဗိုဇ်မအားလည်းကောင်း။ ဗိန္ဒုထိုးသောသင်္ကန်းကို စွန့်၍ အပြီးပေးအံ့၊ ပါစိတ်။ ဘိက္ခုပေးလျှင် ဒုက္ကဋ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ-လူအား ဗိန္ဒုထိုးသင်္ကန်း ပေးခြင်းကြောင့် ပညတ်၏။ မိဘတို့အား အပြီးအပိုင်ပေးအံ့၊ တပါးသောသူတို့အား အခိုက်အတန့် ပေးအံ့၊ ဥမ္မတ္တကကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

သမဏ စီဝရဖြစ်ခြင်း၊ သီတင်းသုံးဖော် မိဘမှ တပါးသော သူတို့အား ပေးခြင်း၊ အခိုက်အတန့် မဟုတ်ခြင်း အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် သဋ္ဌရိတ္တာ

နှင့် တူ၏။ (ဝေယျာဝစ္စပြုသူအား အကျိုးစသည်အလို့ငှါ ပိုးသင်္ကန်းတို့ကို ပေးလိုလျှင် ဗိန္ဒုမထိုးမိ ပေးအံ့—အပြစ်ဖြစ်ဖွယ်မရှိ။)

**ဝတ္ထု။** ။သာ၊ ဇေ။....ရှင်မထုလ္လနန္ဒာသည် နဠ-ဇာတ်အုပ်၊ နာဋက-ကချေသည်။ လင်္ဃိကာ၊ ကြိုးတန်းလျှောက် ဂျွမ်းသမား၊ သောကဇ္ဈာယိကာ၊ မျက်လှည့်သည်။ ကုမ္ဘ ထူဏိကာ၊ အိုးစည်သမား၊ ဝါ၊ လေးထောင့်ကြက်သော ထက်စည်တီးသမား၊ ဤသူတို့အား "ငါ၏ဂုဏ်ကို ပရိသတ်လယ်၌ ပြောဆိုကြ" ဟု ဆို၍ သင်္ဃာဋိစီဝရ ပေး၏။ ကချေသည် စသည်ကိုသည်-ရှင်ပ ထုလ္လနန္ဒာ ဗဟုဿုတရှိသည်၊ တရားဟောကောင်းသည် -စသည်ဖြင့် ပရိသတ်လယ်၌ ဆိုကုန်၏။ ဘိက္ခုနီတို့ သိ၍ လူအား သင်္ဃာဋိစီဝရ ပေးသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၉—သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဒုဗ္ဗလစီဝရ ပစ္စာသာယ၊ အားနည်းသော သင်္ကန်းရနိုးခြင်းဖြင့်၊ စီဝရကာလသမယံ၊ သင်္ကန်းကာလကို။ အတိက္ကာမေယျ၊ တသာ။

**အဓိပ္ပာယ်။** ။သင်္ကန်း၌ ရအံ့နိုးနိုး မြော်ကိုးသော အာသာသည် စီဝရပစ္စာသာ မည်၏။ အားနည်းသော အာသာသည် ဒုဗ္ဗလ စီဝရပစ္စာသာ မည်၏။ (တတ်နိုင်လျှင် လှူဦးမည်-ဟု ပြောသည်ကို ကြား၍ မြော်သော အာသာသည် ဒုဗ္ဗလ။ မည်သည့်နေ့ရက်တွင် လှူမည်ဟု ကြား၍ မြော်သော အာသာသည် ဗလဝ။ ဘာသံမျှမကြားပဲ မြော်သော အာသာသည်ကား အာသာ—မမည်၊ သက်ပ္ပမည်၏။) ကထိန်မခင်းလျှင် တလ၊ ခင်းလျှင် ငါးလသည်၊ ဝါ၊ ကထိန်နုတ်သောနေ့အထိ သည်စီဝရကာလ သမယ မည်၏။ သင်္ကန်းဝေဖန်နိုင်သော ကာလမည်၏။ ထိုကာလအတွင်း သင်္ကန်း ဝေဖန်အံ့သောအခါ၌ "ဆိုင်းကြဦး၊ သံဃာအား သင်္ကန်း ရဖွယ်ရှိသေးသည်" ဟု ဒုဗ္ဗလအာသာဖြင့် ဆို၍ ထိုကာလ နောက်ဆုံးရက်ကို လွန်စေငြားအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ အားနည်းသော အာသာဖြင့် သင်္ကန်းကာလကို လွန်စေခြင်းကြောင့် ပညတ်၏။ ဒုဗ္ဗလ၌ ဝေမတိကာဖြစ်အံ့၊ ဒုက္ကဋ်။ အဒုဗ္ဗလ၌ ဒွိက ဒုက္ကဋ်။ အဒုဗ္ဗလ သညာ ရှိအံ့။ မလှူနိုင်တော့ပြီဟု လျှောက်သော်လည်း မကြာမီ ဝါပွမ်း ရတော့မည်ဖြစ်၍၊ လှူနိုင်သူ ရောက်လာတော့မည်ဖြစ်၍ မချွတ်လှူဖြစ်လိမ့်မည်ဟု အကျိုးပြ၍ တားအံ့၊ ဥမ္မတိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။

ဒုဗ္ဗလ စိဝရ ဖြစ်ခြင်း၊ ဒုဗ္ဗလ သညာရှိခြင်း၊ အကျိုးမပြပဲ တားခြင်း အင်္ဂါ သုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။

ဝတ္ထု။ ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာအား ဒါယကာတဦးသည် တတ်နိုင်လျှင် ဘိက္ခုနီ သံဃာအား သင်္ကန်း လှူလိုသည်ဟု ဆိုဘူး၏။ ဝါကျွတ်၍ သင်္ကန်း ဝေဖန်မည်ဟု ဘိက္ခုနီတို့ စည်းဝေးသောအခါ ဆိုင်းကြဦး၊ ရဖွယ်ရှိသေးသည်ဟု ဆို၏။ ထိုသင်္ကန်းကို သိအောင်ပြုပါဟု ဆိုလတ်သော် ရှင်မထုလ္လနန္ဒာသည် သွား၍ "သင်္ကန်း လှူကြလော" ဟု ဆို၏။ မတတ်နိုင်ပါဟု ဆိုလတ်သော် ပြန်၍ ပြောပြ၏။ ရှင်မထုလ္လနန္ဒာသည် အားနည်းသော အာသာဖြင့် သင်္ကန်းဝေဖန်ချိန်ကို လွန်စေသည်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၁၀- သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ဓမ္မိကံ၊ တရားနှင့် လျော်သော။ ကထိန္နုဒ္ဓါရံ၊ ကထိန်နုတ်ခြင်းကို။ ပဋိဗာဟေယျ၊ တားသော။

အဓိပ္ပါယ်။ ။ဘိက္ခုနီ သံဃာ အညီအညွတ် စည်းဝေး၍ ကထိန်နုတ်ခြင်းသည် ဓမ္မိက ကထိန္နုဒ္ဓါရ မည်၏။ ဓမ္မိကနုတ်ခြင်းကို မနုတ်ဖြစ်အောင် တားအံ့၊ ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ကထိန်နုတ်သည်ကို တားခြင်းကြောင့် ပညတ်၏။ ဓမ္မိက၌ ဝေမတိက ဖြစ်အံ့၊ ဒုက္ကဋ်။ အဓမ္မိက၌ ဒွိက ဒုက္ကဋ်။ အဓမ္မိက သညာရှိအံ့။ ဘိက္ခုနီသံဃာသည် သင်္ကန်း ရှာသည်။ ခင်းခြင်းကြောင့်ရသော အာနိသင်များ၏ဟု အာနိသင်ပြ၍ တားအံ့၊ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။ အကြွင်း သတ္တမနှင့် တူ၏။

နုတ်သင့်၊ မနုတ်သင့် အခွဲ။ ။ဒါယကာတဦးသည် အာနိသင် ရ၊ မရ ဘိက္ခုနီအားလုံးတို့အား အကာလ သင်္ကန်း လှူလို၍ ကထိန်နုတ်ပါဟု တောင်းပန်အံ့။ ကထိန်ခင်းခြင်းကြောင့် အာနိသင် ရသူတို့ ရထိုက်သော သင်္ကန်းထက် များအောင် လှူနိုင်ငြားအံ့၊ နုတ်အပ်၏။ ဘိက္ခုနီ သံဃာ အညီအညွတ် စည်းဝေး၍ တပေါင်းလပြည့်အတွင်း ဉတ္တိဒုတိယကမ္မဝါစာဖြင့် ကထိန်နုတ်ကောင်း၏။ များအောင် မလှူနိုင်သော်လည်း အတူရအောင် လှူနိုင်အံ့၊ ဆို့အတူ နုတ်ကောင်း၏။ ကထိန် အာနိသင် ရသူတို့မှာ

ကောန် ရထိုက်သော လာဘ်မှ လျော့ခြင်း မရှိသောကြောင့်တည်း။ ကထိန်မနုတ်ပဲ ကာလစီဝရကို ဝေဖန်လျှင် အာနိသင်ရသူတိုင်း နှစ်ထည်စီရနိုင်မည် ကောန် ဖြစ်အံ့၊ ကထိန်နုတ်၍ ထိုသူလှူသော သင်္ကန်းနှင့် ရော၍ အာနိသင်ရ၊ မရအားလုံးအား ဝေဖန်လျှင် နှစ်ထည်စီမရနိုင် ဖြစ်အံ့၊ အာနိသင် ရသူတို့ ရထိုက်သော လာဘ်မှ လျော့သောကြောင့် ထိုကထိန်မနုတ်အပ်။

**ဝတ္ထု**။ ။သာ၊ ဧ။ ဒါယကာတဦးသည် ကျောင်းသောက်၍ ရေစက်ချသောအခါ ဥဘတောသံဃာအား အကာလသင်္ကန်းလှူလို၍–ကထိန်နုတ်ပါ–ဟု ရဟန်းသံဃာထံ တောင်းပန်၏။ ချစ်သားတို့ ကထိန်နုတ်ခြင်းငှာ ခွင့်ပြု၏။ ဉတ္တိဒုတိယကံဖြင့် သံဃာကို သိစေအပ်၏–ဟု မိန့်တော်မူ၏။ ဘိက္ခုနီသံဃာထံ ကထိန်နုတ်ပါ–ဟု တောင်းပန်သောအခါ ရှင်မထုလ္လနန္ဒာသည် ဤသင်္ကန်းသည် ငါတို့အားသာဖြစ်လတ္တံ့ဟု ကထိန်နုတ်ခြင်းကို တား၏။ တောင်းပန်လျက်ဘိက္ခုနီတို့သည် ကထိန်မနုတ်ကုန်ဟု ဒါယကာ ကဲ့ရဲ့၏။ ထို့ကြောင့် ပညတ်သည်။

နဂ္ဂဝဂ္ဂေါ တတိယော။

---

**၁·သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနိယော၊ အကြင်ဘိက္ခုနီမတို့သည်။ ဧကမဉ္စေ၊ တခုသော ညောင်စောင်း၌။ ဒွေ၊ နှစ်ယောက်။ တုဝဋ္ဋေယျုံ၊ အိပ်ကုန်ငြားအံ့။ တာသံဘိက္ခုနီနံ၊တို့အား။ ပါစိတ္တိယံ။ ဟောတိ။

**အဓိပ္ပာယ်**။ ။တယောက်အိပ်နေစဉ် တယောက်ဝင်၍ အိပ်အံ့၊ နှစ်ယောက်လုံး ပြိုင်တူသော်လည်း အိပ်ကုန်အံ့၊ ထ၍ ဖန်ဖန်သော်လည်း အိပ်ကုန်အံ့၊ နှစ်ယောက်လုံး ပါစိတ်။ ဘိက္ခုတို့အား ဒုက္ကဋ်။

**အဆုံးအဖြတ်** ။ ။သာ၀တ္ထိ၌ ဘိက္ခုနီများစွာ တညောင်စောင်းနှစ်ယောက်အိပ်ခြင်းကြောင့် ပညတ်၏။တယောက်အိပ်စဉ် တယောက်ထိုင်အံ့၊ နှစ်ယောက်လုံးသော်လည်း ထိုင်ကုန်အံ့၊ ဥမ္မတ္တိကာစသည်တို့ ဖြစ်ကုန်အံ့၊အနာပတ္တိ။

ဝတ္ထု။ ။သာ၊ ဇေ။ ဘိက္ခုနီနှစ်ဦးတို့သည် ညောင်စောင်းတခုတည်း၌ အိပ်ကုန်၏။ လူတို့ လှည့်လည်၍ မြင်လတ်သော် ကာမဂုဏ်ခံစားသူတို့ ကဲ့သို့ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၂-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနိယော။ ဧကတ္ထရဏပါဝုရဏာ၊ အခင်းအရုံတခုတည်း ရှိကုန်သည်ဖြစ်၍။ ဒွေ။ တုဝဋ္ဋေယျုံ။ တာသံ ဘိ ုနီနံ။

အဓိပ္ပာယ်။ ။အခင်းအရုံတခုတည်းရှိသော ဘိက္ခုနီတို့သည် ဧကတ္ထရဏ ပါဝုရဏာတို့မည်ကုန်၏။ ရှေးပြောင်း၍ ရစ ောင်းသော စုလျား၊ သင်ဖြူးစသည်တို့၏ တပိုင်းကိုခင်း၍ တပိုင်းကိုခြုံ၍ အိပ်ကြသည်ဟူလို။ ထိုသို့အိပ် ့ေ၊ နှစ်ယောက်လုံး ပါစိတ်။ ဘိက္ခုတို့အား ဒုက္ကဋ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ဤသို့အိပ်ခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ နာနတ္တရဏပါဝုရဏ-သီးခြားသော အခင်းအရုံ၌ ဒွိကဒုက္ကဋ်။ တခင်းတည်းသက်သက် ဒုက္ကဋ်။ တရုံတည်းသက်သက် ဒုက္ကဋ်။ အခင်းသီးခြား-အရုံသီးခြား၌သီးခြားဟုယင်အံ့၊ အပိုင်းအခြား ပြု၍။ ဝါ-သက်န်း တောင်ဝှေး ဝါးပန်းဖြစ်စေအလယ်၌ ထား၍ အိပ်ကုန်အံ့။ ဥမ္မတ္တကာစသည်တို့ ဖြစ်ကုန်အံ့၊ အနာပတ္တိ။ အကြွင်းတူပြီ။

ဝတ္ထု။ ။သာ၊ ဇေ။ ဘိက္ခုနီ နှစ်ယောက် အခင်းအရုံ တခုထည်းအိပ်ကုန်၏။ ကာမဂုဏ် ခံစားသူတို့ကဲ့သို့ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၃-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဘိက္ခုနိယာ၊ တပါးသော ဘိက္ခုနီမအား။ သဉ္စိစ္စ၊ တကွအားထုတ်၍။ အဖာသု၊ မချမ်းသာခြင်းကို။ ကရေယျ။ တဿာ။

အဓိပ္ပာယ်။ ။သိလျက် အားထုတ်၍ လွန်ကျူးခြင်းသည် သဉ္စိစ္စ မည်၏။ ဤသို့ ပြုခြင်းဖြင့် ဤဘိက္ခုနီအား မချမ်းမသာ ဖြစ်လတ္တံ့ဟု မပန်ကြားပဲ ရှေ့၌ စင်္ကြံသွားခြင်း၊ ရပ်ထိုင်အိပ်ခြင်း၊ ပါဠိသင်ယူခြင်း၊ သင်ပေးခြင်း၊ မေးခြင်း၊ သရဇ္ဈာယ်ခြင်းကို ပြုခြင်းသည် အဖာသုကရေယျမည်၏။ ဤသို့ တပါးသော ဘိက္ခုနီအား မချမ်းသာအောင် ပြုအံ့၊ စင်္ကြံသွားခြင်း၌

ပြန်နှစ်ခြင်း အရေအတွက်အားဖြင့် ပါစိတ်။ ရပ်ခြင်းစသည့်၌ ပယောဂတိုင်း ပါစိတ်။ ပါဋိသင်ယူခြင်းစသည့်၌ ပုဒ်အရေအတွက်အားဖြင့် ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ-တကာအားထုတ်၍ မချမ်းမသာ ပြုခြင်းကြောင့် ပညတ်သည်။ တိကပါစိတ်။ အနုပသမ္ပန္နာ၌ တိကဒုက္ကဋ်။ မချမ်းသာစေလိုသော အလိုမရှိအံ့၊ ပန်ကြား၍ စကြံသွားခြင်း စသည်ကိုပြုအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဥပသမ္ပန္နာ ဖြစ်ခြင်း၊ မချမ်းသာစေလိုခြင်း၊ မချမ်းသာအောင် ပြုခြင်း၊ မပန်ကြားခြင်း-အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ကြိယာ ကြိယ၊ ဒုက္ခဝေဒနာ-သာထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာသည် ဗဟုဿုတ ရှိ၏။ တရားဟော ကောင်း၏။ ရှင်မဘဒ္ဒါကာပိလာနီ သည်လည်း ဗဟုဿုတရှိ၏။ တရားဟော ကောင်း၏။ ချီးမွမ်းသူများ၏။ လူတို့သည် ရှင်မဘဒ္ဒါထံ ချဉ်း ကပ်၍ ပြီးမှ ရှင်မထုလ္လနန္ဒာထံ ချဉ်းကပ်ကုန်၏။ ရှင်မထုလ္လနန္ဒာသည် ငြူစူ သဖြင့် ရှင်မဘဒ္ဒါ၏ရှေ့၌ စကြံသွားခြင်း၊ ရပ်ထိုင်အိပ်ခြင်း၊ ပြု၏။ ပါဋိသင် ယူခြင်းစသည် ပြု၏။ ရှင်မထုလ္လနန္ဒာသည် ရှင်မဘဒ္ဒါအား မချမ်းသာအောင် ပြုသည်ဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၄-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ဒုက္ခိတံ၊ (ဂိလာနံ) ဖျား နာသော။ သဟဇီဝိနိံ၊ အတူနေတပည့်မကို။ နေဝ ဥပဋ္ဌဟေယျ၊ ကိုယ်တိုင်လည်း မလုပ်ကျွေးငြားအံ့။ ဥပဋ္ဌာပနာယ၊ လုပ်ကျွေးစေ ခြင်းငှါ။ ဥဿုက္ကံ၊ လုံ့လကို။ နကရေယျ။ တဿာ။

**အဓိပ္ပာယ်။** ။ဂိလာနာသည် ဆင်းရဲသူဖြစ်၍ ဒုက္ခိတာ မည်၏။ ဥပဇ္ဈာယ် ယူသော သဒ္ဓိဝိဟာရိနီ တပည့်မသည် သဟဇီဝိနီ မည်၏။ မမာသော အတူနေတပည့်မကို လုပ်ကျွေးခြင်း မပြုအံ့၊ မပြုစေအံ့၊ ဝန်ချ ကာမျှ၌ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ မမာသော အတူနေတပည့်မကို မလုပ်ကျွေးခြင်းကြောင့် ပညတ်၏။အန္တေဝါသိနီတပည့်မ၌ လည်းကောင်း။ အနုပသမ္ပန္နာ၌ လည်းကောင်း ဒုက္ကဋ်။ အဟုရာယ် ဆယ်ပါး

တပါးပါး ရှိအံ့၊ လုပ်ကျွေးတတ်သူ ရှာ၍မရအံ့၊ ကိုယ်တိုင် မမာအံ့၊ ဘေးရန် ရှိအံ့၊ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။

ဂိလာန ဖြစ်ခြင်း၊ သဒ္ဓိဝိဟာရိနီ ဖြစ်ခြင်း၊ ခွင့်ပြုသောအကြောင်း မရှိခြင်း၊ ဝန်ချခြင်း အင်္ဂါလေးပါး။ သမုဋ္ဌာန် စသည် သမနုဘာသနနှင့် တူ၏။

ဝတ္ထု။ ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာသည် မမာသော အတူနေ တပည့်မကို ကိုယ်တိုင်လည်း မလုပ်ကျွေး၊ လုပ်ကျွေးစိမ့်သောငှာလည်း အားမထုတ်။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၅-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဘိက္ခုနီယာ၊ ဘိက္ခုနီ တယောက်အား။ ဥပဿယံ၊ ကျောင်းကို။ ဒတွာ၊ ပေး၍။ ကုပိတာ၊ အနတ္တမနာ၊ နိက္ကဍ္ဎေယျ ဝါ၊ ကိုယ်တိုင်မူလည်း နှင်ထုတ်ငြားအံ့။ နိက္ကဍ္ဎာပေယျ ဝါ၊ တဿာ။

**အဓိပ္ပာယ်။** ။တံခါးရွက်အဖွဲ့ရှိသော မိမိ၏ ပုဂ္ဂလိကကျောင်းသည် ဥပဿယ မည်၏။ ကိုယ်တိုင် ပေးခြင်းသည် ဒတွာ မည်၏။ ပယောဂ တကြိမ်ဖြင့် တံခါးများစွာတို့ကို နှင်အံ့၊ ပါစိတ် တချက်။ ပယောဂများစွာဖြင့် နှင်အံ့၊ ပယောဂတိုင်း ပါစိတ်၊ သူတပါးကို နှင်စေ အံ့၊ ဒုက္ကဋ်။ ဤတံခါး ဤတံခါးတို့ကို လွန်စေလောဟု တကြိမ် စေခြင်းဖြင့် တံခါးများစွာတို့ကို လွန်စေအံ့၊ တံခါး အရေအတွက်အားဖြင့် ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ထိုသို့ပြုခြင်းကြောင့် ပညတ်၏။ တိက ပါစိတ်။ တံခါးရွက် အဖွဲ့မရှိသော ကျောင်းမှ နှင်အံ့၊ ဒုက္ကဋ်။ အနုပသမ္ပန္နာ၌ တိက ဒုက္ကဋ်။ တံခါးရွက်အဖွဲ့ရှိသောကျောင်း၊ မရှိသော ကျောင်းမှ နှစ်ဦးလုံး၏ ပရိက္ခာရာကို နှင်အံ့၊ ဒုက္ကဋ်သာတည်း။ အလဇ္ဇီနီကို၊ ဥမ္မတ္တိကာကို၊ ခိုက်ရန်ပြုတတ်သူကို၊ ကောင်းစွာ မကျင့်သော အန္တေဝါသိနီ၊ သဒ္ဓိဝိဟာရိနီကို နှင်အံ့၊ ထိုသူတို့၏ ပရိက္ခာရာကို နှင်အံ့၊ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။ အင်္ဂါ သံသိကကျောင်းမှ နှင်သော သိက္ခာပုဒ်နှင့်တူ၏။

ဝတ္ထု။ ။သာ၊ ဇေ။ ရှင်မဘဒ္ဒါကာပိလာနီသည် သာကေတပြည်၌ ဝါကပ်၍ ရှင်မထုလ္လနန္ဒာထံ ကျောင်းပေးလျှင် သာဝတ္ထိသို့ လာလိုသည်ဟု မှာလိုက်၏။ လာသာ လာပါ၊ ပေးပါမည်ဟု ဆို၍ ရောက်လာသောအခါ ပေး၏။ လူတို့သည် ရှင်မဘဒ္ဒါထံ ချဉ်းကပ်ပြီးမှ ရှင်မထုလ္လနန္ဒာထံ ချဉ်းကပ်

ကုန်၏။ ရှင်မထုလ္လနန္ဒာသည် ငြူစူသဖြင့် ရှင်မဘဒ္ဒါကို ကျောင်းမှနှင်ချ၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၆-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဂဟပတိနာဝ ါ၊ ဒါယကာ နှင့်လည်းကောင်း။ ဂဟပတိပုတ္တေနဝ ါ၊ ဒါယကာ၏သားနှင့်လည်း ကောင်း။ သံသဋ္ဌာ၊ ရောနှော၍လျက်။ (မလျော်သော ကိုယ်မှုနှုတ် ပြောဖြင့် ရောသည်ဟူလို။) ဝိဟရေယျ၊ နေငြားအံ့။ သာ ဘိက္ခုနီ။ ဘိက္ခုနီဟိ။ ဧဝံ။ ဝစနီယာ။ အဿ–ဟောတိ။ "အယျေ၊ ဂဟပတိ နာပိ။ ဂဟပတိပုတ္တေနာပိ။ သံသဋ္ဌာ။ မာဝိဟရိ၊ မနေလင့်။အယျေ။ ဝိဝိစ္စ၊ ရောနှောခြင်းမှ ကင်းရှင်းလော့။ ဘဂိနိယာ။ ဝိဝေကညေဝ။ သံဃော။ ဝဏ္ဏေတိ" ဣတိဧဝံ။ ဝစနီယာ။ အဿ-ဟောတိ။ဧဝဉ္စ၊ သာဘိက္ခုနီ၊....။လ။....တဿ၊ ထို (ရောနှောလျက်နေသော) အယူ ဝါဒကို။ ...။လ။....နော စေ ပဋိနိဿဇ္ဇေယျ။ တဿာ။

**အစိပ္ပာယ်။** ။ဒါယကာတို့နှင့် ရောနှောသူကို။ သိလျက်-မဆုံးမသူ-ဒုက္ကဋ်။ ဆုံးမ၍မရအံ့၊ ဒုက္ကဋ်။ သံဃာ့အလယ်၌ခေါ်၍ ဆုံးမလျက်မရ အံ့၊ ဒုက္ကဋ်။ တတိယအကြိမ် သမနုဘာသနကံဖြင့် ဆုံးမအပ်၏။ အယူမစွန့် အံ့၊ ဉာတ်အဆုံး ဒုက္ကဋ်။ ကမ္မဝါစာ နှစ်ကြိမ်အဆုံး၌ ဒုက္ကဋ်နှစ်ချက်။ တတိယ ကမ္မဝါစာအဆုံး၌ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ စဏ္ဍကာဠီ—ရောနှောလျက် နေခြင်းကြောင့် ပညတ်၏။ မေမှုကံ၌ တိကပါစိတ်။ အဓမ္မကံ၌ တိကဒုက္ကဋ်။ အကြွင်းအရိ၌ သိက္ခာပုဒ်နှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇာ။ စဏ္ဍကာဠီ ဘိက္ခုနီမသည် ဒါယကာနှင့်လည်းကောင်း ဒါယကာ၏သားနှင့်လည်းကောင်း မလျော်သော ကိုယ်မှုနှုတ်မှုဖြင့် ရောနှောလျက် နေလေ့ရှိ၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၇-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ အန္တောရဋ္ဌေ၊ တိုင်းနိုင်ငံ အတွင်း၌။ သာသင်္ကသမ္မတေ၊ ရန်ရှာဖွယ်ရှိ၏ဟု သမုတ်အပ်သော။သပ္ပ ဋိဘယေ၊ ဘေးရန်နှင့်တကွ ဖြစ်သော အရပ်၌။ အသတ္ထိကာ၊ အပေါင်း မပါဘဲ။ စာရိကံ၊ ဒေသစာရီကို။ စရေယျ၊ သွားငြားအံ့။ ကဿာ။

**အဓိပ္ပာယ်။** ။မိမိနေရာ နိုင်ငံ၏ ဘုရင်မင်းပိုင်သော တိုင်းပြည်သည် အန္တော ရဋ္ဌ မည်၏။ ခိုးသူလုယူဆိုးတို့ အနေအထိုင် ထင်ရှားလျှင် သာသင်္ကသမ္မတ။ သတ်ဖြတ်လုယက်ခြင်း ထင်ရှားလျှင် သပ္ပဋိဘယမည်၏။ အဖော်သည် သတ္ထမည်၏။ အဖော်ကင်းလျှင် အသတ္ထိကာ မည်၏။ ဒေသစာရီ သွားအံ့၊ ရွာကြားတိုင်း ပါစိတ်။ ရွာမရှိအံ့၊ ယူဇနာခွဲတိုင်း ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ထိုသို့ ဒေသစာရီ သွားခြင်း ကြောင့် ပညတ်၏။ (တယောက်တည်း ရွာတပါးသို့ သွားခြင်းကိုကား သံဃာဒိသိသ်၌ ပညတ်သည်။) အဖော်နှင့် သွားအံ့၊ ဘေးရန်မရှိသော အရပ်သို့သွားအံ့၊ မိမိနေရာ ဘေးရန်ရှိသောကြောင့် သွားအံ့ ဥမ္မတ္တိကာ စသည်ဖြင့်အံ့-အနာပတ္တိ။

တိုင်းပြည်အတွင်းဖြစ်ခြင်း၊ ဘေးရန်ရှိသော အရပ်ဖြစ်ခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း၊ သွားခြင်း-အင်္ဂါလေးပါး။သမုဋ္ဌာန်စသည် ဧဠကလောမ နှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် တိုင်းနိုင်ငံအတွင်း၌ ရှိရှာဖွယ် ဘေးရန်ရှိသောအရပ်သို့ အဖော်မပါပဲ ဒေသစာရီ သွားကုန်၏။ သေသောက်ကြူးတို့ ဖျက်ဆီးကုန်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

ဂ-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ တိရောရဋ္ဌေ၊ တပါးသော တိုင်းနိုင်ငံ၌။ သာသင်္ကသမ္မတေ၊ သပ္ပဋိဘယေ၊အသတ္ထိကာ၊ စာရိကံ၊ စရေယျ၊ တဿာ။

**အဓိပ္ပာယ်။** ။တပါးသော ဘုရင်မင်းပိုင်သော တိုင်းပြည်သည် တိရောရဋ္ဌ မည်၏။ တူပြီ။

**ငတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် တပါးသော တိုင်းနိုင်ငံ၌ ရှိရှာဖွယ် ဘေးရန်ရှိသော အရပ်သို့ အဖော်မပါပဲ ဒေသစာရီ သွားကုန်၏။ သေသောက်ကြူးတို့ ဖျက်ဆီးကုန်၏။ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်၊

ဃ-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အန္တောဝဿံ၊ ဝါတွင်း၌။ စာရိကံ၊ စရေယျ၊ တဿာ။

**အဓိပ္ပာယ်။** ။ပုရိမဝါ သုံးလအတွင်းသည်လည်းကောင်း၊ ပစ္ဆိမဝါ သုံးလအတွင်းသည်လည်းကောင်း အနွှေ့ဝဿ မည်၏။ ဝါတွင်း ခရီးသွားအံ့၊ ရွာကြားတိုင်း ယူဇနာခွဲတိုင်း ပါစိတ်။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ဘိက္ခုနီများစွာ ဝါတွင်း ခရီးသွားခြင်းကြောင့် ပညတ်၏။ ခုနစ်ရက်ကိစ္စဖြင့် သွားအံ့၊ အနှောင့်အယှက် တစုံတခုရှိ၍ သွားအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ အင်္ဂါ၊ ဝါဝင်ပြီး ဘိက္ခုနီ ဝါဖြစ်၍သွားအံ့၊ ဝါဖြတ်သောကြောင့် ဒုက္ကဋ်။ သွားခြင်းကြောင့် ပါစိတ်၊ ဝါမကပ်ပဲ သွားအံ့၊ ဝါမကပ်ခြင်းကြောင့် ဒုက္ကဋ်။ သွားခြင်းကြောင့် ပါစိတ်–ဟု ဆို၏။ ၂

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ ဘိက္ခုနီတို့သည် ဝါတွင်း အရပ်လှည့်ကုန်၏။ အဘယ့်ကြောင့် ဝါတွင်း အရပ်လှည့်ကုန်သနည်း၊ စိမ်းသော မြက်တို့ကို နင်းလျက် ဣန္ဒြေ ခုရှိသော ဇီဝကို၊ ဝါ၊ သတ္တဝါကို ညှဉ်းဆဲလျက် ပိုးကောင်ငယ် များစွာတို့ကို ဖျက်ဆီးခြင်းသို့ ရောက်စေလျက် လှည့်လည်ကြသည်ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။ (သစ်ပင် အသက်ရှိသည်ဟု နိဂဏ္ဌတို့ ယူပုံ – ဘူတဂါမ်၌ ဆိုပြီးပြီ၊)

၁၀-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ဝဿံဝုတ္ထာ၊ ဝါကျွတ်ပြီးသည်ရှိသော်။ စာရိကံ၊ နပက္ကမေယျ၊ မသွားငြားအံ့။ အန္တမသော။ ဆပ္ပဉ္စယောဇနာနိပိ၊ ငါးယူဇနာ ခြောက်ယူဇနာတို့သို့လည်း။ နပက္ကမေယျ။ တဿာ။

**အဓိပ္ပာယ်။** ။ပုရိမဝါ သုံးလဖြစ်စေ၊ ပစ္ဆိမဝါ သုံးလဖြစ်စေ နေပြီးသော ဘိက္ခုနီသည် ဝဿံဝုတ္ထာ မည်၏။ပဝါရဏာပြုပြီးနောက် ငါးယူဇနာမျှ မသွားတော့အံ့ဟု ဝန်ချအံ့၊ ပါစိတ်။ ခြောက်ယူဇနာ သွားလျှင် ဆိုဖွယ်အပြစ်မရှိ။ သုံးယူဇနာမျှသွား၍ တပါးသောခရီးဖြင့် ပြန်လာလျှင် အပ်၏။ ထိုခရီးအတိုင်း ပြန်လာလျှင် မအပ်။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ဘိက္ခုနီများစွာ ဝါကျွတ်ပြီး ခရီးမသွားခြင်းကြောင့် ပညတ်၏။ အန္တရာယ်ရှိအံ့၊ (မြစ်ရေပြည့်ခြင်းစသော အန္တရာယ်ကြောင့် လမ်းခရီးမှ ပြန်လာအံ့၊) အဖော်ဘိက္ခုနီမ-ရှာမရအံ့၊ ဂိလာနဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဝါကျွတ်ပြီးခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း၊ ငါးယူဇနာထက် မလွန်ခြင်း-အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။ အကြိယ၊ ဒုက္ခဝေဒနသာ-ထူး၏။

ဝဿုံ။ ။ရာ၊ ဝေဠု။ ဘိက္ခုနီတို့သည် ရာဇဂြိုဟ်၌ဝါဆိုပြီးလျှင် ဆောင်း၊ နွေတို့၌လည်း ရာဇဂြိုဟ်၌သာ နေကုန်၏။ ဘိက္ခုနီတို့အား အရပ်မျက်နှာတို့သည် ကျဉ်းမြောင်းကုန်သလော။ မှောင်ကျ၍ မထင်ရှားကုန်သလောဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

တုဝဋ္ဋ ဝဂ္ဂေါ စတုတ္ထော။

---

**၁-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ရာဇာဂါရံ ဝါ၊ မင်းကွန်းသို့လည်းကောင်း။ စိတ္တာဂါရံ ဝါ၊ ပန်းချီဆေးရေးအပ်သော စရပ်သို့လည်းကောင်း။ အာရာမံ ဝါ၊ မြို့တွင်းဥယျာဉ်ဟူသော အရံသို့လည်းကောင်း။ ဥယျာနံ ဝါ၊ မြို့ပဥယျာဉ်သို့လည်းကောင်း။ ပေါက္ခရဏိံ ဝါ၊ လေးထောင့်ကန်သို့လည်းကောင်း။ ဒဿနာယ၊ ကြည့်ရှုခြင်းငှါ။ ဂစ္ဆေယျ။ တဿာ။

**အဓိပ္ပာယ်။** ။မင်းကြီးအပျော်ကစားရန် ပြုသောအိမ်တော်သည် ရာဇါဂါရ မည်၏။ မင်းကွန်း၊ မင်းတဲ-စသည်ဖြင့် ခေါ်ဝေါ်ကုန်၏။ လူအများ အပျော်ကစားရန် ပြုသောစရပ်သည်-ရုံသည် စိတ္တာဂါရ မည်၏။ စိတ်ပျော်စရာ ပန်းချီဆေးသော်လည်း ရေး၏။ အလွန်အကဲသော်လည်း ဆန်းကျယ်၏။ လူအများအပျော်ကစားရန် ပြုသော အရံ၊ ဥယျာဉ်၊ ရေကန်သည် အာရာမ၊ ဥယျာန၊ ပေါက္ခရဏီ မည်၏။ အရာမကို မြို့တွင်း၌ ပြုသည်။ ဥယျာနကို မြို့ပ၌ ပြုသည်။ လေးထောင့်မရှိသော်လည်း ရေကန်ဟူသမျှသည် ပေါက္ခရဏီသာတည်း။ ဤပျော်စရာငါးခုကိုလည်းကောင်း တခုခုကိုလည်းကောင်း ကြည့်ရှုရန် သွားအံ့၊ ခြေလှမ်းတိုင်း ဒုက္ကဋ်။ မြင်ရာအရပ်၌ ရပ်၍ ကြည့်အံ့၊ ပါစိတ်။ မြင်ရာအရပ်ကို စွန့်၍ ဖန်ဖန်ထိုထို၌ ဤကြည့်ရှုအံ့၊ လည်ပင်းလှည့်တိုင်း ဆန့်တိုင်း ပါစိတ်။ မျက်စိ မှိတ်ခြင်း ဖွင့်ခြင်းဖြင့်မရေတွက်ရ ဘိက္ခုအား ဒုက္ကဋ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီမတို့ ဆေးရေးဆန်းကြယ်သော စိတ္တာဂါရကို အကြည့်သွားခြင်းကြောင့် ပညတ်၏။ အရံတွင်း၌

တည်လျက် မြင်အံ့၊ သွားစဉ် လာစဉ် မြင်အံ့၊ ကိစ္စကြောင့် သွားစဉ် မြင်အံ့၊ ဘေးရန်ကြောင့် ဝင်ကြည့်အံ့၊ ဥမ္မတ္တကာစသည်ဖြစ်အံ့၊ အနာပတ္တိ။ အင်္ဂါ နှစ်ခု ဒသာ နှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ပသေနဒီကောသလမင်းကြီး၏ဥယျာဉ်၌ စိတ္တာဂါရ၌ ပဋိဘာန စိတ္တကို ပြုထား၏။ ညာဏ်ဖြင့် ဆန်းကြယ်စွာ ရေးချယ်ထား၏။ ထိုစိတ္တာဂါရကို လူများစွာ အကြည့်အရှုသွားကုန်ကြ၏။ ဆဗ္ဗဂ္ဂိမတို့လည်း ၎င်းကို အကြည့်အရှုသွားကုန်၏။ကာမဂုဏ်ခံစားသူတို့ကဲ့သို့ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၂–သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အာသန္ဒိံ ဝါ၊ ပမာဏလွန်သော ညောင်စောင်းကိုလည်းကောင်း။ ပလ္လင်္ကံ ဝါ၊ သားရဲရုပ်တပ်သော ပလ္လင်ကိုလည်းကောင်း။ပရိဘုဉ္ဇေယျ၊ သုံးဆောင်ငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။ပမာဏလွန်သော ညောင်စောင်းသည် အာသန္ဒိမည်၏။ခြင်္သေ့၊ သစ်၊ ကျားစသော သားရဲရုပ်-အခြေတပ်သောနေရာသည် ပလ္လင်္ကမည်၏။ ထိုင်ခြင်း၊ အိပ်ခြင်း–ဣရိယာပုထ်နှစ်ခုသည် ပရိဘုဉ္ဇယျမည်၏။ အာသန္ဒိ၌လည်းကောင်း ပလ္လင်္က၌လည်းကောင်း ထိုင်အံ့၊ ပယောဂတိုင်း ပါစိတ်။ အိပ်အံ့၊ ပယောဂတိုင်း ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ - အာသန္ဒိ၊ ပလ္လင်္ကသုံးဆောင်ခြင်းကြောင့် ပညတ်၏။ အာသန္ဒိ၏ အခြေကို ဖြတ်၍ သုံးအံ့၊ ပလ္လင်္က၏ သားရဲရုပ်ကို ဖျက်၍ သုံးအံ့၊ ဥမ္မတ္တကာစသည်ဖြစ်အံ့၊ အနာပတ္တိ။ အာသန္ဒိ ပလ္လင်္ကတခုခုဖြစ်ခြင်း-အိပ်ခြင်း–အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

**မှတ်ချက်အထူး။** ။သေနာသနက္ခန္ဓက၌ အာသန္ဒိသည် လေးထောင့်အညီဖြစ်လျှင်-ဘုရားရှစ်သစ်-ပဂတိတထောပ်ကျော်ထက် အခြေရှည်သော်လည်း အနာပတ္တိ-ဟု လာ၏။ သားရဲရုပ် အခြေရှိသော ပလ္လင်္က၌လည်း ဘိက္ခုအား ဒုက္ကဋ်။ လေးထောင့်မညီ အခြေရှည်လျှင် ဘိက္ခုအား ဒုက္ကဋ်။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် အာသန္ဒိကိုလည်းကောင်း။ ပလ္လင်ကိုလည်းကောင်း။ သုံးဆောင်ကုန်၏။ လူတို့မြင်၍ ကာမဘောဂိနီတို့ ကဲ့သို့ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၃-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ သုတ္တံ၊ ချည်ကို။ ကန္တေယျ၊ ဝင့်ငြားအံ့၊ တသာ။

**အစိပ္ပာယ်။** ။ခေါမချည်၊ ဝါချည်၊ ပိုးချည်၊ သားမွေးချည်၊ ပိုက်ဆံလျှော်ချည်၊ ငါးမျိုးရောချည်-ဤသို့ ချည်ခြောက်မျိုးရှိ၏။ သုတ္တခြောက်မျိုးရှိ၏။ ကိုယ်တိုင်ဝင့်ခြင်းသည် ကန္တေယျ မည်၏။ လက်ဖြင့် ဆွဲငင်အပ်သောချည်ကို ရဟတ်ဖြင့်ဝင့်သောအခါ ဝင်ရိုးတံ၌ လက်တင်ရစ်ပြီးတိုင်း ရစ်ပြီးတိုင်း ပါစိတ် တချက်စီ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီမတို့ ချည်ဝင့်ခြင်းကြောင့် ပညတ်၏။ မဝင့်မီ ဝါရွေးချယ်ခြင်း၊ ဖန်ခြင်းစသော ပယောဂတို့၌ လက်အကြိမ်တိုင်း ဒုက္ကဋ်။ ဝင့်ပြီးကို ပြန်ဝင့်အံ့၊ တနည်း၊ ချည်မျှင်အတိုစသည်ကို စု၍ ပြန်ဝင့်ခြင်း၊ အဝင့်မကောင်းသည်ကို ပြန်ဝင့်ခြင်းပြုအံ့၊ ဥမ္မတ္တကာစသည်ဖြစ်အံ့-အနာပတ္တိ။

မဝင့်သေးသော ချည်ဖြစ်ခြင်း၊ ဝင့်ခြင်း-အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဆဗ္ဗဂ္ဂိယတို့သည် ချည်ဝင့်ကုန်၏။ လူတို့မြင်သောအခါ ကာမဘောဂိနီတို့ကဲ့သို့ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၄-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဂိဟိဝေယျာဝစ္စံ၊ လူတို့၏ အမှုကြီးငယ်ကို။ ကရေယျ။ တသာ။

**အစိပ္ပာယ်။** ။လူတို့၏ ယာဂု၊ ထမင်း၊ ခဲဖွယ်ချက်ခြင်းသည်လည်းကောင်း၊ ပုဆိုးဦးရစ် ဖွပ်လျှော်ခြင်းသည်လည်းကောင်း ဂိဟိဝေယျာဝစ္စမည်၏။ မိမိ၏အမှုကြီးငယ်ကို မပြုလုပ်စေပဲ မိဘ၏ ဝေယျာဝစ္စကိုသော်လည်း ပြုအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ယာဂုခွက် ထမင်းခွက် အရေအတွက်အားဖြင့် ပါစိတ်။ ခဲဖွယ်မုန့် အရေအတွက်အားဖြင့် ပါစိတ်။ မိဘဖြစ်စေ, ဝေယျာဝစ္စ ပြုနိုင်းပြီးမှ ချက်ပြုတ်ဖွပ်လျှော်ပေးရသည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ လူတို့၏ ဝေယျာဝစ္စ ပြုခြင်းကြောင့် ပညတ်၏။ သံဃာအတွက် စေတီအတွက် လူတို့ချက်ပြုတ်ရာ၌ ကူညီ၍ ချက်ပြုတ်အံ့။ မိမိ၏ ဝေယျာဝစ္စ ပြုသူအတွက် ချက်ပြုတ်ဖွပ်လျှော်ပေးအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့-အနာပတ္တိ။

လူတို့၏ ဝေယျာဝစ္စကို ပြုခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း—အင်္ဂါနှစ်ပါး သမုဋ္ဌာန်စသည် ဥဋ္ဌကလောမနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် လူတို့၏ ဝေယျာဝစ္စကို ပြုကုန်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၅-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဘိက္ခုနီယာ၊ ဘိက္ခုနီမတယောက်သည်။ "ဧဟာယျေ္ယ ဣမံ အဓိကရဏံ ဝူပသမေဟိ" တိ။ ဝူပသမေဟိ ဟူ၍။ ဝါ၊ ဤအဓိကရဏ်းကို လာငြိမ်းပေးပါ....ဟူ၍။ ဝုစ္စမာနာ၊ ဆိုအပ်သည်ရှိသော်။ သာဓူတိ၊ ကောင်းပြီဟူ၍။ ပဋိဿုဏိတွာ၊ ဝန်ခံပြီး၍။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊ နောက်၌။ အနန္တရာယိကိနီ၊ နေဝဝူပသမေယျ၊ မငြိမ်းစေငြားအံ့။ ဝူပသမာယ၊ ဥဿုက္ကံ၊ နကရေယျ။ တဿာ။

**အဓိပ္ပာယ်။** ။အဓိကရဏ်းလေးပါး တပါးပါးကို ငြိမ်းအောင် ဆုံးဖြတ်ပေးပါ-ဟု ဆိုသည်ကို ကောင်းပြီဟု ဝန်ခံပြီးမှ မဆုံးဖြတ်တော့အံ့ ဟူ၍လည်းကောင်း၊ ကြောင့်ကြမစိုက်တော့အံ့ ဟူ၍လည်းကောင်း ဝန်ချကာမျှ၌ ပါစိတ်။ တရက်မျှ အစောင့်အရှောက်မရ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ အဓိကရဏ်း မငြိမ်းစေခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ အနုပသမ္ပန္န၌ ဒုက္ကဋ်။ အန္တရာယ်ရှိအံ့၊ အဖော်ရှာ၍ မရအံ့၊ ဂိလာနာဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့-အနာပတ္တိ။ အကြွင်းသက်နှင်းချုပ်သော သိက္ခာပုဒ်နှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတယောက်သည် ရှင်မထုလ္လနန္ဒာကို အရှင်မ-လာလော့၊ ဤအဓိကရဏ်းကို ငြိမ်းအောင် ပြုပါလော့ဟု ဆို၏။ ကောင်းပြီဟု ဝန်ခံပြီးလျှင် ငြိမ်းကောင်းမပြု။ ကြောင့်ကြလည်း မစိုက်၊ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၆-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ အဂါရိကဿ ဝါ၊ ပရိဗ္ဗာဇကဿ ဝါ၊ ပရိဗ္ဗာဇိကာယ ဝါ၊ သဟတ္ထာ၊ ခါဒနီယံ ဝါ၊ ဘောဇနီယံ ဝါ၊ ဒဒေယျ။ ပါစိတ္တိယံ။ ဓမ္မိလက်ဖြင့်။

အဓိပ္ပာယ်။ ။ဘောဇဉ်ငါးပါး၊ ရေ၊ ဒန်ပူ-မှ တပါးသောအစာသည် ခါဒနီယ မည်၏။ ကာယ၊ ကာယပဋိဗဒ္ဓ၊ နိဿဂ္ဂိယ-သုံးမျိုး တမျိုးမျိုးဖြင့် ပေးခြင်းသည်။ သဟတ္ထာဒဒေယျ မည်၏။ သီးတင်းသုံးဖော် ငါးယောက်မှ ကြွင်းသောသူတို့အား စားသောက်ဖွယ်တခုခုပေးအံ့ ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ-အိမ်နေသူ လူအား ခဲဖွယ် ဘောဇဉ်ပေးခြင်းကြောင့် ပညတ်၏။ ရေကို ဒန်ပူကိုပေးအံ့၊ ဒုက္ကဋ်။ ကိုယ်တိုင်မပေး-သူတပါးကို ပေးစေအံ့၊ အနီး၌ချ၍ ပေးအံ့၊ အပလိမ်းစရာကို ပေးအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ရေဒန်ပူမှ တပါးသော စားသောက်ဖွယ်ဖြစ်ခြင်း။ သီးတင်းသုံးဖော် ငါးယောက်မှ တပါးသောသူအား ကိုယ်တိုင်ပေးခြင်း-အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

ဝတ္ထု။ ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာသည် ဇာတ်အုပ် ကချည်သည် ဂွမ်းသမား စသည်တို့အား-ပရိသတ်အလယ် ငါ၏ဂုဏ်ကို ပြောဆိုကြ-ဟု ခဲဖွယ်ဘောဇဉ် ပေး၏။ ဂုဏ်ကို ပြောဆိုကုန်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

•

၇-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ အာဝသထစီဝရံ၊ ဥတုနီးသက်န်းကို။အနိဿဇ္ဇိတွာ၊ မစွန့်မူ၍။ ပရိဘုဉ္ဇေယျ၊ သုံးဆောင်ငြားအံ့။ ပါစိတ္တိယံ။

အဓိပ္ပာယ် ။ဥတုလာသော ဘိက္ခုနီတို့ သုံးဆောင်ကြစေ-ဟု လှူသော သင်္ကန်းသည် အာဝသထစီဝရ မည်၏။ သုံးရက်အထိဝတ်၍ လေးရက်မြောက်နေ့၌ ဖွပ်၍ ဥတုလာသော သာမဏေမအားသော်လည်း ပေးရသည်။ မပေးမူ၍ သုံးဆောင်အံ့၊ ပါစိတ်၊ "အာဂတတာလေ နိဝါသိယတေ ပရိဒဟိယတေတိ အာဝသထံ"။ လာသောအခါ ဝတ်အပ်သော ဥတုနီးသင်္ကန်း-ရ ၏။ အာပုဗ္ဗ-ဝသဇာတ်နောင် ထ ပစ္စည်း။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ-ဥတုနီး သက်န်းကို မစွန့်ပဲ သုံးဆောင်ခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ နိဿဂ္ဂိတ၌ ဒွိကဒုက္ကဋ်။ စွန့်သည်၌ စွန့်၏ဟု အမှတ်ရှိအံ့။ တဖန် အလှည့်ရပြန်အံ့၊ ဥတုလာသူ ဘိက္ခုနီတို့ မရှိကုန်အံ့၊ သက်န်းခိုးသူ လုခြင်း ပျောက်ပျက်ခြင်းကြောင့်ဝတ်အံ့၊ ကိုယ်မှုကွာလျှင် ခိုးသူစသော ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့-အနာပတ္တိ။

ဥတုနီး သက်န်းဖြစ်ခြင်း၊ လေးရက်မြောက်ဖြစ်ခြင်း၊ ဖွပ်၍ မစွန့်ခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း-အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် ကထိနနှင့်တူ၏။ ကြိယာ ကြိယသာ ထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ရှင်ပထုလ္လနန္ဒာသည် ဥတုနီးသက်န်းကို မစွန့်ပဲ သုံးဆောင်၏။ တပါးသော ဥတုလာသူဘိက္ခုနီတို့ မရကုန်။ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

ဂ-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အာဝသထံ၊ ကျောင်းကို။ အနိဿဇ္ဇိတွာ၊ မစွန့်မူ၍။ စာရိကံ၊ ပက္ကမေယျ၊ ဖဲသွားငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။တံခါးရွက် အဖွဲ့ရှိသော ကျောင်းသည် အာဝသထ မည်၏။ အရပ်တပါးသို့ဖဲ သွားလိုလျှင် သာမဏေမအား သော့သည်းစောင့်ရှောက်ခြင်းငှါ ပေးသွားရသည်။ ကျောင်းကို ကြည့်ရှုလိုက်ပါဟု ပန့်ကြားသွားရသည်။ ဤသို့မပေးပဲ ရွာတပါးသို့ ညဥ့်အိပ်ဖဲသွားအံ့၊ ကျောင်းအရံကို အရံမချုံလျှင် ဥပစာကို ခြေတလှမ်းလွန်အံ့၊ ဒုက္ကဋ်။ နှစ်လှမ်းလွန်အံ့ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ကျောင်းမစွန့်ပဲ ဒေသာစာရီ ဖဲသွားခြင်းကြောင့် ပညတ်သည်။ တိကပါစိတ်။ တံခါးရွက်အဖွဲ့မရှိသော ကျောင်းဖြစ်အံ့၊ ဒုက္ကဋ်။ နိဿဇ္ဇိတ၌ ဒွိကဒုက္ကဋ်။ စွန့်သည်၌ စွန့်သည်ဟု အမှတ်ရှိအံ့၊ အန္တရာယ်ရှိအံ့၊ စောင့်ရှောက်သူ ရှာ၍မရအံ့၊ စကားမဆိုနိုင်အောင် ဂိလာနဖြစ်အံ့၊ တိုင်းပြည်ပျက်၍ ကျောင်းစွန့်ပြေးရသော ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

တံခါးရှက် အဖွဲ့ရှိသော ကျောင်းဖြစ်ခြင်း၊ ဆိုပြီးသော နည်းဖြင့်ဖဲသွားခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း-အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ကထိနနှင့် တူ၏။ ကြိယာ ကြိယာ ထူး၏။ (အာဂန္တွာ ဝသတိ တွော်တိ အာဝသထော=လာ၍နေစရာကျောင်း)

**ဝတ္ထု။** ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာသည် ကျောင်းကို မစွန့်ပဲ ဒေသစာရီ ဖဲသွား၏။ တနေ့၌ ထိုကျောင်း မီးလောင်၏။ အသုံးအဆောင် ဘဏ္ဍာတို့ကို သယ်ယူရန် ဘိက္ခုနီတို့ တိုင်ပင်ကုန်၏။ တစုံတခု ပျောက်လျှင် ငါတို့ကို စွပ်စွဲလိမ့်မည်ဟု အချို့ဆိုကုန်၏။ ရှင်မထုလ္လနန္ဒာ ပြန်ရောက်လာသောအခါ ရှင်မတို့ အသုံးအဆောင်တို့ကို သယ်ယူလိုက်ကြသလော။ မသယ်ယူကြပါ အဘယ်ကြောင့် ကျောင်း မီးလောင်လျက် မသယ်ကြသနည်းဟု အပြစ်တင်၏။ ကျောင်းကို မအပ်မနှံပဲ ခရီးသွားရသလောဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၉-၁၀-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ တိရစ္ဆာနဝိဇ္ဇံ၊ မင်္ဂဖိုလ်မှ ဖီလာဖြစ်သော အတတ်ကို။ ဝါ၊ သာသနာပြင်ဘက် အကျိုးမဲ့အတတ်ကို။ ပရိယာပုဏေယျ။ သင်ယူငြားအံ့၊ တဿ။ ဝါစေယျ၊ သင်ပေးငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။သာသနာမှ ပြင်ပ၌ဖြစ်သော အကျိုးမရှိသော အတတ်မျိုးသည် တိရစ္ဆာနဝိဇ္ဇာ မည်၏။ ပုဒ်အားဖြင့် သင်ယူအံ့၊ သင်ပေးအံ့၊ ပုဒ်တိုင်းပါစိတ်။ အက္ခရာအားဖြင့် သင်ယူအံ့၊ သင်ပေးအံ့၊ အက္ခရာတိုင်းပါစိတ်။ ဘိက္ခု-ဒုက္ကဋ်။

**တိရစ္ဆာနဝိဇ္ဇာ။** ။သာသနာပြင်ဘက် အကျိုးမဲ့အတတ်မျိုး အမြွက်ကား ဆင်စီး၊ မြင်းစီး၊ ရထားစီး၊ လေးပစ်၊ သံလျက်ကိုင် အတတ်မျိုး၊ အာထဗ္ဗနဗေဒင် တတ်သူတို့ ပြုလုပ်သော သူတပါးညှင်းဆဲကြောင်း အထဗ္ဗနမန္တန်။ ရန်သူသေအောင် သစ်သားနှစ်မန်း၍ မြေ၌မြုပ်သော ခီလနမန္တန်။ မိမိအလိုသို့ လိုက်စေတတ်သော ဝသီကရဏမန္တန်။ ရန်သူပိန်ခြောက်စေတတ်သော သောသာပနမန္တန် အသိဘ် ဖော်စပ်နည်း.... ဤသို့စသည်ဖြင့် သူတပါးကို ညှင်းဆဲကြောင်း အတတ်မျိုးဖြစ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂိမတို့ တိရစ္ဆာနဝိဇ္ဇာကို သင်ယူခြင်း၊ သင်ပေးခြင်းကြောင့် ပညတ်၏။ စာရေးအတတ် ဖြစ်အံ့၊ ခါရဏကျမ်း အစီအရင် ဖြစ်အံ့၊ ဘီလူး အရံအတား ပရိတ်။ မြွေအရံအတား ပရိတ်စသည် ဖြစ်အံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

တိရစ္ဆာနဝိဇ္ဇာ ဖြစ်ခြင်း၊ သင်ယူခြင်း၊ ဝါ၊ သင်ပေးခြင်း၊ ခွင့်ပြုသော အကြောင်း မရှိခြင်း-အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ပဒသောဓမ္မနှင့် တူ၏။ (ခါရဏကျမ်း အစီအရင်ဖြင့် ကျင့်လျှင် ကျမ်းဂန် များစွာ ဆောင်နိုင်သော ဟူ၏။)

**ဝတ္ထု။** ။သာ၊ ဇေ။ဆဗ္ဗဂ္ဂိဘိက္ခုနီမတို့သည် တိရစ္ဆာနဝိဇ္ဇာကို သင်ယူကုန်၏။ သင်ပေးကုန်၏။ ကာမဘောဂီနီ တို့ကဲ့သို့ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

စိတ္တာဂါရဝဂ္ဂေါ ပဉ္စမော။

---

**၁-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဇာနံ။ သဘိက္ခုကံ၊ ရဟန်းရှိသော။ အာရာမံ၊ အရံသို့။ အနာပုစ္ဆာ၊ မပန်ကြားပဲ။ ပဝိသေယျ။ ဝင်ငြားအံ့၊ တဿာ။

**အဓိပ္ပာယ်။** ။ရဟန်း ရှိရာ အရပ်သည် သစ်ပင်အောက် ဖြစ်စေကာမူ သဘိက္ခုက အာရာမမည်၏။ ရဟန်းသာမဏေ အရံစောင့်တယောက်ယောက်ကို ပန်ကြား၍ ဝင်ရသည်။ မပန်ကြားပဲဝင်၍ အရံကိုလွန်အံ့၊ အရံမရှိလျှင် ဥပစာသို့ သက်အံ့၊ တလှမ်းဒုက္ကဋ်။ နှစ်လှမ်းပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ မပန်ကြားပဲ အရံတွင်းဝင်ခြင်းကြောင့် ပညတ်၏။ သန္တံဘိက္ခုံအနာပုစ္ဆာ၊ ဇာနံသဘိက္ခုကံသည် အနုပညတ် နှစ်ခုဖြစ်၏။ သဘိက္ခုက၌ ဝေမတိကာ ရှိအံ့၊ ဒုက္ကဋ်။ အဘိက္ခုက၌ ဒွိကဒုက္ကဋ်။ ရဟန်းမရှိဟု အမှတ်ရှိအံ့၊ ထင်ရှားရှိသောရဟန်းကို ပန်ကြား၍ဝင်အံ့၊ မရှိလျှင် မပန်ကြားမူ၍ ဝင် အံ့၊ရှေးဦးစွာ ဝင်သော ဘိက္ခုနီတို့၏ ဦးခေါင်းကို ကြည့်၍ဝင်အံ့၊ ဘိက္ခုနီတို့ စုဝေးရာသို့ သွားအံ့၊ အရံ

တင်းလမ်းဖြင့် သွားအံ့၊ဂိလာနာဖြစ်အံ့၊ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းရှိသော အရံဖြစ်ခြင်း၊ ရဟန်းရှိ၏ဟု မှတ်ထင်ခြင်း။ ဆိုပြီးသော အပိုင်းအခြားကို လွန်ခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း-အင်္ဂါလေးပါး။ သမနုဘာသနသမုဋ္ဌာန်၊ ကြိယာ ကြိယ၊ သညာဝိမောက္ခ၊ သစိတ္တက၊ပဏ္ဏတ္တိ ဝဇ္ဇ၊ ကာယကံ ဝစီကံ၊ တိစိတ္တ။ တိဝေဒနဖြစ်၏။

**ဝတ္ထု**။ ။သာ၊ ဓေ။ရဟန်းတို့သည် ရွာငယ်၌ သက်န်းတထည်ရ၍ ချုပ်ကုန် ၏။ ဘိက္ခုနီတို့သည် မပန်ကြားပဲ အရံတွင်းသို့ဝင်၍ ရဟန်းတို့ထံ ချဉ်းကပ်ကုန်၏။မ န်ကြားပဲ ဝင်ကြသည်ဟု ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် မပန်ကြားပဲ အရံ ွင်း မဝင်ရဟု ပညတ်သည်။ အခါတပါ ရဟန်းတို့သည် ကျောင်းမှ ဖဲသွာ ကုန်၏။ ဘိက္ခုနီတို့သည် အရံတွင်းသို့ မသွားကုန်။ ရဟန်း တို့ ပြန်ရောက်သောအခါ ပန်ကြား၍ ဝင်လာကုန်၏။ အဘယ့်ကြောင့် အရံ တွင်း၌ တံမြက်လှည်းခြင်း၊ သောက်ရေသုံးရေတည်ခြင်း-မပြုကြသနည်း။ မပန် ကြားပဲ အရံတွင်းသို့ မဝင်အပ်ဟု ပညတ်ထားသောကြောင့်ပါ-ဟု လျှောက် ကုန်၏။ ချစ်သားတို့ ထင်ရှားရှိသော ရဟန်းကို ပန်ကြား၍ အရံတွင်းသို့ ဝင်ခြင်းငှာ ခွင့်ပြု၏။ ဟု မိန့်၍ သန္တံ ဘိက္ခုံ အနာပုစ္ဆာ-ဟူသော အနုပညတ် နှင့် ပညတ်ပြန်သည်။ အခါတပါး ရဟန်းတို့သည် ကျောင်းမှ ဖဲသွားပြီးလျှင် ပြန်လာကုန်၏။ ဘိက္ခုနီတို့သည် ရဟန်းတို့မရှိကုန်ဟု မပန်ကြားပဲ ဝင်လာကုန် ၏။ ပါစိတ်သင့်ပြီလောဟု အယုံ့လို့ဖြစ်ကုန်၏။ ထို့ကြောင့် ဇာနံ သဘိက္ခုကံ-ဟူသော အနုပညတ်နှင့် ပညတ်ပြန်သည်။

၂-**သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ။ ဘိက္ခုံ၊ ရဟန်းကို။ အက္ကောသေယျ ဝါ၊ ဆဲရေးမူလည်း ဆဲရေးငြားအံ့။ ပရိဘာသေယျ ဝါ၊ ခြိမ်းခြောက်မူလည်း ခြိမ်းခြောက်ငြားအံ့၊ တသာ။

**အဓိပ္ပာယ်**။ ။ရဟန်းကို ဆဲရေခြင်းဆယ်ပါး တပါးပါးဖြင့် မျက်မှောက်ဖြစ် စေ မျက်ကွယ်ဖြစ်စေ ဆဲအံ့၊ အက္ကောသေယျ-ပါစိတ်။ကြောက် ဖွယ်ဘေးကို ပြအံ့၊ ပရိဘာသေယျ-ပါစိတ်၊ ဘိက္ခုနီကို ဘိက္ခုနီက မျက်မှောက် ဆဲလျှင် ဩမသဝါဒ ပါစိတ်။

**အဆုံးအဖြတ်**။ ။ဝေသာလီ၌ ဆဗ္ဗဂ္ဂီမတို့ ရှင်ဥပါလိကို ဆဲခြင်းကြောင့် ပညတ် ၏။ ဥပသမ္ပန္နာ၌ တိကပါစိတ်။အနုပသမ္ပန္နာ၌ တိကဒုက္ကဋ်။

အနက်၊ ပါဠိ၊ အနုသာသနီ ရှေးရှုအံ့၊ဥမ္မတ္တိကာစသည် ဖြစ်အံ့၊ အနာပတ္တိ။ ရဟန်းဖြစ်ခြင်း၊ ဆဲရေးကြိမ်းမောင်းခြင်း၊ အနက်စသည် ရှေးရှုမဟုတ်ခြင်း-အင်္ဂါသုံးပါး။သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ဒုက္ခဝေဒနသာ ထူး၏။

**ဝတ္ထု။** ။ဝေသာလီ၊ ကူဋာဂါရသာလာ။ အရှင်ဥပါလိ၏ ဥပဇ္ဈာယ်ဆရာ အရှင်ကပ္ပိတကသည် သုသာန်၌ နေ၏။ဆဗ္ဗဂ္ဂီမတို့သည် ဘိက္ခုနီမ ကြီးတဦး သေ၍ အရှင်ကပ္ပိတက၏ ကျောင်းအနီး၌ မီးသင်္ဂြိုဟ်၍ စေတီ တည်၍ ထိုစေတီသို့ သွား၍ ငိုကုန်၏။ အရှင်ကပ္ပိတကသည် နားငြီးသဖြင့် ထိုစေတီကို ဖျက်ဆီး၍ ဖြန့်ကြဲပစ်၏။ ဆဗ္ဗဂ္ဂီမတို့သည် အရှင်ကပ္ပိတကကို သတ်မည်ဟု တိုင်ပင်ကုန်၏။ ဘိက္ခုနီတယောက်သည် အရှင်ဥပါလိအား ထို အကြောင်းလျှောက်၏။ ဆဗ္ဗဂ္ဂီမတို့သည် အရှင်ကပ္ပိတက၏ ကျောင်းကို ကျောက်ခဲတို့ဖြင့် လွှမ်းမိုးအောင် ပြစ်ခတ်ပြီးလျှင် အရှင်ကပ္ပိတက သေ လောက်ပြီဟု ဖဲသွားကုန်၏။ နံနက်မိုးသောက်သောအခါ ဝေသာလီမြို့တွင်း၌ ဆွမ်းခံကြွလာသော အရှင်ကပ္ပိတကကို မြင်ကြသဖြင့် ငါတို့တိုင်ပင်ခြင်းကို အဘယ်သူ သတင်းဆောင်သနည်းဟု စုံစမ်းကြကုန်၏။ အရှင်ဥပါလိ သတင်း ဆောင်သည်ဟု သိကြသောအခါ "အညစ်အကြေး သုတ်သင်သော ဆေတ္တာ သည် အမျိုးယုတ် ဥပါလိသည် ငါတို့တိုင်ပင်ခြင်းကို အဘယ်ကြောင့် သတင်း ဆောင်ရသနည်းဟု ဆဲရေးကုန်၏။ အရှင်ဥပါလိကို ဆဲရေးကြသည်ဟု ဘိက္ခုနီ တို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၃-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ စဏ္ဍီကတာ။ အမျက်ထွက် သည်ဖြစ်၍။ ဂဏံ၊ ဘိက္ခုနီသံဃာကို။ ပရိဘာသေယျ၊ ရေရွတ်ငြား အံ့၊ တဿာ။

**အဓိပ္ပာယ်။** ။အမျက်ထွက်သော ဘိက္ခုနီသည် စဏ္ဍီ ကတာ မည်၏။ (စဏ္ဍ-ကြမ်းအောင်၊ ကတာ-ပြုအပ်သူ။ ဒေါသကပြုသည်။ ဣ အက္ခရာ သဒ္ဒါနည်းဖြင့်လာ)ဘိက္ခုနီသံဃာသည် ဂဏ မည်၏။ ဤဘိက္ခုနီတို့သည် ဗာလာအဗျတ္တာတို့ ဖြစ်ကုန်၏။ကံ၊ ကံအဖြစ်၊ ကံပျက်ခြင်း၊ ကံပြည့်စုံခြင်းကို မသိကုန်—ဤသို့ ရေရွတ်ခြင်းသည် ပရိဘာသေယျ၊ မည်၏။) (ဘေးပြခြင်း၊ ရေရွတ်ခြင်း-ပရိဘာသေယျ နှစ်မျိုး) ဤသို့ ဘိက္ခုနီသံဃာကို ရေရွတ်အံ့ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မယုလ္လနန္ဒာ-ဘိက္ခုနီသံဃာကို ရေရွတ်ခြင်း ကြောင့် ပညတ်၏။ နှစ်ပါးသုံးပါး သမ္ဗဟုလာကို၊ တပါးကို။ အနုပသမ္ပန္နာကို ရေရွတ်အံ့၊ ဒုက္ကဋ်။အကြွင်းရှေ့သိက္ခာပုဒ်နှင့် တူပြီ။

**ဝတ္ထု။** ။သာ၊ ဇေ။ စဏ္ဍကာဠီသည် ရန်ဖြစ်လေ့ရှိ၏။ သံဃာသည် ကံပြုမည်ဟု ပြုသောအခါ ရှင်မထုလ္လနန္ဒာ တား၏။ တနေ့၌ ရှင်မထုလ္လနန္ဒာ ရွာငယ်သို့သွားခိုက် စဏ္ဍာကာဠီကို အာပတ်မရှုခြင်းကြောင့် ဥက္ခိတ္တက ကံပြု၏။ ရှင်မထုလ္လနန္ဒာ ပြန်လာသောအခါ သိလတ်သော်–ဤဘိက္ခုနီတို့သည် ဗာလာ အဗျတ္တာတို့ ဖြစ်ကုန်၏။ ကံ၊ ကံ အပြစ်စသည်ကို မသိကုန်ဟု ကြမ်းတမ်းစွာ အမျက်ထွက်၍ ဘိက္ခုနီသံဃာကို ရေရွတ်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၄-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ နိမန္တိတာ ဝါ၊ ဘောဇဉ်ဖြင့် ဖိတ်အပ်သည် ဖြစ်၍လည်းကောင်း၊ ပဝါရိတာ ဝါ၊ ပဝါရိတ်သင့်သည်ဖြစ်၍လည်းကောင်း၊ ခါဒနီယံ ဝါ ဘောဇနီယံ ဝါ ခါဒေယျ ဝါ ဘုဉ္ဇေယျ ဝါ၊ တသာ။

**အင်္ဂါပွားယ်။** ။ဘောဇဉ်ငါးပါး တပါးပါးအမည်ဖြင့် ဂဏဘောဇန နည်းအတိုင်း ပင့်ဖိတ်အပ်သော ဘိက္ခုနီသည် နိမန္တိတာ မည်၏။ (ဖိတ်သည်မှ တပါးသော ခဲဖွယ်ဘောဇဉ်ကို မစားအပ်ပြီ။) ဘောဇဉ်စားဆဲဟတ္ထပါသ်တွင်းဆောင်လာသော ဘောဇဉ်ကို တန့်ပြီဟု တားမြစ်သော ဘိက္ခုနီသည် ပဝါရိတာ မည်၏။ (အတိရိတ်ဝိနည်းကံပြု၍လည်း မစားအပ်ပြီ။) ယာဂုမှ တပါးသော ယာဝကာလိကသည် ခဲဖွယ်ဘောဇဉ် မည်၏။ (လက်ကော်ရ မဟုတ်သော ယာဂုကြဲသည် ခဲဖွယ်ဘောဇဉ်မှ လွတ်သော အာမိသ ဖြစ်၏။) နိမန္တိတာဖြစ်သူ၊ ပဝါရိတာဖြစ်သူ ဘိက္ခုနီသည် နံနက်အခါ ခဲဖွယ်ဘောဇဉ်ကိုစားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်းပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ဖိတ်ရာမှ တပါး၌ စားခြင်းကြောင့် ပညတ်၏။ ကာလိက သုံးပါးကို အာဟာရအလို့ငှါခံအံ့၊ မျိုအံ့ဒုက္ကဋ်။ နိမန္တိတာ ဖြစ်သော်လည်း ပဝါရိတ် မသင့်သူ ယာဂုသောက်အံ့၊ ဖိတ်သူတို့ကို ပန်ကြား၍ ခဲဖွယ်ဘောဇဉ်စားအံ့၊ ကာလိကသုံးပါးကိုနာခြင်း၊ ဆားခြင်းကြောင့် (ဆင်ခြင်၍) စားအံ့၊ ဥမ္မတ္တက စသည်ဖြစ်အံ့၊ အနာပတ္တိ။

နိမန္တိတာ ပဝါရိတာ တပါးပါး ဖြစ်စေ နှစ်ပါးလုံး ဖြစ်စေဖြစ်ခြင်း၊ နံနက်အခါဆိုပြီးသော အာမိသကို မျိုခြင်း၊ ဖိတ်သူတို့ကို မပန်ကြားခြင်း အင်္ဂါသုံးပါး။ ဝါ နှစ်ပါး။ အဒ္ဓါနသမုဋ္ဌာန်။ နိမန္တိတာသည် မပန်ကြားပဲ

စားလျှင် အာပတ်သင့်သောကြောင့် ရံခါကြိယာ ကြိယ။ ပဝါရိတာသည် အတိရိတ်ဝိနည်းကံ ပြု၍လည်းကောင်း မပြုမူ၍ လည်းကောင်း စားလျှင် အာပတ်သင့်သောကြောင့် ရံခါကြိယဖြစ်၏။ နောသညာ ဝိမောက္ခ၊ အစိတ္တက၊ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံဝစီကံ၊ တိစိတ္တ၊ တိဝေဒန ဖြစ်၏။

**မှတ်ဖွယ်အထူး**။ ။ဤသိက္ခာပုဒ်သည် ပရံပရနှင့် ပဝါရဏာ နှစ်ခုပေါင်းထားသည့် အလား ဝတ္ထုကြောင်း အားလျော်စွာဖြစ်သည်။ အနာပတ္တိဝါရ၌ သမယ၊ ဝိကပ္ပနာစသည် မလာ၊ အတိရိတ်ဝိနည်းကံ၊ လူနာ ကြွင်းစသည်လည်း မလာ။ ဘိက္ခုပါတိမောက်မှ ထူးခြားသော နည်းရှိ၏။ ဤသိက္ခာပုဒ်ဖြင့် ဘိက္ခုနီတို့အား ခလုပစ္ဆာဘတ္တိဓုတင်ကို ပယ်သည်။

**ဝတ္ထု**။ ။သာ၊ ဇေ။ ပုဏ္ဏားတဦးသည် ဘိက္ခုနီ၊တို့ကို ပင့်ဖိတ်၍ ဆွမ်းကျွေး၏။ ဘိက္ခုနီတို့သည် ဆွမ်းစားစဉ် တားပြီဟု ကားမြစ်၍ ဆွေမျိုးအိမ်သို့သွား၍ အချို့စားကုန်၏။ အချို့ဆွမ်းယူ သွားကုန်၏။ (ဤတွင် နိမန္တိတာ၊ ပဝါရိတာ ထင်ရှားပြီ။ )ထိုအခါ ပုဏ္ဏားသည် အိမ်နီးချင်းတို့ကို ငါသည် ဘိက္ခုနီတို့ကို ရောင့်ရဲစေအပ်ကုန်ပြီ။ သင်တို့လည်း လာကြလော။ ရောင့်ရဲစေဦးအံ့ဟု ဆို၏။ အဘယ်သို့လျှင် ငါတို့ကို ရောင့်ရဲစေမည်နည်း၊ သင်ပင့်ဖိတ်အပ်သော ဘိက္ခုနီတို့သည် ငါတို့အိမ်သို့ လာ၍ အချို့စား၊ အချို့ဆွမ်းယူသွားကြသည်ဟု ဆိုကုန်၏။ ထိုအခါ ပုဏ္ဏား ကဲ့ရဲ့၏။ အဘယ်ကြောင့်ဘိက္ခုနီတို့သည် ငါတို့အိမ်၌ စား၍ တခြားအိမ်၌ စားကုန်သနည်း၊ အလိုရှိတိုင်း ငါမလှူနိုင် သလောဟု ကဲ့ရဲ့၏။ ဆွမ်းစားစဉ် တန့်ပြီဟု မြစ်လျက်တခြားအိမ်၌ စားကြ ပြန်သည်ဟု ဘိက္ခုနီတို့လည်း ကဲ့ရဲ့ကုန်၏။ ဘုရားရှင်လည်း ထိုဘိက္ခုနီတို့ အတူကဲ့ရဲ့၍ ဤသိက္ခာပုဒ်ကို ပညတ်တော်မူသည်။

၅-**သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ။ ကုလမစ္ဆရိနီ၊ အမျိုးလေးပါး၌ ဝန်တိုခြင်းရှိသည်။ အဿ၊ ဖြစ်ငြားအံ့။ တဿ။

**အဓိပ္ပာယ်**။ ။မင်း၊ ပုဏ္ဏား၊ ကုန်သည်၊ သူဆင်းရဲ—ဒါယကာမျိုး လေးပါးသည် ကုလမည်၏။ ဒါယကာတို့၌ ဝန်တိုခြင်းရှိသူသည်။ ဝါ၊ ဒါယကာတို့ကို ဝန်တိုသူသည် ကုလပစ္ဆရိနီ မည်၏။ ဝန်တိုပုံကား—လှူလိုသူတို့ထံ ဘိက္ခုနီတို့ မသွားချင်အောင် ထိုလူတို့၏ အပြစ်ကို ဘိက္ခုနီတို့အား ပြောပြ၏။ ဘိက္ခုနီတို့အား မလှူချင်အောင် ထိုဘိက္ခုနီတို့၏အပြစ်ကို လူတို့

အား ပြောပြ၏။ ဤသို့ အပြစ်ပြောအံ့၊ ပါစိတ်။ (အပြစ်ပြောခြင်းနှစ်မျိုးကို ဝန့်တိုသည်ဟု ကိုယ်တွင်းသဘောကို ထင်ရှားအောင် ဟောသည်။)

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် အမျိုးဝန်တိုခြင်းကြောင့် ပညတ်၏။ ဝန်မတိုပဲ-ရှိသော အပြစ်ကိုသာ ပြောအံ့၊ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဘိက္ခုနီတို့အား လာဘ်မရစေလိုခြင်း၊ အမျိုးထံ ဘိက္ခုနီ အပြစ်၊ ဘိက္ခုနီထံ အမျိုးအပြစ်-ပြောခြင်း-အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနသာ ထူး၏။

ဝတ္ထု။ ။သာ၊ ၉၈။ ဘိက္ခုနီတယောက်သည် သာဝတ္ထိ မြို့တွင်းလမ်းတခု၌ ဆွမ်းခံသွားစဉ် အိမ်တအိမ်သို့ ဝင်၍ထိုင်၏။ ထိုလူတို့သည် ဆွမ်းကျွေးပြီးလျှင်-တပါးသောဘိက္ခုနီတို့လည်း ကြွလာကြပါစေ-ဟု ဆိုကုန်၏။ ထိုဘိက္ခုနီသည် တပါးသော ဘိက္ခုနီတို့ထံ၌ အရှင်မတို့ ဤလမ်း၌ ခွေးဆိုး၊ နွားဆိုးရှိသည်၊ ရွံ့ဗွက်ထူသည်၊ မသွားကြနှင့်—ဟု ဆို၏။ အခြားဘိက္ခုနီတယောက် ထိုလမ်း ထိုအိမ်သို့ ရောက်သောအခါ ဆွမ်းကျွေး၍ အဘယ်ကြောင့် ဤလမ်းသို့ ဘိက္ခုနီများ မကြွကြသနည်းဟု မေးကုန်၏။ ခွေးဆိုးရှိသည် စသည်ဖြင့် ပဌမ ဘိက္ခုနီပြောသောကြောင့် ဟု ဆို၏။ ဘိက္ခုနီဖြစ်လျက် အမျိုးဝန်တိုဘိသည်ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၆-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အဘိက္ခုကေ၊ ရဟန်းမရှိသော။ အာဝါသေ၊ ကျောင်း၌။ ဝဿံဝသေယျ၊ ဝါဆိုငြားအံ့။ တဿ။

အဓိပ္ပာယ်။ ။ပဉ္စနာခွဲအတွင်း ဩဝါဒ ပေးတတ်သော ရဟန်းမရှိအံ့၊ ရှိသော်လည်း သွားလမ်း အန္တရာယ်ရှိအံ့၊ ဤသို့သော ဘိက္ခုနီကျောင်းသည် အဘိက္ခုက အာဝါသမည်၏။ ထိုသို့သောကျောင်း၌ ဝါဆိုမည်ဟု အိပ်ရာနေရာခင်းခြင်း၊ ရေတည်ခြင်း စသည်ကို ပြုအံ့-ဒုက္ကဋ်။ အရုဏ်တက်သည်နှင့်တကွ ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ရဟန်းမရှိသောကျောင်း၌၊ ဝါဆိုခြင်းကြောင့် ပညတ်၏။ ဝါဆိုပြီးမှ ရဟန်းတို့ ဖဲကုန်

ထွက်ကုန်၊ သေကုန်၊ တိတ္ထိဘောင်သို့ ပြောင်းကုန်သဖြင့် ထိုကျောင်း၌ပင် နေအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့—အနာပတ္တိ။

ရဟန်းမရှိသော ကျောင်းဖြစ်ခြင်း၊ ဝါကပ်ခြင်း၊ အရုဏ်ဘက်ခြင်း—အင်္ဂါ သုံးပါး။ သမုဋ္ဌာန်စသည် ဋ္ဌေကလောမနှင့် တူ၏။

**ဝတ္ထု**။ ။သာ၊ ဇေ။ ဘိက္ခုနီများစွာတို့သည် ရွာငယ်တခု၌ ဝါကပ်၍ ဝါကျွတ်သောအခါ သာဝတ္ထိသို့ သွားကုန်၏။ အဘယ်၌ ဝါကပ် ကြသနည်း၊ ဩဝါဒ ပြည့်စုံ၏လောဟု မေးကြသောအခါ ထိုအရပ်၌ ရဟန်း မရှိ၍ မပြည့်စုံဟု ဆိုကုန်၏။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၇-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဝဿံဝုတ္ထာ၊ ဝါကျွတ်ပြီး သည်ရှိသော်။ ဥဘတောသံဃေ၊ ဥဘတောသံဃာ၌။ ဒိဋ္ဌေန ဝါ၊ မြင်ခြင်းဖြင့်လည်းကောင်း။ သုတေန ဝါ၊ ကြားခြင်းဖြင့်လည်းကောင်း။ ပရိသင်္ကာယ ဝါ၊ ရွံ့ရှာခြင်းဖြင့်လည်းကောင်း။ တီဟိ ဌာနေဟိ၊ သုံးပါးသောအကြောင်းတို့ဖြင့်။ နပဝါရေယျ၊ မဖိတ်ကြား အံ့။ တဿာ။

**အဓိပ္ပာယ်**။ ။ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ-နှစ်ခုအပေါင်းသည် ဥဘတော သံဃာ မည်၏။ ပုရိမဝါဖြစ်စေ၊ ပစ္ဆိမဝါဖြစ်စေ-သုံးလနေပြီး ၍ ဝါကျွတ်သော ဘိက္ခုနီသည် ဥဘတောသံဃာ၌ အကြောင်းသုံးပါးဖြင့် ဖိတ်ကြားရသည်။ မဖိတ်ကြားတော့အံ့ဟု ဝန်ချကာ မျှ၌ ပါစိတ်။

**ဘိက္ခုနီ ပဝါရဏာ**။ ။ဘိက္ခုနီတို့သည် သီတင်းကျွတ်လပြည့် အဖိဘ် ၁၄ ရက် နေ့တွင် စည်းဝေး၍ သုဏာတုမေ အယျေ သံဃာ၊ အဇ္ဇပဝါရဏာ စာတုဒ္ဒသီ။ ယဒိသံဃဿ ပတ္တကလ္လံ၊ သံဃောပဝါရေယျ.... ဟု သမ္မုတိကမ္မဝါစာကိုလည်း ဝါ+တေဝါစိကညတ်ကို၊အန္တရာယ်ရှိလျှင် ဒွေကို၊ ဧကကို၊ သမာနဝဿိက ညတ်ကိုထား၍....သံဃံအယျေ ပဝါရေမိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒန္တုမံ အယျာယော အနုကမ္ပံ ဥပါဒါယ။ ပဿန္တီ ပဋိကရိဿာမိ-ဟု အစဉ်အတိုင်း ဘိက္ခုနီသံဃာ၌ ပဝါရဏာ ပြုရသည်။ ထိုနောင် ထိုသိမ်အပြင်၌သာလျှင် ဘိက္ခုနီတယောက်ကို ဘိက္ခုနီ သံဃာ အတွက် ဘိက္ခုသံဃာထံ ဖိတ်ကြားစိမ့်သောငှာ ဉတ္တိ ဒုတိယကံဖြင့် သမုတ် ရသည်။

သမ္မုတိရသော ဘိက္ခုနီသည် ၁၅-ရက်နေ့၌ ဘိက္ခုနီသံဃာကိုခေါ်၍ ဘိက္ခုသံဃာထံ ချည်းကပ်၍....ဘိက္ခုသံဃော အယျေဘိက္ခုသံဃံ ပဝါရေတိ ဒိဋ္ဌေနဝါ သုတေနဝါ ပရိသင်္ကာယဝါ၊ ဝဒတု အယျ ဘိက္ခုသံဃော ဘိက္ခုနိ သံဃံ အနုကမ္ပံ ဥပါဒါယ၊ ပဿန္တော ပဋိကရိဿတိ-ဟု ဖိတ်ကြားရသည်။ ငါးပါးသံဃာ မပြည့်ရာ၌ လေးပါး သုံးပါး ဂဏဉာတ်ထား၍၊ နှစ်ပါးဉာတ် မထားမူ၍ အချင်းချင်း ဖိတ်ရသည်။ တပါးတည်း ဖြစ်အံ့-အဇ္ဇမေပဝါရဏာ-ဟု မိဋ္ဌာန်ရသည်။ ရဟန်းတို့၏ ကျောင်းသို့သွား၍ ဘိက္ခုနီယော အယျ၊ အဟံ အယျ-စသည်ဖြင့် ဖိတ်ရသည်။ဘိက္ခု သံဃာ မပြည့်ရာ၌လည်း ဘိက္ခုနီသံဃော အယျအယျေ ပဝါရေတိ။ အယံပဝါရေတိ စသည်ဖြင့် ဖိတ်ရသည်။ နှစ်ဦး လုံး သံဃာမပြည့်ရာ၌ ထိုက်သည်အလျောက် ဆိုအပ်၏။ ဤသို့ ဖိတ်လျှင် ဘိက္ခုနီအားလုံး ဥဘတောသံဃာ၌ ပဝါရဏာပြုသည် မည်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ဝါကျွတ်သောအခါ ပဝါရဏာ မပြုခြင်းကြောင့် ပညတ်၏။ အန္တရာယ်ရှိအံ့၊ ရဟန်းကိုရှာ၍ မရအံ့၊ ဂိလာနာဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဝါကျွတ်ခြင်း၊ ဥဘတော သံဃာ၌ မဖိတ်ခြင်း၊ ခွင့်ပြုသောအကြောင်းမရှိခြင်း။ အင်္ဂါသုံးပါ။ သမုဋ္ဌာန်စသည် သမနု ဘာသနနှင့်တူ၏။

**ဝတ္ထု။** ။သာ၊ ၉။ ဘိက္ခုနီများစွာတို့သည် ရွာငယ်၌ ဝါဆို၍ ဝါကျွတ် သောအခါ သာဝတ္ထိသို့ သွားကုန်၏။ အဘယ်၌ ဝါကျွတ်ကြ သနည်း၊ ဘိက္ခုသံဃာကို ဖိတ်ကြားကြ၏လော့–ဟု မေးကြသောအခါ မဖိတ် ကြားကုန်ဟု ဆိုကုန်၏။ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၈-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ဩဝါဒါယ ဝါ၊ ဩဝါဒ ဂရုဓမ်နာ ခံခြင်းငှာလည်းကောင်း၊ **သံဝါသာ** ယဝါ၊ ဥပုသ်နေ့မေး ခြင်း၊ ပဝါရဏာပြုခြင်ငှာလည်းကောင်း၊ နဂစ္ဆေယျ။ တဿာ။

**အဓိပ္ပာယ်။** ။ဂရုဓမ် တရားရှစ်ပါးကို နာကြားခြင်းသည် ဩဝါဒ မည်၏။ ဥပုသ်နေ့မေးခြင်း ပဝါရဏာပြုခြင်းသည် သံဝါသ မည်၏။ ထို နှစ်ပါးအလို့ငှာမသွားတော့အံ့ဟု ဝန်ချကာမျှ၌ ပါစိတ်။ပဒဘာဇနီ၌ ကေကမ္မ၊ ကေ့ဒ္ဒေသ၊ သမသိက္ခတာသည် သံဝါသမည်၏ဟု ဟောသော်လည်း ဤ၌-

၉ကကမ္မ စသည်တို့ဖြင့် ဥပေါသထ ပဝါရဏာတို့ကိုသာ ဟောအပ်ကုန်၏ဟု ထာ၌ ဆိုသည်။

**အဆုံးအဖြတ်။** ။သက္ကတိုင်းတို့၌ ဆဗ္ဗဂ္ဂီမတို့ ဩဝါဒအလို့ငှာ မသွားခြင်းကြောင့် ပညတ်၏။ အန္တရာယ်ရှိအံ့၊ အဖော်ဘိက္ခုနီရှာ၍ မရအံ့၊ ဂိလာနဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့။ အနာပတ္တိ။

ဩဝါဒသံဝါသအလို့ငှာ မသွားခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း၊ အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ပဌမပါရာဇိကနှင့် တူ၏။ အကြိယ၊ ဒုက္ခဝေဒနာ ထူး၏။

**ဝတ္ထု။** ။သက္ကတိုင်း၊ ကပိလဝတ်၊ နိဂြောဓာရုံ။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဘိက္ခုနီမ ကျောင်းသို့ ချဉ်းကပ်၍ ဆဗ္ဗဂ္ဂီ ဘိက္ခုနီတို့ကို ဂရုဓမ်ဖြင့် ဆုံးမကုန်၏။ တပါးသောဘိက္ခုနီတို့သည် ဆဗ္ဗဂ္ဂီမတို့ကို ဩဝါဒအလို့ငှာ သွားကုန်အံ့-ဟု ခေါ်သောအခါ ငါတို့သွားမည့်အစား ဆဗ္ဗဂ္ဂီရဟန်းတို့ ကြွလာ၍ ဆုံးမကြသည်ဟု ဆိုကုန်၏။ ဩဝါဒ နာခြင်းငှာ မသွားကုန်ဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၉-သိက္ခာပုဒ်။ ။အန္ဒဒ္ဓမာသံ၊ လခွဲတိုင်း။ ဘိက္ခုနိယာ၊ ဘိက္ခုနီမသည်။ ဘိက္ခုသံဃတော၊ ဘိက္ခုသံဃာမှ။ ဥပေါသထ ပုစ္ဆကဉ္စ၊ ဥပုသ်နေ့မေးခြင်းကိုလည်းကောင်း။ ဩဝါဒူပသင်္ကမနဉ္စ၊ ဩဝါဒအလို့ငှာ ချဉ်းကပ်ခြင်းကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေ ဓမ္မာ၊ တို့ကို။ ပစ္စာသိတဗ္ဗာ၊ တောင့်တအပ်ကုန်၏။ တံ၊ ထိုနှစ်ပါးစုံကို။ အတိက္ကာမေန္တိယာ။ တဿာ။

**အဓိပ္ပာယ်။** ။တပက္ခတကြိမ် ဥပုသ်တိုင်းသည် အန္ဒဒ္ဓမာသ မည်၏။ စတုဒ္ဒသီလော၊ ပန္နရသီလောဟု ဥပုသ်နှစ်ပါး မေးခြင်းသည် ဥပေါသထပုစ္ဆက မည်၏။ ဂရုဓမ်တရား နာကြားခြင်းငှာချဉ်းကပ်ခြင်းသည် ဩဝါဒူပသင်္ကမန မည်၏။ ဘိက္ခုနီတို့သည် ၁၃-ရက်နေ့၌လည်းကောင်း၊ ၁၄-ရက်နေ့၌လည်းကောင်း ရဟန်းအရံသို့ သွား၍ "ဤဥပုသ်သည် စတုဒ္ဒသီလော၊ ပန္နရသီလော"ဟု မေးရသည်။ ဥပုသ်နေ့၌လည်း "ဩဝါဒ နာကြားရန် ချဉ်းကပ်ခြင်းကို ရပါမည်လော မရပါမည်လော"ဟု တောင်းပန်ရသည်။ ထိုနေ့တို့၌ ထိုနှစ်

ပါးကို မပြုလျှင် အတိက္ကာမေန္တိ မည်၏။ မမေးတော့အံ့၊ မတောင်းပန်တော့အံ့ဟု ဝန်ချကာ၌ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ဥပုသ်ပြဝါဒ မမေး မတောင်းပန်ခြင်းကြောင့် ပညတ်၏။ အနာပတ္တိဝါရသည် အင္ဂမနှင့်တူ၏။ ဥပုသ်ပြဝါဒ မမေးအံ့-မတောင်းပန်အံ့-ဟု ဝန်ချခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း၊အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် ဥပုသ်ကိုလည်း မမေးကုန်။ ပြဝါဒနာယူခြင်းငှာလည်း မတောင်းပန်ကုန်။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၁၀-သိက္ခာပုဒ်။** ယာ ပန ဘိက္ခုနီ။ ပသာခေ၊ ခက်မဥ္ဌ။(ချက်အောက်ဒူးအထက်။)ဇာတံ၊ ပေါက်သော။ ဂဏ္ဍံ ဝါ၊အသားဖုသော အနာကိုလည်းကောင်း။ရုဓိတံ ဝါ၊သွေးစုသောအနာကိုလည်းကောင်း။ သံဃံ ဝါ၊ ဘိက္ခုနီသံဃာကိုလည်းကောင်း။ ဂဏံ ဝါ၊ ဘိက္ခုနီမဂိုဏ်းကိုလည်းကောင်း။ (နှစ်ပါးသုံးပါး။)အနပလောကေတွာ၊ မပန်ကြားမူ၍။ ပုရိသေန၊ လူယောကျ်ားနှင့်။ သဒ္ဓိံ။ ဧကေနေကာ။ ဘေဒါပေယျ ဝါ၊ ခွဲမူလည်း ခွဲစေငြား၊ အံ့။ဖာလာပေယျဲ ဝါ၊ဖေါက်။ မေဝါပေယျ ဝါ၊ ရေဆေး။ အာလိမ္ပာပေယျ ဝါ၊ ဆေးလိမ်း။ ဗန္ဓာပေယျဝါ၊ စည်း။ မောစာပေယျဝါ၊ ဖြေမူလည်း ဖြေစေငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။ချက်အောက် ဒူးဝန်းအထက်သည် ပသာခမည်၏။(ပ=နှစ်ဖြာသာခ=အခက်တို့ ခွဲထွက်ရာ ခွဆုံဖြစ်၏။ ပေါင်သည် အခက်သဖွယ် ဖြစ်၏။ အိုင်းနာမျိုးသည် ဂဏ္ဍမည်၏။ သွေးစုသော ဝဏအနာမျိုးသည် ရုဓိတမည်၏။ ဖျက်ဆီးခြင်းငှာ သိကြားလိမ္မာသော လူယောကျ်ားသည် ပုရိသ မည်၏။ ခက်မဥ္ဌ ပေါက်သောအနာကို ဘိက္ခုနီတို့အား မပန်ကြားပဲ လူယောကျ်ားကို တယောက်ချင်းချင်း ခွဲလော့ဟု ခိုင်းအံ့၊ ဒုက္ကဋ်။ ခွဲပြီးလျှင် ပါစိတ်။ ဖောက်လော့စသည် နည်းတူပြီ။ ခြောက်မျိုးလုံး ခိုင်းအံ့၊ ဒုက္ကဋ်ခြောက်ချက်။ အားလုံးပြီးလျှင် ပါစိတ်ခြောက်ချက်။ ဤအနာ၌ ပြုသင့်သမျှ အားလုံးပြုလော့-ဟု ခိုင်းအံ့၊ ပြီးလျှင် တခွန်းတည်းဖြင့် ဒုက္ကဋ်ခြောက်

ချက်၊ ပါစိတ်ခြောက်ချက်။ တမျိုးမျိုးမှတ်၍ ခိုင်းအံ့၊ အားလုံးပြုသော်လည်း ခိုင်းသော တမျိုးအတွက် ဒုက္ကဋ်တချက်။ ပါစိတ်တချက်။ (အနာအတွက်ပေါင်ကို ယောကျ်ားကိုင်ခွဲသောအခါ သာယာသော်လည်း ထုလ္လစ္စည်း။ ပါရာဇိကမရှိ။ သြဒိသ အနုညာတ ဖြစ်သည်။ ဆံပင်ကို ယောကျ်ား ရိတ်ပေးလျှင်လည်း သြဒိသအနုညာတပင်တည်း။)

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် ခက်မ၌ ပေါက်သော ဂဏ္ဍအနာကို ယောကျ်ားကို ခွဲခိုင်းခြင်းကြောင့် ပညတ်၏။ ပန်ကြား၍ ပြုစေအံ့၊ သိကြားလိမ္မာသော အဖော်ခေါ်ထား၍ ပြုစေအံ့။ ဥမ္မတ္တိကာစသည် ဖြစ်အံ့၊ အနာပတ္တိ။

ခက်မ၌ ပေါက်သောအနာ ဖြစ်ခြင်း၊ မပန်ကြားခြင်း၊ အဖော်မရှိခြင်း၊ ယောကျ်ားကို ခွဲခြင်းစသည် ပြုခိုင်းခြင်း။ အင်္ဂါလေးပါး။ သမုဋ္ဌာန်စသည် ကထိနနှင့် တူ၏။

**ဝတ္ထု။** ။သာ။ ဇေ။ ဘိက္ခုနီတယောက်သည် ခက်မ၌ ဂဏ္ဍအနာပေါက်၏။ ယောကျ်ားနှင့် တယောက်ချင်း ခွဲခိုင်း၏။ ထိုယောကျ်ားသည် ထိုဘိက္ခုနီကို ဖျက်ဆီးခြင်းငှာ အားထုတ်၏။ ဘိက္ခုနီသည် ဖောက်ပြန်သောအသံဖြင့် အော်၏။ ဘိက္ခုနီတို့ ပြေးလာ၍ မေးသောအခါ ထိုအကြောင်းကို ပြောပြ၏။ အဘယ့်ကြောင့် ခက်မ၌ ပေါက်သောအနာကို ယောကျ်ားနှင့် တယောက်ချင်းချင်း ခွဲခိုင်းရသနည်းဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

အာရာမဝဂ္ဂေါ သတ္တမော။

---

**၁-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ဂဗ္ဘိနိံ၊ ကိုယ်ဝန်ဆောင်မိန်းမကို။ ဝုဋ္ဌာပေယျ၊ (ဥပသမ္ပဒာယ်ပြု၍) ရဟန်း ပြုပေးငြားအံ့။ တသာ။

**အဓိပ္ပာယ်။** ။ဝမ်း၌ သားယောင်ရောက်ရှိသော မိန်းမသည် ဂဗ္ဘိနီ မည်၏။ ဥပသမ္ပဒာယ်ပြု၍ ရဟန်း ပြုပေးသူသည် ဝုဋ္ဌာပေယျ မည်၏။ ကိုယ်ဝန်ရှိသည်ဟု သိလျက် ဥပသမ္ပဒာယ်ပြု၍ ရဟန်းပြုပေးအံ့၊ သံဃာစုရုံးသည်

မှစ၍ ဥတ်၊ ကမ္မဝါစာ နှစ်ကြိမ် ဆုံးသည်တိုင်အောင် ဒုက္ကဋ်။ တတိယ ကမ္မဝါစာ အဆုံး၌ ပါစိတ်။ သံဃာနှင့် ကမ္မဝါစာဆရာအား ဒုက္ကဋ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ကိုယ်ဝန်ဆောင်သော မိန်းမကို ရဟန်းပြုပေးခြင်းကြောင့်ပညတ်၏။ဂဗ္ဘိနီ၌ မေဝတိကာ ဖြစ်အံ့၊ ဒုက္ကဋ်။ အဂဗ္ဘိနီ၌ ဝိမတိဒုက္ကဋ်။ အဂဗ္ဘိနီသညာ ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ကိုယ်ဝန်ဆောင်မ-ဖြစ်ခြင်း၊ ကိုယ်ဝန်ဆောင်မ-ဟု သိခြင်း၊ ရဟန်းပြုပေးခြင်း။အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ပဏ္ဏတ္တိဝဇ္ဇ၊ တိစိတ္တ၊ တိဝေဒနသာ ထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ၊ ဘိက္ခုနီတို့သည် ကိုယ်ဝန်ဆောင်မိန်းမကို ရဟန်းပြုပေးကုန်၏။ ဆွမ်းခံသွားသောအခါ လူတို့က အမောင်ဘို၊ ဤအရှင်မအား ဆွမ်းများများ လှူကြပါ။ လေးသော ဝန်ရှိသည်ဟု ဆိုကုန်၏။ ကိုယ်ဝန်ဆောင်မကို ရဟန်းပြုပေးကြသည်ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၂-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ ပါယန္တိံ၊ နို့တိုက်သော မိန်းမကို။ ဝုဋ္ဌာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။မိခင်ဖြစ်စေ၊ နို့ထိန်းဖြစ်စေ သူငယ်ကို နို့တိုက်သောမိန်းမ သည် ပါယန္တီ မည်၏။ အကြွင်းတူပြီ။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် သူငယ်နို့တိုက်သော မိန်းမကို ရဟန်းပြုပေးကုန်၏။ ဆွမ်းခံ သွားသောအခါ-အမောင်တို့၊ ဤအရှင်မအား ဆွမ်းများများ လှူကြပါ။ သားငယ်အဖော်ရှိသည်ဟု ဆိုကုန်၏။ လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၃-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ဒွေဝဿာနိ၊ နှစ်နှစ်တို့ပတ်လုံး။ ဝါ၊ နှစ်ဝါတို့ပတ်လုံး။ ဆသု ဓမ္မေသု၊ ခြောက်ပါးသော သိက္ခာပုဒ်တို့၌။ အသိက္ခိတသိက္ခံ၊ မကျင့်အပ်သော သိက္ခာရှိသော သိက္ခမာန်၊ သိက္ခမာန်ကို။ (၂၀-ကျော်သိက္ခမာန်ကြီးဟူလို) ဝုဋ္ဌာပေယျ။တဿာ။

**အဓိပ္ပာယ်။** ။နှစ်နှစ်သည် ဒွေဝဿ မည်၏။ ပဝါရဏာ စွမ်းဖြင့် နှစ်ဝါ-ဟူလို။ ပါဏာတိပါတာ ဝေရမဏီ အစ ဝိကာလဘောဇနာ ဝေရမဏီ-အဆုံး-၆-ပါးသော သိက္ခာပုဒ်သည် ဆဓမ္မ မည်၏။ သိက္ခာပုဒ် ၆-ပါး မပေးရသေးသော၊ ပေးပြီးသော်လည်း သိက္ခာပုဒ် ပျက်သော သိက္ခမာန်သည် အသိက္ခိတ သိက္ခာ မည်၏။ သိက္ခာပုဒ် ၆-ပါးကျင့်ဆဲဖြစ်သော သာမဏေသည် ကျင့်ဆဲဖြစ်သောကြောင့် ဝါ၊ သိက္ခာဓမ္မကို မြတ်နိုးသောကြောင့် သိက္ခမာန မည်၏။ နောက်၌ ၁၂-နှစ်၊ အနှစ်-၂၀၊ သိက္ခမာန်တို့ကို ထောက်၍ ဤသိက္ခမာန်ကို အသက် ၂၀-ကျော် သိက္ခမာန်ကြီးဟု သိအပ်၏။ ဤသို့ နှစ်နှစ် သိက္ခာမကျင့်ရသေးသော သာမဏေမကို ရဟန်းပြုပေးအံ့၊ ရှေးနည်းအတိုင်း သံဃာစုရုံးသည်မှစ၍ ဒုက္ကဋ်။ ကမ္မဝါစာ သုံးကြိမ်အဆုံး၌ ပါစိတ်။ သံဃာနှင့် ကမ္မဝါစာ ဆရာအား ဒုက္ကဋ်။ အသက် ၆၀-ရှိစေကာမူ-နှစ်နှစ်မကျင့်သေးလျှင် ရဟန်းပြုမပေးအပ်။ ရဟန်းမဖြစ်ဟု တားခြင်း မရှိရကား ရဟန်းဖြစ်သည်ဟု သိအပ်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ဤသို့သော သိက္ခမာန်ကို ရဟန်းပြုပေးခြင်းကြောင့် ပညတ်သည်။ ဓမ္မကံ၌ တိကပါစိတ်။ အဓမ္မကံ၌ တိကဒုက္ကဋ်။ နှစ်နှစ်သိက္ခာပုဒ် ၆-ပါးကျင့်ပြီးသော သိက္ခာမပျက်သော သိက္ခမာန်ကို ရဟန်းပြုပေးအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဆိုပြီးသော နည်းဖြင့် ကျင့်သော သိက္ခာမရှိခြင်း၊ ဓမ္မကံဖြစ်ခြင်း၊ ကမ္မဝါစာဆုံးခြင်း။ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ဂဗ္ဘိနီနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် နှစ်နှစ်သိက္ခာပုဒ် ၆-ပါးမကျင့်သော သိက္ခမာန်ကို ရဟန်း ပြုပေးကုန်၏။ ထိုဘိက္ခုနီ (အသစ်)တို့သည် ဗာလာ အဗျတ္တာ ဖြစ်ကုန်၏။ အပ်သည် မအပ်သည်ကို မသိကုန်။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ သိက္ခမာန်အား နှစ်နှစ်ပတ်လုံး သိက္ခာပုဒ် ၆-ပါးတို့၌ ကျင့်ရန် သိက္ခာသမ္မုတိ ပေးခြင်းငှာ ခွင့်ပြု၏၊ ထိုသိက္ခမာန်သည် သံဃာသို့ ချဉ်းကပ်၍ သိက္ခာသမ္မုတိပေးရန် သုံးကြိမ်တောင်းပန်အပ်၏။ သုဏာတုမေ အယျေ သံဃော-စသော ဉတ္တိဒုတိယကံဖြင့် သံဃာကို သိစေအပ်၏။ ကမ္မဝါစာအဆုံး၌-ဇေ ဝဒေဟိ-ဟု ဆိုအပ်၏။ ပါဏာတိပါတာ ဝေရမဏီ ဒွေဝဿာနိ၊ အဝီတိက္ကမ္မ သမာဒါနံ သမာဒိယာမိ။ အဒိန္နာဒါနာ။

အပြဟ္မစရိယာ။ မုသာဝါဒါ။ သုရာမေရယမဇ္ဇ ပမာဒဋ္ဌာနာ။ ဝိကာလဘောဇနာ ဝေရမဏီ ။လ။ သမာဒိယာမိ-ဟု ဆောက်တည်စေအပ်၏။ ဤသို့မိန့်ပြီးလျှင် ကဲ့ရဲ့၍ ဤသိက္ခာပုဒ်ကို ပညတ်သည်။

၄-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဒွေဝဿာနိ။ ဆသု ဓမ္မေသု။ သိက္ခိတသိက္ခံ၊ ကျင့်အပ်ပြီးသော သိက္ခာရှိသော။ သိက္ခမာနံ။ သံဃေန၊ သံဃာသည်။ အသမ္မတံ၊ မသမုတ်အပ်ပဲ။ ဝုဋ္ဌာပေယျ။ တဿာ။

**အဝိပ္ပာယ်။** ။ဉတ္တိဒုတိယကံဖြင့် ဝုဋ္ဌာနသမ္မုတိကို မပေးရသေးသော သိက္ခမာန်သည် သံဃေန အသမ္မတာ မည်၏။ ဝုဋ္ဌာနသမ္မုတိသည် ဥပသမ္ပဒါ သမ္မုတိလည်း မည်၏။ ရဟန်းပြုရန် သိမ်အပြင်သို့ ရောက်မှသော်လည်း ဝုဋ္ဌာနသမ္မုတိကို ပေးရသည်။ ထိုနောက်မှ ရဟန်းပြုပေးရသည်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ဤသို့ မသမုတ်ပဲ ရဟန်းပြုပေးခြင်းကြောင့် ပညတ်၏။ တိကပါစိတ်၊ တိကဒုက္ကဋ်။ သံဃာသမုတ်ပြီးမှ ရဟန်းပြုပေးအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ အကြွင်း တတိယနှင့် တူပြီ။ ကြိယာကြိယသာ ထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် တရား ၆-ပါး နှစ်နှစ်ကျင့်ပြီးသော သိက္ခမာန်ကို သံဃာမသမုတ်ပဲ ရဟန်းပြုပေး၏။ မသိသော ဘိက္ခုနီတို့သည် သိက္ခမာန်တို့ လာကြဦးလော့၊ ဤသစ်ပင်ကို သိလော့၊ ကပ္ပိလော့—ဟု ဆိုကုန်၏။ အကျွန်ုပ်တို့သည် သိက္ခမာန်မဟုတ်၊ ဘိက္ခုနီတို့ ဖြစ်ကုန်၏-ဟု ဆိုလတ်သော် အဘယ်ကြောင့် နှစ်နှစ်ကျင့်ပြီးသော သိက္ခမာန်ကို သံဃာမသမုတ်ပဲ ရဟန်းပြုပေးကြသနည်းဟု ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ တရား ၆-ပါး နှစ်နှစ်ကျင့်ပြီးသော သိက္ခမာန်ကို ရဟန်းပြုပေးရန် ဝုဋ္ဌာနသမ္မုတိ ပေးခြင်းငှာ ခွင့်ပြု၏။ ထိုနှစ်နှစ်ကျင့်ပြီးသော သာမဏေမသည် သံဃာသို့ ချဉ်းကပ်၍ ရဟန်းပြုရန် ဝုဋ္ဌာန သမ္မုတိပေးရန် သုံးကြိမ် တောင်းပန်အပ်၏။ ဉတ္တိဒုတိယကံဖြင့် သံဃာကို သိစေအပ်၏ဟု မိန့်ပြီးလျှင် ကဲ့ရဲ့၍ ဤသိက္ခာပုဒ်ကို ပညတ်သည်။

၅-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဦနဒွါဒသဝဿံ၊ တဆယ့်နှစ်နှစ် မပြည့်သေးသော။ ဂိဟိဂတံ၊ ယောကျာ်းတပါး သွားလာဘူးသော မိန်းမကို။ ဝုဋ္ဌာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။အသက် ၁၂-နှစ် မပြည့်သေးသော မိန်းမသည် ဂိဟိဂတာ ဝဿာ မည်၏။ ယောကျ်ားရဘူးသော မိန်းမသည် ဂိဟိဂတာ မည်၏။ အကြွင်းတူပြီ။ အထူးကား ၁၂-နှစ်မပြည့်ပဲ ပြည့်သည်-ဟူသော သညာဖြင့် ရဟန်းပြုပေးလျှင် အနာပတ္တိဖြစ်သော်လည်း ထိုသိက္ခာမန်ကား ဥပသမ္ပန္နာ မဖြစ်။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် ၁၂-နှစ်မပြည့်သေးသော ယောကျ်ားရဘူးသော မိန်းမကို ရဟန်းပြုပေးကုန်၏။ ထိုဘိက္ခုနီကလေးတို့သည် အအေး၊ အပူ၊ မှက်၊ ခြင်၊ လေ၊ နေ၊ သိပ်ဆာလောင်ခြင်း၊ မှက်ခြင် စသောအတွေ့မကောင်းသဖြင့် ဆိုအပ်သောစကား၊ ကိုယ်၌ဖြစ်သော ဝေဒနာတို့ကို သည်းမခံနိုင်ကြကုန်။ အဘယ့်ကြောင့် ၁၂-နှစ်မပြည့်သေးသော ယောကျ်ားရဘူးသော မိန်းမကို ရဟန်းပြုပေးကြသနည်းဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ချစ်သားတို့၊ ၁၂-နှစ်မပြည့်သေးသော ဂိဟိဂတာသည် အအေးအပူ စသည်ကို သည်းမခံနိုင်။ ၁၂-နှစ်ပြည့်မှ သည်းခံနိုင်သည်ဟု မိန့်၍ ဤသိက္ခာပုဒ်ကို ပညတ်သည်။

၆၇-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ပရိပုဏ္ဏ ဒွါဒသဝဿံ၊ တဆယ့်နှစ်နှစ်ပြည့်သော။ ဂိဟိဂတံ။ ဒွေဝဿာနိ။ ဆသု ဓမ္မေသု။ အသိက္ခိတသိက္ခံ၊ မကျင့်အပ်သော သိက္ခာရှိလျက်။ ဝုဋ္ဌာပေယျ။ တဿာ။ သိက္ခိတသိက္ခံ၊ ကျင့်အပ်သော သိက္ခာရှိသော်လည်း။ သံဃေန။ အသမ္မတံ။ ဝုဋ္ဌာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။အားလုံးတူပြီ။ အထူးကား—ဂိဟိဂတာကို ဆယ်နှစ်တွင် သိက္ခာသမ္မုတိပေး၍ ၁၂-နှစ်တွင် ရဟန်းပြုပေးအံ့၊ အပ်၏။

**ဝတ္ထု။** ။သာ၊ ဇေ။ အသက် ၁၂-နှစ်ပြည့်၍ နှစ်နှစ်မကျင့်သေးသော ဂိဟိဂတာကို၊ နှစ်နှစ်ကျင့်ပြီး၍ သံဃာမသမုတ်သော ဂိဟိဂတာကို ရဟန်းပြုပေးကုန်၏။ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**ဂ-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ သဟဇီဝိနိံ၊ အတ္တနော တပည့်မကို။ ဝုဋ္ဌာပေတွာ၊ ရဟန်းပြုပေး၍။ ဒွေဝဿာနိ၊ နေဝအနုဂ္ဂဏှေယျ၊ ကိုယ်တိုင်လည်း မချီးမြှောက်ငြားအံ့။ န အနုဂ္ဂဏှာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။အတ္တနော သဒ္ဓိဝိဟာရိနီ တပည့်သည် သဟဇီဝိနီ မည်၏။ ရဟန်းပြုပေးပြီးလျှင် နှစ်နှစ်ပတ်လုံး ပါဠိသင်ပေးခြင်း စသည်၊ ဆုံးမ

ခြင်းစသည်ဖြင့် ကိုယ်တိုင်ချီးမြှောက်ရသည်။ တပါးသော ဘိက္ခုနီကိုသော်လည်း ပါဠိ သင်ပေးခြင်းစသည်ဖြင့် ချီးမြှောက်ပါဟု စေခိုင်းရသည်။ ဤသို့ချီးမြှောက်ခြင်းကို မပြုအံ့၊ မပြုစေအံ့ဟု ဝန်ချကာမျှ၌ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဂတ္ထိ၌ ရှင်မထုလ္လနန္ဒာ ဤသို့ပြုခြင်းကြောင့် ပညတ်၏။ အနုဒ္ဒ်ရာယ် ရှိအံ့၊ ရှာ၍မရအံ့၊ ဂိလာနဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ ဒုက္ခိတသဟဇီဝိနီကဲ့သို့ အင်္ဂါလေးပါး၊ သမနုဘာသနသမုဋ္ဌာန်။

**ဝတ္ထု။** ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာသည် အတူနေ တပည့်မကို ရဟန်းပြု ပေးပြီးလျှင် နှစ်နှစ်ပတ်လုံး မချီးမြှောက်၊ သူတပါးကိုလည်း မချီးမြှောက်စေ။ ထိုဘိက္ခုနီသည် ဗာလာ အဗျတ္တာ ဖြစ်၏။ အပ်သည် မအပ်သည်ကို မသိ။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၉-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ဝုဋ္ဌာပိတံ၊ ရဟန်းပြုပေးသော။ ပဝတ္တိနိံ၊ ဥပဇ္ဈာယ်ဆရာမကို။ ဒွေဝဿာနိ။ နာနုဗန္ဓေယျ၊ မလုပ်ကျွေးငြားအံ့။ ကဿာ။

**အဓိပ္ပာယ်။** ။ရဟန်းပြုပေးသော ဥပဇ္ဈာယ် ဆရာမသည် ဝုဋ္ဌာပိတာ မည်၏။ ပဝတ္တိနီမည်၏။ ရဟန်းပြုပေးခြင်းကြောင့် ဝုဋ္ဌာပိတာ။ ဥပဇ္ဈာယ် ဖြစ်သောကြောင့် ပဝတ္တိနီ မည်၏။ ရေချိုးကသယ်မှုန့်၊ မြေညက်။ ဒန်ပူ၊ မျက်နှာသစ်ရေ စသော ထိုထိုပြုဖွယ်ဖြင့် မလုပ်ကျွေးသူသည် နာနုဗန္ဓေယျ မည်၏။ နှစ်နှစ်မလုပ်ကျွေးတော့အံ့ဟု ဝန်ချကာမျှ၌ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီပများစွာ - မလုပ်ကျွေးခြင်းကြောင့် ပညတ်၏။ ဥပဇ္ဈာယ်ဆရာမသည် ဗာလာဖြစ်၍လည်းကောင်း အလဇ္ဇီဖြစ်၍လည်းကောင်း၊ မလုပ်ကျွေးအံ့၊ ဂိလာနာဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဥပဇ္ဈာယ်ဆရာမ - ဖြစ်ခြင်း၊ နှစ်နှစ်မလုပ်ကျွေးတော့အံ့ဟု ဝန်ချခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း။ အင်္ဂါသုံးပါး။ သမုဋ္ဌာန်ဓုရနိက္ခေပသည် ပဌမ ပါရာဇိကနှင့် တူ၏။ အကြိယ၊ ဒုက္ခဝေဒနသာ ထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် ဥပဇ္ဈာယ်ဆရာမကို နှစ်နှစ်မလုပ်ကျွေးကုန်။ဗာလာ အဗျတ္တာ ဖြစ်ကုန်၏။အပ် မအပ် မသိကုန်၊ဘိက္ခုနီတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၁၀-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ။ သဟဇီဝိနိံ ။ဝုဋ္ဌာပေတွာ။ နေဝ ဝူပကာသေယျ၊ ကိုယ်တိုင်လည်း ခေါ်၍ မသွားငြားအံ့။ န ဝူပကာသာပေယျ။အန္တမသော၊အယုတ်ဆုံးအားဖြင့်။ဆပ္ပဉ္စယောဇနာနိပိ၊ ငါးယူဇနာ ခြောက်ယူဇနာတို့ကိုလည်း။ နေဝ ဝူပကာသေယျ၊ န ဝူပကာသေယျ။ တဿာ။

**အစိပ္ပာယ်။** ။ငါးယူဇနာမျှ ခေါ်၍မသွားအံ့၊ မသွားစေအံ့ဟု ဝန်ချကာမျှဖြင့် ပါစိတ်။ (ခေါ်မသွားခြင်းကြောင့် လင်နောက်လိုက်သွားဘူးပြီ။)

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ အတူနေတပည့်မ-ခေါ်မသွားခြင်းကြောင့် ပညတ်၏။ အန္တရာယ်ရှိအံ့၊ အဖော်ရှာမရအံ့၊ ဂိလာနာဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

သဒ္ဓိဝိဟာရိနီ-ဖြစ်ခြင်း၊ မခေါ်-မခေါ်စေအံ့ဟု ဝန်ချခြင်း၊ ခွင့်ပြုသောအကြောင်းမရှိခြင်း။အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာသည် အတူနေတပည့်မကို ရဟန်းပြုပေးပြီးလျှင် ခေါ်မသွားပဲ ထားခဲ့၏။ လင်ယောကျ်ားလာ၍ ခေါ်သွား၏။ တပည့်မကို ရဟန်းပြုပေးပြီးလျှင် အဘယ့်ကြောင့် ခေါ်မသွားသနည်း ခေါ်သွားလျှင် လင်ယောကျ်ားလာခေါ်မည်မဟုတ်ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

ဂဗ္ဘိနီဝဂ္ဂေါ သတ္တမော။

---

**၁၊ ၊၊၃-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ဦနဝီသတိဝဿံ၊ အသက် ၂၀-မပြည့်သေးသော။ ကုမာရိဘူတံ၊ သတို့သမီးဖြစ်သော သာမဏေမကို။ ဝုဋ္ဌာပေယျ။ တဿာ။ ပရိပုဏ္ဏဝီသတိဝဿံ၊ အသက် ၂၀-ပြည့်သော။ ကုမာရိဘူတံ။ဒွေဝဿာနိ။ဆသု ဓမ္မေသု။အသိက္ခိတ

သိက္ခံ၊ မကျင့်အပ်သော သိက္ခာရှိလျက်။ ဝုဋ္ဌာပေယျ။ တဿာ။ သိက္ခိတ သိက္ခံ၊ ကျင့်အပ်ပြီးသော သိက္ခာရှိသော်လည်း။ သံဃေန။ အသမ္မတံ။ ဝုဋ္ဌာပေယျ။ တဿာ။

အဓိပ္ပာယ်။ ။သာမဏေရီမသည် ကုမာရိဘူတာ မည်၏။ အကြွင်းအားလုံး ဂိဟိဂတာသုံးခုနှင့် တူ၏။

သိက္ခမာန်သုံးမျိုး။ ။အသက် ၂၀–ကျော်မြဟာသိက္ခမာန်တို့ကို ဂိဟိဂတာ ဖြစ်သော်လည်းကောင်း၊ မဖြစ်သော်လည်းကောင်း၊ သမ္မုတိကံ စသည်တို့၌ ဂိဟိဂတာ ဟူ၍လည်းကောင်း၊ ကုမာရိဘူတာ ဟူ၍လည်းကောင်း၊ကမ္မဝါစာ မဖတ်ရ။ သိက္ခမာနာ-ဟူ၍သာ ဖတ်ရသည်။ ဂိဟိဂတာကို ဆယ်နှစ်တွင် သိက္ခာသမ္မုတိပေးလျှင် ၁၂-နှစ်တွင် ရဟန်းပြုပေးနိုင်၏။ ၁၁-နှစ်တွင်ပေးလျှင် ၁၃-နှစ်တွင်။လ။ ၁၈-နှစ်တွင်ပေးလျှင် ၂၀-တွင် ရဟန်းပြုပေးနိုင်၏။ ၁၈-နှစ်ရှိသောအခါမှစ၍ ဂိဟိဂတာဟူ၍လည်းကောင်း၊ကုမာရိဘူတာ-ဟူ၍လည်းကောင်း၊ ကမ္မဝါစာဖတ်အပ်၏။ ကုမာရိဘူတာကို ကုမာရိဘူတာ ဟူ၍သာ ဖတ်ရသည်။ ဂိဟိဂတာဟု မဖတ်ရ။ တနည်းသုံးမျိုးလုံးကို သာမည အားဖြင့် သိက္ခမာနာ-ဟူ၍ ဖတ်လျှင်လည်း အပ်သည်။ ဋီကာတို့၌ ထိုမှတပါး အားဖြင့် ဖတ်လျှင် ကံပျက်သည်-ဟု ဆိုကုန်၏။

ဝတ္ထု။ ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် အသက် ၂၀–မပြည့်သော ကုမာရိဘူတာကို ဝါ၊ သာမဏေရီမကို ရဟန်းပြုပေးကုန်၏။ အအေးအပူ စသည် သည်းမခံနိုင်။ အသက် ၂၀-ပြည့်သော ကုမာရိဘူတာကို နှစ်နှစ်သိက္ခာ မကျင့်ပဲလျက် ရဟန်းပြုပေးကုန်၏။ ဗာလာ အဗျတ္တာဖြစ်၍ အပ် မအပ် မသိကုန်။ အသက် ၂၀-ပြည့်သော ကုမာရိဘူတာကို ကျင့်အပ်သော သိက္ခာရှိသော်လည်း သံဃာမသမုတ်ပဲ ရဟန်းပြုပေးကုန်၏။ မသိသော ဘိက္ခုနီတို့သည် သိက္ခမာန်တို့ လာကြည့်ဦးလော့၊ ဤသစ်ပင်ကို သိလော့၊ ကပ္ပိလော့ဟု ဆိုကုန်၏။ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၄–သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ဦနဒွါဒသဝဿာ၊ ရဟန်း သိက္ခာ ၁၂-ဝါ ပရသေးပဲ။ ဝုဋ္ဌာပေယျ။ တဿာ။

အဓိပ္ပာယ်။ ။ဥပသမ္ပဒါစွမ်းဖြင့် ၁၂–နှစ် ၁၂–ဝါ ပရသေးသော ဘိက္ခုနီသည် ဦနဒွါဒသဝဿာ မည်၏။ ၁၂–ဝါ မရသေးပဲ ဥပဇ္ဈာယ်

ဆရာမ ပြု၍ သူတပါးကို ရဟန်းပြုပေးအံ့၊ သံဃာစုရုံးသည်မှ စ၍ ကမ္မဝါစာ နှစ်ကြိမ်အထိ ဒုက္ကဋ်။ သုံးကြိမ်အဆုံး၌ ဥပဇ္ဈာယ်အား ပါစိတ်။ ကာရကသံဃာ၊ ကမ္မဝါစာ ဆရာတို့အား ဒုက္ကဋ်။ ၁၂-ဝါ ပြည့်အံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် ၁၂-ဝါ မပြည့်သေးပဲ ဥပဇ္ဈာယ် ပြုလုပ်၍ ရဟန်းပြုပေးကုန်၏။ ဥပဇ္ဈာယ်တို့သည်လည်းကောင်း၊ တပည့်မတို့သည်လည်းကောင်း၊ ဗာလာ အဗျတ္တာ ဖြစ်ကုန်၏။အပ်မအပ် မသိကုန်။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ယို့ကြောင့် ပညတ်သည်။

**၅-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ပရိပုဏ္ဏဒွါဒသဝဿာ၊ ရဟန်း သိက္ခာ ၁၂-ဝါရှိသော်လည်း။ သံဃေန၊ သံဃာသည်။ အသမ္မတာ၊ မသမုတ်အပ်ပဲ။ (ဥပဇ္ဈာယ်မ-သမ္မုတိမရပဲ။) ဝုဋ္ဌာပေယျ။ကသာ။

**အဓိပ္ပာယ်။** ။ဉတ္တိဒုတိယကံဖြင့် ဝုဋ္ဌာပနသမ္မုတိမပေးရသေးသော ဘိက္ခုနီသည် သံဃေနအသမ္မတာမည်၏။ဝုဋ္ဌာပနသမ္မုတိသည် ဥပဇ္ဈာယ် ဆရာမသမ္မုတိလည်း မည်၏။အကြင်း မဟာသိက္ခမာနသိက္ခာပုဒ်နှစ်ခုနှင့် တူပြီ။ ဤသမ္မုတိကို—ဗျတ္တာ၊ လဇ္ဇိနီ—ဖြစ်မှ ပေးရသည်။

**ဝတ္ထု။** ။သာ၊ ဇေ။ဘိက္ခုနီတို့သည် ၁၂-ဝါပြည့်သော်လည်း သံဃာ မသမုတ်ပဲ ဥပဇ္ဈာယ်ဆရာမ-ပြုလုပ်ကုန်၏။ ဆရာတပည့်အားလုံး ဗာလာ၊ အဗျတ္တာဖြစ်၍ အပ်မအပ် မသိကုန်။ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။မြတ်စွာ တို့ ၁၂-ဝါပြည့်သော ဘိက္ခုနီအား ဥပဇ္ဈာယ်ပြုရန် ဝုဋ္ဌာပနသမ္မုတိပေးခြင်း ငှာ ခွင့်ပြု၏။ ထို ၁၂-ဝါပြည့်သော ဘိက္ခုနီသည် သံဃာသို့ ချဉ်းကပ်၍ ဝုဋ္ဌာပနသမ္မုတိပေးရန် သုံးကြိမ်တောင်းပန်အပ်၏။ သံဃာသည် ထိုဘိက္ခုနီကို ဗျတ္တာ၊ လဇ္ဇီနီ-ဖြစ်၊ မဖြစ် ဆုံးဖြတ်အပ်၏။ ဗာလာ အလဇ္ဇီနီ၊ ဗာလာလဇ္ဇီနီ၊ ဗျတ္တာအလဇ္ဇီနီ-ဖြစ်အံ့၊ မပေးအပ်။ ဗျတ္တာ-ထက်မြက်သူ လဇ္ဇီနီ-ရှက်တတ်သူ ဖြစ်အံ့၊ ဉတ္တိ ဒုတိယကံဖြင့် ပေးအပ်၏ ဟု မိန့်၍ ပညတ်သည်။

**၆-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ 'အလံ တာဝ တေ အယျေ ဝုဋ္ဌာပိတေနာ'တိ၊ ဝုစ္စမာနာ ဟု၍၊ ဥပဇ္ဈာယ်အဖြစ်ဖြင့် သင်အား မသင့်တော်သေး ဟု၍။ ဝုစ္စမာနာ၊ ဆိုအပ်သည်ရှိသော်။ သာဓူတိ၊

ကောင်းပါပြီ ဟူ၍။ ပဋိသုဏိတွာ၊ ဝန်ခံပြီး၍။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊ နောက်၌။ ခိယျနဓမ္မံ၊ ရှုတ်ချခြင်းသဘောသို့။ အာပဇ္ဇေယျ။ တဿာ။

**အစိပ္ပာယ်။** ။ဝုဋ္ဌာပနသမ္မုတိတောင်းသော ဘိက္ခုနီကို သံဃာသည် စူးစမ်းလတ်သော် ဗာလာ-အဗျတ္တာ၊ အလဇ္ဇီနီ- ဖြစ်ခြင်းကြောင့် "သင့်အား ဥပဇ္ဈာယ်အဖြစ်ဖြင့် မသင့်တော်သေး"ဟု တားမြစ်အံ့၊ ဤသို့ တားမြစ်ခံရသော ဘိက္ခုနီသည်-အလံတာဝေတေ အယျေ ဝုဋ္ဌာပိတေနာတိ ဝုစ္စမာနာမည်၏။ ထိုနောက် တပါးသော ဗျတ္တာ လဇ္ဇီနီတို့အား ဝုဋ္ဌာပနသမ္မုတိပေးသည်ကို မြင်ရသဖြင့်"ငါသာ ဗာလာ၊ အလဇ္ဇီနီဖြစ်သလော" စသည်ဖြင့် ပြောဆိုလျက် ရှုတ်ချသူသည်၊ ဝါ၊ အများကြားအောင် အပြစ်ပြသူသည် ပစ္ဆာ ခိယျနဓမ္မံ အာပဇ္ဇေယျမည်၏။ ဤသို့ တားသည်ကို ဝန်ခံပြီးမှ ရှုတ်ချအံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ စဏ္ဍကာဠီ-ဤသို့ အပြစ်ပြခြင်းကြောင့် ပညတ်၏။ ပကတိအားဖြင့် အဂတိလိုက်စား၍ ပြုသည်ကို ရှုတ်ချအံ့၊ ဥမ္မတ္တိကာစသည်ဖြစ်အံ့။အနာပတ္တိ။

ဝုဋ္ဌာပနသမ္မုတိတောင်းခြင်း၊ စူးစမ်း၍ အဂတိမလိုက်ပဲ တားခြင်းကြောင့် ကောင်းပါပြီ-ဟု ဝန်ခံခြင်းနောက်၌ ရှုတ်ချခြင်း၊ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် အဒိန္နာဒါနနှင့် တူ၏။ ဒုက္ခဝေဒနသာ ထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ။ စဏ္ဍာကာဠီ ဘိက္ခုနီသည် ဘိက္ခုနီသံဃာသို့ ချဉ်းကပ်၍ ဝုဋ္ဌာပန သမ္မုတိကို တောင်း၏။ ဘိက္ခုနီသံဃာသည် စဏ္ဍကာဠီကို သုံးဖြတ်ပြီးလျှင် သင်အား ဥဇ္ဈာယ်အဖြစ်ဖြင့် မသင့်တော်သေးဟု ဆို၍ သမ္မုတိ မပေးပဲထား၏။စဏ္ဍကာဠီသည် ကောင်းပါပြီဟုဝန်ခံ၏။နောက်၌ တပါးသော ဘိက္ခုနီတို့အား ဝုဋ္ဌာပနသမ္မုတိ ပေးလတ်သော်-ငါသာလျှင် ဗာလာ၊ အလဇ္ဇီနီဖြစ်သလော။ ငါ့အား သမ္မုတိပပေးကြဟု ရှုတ်ချ၏။ဝန်ခံပြီးမှ ရှုတ်ချသည်ဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၇၊ ဂ-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ သိက္ခမာနံ၊ သိက္ခမာန်ကို။ သစေ မေ တွံ အယျေ စီဝရံ ဒဿတိ၊ ဧဝါဟံ တံ ဝုဋ္ဌာပေဿာမီတိ၊

ဝုဋ္ဌာပေဿာမိ ဟူ၍။ ဝါ၊ ငါအား သက်န်းပေးလျှင် ရဟန်းပြုပေး မည်ဟူ၍။ ဝတွာ၊ ဆို၍။ သာ၊ ထိုဘိက္ခုနီမသည်။ ပစ္ဆာ၊ နောက် ၌။ အနန္တရာယိကိနီ၊ အန္တရာယ်မရှိပဲ။ နေဝဝုဋ္ဌာပေယျ။ ဝုဋ္ဌာပနာယ၊ ရဟန်းပြုပေးခြင်းငှာ။ ဥဿုက္ကံ။ န ကရေယျ။ တဿာ။ 'သစေ မေ တွံ အယျေ ဒွေ ဝဿာနိ အနုဗန္ဓိဿတိ၊ ဧဝါဟံတံ ဝုဋ္ဌာပေဿာမီတိ၊ ဝုဋ္ဌပေဿာမိဟူ၍။ ဝါ၊ငါ့အား နှစ်နှစ် လုပ်ကျွေးလျှင် ရဟန်းပြုပေး မည်ဟူ၍။ ဝတွာ ။လ။ န ကရေယျ။ တဿာ။

**အဓိပ္ပာယ်။** ။သိက္ခမာန်သည် ရဟန်းအဖြစ်ကို တောင်းပန် သောအခါ "သက်န်းပေးမှ။ နှစ်နှစ် လုပ်ကျွေးမှ"ဟုဆို၍ သက်န်းရပြီး နောက် နှစ်နှစ် လုပ်ကျွေးပြီးနောက် အန္တရာယ်မရှိပဲ ရဟန်းပြု မပေးတော့ အံ့ဟူ၍လည်းကောင်း၊ ရဟန်းပြုပေးခြင်းငှာ အားမထုတ်တော့အံ့ဟူ၍လည်း ကောင်း ဝန်ချကာမျှ၌ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာသည် ဤသို့ ပြုခြင်းကြောင့် ပညတ်၏။ အန္တရာယ်ရှိအံ့၊ ရှာ၍မရအံ့၊ ဂိလာနဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ဤသို့ ဤသို့ပြုလျှင် ရဟန်းပေးမည်ဟု ဝန်ခံခြင်း၊ တောင့်တသောအကျိုး ပြီးခြင်း၊ နောက်၌ ဝန်ချခြင်း၊ ခွင့်ပြုသော အကြောင်း မရှိခြင်း။အင်္ဂါ လေးပါး။ သမုဋ္ဌာန်စသည် သမနုဘာသနနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ သိက္ခမာန်တယောက်သည် ရှင်မထုလ္လနန္ဒာထံ ရဟန်း အဖြစ် တောင်းပန်၏။ သက်န်းပေးလျှင် ရဟန်း ပြုပေးမည်ဟု ဆို၏။ သိက္ခမာန်တယောက်ကို နှစ်နှစ်လုပ်ကျွေးလျှင် ရဟန်းပြုပေးမည်ဟု ဆို၏။ နောက်၌ ရဟန်းပြုမပေး၊ ကြောင့်ကြလည်း မပြု။ သိက္ခမာန်တို့ သည် ဘိက္ခုနီတို့အား လျှောက်ကုန်၏၊ ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ဝတ္ထုနှစ်ခုအားလျော်စွာ သိက္ခာပုဒ်နှစ်ခု ပညတ်သည်။

**၉–သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ ပုရိသသံသဋ္ဌံ၊ ယောကျ်ားတို့ နှင့်ရောနှောသော။ကုမာရကသံသဋ္ဌံ၊ သတို့သားတို့နှင့် ရောနှောသော။ စဏ္ဍိံ၊ ကြမ်းသော။ သောကာဝါသံ၊ ယောကျ်ား၏ ကိုယ်တွင်း

သောကသွင်းသော။ ဝါ၊ သောကအိမ်လျှင် ဝင်၍ နေစရာနေရာရှိသော။ သိက္ခမာနံ။ ဝုဋ္ဌာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။အသက် ၂၀-ရှိပြီးသော ယောကျ်ားသည်. ပုရိသမည်၏။ အသက် ၂၀-မပြည့်သေးသော ယောကျ်ားငယ်သည် ကုမာရကမည်၏။ မလျော်သောကိုယ်၊ နှုတ်အမူအရာဖြင့် ရောနှောခြင်းသည် သံသဋ္ဌမည်၏။ ဒေါသကြီးသူသည် စဏ္ဍီမည်၏။ ယောကျ်ားတို့၏ ကိုယ်တွင်းသို့ စိုးရိမ်ခြင်း သွင်းသော သိက္ခမာန်သည် သောကာဝါသာမည်၏။ အဓိပ္ပာယ်ကား အချိန်းအချက်ပြုပြီးမှ မသွားခြင်းဖြင့် ယောကျ်ား "ရည်းစား"ကို ဒုက္ခပေးသည်ဟူလို။ တနည်း၊ သောကတည်းဟူသော အိမ်သို့ ဝင်၍နေသော သိက္ခမာန်သည် သောကာဝါသာမည်၏။ အဓိပ္ပာယ်ကား အိမ်ရှင်သည် အိမ်သို့ဝင်၍ နေသည်၊ သောကရှင်သည် သောကသို့ ဝင်၍ နေသည်။ ထို့ကြောင့် သောကနှင့် အိမ်သည် တူ၏။ ဤသိက္ခမာန်သည် ယောကျ်ားနှင့် ပေါင်းဆုံခြင်းကို မရသောကြောင့် မိမိ၏ သောကအိမ်သို့ ဝင်၍ နေသူ "အပူသည်"ဖြစ်သည်ဟူလို။ သိက္ခာ ၆ ပါး မပျက်သော်သည်း ဤသို့ ရောနှောခြင်း ရှိသောသိက္ခမာန်ကို ရဟန်းပြုပေးအံ့၊ ကမ္မဝါစာနှစ်ကြိမ်ထိ ဒုက္កဋ်။ သုံးကြိမ်အဆုံး၌ ပါစိတ်။ ကာရကသံဃာ၊ ကမ္မဝါစာဆရာအား ဒုက္ကဋ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်ပထုလ္လနန္ဒာ ဤသို့သော သိက္ခမာန်ကို ရဟန်းပြုပေးခြင်းကြောင့် ပညတ်၏။ မသိအံ့၊ ဥမ္မတ္တကာစသည်ဖြစ်အံ့၊ အနာပတ္တိ။

ဒုက္ခပေးသူ အပူသည် မဖြစ်ခြင်း၊ သိခြင်း၊ ရဟန်းပြုပေးခြင်း။ အင်္ဂါသုံးပါး သမုဋ္ဌာန်စသည် ဂဗ္ဘိနီဝုဋ္ဌာပနနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ဇေ။ ရှင်ပထုလ္လနန္ဒာသည် ယောကျ်ားကြီးငယ်တို့နှင့် ရောနှောသော ဒေါသကြီးသော ဒုက္ခပေးသူ အပူသည်မ-စဏ္ဍကာဠီသိက္ခမာန်ကို ရဟန်းပြုပေး၏။ ကဲ့ရဲ့ကြ၏။ ထို့ကြောင့် ပညတ်သည်။

၁၀-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ မာတာပိတူဟိ ဝါ၊ အမိအဘတို့သည်လည်းကောင်း။ သာမိကေန ဝါ၊ သိမ်းပိုက်သော သခင်သည်လည်းကောင်း။ ဝါ၊ လင်ယောကျ်ားသည်လည်းကောင်း။ အနနုညာတံ၊ ခွင့်မပြုအပ်သော။ သိက္ခမာနံ။ ဝုဋ္ဌာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။မွေးဖွားသော မိရင်း၊ ဘရင်းတို့သည် မာတာပိတုတို့ မည်ကုန်၏။ သိမ်းပိုက်သော လင်ယောကျ်ားသည် သာမိကမည်၏။ ရဟန်းပြုရန် ပန်ကြားသော်လည်း ခွင့်မပေးအပ်သော သိက္ခမာန်သည် အနနုညာတာမည်၏။ ဘိက္ခုနီတို့အား ရှင်ပြုသောအခါ တကြိမ်-ရဟန်းပြုသောအခါ တကြိမ်-နှစ်ကြိမ် ပန်ကြားရသည်။ ဘိက္ခုတို့အား တကြိမ်ပန်ကြားပြီးလျှင်လည်း အပ်သည်။ ထို့ကြောင့်ရှေးကခွင့်ရ၍ ရှင်ပြု၍ သိက္ခမာန် နှစ်နှစ်ကျင့်ပြီးသော်လည်း ရဟန်းပြုအံ့သောအခါ မိ၊ ဘ၊ လင်သား ပန်ကြားရသေးသည်။ မပန်ကြားပဲ ရဟန်းပြုပေးအံ့၊ ရှေးအတိုင်း ဥပဇ္ဈာယ်ပြုအံ့၊ ဒုက္ကဋ်။ ကမ္မဝါစာ အဆုံး၌ ပါစိတ်။ သံဃာ၊ ကမ္မဝါစာ ဆရာအား ဒုက္ကဋ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ရှင်မထုလ္လနန္ဒာ ခွင့်မရပဲ ရဟန်း ပြုပေးခြင်းကြောင့် ပညတ်၏။ မိ၊ ဘ၊ လင်သား ရှိသည်ဟု မသိအံ့၊ ပန်ကြားအံ့၊ ဥမ္မတ္တကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။

မပန်ကြားခြင်း၊ ရှိသည်ဟု သိခြင်း၊ ရဟန်းပြုပေးခြင်း- အင်္ဂါသုံးပါး။ အနနုညာတ သမုဋ္ဌာန်။ ၎ နာနုညာတ- ဒု၊ တ၊ မ၊ ဆံ ။၁။ ၎-ကြိယာကြိယ။ နောသညာဝိမောက္ခ။ အစိတ္တက။ ပဏ္ဏတ္တိဝဇ္ဇ၊ ကာယကံ ဝစီကံ၊ တိစိတ္တ တိဝေဒန ဖြစ်၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ရှင်မထုလ္လနန္ဒာသည် မိ၊ ဘ၊ လင်သား မပန်ကြားပဲ ခွင့်မရသော သိက္ခမာန်ကို ရဟန်းပြုပေး၏။ မိ၊ ဘ၊ လင်သားတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၁၁-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ ပါရိဝါသိက ဆန္ဒဒါနေန၊ သိုးပြီး 'စွန့်ပြီး'သော ဆန္ဒပေးခြင်းဖြင့်။ သိက္ခမာနံ။ ဝုဋ္ဌာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။စည်းဝေးသော ပရိသတ် ထသွားခြင်းသည် ပါရိဝါသိက ဆန္ဒဒါနမည်၏။ ကံမပြုတော့အံ့ဟု ဆန္ဒစွန့်၍ ထသွားသည်၊ ဆန္ဒသိုးပြီဟူလို။ ဤသို့ ဆန္ဒစွန့်၍ ထသွားပြီးလျှင် တဖန် ဆန္ဒပဆောင်ပဲ ယခင် စွန့်ပြီး သိုးပြီး သော ဆန္ဒဖြင့် ရဟန်းပြုပေးအံ့၊ ရှေးနည်း အတိုင်း ကမ္မဝါစာအဆုံး၌ ဥပဇ္ဈာယ်အား ပါစိတ်။ သံဃာ၊ ကမ္မဝါစာ ဆရာအား ဒုက္ကဋ်။

**ပါရိဝါသိယ လေးပါး။** ။ထခြင်း၊ လွန်ခြင်း၊ စွန့်ခြင်းသည် ပါရိဝါသိယ မည်၏။ သိုးသည်ဟု ဝေါဟာရ ပြုကြသည်။ ပရိသတ်သိုး၊ ညဉ့်သိုး၊ ဆန္ဒသိုး၊ အဇ္ဈာသယသိုး ဟု လေးမျိုးပြား၏။ ထိုတွင် ရဟန်းတို့သည် ကံတခုပြုရန် စည်းဝေးပြီးလျှင် မိုးကြီးရွာခြင်း၊ လူတို့လွှမ်းမိုး လာခြင်း စသည်ကြောင့် "ငါတို့ အခွင့်မရ။ သွားကြစို့"ဟု ဆန္ဒကို မစွန့်ပဲ ထသွားကုန်အံ့၊ ပရိသပါရိဝါသိယ ပရိသတ်သိုး မည်၏။ ဆန္ဒမစွန့်ခြင်းကြောင့် တဖန် ပြန်စု၍ ကံပြုခြင်းငှာကား အပ်၏။

ရဟန်းတို့သည် ဥပုသ်ကံ ပြုရန် ညဉ့်အခါ စည်းဝေး၍ တရားနာခြင်းပြုစဉ် အရုဏ်တက်အံ့တတ်၊ ရ ပါရိဝါသိယ ညဉ့်သိုး မည်၏။ စာတုဒ္ဒသီပြုအံ့ဟု စည်းဝေးလျှင် ပန္နရသီ ပြုအပ်သေး၏။ ပန္နရသီပြုအံ့ဟု စည်းဝေးလျှင် အထွက် တရက်နေ့၌ ဥပုသ်နေ့ မဟုတ်သောကြောင့် ဥပုသ်ကံ မပြုအပ်။ တပါးသော သံဃကံပြုလျှင် အပ်၏။

ရဟန်းတို့သည် အဗ္ဘာနကံစသည်ကို ပြုအံ့ဟု စည်းဝေးစဉ် နက္ခတ်သိသော ရဟန်းက "ဤနေ့ နက္ခတ်မကောင်း ပြဿဒါး စသည်ဟု ဆိုခြင်းကြောင့် ဆန္ဒကို စွန့်ကုန်အံ့၊ ဆန္ဒပါရိဝါသိယ ဆန္ဒသိုး မည်၏။ အဇ္ဈာသယ ပါရိဝါ သိယ အဇ္ဈာသယသိုးလည်း မည်၏။ ထိုနောက် ထိုသိမ်၌ နေကြစဉ် ရဟန်း တပါး ရောက်လာ၍ "နက္ခတ် စောင့်ခြင်းဖြင့် အကျိုးမရှိ"ဟု ဆိုအံ့၊ တဖန် ဆန္ဒပါရိသုဒ္ဓိမဆောင်ပဲ သိုးပြီးသော ဆန္ဒဖြင့် ကံမပြုအပ်။ ပရိသတ် ထခြင်း သည် သိုး၏။ ညဉ့်လွန်ခြင်းသည် သိုး၏။ ဆန္ဒစွန့်ခြင်း အဇ္ဈာသယ စွန့်ခြင်းသည် သိုး၏။

ပရိသတ်ထ—သိုး၊ ညဉ့်လွန်—သိုး၊ စွန့်–သိုးဆန္ဒ၊ အဇ္ဈာသယ။

**အဆုံးအဖြတ်။** ။ရာဇဂြိုဟ်၌ ရှင်မထုလ္လနန္ဒာ သိုးပြီးသော ဆန္ဒဖြင့် ရဟန်း ပြုပေးခြင်းကြောင့် ပညတ်၏။ ပရိသတ်မထပဲ၊ ဝါ၊ ဆန္ဒ မစွန့်ပဲ ရဟန်းပြုပေးအံ့၊ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။

သိုးသော ဆန္ဒ ဖြစ်ခြင်း၊ ရဟန်းပြုပေးခြင်း။အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဂဗ္ဘိနီနှင့် တူ၏။

**ဝတ္ထု။** ။ရာဇဂြိုဟ်၊ ဝေဠုဝန်။ ရှင်မထုလ္လနန္ဒာသည် သိက္ခမာန်ကို ရဟန်း ပြုပေးမည်ဟု မထေရ်ကြီးတို့ကို ပင့်ဖိတ်၍ စည်းဝေးစေ၏။

သိက္ခမာန်၏ဆွေမျိုးတို့ စီမံသော များစွာသော ခဲဖွယ်ဘောဇဉ်တို့ကို မြင်လတ်သော်အရှင်ကောင်းတို့၊ သိက္ခမာန်ကို ယခု ရဟန်းမပြုလိုသေးဟု မထေရ်ကြီးတို့ကိုပြန်လွှတ်လိုက်၏။ ထို့နောက် ရှင်ဒေဝဒတ်၊ ကောကာလိက၊ ကဋမောဒကတိဿ၊ သမုဒ္ဒဒတ္တ ရဟန်းတို့ကို ပင့်၍ စည်းဝေးစေ၍ သိက္ခမာန်ကို ရဟန်းပြုပေး၏။ ရှင်မထုလ္လနန္ဒာသည် သိုးသော ဆန္ဒဖြင့် သိက္ခမာန်ကိုရဟန်းပြုပေးသည်ဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၁၂-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ အနုဝဿံ၊ နှစ်တိုင်း။ ဝုဋ္ဌာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။နှစ်တိုင်း ရဟန်းပြုပေးအံ့၊ ကမ္မဝါစာအဆုံး၌ ပါစိတ်။ သံဃာ၊ ကမ္မဝါစာဆရာ ဒုက္ကဋ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတို့ နှစ်တိုင်း ရဟန်းပြုပေးခြင်းကြောင့် ပညတ်၏။ တနှစ်ခြား ပြုပေးအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

နှစ်တိုင်းဖြစ်ခြင်း၊ ရဟန်းပြုပေးခြင်း။ အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဂဗ္ဘိနီနှင့် တူ၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် နှစ်တိုင်း ရဟန်း ပြုပေးကြသဖြင့် ကျောင်းမဆံ့။ ကျောင်းမဆံ့အောင် နှစ်တိုင်း ရဟန်းပြုပေးကြသည်ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။ (ဘိက္ခုနီသည် ဘိက္ခုလောက် မများသော်လည်း နေစရာ ကျောင်း နည်းပါး၏။ ဒါယကာများ ဘိက္ခုနီကျောင်း ဆောက်လုပ် လှူဒါန်းကြသည်ဟူ၍လည်း ကြားရခဲ၏။)

၁၃-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဧကဝဿေ၊ တနှစ်တည်း၌။ ဒွေ၊ နှစ်ယောက်သော သိက္ခမာန်တို့ကို။ ဝုဋ္ဌာပေယျ။ တဿာ။

**အဓိပ္ပာယ်။** ။တနှစ် နှစ်ယောက် ရဟန်းပြုပေးအံ့၊ တူပြီ။

**အဆုံးအဖြတ်။** ။တနှစ်ခြား၌ တယောက်ကို ရဟန်းပြုပေးပါအံ့၊ ဥမ္မတ္တကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။ အကြွင်း ယခင်နှင့် တူပြီ။

ဝတ္ထု။ ။သာ၊ ဇ။ ဘိက္ခုနီတို့သည် တနှစ် နှစ်ယောက် ရဟန်းပြုပေးကြ သဖြင့် ကျောင်းမဆံ့၊ လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

ကုမာရိဘူတဝဂ္ဂေါ အဋ္ဌမော။

---

၁-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ အဂိလာနာ၊ မနာမဖျားပဲ။ ဆတ္တုပါဟနံ၊ ထီး ဖိနပ်ကို။ ဓာရေယျ၊ ဆောင်ငြားအံ့။ တဿာ။

အစိပ္ပာယ်။ ။ထီး ဖိနပ်ကင်းလျက် ချမ်းသာသော ဘိက္ခုနီသည် အဂိလာနာ မည်၏။ သုံးဆောင်ခြင်းဖြင့် ဖိနပ်စီး ထီးဆောင်းသူသည် ဓာရေယျ မည်၏။ ခရီးသွားရာ၌ တကြိမ်သော ပယောဂဖြင့် တနေ့လုံးဆောင်း စီးအံ့၊ ပါစိတ်တချက်။ ထိုထိုနေရာ၌ ထီးရုပ်၍ ဖိနပ်ချွတ်၍ ဖန်ဖန်ဆောင်းစီး အံ့၊ ပယောဂတိုင်း ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီမတို့ ထီးဖိနပ် ဆောင်ခြင်းကြောင့် ပညတ် ၏။အဂိလာနာသည် အနုပညတ်တခုဖြစ်၏။ ထီးသက်သက် ဆောင်းအံ့၊ ဒုက္ကဋ်။ ဖိနပ်သက်သက်စီးအံ့၊ ဒုက္ကဋ်။ တိကပါစိတ်။ ဂိလာနာ၌ ဒွိကဒုက္ကဋ်။ ဂိလာနာဖြစ်၍ ဂိလာနာသညာရှိအံ့၊ အရံ အရံ၏ ဥပစာရ၌ ဆောင်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ထီး ဖိနပ် အစုံဆောင်ခြင်း၊ ခွင့်ပြုသောအကြောင်းမရှိခြင်း၊ အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

ဝတ္ထု။ ။သာ၊ ဇ။ ဆဗ္ဗဂ္ဂီမတို့သည် ထီး ဖိနပ် ဆောင်ကုန်၏။ ကာမ ဘောဂိနီတို့ကဲ့သို့ဟု လူတို့ကဲ့ရဲ့ကုန်၏။ထို့ကြောင့် ထီး ဖိနပ်မဆောင် ရဟု ပညတ်သည်။ အခါတပါး ဘိက္ခုနီတယောက် ဂိလာနာဖြစ်၏။ ထီး ဖိနပ်ကင်းလျက် ချမ်းသာခြင်းမရှိ။ ချစ်သားတို့၊ ဂိလာနာဖြစ်သော ဘိက္ခုနီ အား ထီး ဖိနပ်ကို ခွင့်ပြု၏ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

၂-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ အဂိလာနာ။ ယာနေန၊ ယာဉ်ဖြင့်။ ယာယေယျ၊ သွားငြားအံ့။ တဿာ။

**အဓိပ္ပာယ်။** ။ခြေဖြင့်သွားနိုင်လျှင် အဂိလာနာ၊ မသွားနိုင်လျှင် ဂိလာနာ မည်၏။ ဝယှံ-ပေါင်းချုပ်၊ ရထော-ရထား။ သကဋ္ဋံ-လှည်း၊ သန္ဒမာနိကာ-သံလျင်း၊ သိဝိကာ-ထမ်းစင်၊ ပါဋင်္ကီ-ပုဆိုးသံလျင်း။ဤခြောက်မျိုးသည် ယာန မည်၏။ ဆင်း၍ ဖန်ဖန်စီးအံ့၊ ပယောဂတိုင်း ပါစိတ်။ အကြွင်းတူပြီ။ အနာပတ္တိ ဝါရ၌ အရံ အရံ၏ ဥပစာရ-ဟု မဟောခြင်းသာ ထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဆဗ္ဗဂ္ဂီမတို့သည် ယာဉ်ဖြင့် သွားကုန်၏။ ကာမဘော ဂိနီတို့ကဲ့သို့ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ယာဉ်ဖြင့်မသွားရ-ဟု ပညတ်သည်။ အခါတပါး ဘိက္ခုနီတယောက် ဂိလာနာဖြစ်၏။ ခြေဖြင့်မသွားနိုင်။ ချမ်းသားတို့။ ဂိလာနာဖြစ်သော ဘိက္ခုနီအား ယာဉ်ကို ခွင့်ပြု၏-ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်ယည်။

၃-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ သင်္ဃာဏိ၊ ခါးတန်ဆာကို။ ဓာရေယျ။ တဿ။

**အဓိပ္ပာယ်။** ။ခါးတန်ဆာ ဟူသမျှသည် သင်္ဃာဏိ မည်၏။ ခါး၌ စွပ်ဆင်သူသည် ဓာရေယျ မည်၏။ ချွတ်၍စွတ်ခြင်း၊ အရေအတွက်အားဖြင့် ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် ခါးတန်ဆာ ဆောင်ခြင်းကြောင့် ပညတ်၏။ အနာကြောင့် ခါးကြိုးဆောင်အံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့ အနာပတ္တိ။ အကြွင်းတူပြီ။ အကုသလစိတ္တသာ ထူးသည်။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီ တယောက်သည် မိန်းမတယောက်အိမ်သို့ ချဉ်းကပ်လေ့ရှိ၏။ ထိုမိန်းမသည် အရှင်မ၊ ဤခါးတန်ဆာကို ဤမည်သော မိန်းမအား ပေးလိုက်ပါ-ဟု ဆို၏။ သပိတ်၌ ထည့်သွားလျှင် တချင်ချင်မြည်လတ္တံ့ဟု ခါး၌ စွပ်၍ သွား၏။ လမ်းမ၌ ကြိုးပြတ်၍ (ပတ္တမြားတို့) ဖရိုဖရဲ ဖြစ်ကုန်၏။ ကာမဘောဂိနီတို့ကဲ့သို့ဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၄-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ဇူဋ္ဌာလင်္ကာရံ၊ မိန်းမတို့ ဆင်မြန်းသော တန်ဆာကို။ ဓာရေယျ။ တဿ။

**အဓိပ္ပာယ်**။ ။ဦးခေါင်းတန်ဆာ၊ လည်ပင်းတန်ဆာ၊ လက်တန်ဆာ၊ ခြေတန်ဆာ၊ ခါးတန်ဆာ-သည် ဣတ္ထာလင်္ကာရ မည်၏။ ဝတ္ထု အရေအတွက်အားဖြင့် ပါစိတ်။

အဆုံးအဖြတ်။ ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီမတို့ ဣတ္ထာလင်္ကာရကို ဆောင်ခြင်းကြောင့် ပညတ်၏။ အနာဟူသော အကြောင်းကြောင့် တခုခုကို ဆောင်အံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ အကြွင်းတူပြီ။

**ဝတ္ထု**။ ။သာ၊ ဇေ။ ဆဗ္ဗဂ္ဂီမတို့သည် မိန်းမတို့ ဆင်မြန်းသော တန်ဆာကို ဆောင်ကုန်၏။ ကာမဘောဂိနီတို့ကဲ့သို့ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

၅-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ဂန္ဓဝဏ္ဏကေန၊ အနံ့ရည် အဆင်းရည်ဖြင့်။ နှာယေယျ၊ ရေချိုးငြားအံ့။ တဿ။

**အဓိပ္ပာယ်**။ ။မွှေးသောအနံ့သည် ဂန္ဓမည်၏။ လှသောအဆင်းသည် ဝဏ္ဏက ပည်၏။ ချိုးရေ၌ အနံ့အဆင်း ရောစပ်သည်မှစ၍ ပယောဂ တိုင်း ဒုက္ကဋ်။ ရေချိုးပြီးအဆုံး၌ ပါစိတ်။ အနာအကြောင်းရှိအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။ အကြွင်း စတုတ္ထနှင့် တူပြီ။

**ဝတ္ထု**။ ။သာ၊ ဇေ။ ဆဗ္ဗဂ္ဂီမတို့သည် အနံ့ရည် အလှရည်ဖြင့် ရေချိုးကုန်၏။ ကာမဘောဂိနီတို့ကဲ့သို့ဟု လူတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။(ဝိနည်းလေးစားသော မထေရ်များက—ဆပ်ပြာမွှေး မသုံးရ—ဟု တားကုန်၏။)

၆-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ၊ ဝါသိတကေန၊ အနံ့ဖြင့် ထုံအပ်သော။ ပိညာကေန၊ နှမ်းမုန့်ညက်ဖြင့်။ နှာယေယျ။ တဿ။

**အဓိပ္ပာယ်**။ ။မုန့်ညက်ကဲ့သို့ ညက်သော နှမ်းမှုန့်သည် ပိညာက မည်၏။ မွှေးသော အနံ့ဖြင့် ထုံထားအပ်သည်ရှိသော် ဝါသိတက ပိညာက မည်၏။ ပယောဂတိုင်း ဒုက္ကဋ်။ ရေချိုးအပြီး ပါစိတ်။ အနာအကြောင်းရှိအံ့၊ အနံ့မယုံသော နှမ်းမုန့်ညက် သက်သက်ဖြင့် ရေချိုးအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

**ဝတ္ထု**။ ။သာ၊ ဇေ။ ဆဗ္ဗဂ္ဂီမတို့သည် နှံသာဖြင့် ထုံသောနှမ်း မှုန့်ညက်ဖြင့် ရေချိုးကုန်၏။ ကာမဘောဂိနီတို့ကဲ့သို့ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၇၊၈၊၉၊၁၀-သိက္ခာပုဒ်။ ။ယာ ပန ဘိက္ခုနီ။ ဘိက္ခုနိယာ၊ ဘိက္ခုနီမ တယောက်ကို။ ဥမ္မဒ္ဒါပေယျ ဝါ၊ ပွတ်သပ်မှုလည်း ပွတ်သပ်စေငြားအံ့။ပရိမဒ္ဒါပေယျ ဝါ၊ဆုပ်နယ်မှုလည်းဆုပ်နယ်စေငြားအံ့။ တဿာ။ သိက္ခမာနာယ၊ သိက္ခမာန်မကို။ သာမဏေရိယာ၊ ကို။ ဂိဟိနိယာ၊ လူမိန်းမကို။ ဥမ္မဒ္ဒါပေယျ ဝါ၊ ပရိမဒ္ဒါပေယျဝါ။ တဿာ။

**အဓိပ္ပာယ်**။ ။ပွတ်သပ်ခိုင်းသူသည် ဥမ္မဒ္ဒါပေယျ မည်၏။ ဆုပ်နယ်ခိုင်းသူသည် ပရိမဒ္ဒါပေယျ မည်၏။ လက်မလွတ်စေပဲ ပွတ်ခိုင်း၊ ဆုပ်ခိုင်းရာ၌ ပါစိတ်တချက်။ လွတ်စေ၍ ခိုင်းရာ၌ ပယောဂတိုင်း ပါစိတ်။ ဂိလာန ဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာစသည် ဖြစ်အံ့၊ အနာပတ္တိ။ ခရီး ပန်းခြင်းသည် ဂိလာန၊ ခိုးသူဘေး စသည်ကြောင့် ကိုယ်တုန်ခြင်းသည် ဘေးရန်။ အကြွင်းစတုတ္ထနှင့် တူ၏။

**ဝတ္ထု**။ ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် ဘိက္ခုနီကို ပွတ်သပ်ခိုင်းကုန်၏။ ဆုပ်နယ်ခိုင်းကုန်၏။ သိက္ခမာန်ကို၊ သာမဏေမကို၊ လူမိန်းမကို ခိုင်းကုန်၏။ ကာမဘောဂိနီတို့ကဲ့သို့ဟု ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

၁၁ **သိက္ခာပုဒ်**။ ။ယာ ပန ဘိက္ခုနီ။ ဘိက္ခုသ္သ၊ ရဟန်း၏။ ပုရတော၊ ရှေ့၌။ ဝါ၊ အနီးဝန်းကျင် ၁၂-တောင် ဥပစာရအတွင်း၌။ (ကန်ဒ္ဒီကာနက်။) အနာပုစ္ဆာ။ အာသနေ၊ နေရာ၌။ နိသီဒေယျ။ တဿာ။

**အဓိပ္ပာယ်**။ ။ရဟန်း၏ ရှေ့တည့်တည့်သည် လည်းကောင်း။ အနီးဝန်းကျင် ၁၂ တောင်အတွင်း ဥပစာရသည် လည်းကောင်း၊ ဘိက္ခုဿ ပုရတော မည်၏။ ၁၂-တောင်တွင်း၌ မြေပေါ်၌ပင် ဖြစ်စေ-ထိုင်ပါရစေ-ဟု ပန်ကြားရသည်။ မပန်ကြားပဲ ထိုင်အံ့၊ ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာတို့ ရဟန်းရှေ့၌ မပန်ကြားပဲ ထိုင်ခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ ပန်ကြားရာ၌ ဒွိကဒုက္ကဋ်။ ပန်ကြားသည်၌ ပန်ကြားသည်ဟု အမှတ်ရှိအံ့၊ ဂိလာနာဖြစ်အံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာစသည် ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းတို့ကို မပန်ကြားခြင်း၊ ၁၂-တောင် ဥပစာရ အတွင်းထိုင်ခြင်း၊ ခွင့်ပြုသောအကြောင်း မရှိခြင်း။ အင်္ဂါသုံးပါး။ သမုဋ္ဌာန်စသည် ကထိနနှင့် တူ၏။ ကြိယာကြိယသာ ထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် ရဟန်း၏ရှေ့၌ မပန်ကြားပဲ ထိုင်ကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထိုကြောင့် ပညတ်သည်။

**၁၂-သိက္ခာပုဒ်။** ။ယာ ပန ဘိက္ခုနီ၊ အနောကာသကတံ၊ ခွင့်ပန်ခြင်း မပြုအပ်သော။ ဘိက္ခုံ၊ ရဟန်းကို။ ပဉှံ၊ ပြဿနာကို။ ပုစ္ဆေယျ။ တဿာ။

**အဓိပ္ပာယ်။** ။ဤ မည်သောနေရာ၌ မေးလိုပါသည်။ မေးပါရစေ-ဟု ခွင့်မတောင်းအပ်သော ရဟန်းသည် အနောကာသကတ မည်၏။ သုတ္တန်၌ ခွင့်တောင်း၍ ဝိနည်း အဘိဓမ္မာကို မေးအံ့၊ ဝိနည်း၌ ခွင့်တောင်း၍ သုတ္တန်အဘိဓမ္မာကို မေးအံ့၊ အဘိဓမ္မာ၌ ခွင့်တောင်း၍ ဝိနည်းသုတ္တန်ကိုမေးအံ့၊ ပါစိတ်။ လုံးလုံးခွင့်မတောင်းရာ၌ ဆိုဖွယ်မရှိ။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီများစွာ ရဟန်းကို ခွင့်မတောင်းပဲ ပြဿနာ မေးခြင်းကြောင့် ပညတ်၏။ တိကပါစိတ်။ ပန်ကြားရာ၌ ဒွိက ဒုက္ကဋ်။ ခွင့်တောင်း၍ မေးအံ့၊ မရည်မှတ်ပဲ မေးလိုရာ မေးပါရစေဟု ခွင့်တောင်း၍ မေးလိုရာ မေးအံ့၊ ဥမ္မတ္တိကာ စသည်ဖြစ်အံ့၊ အနာပတ္တိ။

ရဟန်းထံ ခွင့်မပန်ခြင်း၊ ပြဿနာ မေးခြင်း။ အင်္ဂါနှစ်ပါး။ သမုဋ္ဌာန်စသည် ပဒသော ဓမ္မနှင့် တူ၏။ ကြိယာကြိယသာ ထူး၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဘိက္ခုနီတို့သည် ရဟန်းကို ခွင့်မတောင်းပဲ ပြဿနာ မေးကုန်၏။ ရဟန်းတို့ ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ပညတ်သည်။

**၁၃-သိက္ခာပုဒ်။** ။ယော ပန ဘိက္ခုနီ၊ အသံကစ္ဆိကာ ရင်လွှမ်းတဘက်မပါပဲ။ ဂါမံ၊ ရွာသို့။ ပဝိသေယျ။ တသော။

**အဓိပ္ပာယ်။** ။ရင်လွှမ်းတဘက်ကင်းသော ဘိက္ခုနီသည် အသံကစ္ဆိကာမည်၏။ ညှပ်ရိုးအောက်၊ ချက်ဝန်းအထက်ဖြစ်သော ကိုယ်ကိုဖုံးလွှမ်းခြင်းငှါ ခွင့်ပြုသောသင်္ကန်းသည် သံကစ္ဆိကာမည်၏။ ရင်လွှမ်းတဘက် မည်၏။ ရင်လွှမ်းတဘက်မပါပဲ ရွာဝင်ရာ၌ ရွာ၏အရံကို လွန်အံ့၊ အရံမရှိလျှင် ဂါမူပစရသို့ သက်ဝင်အံ့၊တလှမ်း ဒုက္ကဋ်။ နှစ်လှမ်း ပါစိတ်။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဘိက္ခုနီတယောက် ရင်လွှမ်းတဘက်မပါပဲ ရွာဝင်ခြင်းကြောင့် ပညတ်၏။ ရင်လွှမ်းတဘက် ခိုးသူလုအံ့၊ ပျောက်ပျက်အံ့၊ ဂိလာနာဖြစ်အံ့၊ သတိမရအံ့၊ မသိအံ့၊ ဘေးရန်ရှိအံ့၊ ဥမ္မတ္တိကာစသည်ဖြစ်အံ့၊ အနာပတ္တိ။

ရင်လွှမ်းတဘက် မပါခြင်း၊ ရွာ၏အရံ၊ ဥပစာကို လွန်ခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း။ အင်္ဂါသုံးပါး၊ သမုဋ္ဌာန်စသည် ဧဠကလောမနှင့် တူ၏။

**မှတ်ဖွယ်အထူး။** ။(ရင်လွှမ်းတဘက်ကို ညှပ်ရိုးအောက် ချက်ဝန်းအထက် ကိုယ်ကိုလွှမ်းသည်ဟု ဆိုရာ၌ ကိုယ်ရုံကေစ္စိ၏ အတွင်း၌လော၊ ပြင်ပ၌လော—ဟု အမေးရှိ၏။ ရှင်ဥပ္ပလဝဏ်၏ ခါး၌ ဝတ်ဆဲသင်းပိုင်ကို ရှင်ဥဒါယီ-မဖြောင့်သော စိတ်ဖြင့် တောင်းခံသော နိဿဂ္ဂိအဖွင့်၌ "ရင်လွှမ်းတဘက်ကို ဝတ်၍ သင်းပိုင်ချွတ်လှူသည်။ ကိုယ်အင်္ဂါပြည့်ဖြိုးခြင်းကို မမြင်စေပဲ လက်ဝါးပြင်မျှကိုသာ မြင်စေသည်"ဟု ဆို၏။ ဤစကားဖြင့် ကိုယ်ရုံအထက်မှ အလွယ်တကူ ရင်လွှမ်းတဘက် ယူဝတ်သည်-ဟု သိသာ၏။ ကိုယ်ရုံအတွင်းမှသော်လည်း အလွယ်တကူပင်တည်းဟု ဆိုဖွယ်ရှိ၏။ ဤသိက္ခာပုဒ် အဋ္ဌကထာကြီး၌-အာပဒါသူတိ မဟဂ္ဃံ ဟောတိ သင်္ကစ္စိကံ ပါရုပိတ္ဝာ ဂစ္ဆန္တိယာဝ ဥပဒ္ဒဝေါ ဥပ္ပဇ္ဇတိ-ဟု ဖွင့်သည်။ ရုံသွားသူအားသာ ဘေးရန်ဖြစ်သည်ဟူသော စကားဖြင့် -ကိုယ်ရုံပြင်ပ၌ လူမြင်ခံ လွှမ်းရုံရသောကြောင့် ဘေးရန်ဖြစ်သည်ဟု သိသာ၏။ အတွင်း၌ လွှမ်းရုံလျှင်လည်း ဘေးရန်ဖြစ်နိုင်သည်ဟု တွေးဆဉာဏ်ဖြင့် ဆိုဖွယ်ရှိ၏။ အာဝသထစီဝရသိက္ခာပုဒ်အဖွင့်၌—ကိုယ်မှကွာလျှင် ခိုးသူစသော ဘေးရန်ရှိအံ့၊ အနာပတ္တိ-ဟု ဆိုသည်။ ဥတုနီးသင်္ကန်းမစွန့်ပဲ ဝတ်ထားရာ၌ ဘေးရန်မရှိဟု သိသာ၏။ ကိုယ်မှမကွာပဲလည်း ဘေးရန်ရှိနိုင်သည်ဟု မတွေးဆသင့်ပြီ။ ထို့ကြောင့် ကိုယ်တွင်း၌ ဥတုနီးသင်္ကန်း;

ဘေးရန်မရှိသကဲ့သို့ ကိုယ်ရှိသက်န်းအတွင်း ရင်လွှမ်းတဘက်လည်း ဘေးရန်မရှိ။ ထို့ကြောင့် ဘေးရန်ဖြစ်ကောင်းရာ ပြင်ပ၌ လွှမ်းရုံသည်ဟု ဆုံးဖြတ်ရာ၏။ သို့ရာတွင် တောင်ဝိုင်းဇေတဝန်ဆရာတော်ကြီး အမိန့်ကား-အထက်မြန်မာပြည်ဘွား ရှေးမိန်းမကြီးများ ရင်လွှမ်းတဘက်သုံးကြသည်။ ကိုယ်အတွင်း၌ ပတ်၍ ဝတ်ကြသည်။ ထိုအထက်၌ အင်္ကျီဝတ်လေ့ ရှိကြသည်ကို မျက်မြင်ကိုယ်တွေ့ ဟူ၏။ ထိုသည် ယခုကာလ အများအမြင်နှင့်လည်း လိုက်လျောပေ၏။ကွယ်သောပြယုဂ်ဖြစ်၍ စဉ်းစားဖွယ်ဖြစ်သော်လည်း ဘိက္ခုနီ-မရှိသောကြောင့် စဉ်းစားကျိုးများ၊တွာ မဲ့။)

**ဝတ္ထု**။ ။သာ၊ ဇေ။ ဘိက္ခုနီတယောက်သည် ရင်လွှမ်းတဘက်မပါပဲ ရွာတွင်းသို့ ဆွမ်းခံဝင်၏။ လမ်းမ၌လေဗွေမှေ့သဖြင့် ရုံသောသက်န်းတို့သည် အထက်သို့ မြောက်ကုန်၏။ အရှင်မ၏ရင်သား လှပါပေသည်ဟု လူတို့ ကြွေးကြော်ကုန်၏။ ကျောင်းရောက်သောအခါ ပြောပြ၍-ရင်လွှမ်းတဘက်မပါပဲ ရွာဝင်ရသလောဟု ဘိက္ခုနီတို့ ကဲ့ရဲ့ကုန်၏။ ဤကြောင့် ပညတ်သည်။ (သိက္ခာပုဒ်ပညတ်မိကပင် အချို့ရင်လွှမ်းတဘက်လွှမ်းကြသည်။)

ဆတ္တုပါဟနဝဂ္ဂေါ နဝမော။

ဤမှနောက် ပုသာဝါဒဝဂ်စသော ခုနစ်ဝုသော ဝဂ်တို့၌ အဆုံးအဖြတ်ကို ဘိက္ခုပါတိမောက်၌ ဆိုပြီးသောနည်းအတိုင်း သိအပ်၏။

သောဠသမဝဂ္ဂေါ။

---

**နိဂုံး**။ ။အယျာယော၊ အရှင်မတို့။ ဆသဋ္ဌိသတာ၊ ၁၆၆-ပါးသော။ ပါစိတ္တိယာ။ မမ္မာ။ ဥဒ္ဒိဋ္ဌာ ခေါ။ တတ္ထ။ အယျာယော။ ပုစ္ဆာမိ။

**အစိပ္ပာယ်**။ ။ဘိက္ခုပါတိမောက်၌ ပါစိတ် ၉၂-ပါးတို့တွင် အသာဓာရဏ ၂၂-ပါးဖယ်၍ ၇၀။ ဤ၌ ၉၆-အားဖြင့် ၁၆၆-ပါးဖြစ်၏။ အသာဓာရဏ ၂၂-ပါးကား-ဘိက္ခုနောဝါဒဝဂ် (၁၀)၊ ပရံပရ၊ အနတိရိတ္တဒ္ဒယ၊ ပဏီတဘောဇနဝိညတ္တိ၊ အစေလက (၅)၊ ဒုဋ္ဌုလ္လပဋိစ္ဆာဒန၊ ဦနဝီသတိဝဿ၊ မာတုဂါမေန သံဝိဓာယ အဒ္ဓါနဂမန၊ ရာဇန္တေပုရပ္ပဝေသန၊

ဝိကာလေဂါမပ္ပဝိသနာ၊ (၅)၊ နိသီဒန၊ ဝဿိကသာဋိကာ၊ (၂)-အားဖြင့် ၂၂-ပါးဖြစ်၏။

**သမုဋ္ဌာနဝိနိစ္ဆယ။** ။အသာဓာရဏတို့တွင် နစ္စ ဂီတ၊ စိတ္တာဂါရ၊ သဃာဋိ၊ လူတ္ထာလင်္ကာရ၊ ဂန္ဓဝဏ္ဏက(၅)၊ ဝါသိတပိညာက၊ ဥမ္မဒ္ဒနာဒိစတုက္က (၅)-ဤဆယ်ပါးသည် အစိတ္တက ဖြစ်လျက်-လောကဝဇ္ဇ၊ အကုသလစိတ္တဖြစ်၏။ ဖြစ်ပုံကား—ဝတ္ထုသိသောစိတ် ကင်း၍သော်လည်း အာပတ်သင့်သောကြောင့်အစိတ္တက။ (နစ္စဟု မသိ၍ ကြည့်လျှင်လည်း ပါစိတ် ဟူလို။) သိသောစိတ် မကင်းသောအခါ အကုသိုလ်ဖြင့်သာ အာပတ်သင့် သောကြောင့် လောကဝဇ္ဇ၊ အကုသလစိတ္တ ဖြစ်၏။ (နစ္စဟု သိ၍ ကြည့်လျှင် အကုသိုလ်ဟူလို။) ထိုဆယ်ပါးမှ ကြွင်းသော အစိတ္တကဟူသမျှသည် ပဏ္ဏတ္တိ ဝဇ္ဇချည်းသာ ဖြစ်၏။

စောရီဝုဋ္ဌာပန၊ ဂါမန္တရ၊ အာရာမပ္ပဝေသန၊ ဂဗ္ဘိနီဝဂ်အစ ခုနစ်ပါး(၁၀)၊ ကုမာရိဘူတဝဂ်အစငါးပါး။ ပုရိသသံသဋ္ဌ၊ ပါရိဝါသိယ ဆန္ဒဒါန၊ အနုဝသ၊ ဒွေဝုဋ္ဌာပန (၉)-ဤ ၁၉-ပါးသည် သစိတ္တကဖြစ်လျက် ပဏ္ဏတ္တိဝဇ္ဇဖြစ်၏။ (စောရီ-ဟု ဝတ္ထုကို သိလျက် ရဟန်းပြုပေးမှ သံဃာဒိသိသ်။ရဟန်းပြုပေး ခြင်းကို အကုသိုလ်သက်သက်ဖြင့် မပြုအပ်သောကြောင့် ပဏ္ဏတ္တိဝဇ္ဇ ဟူလို။) ထို ၁၉-ပါးမှ ကြွင်းသော သစိတ္တက ဟူသမျှသည် လောကဝဇ္ဇ ချည်းသာ ဖြစ်၏။

ပါစိတ် ပြီး၏။

# ပါဋိဒေသနီ

ဣမေ ခေါ ပနာယျာယော အဋ္ဌ ပါဋိဒေသနီယာ (ပါဋိဒေသနီ အမည်ရှိကုန်သော၊) ဓမ္မာ ဥဒ္ဒေသံ အာဂစ္ဆန္တိ။

**သိက္ခာပုဒ် ရှစ်ခု။** ။ယာ ပန ဘိက္ခုနီ။ အဂိလာနာ။ သပ္ပိံ၊ ထောပတ်ကို။ ဝိညာပေတွာ၊ တောင်း၍။ ဘုဉ္ဇေယျ၊ စားငြားအံ့။ တာယ ဘိက္ခုနိယာ၊ ထိုဘိက္ခုနီမသည်။ ဂါရယှံ အယျေ ဓမ္မံ အာပဇ္ဇိံ အသပ္ပာယံ ပါဋိဒေသနီယံ၊ တံ ပဋိဒေသေမီတိ၊ ပဋိဒေသေမိ ဟု ဆို၍။ ပဋိဒေသေတဗ္ဗံ၊ ဒေသနာ ကြားအပ်၏။ တေလံ၊ ဆီကို။ မဓုံ၊ ပျားကို။ ဖာဏိတံ၊ တင်လဲကို။ မစ္ဆံ၊ ငါးကို။ မံသံ၊ အသားကို။ ခီရံ၊ နို့ရည်ကို။ ဒဓိံ၊ နို့ဓမ်းကို။ ဝိညာပေတွာ။ လ။ ပဋိဒေသေတဗ္ဗံ။

**အစိပ္ပာယ်။** ။ထောပတ် စသည်မှ ကင်းလျက် ချမ်းသာသူသည် အဂိလာနာ၊ မချမ်းသာသောသူသည် ဂိလာနာ မည်၏။ ပါဠိတော်လာ နွား ထောပတ်၊ နှမ်းဆီ စသည်တို့သည် သပ္ပိ၊ တေလ စသည်တို့ မည်ကုန်၏။ ပါဋိဒေသနီယ ဝတ္ထုတို့ ဖြစ်ကုန်၏။ ပါဠိတော်၌ မလာသော အကပ္ပိယမံသ ထောပတ်၊ ပဲဆီ စသည်တို့သည် ဒုက္ကဋ ဝတ္ထုတို့ မည်ကုန်၏။ မနာမဖျားပဲ မိမိအလို့ငှာ ပါဠိတော်လာ ထောပတ်၊ နှမ်းဆီ စသည်တို့ကို တောင်းအံ့၊ ပယောဂတိုင်း ဒုက္ကဋ်။ ရသောအခါ စားမည်ဟု ခံအံ့၊ ဒုက္ကဋ်။ မျိုတိုင်း ပါဋိဒေသနီ အာပတ်သင့်၏။

**အဆုံးအဖြတ်။** ။သာဝတ္ထိ၌ ဆဗ္ဗဂ္ဂီမတို့ မနာပဲ ထောပတ် စသည်ကို တောင်း စားခြင်းကြောင့် ပညတ်၏။ အဂိလာနာသည် အနုပညတ် တခုစီဖြစ်၏။ အဂိလာနာ၌ တိကပါဋိဒေသနီ။ ဂိလာနာ၌ ဒိက ဒုက္ကဋ်။ ပါဠိတော်၌ မလာသော ထောပတ် စသည်ကို တောင်းအံ့၊ ခံအံ့၊ မျိုအံ့၊ ဒုက္ကဋ်။

ဂိလာနာ၌ ဂိလာနာ သညာရှိအံ့၊ နာသောအခါ တောင်း၍ ရသည်ကို နောင်မာသောအခါ စားအံ့၊ လူနာကြွင်း ဖြစ်အံ့၊ ဉာတကပဝါရိတထံ တောင်းအံ့၊ သူတပါးအလို့ငှာ တောင်းအံ့၊ မိမိဥစ္စာဖြင့် ယူအံ့၊ ဥမ္မတ္တိကာ စသည် ဖြစ်အံ့၊ အနာပတ္တိ။

ပါဠိတော်လာ ထောပတ် စသည်ဖြစ်ခြင်း၊ ခွင့်ပြုသော အကြောင်းမရှိခြင်း၊ တောင်းခြင်း၊ မျိုခြင်း၊ အင်္ဂါလေးပါး။ သမုဋ္ဌာန် စသည် အဒ္ဓါနနှင့် တူ၏။

**ပါဠိတော်လာတို့။** ။နွား၊ ဆိတ်၊ ကျွဲ စသော ကပ္ပိယ မံသ သတ္တဝါ၏ ထောပတ်သည် သပ္ပိ မည်၏။ နွမ်းဆီ၊ မုန်ညင်းဆီ၊ သစ်မည်စည်ဆီ၊ ကြက်ဆူဆီ၊ ဝသာတေလ ဟူသော သားဆီ-ဤငါးမျိုးသည် တေလ မည်၏။ ယင်ပျားတို့ပြုသော ပျားရည်သည် မဓု မည်၏။ ကြံမှ ဖြစ်သော တင်လဲသည် ဖာဏိတ မည်၏။ ရေသတ္တဝါသည် မစ္ဆ မည်၏။ ကပ္ပိယ မံသ သတ္တဝါ၏ အသားသည် မံသ မည်၏။ ကပ္ပိယမံသ သတ္တဝါ၏ နို့ရည်သည် ခီရ မည်၏။ ၎င်း၏ နို့ဓမ်းသည် ဒဓိ မည်၏။ ဤကား ပါဠိတော်လာ ထောပတ် စသည်တည်း။ ပါဠိတော်လာ မဟုတ်သော ထောပတ် စသည်တို့လည်း အပ်ကုန်၏။ အကပ္ပိယမံသ သတ္တဝါဆယ်မျိုး၌ အသား၊ အသွေး၊ အမွေး၊ အရိုး၊ အရေ-ငါးမျိုး မအပ်။ လူ၌ အဆီနှင့် ခြောက်မျိုး မအပ်။ နို့ စသည်ကား အပ်၏။

**ဝတ္ထု။** ။သာ၊ ဇေ။ ဆဗ္ဗဂ္ဂိမတို့သည် ထောပတ်ကို ။လ။ နို့ဓမ်းကို တောင်း၍ စားကုန်၏။ အကောင်းမကြိုက်သူ မရှိဟု လူတို့ကဲ့ရဲ့ကုန်၏။ ထို့ကြောင့် ထောပတ် စသည်ကို တောင်း၍ မစားရဟု ပညတ်သည်။ အခါတပါး ဘိက္ခုနီတို့သည် ဂိလာနာ ဖြစ်ကုန်၏။ ရှေး၌ ထောပတ် စသည်ကို တောင်းစားရ၍ မာသည်။ ယခု မတောင်းဝံ့၊ ရောဂါလည်း မသက်သာဟု ဆိုကုန်၏။ ချစ်သားတို့၊ မမာသော ဘိက္ခုနီသည် ထောပတ်ကို ။လ။ နို့ဓမ်းကို တောင်း၍ စားခြင်းငှာ ခွင့်ပြု၏ ဟု မိန့်၍ အနုပညတ်နှင့် တဖန် ပညတ်ပြန်သည်။

ပါဠိဒေသနီ ပြီး၏။

ဤမှ နောက်၌ သေခိယ၊ အဓိကရဏသမထ တို့သည် ဆိုပြီးသောနည်း ရှိကုန်ပြီ။

နိဂုံးကြီး။ ။ဥဒ္ဒိဋ္ဌံ ခေါ အယျာယော နိဒါနံ၊ ဥဒ္ဒိဋ္ဌာ စတ္တာရော ပါရာဇိကာ ဓမ္မာ ။ပ။ အဝိဝါဒမာနာဟိ သိက္ခိတဗ္ဗန္တိ ဝိတ္ထာ ရဒ္ဒေသော စတုတ္ထော။

**အစိပ္ပာယ်။** ။ပါရာဇိက-၈။ သံဃာဒိသိသ်-၁၇။ နိဿဂ္ဂီ-၃၀။ ပါစိတ်-၁၆၆။ ပါဋိဒေသနီ-၈။ သေခိယ-၇၅။ အဓိကရဏသမထ-၇။ ဤသို့ ၃၁၁-ပါးသော သိက္ခာပုဒ်သည် ဘိက္ခုနီ ပါတိမောက်၌ လာ၏။ ဘိက္ခုနီတို့သည် အညီအညွတ် ကျင့်အပ်၏။ မလွန်ကျူးမူ၍ အဓိသီလကို ဖြည့်ကျင့်ရသည် ဟူလို။

ဝိတ္ထာရုဒ္ဒေသော စတုတ္ထော။

---

သိက္ခာပုဒ်ပေါင်း။ ။ဘိက္ခုနီ သိက္ခာပုဒ်တို့တွင် ၁၃၀-မဆက်ဆံ။ ၁၇၄-ဆက်ဆံ၏။ သမထ ၇-လည်း ဆက်ဆံ၏။ ၄၆+၁၃၀=၁၇၆ အသာခေါ။ ၁၇၄+၇=၁၈၁ သာခေါ။ ဘိက္ခု၊ ဘိက္ခုနီ သိက္ခာပုဒ် နှစ်ရပ်ပေါင်းကား ပါရာဇိက ၄+၈၊ ပေါင်း ၈။ (၁၂ မဖြစ်စေရ။) သံဃာဒိသိသ် ၁၃+၁၇၊ ပေါင်း ၂၃။ အနိယတ-၂။ နိဿဂ္ဂီ ၃၀+၃၀၊ ပေါင်း ၄၂။ ပါစိတ် ၉၂+၁၆၆၊ ပေါင်း ၁၈၈။ ပါဋိ ဒေသနီ ၄+၈၊ ပေါင်း ၁၂။ သေခိယ ၇၅+၇၅၊ ပေါင်း ၇၅။ သမထ ၇+၇၊ ပေါင်း ၇။ အားလုံးပေါင်း ၂၂၇+၃၁၁၊ ပေါင်း ၅၃၈ ဖြစ်သင့်လျက် သာခေါရဏ ၁၈၁ ဖယ်၍ ၃၅၇။ ထိုတွင် သမထ နုတ်လျှင် သိက္ခာပုဒ်ပေါင်း ၃၅၀ ဖြစ်၏။ သမုဋ္ဌာန် ၁၃-ပါးကြောင့် အာပတ်ပေါင်း ၃၅၀ ဖြစ်၏။

ဘိက္ခုနီဝိဘင်းအရသာ ပြီး၏။

## ဥဒ္ဒါန်တော့ဝိဘင်းအရသာ နိဂုံး

သတ္တုကပ္ပံ သုဝိနယံ၊ ဓာရေမိ ဟဒယေန·ဟံ။
နမဿမာနော ဝိနယံ၊ ဝိဟရိဿာမိ သဗ္ဗဒါ။

ဝိနယော အာသယော မယှံ၊ ဝိနယော ဌာနစင်္ကမံ။
ကပ္ပေမိ ဝိနယေ ဝါသံ၊ ဝိနယော မမ ဂေါစရော။

အဟံ၊ ငါသည်။ သတ္တုကပ္ပံ၊ သက်တော်ထင်ရှား မြတ်ဘုရားနှင့် အလားတူသော။ သုဝိနယံ၊ ကောင်းစွာပုံသေ ဆုံးမပေတတ် ဝိနည်းမြတ်ကို။ ဟဒယေန၊ စိတ်ကောင်းထုံစိမ် နှလုံးအိမ်ဖြင့်။ ဓာရေမိ၊ ဆောင်ရပေ၏။ ဝိနယံ၊ ဝိနည်းပိဋကတ် ဘုရားမြတ်ကို။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ နမဿမာနော၊ ဦးခိုက်မြတ်နိုး ရှိခိုးလျက်။ ဝိဟရိဿာမိ၊ နေရပေတော့အံ့။

ဝိနယော၊ ဝိနည်းသည်။ မယှံ၊ ငါ၏။ အာသယော၊ အိပ်စရာနေစရာဖြစ်၏။ ဝိနယော၊ ဝိနည်းသည်။ မယှံ၊ ငါ၏။ ဌာနစင်္ကမံ၊ ရပ်ရာ စင်္ကြံသွားရာဖြစ်၏။ ဝိနယေ၊ ဝိနည်း၌။ ဝါသံ၊ နေထိုင်ခြင်းကို။ ကပ္ပေမိ၊ ပြုရပေ၏။ ဝိနယော၊ ဝိနည်းသည်။ မမ၊ ငါ၏။ ဂေါစရော၊ အာရုံစားကျက်ဖြစ်ပေ၏။

ဤသို့သော ဥဒါန်းကို ဘုရားရှင် လက်ထက်တော်၌ အရှင် ဥပါလိ မထေရ်တပါးသာ ဝမ်းမြောက်စွာ ကျူးရင့်တော်မူသည်၊ ဤဥဒါန်းကို ဤသို့ကျူးရင့်နိုင်အောင် ကမ္ဘာတသိန်း ပါရမီဖြည့်ခဲ့ရလေသည်။ ပဒုမုတ္တရ ဘုရားရှင်ထံ ကောင်းမှုပြု၍ ဆုတောင်းခဲ့လေသည်။ ဝိနည်းအရာ၌ ငါတို့ဘုရားရှင် မဟောသေးသည်ကို ဘုရားရှင် အာဘော်ကျအောင် ယူဆနိုင်သည်၊ ဆုံးဖြတ်နိုင်သည်။ ထို့ကြောင့်လည်း ဝိနည်းဆောင် ဧတဒဂ် ရတော်မူလေသည်။ ယခုအခါ သဒ္ဓါပဗ္ဗဇိတ ကုလပုတ္တတို့သည်လည်း အရှင်ဥပါလိသို့ အတုလိုက်၍ ဤသို့သော ဥဒါန်းမျိုးကို ကျူးရင့်နိုင်ကြပါစေကုန်သတည်း။ ကျူးရင့်နိုင်အောင် အန္တရာယ်ကင်းကြပါစေကုန်သတည်း။

ဤမျှသော စကားစဉ်ဖြင့် ညောင်လေးပင်မြို့ တောရကျောင်းတိုက်၌ ပဓာန ဥက္ကဋ္ဌ ပုဂ္ဂိုလ်အဖြစ်ဖြင့် အုပ်ချုပ်၍ နေခိုက်ဖြစ်သော မထေရ် ရေးသားအပ်သော ဝိဘင်းအရသာသည် ၂၄၈၀-လွန်သော အတိတ် သာသနာတော်နှစ်၌ ၁၂၉၈-ခု သော ကောဇာနှစ်၌ ပြီးခြင်းသို့ ရောက်၏။ သုံးဆယ့်တစ်ဘုံသားတို့အား ပါရမီခရီးရောက်၍ ကောင်းမြတ်သော အကြံအစည်ဟူသမျှ ပြီးမြောက်ကြပါစေကုန်သတည်း။

ဤတွင် ဥဘာတော်ဝိဘင်းအရသာ ပြီး၏။

---

၁၃၁၁-ခုနှစ် နယုန်လဆုတ် ၂-ရက်နေ့။

● ● ●

# ဝိနည်းပညတ် ကြောင်းကျိုး ၁၀-ပါး

၁။ သံဃာတော်၏ ကောင်းပြီဟု ဝန်ခံစေခြင်းငှါ၊

၂။ သံဃာတော်၏ ချမ်းသာစွာ နေရခြင်းငှါ၊

၃။ သီလမဲ့ကုန်သော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှါ၊

၄။ သီလချစ်ကုန်သော ပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်းငှါ၊

၅။ မျက်မှောက်၌ ဖြစ်ကုန်သော အာသဝေါတရားတို့ကို ပိတ်ခြင်းငှါ၊

၆။ တမလွန်၌ ဖြစ်ကုန်သော အာသဝေါတရားတို့ကို တားမြစ်ခြင်းငှါ၊

၇။ မကြည်ညိုသေးသူတို့အား ကြည်ညိုစေခြင်းငှါ၊

၈။ ကြည်ညိုပြီးသူတို့အား ကြည်ညိုစေခြင်းငှါ၊

၉။ သာသနာတော်၏ အဓွန့်ကြာရှည် တည်နေစေခြင်းငှါ၊

၁၀။ ဝိနည်းတရားတော်ကို ချီးမြှောက်ခြင်းငှါ၊

အထက်ပါ အကျိုးတရား ၁၀-ပါးကို ရဟန်းရှင်လူတို့ ခံစားနိုင်စေရန် ပါဠိဘာသာဖြင့် ဟောခဲ့သော ဝိသင်းပါဠိတော်လာ ပညတ်ချက်များကို ညောင်လေးပင်တောရ ဆရာတော်က သိပ်သည်းကျစ်လျစ် ရှင်းလင်းလွယ်ကူသော မြန်မာစကားပြေများဖြင့် ရေးထားသည်။ မြန်မာစာ ဖတ်တတ်သော ရဟန်းသာမဏေတိုင်း ဝိနည်းကို အသေးစိတ် လေ့လာကျင့်သုံးနိုင်ရန် ဝိနည်းအရသာအကျမ်းစာ ပေါ်ထွက်လာရသည်။

• • •